
ဝင်းငြိမ်း (ရေနံ)

# ရိုစဝဲလ်ဖြစ်ရပ်ဆန်း

ဖြစ်ရပ်မှန် သိပ္ပံဆန်းကြယ်

THE ROSWELL INCIDENT

CHARLES BERLITZ & WILLAM MOORE



| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက်အမှတ် | ၈၂၆ / ၂၀၀၃ (၆) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၁၁၀၁ / ၂၀၀၃ (၉) |
| ထုတ်ဝေသည့်အကြိမ် | ဒုတိယအကြိမ်<br>၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | ၅၀၀ |
| အဖုံးပန်းချီ | ကိုစိုးအောင် |
| ဖလင် | ကိုလှဝင်း |
| စာအုပ်ချုပ် | ပပစိုး |
| ထုတ်ဝေသူ | ဦးအောင်မြတ်ထွေး<br>ပညာရွှေတောင်စာအုပ်တိုက်<br>(ယာယီ- ၇၇၀)<br>၁၁၄၊ စိန်ရတီလမ်း<br>ရတနာကျွန်းရိပ်သာ၊သုနန္ဒာ<br>မြောက်ဥက္ကလာပ |
| မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ် | ဦးဝင်းအောင်<br>သန်းထိုက်ရတနာအော့ဖ်ဆက်<br>မြဲ(၀၅၁၃၁)၊<br>အမှတ် ၈၄၊ လမ်း ၅၀၊<br>ပုဇွန်တောင်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| တန်ဖိုး | ၆၅၀ – ကျပ် |


**ဝင်းနိုင်ဦး**

ရေးနံ

# ရိုစ်ဝဲလ်ဖြစ်ရပ်ဆန်း

**ပညာရွှေတောင်စာအုပ်တိုက်**

အမှတ် (၉၀၉၂)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၄၂၇၃၃၊ ၂၄၀၆၉၀




ဝိန်နိုင်း ဝန်ကျို့ပိဗိတောဗိဋ္ဌတွေ့ရသော ပန်းကန်ပြားပျံတစ်စင်း




ပန်းကန်ပြားပုံမျက်မှ သတ္တုစကြီးတစ်ကို စစ်ဆေးနေပုံ။
[သတ္တုစပေါ်တွင် ကျွန်ုပ်တို့ ဖတ်၍ မရနိုင်သော သင်္ကေတများ၊ အမှတ်အသားများ ပါရှိသည်။]



ပန်းကန်ပြားပျံအပျက်ကို နွားခြံပိုင်ရှင်ထံမှ သွားရောက် သိမ်းဆည်းခဲ့ရသော
ရို့စ်ဝဲလ်လေတပ်မတော် ထောက်လှမ်းရေးမှူး ဗိုလ်မှူးဂျက်စီအေမာဆဲလ်။



ပန်းကေနိပြားမှဲ့ ပျက်ကျခဲ့သော ဘရာဇီးလ်၏ မြေပြ ပန်းကေနိပြားမှဲ့သည်
ပေါက်ကွဲမှုဖြစ်ပြီး မြေပေါ်သို့ မကျမီ လေထုအတွင်း၊ ခေတ္တ ပျံ့ဝဲနေခဲ့သေးသည်။



စကြဝဠာမှ အသံများကို ဖမ်းယူရန် နယူးမက္ကဆီကိုပြည်နယ် ဆိုကိုရိုမြို့အနီး
ဆန်အော်ဂတ်စတင်းလွင်ပြင်၌ ထားရှိသော ရေဒီယိုတယ်လီစကုပ်များ။



ဗိုလ်မှူးကြီး ဘာလန်ချတ် ခွင့်ယူသွား၍
သူနေရာတွင် အစားဝင်ရသော ဒုဗိုလ်မှူးကြီး
ဗိန်းဂျင်းနင်။
[တာဝန်ယူပြီး မကြာမီ လေယာဉ်ဖြင့်
ဘာမြူဒါတြိဂံအပေါ် ဖြတ်သန်းစဉ် ထူးဆန်းစွာ
ပျောက်ဆုံးသွားခဲ့သည်။]




"ပျက် ပျက်ကျခဲ့တာ
ပန်းကန်ပြားပျံ မဟုတ်ပါဘူး" ဟု
အထပ်ထပ် အခေါ်အခေါ်
ငြင်းဆိုခဲ့သော ဗိုလ်ချုပ်ရာမေ။





ပျက်ကျနေသော ပန်းကန်ပြားပျံကိုသာမက ယာဉ်ကြီးအထဲမှ ဂြိုဟ်သားအလောင်းများကို မျက်စိဖြင့် တပ်အပ်တွေ့မြင်ခဲ့ရသော မြေဆီလွှာထိန်းသိမ်းစောင့်ရှောက်ရေးဌာနမှ မြို့ပြအင်ဂျင်နီယာ ဘာနေဘားနတ်။



ပန်းကန်ပြားပျံပျက်ကို စတင်တွေ့ရှိသူ နွားခြံပိုင်ရှင် ဝီလျံမက်၊ ဘရာဇဲလ် ၁၉၄၇ ခုဇူလိုင်လက ရိုက်ကူးထားသောပုံ ဖြစ်သည်။



ရို့စ်ဝဲလ်ကြွေပြားပျက်ကို ထုတ်ပြန်ရန် ခွင့်ပြုမိခဲ့သဖြင့် ခွင့်ရက်ရှည် ယူသွားရသော ဗိုလ်မှူးဝီလျံဘလန်ချတ်။



ဇူလိုင် ၁၀ ရက်နေ့၌
မဟာချူဟာလေကြောင်း
စစ်ဆင်ရေးဌာနချုပ်မှ
လက်ထောက်ညွှန်မှူး ဗိုလ်မှူးကြီး
အိုင်ဗင်သည် ဗိုလ်ချုပ်ရာမေးနှင့်
ပန်းကန်ပြားပျံပျက်ကိစ္စ ဆွေးနွေးရန်
လျှို့ဝှက်စွာ ရောက်ရှိလာသည်။




ပန်းကန်ပြားပျံပျက်ကို ရိုက်ဖီးသို့
သုတေသနပြုရန် ပို့လိုက်ပြီး မိုးပျံ
ပူဖောင်းပျက်ကြီးကို ဤသို့ အစားထိုး
ပြသသဖြင့် သတင်းထောက်များနှင့်
မကျေမလည် ဖြစ်ခဲ့ရသည်။

နိုင်စဝဲလ်ကြေငြာချက်ကို
ထုတ်ပြန်ခဲ့သော ပြန်ကြားရေးအရာရှိ
ဗိုလ်ဝေါလ်တာဟာတ်။
[ကြေညာချက် ထုတ်ပြန်မိ၍
ဝါရှင်တန်မှ ''တိတ်စေ'' ဟု
ညွှန်ကြားခံရသူ။]








ရာဝင်ဆန်ဒီနှင့် ရာဝင်တားဂေတ် မိုးလေသာဝမိုးပျံပူဖောင်းများ။
ဗိုလ်ချုပ်ရာမေးက ဤပူဖောင်းပျက်ပါဟု ဆိုသည်။ မည်သူကမျှ မယုံကြည်ကြပေ။




နွားခြံပိုင်ရှင်၏သားဖြစ်သူ ဒေါက်တာဘီးလ်
ဘရာဇီးလ် (၁၉၇၈ တွင် ရိုက်ထားပုံ။)
"အဲဒီတုန်းက ကျွန်ုပ် ၁၂ နှစ်သားပဲ ရှိသေး
တယ်၊ ဒါပေမယ့် အဖြစ်အပျက်တွေကို ခုထိ
ကောင်းကောင်း မှတ်မိနေတုန်းပဲ၊
ပန်းကန်ပြားပျံအစအနတွေက မနည်းဘူးဗျို့"




နွားခြံပိုင်ရှင်က ပန်းကန်ပြားပျံ
ပျက်ကျကြောင်း ပထမဦးဆုံး လာရောက်
အကြောင်းကြားခဲ့ရသူ ရိုစ်ဝဲလ်
မြို့နယ်အုပ်ချုပ်ရေးမှူး (ရှရစ်)
ဂျော့ဝီလ်ကော့။



၁၉၄၇ ခုနှစ်က ရိုစ်ဝဲလ် လေတပ်စခန်းပုံ။



မျက်မြင်သက်သေတို့၏ ပြောပြချက်အရ ရေးဆွဲထားသော ဂြိုဟ်သား၏မျက်နှာနှင့် လက်ပုံ။




RAAF Captures Flying Sauce[r]
On Ranch in Roswell Region

ရို့စ်ဝဲလ်ကြေငြာချက်မူရင်း။
[ရို့စ်ဝဲလ် လေတပ်မတော်မှ
ထုတ်ပြန်ခဲ့သော ပန်းကန်ပြားပျံ
တစ်စင်း သိမ်းပိုက်ရရှိကြောင်း
ကြေငြာချက်။]



[illegible] Leonard Stringfield [illegible] I must conclude that the sketch is accurate.

ရေးဆွဲထားပုံမှာ တိကျမှန်ကန်ကြောင်း ယူဖိုး
သုတေသနပညာရှင် တက်ဖီးလစ်၏
ထောက်ခံစာ။





ပန်းကန်ပြားပျံပျက်ကျခဲ့သည့် ဘရာဇီးလ်နွားခြံနှင့် ရို့စ်ဝဲလ်မြို့တည်ရှိရာ မြေပုံ။



ပန်းကန်ပြားပျံပျက်မှ
အသက်မသေသေးဘဲ
ကျန်ခဲ့သော
ဂြိုဟ်သားကို
ခေါ်ဆောင်လာစဉ်။



ဓာတ်ပုံမှာ
နှစ်အတန်ငယ်ကြာပြီဖြစ်၍
မပီပြင်တော့သဖြင့်
ပန်းချီဆရာက ပြန်လည်
ကူးယူရေးဆွဲထားပုံ။
ဂြိုဟ်သားတို့၏
အသက်ရှူကိရိယာ
(ပိုက်ဖြင့် ဆက်ထားသော
သေတ္တာ) မှာ ကျွန်ုပ်တို့
အာကာသယာဉ်မှူးများ၏
အသက်ရှူကိရိယာနှင့်
ဆင်တူလှကြောင်း
တွေ့ရသည်။



၎င်းပန်းကန်ပြားပျံ၌လည်း၊ ရို့စ်ဝဲလ်၌ ပျက်ကျခဲ့သော ပန်းကန်ပြားပျံကဲ့သို့
ဖတ်၍မရနိုင်သော သင်္ကေတအမှတ်အသားများပါရှိသည်ကို တွေ့ရပုံ



မိမိတို့ဆင်းသက်မည့်နေရာတွင်
ပန်းကန်ပြားပုံများ တန်းစီရပ်ထားသဖြင့်
အခြားတစ်နေရာသို့ ပြောင်းလွှဲဆင်းသက်
နေသည့် အပိုလို (၁၁) အာကာသယာဉ်၏
လဆင်းယာဉ် လင်းယုန်ကြီး။



အထာမြှုစပ်ပွဲကြောင့်
လမျက်နှာပြင်ပေါ်တွင် ဤသို့ ချိုင့်ဝှမ်း
များ ဖြစ်ပေါ်ခဲ့သည်ဟု သိပ္ပံပညာရှင်
အချို့က ယူဆထား။ ပျက်စီးနေသော
အဆောက်အအုံများ၊ ပစ်ရမ်းများကို
အာကာသယာဉ်မှူးများ
တွေ့မြင်ခဲ့ကြသည်။



အပိုလို (၁၁) ဖြင့် လိုက်ပါသွားခဲ့သော အာကာသယာဉ်မှူးများ။

## နိဒါန်း

၁၉၄၇ ခုနှစ်က အမေရိကန်နိုင်ငံတွင် ယူဖို (UFO) ခေါ် ပန်းကန်ပြား ပျံ (ဝါ) အာကာသအတွင်း ပျံသန်းနေကြသည့် အမျိုးအမည် မထင်ရှားသော အရာများ *(Unidentify Flying Objects)* နှင့် ပတ်သက်၍ ကောလာဟလ များ ထွက်ပေါ်လာခဲ့၏။ ယင်းသတင်းမှာ နယူးမက္ကဆီကိုပြည်နယ် ရို့စ်ဝဲလ်မြို့ *(Roswell)* တွင် ဇူလိုင်လဆန်းပိုင်းက အနန္တစကြဝဠာမှ အာကာသယာဉ်ကြီး *(Extra-terrestrial spaceship)* တစ်စင်း ပျက်ကျခဲ့ခြင်း ဖြစ်၏။

ထိုသတင်းမှာ တိတိကျကျ ဂယနဏ ထွက်ပေါ်လာခြင်း မဟုတ်ဘဲ အပေါ်ယံကြော သာမန်ကာလျှံကာသာ ဖြစ်ပေသည်။ သို့ရာတွင် ထူးဆန်းနေ သည်မှာ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ယူဖိုကျာနယ်များ၊ ဘာသာ အမျိုးမျိုးဖြင့် ထုတ်ဝေသော ယူဖိုစာစောင်၊ မဂ္ဂဇင်း၊ စာအုပ်စာတမ်းတို့၌လည်း အကျယ်တဝင့် ရေးသားဖော်ပြကြသည်ကို တွေ့ရှိခဲ့ရပါသည်။

ဖြစ်ရပ်တစ်ခုပေါ် မူတည်၍ ထွက်ပေါ်လာခဲ့သည့်သတင်းမှာ ကောလာ ဟလလိုလို တကယ်လိုလိုနှင့် အဘယ်ကြောင့် ဤကဲ့သို့ ဒွိဟဖြစ်ဖွယ် ခြားနား နေခဲ့ရပါသနည်း။ ယင်းသတင်းမှာ အရပ်ထဲတွင်သာ ပွစိပွစိ ထွက်ပေါ်နေခဲ့ခြင်း မဟုတ်ဘဲ သိပ္ပံပညာရပ်နယ်ပယ် အစိုးရဌာနများနှင့် တရားဝင် ပြောရေးဆိုခွင့် နယ်ပယ်အဝန်းအဝိုင်းသို့ပါ သတင်း ဆက်လက် ပြန့်ပွားကျယ်ပြန့်လာခဲ့တော့၏။

ဤစာအုပ်ကို စတင် ရိုက်နှိပ်နေဆဲကာလဝယ် သက်ဆိုင်ရာ အဖွဲ့ အစည်းတို့က ဦးဆောင်၍ လုပ်သားပြည်သူများ လှုပ်လှုပ်ရှားရှား ဖြစ်ပွား လာခဲ့တော့သည်။ မှန်ပါသည်၊ ပြည်သူတို့က ယူဖိုသတင်းမှန် မှောင်ချမှုကို ဆန့်ကျင်ကာ တရားဝင် ထုတ်ပြန်ကြေညာပေးရန် တောင်းဆိုလာခဲ့ကြသည်။

ပြည်သူ့အဖွဲ့အစည်းများက တရားဝင်ကိုယ်စားလှယ် ရှေ့နေရှေ့ရပ်တို့ဖြင့် တရားဥပဒေဘောင်အတွင်းမှ စီအိုင်အေ (CIA) ခေါ် အမေရိကန်ပြည်ထောင်စုအစိုးရ ဗဟိုထောက်လှမ်းရေးဌာန *(Central Intellingence Agency)* သို့ နယူးမက္ကဆီကိုပြည်နယ် ရို့စ်ဝဲလ်မြို့တွင် ပျက်ကျခဲ့သော ယူဖိုးသတင်းမှန်ကို ထုတ်ဖော်ကြေညာပေးရန် တောင်းဆိုလာခဲ့ကြလေသည်။

ယင်းအဖွဲ့အစည်းများက လွတ်လပ်စွာ သတင်းဖြန့်ချိမှု အက်ဥပဒေ *(Freedom of Information Act)* အရ တောင်းဆိုခဲ့ကြခြင်းပင် ဖြစ်သည်။ ယင်းကဲ့သို့ အခြေအနေ တင်းမာနေဆဲ စီအေယူအက်စ် (CAUS) ခေါ် သတင်းမှန် မှောင်ချမှုကို ဆန့်ကျင်သော ပြည်သူများကပင် ထပ်လောင်း၍ အရေးဆိုလာခဲ့ကြပြန်သည်။ ယခင် စီအိုင်အေ အဖွဲ့အား ပန်းကန်ပြားပျံ ထောက်လှမ်းရေးမြေပြင်စခန်းမှ တရားစွဲဆိုထားခဲ့သော အမှုဟောင်းပင် ဖြစ်ပါသည်။

အမေရိကန်ပြည်သူတို့သည် သက်ဆိုင်ရာ ကိုယ်စားလှယ်များ၊ ရှေ့နေရှေ့ရပ်များမှတစ်ဆင့် စီအိုင်အေအဖွဲ့ကို တရားစွဲဆိုကြလေတော့သည်။ တရားခွင်၌ စွဲချက်တင်သည့် အချက်အလက်များမှာ အလယ်အလတ်သတင်းများ (ထိပ်တန်းလျှို့ဝှက်ချက်မဟုတ်) ကို ပြည်သူသို့ ထုတ်ပြန်ကြေညာခြင်း မရှိဘဲ မှောင်ချထားခဲ့ခြင်းကိစ္စများ ဖြစ်၏။ ၎င်းပြင် ယူဖိုးနှင့် ပတ်သက်သည့်အမှုတွဲများ သက်ဆိုင်ရာသို့ ပြန်လည် မပေးဘဲ ဖျောက်ဖျက်ခဲ့မှု၊ မျက်မြင်သက်သေများကို ခြိမ်းခြောက် နှုတ်ပိတ်မှုများနှင့် အထူးသဖြင့် မခိုင်လုံသည့် (ဆင်သေကို ဆိတ်ရေဖုံးခြင်း) အကြောင်းပြချက်များဖြင့် သတင်းထိမ်ချန်မှုများပင် ဖြစ်ပါသည်။

ဤသို့လျှင် အမေရိကန်ပြည်၌ ၁၉၄၇ ခုနှစ် ဝန်းကျင်က ပျားရည်တစ်စက်ကြောင့် ပြည်ပျက်ခဲ့ရသကဲ့သို့ သတင်းတစ်ရပ်ကြောင့် စီအိုင်အေအဖွဲ့နှင့် ပြည်သူတို့ အချင်းများကာ တရားတဘောင် ဖြစ်ခဲ့ရလေတော့သည်။ ယင်းကိစ္စ၏ အမှိုက်ကစ ပြာသာဒ်မီးလောင်ခဲ့ရသော အကြောင်းရင်းမှာ အမေရိကန်တပ်မတော်လေတပ်က လုံခြုံရေး ဥပဒေများအရ ရို့စ်ဝဲလ်မြို့မှ ပန်းကန်ပြားပျံ ပျက်ကျခဲ့ခြင်းသတင်းကို ပိတ်ပင်တားမြစ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ထိုကဲ့သို့ သတင်း မပိတ်ပင်ခင် အချိန်က ထုတ်ဝေခဲ့သော နေ့စဉ် သတင်းစာများနှင့် ရေဒီယိုသတင်းပိုင်း၌ ထိုသတင်းမှာ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်၏။ ထိုစဉ်က သတင်းစာများ၌ ပျက်ကျခဲ့သော ယူဖိုးကြီးမှ အပျက်အစီး အစအနများကို အမေရိကန်အစိုးရ သယ်ယူပို့ဆောင်ရေးဌာနက အခြေစိုက်စခန်း တစ်ခုမှတစ်ခုသို့ သယ်ယူပို့ဆောင်ခဲ့ကြပုံကို လည်းကောင်း၊ ကျန်ရှိသေးသော ယူဖိုးအစိတ်အပိုင်းများနှင့် စီနင်းလိုက်ပါလာခဲ့ကြသော ဂြိုဟ်သားအလောင်းများ

(သွားရောက်သိမ်းဆည်းစဉ် ဂြိုဟ်သားတစ်ဦးမှာ အသက်ရှင်လျက် နေခဲ့ပြီး နောက်ပိုင်းကျမှ သေဆုံးခဲ့ခြင်း ဖြစ်၏။) အား တာဂျီးနီးယားပြည်နယ် လန်လေ *(Langley)* မြို့ စီဘိုင်အေဒှာနချုပ်၌ သိမ်းဆည်းထားခဲ့ကြောင်း၊ ၎င်းကိစ္စကို ထိမ်တန်းလျှို့ဝှက် အစီအစဉ်အရ အစောင့်အကြပ်များ အထပ်ထပ် ချထားခဲ့ကြောင်း စသည်ဖြင့် အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြလေသည်။

၁၉၄၇ ခုနှစ် မတိုင်မီ သတင်းစာ၊ မဂ္ဂဇင်း အသီးသီး၌ ထည့်သွင်းရေးသား ထုတ်ဖော်ခဲ့ကြသော ပန်းကန်ပြားပျံကို ကျွန်ုပ်တို့တစ်တွေ မှတ်မိကြပေလိမ့်ဦးမည်။ ထိုစဉ်က ပန်းကန်ပြားပျံများ ကျွန်ုပ်တို့၏ ကမ္ဘာမြေပြင်သို့ ကျူးကျော်ဝင်ရောက်လာခြင်း *(Invasion)* ဟူသော ဝေါဟာရကိုပင် အထင်ကရ သုံးစွဲပြီး ရေးသားခဲ့ကြပါသည်။ စာရှုသူတို့ မှတ်မိကြပေလိမ့်မည်။ ပန်းကန်ပြားပျံ ဆိုသည်မှာ မည်သည့်အရာကို ခေါ်ဆိုကြောင်း၊ မည်သို့သော ပုံပန်းသဏ္ဌာန်အနေအထားရှိကြောင်း စသည့်အဓိပ္ပာယ် ဖွင့်ဆိုချက်များနှင့် အကြောင်းအရာအချက်အလက် ပြည့်ပြည့်စုံစုံဖြင့် ရေးသားဖော်ပြခဲ့ကြလေသည်။ ထို့နောက်မှ အာကာသထဲ၌ ပျံသန်းနေသော အမျိုးအမည် မထင်ရှားသည့်အရာများ (UFO) ကို ပန်းကန်ပြားပျံ *(Flying Saucer)* ဟူ၍ နာမပညတ် ခေါ်ဝေါ်သုံးစွဲကာ ရေပန်းစားလာခဲ့ကြခြင်း ဖြစ်ပါသည်။

ပန်းကန်ပြားပျံများကို အာကာသထဲ၌ စတွေ့စက (ဝါ) ဂရုပြုမိခဲ့ကြစဉ် ကနဦးခေတ် ကာလဆီတုန်းက ဆိုပါလျှင် မိုးလေဝသနှင့် ဇလဗေဒဌာနယ်များနှင့် အာကာသသိပ္ပံဌာနယ်များ၌ သို့လောသို့လော မတွေးတတ်နိုင်အောင်ဖြစ်ခဲ့ရသည့် သံသယသတင်းများသာ ဖြစ်လေသည်။ ယင်းဌာနယ်များ၌ ရေးသားဖော်ပြခဲ့ကြသည်မှာလည်း ကောင်းကင်လေထုထဲ၌ ညဥ့်အခါ ပေါ်လောမျောပါနေကြသော အရာများဖြစ်ကြောင်း၊ သို့ရာတွင် လေသင်္ဘောများ *(Air Ship)* လည်း မဟုတ်၊ ဥက္ကာပျံ ခေါ် ဥပါပျံ *(Meteors)* များလည်း မဟုတ်ကြောင်းနှင့် အတည့်အလင်းပင် ဖော်ပြထားခဲ့ကြလေသည်။

ထိုစဉ်က စာစောင်၊ မဂ္ဂဇင်း၊ ဂျာနယ်တို့တွင် ပန်းကန်ပြားပျံနှင့်ပတ်သက်၍ ဖော်ပြထားကြသည့် သတင်းများကို ဥပမာအားဖြင့် ကောက်နုတ် ဖော်ပြရပါလျှင် အောက်ပါအတိုင်းပင် ဖြစ်သည်။

၁၉၀၄ ခုနှစ်၊ မတ်လအတွင်းက ထုတ်ဝေခဲ့သော လစဉ် ရာသီဥတု စာစောင်၌ ဖော်ပြထားသည်မှာ -

၁၉၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့က အမေရိကန်ပြည်ထောင်စု

ယောက်ပို့တပ်မှ လက်ဖတင်နင် ဖရန့်အိပ်ချ် စကိုးဖီးလ် *(Frank H. Schofield)* ဆိုသူနှင့် တပ်သားများသည် တပ်ရင်းကိစ္စနှင့် ခရီးထွက်ခဲ့ကြသည်။ ထိုညက အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ကောင်းကင်ပြင်၌ အလွန်တရာ ကြီးမားပြီး တောက်ပလွန်းသော အရာဝတ္ထုသုံးခု ရွေ့လျားနေသည်ကို တွေ့မြင်ခဲ့ရကြောင်း၊ ယင်းအရာများအနက် အကြီးဆုံးအရာဝတ္ထုကြီးမှာ အချင်းအားဖြင့် နေလုံးကြီးထက် အဆပေါင်း (၆)ဆခန့် ရှိမည်ဟု ခန့်မှန်းရကြောင်း၊ ထိုရွေ့လျားနေသည့် အရာဝတ္ထုများမှ တစ်မျိုးတည်းသော သံစဉ်သာ ကြားခဲ့ရကြောင်း စသဖြင့် လက်ဖတင်နင်ဖရန့်က သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့လေသည်။

နောက်ထပ် သာဓကတစ်ခုမှာ ကနေဒါနိုင်ငံ အာကာသသိပ္ပံ အသင်းကြီးမှ ထုတ်ဝေသော ၁၉၁၃ ခုနှစ်၊ မတ်လထုတ် ဂျာနယ်၌ ဤသို့ ဖော်ပြထားလေသည်။ တစ်ညတွင် မိုးကောင်းကင်၌ ယူအက်ဖ်အို (UFO) ကြီးတစ်စင်း အနောက်ဘက် အမေရိကနှင့် ကနေဒါနိုင်ငံ နယ်ခြား တစ်လျှောက် ဖြတ်သန်းပျံသန်းသွားသည်ကို တွေ့မြင်လိုက်ရကြောင်း။ ထိုညက ထိုဒေသတစ်လျှောက် ကောင်းကင်လေကြောင်းခရီး၌ လူသားတို့ တည်ဆောက်ထားသော မည်သည့်လေယာဉ်ပျံမျှ ဖြတ်သန်းသွားလာခဲ့ကြခြင်း မရှိဟု စုံစမ်း သိရှိရကြောင်းကိုပါ အတည့်အလင်း ထုတ်ဖော်ရေးသားထားလေသည်။ ယင်းသတင်းမှာ ကနေဒါနိုင်ငံအရှေ့တောင်ပိုင်းရှိ အွန်တာရီယိုပြည်နယ်၏ မြို့တော် တိုရန့်တို *(Toronto)* မြို့မှ ပါမောက္ခကြီးချန့် *(Professor Chant)* ၏ အာကာသသိပ္ပံဌာန (ကနေဒါ)သို့ ပေးပို့သည့် သတင်းကောက်နုတ်ချက်ပင် ဖြစ်ပါသည်။

အဆိုပါ အာကာသသိပ္ပံဂျာနယ်၌ ဖော်ပြခဲ့သောသတင်း၏ နောက်ဆက်သတင်းမှာ ဤသို့ဖြစ်၏။ ထိုညက အမေရိကန်နှင့် ကနေဒါနိုင်ငံ နယ်ခြားဒေသတစ်လျှောက် ကောင်းကင်မှ ပျံသန်းသွားသော ယူဖိုးများကို တွေ့မြင်လိုက်ကြရကြောင်းကို မျက်မြင်သက်သေ အများအပြား တညီတညွတ်တည်း ထွက်ဆိုခဲ့ကြပါသည်။ ၎င်းတို့က အလွန်တရာကြီးမားပြီး တောက်ပနေသော အရာဝတ္ထုကြီးတစ်ခု ကောင်းကင်၌ ပျံသန်းသွားသည်ကို တွေ့မြင်ခဲ့ရကြောင်း၊ ယင်းအရာဝတ္ထု၌ အပိုင်းသုံးပိုင်း သို့မဟုတ် လေးပိုင်းခန့် ပါဝင်ကြောင်း၊ ထိုအရာဝတ္ထုကြီး ပျောက်ကွယ်သွားခဲ့ပြီး ဒုတိယနှင့် တတိယအုပ်စု အရာဝတ္ထုများနောက်မှ ဆက်လက်လိုက်ပါလာခဲ့ကြောင်း၊ ထိုထူးဆန်းသော အရာဝတ္ထုများမှာ ခန့်မှန်းခြေ (၃၀) သို့မဟုတ် (၃၂)စင်းမျှ တစ်နာရီအတွင်း တွေ့မြင်ခဲ့ရခြင်းဖြစ်ကြောင်း၊ အဆိုပါ ပျံသန်းရွေ့လျားနေသော အရာဝတ္ထုများမှာ လေးစင်း၊ သုံးစင်းနှင့် နှစ်စင်းစီ

ရင်ဘောင်တန်း ပျံသန်းသွားခဲ့ခြင်း ဖြစ်၏။ ထူးဆန်းသော အမျိုးအမည်မသိ ပျံသန်းသွားကြသည့် အရာများမှာ တိုက်လေယာဉ်အုပ်စုများ စစ်ဆီတက်သွားသည်နှင့်ပင်တူကြောင်း စသည်ဖြင့် ကိုယ်တွေ့မျက်မြင် ယူဖိုးသတင်းများကို စုဆောင်းရရှိခဲ့လေသည်။

၁၉၄၇ ခုနှစ် မတိုင်မီ စောစောပိုင်းကတည်းက ကိုယ်တွေ့မျက်မြင် ယူဖိုး (UFO) သတင်း အများအပြား ရှိခဲ့သည်။ သို့ရာတွင် ထိုသတင်းများမှာ ကမ္ဘာအရပ်ရပ်မှ သတင်းစာများ၊ ရေဒီယို၊ ရုပ်မြင်သံကြားဌာနမှ ထုတ်ပြန်ကြေညာပြီး ထောင်ပေါင်းများစွာသော သတင်းတို့နှင့် တူညီသည်က အနည်းအပါးမျှသာ ဖြစ်၏။ မတူညီသည့်သတင်းက များလေသည်။ ဆိုလိုသည်မှာ တရားဝင် ထုတ်ပြန်ကြေညာပြီး ယူဖိုးသတင်းများအပြင် ကျန်ရှိနေသေးသည့် ဖြစ်ရပ်မှာ အနမတဂ္ဂပင်ဖြစ်သည်။

(စီအိုင်အေ ဌာနချုပ်တစ်ခုတည်း၌ပင် ခွဲခြားစိစစ်ထားပြီး ယူဖိုး မှတ်တမ်းပေါင်းမှာ စာမျက်နှာ (၁၀,၀၀၀) တစ်သောင်း ရှိနေကြောင်း သိရပါသည်။)

တစ်နေ့တခြား ဒီရေအလား တိုးပွားများပြားလာခဲ့သော ယူဖိုးသတင်းများမှာ တညီတညွတ်တည်းသော အချက်ကို ဦးတည်ထောက်ခံလျက် ရှိနေပေသည်။ ယူဖိုးများကို တွေ့မြင်ခဲ့ကြသည့် ကြိမ်နှုန်းမှာလည်း ကျွန်ုပ်တို့၏ သိပ္ပံနှင့် စက်မှုဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်အချိုးညီစွာ တိုးပွားလာပေတော့သည်။ ရေဒါစခန်းမှ ဖမ်းမိသော ယူဖိုးတွေ့ရှိချက်များမှာ မျက်မြင်ကိုယ်တွေ့ သတင်းများကို ထောက်ခံလျက် ရှိနေပေသည်။

မျက်မြင်ကိုယ်တွေ့သတင်းများ ဆိုသည်မှာ အခြား မဟုတ်ချေ။ မြေပြင်မှ လေယာဉ်ပျံများ လေကြောင်းခရီးတစ်လျှောက် လေယာဉ်မှူး (ပိုင်းလော့)များ၏ ကိုယ်တွေ့မျက်မြင်သတင်းများ၊ တစ်ခါတစ်ရံ လေယာဉ်စီး ခရီးသည်များ ယူဖိုး ခေါ် ပန်းကန်ပြားပျံကြီးများကို တွေ့မြင်လိုက်ကြရသဖြင့် အံ့ဩထိတ်လန့် တုန်လှုပ်ချောက်ချားသွားလုနီးပါး ရောက်ရှိသွားခဲ့ကြခြင်းများ ဖြစ်၏။ ထို့ပြင် ကမ္ဘာမြေပြင်မှ အာကာသထဲသို့ ပစ်လွှတ်ခဲ့သည့် အာကာသဒုံးပျံကြီးများမှ ယာဉ်မှူးများကိုယ်တိုင် မကြာခဏဆိုသလို အာကာသထဲ၌ ပန်းကန်ပြားပျံကြီးများနှင့် ပက်ပင်းရင်ဆိုင် တွေ့ကြုံခဲ့ကြရခြင်းများ၊ အချို့ ပန်းကန်ပြားပျံကြီးများ အလိုက်ခံရခြင်းများပင် ဖြစ်၏။ ယင်းကဲ့သို့ မျက်မြင်ကိုယ်တွေ့ယူဖိုးသတင်းများမှာ ယနေ့ ခေတ်မီတိုးတက်မှု (သိပ္ပံဆိုင်ရာ၊ စက်မှုဆိုင်ရာ) တို့နှင့် အပြိုင်အဆိုင် တိုးတက်များပြားလာလေသည်။

မည်သို့ပင် ကိုယ်တွေ့မျက်မြင်များ ရှိနေစေကာမူ တစ်ဖက်စွန်း ယူဖိုး စိတ်ဝင်စားမှုမှာ ယနေ့တိုင် (ဝါ) အမြင်ယွင်းမှားခြင်း တစ်မျိုးမျိုးဟုပင် ယူဆစရာ ဖြစ်နေပေသည်။ အကြောင်းကလည်း မပြေသော် ကန်ရာရှိနေ၏။ ပန်းကန်ပြားပျံ (ဝါ) ယူဖိုးနှင့်ပတ်သက်၍ မည်သူ တစ်စုံတစ်ယောက်ကမျှ လက်ဆုပ်လက်ကိုင် သက်သေသဏ္ဌာယ မပြနိုင်၍ပင် ဖြစ်ပါသည်။ သို့ရာတွင် ယူဖိုးသတင်းများသည် လူတစ်ဦးတစ်ယောက်အား လည်းကောင်း၊ လူများစုအား လည်းကောင်း ထိခိုက်စရာ အကြောင်းခိုင်လုံသည့် ပြစ်မှုမျိုးလည်း မဟုတ်ပေ။

ထိုမှတစ်ဆင့်တက်၍ အမျိုးသားရေး ကမ္ဘာ့အရေးအခင်းများနှင့် ယူဖိုး ကိစ္စကို ဆက်စပ် စဉ်းစားကြည့်မည်ဆိုပါက ဤသို့ တွေ့ရှိရပေသည်။ အကယ်၍ "ကိုယ်ရေးတစ်ရေး ဆယ်ရေးတစ်ရာ" ဆိုသကဲ့သို့ ဤ ယူဖိုး မျက်မြင်သတင်းများ သည် ကမ္ဘာ့အင်အားကြီးနိုင်ငံများ သို့မဟုတ် အင်အားငယ်နိုင်ငံများ၏ ထိန်းချုပ် ကွပ်ကဲမှုအောက်မှ နယ်မြေလုံခြုံရေးကို ထိပါးရန် ကြံစည်မှု ဖြစ်သည်ဆိုအံ့၊ အဘယ်ကြောင့် သက်ဆိုင်ရာ တာဝန်ရှိအစိုးရများ၊ အင်အားစုများက ဤကိစ္စကို ဖုံးဖိထားကြရပါသနည်း။ ကျွန်ုပ်တို့ ဉာဏ်မီသလောက် ဆိုရပါမူ ကမ္ဘာ့ငြိမ်းချမ်း ရေးကို ထိပါးစေမည့် အကြောင်းရင်းသာ မှန်ခဲ့ပါလျှင် ယနေ့ထက်တိုင် တာဝန်ရှိ ပုဂ္ဂိုလ်တို့က နှုတ်ပိတ်ရှောင် တေမိဇာတ် ခင်းနေကြပါသနည်း။ ဤအရေးအခင်း ကို မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်သင့်သည်၊ ကိုင်တွယ်ဖြေရှင်းမည်ဟု မဆုံးဖြတ်ကြသေးပါသနည်း။ ယင်းတို့၏ သဘောထားမှာ မေးခွန်းထုတ်ဖွယ် ကောင်းနေပေဟော့သည်။

ယခု စာရှုသူတို့အား တင်ပြနေသည့် အချက်များမှာ ရိုစ်ဝဲလ်မြို့က ဖြစ်ရပ်မှန် ဇာတ်လမ်း၏ ခုတ်ရာတလွဲ ရှရာတခြား ဖြစ်နေသည့် အဖြစ်နိုင်ဆုံး ဖြေရှင်းချက်ပင် ဖြစ်ပါသည်။ ထိုစဉ်က ၁၉၄၇ ခုနှစ်၊ ဤရိုစ်ဝဲလ် အဖြစ်အပျက် မှာ စိတ်ဝင်စားစရာ လျှို့ဝှက်ဆန်းကြယ် သတင်းတစ်ပုဒ်အဖြစ် တစ်ခဏချင်း ရေပန်းစားခဲ့ပြီးနောက် ငြိမ်သက်သွားခဲ့လေသည်။ မည်သို့ပင် ပွဲပြီးမီးသေ ဖြစ်စေ ကာမူ ရိုစ်ဝဲလ် ဖြစ်ရပ်မှန်ကား အမှန်တရား မပေါ်ပေါက်မချင်း ဆက်လက် လှုပ်ရှား သက်ဝင်နေဦးမည်သာ ဖြစ်၏။

ပေးပို့သော သတင်းများအရ သိရှိရသည်မှာ ရိုစ်ဝဲလ်မြို့၌ အာကာသ ယာဉ်ကြီး၏ ကျန်ရှိနေသေးသော အစိတ်အပိုင်းများကို သက်ဆိုင်ရာမှ စူးစမ်း လေ့လာ သုတေသနပြုနေဆဲ ဖြစ်၏။ ပုံတူပွားခြင်း *(Duplication)* များ ပြုလုပ်နေဟန်တူ၏။ ၎င်းတို့ ဆက်လက် သုတေသနပြုနေခြင်းမှာလည်း အာကာသယာဉ်ကြီး၏ အစိတ်အပိုင်းများမှာ ယနေ့ စက်မှုသိပ္ပံနယ်ပယ်၌ မတွေ့

မမြင်ဖူးဘူးသော သင်္ကေတပုံစံမျိုးပင် ဖြစ်သည်။ ၎င်းပြင် ယင်းအာကာသယာဉ်ပျက်ကြီး၏ အတွင်းထိန်းချုပ်ကွပ်ကဲခန်း (ခက်ခန်း) ၌ မည်သို့မျှ အဓိပ္ပာယ် မဖော်တတ်သော ဒုံးဂဏန်းကျေးဂဏန်း စာဝှက်များ *(Hieroglyphic Figures)*ကို တွေ့ရှိရသည်ဟု သတင်းပို့ချက်အရ သိရှိရ၏။ ယင်းစာဝှက်များကို သက်ဆိုင်ရာမှ ကွန်ပျူတာဖြင့် စူးစမ်းဖတ်ရှုလေ့လာ ကြည့်ကြပါသော်လည်း လက်မြှောက် အရှုံးပေးခဲ့ရကြောင်း၊ ထို့ပြင် ယနေ့ထက်တိုင် အဆိုပါ အာကာသယာဉ်ကြီးပေါ် စီးနင်းလိုက်ပါလာခဲ့ကြသော လူနှင့်တူသည့် လူမဟုတ်သော ဂြိုဟ်သား *(Humanoidalien)* ယာဉ်မှူးများ၏ အလောင်းများကို ဆေးဘက်ဆိုင်ရာ သုတေသနပြုနေဆဲ ဖြစ်၏။ ဂြိုဟ်သားတို့၏ ခန္ဓာကိုယ်တွင် ဖွဲ့စည်း တည်ဆောက်ထားသော ကလာပ်စည်း(ဆဲလ်)နှင့် ယင်းတို့၏ ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းများ တည်ဆောက်ထားမှုကို ခန္ဓာဗေဒနည်းအရ လည်းကောင်း၊ ဇီဝကမ္မဗေဒနည်းအရ လည်းကောင်း သုတေသနပြုနေကြလေသည်။

ယင်း ရိုစ်ဝဲလ်ကိစ္စနှင့် စပ်လျဉ်း၍ အများပြည်သူတို့ စိတ်ဝင်စားလွန်းဖြစ်နေကြသည့် အချက်မှာ ထိုစဉ်က မျက်မြင်သက်သေများ၏ အသစ်တစ်ဖန် ထုတ်ဖော်ပြောကြားချက်ပင် ဖြစ်ပါသည်။ မျက်မြင်သက်သေ မိသားစုများမှာ မူလက ဤကဲ့သို့ အမှန်ကို အမှန်တိုင်း၊ အရှိကို အရှိတိုင်း ထုတ်ဖော်ပြောဆိုဝန်ခံကြရန် ဝန်လေးနေခဲ့ကြသည်။ သို့ရာတွင် စစ်ဘက်ဆိုင်ရာ အရာရှိကြီးအချို့သည် ပုဂ္ဂိုလ်ရေးအရ ဤရိုစ်ဝဲလ် လျှို့ဝှက်သတင်းကို ဖွင့်ဟပြောကြားခဲ့၏။ ထိုသူတို့၏ အကြောင်းကို စဉ်းစားပြီးမှသာ မျက်မြင်သက်သေများက အဖြစ်မှန်ကို ထုတ်ဖော်ပြောပြခဲ့ကြလေတော့သည်။

ဤစာအုပ် နောက်ပိုင်း အခန်းများ၌ ဖတ်ရှုကြရမည့် ဖြစ်ရပ်မှန်များသည် ယုံကြည်ကိုးစားလောက်သော အထောက်အထား ခိုင်ခိုင်လုံလုံနှင့် ရေးသားချက်များသာ ဖြစ်ပါသည်။ ဤအာကာသယာဉ်ကြီး ပျက်ကျခဲ့ခြင်းမှာ ရဟန်းရှင်လူအများ ယုံမှားလွန်းခြင်း *(Massdelusion)* မဟုတ်ဘဲ တကယ့်ဖြစ်ရပ်မှန်သာ ဖြစ်ပါသည်။

ကမ္ဘာ့သမိုင်းကြောင်းသည် အချိန်မလင့် တရွေ့ရွေ့ ပြောင်းလဲတိုးတက်လာခဲ့၏။ အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းလေရာ အသစ်အသစ်တို့ ဖြစ်ပေါ်လာခဲ့ကြသည်။

ကျွန်ုပ်တို့၏ ကမ္ဘာမြေပေါ်မှ လူသားစစ်စစ်တို့သည် စကြဝဠာကြီးအတွင်းရှိ အိမ်နီးချင်း ဂြိုဟ်ကမ္ဘာများမှ သက်ရှိတို့နှင့် ဆက်သွယ်မှု ရလုနီးပြီဆိုသည်ကို ခန့်မှန်းယူဆနိုင်ပေပြီ။

ယခင်က အတွေးအမြင်ဟောင်းများ၊ အယူအဆဟောင်းများ အရ ကျွန်ုပ်တို့နေထိုင်ရာ ဂလက်ဆီ *(Galaxy)* ခေါ် ကြယ်စုများ တစ်နည်းအားဖြင့် နဂါးငွေ့တန်း *(Milky Way)* တွင် ကျွန်ုပ်တို့၏ကမ္ဘာ (ဂြိုဟ်) ၌သာ သက်ရှိများ ရှိသည်ဟု ယုံကြည်ထားခဲ့ကြ၏။ ယခုဆိုပါမူ စကြဝဠာကြီး အတွင်းရှိ အခြား အခြားသော ဂြိုဟ်ကမ္ဘာများ၌လည်း သက်ရှိများ အနန္တပင် ရှိနေကြသည် ဆိုသည်မှာ လယ်ပြင်တွင် ဆင်သွားသလို ထင်ရှားနေပေတော့သည်။

အချုပ်အားဖြင့် ဆိုရပါမူ အကယ်တန္တ ၁၉၄၇ ခုနှစ် နယူးမက္ကဆီကို ပြည်နယ်တွင် ပျက်ကျခဲ့သော အာကာသယာဉ်ကြီး၏ သတင်းသာ မှန်ခဲ့မည် ဆိုပါလျှင် ၎င်းပြင် သက်ဆိုင်ရာတို့မှလည်း လွတ်လပ်စွာ သတင်းဖြန့်ချိမှု အက်ဥပဒေအရ အမှန်အကန်သတင်းများ ထပ်မံ ထုတ်လွှင့်ကြေညာပေးခဲ့မည် ဆိုပါလျှင် ယခင် ကျွန်ုပ်တို့ ရရှိပြီးသတင်းများ၏ ဟာကွက်များကို ဖြည့်စွမ်း ပေးနိုင်မည်ဟု ရိုးသားစွာ ယုံကြည်မျှော်လင့်မိပေသတည်း။

♣ ♣ ♣

## အခန်း (၁)
## ကောင်းကင်နှင့် အာကာသအတွင်းမှ ယူဖိုးများ

ယူဖိုး သို့မဟုတ် ယူအက်ဖ်အို (UFO) ခေါ် ပန်းကန်ပြားပျံများမှာ ခုမှပေါက်သည့် ရွှေကြာပင် မဟုတ်ချေ။ ကမ္ဘာ့လူ့သမိုင်းတစ်လျှောက် လူသားတို့သည် မိုးကောင်းကင်သို့ မျှော်ကြည့်လေတိုင်း တစ်နည်း ကောင်းကင်ဘုံသို့ ငုံ့မျှော်မိတိုင်း ထူးဆန်းသော သဘာဝလွန် အရာဝတ္ထုများကို မြင်တွေ့ခဲ့ကြရသည် သို့မဟုတ် မြင်ကြရသည်ဟု ယုံကြည်ခဲ့မိခဲ့ကြပေသည်။ ယင်းသဘာဝလွန်အဖြစ်အရာများမှာ အခြား မဟုတ်ပေ။ ပျံသန်းနေကြသော သင်္ဘောနက်များ၊ လက္ခဏာများ၊ အတိတ်နိမိတ်များ၊ ဒေဝတာများ၊ ကောင်းကင်ဘုံသား စေတမန် နတ်သားများ၊ နတ်မိဿားများ၊ ရထားပျံကြီးများပင် ဖြစ်၏။

လူ့သမိုင်းမှာ မရပ်မနား တရွေ့ရွေ့ ပြောင်းလဲလာခဲ့ရာ အဟောင်းအဟောင်းတို့ ချုပ်ငြိမ်းသွားခဲ့ပြီး အသစ်အသစ်တို့ ဖြစ်ပေါ်ခဲ့၏။ ဤနည်းအတူ လူ့ဘောင်လောကရှိ သက်ရှိသက်မဲ့ အရာဝတ္ထုတို့နှင့်အတူ အတွေးအမြင်ဟောင်းတို့လည်း ချုပ်ငြိမ်းခဲ့ပြီး အတွေးသစ် အမြင်သစ်များ ပေါ်ပေါက်ခဲ့ရသည်မှာ နိယာမအစဉ်ကြီးသာလျှင် ဖြစ်ပါသည်။ လူသားတို့၏ အရိုးစွဲခဲ့သော တစ်ဖက်စွန်းအတွေးအမြင်ဟောင်းများ လွင့်ပြယ်ခဲ့ပြီး ကြည်လင်သောအမြင်ဖြင့် အရာရာကို ယထာဘူတကျကျ လေ့လာသုံးသပ်ခဲ့ကြတော့သည်။ သို့နှင့် မကြာသေးမီ ရာစုနှစ်များကစ၍ လူသားတို့သည် ရှေးအစဉ်အလာ အယူအဆ အစွဲအလမ်းဟောင်းများကို စွန့်ပယ်ခဲ့ကြပြီး ကောင်းကင်နှင့် အာကာသကိုလည်း နက္ခတ္တဗေဒအမြင်ထက် အာကာသသိပ္ပံအမြင်သို့ ကူးပြောင်းခဲ့ကြ၏။ ယခင်က ကောင်းကင်၌

လည်းကောင်း၊ အာကာသအတွင်း၌ လည်းကောင်း တွေ့မြင်ကြရသော ထူးဆန်းသည့်အရာများကို သဘာဝလွန်၊ ရုပ်လွန်ခြင်းရာသတ္တိများဟု ယုံကြည်ခဲ့ကြ၏။ ယခုအခါ ယင်းအရာများမှာတည်ဆောက်ထားသော (ဖန်ဆင်းခြင်းမဟုတ်သည့်) လေယာဉ်ပျံတစ်မျိုးပင် ဖြစ်သည်ဆိုသည့်အချက်ကို သိရှိလာခဲ့ကြ၏။ သို့ရာတွင် ၎င်းအရာဝတ္ထုများမှာ ကျွန်ုပ်တို့ ကမ္ဘာမြေပြင်မှ လူသားတို့ အတတ်ပညာဖြင့် တည်ဆောက်ထားခြင်း မဟုတ်ကြောင်းကိုမူ သိရှိနားလည် သဘောပေါက်လက်ခံထားကြလေသည်။

စာရှုသူတို့ စဉ်းစားကြည့်လျှင် ကျွန်ုပ်တို့၏ ဘိုးဘေးဘီဘင်ခေတ်က ဤအာကာသယာဉ်ကြီးများ (UFOs) ကို အနက်အဓိပ္ပာယ်ကောက် လွဲမှားခဲ့ကြ၏။ လေထဲ တိုက်အိမ်ဆောက်သည့် အမြင်အတွေးစိတ်ကူးများ *(Productive Imaginiation)* ဖြင့် အဘယ်မျှ အထင်အမြင်မှားခဲ့ကြပါသနည်း ဆိုသည်ကို တွေ့ရှိနိုင်ပေသည်။ ယင်းရှေးသူဟောင်းတို့ မည်မျှအထိ သဘာဝတ္တထက် လွန်ကဲသောအမြင်ဖြင့် မြင်ခဲ့ကြပါသနည်း ဆိုသည်ကို မခန့်မှန်းနိုင်တော့ပေ။

သို့ရာတွင် အမေရိကန်လေတပ်မတော် ထောက်လှမ်းရေးဌာန တစ်ခုဖြစ်သော ပရောဂျက်ဘလူးဘွတ်ခ်၌ *(Air force Project Blue Book)*၏ အထူးသီးသန့် အစီရင်ခံစာ မှတ်တမ်းအမှတ်စဉ် (၁၄) *(Special Report No.14)* ၌ ဖော်ပြထားသည်မှာ ကမ္ဘာအရပ်ရပ်မှ ယူဖိုးမျက်မြင်ကိုယ်တွေ့ ပေးပို့သော အစီရင်ခံစာများ၏ (၂၀%) ရာခိုင်နှုန်းမှာ ရုပ်ဝတ္ထုကျကျ အမြင်များ မဟုတ်ကြောင်း။ ရှေးရှေးပဝေသဏီခေတ်က လူသားတို့သည် ကောင်းကင်၌ တွေ့မြင်ရသော ထူးဆန်းစွာ ပျံသန်းနေသည့် အရာများကို ကောင်းကင်ဘုံမှ ဆင်းသက်ကြွမြန်းလာကြသည့် တမန်တော် နတ်သားများဟု ယူဆခဲ့ကြသည်။ ထိုအကြောင်းအရာများကို သားစဉ်မြေးဆက်တိုင် ပါးစပ်ရာဇဝင်များဖြင့် သက်ကြီးစကား သက်ငယ်ကြားလာခဲ့သည်။ ထို့နောက်မှ ပညာရှင်များက နိပါတ်တော်များ *(Legends)* အဖြစ် လည်းကောင်း၊ ဒဏ္ဍာရီများ *(Mythology)* အဖြစ် လည်းကောင်း စီကာပတ်ကုံး စာတစ်စောင်ပေတစ်ဖွဲ့ မှတ်တမ်းတင်လာခဲ့၏။ ထိုကဲ့သို့ မှတ်တမ်းတင်သည့် ခေတ်ကာလကတည်းကစ၍ ကျွန်ုပ်တို့ ကမ္ဘာလောက ကောင်းကင်၌ လည်းကောင်း၊ အာကာသအတွင်း၌ လည်းကောင်း ထူးဆန်းသော အမျိုးအမည် မထင်ရှားသည့် အရာဝတ္ထုများ၊ သင်္ကေတများမှာ မရေမတွက်နိုင်လောက်အောင် အနမတဂ္ဂ လူးလာပျံသန်းနေခဲ့သည်ဟု ဖော်ပြထား၏။ ထို့ကြောင့် ဤ ယူဖိုး ခေါ် ပန်းကန်ပြားပျံများမှာ ယခုမှ ပေါက်သည့်

ရှေးကြာပင်ကဲ့သို့ အသစ်အဆန်း မဟုတ်ဟု ဆိုရခြင်း ဖြစ်ပါသည်။

ကမ္ဘာ့သမိုင်း ရှေးခေတ်နှင့် အလယ်ခေတ် အချိန်က လူသားတို့သည် ကောင်းကင်၌ မြင်ရသည့် အတိတ်နိမိတ်များ၊ အရာဝတ္ထုများကို သဘာဝလွန်၊ ရှပ်လွန်ခြင်းရာသတ္တိများဟု ထင်မြင်ယူဆခဲ့ကြသည်မှာလည်း အကြောင်းအား လျော်စွာ သူတို့အတိုင်းအတာနှင့် မှန်ကန်နေပေသည်။ အကြောင်းမှာ ထိုစဉ်က ယနေ့ခေတ် ကာလကဲ့သို့ လေကြောင်းခရီး သွားလာပျံသန်းနေသည့် လေယာဉ်ပျံများ မပေါ်ပေါက်ခဲ့ကြသေးချေ။ ထို့ကြောင့် ယနေ့ခေတ်ကဲ့သို့ လူသားတို့ တည်ဆောက်ထားသော လေယာဉ်လေလား၊ အခြားကမ္ဘာမှ လာရောက်ကြသော အာကာသယာဉ်ကြီးတွေပဲလား ဟူ၍ ဒွိဟအမြင် ရှုပ်ထွေးစရာ အကြောင်း မရှိခဲ့ပေ။

ဘီစီ (၆) ရာစုက ရှေးခေတ် ဒီဂျစ်ပြည်တွင် အထူးကျော်ကြားလှသည့် ပုရောဟိတ်ကြီးတစ်ပါး ပေါ်ထွန်းခဲ့လေသည်။သူ၏အမည်မှာ *(Prophet Ezekiel)* ပုရောဟိတ် အိုင်ဇယ်လ် ဟူ၍ ဖြစ်ပေ၏။ ၎င်းသည် *Donay Bible* ခေါ် ကျမ်းတစ်စောင်ကို ပြုစုခဲ့သူ ဖြစ်၏။ သူ၏စာအုပ် *The Book of Ezekiel* ၌ အာကာသယာဉ်ကြီးများ ကောင်းကင်မှ ဆင်းသက်လာပုံကို ရေးသားခြယ်မှုန်း ထားသည်မှာ ပဿာဒဂုဏ် မြောက်လှပါပေသည်။ သူ၏ရေးသားချက်မှာ ကွက်ကွက်ကွင်းကွင်း ရိုးရိုးစင်းစင်းနှင့် စိတ်ဝင်စားစရာကောင်းလှပေ၏။ ထိုစာအုပ်တွင် ဖော်ပြထားပုံမှာ. . .

*တစ်နေ့သ၌ ဒီဂျစ်ဖာရောက်ဘုရင်ကြီး တစ်ပါးသည် သူ၏ စစ်ရထားကြီးပေါ်မှ အကျော်ဘိဂ်ကျိရှိသော မိမိ၏ စစ်အင်္ဂါလေးပါးနှင့်ပြည့်စုံသည့်တပ်မတော်ကြီးကို ဗိုလ်ရှုသဘင် ခံယူနေခဲ့ပါသည်။ ထိုအချိန်မှာ သာယာလှသည့် ညနေဆည်းဆာချိန် ဖြစ်၏။ အနောက်ဘက် မိုးကောင်းကင်မှ ထူးဆန်းသော မီးကွင်းကြီးများ ရောက်ရှိလာပြီး ဖာရောက်ဘုရင်ကြီးနှင့် သူ၏တပ်မတော် စစ်သည်ဗိုလ်ပါ မင်းပရိသတ် အပေါင်းအား ခြိမ်းခြောက်လေတော့သည်။ သို့ရာတွင် ဖာရောက်ဘုရင်ကြီးကား သူရသတ္တိနှင့် ပြည့်စုံသူဖြစ်၍ မတုန်မလှုပ် ရဲရင့်သော ခြသေ့်စိတ်ဖြင့် ကောင်းကင်မှ မီးကွင်းကြီးများအား စိန်းစိန်းကြည့် နေခဲ့သည်* . . .

စသည်ဖြင့် ပုရောဟိတ်ကြီး အိုင်ဇယ်လ်က ရေးသား ဖော်ပြထားလေသည်။

ရှေးခေတ် စကြဝဠာတစ်ခွင် ထက်ကောင်းကင်ဝယ် ဝေဟင်ခရီးသည်

တို့နှင့် ပြည့်နှက်နေခဲ့ဟန်တူသည်။ ရှေးခေတ် ဆီးရီးယန်းလူမျိုးတို့က (၇-ရာစုနှစ်)ကောင်းကင်၌ ပျံသန်းသွားလာနေကြသော နွားလားဥသဘကြီးများ ရှိကြောင်း အဆိုရှိခဲ့၏။ ရှေးခေါမလူမျိုးများနှင့် အာရပ်လူမျိုးတို့ကလည်း အသေတိုရဲ မြင်းပျံကြီးများ မြင်တွေ့ရကြောင်းနှင့် မှတ်တမ်းများ၌ ရေးသားခဲ့ကြလေသည်။ ထို့အတူ ရှေးခေတ်က အလွန်တရာ ကြွယ်ဝပြည့်ဖြိုးခဲ့သော ပါရှန်တို့က ကော်ဇောပျံကြီးများ မြင်တွေ့ရကြောင်း ယုံကြည်ထားခဲ့ကြ၏။ ထိုသူတို့နှင့်မတူ တစ်မူထူးခြားသည့် လူမျိုးများကား စစ်ဝါဒီ ရောမလူမျိုးများပင် ဖြစ်ကြ၏။ ၎င်းတို့က မိမိတို့စစ်ပွဲခင်းနေခိုက် ကောင်းကင်၌လည်း ဒိုင်းပျံကြီးများ၊ လှံပျံကြီးများဖြင့် နတ်ဒေဝါတို့ သေနင်္ဂဗျူဟာ ခင်းကျင်းနေကြပုံကို တွေ့ရှိကြရသည်ဟု ဆိုကြလေသည်။ ဤနေရာ၌ ကျွန်ုပ်တို့ မြန်မာများ၏ သခွတ်စား အသူရာနတ်မင်းနှင့် တာဝတိံသာနတ်ပြည်က သိကြားမင်းတို့ သခွတ်ပွင့်ချိန် စစ်ခင်းကြပုံများနှင့် ဆင်ဆင်တူ၏။ ထိုအကြောင်းကို သီပေါမင်းလက်ထက် ဝေါမှုကြီး နားခံတော်ဦးဖြိုး ရေးသားဆက်သွင်းသည့် လျှပ်ပန်းခွေနွဲ့ အစချီ ယိုးဒယားသီချင်း၊ မြဝတီမင်းကြီးဦးစ၏ သေနင်္ဂမည် မိုးဘွဲ့ပတ်ပျိုးတို့၌ လေ့လာကြည့်ပါလျှင် ဤနည်းနှင်နှင် တွေ့ရှိကြရပေမည်။

ရှေးခေတ်ကမ္ဘာကြီး၌ ခရစ်ယာန်ဝါဒကြီး ပေါ်ထွန်းပျံ့နှံ့လာချိန် ဖြစ်၏။ ထိုခေတ်ကာလ ကောင်းကင်၌ ပျံသန်းသွားလာနေခဲ့သော အရာများကို ဘာသာရေးနှင့် နှိုင်းနွှယ်၍ လူသားတို့ ထင်မြင်ယူဆခဲ့ကြပြန်၏။ ယင်းကဲ့သို့ ရဲရဲညီးနေသည့် လက်ဝါးကပ်တိုင်တော်များနှင့် ထာဝရဘုရားသခင်၏ ဒုစရိုက်ထူပြောလှသော လူသားတို့အား ဒဏ်ခတ်သည့် အတိတ်နိမိတ်လက္ခဏာကို မြင်တွေ့ရကြောင်း၊ ထိုလက္ခဏာများမှာ ကမ္ဘာလောကကြီးရှိ လူသားတို့အား ဖြူစင်ရိုးဖြောင့်ပြီး တရားများပွားများရန် သတိပေး နှိုးဆော်နေခြင်းဖြစ်ကြောင်း၊ အကယ်၍ မလိုက်နာပါက ဤကမ္ဘာလောကကြီး၌ ကြောက်မက်ဖွယ်ရာ ရောဂန္တရကပ် *(Plagues)* နှင့် သတ္တန္တရကပ် *(Disasters)* တို့ ကျရောက်ပြီး ပျက်စီးကြရတော့မည် ဖြစ်ကြောင်း သတိပေးသည့် အတိတ် နိမိတ် ဘဝေါများပင် ဖြစ်ကြောင်းနှင့် ယုံကြည်ခဲ့ကြလေသည်။

ခရစ်နှစ်(အေဒီ ၄၇၅-၁၄၅၃)ခုနှစ်အတွင်း နေလိုလနွယ် ထွန်းတောက်ခဲ့သော အရှေ့ရောမ ဘိုင်ဇင်တိုင် *(Byzantine)* အင်ပါယာကြီးကို ကောရာဇ်ကွန်စတန်တိုင် *(Constantine)* မင်းမြတ် အုပ်စိုးတော်မူပေ၏။ တစ်နေ့တွင် ကောရာဇ်မင်းမြတ်ကိုယ်တိုင် မိုးကောင်းကင်၌ ထူးဆန်းသော အရာတို့ကို တွေ့

မြင်တော်မူခဲ့သည်။ သူ့အား ခရစ်ယာန်ဘာသာဝင် တစ်ယောက်အဖြစ် ပြောင်းလဲစေခဲ့သော ဖြစ်ရပ်များပင် ဖြစ်ပေသည်။

ထို့နောက် လူ့သမိုင်းမှာလည်း အလယ်ခေတ်မှတစ်ဖန် ရီနေဆန်း ခေါ် *(Renaissance)* အတွေးအခေါ် အယူအဆများနှင့် လက်မှုပညာအရပ်ရပ်များ တိုးတက်ပြောင်းလဲသော ခေတ်သစ်ဦးဆီသို့ ရောက်ရှိလာခဲ့လေသည်။ [ထိုခေတ်မှာ အီတလီပြည် အလယ်ပိုင်းရှိ ဖလောရင့် *(Florence)* မြို့ (၁၄)ရာစုနှစ်က စတင်ခဲ့ပြီး (၁၈)ရာစုနှစ်တွင် ဥရောပတစ်ခွင်သို့ ပျံ့နှံ့သွားခဲ့၏။] လူတို့၏ အသိဉာဏ်များဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကမ္ဘာတစ်ခွင် မြေပြင်အောင် မြေပြင်အနှံ့ ခရီးဆန့်၍ စူးစမ်းရှာဖွေရင်း နယ်သစ်ပယ်သစ်များကို တွေ့လာခဲ့ကြလေသည်။ ထိုအချိန်က ဥရောပသားတို့သည် အထူးသဖြင့် ပင်လယ်သမုဒ္ဒရာကို ရွက်လွှင့် ဖြတ်ကျော်ကာ ခရီးသွားလာနေချိန် ဖြစ်၏။

ယူဖိုးတို့သည်လည်း ခေတ်ရေစီးကြောင်းအလိုက် ပတ်ဝန်းကျင်နှင့် အညမညဖြစ်အောင် လိုက်လျောညီထွေ ကျင့်သုံးကာ အသွင်သဏ္ဌာန်များ ပြောင်းလဲခဲ့ကြပြန်လေသည်။ ၎င်းတို့သည် လှော်တက်ကြီးများ လှေသင်္ဘော တစ်ဖက်တစ်ချက်၌ စီတန်းလှော်ခတ် သွားလာရသော ပင်လယ်ကူး ဂေါ်လီလေ *(Galleys)* ခေါ် သင်္ဘောသမ္ဗန်ကြီးကဲ့သို့ လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာ အတွင်း ကူးလူးဖြတ်သန်း ရွက်လွှင့်နေခဲ့ကြလေသည်။

၎င်းနောက် ပြင်သစ်လူမျိုးတို့သည် ဘောလုံးပျံကြီးများစီးကာ ကောင်းကင်ခရီးမှနေ၍ ကမ္ဘာ့မြေပြင် ပထဝီဝင်အနေအထားကို လေ့လာစူးစမ်းခဲ့ကြသည်။ ထိုပြင်သစ် ပထဝီဝင် စူးစမ်းမှုပညာရှင်ကြီး အများအပြားပင် ဘောလုံးပျံကြီးများ စီးသွားရင်း အဖြစ်ဆန်းများနှင့် ကြုံတွေ့ခဲ့ကြရ၏။ ၎င်းတို့ မြင်တွေ့ကြရသည့် အရာများမှာ ယင်းတို့ စီးနင်းလိုက်ပါသွားခဲ့ကြသည့် ဘောလုံးပျံကြီးများ ကဲ့သို့ပင် ကြောက်မက်ဖွယ် ရောင်ပြန်များကို အာကာသ ကောင်းကင်၌ တွေ့ရှိကြရခြင်း ဖြစ်၏။

ဤသို့ဆိုလျှင် ကမ္ဘာ့သမိုင်းတစ်လျှောက် ခေတ်များ၊ စနစ်များ ပြောင်းလဲလာသည်နှင့်အမျှ ယူဖိုးတို့၏ အသွင်သဏ္ဌာန်တို့သည်လည်း လိုက်၍ လိုက်၍ ပြောင်းလဲလာခဲ့ကြ၏။ ခရစ်နှစ် ၁၈၀၀ ပြည့်နှစ် ဝန်းကျင်ကာလက ခေတ်သစ်ကြောင်းကျိုးဆက်နွှယ် ရှုမှတ်မှု ယထာဘူတပညာရှင်များက ဤယူဖိုးများကို လွန်းပျံကြီးများ *(Flying Spindles)*၊ ဆေးပြင်းလိပ်ကြီးများ *(Flying-Cigars)*နှင့် လေသင်္ဘောကြီးများ *(Air-Ship)* ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့လေသည်။

ရှင်းပြင် ယင်းထူးဆန်းသော အာကာသယာဉ်ကြီးများသည် အလွန်အလွန် လျှင်မြန်သော အရှိန်အဟုန်နှုန်းထားဖြင့် အာကာသထဲ၌ လည်းကောင်း၊ ကျွန်ုပ်တို့ ကမ္ဘာ့အထက်ကောင်းကင်၌ လည်းကောင်း ရွေ့လျားပျံသန်း သွားလာနေကြ သည်ဟု ထုတ်ဖော်ခဲ့ကြ၏။

ပထမနှင့် ဒုတိယကမ္ဘာစစ်ကြီးများ အတွင်းက ယူဖိုးများကို မဟာမိတ် များနှင့် ဖက်ဆစ်နာဇီတို့က အမည်မသိ လက်နက်ဆန်းများအဖြစ် ထင်မြင်ယူဆ ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီး အတွင်းက ဖူးဖိုက်တာ *(Foo-Fighters)* ဟု အမည်တွင်ခဲ့၍ မဟာမိတ်တို့ဘက်မှ နာဇီဂျာမနီတို့ အသုံးပြုသည့် လက်နက်များ ဟု ယူဖိုးတို့အား ထင်မှတ်ခဲ့၏။ ဟစ်တလာနာဇီတို့ဘက်မှလည်း မဟာမိတ် အင်အားစုများ သုံးစွဲသည့် လက်နက်ဆန်းများဟုသာ 'ဘုမသိ ဘမသိ' ဖြစ်ခဲ့ကြ ရ၏။ ဤသို့ဖြင့် ၁၉၄၇ ခုနှစ်မတိုင်မီ ကာလဝယ် အာကာသထဲ၌ လည်းကောင်း၊ ကျွန်ုပ်တို့၏ ကမ္ဘာမြေပြင်အထက်ဝေဟင်၌ လည်းကောင်း ယူဖိုးများကို အတော မသတ်အောင် တွေ့ခဲ့မြင်ခဲ့ကြရ၏။ [ပထမက ယင်းယူဖိုးများကို သတ္တုပြား ဝိုင်းကြီးများ *(Metallic Dics)* ဟူ၍ လည်းကောင်း၊ ဒယ်ပိုင်းပြတ်များ *(Piepans)* ဟူ၍ လည်းကောင်း မြင်တွေ့ရသူတို့က ဖော်ပြခဲ့ကြပါသည်] မျက်မြင်ကိုယ်တွေ့ ပုဂ္ဂိုလ်တို့က နောင်အခါကျမှ ယူဖိုးများကို ပန်းကန်ပြားပျံများ *(Flying Saucers)* ဟူ၍ ခေါ်ဝေါ် သမုတ်ခဲ့ကြလေသည်။

ဤယူဖိုးများကို လူ့သမိုင်းတစ်လျှောက် တွေ့ကြုံခဲ့ရခြင်း ဖြစ်နိုင်ပေ သည်။ ဆိုလိုသည်မှာ ရှေးပဝေသဏီက ကောင်းကင်ထက်၌ အမျိုးမျိုးအဖုံဖုံ ပုံသဏ္ဌာန်တို့ဖြင့် ကြုံတွေ့ခဲ့ကြရသော ထူးဆန်းသည့် အံ့မခန်း အရာများသည် လည်း ဤယူဖိုးများပင် ဖြစ်နိုင်၏။ ယနေ့ မျက်မှောက်ခေတ်ကြီးတွင် တွေ့ကြုံရခြင်း မှာ ပိုမို များပြားလာခဲ့လေတော့သည်။ ယင်းသို့ ခေတ်အဆက်ဆက် လူမျိုးအသီးသီး တစ်မျိုးတစ်စားတည်း ယူဖိုးတို့ကိုသာ တွေ့မြင်ခဲ့ရခြင်း ဖြစ်ပေသည်။ သို့ရာတွင် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဖြစ်ကြရသည်မှာလူချင်းတူ သော် လည်း အသက်ရှူကွဲကြရသကဲ့သို့ စိတ်ကူးစိတ်သန်းခြင်း *(Imagination)* အလိုက် လည်းကောင်း၊ ဝါသနာအထုံဗီဇ *(Penchant)* အလျောက် လည်းကောင်း မိမိတို့ သန့်ရာအရ အမြင်ခြားနားခြင်း၊ အနက်အဓိပ္ပာယ်ဖော် ကွာခြားခြင်း ဖြစ်ဟန်တူ ပေသည်။

ဤသို့ ဆိုရခြင်းမှာ အကြောင်းယုတ္တိ မတန်ဘဲ လေဖမ်းဝါးတန်းချည်၍ ထင်ရာမြင်ရာပြောခြင်း မဟုတ်ပေ။ အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ယထာ

ဘူတစ္ဆေထောင့်မှ သုံးသပ်တင်ပြခြင်းသာလျှင် ဖြစ်၏။ ထို့ကြောင့် တရုတ်လူမျိုးတို့က အခိုးအလျှံ ဒေါသမာန်ပြင်းသည့် နဂါးမင်းများ ***(Hurtling and Luminous Dragons)*** အမှန်တကယ် ရှိသည်ဟု ယုံကြည်ကြခြင်း ဖြစ်၏။ထို့အတူ ရှေးရှေး ဟိန္ဒူလူမျိုးတို့၏ ရထားပျံကြီးများ (မြင်းရထား) မှာလည်း တရုတ်တို့နည်းတူပင် ဖြစ်၏။ အမေရိကန်ပြည်သား တိုင်းရင်းသား အင်ဒီးယန်းတို့ကလည်း ကောင်းကင်၌ သွားလာကျက်စားနေသော လောင်းလှေကြီးများ ***(Canoes)*** ကို မြင်တွေ့ရကြောင်း ယုံကြည်ထားကြ၏။ ထိုနည်းနှင်နှင် ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီး လူမျိုးစုအလိုက် ရိုးရာအစွဲအလမ်း ယုံကြည်မှုများ ဖြစ်ကြသော အခိုးပြင်းထန်သည့် ကြောက်စရာနဂါး စသည့်သတ္တဝါကြီးများ၊ ဒေါသမာန်တင်းသည့် မာရ်နတ်မင်းများနှင့် ကွင်းပိုင်ကြီးများ၊ လမိုင်းကြီးများ စသည့်နတ်များ ရှိကြောင်း ယုံကြည်ကြ စွဲလမ်းကြခြင်းပင် ဖြစ်ပေသည်။

ဤသို့ သာဓကများ ရှိနေပါလျက် ယူဖိုး မျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်များကို ကျွန်ုပ်တို့ အနေဖြင့် လူများစု ယုံမှားလွန်းခြင်း ***(Mass Delusion)*** ဟု၍ စွပ်စွဲနိုင်ပါမည်လော။ ယနေ့ ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီးမှာ သမိုင်းဦး ကာလ ဂူအောင်းခေတ်ကြီး မဟုတ်တော့ပေ။ ဖွံ့ဖြိုးပြီးနိုင်ငံများ၌လည်း ဦးစီးခေါင်းဆောင်အစိုးရများနှင့် ဖြစ်၏။ ကမ္ဘာကြီးတစ်ခုလုံး၏ အားထားရာဖြစ်သော နိုင်ငံပေါင်းချုပ် (ဝါ) ကုလသမဂ္ဂကြီး၌လည်း သိပ္ပံပညာရှင်ကြီးများ၊ အာကာသ သိပ္ပံပညာရှင်ကြီးများ ဦးဆောင်၍နေသော ခေတ်သမယပင် ဖြစ်ပါသည်။ ယနေ့ကမ္ဘာ့လူများစုက ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာလောကကြီးသို့ ပြင်ပစကြာဝဠာများမှ (ဝါ) ကျွန်ုပ်တို့၏ ဂလက်ဆီကြယ်စုများတွင်းရှိ ပြင်ပဂြိုဟ်ကမ္ဘာများမှ သက်ရှိများ ယူဖိုးကြီးများကို စီးနင်းကာ လာရောက်ကြသည်ဟု ယုံကြည်ထားကြသည်။ ဤသို့ ယုံကြည်ထားကြရာမှာလည်း အရှိကို အရှိတိုင်း၊ အမှန်ကို အမှန်တိုင်း ယုံကြည်ကြခြင်းသာ ဖြစ်၏။ သို့ပါလျက် ဘူးတစ်လုံးဆောင် အိုအောင်မဆင်းရဲ ဆိုသူတစ်စုက ငြင်းကွယ်ကြပါလျှင် အငြင်းသမားသာလျှင် ဖြစ်ရပေမည်။ ထိုသူတို့၏ 'မယုံဘူးမဟုတ်ဘူးမဖြစ်နိုင်ဘူး'ဆိုသည့် လေ့နံ့ဓားထစ် တရားသေဝါဒများမှာ 'အဝတ်မရှိသူက အဝတ်ရှိသူအား လုံအောင်ထိုင်ပါ' ဟု ပြောခြင်းနှင့် တူနေချိမ့်မည်သာ ဖြစ်ပေတော့သည်။

ယနေ့ ပစ္စုပ္ပန်ကာလဝယ် မကြာခဏဆိုသလို ယူဖိုးများသည် ကမ္ဘာ့တိုင်းပြည်ကြီးများရှိ မြို့ကြီးပြကြီးများ တစ်ဝိုက်၌ လှူးလာပျံသန်းနေကြသည်ကို လူပေါင်းထောင်သောင်းမက တွေ့ကြုံမြင်တွေ့နေခဲ့ကြ၏။ ၎င်းယူဖိုးကြီးများ

သည့် ရုပ်မြင်သံကြားဌာနများနှင့် လျှပ်စစ်ပါဝါဓာတ်အားပေး စက်ရုံကြီးများ တစ်ဝိုက် ကျက်စားနေခဲ့ကြသည်ကို မကြာခဏ တွေ့ရတတ်လေသည်။ လူများစုက ၁၉၆၅ ခုနှစ် မြောက်အမေရိကတိုင်းပြည်များ ရုတ်တရက် အမြေမပေါ်သည့် မှောင်ကျသွားခြင်း (လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားခဲ့ခြင်း) ကို ယူဖိုးများ နှောင့်ယှက်မှုကြောင့်ဟု စကန် စွပ်စွဲခဲ့ကြလေသည်။

ကမ္ဘာ့လေကြောင်းခရီး၌ မကြာခဏ ခရီးသည်တင် လေယာဉ်ကြီးများ ယူဖိုးတို့၏ နှောင့်ယှက်မှုနှင့် ကြုံတွေ့တတ်ရကြောင်း သတင်းပေးပို့ တိုင်ကြားခဲ့ပါသည်။ စစ်လေယာဉ် အများအပြားပင် ယူဖိုးတို့ ဖျက်ဆီးမှုကြောင့် မီးလောင်ပျက်ကျခဲ့ရ၏။ ကျွန်ုပ်တို့ ကမ္ဘာမြေပြင်မှ ခေတ်မီတိုးတက်သော သိပ္ပံသုတေသနလုပ်ငန်းဖြစ်သည့် မြေပြင် အာကာသဒုံးပျံစခန်းများ၌လည်း နှောင့်ယှက်ခြင်း ခံခဲ့ကြရ၏။ ထို့ထက်မက ကမ္ဘာမြေပြင်မှ အာကာသအတွင်း ပစ်လွှတ်ခဲ့သော အာကာသဒုံးပျံယာဉ်ကြီးများပင် ယူဖိုးတို့ အလိုက်ခံရကြောင်းကို အာကာသယာဉ်မှူးများက မြေပြင်ထိန်းသိမ်းရေးစခန်းသို့ သတင်းပို့ခဲ့ကြ၏။

လုပ်သားပြည်သူအများ ယုံကြည်ထားသော သတင်းတစ်ခုမှာ ပြင်သစ်နိုင်ငံ၌ ယူဖိုးများ ဆင်းသက်ရန် လေယာဉ်ကွင်းတစ်ခု အထူးသီးသန့် ဖွင့်လှစ်ထားရှိသည် ဟူ၍ ဖြစ်သည်။ ယင်းလေယာဉ်ကွင်း၌ အာကာသယာဉ်ကြီးများဖြစ်သည့် ယူဖိုးများ ထာဝရ အချိန်အခါမရွေး ဆင်းသက်နိုင်ရန် ဖိတ်ခေါ်သည့် အနေဖြင့် အပြာရောင်လျှပ်စစ်မီးပွင့်များ ထိန်လင်းစွာ ထွန်းညှိထားကြောင်း၊ ထို့ကြောင့်ပင် ယူဖိုးများကို ယင်းဒေသ၌ မကြာခဏ ဝဲပျံနေသည်ကို တွေ့ရှိရကြောင်းကို အများပြည်သူတို့ စွဲလမ်းကာ တီးတိုးသတင်း ဖြစ်ပွားနေပေသည်။

ကမ္ဘာမြေပြင်မှ အာကာသအတွင်း ပစ်လွှတ်ခဲ့သော ဒုံးပျံကြီးများသည် အာကာသထဲ ရောက်ရှိသွားခဲ့ပြီးနောက် လကမ္ဘာပေါ် ဆင်းသက်ရန် ဒုံးယာဉ်များ(ကြိုဟ်တုများ)ကို ပင်မမိခင်ယာဉ်ကြီးမှ ခွဲထုတ်လိုက်လေသည်။ ထိုချိန်မှစ၍ ဒုံးယာဉ်များ(ကြိုဟ်တုများ)အတွင်း စီးနင်းလိုက်ပါသွားကြသော အာကာသယာဉ်မှူးတို့သည် အာကာသကြီးထဲ ဖျံဝဲနေသည့် ယူဖိုးများကို တွေ့မြင်ခဲ့ကြရလေသည်။ ကျွန်ုပ်တို့သည် အာကာသယာဉ်မှူးများ ပေးပို့သည့် ယူဖိုး တွေ့မြင်ခဲ့ကြရသော သတင်းသာ အမှန်အကန်ဟု လက်ခံယူဆခဲ့ပါလျှင် စဉ်းစားစရာ တွေးတောစရာ အချက်တစ်ချက် ရှိနေပေသည်။ ၎င်းအချက်မှာ အခြားမဟုတ်ပေ။ ယူဖိုးများကို ကျွန်ုပ်တို့ ကမ္ဘာမြေပြင်အထက် ကောင်းကင်၌ တွေ့ကြုံရခြင်းထက် အာကာသထဲ၌ တွေ့ရှိရသည့်ရာနှုန်းက အဆပေါင်း ပိုမိုများပြား

မည်မှာ မြေကြီးလက်ခတ်မလွဲတော့ပေ။

ယခုကဲ့သို့ ယူဖိုးများ အာကာသထဲ၌ လူးလာပျံသန်း ကျက်စားနေကြသည်ဆိုသည့်သတင်းကပင် ၎င်းအရာများသည် စိတ်လှုည့်စား၍ အမြင်မှားခြင်းသို့မဟုတ် စိတ္တနယ်လွန် သဘာဝလွန်ခြင်းရာများ မဟုတ်ကြောင်း သဘောပေါက်နိုင်လောက်ပေပြီ။ အမှန်စင်စစ် ယူဖိုးတို့မှာ အနန္တစကြဝဠာ ချက်မြုပ်များသာလျှင် ဖြစ်၏။ ကျွန်ုပ်တို့ ကမ္ဘာမြေသို့ လာရောက်ကြခြင်း၏ အဓိက ရည်ရွယ်ချက်မှာ အာကာသအတွင်း ကုန်စင်အောင် လေ့လာသုတေသနပြုခြင်းကြောင့်လည်းကောင်း၊ ထောက်လှမ်းရေး သူလျှိုလုပ်လိုရေးကြောင့် လည်းကောင်း၊ ကမ္ဘာမြေပြင်နှင့်ပတ်သက်သည့် အင်အားတစ်ခုခု ရလို၍ လည်းကောင်း ဖြစ်နိုင်သည်။ ယူဖိုးတို့သည် စကြဝဠာအတွင်း အာကာသ သုတေသန ပြုလုပ်နေခဲ့သည်မှာ ကျွန်ုပ်တို့ထက် နှစ်ပေါင်းသိန်းသန်းမက စောခဲ့ဖူးသူများ ဖြစ်ပေသည်။

ယူအက်ဖ်အို (ယူဖိုး) တို့နှင့် ပတ်သက်လာလျှင် ကမ္ဘာမြေပြင်ပေါ်၌ တွေ့မြင်ကြရခြင်း ကိစ္စကိုသာ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးထုတ်ဖော် ပြောကြားကြ၊ရေးသားခဲ့ကြသည်က များလေသည်။ အာကာသခရီးစဉ်မှ ယူဖိုး အတွေ့အကြုံများ ဆိုပါမူ ရဲရဲဝံ့ဝံ့နှင့် ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ရေးသားသူက မရှိသလောက်ပင် ဖြစ်ပါသည်။ ယင်းကဲ့သို့ ရှားရှားပါးပါးအထဲမှ အာကာသအတွင်း ယူဖိုးများ တွေ့ခဲ့ရသည့် သတင်းကို ပုဂ္ဂိုလ်ကြီးတစ်ဦးက ထုတ်ဖော်ဖွင့်ဟခဲ့လေသည်။ |သို့ရာတွင် အာကာသ ဆိုရာ၌ ကျွန်ုပ်တို့ ကမ္ဘာမြေပြင်၏ အာကာသနယ်ပယ် အဝန်းအဝိုင်းသည် မည်မျှအထိ ကျယ်ပြန့်ကြောင်းကို မသိရပေ။|ယင်းပုဂ္ဂိုလ်ကြီးမှာ သင်္ချာဗေဒပညာရှင်၊ ရူပဗေဒပညာရှင်နှင့် စာရေးဆရာဖြစ်သူ မောရစ်ချိတ်လိန်း *(Maurice Chatelain)*ပင် ဖြစ်၏။ သူသည် အပိုလိုအာကာသယာဉ်ကြီးကို ပုံစံထုတ်ခဲ့သူဖြစ်ပြီး လကမ္ဘာသွား အပိုလိုခရီးမစ်ရှင်၏ နာဆာ(မြေပြင်ထိန်းချုပ်ကွပ်ကဲရေးဌာန)မှ ဆက်သွယ်ရေးအကြီးအကဲဟောင်းလည်း ဖြစ်၏။

ချိတ်လိန်းမှာ ရိုးရိုးဘွင်းဘွင်းသမား တစ်ဦး ဖြစ်၏။ ၎င်းသည် ယခင်က နာဆာ ခေါ် *(National Aeronautics and Space Administration)* အဖွဲ့ကြီးတွင် သတင်းမှတ်တမ်းတင် အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ၎င်းထံမှပင် အမေရိကန်ယာဉ်မှူးတို့ အာကာသအတွင်း၌ ယူဖိုးများနှင့် ကြုံတွေ့ခဲ့ရပုံ အကြောင်းကို သိရှိခဲ့ရခြင်း ဖြစ်၏။ ချိတ်လိန်းထံမှ ရရှိသော သတင်းများမှာ ၁၉၆၀ ပြည့်နှစ်ဝန်းကျင် နာဆာအဖွဲ့ကြီးတွင် အမှုထမ်းဆောင်နေစဉ်ကာလ

၎င်းကိုယ်တိုင် သိရှိခဲ့ရသော လျှို့ဝှက်သတင်းများအပေါ် အခြေခံထားခြင်း ဖြစ်၏။ အချို့အချက်အလက်များမှာ နာဆာအဖွဲ့ကြီးမှ ထုတ်ထွက်ခဲ့ပြီးနောက်ပိုင်း သူ၏လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းများထံမှ လည်းကောင်း၊ မိတ်ဆွေသင်္ဂဟ များထံမှ လည်းကောင်း ရရှိသော လျှို့ဝှက်သတင်း အရိပ်အမြွက်ပေါ် အခြေခံ ထားခြင်း ဖြစ်ပါသည်။ ထိုအရိပ်အမြွက် ဆိုသည်မှာ အခြားမဟုတ် အာကာသ အတွင်းမှ အာကာသယာဉ်မှူးတို့ မြေပြင် ထိန်းသိမ်းကွပ်ကဲရေးစခန်းသို့ ပေးပို့ သော သတင်းဒေတာ အချို့ ဖြစ်လေသည်။ သို့ရာတွင် အာကာသယာဉ်မှူး တို့က မြေပြင်ထိန်းသိမ်းကွပ်ကဲရေးစခန်းသို့ မည်သို့ပင် ယူဖိုး အတွေ့အကြုံသတင်း များ ပို့စေကာမူ နာဆာအဖွဲ့ အကြီးအကဲတို့က ယင်းသတင်းများကို ဆင်ဆာ ဖြတ်ခြင်း၊ ပြောင်းလဲပစ်ခြင်း၊ မလေးနက်အောင်ပြုလုပ်ထားခြင်း ပြုလုပ်ခဲ့ကြ သည်။ ရှင်းရှင်းဆိုရပါမူ နာဆာအဖွဲ့ကြီး၏ အပယ်ခံသတင်းများဟု ဆိုပါက ပို၍ မှန်ကန်သင့်လျော်ပေမည်။

နာဆာအဖွဲ့ကြီးက အာကာသမှ ပေးပို့သော ယူဖိုးသတင်းများကို မှောင်ချကာ တာဝန်ရှိသူများအား နှုတ်ပိတ်ခဲ့၏။ ထို့ကြောင့် ယင်းသတင်းများမှာ လုပ်သားပြည်သူတို့ မျက်မှောက်သို့ ရောက်မလာခဲ့ခြင်း ဖြစ်၏။ ဤသတင်းများ သည် လည်းကောင်း၊ နောက်အလားတူ သတင်းများသည် လည်းကောင်း ပြည်သူ တို့ သိရှိဖတ်ရှုနိုင်ခွင့် မည်သည့်အခါမျှ ကြုံရတော့မည် မဟုတ်ပေ။ အဘယ် ကြောင့်ဆိုရပါမူ (ခိုတ်လိန်းအဆိုအရ) အမေရိကန် အာကာသယာဉ်မှူးတို့သည် တပ်မတော်စစ်မှုထမ်းများ ဖြစ်သဖြင့် ဤသတင်းကို မပေါက်ကြားရန် အထက်မှ အမိန့်ထုတ်ပြန်ထားခဲ့လေသည်။ နာဆာအကြီးအကဲတို့က အာကာသအတွင်းမှ ယူဖိုးအတွေ့အကြုံများနှင့် စပ်လျဉ်း၍ မဆွေးနွေးရ သတင်း မပေါက်ကြားရဟု တစ်ချက်လွှတ်အမိန့်ဖြင့် တားမြစ်ပိတ်ပင်ထားခဲ့လေသည်။

အမေရိကန် အာကာသယာဉ်မှူး အများစုမှာ ယခုအခါ မိမိတို့ထမ်း ဆောင်ရာ စစ်ဘက်မှ လည်းကောင်း၊ နာဆာအဖွဲ့ကြီးမှ လည်းကောင်း အနားယူ ခဲ့ကြ၏။ သို့ရာတွင် ၎င်းတို့သည် မင်းမှာသစ္စာ လူမှာကတိ ဆိုသည်ကို မဖိုတ် မသုန် လိုက်နာကျင့်သုံးလျက် ရှိကြပေသည်။ ထို့ကြောင့် အာကာသခရီးလမ်းမှ တွေ့ကြုံဖြစ်ပျက်ခဲ့ကြရသော ယူဖိုးကိစ္စနှင့်ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ မဟာ ကြဘဲ တုဏှိဘာဝေ ဆိတ်ဆိတ်နေကြလေသည်။ သို့ဖြစ်၍ အမေရိကန် အာကာသ ယာဉ်မှူးများ အာကာသအတွင်း၌ လည်းကောင်း၊ လကမ္ဘာပေါ် ဆင်းသက်စဉ် က လည်းကောင်း၊ ယူဖိုး ခေါ် ပန်းကန်ပြားပျံကြီးတို့နှင့် မည်သို့မည်ပုံ တွေ့ကြုံ ရင်ဆိုင်ခဲ့ကြရကြောင်းကို ကာယကံရှင်များထံမှ တိုက်ရိုက် မသိရခြင်း ဖြစ်ပါ

သည်။ သို့သော်လည်း ကျွန်ုပ်တို့၏မိတ်ဆွေကြီး ချိတ်လိမ်းထံမှ လက်လှမ်းမီနိုင်သမျှ သတင်းများ ရရှိခဲ့ပါသည်။ အောက်၌ ဖော်ပြမည့် အာကာသခရီးလမ်း၌ မြေပြင် အာကာသယာဉ်မှူးများ ယူဖိုးတို့နှင့် ကြုံတွေ့ခဲ့ကြရပုံမှာ ဇာတ်လမ်းစုံမဟုတ်ပေ။ ဤအကျဉ်းမျှ ရရှိသော သတင်းများမှာ ထင်ရှားမှတ်သားဖွယ် ကိုယ်တွေ့မျက်မြင် ယုတ္တိတန်သော အကြောင်းခြင်းရာများ ဖြစ်ကြောင်းကိုမူ စာရှုသူတို့ သဘော ပေါက်နိုင်ပေလိမ့်မည်။

အောက်ဖော်ပြပါ ဇယား၌ သက္ကရာဇ် နှစ်စွဲအလိုက် အသေးစိတ် ဖော်ပြ ထားခြင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| အာကာသ ယာဉ်(ဒုံးပျံ) အမည်/နေ့စွဲ | အာကာသ ယာဉ်မှူးများ အမည် | ယူအက်ဖ်အိုဟု ယူဆဖွယ်ရာတို့နှင့် တွေ့ကြုံခဲ့ရပုံ (သို့မဟုတ်) အာကာသအတွင်းမှ အမျိုးအမည် မထင်ရှားသော အရာဝတ္ထုများ (UFO) |
| မာကျူရီ *Mercury* မေလ ၁၆ ရက်၊ ၁၉၆၃ ခုနှစ် | ကူးပါး *(Cooper)* | *အာကာသဒုံးပျံကြီး မာကျူရီသည် ဟာဝေယံ ကျွန်းပေါ်သို့ အရောက်၌ အလွန်လျှင်မြန်သော ကြိမ်နှုန်း (Frequency)ဖြင့်စကားပြောသံများ ကို အသံဖမ်းစက်မှ ဖမ်းယူရရှိခဲ့သည်။ ယာဉ်မှူး ကူးပါးသည် အသံဖမ်း တိပ်ခွေကိုဖွင့်ပြီး ပြန် လည်နားထောင် စူးစမ်းကြည့်ရာ ကမ္ဘာပေါ်ရှိ ဘာသာရပ် အသီးသီးနှင့် လုံးဝ မတူသည့် ဘာ သာစကား ဖြစ်နေကြောင်း သိရှိရ၏။ ထို နောက် အာကာသဒုံးပျံယာဉ်ကြီး ဩစတြေး လျတိုက် အနောက်ပိုင်း ပ(သ်)ရြှိ ပေါ်ဖြတ်သန်း သွားစဉ် အလွန်တရာကြီးမားလှသော ယူဖိုးကြီး တစ်စင်းကို တွေ့မြင်လိုက်ရပြန်၏။ ကူးပါးနည်း တူယင်းယူဖိုးကြီးကို မြေပြင်အာကာသဒုံးပျံများ စစ်ဆေးရေးစခန်းမှလည်း လှမ်းမြင်ခဲ့ကြရလေ သည်။* |
| *ဂျီမီနီ အမှတ်(၄)* | *မက်ဒီဗစ်နှင့် ဝှိုက်* | *မြေပြင်မှ ပစ်လွှတ်ခဲ့သော အာကာသဒုံးပျံ ဂျီမီနီ အမှတ်(၄) ဟာဝေယံကျွန်းပေါ်သို့ ရောက်ရှိစဉ်* |

| | | |
|---|---|---|
| ဇွန်လ ၄ ရက် ၁၉၆၄ ခုနှစ် | ***(Mc Divitt White)*** | ငွေရောင် ပန်းကန်ပြားပျံကြီးတစ်စင်းနှင့် ဝင်ရောက်တိုက်မိလုမတတ် တွေ့ကြုံခဲ့ရသည်။ ယင်းအရာကြီးမှာ ဆလင်ဒါပုံသဏ္ဌာန် ဖြစ်၏။ ၎င်း၏နံဘေးပတ်လည်၌ ဘဲဥပုံအနားရေးရှိပြီး ငွေရောင်အဆင်း ရှိလေသည်။ထိုအရာကြီးတွင် လွန်တာရာ စူးရှတောက်ပသောအမြီးကြီး သွယ်တန်းလျက် ရှိပေသည်။ (ကော့မက်ခေါ် ကြယ်တံခွန်ကြီးများပမာ တွေ့မြင်ရသည်။) အာကာသယာဉ်မှူးတို့လည်း ကမ္ဘာကယာ ဓာတ်ပုံရိုက်ယူလိုက်ကြသည်။ |
| ဂျီမီနီ အမှတ်(၅) ဩဂုတ်လ ၂၁ ရက် ၁၉၆၅ ခုနှစ် | ကူးပါးနှင့် ကွန်ရတ် *(Cooper-Conrad)* | ငွေရောင်ဘဲဥပုံသဏ္ဌာန်ယူဖိုးခေါ် ပန်းကန်ပြားပျံကြီးတစ်စင်းကို တွေ့မြင်ခဲ့ရသည်။ ယင်းယူဖိုးတစ်စင်းလုံး အစိမ်းရောင်မီးများ ထွန်းလင်းနေ၏။အာကာသယာဉ်မှူးကူးပါးနှင့်ကွန်ရတ်တို့စီးနင်းလိုက်ပါသော ဂျီမီနီ အမှတ်(၅)ဒုံးပျံယာဉ်ကြီးမှာ အဆိုပါ ပန်းကန်ပြားပျံကြီး၏ အလိုက်ခံခဲ့ရလေသည်။ ယာဉ်မှူးများသည် ယူဖိုး ခေါ် ပန်းကန်ပြားပျံကြီးကို နောက်ပိုင်းမှ လှမ်းမြင်ရစဉ် သံပြားဝိုင်းပုံသဏ္ဌာန် အနေအထားတွေ့ခဲ့ကြရ၏။ |
| ဂျီမီနီ အမှတ်(၇) ဒီဇင်ဘာလ ၄ ရက် ၁၉၆၅ ခုနှစ် | ဘိုးမင်းနှင့် လိုဗဲလ် ***(Borman Lovel)*** | ပန်ကာများ၊ လေယာဉ်ပျံရဟတ်စက်များကဲ့သို့ နည်းစနစ်ဖြင့် ပျံသန်းနေသော အဆမတန်ကြီးမားလွန်းသည့် ယူဖိုးကြီးတစ်စင်း ဂျီမီနီ နောက်မှလိုက်ပါလာခဲ့သည်။ ၎င်းယူဖိုးကြီးကို အာကာသယာဉ်မှူး ဘိုးမင်းနှင့်လိုဗဲလ်တို့ဓာတ်ပုံများ ရိုက်ယူခဲ့ကြသည်။ |
| ဂျီမီနီ(၉) ဇွန်လ ၃ ရက်၊ ၁၉၆၆ ခုနှစ် | စတက်ဖို့ နှင့် ဆာနန် *Stafford-* | အာကာသအတွင်း ကမ္ဘာမြေပြင်ဆီသို့အပြန် ခရီး၌ စတက်ဖို့နှင့် ဆာနန်တို့ စီးနင်းလိုက်ပါခဲ့သော ဂျီမီနီ(၉) အာကာသဒုံးပျံယာဉ်နောက်မှ ယူဖိုးများ တသီတတန်းလိုက်ပါလာခဲ့ကြသည်။ |

| | | |
|---|---|---|
| | *Cernan* | ၎င်းယူဖိုးများကိုအာကာသယာဉ်မှူးတို့ နည်းတူ မြေပြင်ထိန်းသိမ်းကွပ်ကဲရေးစခန်းမှ ပုဂ္ဂိုလ်တို့ လည်းမြင်တွေ့ခဲ့ကြရသည်။ (*RaderObservation*)မှ မြင်ရခြင်းဖြစ်သည်။) အာကာသထဲ၌ ယူဖိုးနှစ်စင်း အလိုက်ခံခဲ့ကြရသည်။ |
| ဂျီမီနီ(၁၀) ဇူလိုင်လ ၁၈ ရက်၊ ၁၉၆၆ ခုနှစ် | ယန်းနှင့် ကောလင်းစ် *(Young Collins)* | ယာဉ်မှူးယန်းနှင့် ကောလင်းစ်တို့က မြေပြင် စခန်းသို့ ရေဒါဖြင့် ကြည့်ရှုရန် အကြောင်းကြားစဉ် ယူဖိုးကြီးများ ပျောက်ကွယ်သွားခဲ့သည်။ အလွန်တရာ ကြီးမားသောအရာဝတ္ထုကြီးတစ်ခုကို ယာဉ်မှူးတို့သည် လည်းကောင်း၊ မြေပြင်စခန်းမှ လည်းကောင်း တွေ့မြင်ခဲ့ကြရ၏။ ၎င်းအရာဝတ္ထုကြီးမှာ *(Planet)* တစ်ခုလည်း မဟုတ်၊ ဂြိုဟ်သိမ်ဂြိုဟ်မွှားစု(*Asteroid*)လည်း မဟုတ်ချေ။ ဂြိုဟ်သိမ်ဂြိုဟ်မွှားစု ဆိုသည်မှာ ထောင်ပေါင်း များစွာသော ဖြပ်ဝတ္ထုများ စုစည်းနေပြီး အချင်းမိုင်ပေါင်း (၄၈၀) မှ အနည်းဆုံးတစ်မိုင်ခန့်ရှိကြ၏။ယင်းဂြိုဟ်သိမ်ဂြိုဟ်မွှားစုများသည် အထူးသဖြင့် အင်္ဂါဂြိုဟ် (*Mars*) နှင့် ကြာသပတေးဂြိုဟ် နှစ်ခုတို့အကြား လမ်းကြောင်းတစ်လျှောက်မှ နေလုံးကြီးကို လှည့်ပတ်ရွေ့လျားနေကြလေသည်။ |
| ဂျီမီနီ(၁၁) စက်တင်ဘာလ ၁၂ ရက်၊ ၁၉၆၆ ခုနှစ် | ဂေါ်ဒွန်နှင့် ကွန်ရက် *(Gordon-Conrad)* | အာကာသယာဉ်မှူး ဂေါ်ဒွန်နှင့် ကွန်ရက်တို့သည် အာကာသဒုံးပျံခရီးသွားနေစဉ် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မဒါဂါစကာကျွန်းပေါ်၌ ပျံဝဲနေသော ရှည်လျားလျား အရာဝတ္ထုကြီးကို တွေ့မြင်ခဲ့ရ၏။ ယာဉ်မှူးတို့က မြေပြင်နာဆာ (*NASA*)သို့ သတင်းပို့ စုံစမ်းကြရာ ဆိုဗီယက် ပရိုတွန်အမှတ်(၃) ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ သို့ရာတွင် ဆိုဗီယက် ပရိုတွန် (၃)ဆိုသည့် အရာကြီးကို ဂေါ်ဒွန်နှင့် ကွန်ရက်တို့ |

| | | |
|---|---|---|
| | | တွေ့မြင်ခဲ့ကြရစဉ်က မိုင်ပေါင်း (၃၅၀)သာ ဝေးကွာလေသည်။ |
| ဂျီမီနီ (၁၂) နိုဝင်ဘာလ ၁၁ ရက် ၁၉၆၆ခုနှစ် | လိုဗဲလ်နှင့် အော်လ်ဒရင် *(Lovell-Aldrin)* | အာကာသယာဉ်မှူး လိုဗဲလ်နှင့် အော်လ်ဒရင်တို့သည် မိမိတို့စီးနင်းလိုက်ပါလာခဲ့သည့် ဒုံးပျံယာဉ် ဂျီမီနီ(၁၂)နှင့် မိုင်ဝက်မျှ ကွာဝေးသောနေရာ၌ ယူဖိုးကြီးနှစ်စင်းကို တွေ့မြင်ကြရလေသည်။ယာဉ်မှူးတို့သည် ချက်ချင်းပင် ယူဖိုးကြီးကို ဓာတ်ပုံရိုက်ယူထားလိုက်ကြပါသည်။ |
| အပိုလို(၈) ဒီဇင်ဘာလ ၂၃ ရက်၊ ၁၉၆၈ ခုနှစ် | ဘိုးမင်း၊ လိုဗဲလ်နှင့် အန်ဒါစ် *(Borman-Lovell-Anders)* | အပိုလို(၈) လကမ္ဘာကိုပတ်နေစဉ် အာကာသယာဉ်မှူး ဘိုးမင်း၊ လိုဗဲလ်နှင့် အန်ဒါစ်တို့ သုံးယောက်သား ယူဖိုးများကို မြင်တွေ့ခဲ့ကြရသည်။ယာဉ်မှူးတို့က မြေပြင်နာဆာ(NASA)သို့ "ကျွန်တော်တို့ စန်တာကလော့စ် **(Santa Claus)** တကယ်ရှိကြောင်း သိရပြီ" ဟူ၍ သတင်းပို့ခဲ့လေသည်။ |
| | | [မှတ်ချက်။ စန်တာကလော့စ် ဆိုသည်မှာ ခရစ်ယာန်နိုင်ငံတော်လာ သူတော်စင်ကြီးတစ်ဦး ဖြစ်ပါသည်။ ၎င်းသည် ခရစ်တော်၏ မွေးနေ့ (ခရစ္စမတ်အကြိုနေ့)၌ ရောက်လာတတ်ပြီး ကလေးသူငယ်များကို လက်ဆောင်ပစ္စည်းများ ပေးသွားတတ်လေ့ရှိသည်။ ယာဉ်မှူးတို့က ၎င်းကို ရည်ညွှန်းပြီး ယူဖိုးတို့ကို စကားဝှက်ဖြင့် သုံးစွဲပြောဆိုခြင်း ဖြစ်ပါသည်။] |
| | | ထို့ပြင် ယာဉ်မှူးတို့သည် အပိုလို(၈) အတွင်းရှိ |
| အပိုလို (၁၀) မေလ (၁၈-၂၆) ရက် ၁၉၆၉ ခုနှစ် | စတက်ဖို့ ယန့်နှင့် ဆာနန် *Stafford-Young-Cernan* | လကမ္ဘာပတ် လမ်းကြောင်းအတွင်း လှည့်ပတ်နေစဉ် အပိုလို (၁၀)နောက်သို့ ယူဖိုးကြီးနှစ်စင်း လိုက်လာနေကြောင်းကို အာကာသယာဉ်မှူးများဖြစ်ကြသည့် စတက်ဖို့၊ ယန့်နှင့် ဆာနန်တို့ တွေ့မြင်ခဲ့ကြရ၏။ ထို့နောက် လကမ္ဘာမှ ပြန်ခဲ့ပြီး ကမ္ဘာမြေပြင်သို့အပြန် ခရီးလမ်း အာကာသထဲ |

၌လည်း ရှေးနည်းတူ ယူဖိုးနှစ်စင်း လိုက်ပါလာခဲ့ကြသည်ကို တွေ့ရှိခဲ့ကြရသည်။

အပိုလို(၁၁) အမ်စ ထရွိုင် တောင်း၊ ၁၆ ရက်၊ ကောလင်း ၁၉၆၉ ခုနှစ်နှင့် အော်လ (လကမ္ဘာပေါ် ဒရင် Armstrong Collins-Aldrin)

ပထမဦးစွာ လမျက်နှာပြင်ပေါ်သို့ လူသားတို့၏ အပိုလို (၁၁)လဆင်းယာဉ် ဆင်းသက်မည့်ဆဲဆဲအချိန်၌ ယူဖိုကြီးနှစ်စင်းနှင့်ရှည်လျားသော ဆလင်ဒါသဏ္ဌာန်အရာဝတ္ထုကြီးတစ်စင်းလမျက်နှာပြင်ပေါ် ပျံဝဲနေသည်ကိုတွေ့ကြရ၏။ ၎င်းနောက် အပိုလို (၁၁)လည်း လမျက်နှာပြင်ပေါ်ရှိ ချိုင့်ခွက်တစ်ခုအတွင်းသို့ ဆင်းသက်ခဲ့ပါသည်။ထိုအချိန်တွင် ချိုင့်ခွက်ကြီး၏နှုတ်ခမ်းပေါ်၌ အမျိုးအမည်မသိသော အာကာသယာဉ်ကြီးနှစ်စင်းကို ယာဉ်မှူးများရုတ်တရက် မြင်တွေ့ခဲ့ကြရ၏။၎င်းနောက် များမကြာမီပင် ထိုအာကာသယာဉ်ကြီးနှစ်စင်း ပျံတက်ထွက်ခွာသွားကြလေသည်။အာကာသယာဉ်မှူး [ အပိုလို(၁၁)မှ] အော်လ်ဒရင်က ၎င်းယူဖိုး ခေါ် ပန်းကန်ပြားပျံကြီး နှစ်စင်းကို ဓာတ်ပုံရိုက် ယူခဲ့ကြလေသည်။အဆိုပါ အော်လ်ဒရင် ရိုက်ယူခဲ့သော ယူဖိုးဓာတ်ပုံများကို နာဆာက ထုတ်ပြန်မကြေညာဘဲ လျှို့ဝှက်ထား၏။ အပိုလို (၁၂)လကမ္ဘာသို့တက်ခဲ့စဉ် အမေရိကန်ပြည် မြေပြင်အာကာသ မျှော်စင်များမှကြည့်နေခဲ့ကြပါသည်။

အပိုလို (၁၂) နိုဝင်ဘာ ၁၄ ရက် ၁၉၆၉ ခုနှစ် ကွန်ရတ် ဂေါ်ဒွန်နှင့် ဘင်း (Conrad-Gordon-Bbean)

အပိုလို(၁၂) လကမ္ဘာသို့ ချဉ်းကပ်သွားချိန်တွင် ၎င်းအာကာသယာဉ်နောက်မှ ယူဖိုး (UFO) နှစ်စင်း အတူလိုက်ပါနေသည်ကို တွေ့ရှိခဲ့ကြရ၏။ ၎င်းအပိုလို (၁၂) ကမ္ဘာမြေပြင်သို့ အပြန်ခရီး၌လည်း ကမ္ဘာမြေပြင်သို့ မဆင်းသက်မီ အာကာသယာဉ်မှူးများဖြစ်ကြသော ကွန်ရတ်၊ ဂေါ်ဒွန်နှင့် ဘင်းတို့သည် နီရဲနေသည့် မီးပွင့်များနှင့် ဧရာမယူဖိုးကြီး တစ်စင်းကို တွေ့မြင်

| | | |
|---|---|---|
| | | ခဲ့ကြရလေသည်။ |
| အပိုလို (၁၇) ဒီဇင်ဘာလ (၇-၁၉) ရက်၊ ၁၉၇၂ ခုနှစ် | ဆာနန် အီဗန်းနှင့် ရှမစ် *(Cernan-Evans-Schmitt)* | ကမ္ဘာမြေပြင် အနီး၌ လည်းကောင်း၊ ကမ္ဘာနှင့် လအကြား အာကာသထဲ၌ လည်းကောင်း အာကာသယာဉ်မှူးသုံးဦး (ဆာနန်၊ အီဗန်းစ်နှင့် ရှမစ်) တို့ ယူဖိုးများကို တွေ့မြင်ခဲ့ကြရလေသည်။ |

အထက်ဖော်ပြပါ ဇယားမှ အာကာသယာဉ်မှူးတို့၏ ယူဖိုးမျက်မြင်ကိုယ်တွေ့ သတင်းများအပြင် နောက်ဆက်တွဲ ခိုင်လုံသည့် အထောက်အထားနှင့် သတင်းတစ်ရပ် ထွက်ပေါ်လာခဲ့၏။ ယင်းသတင်းမှာ မြေပြင်(နာဆာ)နှင့် အာကာသ[အပိုလို(၁၁)ယာဉ်မှူး] အပြန်အလှန် ဆက်သွယ်ပြောကြားခဲ့ကြသည့် စကားတစ်ပိုင်းတစ်စ အသံသွင်းတိပ်ခွေပင် ဖြစ်ပါသည်။ ဤသတင်း စတင်အနံ့ထွက်လာခဲ့သည့် ရပ်ဝန်းဒေသမှာ လန်ဒန်မြို့ အင်္ဂလိပ်ယား ရုပ်မြင်သံကြားအသံလွှင့်ဌာန ဖြစ်၏။ ယင်းတိပ်ခွေသတင်းအရ ဆိုရပါမူ အပိုလို(၁၁)၏ လဆင်းယာဉ် လင်းယုန်ကြီး **(Module)** လမျက်နှာပြင်ပေါ် ဆင်းသက်ရန် နဂိုမူလ ရွေးချယ်သတ်မှတ်ထားခဲ့သည့်နေရာကို နာဆာက အားမတန် မာန်လျှော့ပြီး ပြောင်းလဲပစ်ခဲ့ရခြင်းပင် ဖြစ်ပါသည်။

ယင်းကဲ့သို့ ရုတ်တရက်အရေးပေါ် ပြောင်းလဲပစ်လိုက်ရခြင်းမှာ နာဆာမှ မူလသတ်မှတ်ထားသည့် လမျက်နှာပြင်ပေါ်တွင် ဆင်းသက်နေနှင့်သူများ ရှိသောကြောင့် ဖြစ်၏။ ၎င်းတို့မှာ အခြားကမ္ဘာမှ (အနန္တစကြဝဠာမှဟုဆိုရပေမည်) အာကာသယာဉ်ကြီးများ တန်းစီရပ်ထားသည်ကို အပိုလို (၁၁) လဆင်းယာဉ်မှ ယာဉ်မှူးတို့ တွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်သည်။ အင်္ဂလိပ်ယား ရုပ်မြင်သံကြား အသံလွှင့်ဌာန၏ အမိကရ သက်သေအထောက်အထား သတင်းမှာ မငြင်းကွယ်နိုင်အောင် တိကျခိုင်လုံလှပေသည်။ ယင်းအထောက်အထားမှာ အောက်ဖော်ပြပါ ကာလိနယ်အက်ဒ်ဝင်ဘတ်ဇ်အော်ဒရင် ***(Colonel Edwin Buzz Aldrin)*** နှင့် နာဆာမစ်ရှင် ထိန်းချုပ်ရေးစခန်း [အပိုလိုလကမ္ဘာသွားအာကာသခရီးစဉ်အား ထိန်းချုပ်ကွပ်ကဲသည့်မြေပြင်စခန်း]တို့ အပြန်အလှန်ဆက်သွယ်ပြောကြားသည့်စကားသံ တစ်ပိုင်းတစ်စပင် ဖြစ်ပါသည်။ ဤအထောက်အထား အသံသွင်းကြိုးခွေကို အင်္ဂလိပ်ယား ရုပ်မြင်သံကြား အသံလွှင့်ဌာနမှလည်း ကြားခံအမည်မဖော်သည့် သတင်းအေဂျင်စီတစ်ခုမှ ရရှိခဲ့ခြင်း ဖြစ်၏။

ထိုနေ့မှာ ၁၉၆၉ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ ဖြစ်ပါသည်။ ဤနေ့မှာ ကမ္ဘာမြေပြင်မှ လူသားတို့ ပထမဦးစွာ လကမ္ဘာမျက်နှာပြင်ပေါ် ခြေချမည့်နေ့ ဖြစ်၏။ ကမ္ဘာ့လူ့သမိုင်းတွင် လူသားတို့၏ အာကာသခရီး မဟာအောင်ပွဲ ခံယူ မော်ကွန်းတင်ရစ်မည့်နေ့ဆိုပါက မမှားပေ။ အမေရိကန်ပြည် အာကာသခရီး လေ့လာဖွံ့သန်းရေးနှင့် စီမံအုပ်ချုပ်ကွပ်ကဲရေး အမျိုးသားအာကာသ သိပ္ပံဌာန ကြီးဖြစ်သည့် နာဆာ (NASA) ခေါ် ***(National Aeronautics and Space Administration)*** မှ အာကာသအတွင်း ဖွံ့သန်းသွားလာရေးမစ်ရှင်များ အကြိမ်ကြိမ် စေလွှတ်ခဲ့၏။ ယနေ့မှာ လမျက်နှာပြင်ပေါ်သို့ လူသားတို့ ဆင်းသက်မည့် အပိုလို(၁၁)ခရီးစဉ် ဖြစ်ပါသည်။ အပိုလို(၁၁)မှ သက်ဆိုင်ရာယာဉ်မှူးတို့မှာ လဆင်းယာဉ် လင်းယုန်ကြီးအတွင်း စီးနင်းမောင်းနှင်ရင်း မိမိတို့ ဆင်းသက်ရမည့် နာဆာမှ သတ်မှတ်ရွေးချယ်ထားခဲ့သည့် နေရာကို ဝဲပျံစူးစမ်းရှာဖွေ နေခဲ့ကြသည်။ လဆင်းယာဉ် လင်းယုန်ကြီးပေါ်တွင် ဦးစီးမှူးဖြစ်သူ ဗိုလ်မှူးကြီးအက်ဒ်ဝင် ဘတ်ဇ်အာလ်ဒရင် ကိုယ်တိုင် ပါလာခဲ့၏။ ထိုအချိန်တွင် လမျက်နှာပြင်ပေါ် မိမိတို့ လင်းယုန်(လဆင်းယာဉ်)ဆင်းသက်ရန် မူလသတ်မှတ်ထားသည့် ချိုင့်ခွက်ကြီး *(Crate)* ၌ သတ္တုပစ္စည်းနှင့် ပြုလုပ်ထားသော တွားသွားနေသည့် အရာများကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။ ထို့ကြောင့် ဗိုလ်မှူးကြီး အာလ်ဒရင်ကမြေပြင်ထိန်းသိမ်းကွပ်ကဲရေးမစ်ရှင်သို့ ရေဒီယိုဖြင့် ဆက်သွယ် အကြောင်း ကြားခဲ့ရလေသည်။

ဗိုလ်မှူးကြီးအာလ်ဒရင် ။ "အောက်မှာ (လမျက်နှာပြင်ပေါ်မှာ) ဘာကြီးမှန်း မသိဘူး တွေ့နေရတယ်၊ ဘုရားရေ ဘာကြီးပါလိမ့်၊ ကျွန်တော်လည်း သေသေချာချာ သဲသဲကွဲကွဲ မသိရသေးဘူး ခင်ဗျ"

မစ်ရှင်ကွန်ထရိုး။ "ဒီမှာ လင်းယုန်ကြီး၊ မြေပြင်က စကားပြောနေတယ်၊ဗိုလ်မှူး လပေါ်မှာ ဘာတွေ့နေရလို့လဲပြော. . " [ကြားမှအသံများ နှောင့်ယှက်နေသဖြင့် ကြိုးစား ဆက်သွယ်နေရ၏။] "ဟဲလို. . ဟဲလို မစ်ရှင်ကွန်ထရိုးက စကားပြောနေတယ်၊အပိုလို(၁၁) ကြားရင် သတင်းပြန်ပို့ပါ"

ဗိုလ်မှူးကြီးအာလ်ဒရင်။ "ဟိုမှာ တွေ့နေရတဲ့ဟာတွေက အကြီးကြီး

တွေ ခင်ဗျ။ အင်မတန် ကြီးကြတယ်၊ ဘုရားစူး ရစေ့၊ ပြောရင် ယုံမှာတောင် မဟုတ်ဘူး၊ ခုပြောနေတဲ့ အရာကြီးတွေဟာ တခြားက အာကာသယာဉ်ကြီးတွေကို ပြောနေတာပါ၊ ကျွန်တော်တို့ ဆင်းရမယ့်နေရာ ချိုင့်ခွက်ကြီး ရဲ့ အစွန်းတစ်ဖက်မှာ တန်းစီပြီး ရပ်ထားကြ တယ်၊ အာကာသယာဉ်ကြီးတွေ၊ သူတို့ လ ပေါ်ကနေ ကျွန်တော်တို့ ဆင်းအလာကို စောင့်ကြည့်နေကြတာ ဖြစ်ပါတယ်"

ဤအသံသွင်းတိပ်ခွေပါ သတင်းအဆိုအရ အပိုလို (၁၁)မှ အာကာသ ယာဉ်မှူးကြီး ကိုယ်တိုင် လကမ္ဘာပေါ်၌ ယူဖိုးတို့နှင့် နဖူးတွေ့ဒူးတွေ့ တွေ့ခဲ့ ရခြင်းပင် ဖြစ်၏။ သို့ရာတွင် ဤမျှ ခိုင်လုံတိကျသောသတင်း အထင်ကရ ရှိ နေလျက် ဆင်ခြေရာ တွေ့နေပြီးမှ ဆင်ကောင်ကြီး ရှာမတွေ့ရသည့် အဖြစ်မျိုး နှင့် ကြုံနေရပေတော့သည်။ ဤသတင်းနှင့်ပတ်သက်၍ အမေရိကန်ယာဉ်မှူး အများအပြားက "မဟုတ်မမှန်"ဟူ၍သာ ဘူးခံခဲ့ကြ၏။ ထို့အတူ နာဆာအဖွဲ့ ချုပ်မှလည်း တာဝန်ရှိအမှုထမ်းအချို့ကို မဟုတ်သတင်း မမှန်သတင်း ပေါက် ကြားမှု (ဝါ) ရောင်းစားမှုဖြင့် ထုတ်ပယ်ပစ်ခဲ့လေသည်။ နာဆာ၏ အလုပ်ဖြုတ် ထုတ်ပယ်ပစ်ခဲ့သည့်ကိစ္စ အကြောင်းပြချက်မှာလည်း လျော်ကန်သင့်မြတ်လှ ပေသည်။ အဆိုပါ ထုတ်ပယ်ခံခဲ့ကြရသည့် အမှုထမ်းဆိုးအချို့မှာ ယခု စာရေးသူ အထက်က ဖော်ပြခဲ့သည့် ဝိုလ်မှူးကြီး အာလ်ဒရင်နှင့် အပြန်အလှန် ဆက်သွယ် ပြောကြားသည့် အလားတူ အသံသွင်းတိပ်ခွေများကို တမင်လုပ်ကြံဖန်တီးပြီး အပြင်စီးပွားရေးဈေးကွက်သို့ ရောင်းစားခဲ့ကြသည်ဟုဆို၏။

နာဆာအဖွဲ့ဝင်ဟောင်း မောရစ်ချတ်လိန်သည် မိမိ ရရှိစုဆောင်းပြီး ယူဖိုးသတင်းများကို ပိုမိုတိကျ အားကိုးလောက်သည့်အခြေကျမှ သူ၏စာအုပ် တွင် ထည့်သွင်းရေးသား ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ သူ၏စာအုပ်များကို ပြင်သစ်၊ အင်္ဂလန်နှင့်အမေရိကန်ပြည်ထောင်စု၌ ထုတ်ဝေခဲ့လေသည်။ သူ၏စာအုပ်ထဲ၌ ချိတ်လိန်က ဤသို့ အတိအလင်း ထုတ်ဖော်ရေးသားထားပါသည်။

လကမ္ဘာသွားမစ်ရှင် အပိုလိုပဲ ဖြစ်စေ၊ ဂျီမီနီပဲ ဖြစ်စေ ကမ္ဘာမြေပြင်မှ စေလွှတ်ခဲ့ကြသည့် အာကာသယာဉ်မှန်သမျှ ယူဖိုးတို့၏လိုက်ခြင်း ခံခဲ့ရသည် ချည်း ဖြစ်၏။ အပိုလိုနှင့်ဂျီမီနီ ယာဉ်မှူးတို့သည် မိမိတို့၏ အာကာသယာဉ်များ

နောက် ခပ်လှမ်းလှမ်းမှ ဖြစ်စေအနီးကပ် ဖြစ်စေ အနန္တစကြာဝဠာမှ အာကာသ ယာဉ်ကြီးများ (ယူဖိုးများ) *(Space Vehicles of Extra-terrestrial Origin)* လိုက် လာကြောင်း မြင်တွေ့ခဲ့ကြရ၏။ ဤကဲ့သို့ ယူဖိုးတို့နှင့် ရင်ဆိုင်တိုးခဲ့ရလေတိုင်း မြေပြင်ထိန်းချုပ်ကွပ်ကဲရေးစခန်းသို့ ဆက်သွယ်အကြောင်းကြား သတင်းပေးပို့ခဲ့ ကြလေသည်။ သို့ရာတွင် မြေပြင်ထိန်းချုပ်ကွပ်ကဲရေးစခန်းမှ "တိတ်စေမြှောင်" အမိန့်သာ ပြန်လည် ဖြေကြားခဲ့လေ့ ရှိပါသည်-

ဟူ၍ ချိတ်လိန်က အတည့်အလင်း ထုတ်ဖော်ခဲ့လေသည်။

ယခု လကမ္ဘာသွားခရီးစဉ် မစ်ရှင်မှ ယူဖိုးမျက်မြင်ကိုယ်တွေ့သတင်း များမှာ အမေရိကန် အာကာသယာဉ်မှူးတို့၏အတွေ့အကြုံချည်း သက်သက် သာ ဖြစ်၏။ ဆိုဗီယက်ရုရှားအာကာသယာဉ်မှူးတို့၏ မျက်မြင်ကိုယ်တွေ့အ တွေ့အကြုံများ လုံးဝ မပါဝင်သေးပေ။ ဤကဲ့သို့ အာကာသနှင့် လကမ္ဘာ သွားခရီးလမ်းမှ ဒိဋ္ဌမျက်မြင်ကိုယ်တွေ့ ယူဖိုးသတင်းများ၊အကြောင်းအရာများမှာ အနမတဂ္ဂရှိပါသေးသည်။ လကမ္ဘာပေါ်သို့ ဤကမ္ဘာမြေပြင်မှ လူသားတို့ထက် ရှေးမဆွကတည်းက ခြေချခဲ့ပြီး သုတေသနပြုခဲ့ပြီးသူများရှိနေနှင့်၏။ ၎င်းတို့မှာ အနန္တစကြာဝဠာမှ သက်ရှိများပင် ဖြစ်ပါသည်။ ယနေ့ ကျွန်ုပ်တို့တစ်တွေ တွေ့ကြ ကြုံကြ မြင်ရ သိရကြားရသည့် ယူဖိုး ခေါ် ပန်းကန်ပြားပျံကြီးများဖြင့် ဤကမ္ဘာ လောကကြီးသို့ ၎င်းစကြာဝဠာတစ်ခွင် ပြံပြံစင် ခြေဆန့် သွားလာနေကြသော အနန္တစကြာဝဠာမှ ဂြိုဟ်သားများ သက်ရှိများထက်စောသည့် ကာလကတည်းက ရှေးရှေးယူဖိုးတို့သည် လကမ္ဘာပေါ်၌ အခြေချခဲ့ဖူး၏။ ထို့ကြောင့် လကမ္ဘာပေါ်၌ ယနေ့တိုင် ရှေးဟောင်း ပျက်စီးယိုယွင်းနေသော အဆောက်အအုံကြီးများ၊ အလွန် အိုမင်းဟောင်းနွမ်းနေသော အဆောက်အအုံများနှင့် ပိရမစ်ကြီးများ ***(Pyramids)*** ကို ရုရှားနှင့်အမေရိကန်အာကာသယာဉ်မှူးတို့ တွေ့မြင်ခဲ့ကြရ သည်ဟု သိရပါသည်။

ဤကမ္ဘာမြေပေါ်မှ လကမ္ဘာသွားမစ်ရှင်၊လကမ္ဘာပေါ် ခြေချခဲ့ကြသည့် မစ်ရှင်မှ ဆိုဗီယက်ရုရှားအာကာသယာဉ်မှူးတို့ကိုယ်တိုင် လည်းကောင်း၊ အမေရိ ကန် အာကာသယာဉ်မှူးတို့ကိုယ်တိုင် လည်းကောင်း အဆိုပါ ရှေးဟောင်းအ ဆောက်အအုံများကို မြင်ရုံသာမြင်ခဲ့ကြသည် မဟုတ်ဘဲ အသေအချာ သုတေသန ရှုထောင့်မှ သုံးသပ်သည့်အမြင်ဖြင့် လေ့လာကြည့်ရှုခဲ့ကြခြင်း ဖြစ်လေသည်။ ***(Alleged Observations)*** မျက်မြင်ကိုယ်တွေ့ အာကာသယာဉ်မှူးတို့ သိရှိခဲ့ကြ သည်မှာ ယင်းလပေါ်မှ အဆောက်အအုံပျက်ကြီးများ၊ အဆောက်အအုံများ

*(Construction)* နှင့် ပိရမစ်ကြီးများ *(Pyramids)* ၏လက်ရာရှင်များမှာ မနေ့တစ်နေ့က တည်ဆောက်ခဲ့ကြသည့် လက်ရာရှင်များ မဟုတ်ကြောင်းပင် ဖြစ်၏။ သို့ရာတွင် တစ်ခုတော့ မှန်းဆနိုင်ခဲ့ကြ၏။ ယင်းလက်ရာရှင်များမှာ ကျွန်ုပ်တို့၏ အာကာသအတွင်းမှ သက်ရှိများသာ ဖြစ်နိုင်ကြောင်းကို ညွှန်ပြနေပေသည်။ သို့ရာတွင် ကျွန်ုပ်တို့အာကာသ၏ မည်သည့်ဒေသအပိုင်းအခြားဆီမှ သက်ရှိများဟူ၍ မခန့်မှန်းနိုင်ပါချေ။

ဤဖော်ပြပါ အာကာသအတွင်းမှ မြင်တွေ့ခဲ့ကြရသော သာဓကများကို အသာထား၍ ယနေ့ ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ ဆိုသကဲ့သို့ မြင်တွေ့ကြားသိနေကြရသောကိစ္စကို ကြည့်ပါဦး။ ကမ္ဘာမြေပြင်အထက် ကောင်းကင်သို့ နေ့အခါ၌ဖြစ်စေ၊ ညအခါ၌ဖြစ်စေ မျက်ခြည်မပြတ် ကြည့်ရှုလေ့လာနေသူ ထောင်သောင်းမကတို့သည် အနန္တစကြဝဠာမှ လာရောက်ကြသော ယူဖိုး ခေါ် ပန်းကန်ပြားပျံကြီးတို့ကို အနီးကပ် ဖြစ်စေ၊ အလှမ်းကွာမှ ဖြစ်စေ မုချမသွေ တွေ့မြင်နိုင်ခွင့်ကြုံကြိုက်ကြရပေမည်။ ၎င်းအပြင် သက်ဆိုင်ရာ ယူဖိုးထောက်လှမ်းရေး သုတေသနတို့မှ မဟုတ်မမှန် လုပ်ကြံမှုများဟု အမွှမ်းတင်ပယ်ခံခဲ့ရသော ယူဖိုးမြန်မေးဆွဲခံခဲ့ရသူ ကာယကံရှင်တို့မှာ"ကျားကိုက်ပါတယ်ဆို နာတာရှည်လား"ဟု အမေးခံရသည့် အဖြစ်မျိုးနှင့် ကြုံတွေ့နေကြရပေသည်။ ၎င်းတို့က တကယ်အမှန်တွေ့ကြုံဖြစ်ပျက်ခဲ့ကြ၍ အမှန်ကိုအမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း ပြောကြခြင်းသာလျှင် ဖြစ်ပါသည်။

အနန္တစကြဝဠာ ဂြိုဟ်သားတို့သည် ကျွန်ုပ်တို့ကမ္ဘာမြေပြင်မှ လူသားတို့ကို ခြောက်လှန့်ပြီး စိတ်ချောက်ချားသွားခိုက် အမွှမ်းပင် ၎င်းတို့၏ယူဖိုးကြီးများပေါ် ခေါ်ဆောင်သွားတတ်ကြ၏။ ထို့နောက် ၎င်းတို့သည် သားကောင်(လူသားတို့)အား ယင်းတို့ သိလိုသမျှ စစ်ဆေးမေးမြန်းခဲ့ကြ၏။ အားရကျေနပ်လောက်မှ ဓားစာခံလူသားတို့အား ဦးနှောက်ဆေးကြောပစ်ကာ *(Brain washed)* [၎င်းမှာ မှတ်ဉာဏ်များ ပိတ်ဆို့သွားစေရန်ပြုလုပ်ခြင်း *(Blocking of Memory)*] ပြန်လွှတ်လိုက်ကြပါသည်။ အများအားဖြင့် အဖမ်းခံခဲ့ရသူ ကာယကံရှင်တို့မှာ မှတ်မိသည့် အချက်အလက်က များလေသည်။ အထူးသဖြင့် မြန်မေးအဆွဲခံခဲ့ရသူ ကာယကံရှင်တို့မှာ သတိလစ်ဟင်းချိန် *(Time- Lapses)* များဖြစ်ခဲ့တတ်ကြပါသည်။ ထိုသူတို့၏ သတိသမ္ပဇဉ် မိမိတို့သတိလက်လွတ် (သတိလစ်ဟင်းချိန်)ဖြစ်သွားခဲ့ကြရသည်မှာ ခဏတစ်ဖြုတ် အချိန်တိုကလေးဟုသာ ထင်မှတ်နေခဲ့ကြ၏။ အမှန်စင်စစ် လူ့လောက အချိန်အပိုင်းအခြားနှင့် [အလင်း

နှစ် (Light Years)နှင့် ဆိုရပါမူ ရက်ပေါင်း မြောက်မြားစွာ ကုန်ဆုံးခဲ့ပြီ ဖြစ်ကြောင်း တွေ့ရှိကြရပေသည်။

ဤသို့သော ယူဖိုးမြင်ပြန်ပေးဆွဲခံခဲ့ရမှုများသည် အချို့ လူသူအရောက်အပေါက်နည်းသောတောကြိုအုံကြား ပစ္စန္တရာဇ်ကဲ့သို့ ရွာသိမ်ရွာငယ်ကလေးများ၌ ဖြစ်ပွားခဲ့ပါမူ မည်သို့ ယူဆကြပါမည်နည်း။ ထိုအရပ်ဒေသများမှ ပျောက်ဆုံးသွားခဲ့ကြသောသူများ ဆိုပါလျှင် သေသည်ရှင်သည် မသိရတော့ချေ။ မကြာမကြာ ဆိုသကဲ့သို့ ကျွဲနွားတိရစ္ဆာန်များ၏ သွေးများ စုပ်ယူခံရခြင်းများ ဖြစ်ပွားခဲ့ပါသည်။ ၎င်းကျွဲနွားပိုင်ရှင်တို့က တရားခံမှာ ယူဖိုးများသာဖြစ်ကြောင်း အတပ်စွပ်စွဲခဲ့ကြသည်။ ဤသို့သော သာဓကဖြစ်ရပ်များကိုကြည့်ပြန်လျှင် ယူဖိုးတို့၏ ပစ်မှတ်မှာ ကျွန်ုပ်တို့ နေထိုင်ကြရာ ကမ္ဘာလောကကြီးအား အမြဲတစေ စောင့်ကြည့်နေခြင်းလော။ ယင်းတို့သည် အစားအစာ အာဟာရအတွက်ကြောင့် လည်းကောင်း၊ သုတေသနလုပ်ငန်းများအတွက်ကြောင့် လည်းကောင်း မဟာစီမံချက်ဖြင့် ကျွန်ုပ်တို့၏ကမ္ဘာမြေပြင်ပေါ်သို့ နေ့ညမဟူ လူးလာပျံသန်း သွားလာနေကြခြင်းပေလောဟု တွေးတောဖွယ် ဖြစ်နေပေတော့သည်။

ယူဖိုးတို့ကို လက်ညှိုးထိုးပြစရာ အကောင်အထည်ခြပ်အားဖြင့် မဟုတ်သော်လည်း ကိုယ်တွေ့ဖြစ်ရပ်များက ထင်ရှားနေပေသည်။ သို့ရာတွင် တရားသေဝါဒီ အငြင်းသမားတို့၏ လေလုံးဖြစ်သည့်"ယူဖိုး ဆိုတာ ဆန်းကြယ်တဲ့ သဘာဝတွေ(Natural Phenomena) တွေကို လျှောက်ပြောကြတာပါကွာ" ဟုမထင်မြင်သင့်ပေ။ ဆန်းကြယ်သော သဘာဝတွေတရား ဆိုသည်မှာ ဥပမာအားဖြင့် ရွှံ့မီးတောင်(ဝါ)နဂါးပွက်တောင်မှ ဓာတ်ငွေ့ထွက်နေခြင်း (Glowing of swamp gas)များ၊ ညအခါ ကြယ်များကို အလင်းသွေဖည်မှုနိယာမအရ တွေ့မြင်ရခြင်း (Refration of Starlight)၊ပိုးစုန်းကြူးကဲ့သို့ လျှပ်စစ်ဓာတ်ထွက်နေသောပိုးမွှားများ(မြန်မာတို့က စုန်းတောက်ခြင်း၊တီစုန်း၊ မီးစုန်း အစရှိသည်တို့) အုပ်လိုက်ချိ၍ စုဝေးနေခြင်း၊ လ သို့မဟုတ် ကြယ်တာရာများကို ကြာကြာကြည့်ရှုနေရာမှ ၎င်းတို့၏အာရုံကို မျက်စိထဲ၌ အမြင်စွဲခြင်း(Visual retention of the image of the Moon or Stars)များ ဖြစ်ပါသည်။

ယူဖိုးမျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်များ ရှိနေပါလျက် ဆန်းကြယ်သည့် သဘာဝတွေတွေပါဟု ဆိုပါက ယင်းဆင်ခြေမှာ ဆင်ခြေရန်ရှောင်သော စကားသာလျှင် ဖြစ်ပေမည်။ ယင်းတို့ စွပ်စွဲခဲ့သမျှ မှန်ခဲ့ပါလျှင် ယူဖိုးကိုယ်တွေ့ မျက်မြင်သတင်းများသည် အရှိအတိုင်းထက် ပိုမို ချဲ့ထွင်ကာ ကလိန်စေ့ငြမ်းဆင်ထားကြပေမည်။ သို့ရာတွင် ယခု ယူဖိုးကိုယ်တွေ့မျက်မြင် သတင်းများမှာ

အထောက်အထား ခိုင်ခိုင်လုံလုံဖြင့် လိုသည်ထက် ပိုမိုကားခြင်း မတွေ့ရပေ။ ၎င်းတို့နှင့် ဆုံဆည်းတွေ့ကြုံခဲ့ကြရသူ ကာယကံရှင်များမှာလည်း ရူးသာလျှင် ဘနဖူး သိုက်တူးမည့်လူစားများ မဟုတ်ကြပေ။ နွားခြံပိုင်ရှင်ကြီးများ၊ ထရပ်ကားယာဉ်မောင်းများ၊ ပြည်နယ်မြင်းတပ်ရဲအဖွဲ့ဝင်များ၊ ရှရစ် *(Sheriff)* ခေါ် မြို့နယ်ကျေးလက်အုပ်ချုပ်ရေးမှူးများနှင့် ညတာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ၊ လူရိုးလူကောင်းများ ဖြစ်ကြသည်။

ဤသို့သော အကြောင်းကြောင်းကြောင့် လောက၌ ကျွန်ုပ်တို့ဉာဏ် မမီသည့် အရာကိစ္စများ အနမတဂ္ဂရှိနေကြောင်း သတိချပ်သင့်လှပေသည်။ အထူးသဖြင့် အာကာသသိပ္ပံပညာရှင်များအဖို့ ဘာသာရပ်တစ်ခုကို ချဉ်းကပ်လေ့လာတော့မည် ဆိုပါက ယင်းဘာသာရပ်၏ သဘာဝကို နားလည်သဘော ပေါက်ရန် အထူး သတိကြပ်ကြပ်ပြု၍ လေ့လာရပေမည်။ သို့ရာတွင် ၎င်းဘာသာရပ်သည် မည်မျှပင် အကျော်ဇေယျ ဖြစ်စေကာမူ သိပ္ပံနည်းကျ ရုပ်ဝတ္ထုကျကျ လက်ခံနိုင်စရာ ဖြစ်ချင်မှလည်း ဖြစ်ပေမည်။ ယူဖိုးပြဿနာသည်လည်း ဤသဘောပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ၁၉၇၅ ခုနှစ် ကာလီဖိုးနီးယားပြည်နယ် စတန်ဖို့တက္ကသိုလ်၌ ကျင်းပခဲ့သော အမေရိကန်ပြည် အာကာသသိပ္ပံပညာရှင်ကြီးများအသင်း၏ ကွင်းဆက်သုတေသနအဖွဲ့ဝင်များ ဆွေးနွေးပွဲ၌ ယူဖိုးပြဿနာနှင့်ပတ်သက်၍ ဒေါက်တာပီတာစတားရော့ခ် *(Dr.Peter Sturrocks)* တင်သွင်းသည့် အစီရင်ခံစာ၌ အာကာသသိပ္ပံပညာရှင်တစ်ဦး(အမည်မဖော်လို)၏ စကားရပ်အချို့ကို ကိုးကား၍ ဤသို့ တင်ပြထားပါသည်။

*ယနေ့ မျက်မှောက်ခေတ်ကြီးမှာ အာကာသသိပ္ပံပညာရှင် တစ်ဦးအဖြစ် အသက်မွေးဖို့ မလွယ်တော့ဘူးဆိုတာ ကျွန်တော် တွေ့ရပါတယ်၊ ဘာကြောင့်လဲဆိုရင် ယူဖိုးတွေကို ကျွန်တော်တို့တစ်တွေ လက်မြောက်အရှုံးပေးဖို့ အချိန်တန်ပြီ ဖြစ်လို့ပါပဲ။*

ကမ္ဘာတစ်ဝန်းမှ လုပ်သားပြည်သူများ နားလည်သဘောပေါက်ထားကြသည်မှာ ယူဖိုး ဆိုသည်မှာ ပုဂ္ဂိုလ်တစ်စုံတစ်ဦး (ဝါ) လူအများ၏ စိတ်ညှို့အတတ်ဖြင့် လှည့်စားခြင်း (စေလိုရာဖြစ်စေခြင်း) မျိုး မဟုတ်ကြောင်းပင် ဖြစ်၏။ ဤသို့ စွပ်စွဲနိုင်ရန်လည်း ထောက်ပြစရာ ခိုင်လုံသည့် သက်သေသာဓက မရှိပေ။ ထို့ထက်မက ကျွန်ုပ်တို့တစ်တွေ ကြားသိခဲ့ရသောသတင်းများ ရှိပါသေးသည်။ ယူဖိုးတစ်စင်း အလိုက်ခံရစဉ် သို့မဟုတ် အလိုက်ခံရသဖြင့် ပျောက်ဆုံးနေသော သို့မဟုတ် သေဆုံးသွားခဲ့သော လေယာဉ်မှူးများအကြောင်းများပင် ဖြစ်ပါသည်။

ထိုပျောက်ဆုံးနေခဲ့သော သို့မဟုတ် အသက်ဆုံးရှုံးသွားကြရပြီဖြစ်သော လေယာဉ်မှူးတို့ကိစ္စကို တာဝန်ရှိသိပ္ပံပညာရှင်များ၊ အာကာသသိပ္ပံပညာရှင်များက ယနေ့ထက်တိုင် ထည့်သွင်း မစဉ်းစားကြတော့ဘဲ မေ့ပျောက်လကန်ထားလိုက်ကြတော့သည်။ ယင်းပညာရှင်ကြီးတို့ အနေဖြင့် ယူဖိုး ဆိုသည်မှာ လူကြောင်တွေ၏ စိတ်ကူးယဉ် သက်သက်သာလျှင် ဖြစ်လေသည်။

ယင်းတို့ ယူဆကြသည့် ယူဖိုး ဆိုသည်မှာ စိတ်ကူးယဉ်ဇာတ်လမ်း အများအပြားထဲမှ တစ်ပုဒ်ကို ရွေးထုတ်တင်ပြချင်ပါသည်။

တစ်နေ့တွင် အမေရိကန်ပြည် လေတပ်မတော် သို့မဟုတ် ထောက်လှမ်းရေးအဖွဲ့များ လက်လှမ်းမီရာ လက်တစ်ကမ်းဒေသတစ်ခု၌ ယူဖိုး ခေါ် ပန်းကန်ပြားပျံကြီးတစ်စင်း ပျက်ကျခဲ့လေသည်။ ပျက်ကျခဲ့သောယူဖိုးကြီးမှ အပျက်အစီး အစိတ်အပိုင်းတို့ကို ပြန်လည်ပြုပြင် ဆက်စပ်ကြည့်ရာ ယူဖိုးကြီး အမှန်ပင်ဖြစ်ကြောင်း သိရှိခဲ့ရသည်ဟု ဇာတ်လမ်းအရ တင်ပြကြပါစို့။

အာကာသယာဉ်ကြီးအတွင်း စီးနင်းလိုက်ပါလာခဲ့ကြသော အနန္တစကြာဝဠာမှ လူနှင့်တူသည့် လူသားများမှာ ဇီဝိန်ချုပ်ငြိမ်းခဲ့ကြလေသည်။ သို့ရာတွင် ယင်းတို့၏အလောင်းများ (ဥတုဇရုပ်များ)မှာ ရုပ်ပျက်ဆင်းပျက် အခြေအနေမဟုတ်ဘဲ တွေ့ရှိခဲ့ကြရ၏။ အာကာသယာဉ်ကြီး၏ ပိုင်းလော့ခန်းနံရံ၌ လည်းကောင်း၊ မနီးမဝေး ယာဉ်ကြီး၏ကြမ်းခင်းပေါ် လွင့်စဉ်ကျနေသော စာရေးသားရေချုပ် တစ်ခုပေါ်၌ လည်းကောင်း အရေးအသား စာပေအက္ခရာများကို တွေ့ရှိကြရသည်။ နောင်အခါ လေ့လာစစ်ဆေးကြည့်ရာ ယင်းစာပေအက္ခရာ အရေးအသားမှာ ဤကမ္ဘာမြေပေါ်မှ မည်သည့်ဘာသာ အရေးအသားနှင့်မျှ မတူကြောင်း တွေ့ရှိခဲ့ကြရတော့သည်။

ယခု ဖော်ပြပါ အဖြစ်အပျက်သာ အမှန် ဖြစ်ပွားခဲ့သည်ဟု ဆိုပါလျှင် အနန္တစကြာဝဠာရှိ သက်ရှိများအကြောင်းနှင့် ယင်းတို့၏ အလွန်အလွန် တိုးတက်မြင့်မားနေသည့် စက်မှုသိပ္ပံအတတ်ပညာတို့ကို ကျွန်ုပ်တို့တစ်တွေ ပိုမိုအလေးအနက်ပြုကာ ယုံကြည်ကြရပေတော့မည်။ သို့ရာတွင် ထိုယူဖိုး ခေါ် ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့် နိုင်ငံအစိုးရအနေဖြင့် ဆုပ်ရေးစားရေးအခြေနှင့် ရင်ဆိုင်ခဲ့ရလေသည်။ ဤကိစ္စမှာ အမေရိကန်ပြည်သူတို့သာမက ကမ္ဘာ့ပြည်သူ အများအပြားက သိလို ကြားလိုနေသည့် အကြောင်း ဖြစ်ပါသည်။ ထို့ကြောင့် ထိုနိုင်ငံ အစိုးရအနေဖြင့် ပြည်သူ့ဆန္ဒလိုက်လျောကာ အဖြစ်မှန်အတိုင်း ကမ္ဘာသိ ဖွင့်ချရမည်လော သို့မဟုတ် နီးရာဓားအလိုအတိုင်း ဘူးခံ၍ ငြင်းရမည်လော။ အမှန်

စင်စစ် ဤကိစ္စမှာ "သားရွှေအိုးထမ်းလာတာ မြင်ချင်ပါတယ်" ဆိုသကဲ့သို့ နှစ်ခွဆုံးဖြတ်၍ မရစကောင်းပေ။

ယခု အချိန်မှစ၍ ဤ ရိုစ်ဝဲလ်ဖြစ်ရပ်ဆန်း ဇာတ်လမ်းကို ***(Close Encounters of the Third Kind)*** ယူဖိုး တကယ့်ဖြစ်ရပ်များ အပေါ် အခြေခံ တည်ဆောက် ရိုက်ကူးထားသည့် ရုပ်ရှင်ဇာတ်လမ်းပမာ ဖွင့်ရပေတော့မည်။ အထက် ဖော်ပြပါအတိုင်း ခြေခြေမြစ်မြစ် အထောက်အထားများ ခိုင်ခိုင်လုံလုံ ပါဝင်နေသော်လည်း သိပ္ပံဇာတ်လမ်းအသွင်ပဲ ဆောင်နေပါတော့သည်။ ဤဇာတ်လမ်းမှာ နှစ်အတန်ကြာကာလက နယူးမက္ကဆီကိုပြည်နယ်၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်၏။ ဇာတ်လမ်း၏ ပထမဦးစွာ အခန်းကို အောက်ပါအတိုင်း ဖွင့်ကြပါစို့။

**နေရာ. . .** *နယူးမက္ကဆီကိုပြည်နယ် အယ်လ်ဘူကာကွီးမြို့၊*

*ကေအိုအေတီ (KOAT) ရေဒီယို တယ်လီဖုန်းဆက်သွယ်ရေးဌာန၊ တယ်လီတိုက်ပ် (Teletype) အခန်း။*

**အချိန်. . .** ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ ညနေ(၄)နာရီ။

♣ ♣ ♣

## အခန်း(၂)

## ရို့စ်ဝဲလ်မြို့၌ ပန်းကန်ပြားပျံကြီးတစ်စင်း ပျက်ကျခြင်း

(Incident at Roswell)

သူမ အမည်က လိုင်ဒီယာစလက်ပီ။ နယူးမက္ကဆီကိုပြည်နယ်၊အယ်လ်ဘူကာကွီးမြို့ ကေအိုအေတီ *(KOAT)* ရေဒီယိုတယ်လီဖုန်း ပုဂ္ဂလိကဆက်သွယ်ရေးဌာနမှ တယ်လီတိုက်ပ် အော်ပရေတာမလေးတစ်ဦး ဖြစ်သည်။ ချောသည်၊ လှသည်။ ပြီးတော့ နုနုငယ်ငယ်နှင့် ချစ်စရာကောင်းသော မိန်းကလေးတစ်ယောက် ဖြစ်သည်။ သူမသည် ရေဒီယိုတယ်လီဖုန်းဌာနတွင် အခြားအုပ်ချုပ်ရေးတာဝန်များကိုလည်း ပူးတွဲ ကိုင်ရလေသည်။ ပုံမှန်အလုပ်ဆင်းရသည့် အချိန်မှာ ညနေ(၄)နာရီမှစတင်၍ တယ်လီတိုက်ပ် *(Teletype)* ရေဒီယိုကြေးနန်း စက်ခုံတွင်ထိုင်၍ အလုပ်များ လုပ်ကိုင်နေပေသည်။ သတင်းပို့စရာ ကိစ္စများကို ဤတယ်လီတိုက်ပ် ခေါ် ရေဒီယိုကြေးနန်းစက်ဖြင့်ရိုက်၍ ပို့လိုရာဒေသရှိ တယ်လီတိုက်ပ်စက်ခုံတွင် လက်နှိပ်စက်ဖြင့် သတင်းများ ရိုက်နှိပ်ပြီးသား ထွက်ပေါ်လာလေသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့ ဖြစ်သည်။ လိုင်ဒီယာမှာ စက်ခုံတွင် ထိုင်နေစဉ် ရုတ်တရက် တယ်လီဖုန်းမှ ခေါင်းလောင်းသံ ဆူညံစွာထွက်ပေါ်လာခဲ့၏။ သူမလည်း ဖုန်းကိုကောက်ကိုင်လိုက်ပြီး . . .

"ဟဲလို ကေအိုအေတီပါ၊ ဘယ်ကပါလဲ အမိန့်ရှိပါရှင်"

တစ်ဖက်မှ ပေးမည့်သတင်းမှာ နောက်ရက်များ မကြာမီ တစ်ကမ္ဘာလုံး ချောက်ချားသွားစေမည့် သတင်း ဖြစ်သည်ကို လိုင်ဒီယာ အနေဖြင့် ကြိုတင်၍ မသိနိုင်ခဲ့ပါချေ။

"လိုင်ဒီယာ၊ ကိုယ်ပါ. . အသံတောင် မကျက်မိတော့ဘူး ဖုံ့ရောကွာ"

တစ်ဖက်မှ အသံရှင်မှာ ဂျွန်နီမက်ဘွိုင် ဆိုသူ ဖြစ်ပါသည်။ သူသည် သတင်းထောက်တစ်ဦးလည်းဖြစ်၊ မက္ကဆီကိုပြည်နယ် ရို့ဝဲလ်မြို့မှ ကေအက်စ်ဒဗလျူအက်စ် *(KSWS)* ရေဒီယိုတယ်လီဖုန်း ဆက်သွယ်ရေးဌာန၏ အစုစပ်ပိုင်

ရှင်တစ်ဦး ဖြစ်ပါသည်။ သူ၏ဌာနတွင် တယ်လီတိုက်ပ် မရှိချေ။ ထို့ကြောင့် တယ်လီတိုက်ပ်နှင့် သတင်းပို့စရာကိစ္စရှိတိုင်း လိုင်ဒီယာထံ ဆက်သွယ်အကူအညီ တောင်းရလေသည်။ သူ၏ ဒီနေ့ ဖုန်းထဲမှ အသံမှာ စိတ်လှုပ်ရှားသံ ပေါက်နေ သည်ကို လိုင်ဒီယာ သတိပြုလိုက်မိပါသည်။

"လိုင်ဒီယာ၊ ကိုယ် သတင်းထူး သတင်းဦး *(Scoop)* တစ်ခု ပေးမလို့ ယုံရဲ့လား "

"ဒီသတင်းကို အေဘီစီပိုင်ယာနဲ့ပို့ချင်တယ်၊ ကိုယ်ပြောပြမယ် သေသေ ချာချာ နားထောင်နော်"

"ပန်းကန်ပြားပျံကြီးတစ်စင်း ပျက်ကျခဲ့တယ်"

"နောက်နေတာ မဟုတ်ဘူး မရွှေစာ၊ ရယ်မနေနဲ့"

"တကယ်ပါ၊ ရို့စ်ဝဲလ်မြို့နားမှာ ပျက်ကျခဲ့တာပဲ"

"ကိုယ်ဆိုတဲ့ကောင်အကြောင်း လိုင်ဒီယာ သိတယ် မဟုတ်လား။ ဒီလို သတင်းဆိုရင် ရောက်နှင့်ပြီပေ့ါ။ ဘယ်နေးလိမ့်မလဲ။အားပါးပါး ပန်းကန်ပြားပျံ ကြီးဟာ ကွေးကောက်ပိန်ချိုင့်နေတာပဲ။ ဒယ်အိုးကြီးတစ်လုံးနဲ့ သိပ်တူတာပဲ ဆရာ"

"အဲဒါကြီး ပျက်ကျတဲ့နေရာနဲ့ မလှမ်းမကမ်းမှာ နွားမွေးမြူရေးခြံတစ်ခြံ ရှိတယ်၊ ရို့စ်ဝဲလ်ဆင်ခြေဖုံး လူသူအလှမ်းဝေးတဲ့ တစ်နေရာပေါ့ လိုင်ဒီယာ"

"ဒါကြောင့်လည်း ပထမဆုံး တွေ့မြင်ခဲ့ကြတဲ့ သူတွေဟာ နွားခြံပိုင်ရှင် တွေပဲ၊ အဲဒီ ပန်းကန်ပြားပျံပျက်ကြီးကို ထရက်တာနဲ့ဆွဲလာပြီး နွားတင်းကုပ် ထဲမှာ သွင်းထားကြတယ်"

"ကိုယ်ရောက်တဲ့အချိန်မှာ စစ်ဘက်က အရာရှိကြီးတွေနဲ့ စစ်တပ်လည်း ရောက်နှင့်နေကြတယ်၊ အဲဒါကြီးကို သိမ်းဆည်းကြဖို့ပေါ့"

"ခုဆို ပန်းကန်ပြားပျံကြီး ပျက်ကျတဲ့နေရာတစ်ဝိုက် ဖြတ်သန်းသွား လာခြင်း မပြုရတော့ဘူး၊ စစ်တပ်ချထားတယ်"

"ဒီမယ် လိုင်ဒီယာ၊ ကိုယ်သွားရကျိုးနပ်ခဲ့တယ်၊ သူတို့တစ်တွေ ပြောဆို နေကြတဲ့ သတင်းဆန်းတစ်ခုပေ့ါ၊ ပျက်ကျတဲ့ ပန်းကန်ပြားပျံကြီးပေါ်မှာ လူငယ် ငယ်ကလေးတွေ ပါလာခဲ့ကြသတဲ့"

"ကဲ မရွှေချော၊ ဒီသတင်းကို ခပ်မြန်မြန်လေး တယ်လီတိုက်ပ်နဲ့ ပို့ပေးစမ်း ကျေးဇူးကမ္ဘာပါပဲ၊ ကိုယ် ဖုန်းကိုင်ရင်း စောင့်နေမယ်နော်"

"ကောင်းပါပြီတဲ့ရှင်၊ အမိန့်တော်မြတ်အတိုင်းပါပဲ"

ပြောပြောဆိုဆိုနှင့် လိုင်ဒီယာမှာ တယ်လီတိုက်ပ်ဖြင့် မက် ပြောကြားခဲ့သော ရှိစ်ဝဲလ်သတင်းကို စတင်ရိုက်နှိပ်နေလေသည်။ သူမမှာ တယ်လီဖုန်းခွက်ကိုလည်း ပခုံးဘယ်ဘက်ဖြင့်မှေးပြီး နားတွင်ကပ်လျက် (လက်နှိပ်စက်) ရိုက်နေခြင်းဖြစ်သဖြင့် မသက်မသာ ရှိလှပေသည်။ လိုင်ဒီယာ၏ သွယ်ပျောင်းသောလက်ချောင်းဖူးဖူးကလေးများမှာ တယ်လီတိုက်ပ်လက်နှိပ်စက် ခလုတ်ကလေးများပေါ်တွင် ပြေးလွှားလှုပ်ရှားနေကြသည်။ မက်ဘွိုင်၏ မလန့်သာမထိတ်သာ ရှိစ်ဝဲလ်မြို့အနီး ပျက်ကျခဲ့သော ပန်းကန်ပြားပျံကြီး တစ်စင်းနှင့် ပတ်သက်သည့်သတင်းမှာ ဝါကျလေးငါးဆယ်ကြောင်းမျှ ရိုက်ပြီးချိန်၌ ရုတ်တရက် တယ်လီတိုက်ပ်စက်မှာ အလိုအလျောက် ရပ်တန့်သွားခဲ့ပါသည်။ ဤသို့ စက်ရပ်သွားခြင်းမှာ မကြာမကြာ တွေ့ကြုံရတတ်သော ဖြစ်ရိုးဖြစ်စဉ်ကိစ္စ ဖြစ်၏။

သို့နှင့် လိုင်ဒီယာလည်း ကမ္ဘာကယာ ပခုံးကြားမှဖုန်းကို မိမိ လက်တစ်ဖက်ဖြင့် ပြောင်းလဲကိုင်လိုက်ရင်း မက်ဘွိုင်ထံ ဆက်သွယ်၍ စက်ရပ်သွားသည့်အကြောင်းကို ပြန်ကြားလိုက်ပါသည်။

"ဟဲလို. . မက်၊ ယူ့သတင်းရိုက်နေရင်း စက်ဘာဖြစ်သွားတယ် မသိဘူး။ ရုတ်တရက် ရပ်သွားတယ်၊ အင်း . . . အဲဒါ ဘယ်လို လုပ်မလဲ"

ထိုအချိန်မှာ ဖုန်းလိုင်းတစ်ဖက်မှ မက်ဘွိုင်သည် သူ့အနားမှ တစ်စုံတစ်ယောက်နှင့် လေရိုက်နေသည်ကို သိရသဖြင့် လိုင်ဒီယာ တစ်ချက်ပြုံးလိုက်ပါ၏။ လိုင်ဒီယာ၏စကားကြောင့် မက်ဘွိုင်တစ်ယောက် သက်ပြင်းချရင်း . .

"ဩော် . . ဟုတ်လား လိုင်ဒီယာ၊ ခဏကလေး ကိုင်ထားဦး၊ ဖုန်းမချလိုက်နဲ့ဦးနော်"

"ကိုယ် ခုချက်ချင်း ပြန်ဆက်မယ်၊ စိတ်မရှိနဲ့နော် ခဏစောင့်ပါ"

"ကဲပါ. . မြန်မြန်လုပ်၊ သူများ ဖုန်းကိုင်ထားရတာ ညောင်းလှပြီ၊ ဘာမှန်းလဲ မသိဘူး၊ မုန်းစရာကောင်းတယ်"

လိုင်ဒီယာ၏ သန္တာရောင်ပြေးနေသော နီတျာတျာနှုတ်ခမ်းကလေးနှစ်မွှာ ခပ်စူစူကလေးနှင့် ပြုံးယောင်ယောင်ကလေး ချစ်စရာတစ်မျိုး ကောင်းနေ၏။ သူမသည် မက်ထံမှ စကားပြန်ကို စောင့်ဆိုင်းနေ၏။ ထိုအချိန်၌ သူ့အလိုလို တယ်လီတိုက်ပ်မှာ စတင် လှုပ်ရှားလာခဲ့သည်ကို လိုင်ဒီယာ တွေ့ရတော့သည်။

စက်မှ 'သို့. . အာလ်ဘူကာကွီးမြို့. . သို့မဟုတ် လိုင်ဒီယာစလက်ပီ' ဟူ၍ လိပ်တပ်ထားပါသည်။ သို့ရာတွင် တစ်ဖက်မှ သတင်းပေးလိုသူ၏ အမည်ကိုမူ ဖော်ပြမထားပေ။ စကားသွားမှာ ထုံးစံအတိုင်းဖြစ်ပြီး ခပ်တိုတို

ပြတ်ပြတ်ပင် ဖြစ်ပါသည်။

"အာလ်ဘူကာကွီး၊ သတိပြုလိုက်နော်ပါ၊ သတင်းမပို့နဲ့၊ နောက်ထပ် ဒီသတင်းကို မပို့နဲ့၊ တယ်လီတိုက်ပ် ဆက်သွယ်ခြင်း ကိစ္စကို ချက်ချင်း ရပ်လိုက်ပါ၊ မကြိုးစားပါနဲ့"

လိုင်ဒီယာ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားခဲ့ပြီး တယ်လီတိုက်ပ်မှ သတိပေးတာမြစ်ချက်အရ အံ့ဩတုန်လှုပ်စွာ ကြည့်နေပါ၏။ ထို့နောက် မက်ဘွိုင်ကို ဤအကြောင်း ဆက်ပြောပြရန် သတိရလာပြီး ချက်ချင်း ခေါ်ယူလိုက်ပါသည်။ သူမလည်း ဖြစ်ပျက်သမျှ အကြောင်းစုံကို မက်အား တင်ပြခဲ့၏။ ပြီးတော့လည်း မက်အား မေးလိုက်သည်။

"မက်. . ကျွန်မ ဘာဆက်လုပ်ပေးရမလဲ ဟင် ပြောပါ"

မက်ဘွိုင်၏အဖြေမှာ လိုင်ဒီယာအဖို့ အံ့ဩစရာ ကောင်းလွန်းနေ၏။ သူမ ဤအဖြေမျိုး မက်ထံမှ ကြားရလိမ့်မည်ဟု မမျှော်လင့်ခဲ့ပါချေ။

"ဟုတ်လား၊ ဒါဆိုလည်း ထားလိုက်တော့ လိုင်ဒီယာ၊ ပြီးတော့ ဒီအကြောင်းတွေကို တစ်ခါတည်း မေ့လိုက်တော့၊ ဘယ်တုန်းကမှ မကြားခဲ့၊ မသိခဲ့သလို သဘောထားလိုက်တော့၊ နော် ဟုတ်လား၊ ခေါင်းထဲက တစ်ခါတည်း ထုတ်ပစ်လိုက်တော့၊ ဘယ်သူ့မှလဲ ဒီအကြောင်းတွေ လျှောက်မပြောနဲ့ ကြားရဲ့လား၊ အိုကေ ဘိုင့်ဘိုင်"

(မက်ဘွိုင်က လိုင်ဒီယာစလက်ပီအား နောက်ကျမှ ပြောပြခဲ့သည်မှာ ပန်းကန်ပြားပျံကြီး ပျက်ကျသည့်နေရာ၌ လေယာဉ်ကြီးတစ်စင်းကို သူ တွေ့ခဲ့ရကြောင်း၊ ထိုလေယာဉ်ကြီးမှာ ဝရိုက်ဖီးလ်- ဝရိုက်ပက်တာဆင် လေတပ်စခန်း ***(Wright Field -Wright Patterson)*** ဖြစ်ကြောင်း၊ ယင်းလေယာဉ်ကြီးဖြင့် ပျက်ကျခဲ့သည့် ပန်းကန်ပြားပျံကြီးနှင့် ယာဉ်ကြီးပေါ် ပါသမျှ ပစ္စည်းများကို သယ်ယူ၍ပျံသန်းထွက်ခွာသွားခဲ့သည်ကို မြင်ခဲ့ရကြောင်း၊ သို့ရာတွင် ထိုနေရာ၌ လက်နက်ကိုင် အစောင့်အကြပ်များ အထပ်ထပ် ချထားသဖြင့် မိမိမှာ အနီးကပ် မတွေ့လိုက်ရကြောင်းကို လိုင်ဒီယာအား ပြောပြခဲ့လေသည်။)

လိုင်ဒီယာ အဖို့တွင် ရိုစ်ဝဲလ်၏ကိစ္စနှင့်ပတ်သက်၍ မက်ဘွိုင်ထံမှသာ သိခဲ့ရခြင်း ဖြစ်၏။ သူမ အနေဖြင့် ဤကိစ္စ၌ လုံးဝ ပတ်သက်ခဲ့ခြင်း မရှိပေ။ ထူးဆန်းသော အကြောင်းအရာများကို လိုင်ဒီယာ ပြန်လည် စဉ်းစားနေမိခဲ့သည်။ ထိုစဉ်က သူမ၏ဆရာအလုပ်ရှင် (ကေအိုအေတီ) ပိုင်ရှင်ဖြစ်သူ မစ္စတာတပ်ကားမှာ တခြားတစ်မြို့သို့ ကိစ္စဖြင့် ခေတ္တ ခရီးလွန်နေခဲ့ပါသည်။ မစ္စတာတပ်ကား ခရီး

ရောက်မဆိုက်ပင် လိုင်ဒီယာက ဖြစ်ကြောင်းကုန်စင် ပြောပြလေသည်။

ဘော့စ်ဖြစ်သူ မစ္စတာတပ်ကားလည်း သူ၏တပည့်မလေး ပြောပြချက်များကို တိတ်ဆိတ်စွာ စဉ်းစားနေမိသည်။ ဤနှိုစ်ဝဲလ်ကိစ္စ သတင်းပို့မိခဲ့ခြင်းနှင့် အမည်မသိ ပုဂ္ဂိုလ်ထံမှ တားမြစ်သည့် အမိန့်မှာ မိမိ၏ ရေဒီယိုဆက်သွယ်ရေး (ကော့ဒိုအေတီ)ဌာနအတွက် စိုးရိမ်ဖွယ်ရာ ဖြစ်နေပါသည်။ မှန်ပါသည်။ နေရင်းထိုင်ရင်း အခြောက်တိုက် နှိုစ်ဝဲလ်ပြဿနာထဲ ရောယောင်ပါနေခဲ့သည် မဟုတ်ပါလော။ သူများ အရှုပ်တော်ပုံ၌ ဆွမ်းခံရင်းငှက်သင့် ဖြစ်နေခဲ့၏။ ၎င်းပြင် ထိုကိစ္စကြောင့် မကြာသေးမီကာလက မိမိ လျှောက်ထားခဲ့သော ပြည်နယ်ပို့ဆက်ကော်မရှင်လိုင်စင် အက်ဖ်စီစီ *(FCC)* ကိစ္စကိုပါ ထိခိုက်နိုင်၏။

မစ္စတာတပ်ကား၏ ရှေ့လုပ်ငန်းရည်ရွယ်ချက်မှာ အကယ်၍ အက်ဖ်စီစီလိုင်စင်(ပုဂ္ဂလိကရေဒီယိုဆက်သွယ်ရေးလိုင်စင်)သာ မိမိ ရရှိခဲ့ပါလျှင် မူလ သူ၏ အစုစပ်အသံလွှင့်ဌာနနှင့် ပူးတွဲဖွင့်လှစ်နိုင်မည် ဖြစ်ပါသည်။ သူ၏ အစုစပ်အသံလွှင့်ဌာနမှာ (မှိုင်ယိုဂရန်ဒီရော့ကတ်စတင်နက်ဝပ်) ဖြစ်၏။ သို့ရာတွင် ဤနှိုစ်ဝဲလ်မြို့အနီး ပန်းကန်ပြားပျံတစ်စင်း ပျက်ကျခဲ့သည့်ကိစ္စမှာ မစ္စတာတပ်ကားအား စတင် ခေါင်းခဲစရာ ဖြစ်လာတော့သည်။ ဤကိစ္စ ဟုတ် မဟုတ် ဆိုသည်ကိုလည်း သူ အလွန် သိချင်နေမိသည်။ ဖြစ်နိုင် မဖြစ်နိုင် ဆိုသည်ကို သူ့အနေဖြင့် မည်သို့မျှ ဆက်၍ တွေးတောစဉ်းစား၍ မရတော့ချေ။

ဤကိစ္စမှာ အထူးစိတ်ဝင်စားဖွယ်ကောင်းလှန်းသည့် သတင်း ဖြစ်သော်လည်း မစ္စတာတပ်ကား စုံစမ်းသိရှိရသလောက် ဆိုရပါမူ မက်ဘိုင် ပြောခဲ့သလို နှိုစ်ဝဲလ်မြို့အနီး၌ ပျက်ကျခဲ့ခြင်း မဟုတ်ပေ။ နယူးမက္ကဆီကိုပြည်နယ် ဆိုကိုရိုမြို့၏ အနောက်ဘက် ဒေသတစ်ပိုက်တွင် ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့ခြင်း ဖြစ်သည်ဟု သိရခဲ့၏။ ထိုအချိန်က ဆိုကိုရိုမြို့မှ လက်ထောက်မြို့ပိုင် ရှုရစ် တစ်ယောက်မှာ အချင်း ဖြစ်ပွားရာနေရာသို့ အဦးဆုံး ရောက်ရှိသွားခဲ့သည် ဟုသိရ၏။ အဆိုပါ ရှုရစ်တွေ့ခဲ့ရသည့် ပျက်စီးနေသော အာကာသယာဉ်ကြီး၏ ပုံပန်းသဏ္ဌာန်မှာ ပန်းကန်ပြားပျံဖြစ်ကြောင်း၊ ၎င်းပြင် ထိုနေရာမှ မြေကြီးပေါ်၌လည်း မီးလောင်ထားသည့် အစင်းကြောင်း အနည်းငယ်ကို တွေ့ရှိခဲ့ရသည် ဟုဆို၏။ အချင်းဖြစ်ပွားပြီး (မစ္စတာမာလ်တပ်ကားထံမှ ကြားသိခဲ့ရပြီးနောက်) ရက်များမကြာမီ ဗျူနိပ်တို့လည်း အဆိုပါ လက်ထောက်မြို့ပိုင် ရှုရစ်နှင့် သွားရောက် တွေ့ဆုံမေးမြန်း ကြည့်ခဲ့ကြပါသည်။ သို့ရာတွင် ၎င်းက မိမိ ဘာမှ မတွေ့ခဲ့ရကြောင်း၊ ထိုသတင်းကိုလည်း မည်သူ တစ်စုံတစ်ယောက်မျှ ပြောသံဆိုသံ မကြားခဲ့ရ

ကြောင်း ဘူးကွယ်ခဲ့လေသည်။

ရော့. . ယခုမှ အမယ်ဘုတ်တဲ့ သူ့ချည်ခင် ဖြစ်နေပါတော့သည်။ ဤရှိစ်ဝဲလ်သတင်းကို စတင် စိတ်ဝင်စားလွန်းသူ မစ္စတာတပ်ကားကို ကျွန်ုပ်တို့ တွေ့ဆုံမေးမြန်းကြည့်သောအခါ သူလည်း ခပ်အင်တင်တင် ဖြစ်နေပေတော့သည်။ ယခုကဲ့သို့ ကျွန်တော်တို့ တွေ့ဆုံမေးမြန်းသည်ကို စိတ်ဝင်စားမှုရှိကာ ပြန်လည်၍ သူသိသမျှ ဖြေကြားခဲ့ပါသော်လည်း ယင်းဆွေးနွေးချက်ကို မှတ်တမ်းတင် အသံသွင်းယူရန်ကိစ္စကိုမူ လုံးဝ သဘောတူ မလိုက်လျောခဲ့ချေ။

ကျွန်တော်တို့နည်းတူ အဖြစ်မျိုးနှင့် တွေ့ကြုံခဲ့ရသည်မှာ ရုပဗေဒပညာရှင်လည်းဖြစ်၊ သတင်းထောက်လည်းဖြစ်သူ၊ ယူဖိုးသုတေသနမှူးလည်းဖြစ်သူ မစ္စတာဆန်တန်တိဖရိုက်မင်ပင် ဖြစ်၏။ သူကိုယ်တိုင် ဤရှိစ်ဝဲလ်မြို့ ကေအက်စ်ဒဗလျူအက်စ်မှ ပိုင်ရှင်လည်းဖြစ်၊ သတင်းထောက်လည်းဖြစ်သူ ဖွန်နီမက်ဘွိုင်ထံ သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ သို့ရာတွင် မက်ဘွိုင်က. .

"မစ္စတာဖရိုက်မင်၊ ဒီကိစ္စကို မေ့ပစ်လိုက်စမ်းပါဗျာ၊ ဘယ်တုံးကမှ မဖြစ်ပွားခဲ့ဘူးလို့"ဟူ၍သာ ပြန်လည် ဖြေကြားခဲ့လေသည်။

မက်ဘွိုင်နည်းတူ တယ်လီတိုက်ပ်ရိုက်တာမလေး လိုင်ဒီယာ စလက်ပီသည် လည်းကောင်း၊ ထိုနယ်တစ်ဝိုက်မှ ဒေသခံပုဂ္ဂိုလ်တို့သည် လည်းကောင်း၊ ထောက်လှမ်းရေးမှူးတို့သည်လည်းကောင်း ဤရှိစ်ဝဲလ်ပန်းကန်ပြားပျံသတင်းနှင့် စပ်လျဉ်း၍ သွားရောက် တွေ့ဆုံမေးမြန်းကြည့်ခဲ့ပါသော်လည်း ထမင်းရေပူလာ လျှာလွှဲသာ ပြန်လည် ဖြေကြားခဲ့ပါသည်။ ထိုသူတို့က ရှိစ်ဝဲလ်ကိစ္စကို ပန်းကန်ပြားပျံများ(ယူအက်ဖ်အိုများ *(UFOS)* ဟူ၍ မရည်ညွှန်းခဲ့ပါ။) အုပ်လိုက်ချီ ပျံသန်းသွားသည့်သတင်းနှင့် ဇလုံးဇထွေး ရောယောင်လျှောချခဲ့ကြ၏။ ယင်းပန်းကန်ပြားပျံများ အုပ်လိုက်ချီ ပျံသန်းသွားခဲ့သည့် မျက်မြင်သတင်းမှာ လူအများ ဟိုးလေးတကျော် တွေ့မြင်သိမြင်ပြီး သတင်းတစ်ရပ်ပင် ဖြစ်ပါသည်။ ၎င်းမှာ ၁၉၄၇ ခုနှစ်၊ ဇွန်နှင့်ဇူလိုင်လ အတွင်းက နယူးမက္ကဆီကိုပြည်နယ်နှင့် အရီဇိုးနားပြည်နယ် တစ်ဝိုက်၌ ပန်းကန်ပြားပျံကြီးများ အုပ်လိုက်ချီ ပျံသန်းသွားသည်ကို လူအများ တွေ့မြင်လိုက်ကြရ၏။

ယင်းသတင်းမှာလည်း ဇွန်လ ၂၄ ရက်နေ့က ဝါရှင်တန်မြို့ မောင့်ရိန်းနီးယားတောင်ပေါ်မှ ဖြတ်သန်းသွားခဲ့သော ဒယ်ပိုင်းပြတ်သဏ္ဌာန် ပန်းကန်ပြားပျံ (၉)စင်းနှင့် တိုက်တိုက်ဆိုင်ဆိုင် တူညီနေပါသည်။ ၎င်းပန်းကန်ပြားပျံ (၉) စင်းကို တွေ့မြင်ခဲ့ရသူမှာ ကက်နက်အာနိုး ***(Kenneth Arnold)*** ဆိုသူ တယ်လီဖစ်ရှင်း ရိုက်ကူးထုတ်လုပ်သူ တစ်ဦး ဖြစ်၏။ အဆိုပါ ပန်းကန်ပြားပျံကြီး

(၉)စင်းကို မြင်ကြသည့်သတင်းမှာ လုပ်သားပြည်သူများ ပထမဦးစွာ ယူဖိုးများကို စိတ်ဝင်စားမှု ပိုမို ပြင်းထန်လာခဲ့သည့် သတင်းတစ်ရပ်ပင် ဖြစ်လေသည်။ လုပ်သားပြည်သူ အများအပြားကပင် ပန်းကန်ပြားပျံများဟူသော ဝေါဟာရကိုပင် သုံးစွဲ ဖော်ပြခဲ့ကြလေတော့သည်။

ဤပန်းကန်ပြားပျံ လတ်တလောသတင်းများမှာ အရီဇိုးနားပြည်နယ်နှင့် နယူးမက္ကဆီကိုပြည်နယ် တစ်ဝိုက်၌ နေ့ညမဟူ ယူဖိုးအင်အားစုများ ဝဲလည်လှည့်ကာ ပျံသန်းထောက်လှမ်းနေခြင်းကိုပင် ညွှန်ပြနေပေသည်။ ယူဖိုးများ ဤဒေသတစ်ဝိုက်၌ လူးလာပျံသန်းနေကြခြင်းမှာ ၁၉၄၀ ပြည့်နှစ် နှောင်းကာလများက ဖြစ်ရပ်များနှင့် နှိုင်းယှဉ်ချိန်ထိုး စဉ်းစားတွေးတောစရာ ဖြစ်လာလေသည်။ မှန်ပါသည်။ နယူးမက္ကဆီကိုပြည်နယ်မှာ ထိုခေတ် ထိုကာလ ဆိုပါလျှင် အမေရိကန်၏စစ်ပြီးခေတ် ကာကွယ်ရေးဌာန၏ အဓိကပင်မ အားထားရာ နေရာဒေသ ဖြစ်ပါသည်။ ယင်းဒေသ၌ပင် အမေရိကန်ကာကွယ်ရေးဌာန၏ အဏုမြူသုတေသနလုပ်ငန်းများ၊ အာကာသဒုံးပျံစခန်းကြီးများ၊ လေယာဉ်များနှင့် လက်နက်ခဲယမ်းမီးကျောက် ဒုံးကျည်များ (တိုက်ချင်းပစ်အဏုမြူထိပ်ဖူးတပ်ဒုံးကျည်) အများအပြား ထုတ်လုပ်ရာနေရာဒေသ ဖြစ်၏။ ၎င်းပြင် ရေဒါအီလက်ထရွန်းနစ် လက်တွေ့စမ်းသပ်မှု သုတေသနဌာနများလည်း တည်ဆောက်ထားရှိလေသည်။

နယူးမက္ကဆီကိုပြည်နယ် အလယ်ပိုင်းရှိ လော့စ်အလာမို့စ်မြို့ ဆိုပါလျှင်လည်း ၁၉၄၃ ခုနှစ် မင်ဟတ်တန်စီမံကိန်းအရ သိပ္ပံဆိုင်ရာလုပ်ငန်း စက်ရုံကြီးများ အများအပြား တည်ဆောက်ထားရှိခဲ့လေသည်။ (ဥပမာ [illegible]ဟိုအဏုမြူစွမ်းအင်သုတေသနဌာနကြီး) စစ်ကြီးအတွင်းက ဆိုပါလျှင်လည်း စစ်လက်နက်ရိက္ခာပစ္စည်းများနှင့် စစ်သည်အင်အားများကို ထိုဒေသမှပင် ဖြည့်တင်းပေးခဲ့ပါသည်။ တစ်နည်းဆိုရသော် စစ်လက်နက်ရိက္ခာပစ္စည်းများနှင့် စစ်သည်အင်အားများ၊ ပင်မဖြည့်တင်းရေးတပ်များနှင့် ထောက်ပို့တပ်များ ထားရှိရာ ဌာနကြီး ဖြစ်ခဲ့၏။ ထို့ပြင် ဒုတိယကမ္ဘာစစ်ကြီး ပြီးခါနီးအချိန်က နဂါစကီနှင့် ဟီရိုရှီးမားကျွန်းများပေါ်သို့ ကြဲချခဲ့သော ပထမဦးဆုံး အဏုမြူဗုံးများ စမ်းသပ်ခဲ့သည့်ဒေသမှာ ဤလော့စ်အလာမို့စ်မြို့ပင် ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်တိုင် ဤမြို့မှာ အမေရိကန်တို့၏ လျှို့ဝှက်မြို့တော် *(Secret City)* တစ်ခု ဖြစ်ခဲ့သည်။ ထိုစဉ်ကာလက ထိုမြို့မှာ ဖြတ်သန်းသွားလာခြင်း မပြုရန် တင်းကျပ်စွာ အထူး တားမြစ် ပိတ်ပင်ထားသောဒေသ ဖြစ်ခဲ့လေသည်။

အမေရိကန်ကာကွယ်ရေးဌာန၏ အချက်အချာမြို့ တစ်မြို့ဖြစ်သော အာမိုရီလိုမြို့သည်လည်း လော့စ်အလာမို့စ်မြို့ နည်းတူပင် ဤနယူးမက္ကဆီကိုပြည်နယ်၌ တည်ရှိပါသည်။ ဤမြို့ဝန်းကျင်၌ အမေရိကန်တပ်မတော်၏ ဝိုက်ဆင်း သေနတ်ပစ်ကွင်း (စမ်းသပ်လေ့ကျင့်ရေး) နှင့် စစ်လက်နက်ကြီးငယ်များ စမ်းသပ်ရာ စခန်း ထားရှိလေသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခါနီး အချိန်၌ လန်ဒန်မြို့ကြီးကို ဂျာမန်နာဇီတို့က အဝေးမှ ဗုံးတူး *(V-2)* ခေါ် ဒုံးပျံများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့လေသည်။ ဂျာမန်တို့၏ဗုံးတူးလက်နက်မှာ ဥရောပတစ်ခွင်အား တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။ တစ်နေ့တွင် ဂျာမန်တို့ပစ်ခတ်ခဲ့သည့် ဗုံးတူးတစ်လုံးမှာ ပိုလန်လယ်သမားကြီးတစ်ဦး၏ လယ်ကွက်ထဲမှ မပေါက်ကွဲဘဲ ရရှိခဲ့၏။ ၎င်းဒုံးပျံလက်နက်ဆန်းကို ဤအာမိုရီလိုမြို့၌ပင် အမေရိကန်တို့ စူးစမ်းလေ့လာ သုတေသနပြုခဲ့ပြီး ရန်သူနာဇီတို့အား တန်ပြန်ထိုးစစ်ဆင်ရန် အလားတူလက်နက်များ ထုတ်လုပ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ထို့ပြင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အမေရိကန်နိုင်ငံ လေတပ်မတော်၏ အားထားရာမြို့သည် ထိုအချင်းဖြစ်ပွားရာ နယူးမက္ကဆီကိုပြည်နယ် ရိုစ်ဝဲလ်မြို့၌ပင် ဖြစ်ခဲ့ဖူးလေသည်။ ထိုစဉ်က အမေရိကန်လေတပ်မတော် ဗုံးကြဲတိုက်လေယာဉ်အုပ်စု (၅၀၉) ဆိုလျှင် ဤမြို့၌ပင် လေကြောင်းတိုက်ပွဲ လေ့ကျင့်ရေးများ ပြုလုပ်ခဲ့ကြ၏။ ထိုဖော်ပြပါ သာဓကများကို ထောက်ရှုခြင်းအားဖြင့် ဤနယူးမက္ကဆီကိုပြည်နယ်တစ်ဝိုက်၌ ယူဖိုးများ မကြာခဏ တွေ့မြင်ခဲ့ကြရခြင်း၏ အကြောင်းရင်းကို စာရှုသူတို့ ရိပ်စားသဘောပေါက်လောက်ပေပြီ။ ၁၉၄၇ ခုနှစ် နွေလရက်များအတွင်းက ယူဖိုးတို့သည် ဤဒေသရှိ နေရာမလပ်၌ အခြား ပြည်နယ်ဒေသတို့ထက် လူးလာပျံသန်း ကျက်စားနေခဲ့ကြလေသည်။

ယူဖိုးတို့လုပ်ရပ်ကို ယထာဘူတကျကျ လေ့လာသုံးသပ် ဆန်းစစ်ကြည့်လျှင် ကျွန်ုပ်တို့၏ကမ္ဘာဂြိုဟ်နှင့် လူ့ဘောင်လောကကြီး တစ်ရပ်လုံးကို စနစ်တကျ ထောက်လှမ်းလေ့လာနေကြခြင်း ဖြစ်ကြောင်း မှန်းဆနိုင်၏။ ယင်းတို့၏ အဓိကပစ်မှတ်မှာ ကျွန်ုပ်တို့ကမ္ဘာကြီးအား စိုးမိုးအနိုင်ယူရန် ဖြစ်ကောင်းဖြစ်နိုင်ပေမည်။ ဤသို့ဆိုလျှင် ယင်းတို့၏ထောက်လှမ်းရမည့် အဓိကနယ်မြေဒေသမှာ အမေရိကန်နိုင်ငံ၏ သိပ္ပံဆိုင်ရာ စက်မှုဆိုင်ရာ အင်အားစုများ အမြင့်ဆုံး တည်ရှိရာဒေသသာလျှင် ဖြစ်ရပေမည်။ ထို့ကြောင့်လည်း ဤနယူးမက္ကဆီကို ပြည်နယ်တစ်ဝန်း၌ ယူဖိုးများကို နေ့ညမဟူ တွေ့ရှိနေကြရခြင်း ဖြစ်ပေသည်။

ယခု အောက်၌ ဆက်လက် ဖော်ပြလတ္တံ့သော အကြောင်းအရာများမှာ

နယူးမက္ကဆီကိုပြည်နယ် ဝန်းကျင်တစ်ဝိုက် လူးလာပျံသန်းနေကြသော ယူဖိုး မျက်မြင်ကိုယ်တွေ့ သာဓကများပင် ဖြစ်ပါသည်။ ယင်းမျက်မြင်ကိုယ်တွေ့ သတင်း များကို ပေးပို့ခဲ့ကြသူ ကာယကံရှင်တို့မှာ သာမန်ကာလျှံကာ မြင်တွေ့လိုက်ကြရ ခြင်း မဟုတ်ဘဲ အထူး စိတ်ဝင်တစားနှင့် ဖော်ပြထားခြင်းများ ဖြစ်၏။ ၎င်းတို့ ယူဖိုးများကို တွေ့မြင်ခဲ့ရသည်မှာလည်း အထူးသဖြင့် အာကာသည၌အချိန်၌ များလေသည်။ သို့ရာတွင် ကာယကံရှင်တို့မှာ ထိန်းချုပ်ရှုမှတ်ပုံ အမြင်စူးရှ သဖြင့် ယူဖိုးတို့၏ ပုံပန်းသဏ္ဌာန်များကို ပီပီပြင်ပြင် တိတိပပ ပေါ်လွင်အောင် ဖော်ပြနိုင်ခဲ့ကြလေသည်။ ယင်းတို့၏ ယူဖိုးကိုယ်တွေ့မျက်မြင် ပေးပို့ခဲ့ကြသော သတင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁၉၄၇ ခုနှစ် ဇွန်လ ၂၅ ရက်နေ့။ ။ နယူးမက္ကဆီကိုပြည်နယ် ဆေးလ် ဘားစီးတီး *(Silver City)* မြို့နေ သွားစိုက်ဆရာဝန် ဒေါက်တာအာရ်အက်ဖ် ဆင်ဆင်ဘော်ဂါသည် မြို့ပေါ်မှ ဖြတ်သန်းသွားသော ပန်းကန်ပြားပျံသဏ္ဌာန် အရာဝတ္ထုတစ်ခုကို တွေ့မြင်ခဲ့ရသည်ဟု သတင်းပေးပို့ခဲ့၏။ ယင်းအရာဝတ္ထု ကြီးမှာ လပြည့်နေ့ည လဝန်းကြီး၏ အရွယ်ပမာဏထက် တစ်ဆခွဲမျှ ရှိသည်ဟု သိရ လေသည်။

၁၉၄၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့။ ။အမေရိကန် ကင်တပ်ကီပြည်နယ် လက်ဇင်တန်မြို့မှ ဆရာဝန်ကြီး ဒေါက်တာလီယွန်အော့တင်ဂျာနှင့်အခြား မျက် မြင်သက်သေ သုံးဦးတို့သည် ကောင်းကင်၌ ပျံသန်းသွားသော အရာဝတ္ထု တစ်ခုကို တွေ့မြင်လိုက်ရကြောင်း သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့ကြ၏။ ၎င်းတို့က ယင်းအရာဝတ္ထုကြီးမှာ ငွေရောင်အဆင်းရှိပြီး ဘောလုံးပုံသဏ္ဌာန် ဖြစ်သည်ဆို၏။ သို့ရာတွင် ၎င်းအရာဝတ္ထုကြီးမှာ မိုးပျံဘောလုံးကြီးလည်းမဟုတ်၊ လေသဘော် ကြီး တစ်စင်းလည်း မဟုတ်ကြောင်း အခိုင်အမာ ထွက်ဆိုခဲ့ကြသည်။ ၎င်း ဘောလုံးသဏ္ဌာန် အာကာသယာဉ်ကြီးမှာ လျင်မြန်လွန်းသောနှုန်းဖြင့် အရီ ဇိုးနားပြည်နယ် ဂရန်ကင်ယွန်မြို့အနီးမှ ဖြတ်သန်းသွားသည်ဟု သိရှိရပေသည်။

၁၉၄၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်။ ။အမေရိကန်ပြည်ထောင်စု အလယ်ပိုင်း ကင်းဆပ်စ်ပြည်နယ် ဒေါ့ချ်မြို့၊ ဗီလ်ဒေါ့ချ်ကော်ပိုရေးရှင်းမှ လျှပ်စစ်လုပ်ငန်း အတတ်ပညာရှင်တစ်ဦးဖြစ်သူ ဖွန်အေပက်ချီနှင့် အခြားမျက်မြင်သက်သေ သုံးဦး တို့က ကောင်းကင်၌ သံပြားဝိုင်းသဏ္ဌာန် အရာဝတ္ထုကြီးတစ်ခု ပျံသန်းသွားသည်ကို မြင်တွေ့လိုက်ရကြောင်း သတင်းပို့ခဲ့ကြလေသည်။ ၎င်းတို့က ယင်း အရာဝတ္ထုကြီး မှာ မိမိတို့ ဦးခေါင်းပေါ်မှဖြတ်၍ ပျံသန်းသွားခဲ့ပြီး တင်းတောက်မြို့အနီး မြေပြင်

သို့ ဆင်းသက်သွားသည်ဟု ဆို၏။ ထိုအချိန်မှာ နံနက် (၁၀း၃၀) နာရီခန့်ရှိပြီ ဖြစ်၏။ အဆိုပါ တင်းတောက်မြို့မှာ နယူးမက္ကဆီကိုပြည်နယ် နယ်ခြားအနီး (အရီဇိုးနားပြည်နယ်အရှေ့မြောက်ပိုင်း) ရှိ ဘစ်ဘီးမြို့ နယ်နိမိတ် အတွင်း၌ တည်ရှိလေသည်။

၁၉၄၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့ ။ ။ အရီဇိုးနားပြည်နယ် ဝါရင်မြို့မှ ဗိုလ်မှူးဂျော့ဘီဝီးလ်ကော့ (*Major Geroge B.Wilcox*) ၏ ပေးပို့ခဲ့သော သတင်းမှာ ဤသို့ဖြစ်၏။ သံပြားဝိုင်းသဏ္ဌာန် အရာဝတ္ထုကြီး (၈)စင်း သို့မဟုတ် (၉)စင်း လျှင်မြန်သောနှုန်းဖြင့် ကောင်းကင်မှ ပျံသန်းသွားခဲ့သည်ကို ထင်ထင်ရှားရှား တွေ့မြင်လိုက်ရကြောင်း၊ ယင်း ပျံသန်းသွားကြသော သံပြားဝိုင်းသဏ္ဌာန် အရာဝတ္ထုများမှာ ယိမ်းထိုးလှုပ်ရှားပြီး ပျံသန်းသွားခဲ့ကြခြင်း ဖြစ်ကြောင်း သိရ၏။ ဗိုလ်မှူးဝီးလ်ကော့က ဆက်လက် ပြောပြခဲ့သည်မှာ ၎င်းအရာဝတ္ထုကြီးများသည် မိမိအိမ်ခေါင်မိုးပေါ်မှ (၃) စက္ကန့်ကြာမျှ ဖြတ်သန်းသွားခဲ့ ကြောင်း၊ ယင်းအရာဝတ္ထုများသည် အရှေ့ဘက်သို့ ပျံသန်းသွားခြင်း ဖြစ်ပြီး တောင်တန်းကြီးများ အထက် အမြင့်ပေတစ်ထောင်ခန့်လောက်မှ ဖြတ်၍ ပျံသန်းသွားသည်ဟု ခန့်မှန်းရကြောင်း ပြောပြခဲ့လေသည်။

၁၉၄၇ ခုနှစ်၊ ဇွန်လ ၂၇ ရက် ။ ။ အဖြူရောင် လျှပ်စစ်မီးပွင့်ကြီးကဲ့သို့ လင်းထိန်တောက်ပနေသော သံပြားဝိုင်းသဏ္ဌာန် အရာဝတ္ထုကြီးတစ်စင်း နယူးမက္ကဆီကိုပြည်နယ် ပုတ်မြို့ (*Pope*) ပေါ်မှ ဖြတ်သန်းသွားသည်ကို တွေ့မြင်လိုက်ရကြောင်း ထိုမြို့နေ ဒဗလျူစီဒေါ့ဘ်စ် ဆိုသူက သတင်းပို့ခဲ့၏။ ၎င်းမြင်တွေ့လိုက်သည့် အချိန်မှာ နံနက် (၉ း ၅၀) နာရီ အချိန်ရှိပြီဟု သိရှိရ၏။ ထို့နောက် မိနစ်အနည်းငယ်ခန့် အကြာ၌ ယင်းအရာဝတ္ထုကြီး သို့မဟုတ် အလားတူ အရာဝတ္ထုကြီးတစ်ခုကို ဝှိုက်ဆင်း သေနတ်ပစ်လေ့ကျင့်ရေးကွင်း (တပ်မြေ) အထက်မှ ဖြတ်သန်းလျက် အနောက်တောင်ဘက်ဆီသို့ ပျံသန်းသွားသည်ကို တွေ့ရှိလိုက်ရကြောင်းနှင့် ဗိုလ်ကြီးအီးဘီဒက်ချ်မင်ဒီက မိမိတပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ဟာရိုလ်အာန်တားနားထံ သတင်းပို့ခဲ့သည်။

ထို့နောက် ၎င်းနေ့ နံနက် (၁၀) နာရီ၌ နယူးမက္ကဆီကိုပြည်နယ် ဆန်မီဂူးမြို့မှ မစ္စစ်ဒေးဗစ်အက်ဗဲလ်ဗိုလာ ဆိုသူ အမျိုးသမီးကြီးကလည်း ဗိုလ်ကြီး ဒက်ချ်မင်ဒီ မြင်တွေ့လိုက်ရသော အရာဝတ္ထုကြီးမျိုး တစ်စင်းကို သူမ မြို့ပေါ်မှ အနောက်တောင်အရပ်ဆီသို့ ဖြတ်ကာ ပျံသန်းသွားသည်ကို တွေ့မြင်လိုက်ရကြောင်းဖြင့် သတင်းပေးပို့ခဲ့၏။

ဝှိုက်ဆင်း သေနတ်ပစ်လေ့ကျင့်ရေးတပ်မှ ဒုဗိုလ်မှူးကြီး တားနားက

ဇွန်လ ၁၂ ရက်မှစတင်၍မည်သည့် ဒုံးပျံလက်နက်များမျှ မပစ်လွှတ်ခဲ့ကြောင်းနှင့် အတည့်အလင်း ကြေညာချက် ထုတ်ပြန်ခဲ့၏။ သို့ရာတွင် သက်ဆိုင်ရာတို့က စစ်ဆေးမေးမြန်းသောအခါ ၎င်းဒုံးပိုလ်မှူးကြီးခမျာ ကြောက်ကြောက်လန့်လန့်နှင့် ထိုနေ့က မိမိထံ သတင်းပို့ တိုင်ကြားခဲ့သော ကောင်းကင်၌ ပျံသန်းသွားသည်ဆို သော အရာကြီးမှာ နေ့အချိန် ဥပါပျံခြင်း ***(Daytime Meteorite)*** (တစ်နည်း) ကြယ်ကြွေခြင်း ဖြစ်ကြောင်းနှင့် သက်သေခံ ထွက်ဆိုသွားခဲ့လေသည်။

၁၉၄၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ ။ ။ အမေရိကန် လေတပ်မတော်မှ လေယာဉ်မှူး ဗိုလ်ကြီးအက်စ်ဒဗိုင်သည် နယူးမက္ကဆီကိုပြည်နယ် အလာမိုဂိုမြို့ နယ်နိမိတ်အတွင်း လေယာဉ်လမ်းကြောင်း၌ စစ်လေယာဉ်တစ်စင်းနှင့် ပျံသန်း နေခဲ့သည်။ ထိုစဉ် မီးလုံးကြီးတစ်ခုကို ရုတ်တရက် တွေ့လိုက်ရလေသည်။ ယင်း မီးလုံးကြီး၏ နောက်ဘက်၌ အပြာရောင် မီးတန်းကြီးမှာ အမြီးကြီးသဖွယ် (ကော့မက် ခေါ် ကြယ်တံခွန်ကြီးများ၏အမြီးမျိုး) သွယ်တန်းပြီး ပျံသန်းသွား သည်ကို တွေ့ရ၏။ ထိုမီးလုံးပျံကြီးမှာ ၎င်း မောင်းနှင်နေသော လေယာဉ်၏ အောက်ဘက်မှ ဖြတ်သန်းသွားခဲ့ခြင်း ဖြစ်ပြီး ဗိုလ်ကြီးဒဗိုင် ကြည့်နေစဉ် တစ် စစီ ကွဲစဉ်လွင့်ပျောက်သွားခဲ့သည်ကို တွေ့ရှိလိုက်ရကြောင်းနှင့် သက်ဆိုင်ရာသို့ သတင်းပို့တိုင်ကြားခဲ့၏။

၁၉၄၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့ ။ ။ အမေရိကန်တပ်မတော်လေတပ်မှ နယူးမက္ကဆီကိုပြည်နယ် တောင်ထွတ်တစ်ခု အနီး၌ အာကာသယာဉ်တစ်စင်း ပျက်ကျခဲ့ကြောင်း သတင်းရရှိခဲ့၏။ ထို့ကြောင့် လေတပ်မှ စစ်လေယာဉ်များဖြင့် ထိုဒေသတစ်ဝိုက်၌ လိုက်လံ ရှာဖွေကြည့်ရှုခဲ့ကြပါသော်လည်း မသင်္ကာဖွယ်ရာ တစ်စုံတစ်ခုမျှ မတွေ့ခဲ့ကြရပါ။ သို့သော်လည်း ထူးဆန်းသော ညှော်နံ့တစ်မျိုးကို လေထဲမှ ရှူရှိုက်ရကြောင်းနှင့် လေယာဉ်မှူးတို့က သတင်းပေးပို့ခဲ့ကြလေသည်။

၁၉၄၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့ ။ ။ နယူးမက္ကဆီကိုပြည်နယ် အလာမိုဂို ဒိုမြို့အနီး ဝှိုက်ဆင်းဒေသရှိ လက်နက်ကြီးငယ်များ စမ်းသပ်ရာ စခန်းများမှ ဒေါက်တာ စီဂျေဇွန် ခေါင်းဆောင်သော နေဗီဒုံးပျံစမ်းသပ်ရေး ကျွမ်းကျင်မှု ပညာရှင်တစ်စုသည် စမ်းသပ်မှုတစ်ခုကို လုပ်ကိုင်ဆောင်ရွက်နေခဲ့ကြသည်။ ထိုစဉ် လျှို့ဝှက်ဒုံးပျံစမ်းသပ်ရေးစခန်း အထက်ကောင်းကင် အမြင့်ဆီသို့ ငွေရောင် တဖိတ်ဖိတ် တောက်ပနေသော ပန်းကန်ပြားဝိုင်းသဏ္ဍာန် အာကာသယာဉ်ကြီး တစ်အုပ် စစ်ရေးပြ ပျံသန်းနေခဲ့ကြ၏။ ဒေါက်တာစီဂျေဇွန်နှင့် အဖွဲ့သားများ ကြည့်ရှုတွေ့မြင်ခဲ့ရကြောင်းနှင့် သက်ဆိုင်ရာသို့ သတင်းပို့ခဲ့လေသည်။

၁၉၄၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ ။ ။ နယူးမက္ကဆီကိုပြည်နယ်

အာလ်ဘူးတာကွီးမြို့မှ ပရိုက်စ် အမည်ရှိ မီးရထားသံလမ်းအလုပ်သမားတစ်ဦးကလည်း ဤသို့ သတင်းပေးပို့ခဲ့၏။ ထိုနေ့က ၎င်းသည် မြို့နယ်အတွင်းရှိ သံလမ်းတစ်လျှောက် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်း အလုပ်လုပ်ကိုင်နေခဲ့သည်။ ထိုစဉ် ကောင်းကင်၌ ပျံသန်းနေကြသည့် ငွေရောင်အဆင်းရှိ ပန်းကန်ပြားဝိုင်းသဏ္ဌာန် အရာဝတ္ထု (၁၃) စင်းကို တွေ့မြင်ခဲ့ရ၏။

ယင်းအရာဝတ္ထုများမှာ တောင်အရပ်ဆီသို့ ဦးတည်ပျံသန်းနေရာမှ ရုတ်ခြည်း အရှေ့အရပ်သို့ လမ်းကြောင်းပြောင်းလဲ ပျံသန်းခဲ့၏။ ထို့နောက် တစ်ဖန် အနောက်အရပ်ဆီသို့ ကျွမ်းကျင်စွာ ပြောင်းလဲ ပျံသန်းထွက်ခွာ ပျောက်ကွယ်သွားခဲ့ကြသည်ဟု သိရှိရပါသည်။ ပရိုက်စ်လည်း အလန့်တကြား အနီးဝန်းကျင်ရှိ လူအများအား အော်ဟစ်ပြောကြားပြသခဲ့၏။ အနီးအနားမှ လူအများအိမ်ပြင်သို့ အသီးသီး ပြေးထွက်လာကြပြီး မြက်ခင်းပြင်များပေါ် လဲလျောင်းကာ ကောင်းကင်သို့ မော့ကြည့်ခဲ့ကြရာ အမျိုးအမည်မသိ ပျံသန်းနေကြသော အရာဝတ္ထုများကို တအံ့တသြ တွေ့ရှိခဲ့ကြရသည်ဟုဆို၏။

(၁၉၄၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့၊ နယူးမက္ကဆီကိုပြည်နယ် ဇူလိုင် ၉ ရက်နေ့ထုတ် ဟူကမ်ကာရီ နေ့စဉ်သတင်းစာကြီး၌ ဤသို့ ဖော်ပြထားသည်ကို တစ်ဆင့် ဖော်ပြလိုက်ရပါသည်။)

ကီးမြို့နယ်တွင် ပန်းအိုး စသည့် အနုပညာပစ္စည်းများ ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီကြီးမှ အလုပ်သမားတစ်ဦးဖြစ်သူ မစ္စစ်ဟယ်လင်ဟာဒင်က ဇူလိုင်လ ၈ ရက် ကြာသပတေးနေ့၌ သက်ဆိုင်ရာသို့ ပန်းကန်ပြားပျံတစ်စင်းကို မိမိ တွေ့မြင်လိုက်ရကြောင်းဖြင့် သတင်းပို့ခဲ့၏။ ဇွန်လ ၃၀ ရက်နေ့ နံနက် (၁၁)နာရီခန့်က မစ္စစ်ဟယ်လင်သည် သူမ၏နေအိမ်ရှေ့ ဝရန်တာတွင် ရှိနေစဉ် အရှိန်ပြင်းစွာဖြင့် အရှေ့မှအနောက်အရပ်ဆီသို့ ပျံသန်းသွားသော ပန်းကန်ပြားပျံကြီးတစ်စင်းကို တွေ့မြင်လိုက်ရသည်ဟု ဆို၏။ ယင်းပန်းကန်ပြားပျံကြီးမှာ လပြည့်နေ့လ သာသည့်လဝန်းကြီး၏ တစ်ဝက်စာ အရွယ်ပမာဏရှိပြီး အဝါနုရောင် အစင်းကြောင်းတစ်ခုပါရှိကြောင်း၊ထိုပန်းကန်ပြားပျံကြီးအား သူမသည် (၆)စက္ကန့်ကြာမျှ တွေ့မြင်လိုက်ရခြင်း ဖြစ်၏။ ကြည့်နေစဉ်တွင် ၎င်းယာဉ်ကြီးမှာ မိုးကောင်းကင်မှ မြို့ပြင်တစ်နေရာဆီသို့ နိမ့်ဆင်းသွားခဲ့ကြောင်း၊ ပထမက သူမသည် ယင်းပန်းကန်ပြားပျံကြီးကို ဥပါဒ်ပျံဟု ထင်မှတ်မိခဲ့ကြောင်း၊ သို့ရာတွင် သတိပြုမိသည်မှာ ထိုယာဉ်ကြီးသည် မြေပြင်နှင့်နီးကပ်သောနေရာ အရောက်၌ ရစ်ဝဲလှည့်ပတ် ပျံသန်းနေသည်ကို တွေ့ရှိလိုက်ရကြောင်း၊၎င်းပြင် ထိုပန်းကန်ပြားပျံကြီးမှာ ဥပါဒ်ပျံခြင်းလောက် လျှင်မြန်ခြင်း မရှိဟု မစ္စစ်ဟယ်လင်က ပြောပြ

ခဲ့လေသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ ။ ။ အာလ်ဘူတာကွီးမြို့ ကုန်သွယ်ရေးဌာန အုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်သူ မစ္စတာမက်ဟုဘ်က ပန်းကန်ပြားပျံကြီးတစ်စင်းကို တွေ့မြင်လိုက်ရကြောင်း သတင်းပို့ခဲ့ပါသည်။ ၎င်းက ပြာလဲ့လဲ့ အဆင်းရှိ ပန်းကန်ပြားပျံဝိုင်းသဏ္ဌာန် ပန်းကန်ပြားပျံကြီး တစ်စင်းမှာ အာလ်ဘူတာကွီးမြို့ပေါ်မှ ကွေ့ကောက်ဖြတ်သန်းပြီး အနောက်မြောက်အရပ်ဆီသို့ ပျံသန်းသွားခဲ့သည်ဟုဆို၏။

**၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ ၆ ရက်နေ့အထိ ပုဂ္ဂိုလ်အသီးသီး တွေ့မြင်ခဲ့ကြရသော သီးခြားသတင်းများ**

အာကာသယာဉ်ကြီး(၇)စင်းကို မက္ကဆီကိုပြည်နယ် အနောက်မြောက်ပိုင်းရှိ (ကာလီဖိုးနီးယားပြည်နယ်အောက်ပိုင်း) မက္ကစီကာလီမြို့တော်မှ စတင်စီတန်းပျံသန်းလာခဲ့ပြီး ဇာရက်စ်မြို့ဆီသို့ ဦးတည်ကာ ဆက်လက်ပျံသန်းသွားခဲ့ကြသည်ဟု သိရှိရ၏။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့၊ ဗီးနစ်မြို့မှ ဖရန့်မန် ဇနီးမောင်နှံတို့ကလည်း မိမိတို့သည် ည(၉)နာရီအချိန် မြို့ပေါ်မှဖြတ်သန်းပြီး အရှေ့ဘက်သို့ ထွက်ခွာသွားသော ရောမအရာဝတ္ထုကြီး တစ်ခုကို တွေ့လိုက်ရကြောင်းနှင့် သတင်းပေးပို့ခဲ့ကြ၏။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ နယူးမက္ကဆီကိုပြည်နယ် ရှိစ်ဝဲလ်မြို့မှ ဒန့်ဝီလ်မော့ ဇနီးမောင်နှံတို့သည် ရောမရဲရဲညီးနေသော အရာဝတ္ထုကြီးတစ်ခု သူတို့၏အိမ်ခေါင်မိုးပေါ်မှ ဖြတ်သန်းပြီး အနောက်မြောက်အရပ်ဆီသို့ ဦးတည်ကာ လျှင်မြန်သောနှုန်းဖြင့် ပျံသန်းသွားသည်ကို တွေ့မြင်လိုက်ရကြောင်းနှင့် သတင်းပေးပို့ခဲ့ကြ၏။ (ယင်းအကြောင်းကို အခန်း (၃) ၌ ရှုပါရန်။)

ယခု အထက်ဖော်ပြပါ မျက်မြင်ကိုယ်တွေ့ ကောင်းကင်၌ ပျံသန်းသွားကြသော အရာဝတ္ထုများကား အဘယ်အရာများ ဖြစ်ကြပါသနည်း။ အချို့ 'သူမြူလျှင် ငါမည်းသည်' ဆိုသည့် လူကတ်ဖွဲ့တို့က ယင်းအရာတို့ကို ဗိုက်ဆင်းခေါ် ဒုံးပျံလက်နက် တီထွင်စမ်းသပ်ထုတ်လုပ်သည့်စခန်းမှ ဗွီတူး *(V-2)* ဒုံးပျံ (ဒုံးကျည်ထိပ်ဖူးတပ် တိုက်ချင်းပစ်ဒုံးပျံလက်နက်)များ စမ်းသပ်ပစ်ဖောက်ခြင်းဟု စောဒကတက်ဖွယ် ရှိ၏။ သို့ရာတွင် ထိုစဉ်ကာလအတွင်း မည်သည့် ဗွီတူးဒုံးပျံလက်နက်မျှ ဤမျှ ကောင်းကင်အမြင့်အထိ ပစ်လွှတ် စမ်းသပ်ခဲ့ကြခြင်း မရှိဟု စုံစမ်းသိရှိခဲ့ရ၏။

ထိုထက် ခိုင်လုံသော အထောက်အထားမှာ ဗိုက်ဆင်း၏မှတ်တမ်းများ

ကို စစ်ဆေးတွေ့ရှိရချက်ပင် ဖြစ်ပါသည်။ မှတ်တမ်းများအရ ဗွီတူးဒုံးပျံလက်နက်ကို စမ်းသပ်ပစ်လွှတ်ခဲ့သည့် နောက်ဆုံးရက်စွဲမှာ ၁၉၄၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့က တစ်ကြိမ်နှင့် ဇူလိုင်လဆန်း ၃ ရက်နေ့က တစ်ကြိမ်၊ ပေါင်းနှစ်ကြိမ်သာ ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အထက်ဖော်ပြပါ ယူဖိုး ခေါ် ပန်းကန်ပြားပျံကြီးများနှင့် ပတ်သက်သည့်ကိုယ်တွေ့မျက်မြင် သတင်းများမှာ မောင့်ရေးနီးယား သတင်းထုတ်ပြန်ကြေညာပြီးမှ ထွက်ပေါ်လာခဲ့သော သတင်းများ ဖြစ်ပါသည်။ ဤအချက်မှာ သတိချပ်စရာကောင်းလှသည့် အချက် ဖြစ်၏။ အဆိုပါ မောင့်ရေးနီးယား သတင်းထုတ်ပြန် ကြေညာချက်မှာ ဤသို့ဖြစ်ပါသည်။

မောင့်ရေးနီးယားတောင်မှာ ဝါရှင်တန်မြို့အနောက်ဘက် ကာစကာဒီတောင်တန်း၌ ပါဝင်သည်။ ၁၉၄၇ ခုနှစ် ဇွန်လ ၂၄ ရက်နေ့က ရုပ်မြင်သံကြားဇာတ်လမ်းများ ထုတ်လုပ်ရိုက်ကူးသူတစ်ဦးဖြစ်သည့် မစ္စတာကင်နက်အာနိုလ်သည် ဤမောင့်ရေးနီးယားတောင်ပေါ်မှ ပန်းကန်ပြားပျံကြီး (၉)စင်း အုပ်လိုက်ဒိုးပျံသန်းသွားသည်ကို မြင်တွေ့ခဲ့ရလေသည်။ ယင်း ပန်းကန်ပြားပျံများမှာ ဒယ်ပိုင်းပြတ် *(Piepans)* သဏ္ဌာန်များ ဖြစ်ကြ၏။ ထိုအကြောင်းသည် အမေရိကန်တစ်ပြည်လုံးကို ဟိုးလေးတကျော် သတင်း ဖြစ်ပွားစေခဲ့ပြီး ယူဖိုးများကို စိတ်ဝင်စားနေကြသော လူထုက'ပန်းကန်ပြားပျံကြီးများ'ဟူ၍ ခေါ် ဝေါ်သုံးစွဲသည်အထိ ရေပန်းစားသွားခဲ့သည့် သတင်း ဖြစ်ပါသည်။ [ထိုအကြောင်းကို အခန်း(၂)၌ ဖော်ပြပြီး ဖြစ်ပါသည်။]

ထိုအချိန်က သက်ဆိုင်ရာပြည်နယ်အစိုးရက ကင်နက်အာနိုလ် ကိုယ်တွေ့မျက်မြင် ယူဖိုးသတင်းနှင့် အခြားအလားတူ သတင်းများကိုပါ သိမ်းကျုံးပြီး ဖြေရှင်းချက်တစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းကြေညာချက်ကို မောင့်ရေးနီးယားကြေညာချက် ဟူ၍ အမည်ပေးထားလေသည်။ ယင်းကြေညာချက်၌ ဤသို့ ရှင်းလင်းတင်ပြထား၏။

ယခုအခါ မောင့်ရေးနီးယားတောင်ပေါ် ပျံသန်းနေသော အရာဝတ္ထုများကို လူအချို့ တွေ့မြင်ခဲ့ကြရသည်ဟု သတင်းတစ်ရပ် ဖြစ်ပွားနေခဲ့ပါသည်။ ဤသတင်းမှာ မမှန်ပါ။ မျက်မြင်သက်သေတို့၏ ကိုယ့်စိတ်ကိုယ် လှည့်စားပြီး မြင်လိုရာ မြင်ကြခြင်း *(Autoinduced Optical Suggestion)* သာလျှင် ဖြစ်သည်။ ထိုသူတို့မှာ သတင်းစာရှင်းလင်းပွဲ တစ်ခု၌ ဆွေးနွေးခဲ့ဖူးသည့် ပန်းကန်ပြားပျံ (ဝါ) ယူဖိုးများပြဿနာကို ဖတ်ရှုခဲ့ကြရပြီး ကတည်းကပင် ကောင်းကင်သို့ ကျီးကန်းတောင်းမှောက် ယူဖိုးများကို တွေ့လိမ့်နိုးနိုးနှင့် စူးစမ်းရှာဖွေနေကြသူ

များ ဖြစ်သည်။ ၎င်းတို့သည် ထစ်ဆို ယူဖိုးကြီးဟုသာ ယိုးစွပ်နေကြသည်။ နိမိတ်ကို တွေ့တွေ့၄ုက်တစ်ကောင်ကိုပဲတွေ့တွေ့ သူတို့၏စိတ်အစဉ်၌ ယူဖို၏ အစွဲအလမ်းများက တိမ်းညွတ်နေသဖြင့် ယူဖိုး ဟူ၍သာ ယူဆခဲ့ကြလေသည်။ အမှန်စင်စစ် ဤမောင့်ရေနီးယားတောင်ပေါ်မှ ဖြတ်သန်းကာ ယူဖိုးများ ပျံသန်းနေသည်ကို တွေ့မြင်ခဲ့ကြသည် ဆိုသောသတင်းမှာလည်း 'စိတ်တစ္ဆေခြောက်နေခြင်း' သာလျှင် ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာမှ ရှင်းလင်းချက် ထုတ်ပြန်ကြေညာခဲ့လေသည်။ ယူဖိုးနှင့် ပတ်သက်၍ မောင့်ရေနီးယား ကြေညာချက်ကို ကျွန်ုပ်တို့ အမြင်၊ ကျွန်ုပ်တို့ရှုထောင့်မှ ဆန်းစစ်သုံးသပ်ကြည့်ကြပါစို့။ ဤထုတ်ပြန်ကြေညာချက်မှာ ယူဖိုးနှင့်ပတ်သက်လေတိုင်း သက်ဆိုင်ရာအစိုးရ၏ လုပ်ရိုးလုပ်စဉ် ပြောရိုးပြောစဉ် တရားဝင် ကြေညာချက်သာ ဖြစ်ပေသည်။ တစ်နည်း ဆိုရသော် ယူဖိုးနှင့်ပတ်သက်၍ သတင်းများအပေါ် တုံ့ပြန်သည့် တစ်ခုတည်းသော လက်နက် (ဝါ) တစ်လက်တည်းသော ဆေးကောင်းပင် ဖြစ်ပါသည်။ အရပ်ထဲမှ တောက်တစ်ခေါက် ဆေးဆရာကဲ့သို့ လူနာမှန်သမျှ၊ ရောဂါဝေဒနာမှန်သမျှ တစ်လက်တည်းသောဆေးဖြစ်သည့် ဆေးခါးကြီး တိုက်လွှတ်သည့်နည်းပင် ဖြစ်၏။

ဤလုပ်ရပ်ကိုကြည့်လျှင် နှစ်စဉ် မျက်မြင်သက်သေတို့က သက်ဆိုင်ရာသို့ မပို့ဘဲ ခပ်မဆိတ်ထားလိုက်ကြသည့် ယူဖိုးမျက်မြင်သတင်းများမှာ ဒုနှင့်ဒေးရှိနေမည်ဖြစ်ကြောင်း ခန့်မှန်းကြည့်နိုင်ပေသည်။ သက်ဆိုင်ရာတို့ကလည်း ယူဖိုးသတင်းဆိုပါလျှင် 'ကျွားကျွားမီးယပ်' ဆိုသည့် ဗိန္ဓောဆရာကဲ့သို့ 'အမြင်မှားခြင်း'၊ 'မေါက်နေခြင်း' ဟူ၍သာ ဆုံးဖြတ်ကြသဖြင့် ပြည်သူတို့ကလည်း အဖြစ်မှန်ကို တင်ပြဝံ့ကြတော့ပေ။

ဤသို့ဆိုပါလျှင် ဤပြဿနာသည် ဇာတ်အား သူ့အမေရိုက်၊ မုန့်လုံးစွန့်ကာပ်၍ နေပေတော့မည်။ ဘယ်တော့မှ ဆုံးနိုင်တော့မည် မဟုတ်တော့ပေ။ ပြဿနာ၏ချုပ်ငြိမ်းရာ နည်းလမ်းမှာလည်း ယူဖိုးကြီးတစ်စင်း သို့မဟုတ် အနန္တကြာဝဠာ ဂြိုဟ်သားတစ်ယောက်ယောက် အသေ ဖြစ်စေ၊ အရှင် ဖြစ်စေ အတ်ဆုပ်လက်ကိုင် တွေ့ခဲ့ကြလျှင်လည်း ပြည်သူသို့ အတည့်အလင်း တင်ပြကြမှသာလျှင် ပြည်သူတို့ကလည်း မိမိတို့ သိရှိတွေ့မြင်ထားကြသည့် ယူဖိုးသတင်းများကို ပွင့်ပွင့်လင်းလင်း တုံ့ပြန်တင်ပြကြပေလိမ့်မည်။ သို့မဟုတ်ပါက နှင်းဦးနှစ်ဖက် အကျိုးမရှိနိုင်တော့ပေ။

♣ ♣ ♣

အခန်း(၃)

ယူဖိုးပျက်တစ်စင်း၊ အနန္တစကြာဝဠာမှ ဂြိုဟ်သားတို့၏ ဥတုရှေ့ပ်အလောင်းများနှင့် အေအေအက်ဖ်

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ ညဥ့်ဦးယံ (၁၀း၀၀) အချိန် ဖြစ်ပါသည်။ ဤအချိန်မှာ အမေရိကန်တိုင်းပြည်၏ နွေနှောင်းရက်ကျန်လများ ဖြစ်သဖြင့် ရာသီဥတုမှာ ပူအိုက်လွန်းလှပေသည်။ ဟုတ်ပါသည်၊အပူအအိုက်ဒဏ်ကို မခံနိုင်ကြ၍ ဒန်ဝီလ်မော့ *(Dan Wilmot)* တို့ ဇနီးမောင်နှံမှာ အိပ်ရာမဝင်နိုင်ကြသေးဘဲ အိမ်ရှေ့အပြင် (ဝရန်တာ) ကလေး၌ လေညင်းခံနေကြလေသည်။ နွေလရက်များ၌ ညဥ့်လွှာခဲ့ လေနုအေးကလေးမှာ နွမ်းသူကို လန်းဆန်းစေပါတော့သည်။ ၎င်းတို့ ဇနီးမောင်နှံမှာ နယူးမက္ကဆီကိုပြည်နယ် ရို့စ်ဝဲလ်မြို့ တောင်ပိုင်း 'ပင်'လမ်း *(Penn Street)* တွင် နေထိုင်ကြသော ကုန်မာပစ္စည်း ရောင်းချသူ ကုန်သည်များ ဖြစ်၏။

မိုးသားကင်းစင်သော အဇ္ဈာကောင်းကင်ဝယ် ငွေကြယ်ကလေးများမှာ စိန်ပွင့်ကလေးများပမာ ဝင်းလက်နေကြသည်။ ထိုစဉ် ထူးဆန်းသော အရာဝတ္ထုကြီးတစ်ခုမှာ ကြယ်ရောင်ထက် ဝင်းလက်တောက်ပပြီး ပျံသန်းရွေ့လျားနေသည်ကို သူတို့ ဇနီးမောင်နှံ ရုတ်တရက် တွေ့မြင်လိုက်ကြရ၏။ ဝီလ်မော့၏ စကားအတိုင်း ထိုအရာကြီး မြင်ရပုံကို ဖောက်သည်ချရပါမူ *'ရုတ်တရက် မီးကျီးခဲကြီးလို နီရဲနေတဲ့အရာကြီးဟာ မိုးပြင်ဟိုးအရှေ့မြောက်ဆီကနေ ဟည်းခနဲ ပျံလာလိုက်တာ အနောက်မြောက်အရပ်ဆီကို တန်းတန်းမတ်မတ် သွားတော့*

တာပဲ' (သူညွှန်ပြသည့် အနောက်မြောက်အရပ်မှာ နယူးမက္ကဆီကိုပြည်နယ်ကိုရှိနာမြို့ပင် ဖြစ်ပါသည်။) 'မြန်လိုက်တဲ့ဖြစ်ခြင်း လှစ်လှစ် . . လှစ်လှစ်နဲ့နေတာပဲဗျာ' ဟူ၍ ဖြစ်ပါသည်။

ဗီလ်မော့နှင့် ဇနီးဖြစ်သူတို့မှာ အတန်ငယ် ကြောက်လန့်တုန်လှုပ်သွားခဲ့ကြ၏။ သို့ရာတွင် ထူးဆန်းသောမိုးပြင်မှ အရာကြီးကို ကြည့်ဖြစ်အောင် ကြည့်လိုက်ကြသေးသည်။ သူတို့နှစ်ဦး အိမ်ရှေ့ပန်းခြံထဲ ပြေးထွက်ခဲ့ကြပြီး ကောင်းကင်မှ ဘဲဥပုံသဏ္ဌာန် အရာဝတ္ထုကြီးကို မော့ကြည့်လိုက်ပါသည်။ သူတို့ မြင်ရသည့် အရာကြီးမှာ ပန်းကန်ပြားကြီးနှစ်ချပ်ကို နှုတ်ခမ်းချင်းဟပ်ကာ တစ်ခုအပေါ်မှ တစ်ခု မှောက်ထားသည့်ပုံမျိုး ဖြစ်၏။ ရဲရဲညီးနေသော မီးရောင်မှာယင်းအရာကြီး၏ နှုတ်ခမ်းနား ပတ်လည်တစ်ဝိုက် အတွင်းဘက်မှ ဖြာထွက်လာသော အလင်းရောင် ဖြစ်လေသည်။ ယင်း ထူးဆန်းအံ့သြဖွယ်ယာဉ်ကြီးမှာ ဗီလ်မော့တို့အိမ်ခေါင်မိုးပေါ်မှ ဖြတ်ကျော်သွားခဲ့ပြီး အနောက်မြောက်အရပ်ဆီသို့ ပျံသန်းသွားခဲ့လေသည်။ ထိုအရာကြီးကို မျက်စိတစ်ဆုံး ကြည့်နေခဲ့ကြရာ စက္ကန့်(၄၀)မှ (၅၀)ခန့် အချိန်ကြာခဲ့ပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့လေတော့သည်။

မစ္စတာဗီလ်မော့၏ ပြန်လည် ပြောပြချက်အရ ယင်း ထူးဆန်းအံ့ဖွယ်အရာဝတ္ထုကြီး ပျံသန်းသွားစဉ် အသံဗလံ လုံးဝ မကြားခဲ့ရဟု သိရပါသည်။ သို့ရာတွင် သူ၏ဇနီး နောက်ပိုင်း စဉ်းစားတွေးတောပြီး ပြောပြခဲ့သည်မှာ သူတို့၏အိမ်ခေါင်မိုးပေါ်မှ ယင်းအရာဝတ္ထုကြီး ဖြတ်သန်းသွားစဉ် 'ရှီး'ဟူသော အသံသဲ့သဲ့ ကြားလိုက်မိသည်ဟု ထင်ကြောင်းပင် ဖြစ်၏။

ဗီလ်မော့မှာ သူ တွေ့မြင်ခဲ့ရသော ပန်းကန်ပြားပျံ (ထူးဆန်းသောယာဉ်ပျံကြီး) အကြောင်းကို သက်ဆိုင်ရာသို့ တင်ပြခဲ့၏။ သို့ရာတွင် သူ့စကားကိုမည်သူကမျှ အယုံအကြည် မရှိခဲ့ကြပေ။ ထို့ကြောင့် ရို့စ်ဝဲလ်မြို့မှ နေ့စဉ်သတင်းစာတစ်စောင်ဖြစ်သော နေ့စဉ်မှတ်တမ်း၌ ဗီလ်မော့ အဖြစ်ကို ဤသို့ရေးသား တင်ပြထားခဲ့လေသည်။

ယူဖိုး ခေါ်ပန်းကန်ပြားပျံနှင့် ပတ်သက်၍ ဗီလ်မော့ခမျာ အများတကာ၏ ရယ်စရာ ဖြစ်ခဲ့ရလေတော့သည်။ သူသည် ရို့စ်ဝဲလ်မြို့သား လေးစားထိုက်သော လူကြီးလူကောင်းတစ်ဦး ဖြစ်၏။ ဗီလ်မော့မှာ မိမိ တွေ့မြင်ခဲ့ရသောပန်းကန်ပြားပျံကြီးနှင့်ပတ်သက်၍ မိမိ နည်းတူ မြင်တွေ့လိုက်ရသော မျက်မြင်သက်သေ တစ်စုံတစ်ယောက် ထွက်ပေါ်လာလေမည်လားဟု မျှော်လင့်စောင့်စားနေခဲ့ရာ ရက်သတ္တတစ်ပတ်ခန့်ပင် ကြာခဲ့လေပြီ

စသည်ဖြင့် ဗီလ်မော့နှင့်ပတ်သက်၍ ဝေဖန်တင်ပြထားပါသည်။ သို့ရာ

တွင် ဝီလ်မော့ မျှော်လင့်စောင့်စား ထားသကဲ့သို့ မြင်ဖော်မြင်ဖက် သက်သေ တစ်စုံတစ်ယောက်မျှ ဇွန်လ ၈ ရက်နေ့တိုင် ထွက်ပေါ်မလာခဲ့ချေ။ မမျှော်လင့်ဘဲ ဇူလိုင်လ ၈ ရက်နေ့၌ ထူးထူးဆန်းဆန်း သတင်းထုတ်ပြန် ကြေညာချက် တစ်ရပ် ထွက်ပေါ်လာခဲ့သည်။ ယင်း သတင်းကို ရို့စ်ဝဲလ် လေတပ်ဌာနချုပ်မှ သတင်းနှင့်ပြန်ကြားရေးဌာန တာဝန်ခံ အရာရှိက ထုတ်ပြန်ခဲ့ခြင်း ဖြစ်လေသည်။ ယင်းသတင်းကို ဖတ်ရှုရသူ ဝီလ်မော့မှာ အထူးကျေနပ် အားရဝမ်းသာ ဖြစ်နေမိတော့သည်။ အဘယ်ကြောင့်ဆိုသော် နွေနှောင်းလ၏ ညတစ်ညမှ သူ တွေ့ကြုံမြင်လိုက်ရသော အာကာသယာဉ်ကြီးမှာ ရို့စ်ဝဲလ်မြို့၌ ဖြစ်ပွားခဲ့သည့် ပန်းကန်ပြားပျံတစ်စင်း ပျက်ကျခဲ့ခြင်း၏ ရှေ့ပြေးပဏာမဖြစ်၍ပင်။

ဤသတင်းမှာ နောင်အခါ ခြေရာပျောက် လျှို့ဝှက်သတင်း ဖြစ်ခဲ့ပြီး အမေရိကန်ပြည်သူလူထု တစ်ရပ်လုံး မကျေမနပ် အုံကြွသည့် အခြေသို့ပင် ဆိုက်ခဲ့ရ၏။ ကနဦးက ဤကဲ့သို့ လျှို့ဝှက်ခြင်း၊ သတင်းမှောင်ချခြင်း၊ တားမြစ်ပိတ်ပင်ခြင်း တစ်နည်းဆိုရသော် သတင်းမှန် ခြေပေါက်ကာ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ရသည့်အခြေသို့ မဆိုက်ခဲ့သေးပေ။

အခန်း (၂) အစပိုင်းက ဖော်ပြခဲ့သည့် မစ္စစ်စလက်ပီ ဆိုသည့် တယ်လီတိုက်ပ် အော်ပရေတာမကလေး အကြောင်းကို စာရှုသူတို့ မှတ်မိကြပေလိမ့်ဦးမည်။ သူမသည် အာလ်ဘူကာကွီးမြို့ ကုတ် (KOAT) ပုဂ္ဂလိကပိုင် ရေဒီယိုပို့ဆက်ဌာနမှ တယ်လီတိုက်ပ် အော်ပရေတာမလေး ဖြစ်၏။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့က သူမထံသို့ ရို့စ်ဝဲလ်မြို့ ကေအက်စ်ဒဗလျူအက်စ် (KSWS) မှ သတင်းထောက် ဂျွန်နီမက်ဘွိုင်က သတင်းဦးတစ်ပုဒ် ပို့ခိုင်းခဲ့လေသည်။ သူမလည်း ဂျွန်နီ၏သတင်းကို စတင် ရိုက်နေစဉ် သူမ၏ တီဒဗလျူအိပ်ကစ် (TWX) တယ်လီတိုက်ပ်စက်တွင် အမည် မဖော်ပြသည့်သူ တစ်ဦးထံမှ သတင်းဆက်လက် မပို့ရန် တားမြစ်သည့်အမိန့် ထူးဆန်းစွာ ရရှိခဲ့၏။

အဆိုပါ မစ္စစ်စလက်ပီနှင့် ထူးဆန်းသောအမိန့် ဖြစ်ပွားခဲ့ပြီးနောက် တစ်နေ့ ဇူလိုင်လ ၈ ရက်နေ့ ဖြစ်ပါသည်။ ထိုနေ့တွင် ရို့စ်ဝဲလ်မြို့၌ ပန်းကန်ပြားပျံတစ်စင်း ပျက်ကျခဲ့သည့် သတင်းကို ရို့စ်ဝဲလ်လေတပ်ဌာနချုပ်မှ သတင်းနှင့်ပြန်ကြားရေးဌာနတာဝန်ခံအရာရှိက ထုတ်ပြန်ခဲ့၏။ ယင်းထုတ်ပြန်ချက်မှာလည်း ရို့စ်ဝဲလ်မြို့ လေတပ်မတော် စစ်ဌာနချုပ် ခေါ် အာအေအေအက်ဖ် (RAAF)မှ သတင်းနှင့် ပြန်ကြားရေးဌာန တာဝန်ခံအရာရှိ ဗိုလ်ဝေါလ်တာဟက် ***(Leutenant Walter Haut)*** ကိုယ်တိုင် စိစစ်ပြီးမှ ရှောရှောရှုရှု သဘောတူ ခွင့်ပြုခဲ့ခြင်းပင် ဖြစ်ပါသည်။

အမှန်စင်စစ် ဤသတင်းကြေညာချက်ကို လက်ဖိတင်နင် ဝေါလ်တာ ဟတ် ထုတ်ပြန်လိုက်စဉ်က သူ၏အထက်မှ တပ်ရင်းမှူး ဗိုလ်မှူးကြီး (နောင်အခါ ဗိုလ်ချုပ်ကြီး ဖြစ်သွားခဲ့သည်။) ဝီလျံဘလန်ချတ် *(William Blanchard)* ၏ အမိန့်တစ်စုံတစ်ရာ ရရှိခြင်း မပြုဘဲ လက်လွတ်စပယ် ထုတ်ပြန်မိခဲ့ခြင်း ဖြစ်၏။ နောင်အခါ၌ ယင်းကိစ္စနှင့်ပတ်သက်၍ ဗိုလ်ဝေါလ်ဘာဟက်မှာ နောင်တကြီးစွာ ရခဲ့လေတော့သည်။

ထိုစဉ် ခွင့်ပြုသည့်သတင်း ပြန်ကြားချက်ကို ရှိစ်ဝဲလ်မြို့မှ သတင်းစာတိုက် အသီးသီးသို့ ထုတ်ပြန်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းထုတ်ပြန်ကြေညာချက်မှာ အောက်ဖော်ပြပါ အတိုင်း ဖြစ်ပါသည်။

ရှိစ်ဝဲလ်တပ်မတော်(လေ)စစ်ဌာနချုပ်၊

ရှိစ်ဝဲလ်မြို့နယ်ယူးမက္ကဆီကိုပြည်နယ်၊

နေ့စွဲ၊ ဇူလိုင် ၈ ရက်နေ့ ၁၉၄၇ ခုနှစ်၊ နံနက်ပိုင်း။

လူအများ ပန်းကန်ပြားပျံနှင့်ပတ်သက်၍ အမျိုးမျိုး ကောလာဟလ သတင်းများ ဖြစ်နေခဲ့ကြရာ ယမန်နေ့က ယင်းအာကာသထဲ၌ ထူးဆန်းစွာ ပျံသန်းနေကြသော ပန်းကန်ပြားပျံများ အမှန်တကယ်ပင် ရှိကြောင်း လက်ဆုပ် လက်ကိုင် တွေ့ရှိခဲ့ရလေပြီ။ ဖြစ်ပွားပုံမှာ ရှိစ်ဝဲလ်မြို့ တပ်မတော်လေတပ်စခန်း တပ်ရင်း(၈) ဗုံးကြဲတိုက်လေယာဉ်အုပ်စု (၅၀၉) ထောက်လှမ်းရေးဌာနမှ ပန်းကန် ပြားပျံကြီးတစ်စင်းကို သိမ်းပိုက်ရရှိခဲ့၏။ ယင်း ပန်းကန်ပြားပျံကြီးကို သိမ်းယူရရှိ ခဲ့ရာ၌ ဒေသခံ နွားခြံပိုင်ရှင်တစ်ဦးနှင့် ချက်ဗ်မြို့နယ်အုပ်ချုပ်ရေးနှင့် တရား စီရင်ရေး ဥက္ကဋ္ဌရုံးတို့၏ ပူးပေါင်းကူညီ ဆောင်ရွက်မှုကြောင့် ဖြစ်ပါသည်။

လွန်ခဲ့သော ရက်သတ္တပတ် အတွင်းက ရှိစ်ဝဲလ်မြို့အနီး နွားခြံကြီး တစ်ခုအတွင်း ပန်းကန်ပြားပျံကြီးတစ်စင်း ထိုးဆင်းခဲ့၏။ ထိုဒေသမှာ ခေါင်လွန်း သဖြင့် တယ်လီဖုန်းဆက်သွယ်ရေး မရှိပေ။ ထို့ကြောင့် နွားခြံရှင်က ယင်းပန်းကန် ပြားပျံကြီးကို မိမိ၏အိမ်၌ပင် သိမ်းဆည်းထားခဲ့ရသည်။ ၎င်းနောက်မှ မြို့နယ် အုပ်ချုပ်ရေးဥက္ကဋ္ဌရုံးသို့ သွားရောက် ဆက်သွယ် အကြောင်းကြားခဲ့ပြီး ၎င်းမှ တစ်ဆင့် လေတပ်မတော် ဗုံးကြဲတိုက်လေယာဉ်အုပ်စု(၅၀၉) ထောက်လှမ်း ရေးဌာန ဗိုလ်မှူးဂျက်စီအေမာဆဲလ် *(Jesses A.Marcel)* ထံ ဆက်သွယ် အ ကြောင်းကြားခဲ့ကြခြင်း ဖြစ်လေသည်။

ထိုသတင်းကို ရလျှင်ရချင်း သက်ဆိုင်ရာ ထောက်လှမ်းရေး (တိုက် လေယာဉ်)က သွားရောက်ကာ နွားခြံပိုင်ရှင်ထံမှ သိမ်းဆည်းသယ်ယူခဲ့ကြ၏။ ၎င်းအာကာသယာဉ်ကြီးကို ရှိစ်ဝဲလ်တပ်မတော်လေတပ်စခန်း၌ ကြည့်ရှုစစ်

ဆေးခဲ့ကြ၏။ ထို့နောက် ဗိုလ်မှူးမာဆဲလ်က အထက်တပ်မတော် စစ်ဌာနချုပ် များသို့ လွှဲပြောင်းပေးအပ်လိုက်ပါသည်။

ယခု အထက်ဖော်ပြပါ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့စွဲပါ အာရ်အေအေအက်ဖ် (RAAF) ၏ တရားဝင်ထုတ်ပြန်ခဲ့သော သတင်းကို သတင်းစာ အဖွဲ့ဝင်များ (အေပီ) နှင့် နယူးယောက်တိုင်းသတင်းစာ ကြေးနန်းသတင်းဌာန (ရိုက်တာသတင်းဌာန) အဖွဲ့ဝင်များနှင့် အခြား အေဂျင်စီတို့က အားရဝမ်းသာ သတင်းယူသွားခဲ့လေသည်။ နောက်နေ့ထုတ် နေ့စဉ်သတင်းစာကြီး အသီးသီး၌ လည်းကောင်း၊ နိုင်ငံခြားဂျာနယ်မဂ္ဂဇင်း စာစောင်အသီးသီးတွင် လည်းကောင်း၊ လန်ဒန်မြို့ထုတ် ကမ္ဘာကျော် လန်ဒန်တိုင်းသတင်းစာကြီး၌ လည်းကောင်း ထိုသတင်း ပါရှိလာခဲ့လေသည်။

ယင်းကဲ့သို့ ရို့စ်ဝဲလ်လေတပ်မတော်စစ်ဌာနချုပ် (RAAF) မှ သတင်း မထုတ်မီ ယမန်နေ့ကပင် အေပီ (AP) သတင်းတစ်ရပ်မှာလည်း ကြေးနန်းသတင်း ဌာန အသီးသီးသို့ ရောက်နှင့်ပြီး ဖြစ်နေခဲ့လေသည်။ ထိုသတင်းကို သတင်းစာတို့ ၌ ဇူလိုင်လ ၇ ရက် ဆန်ဖရန်စစ္စကို ဟူ၍ သတင်းထုတ်ပြန်သည့်နေ့စွဲကို ဖော်ပြထား၏။ သတင်းစာ ရှေ့မျက်နှာဖုံး ခေါင်းစဉ်အောက်၌ စာလုံးမည်း ကြီးဖြင့် *ပန်းကန်ပြားပျံများကို ယခုအခါ အမေရိကန်ပြည်ထောင်စု ပြည်နယ် အများအပြား၌ တွေ့မြင်နေကြရပြီဖြစ်ကြောင်း* ဟူ၍ ရေးသား ဖော်ပြထား သည်ကို ဖတ်ရှုရလေသည်။

ယင်းသတင်းမှာ အမေရိကန်ပြည်ထောင်စု၌ လွန်ခဲ့သော ရက်သတ္တ နှစ်ပတ်မှစ၍ ယူဖိုများကို တွေ့မြင်ခဲ့ရသော ကိစ္စနှင့်စပ်လျဉ်း၍ အလွှန်အလွှန် များပြားလာခဲ့ပုံအကြောင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ ဤသတင်းမှာ နောက်တစ်နေ့၌ တစ်ကမ္ဘာလုံး ရေပန်းစားသွားခဲ့သည့် ရို့စ်ဝဲလ်မြို့က ဖြစ်ရပ် မှန်၏ ပဏာမ နိဒါန်းပင် ဖြစ်လေသည်။

**ရို့စ်ဝဲလ်နေ့စဉ်မှတ်တမ်းသတင်းစာကြီး**မှာ ဤကဲ့သို့သော သတင်းမျိုး (သတင်းထူး သတင်းဦး) ဆိုပါလျှင် ဘယ်သောအခါမှ ရေးသားဖော်ပြရန် လက်မနှေးခဲ့ပါချေ။ ဇူလိုင် ၈ ရက်နေ့ထုတ် ၎င်းသတင်းစာကြီး၌ ယင်းပန်းကန် ပြားပျံကြီး ပျက်ကျခဲ့သည့်သတင်းနှင့်ပတ်သက်၍ ရေးသားထားသော ဆောင်းပါး တစ်ပုဒ်ကို ဖတ်ရှုလိုက်ရပေသည်။ ခေါင်းစဉ်ကို ဤသို့ တပ်ထား၏။

**အာရ်အေအေအက်ဖ် (RAAF) *(Roswell Army Air Field)* ရို့စ်ဝဲလ် တပ်မတော် (လေ) စစ်ဌာနချုပ်မှ ပန်းကန်ပြားပျံကြီးတစ်စင်းကို ရို့စ်ဝဲလ် ဒေသ၌ သိမ်းဆည်းရခဲ့ခြင်း။ ယင်းသို့ ပန်းကန်ပြားပျံကြီး အကြောင်းနှင့် ပတ်သက်၍မူ**

အသေးစိတ် ဖော်ပြထားခြင်း မရှိ ဟူ၍ ဖြစ်ပါသည်။

ယင်းဆောင်းပါး၌ ဆက်လက် ရေးသားဖော်ပြထားသည်မှာ ယခင်က ပန်းကန်ပြားပျံများ ရှိ မရှိ အငြင်းပွားမှု ပြဿနာ၏အဖြေနှင့် အာရုံအေအေ အက်ဖ်မှ ထိုသတင်းကို ပိတ်ပင်တားမြစ်တော့မည့် အခြေအနေကို အရိပ်အမြွက် ရည်ညွှန်းရေးသားထားလေသည်။ အဆိုပါ ဆောင်းပါး၌ ဆောင်းပါးရှင်၏ ထောက်ကွက်ကလေးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ရှိစ်ဝဲလ်တပ်မတော် (လေ) စစ်ဌာနချုပ် ဗုံးကြဲတိုက်လေယာဉ်အုပ်စု (၅၀၉) ထောက်လှမ်းရေးဌာနမှ ယနေ့ မွန်းတည့်အချိန်၌ သတင်းတစ်ရပ် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ၎င်းမှာ တပ်မတော် (လေ) စစ်ဌာနချုပ်မှ ပန်းကန်ပြားပျံကြီး တစ်စင်းကို သိမ်းဆည်းရခဲ့မိကြောင်းပင် ဖြစ်၏။

ထောက်လှမ်းရေးဌာနအရာရှိ ဗိုလ်မှူးဂျက်စီအေမာဆဲလ်၏ ထုတ်ပြန်ကြေညာခဲ့သည့် ကြေညာချက်အရ ဖော်ပြထားသည်မှာ ရှိစ်ဝဲလ်မြို့ နယ်နိမိတ်အတွင်းရှိ နွားခြံတစ်ခု အတွင်းမှ ပန်းကန်ပြားပျံကြီးကို စတင် တွေ့ရှိခဲ့ရခြင်း ဖြစ်သည် ဆို၏။ နွားခြံပိုင်ရှင်က မြို့နယ်အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမှူး (ရှုရစ်ဖ်) ဂျော့ဝီလ်ကော့*(George Wilcox)* ထံ အကြောင်းကြားခဲ့ရာ ဝီလ်ကော့ ကိုယ်တိုင် အချင်းဖြစ်ပွားရာသို့ လိုက်သွားခဲ့၏။ ဝီလ်ကော့လည်း သတင်းပေးပို့လာရောက် တိုင်ကြားသည့်အတိုင်း နွားခြံပိုင်ရှင်၏ အိမ်ပရဝဏ် အတွင်း၌ ပန်းကန်ပြားပျံကြီးကို တွေ့ရှိခဲ့ရလေသည်။

ရှိစ်ဝဲလ် ထောက်လှမ်းရေးဌာနမှ ၎င်းပန်းကန်ပြားပျံကြီးကို စစ်ဆေးကြည့်ရှုခဲ့ပြီး အထက်ဌာနချုပ်ထံသို့ လေကြောင်းခရီးဖြင့် တစ်ဆင့်လွှဲပြောင်း ပေးအပ်ခဲ့လေသည်။

ထောက်လှမ်းရေးဌာနမှ ရှိစ်ဝဲလ်မြို့ နယ်နိမိတ်အတွင်း ဖျက်ကျခဲ့သော အဆိုပါ ပန်းကန်ပြားပျံကြီးနှင့် ပတ်သက်၍ အသေးစိတ်ကိုသော် လည်းကောင်း၊ ယာဉ်ကြီး၏ပုံပန်းသဏ္ဌာန် အချက်အလက်ကိုသော် လည်းကောင်း ဖော်ပြထားခြင်း မရှိပေ ဟူ၍ ရှိစ်ဝဲလ်နေ့စဉ်မှတ်တမ်း (ရှိစ်ဝဲလ်ဒေလီရီကော့)သတင်းစာ၌ ဆောင်းပါးရှင်က ထောက်ပြထားလေသည်။

ထို့ပြင် ၎င်းနေ့ထုတ် ဇူလိုင်လ ၈ ရက်နေ့ ရှိဝဲလ်နေ့စဉ်မှတ်တမ်း၌ပင် တစ်ပြိုင်တည်း ပါလာခဲ့သော အခြား ဆောင်းပါးရှင်တစ်ဦး၏ ဆောင်းပါးတစ်ပုဒ်ကိုလည်း ဖတ်ရှုရပါသည်။ ယင်းသတင်းမှာ ဘရာဇီလ်နိုင်ငံ ကာရီဂိုဇီ ပွဂ္ဂလိကပိုင် လေယာဉ်ကွင်းမှ အချက်ပြ ဆက်သွယ်ရေးအော်ပရေတာနှင့် လေယာဉ်မှူး (ပိုင်းလော့)ပေးပို့ခဲ့သော ပန်းကန်ပြားပျံသတင်းပင် ဖြစ်၏။ အဆိုပါ ကာရီဂိုဇီ

လေယာဉ်ကွင်းမှာ အချင်းဖြစ်ပွားရာ ရိုစ်ဝဲလ်ပန်းကန်ပြားပျံပျက်ကျသည့် နွားခြံနှင့်ဆိုပါလျှင် အကွာအဝေးအားဖြင့် (၃၅)မိုင်မျှ ကွာဝေးလေသည်။ ထိုဆောင်းပါး၌ ယင်းအကြောင်းနှင့်ပတ်သက်၍ ဤသို့ ရေးသားဖော်ပြထား၏။

ကာရီဇိုဇို လေကြောင်းစခန်းသည်တင် လေယာဉ်ကွင်းမှ အချက်ပြဆက်သွယ်ရေးအော်ပရေတာ မတ်ခ်ဆလုံး *(Mark Sloan)* ဆိုသူက ရိုစ်ဝဲလ်မြို့အနီး ပျက်ကျခဲ့သော ပန်းကန်ပြားပျံကြီးနှင့် အလားသဏ္ဍာန်တူ တစ်စင်းကို မိမိတို့၏လေယာဉ်ကွင်း ကာရီဇိုဇို အထက်အမြင့်ပေ(၄၀၀၀)မှ (၆၀၀၀)ခန့်ဆီမှ လျှင်မြန်သောအဟုန်ဖြင့် ပျံသန်းသွားခဲ့သည်ကို တွေ့မြင်လိုက်ရကြောင်း ပြောပြ၍ သိရှိရလေသည်။

ဆလုံးက ဆက်လက် ပြောပြခဲ့သည်မှာ အဆိုပါ ပန်းကန်ပြားပျံကြီးကို မိမိနှင့်အတူတကွ မြင်တွေ့ခဲ့ရသူများမှာ လေကြောင်းနည်းပြဆရာ ဂရက်ဒီဝါရင် *(Grady Warren)* နှင့် လေယာဉ်မှူးများ ဖြစ်ကြသည့် နိုလန်လပ်လေ့စ် *(Nolan Lovelace)*။ ရေးရှာဖာ *(RayShafer)* နှင့် အခြား တစ်ဦးတို့ ဖြစ်ကြပါသည်။ အချက်ပြဆက်သွယ်ရေးအော်ပရေတာ ဆလုံးက ဖြစ်ပျက်ခဲ့ပုံအကြောင်းစုံကို ဤသို့ တိတိကျကျ ပြောပြခဲ့၏။

"နံနက်(၁၀)နာရီလောက်ရှိပြီ ဒီအချိန်မှာပဲ ကျွန်တော်တို့ ပန်းကန်ပြားပျံတစ်စင်း ပျံသန်းလာနေသည်ကို စတင် သတိပြုမိခဲ့ကြတယ်။ ပထမတော့ ငှက်ကလေးတစ်ခု လေထဲ လွင့်ပါနေတာ ထင်ပါရဲ့လို့ ကျွန်တော်တို့တစ်တွေ ယူဆခဲ့မိကြပါတယ်။ ဘာပြုလို့လဲဆိုတော့ အဲဒီအရာဟာ ဟိုးအမြင့်မှာ ဟိုဘက်ဒီဘက် ယိမ်းထိုးလှုပ်ရှားနေလို့ပါပဲ။ နောက်တော့မှ အဲဒီအရာ ရွေ့လျားပုံမှာ မတရား မြန်တဲ့နှုန်းနဲ့ ပျံသန်းနေကြောင်း သိရတဲ့အတွက်၊ တန်တော့ ဒါဟာ ပန်းကန်ပြားပျံတစ်စင်းပဲဖြစ်ရမယ်လို့ ကျွန်တော်တို့ ဆုံးဖြတ်ခဲ့ကြပါတယ်"

"ကျွန်တော်တို့ ခန့်မှန်းမိသလောက်ဆိုရင် ဒီပန်းကန်ပြားပျံကြီးဟာ တစ်နာရီ မိုင်(၂၀၀)နဲ့ မိုင်(၆၀၀)ကြားမှာ ရွေ့လျားပျံသန်းနေတယ်လို့ ထင်ပါတယ်"

"ဒီပန်းကန်ပြားပျံကြီးဟာ ကျွန်တော်တို့ လေယာဉ်ကွင်းပေါ်ကနေ ဖြတ်ပြီး အနောက်တောင်လမ်းကြောင်းက အနောက်မြောက်အရပ်ဆီသို့ တစ်ဟုန်ထိုး ပျံသန်းသွားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ မြင်လိုက်ရတဲ့ အချိန်ဆိုရင်၊ (၁၀)စက္ကန့်လောက်ပဲ ကြာပါလိမ့်မယ်"

အထက်ပါ ဆောင်းပါး၌ ဖော်ပြခဲ့သော အချက်ပြ ဆက်သွယ်ရေးအော်ပရေတာ မတ်ခ်ဆလုံး၏ ပြောစကားများကိုကြည့်လျှင် သံသယဖြစ်ဖွယ်ရှိနေပေသည်။ ရိုစ်ဝဲလ်ကိစ္စကို ဆလုံးကိုယ်တိုင် သိပါလျက် မသိကျိုးကျွန်ပြုကာ

တမင် လေသံပစ်နေ ခြင်းလောဟု တွေးတောဖွယ် ဖြစ်နေပါသည်။ ထိုသူတို့သည် ရိုစ်ဝဲလ်ပန်းကန်ပြားပျံကြီးတစ်စင်း ပျံသန်းသွားခဲ့သည်ကို တွေ့မြင်လိုက်ကြသူများ ဖြစ်၏။

ကျွန်ုပ်တို့ ကမ္ဘာမြေပြင်မှ လေယာဉ်ပျံများသည် မကြာမကြာ ဆိုသကဲ့သို့ ရာသီဥတု ဆိုးရွားမှုဒဏ်၊ ဥပမာ-မိုးလေဝသမုန်တိုင်း စသည့် သဘာဝဘေး အန္တရာယ်တို့နှင့် ကြုံတွေ့ကြရသဖြင့် ပျက်ကျခြင်းများ ဖြစ်ပွားတတ်ပါသည်။ ယခုလည်း ယူဖိုး ခေါ် ပန်းကန်ပြားပျံကြီးမှာ ယင်းသို့သော သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသဖြင့် ပျက်ကျခဲ့ခြင်း ဖြစ်ကောင်းဖြစ်နိုင်စရာရှိသည်။ အချင်းဖြစ်ပွားရာ ရိုစ်ဝဲလ်ဆင်ခြေဖုံး နွားခြံဒေသမှ အနောက်မြောက်(၇၅)မိုင်ခန့် ကွာဝေးသည့် နယူးမက္ကဆီကိုပြည်နယ် မြေပြန့်လွင်ပြင် ကုန်းခင်းဒေသတစ်ဝိုက် အလွန် ဆိုးရွားပြင်းထန်သည့် လျှပ်စစ်မုန်တိုင်းများကြောင့် လေယာဉ်များ ပျက်ကျခဲ့သည့် သာဓကများ ယခင်က ရှိခဲ့ပါသည်။

အထက်ဖော်ပြခဲ့ပြီး အာအေအေအက်ဖ် (RAAF) မှ သတင်းနှင့်ပြန်ကြားရေးဌာနအရာရှိ ဟတ်၏လက်မှတ်နှင့် ဇူလိုင်လ ၈ ရက်နေ့စွဲပါ ထုတ်ပြန်ခဲ့သည့် သတင်းမှာ အမှန်စင်စစ် သတင်းစာလောကအနေဖြင့် ပြီးပြည့်စုံသည့်လုံလောက်သော သတင်းတစ်ရပ်ဖြင့် မဟုတ်ပါပေ။ နောက်ဆက်တွဲ မျက်မြင်သက်သေတို့၏ ပြောပြချက်များ ကျန်ရှိနေပေသေးသည်။ မျက်မြင်သက်သေဆိုရာဝယ် နွားခြံပိုင်ရှင်များ၊ တပ်မတော်သားများ၊ မြို့ပြအင်ဂျင်နီယာတစ်ဦး၊ ရှေးဟောင်းကျောက်စာဌာနမှ လေ့လာရေးကွင်းဆင်း ကျောင်းသားတစ်စုနှင့် ဥပဒေဝန်ထမ်းအရာရှိများ ဖြစ်ကြပါသည်။ ဤသူများသည် အချင်းဖြစ်သည့်နေ့က ရိုစ်ဝဲလ်မြို့ နယ်နိမိတ်အတွင်း၌ပင် အာကာသယာဉ်ကြီး(ပန်းကန်ပြားပျံကြီး)ကို နေရာဒေသနှစ်ခု၌ အသီးသီး မြင်တွေ့လိုက်ကြရ၏။ ယင်းတို့ မြင်ခဲ့မိလိုက်သော ပန်းကန်ပြားပျံကြီးမှာ ယခု ပျက်ကျခဲ့သော ပန်းကန်ပြားပျံကြီးနှင့် ကံအားလျော်စွာ ဆက်စပ်နေလေသည်။

ထိုမြင်သက်သေ ကြားသက်သေတို့အပြင် တိကျခိုင်လုံသောသတင်း တစ်ရပ်ကလည်း ထွက်ပေါ်လာခဲ့ပြန်၏။ ယင်းသတင်းမှာ ရိုစ်ဝဲလ်မြို့အနီး နွားခြံတစ်ခုတွင် ဒုတိယပန်းကန်ပြားပျံကြီး ပျက်ကျခဲ့ကြောင်း အာကာသယာဉ်ကြီးပေါ်  စီးနင်းလိုက်ပါလာခဲ့ကြသော လူနှင့်တူသည့် သတ္တဝါများ(Humanoid Creatures) မှာ (၆)ယောက်ထက်မနည်းဟု သိရှိခဲ့ရ၏။ အဆိုပါ လူနှင့်တူသည့် ဂြိုဟ်သားများမှာ ဖြူဆွတ်သော အသားအရေရှိကြပြီး သူတို့အရပ်အမောင်းမှာ(၄)ပေခန့်သာ မြင့်ကြသည်ဆို၏။ ထိုသူတို့ကိုယ်၌ ဝတ်ဆင်ထားကြသည်မှာ

လေထီးခုန်စစ်သားတို့ ဝတ်ဆင်ကြသည့် ဘွိုင်လာဆွပ်(အကျီဘောင်းဘီတစ်ဆက်တည်း)ကဲ့သို့ ယူနီဖောင်းမျိုး ဖြစ်သည်ဟု သိရှိရပါသည်။

ရင်းအပြင် ပျက်ကျခဲ့သော ပန်းကန်ပြားပျံကြီးမှာလည်း ထူးဆန်းစွာ ပျက်စီးသွားခြင်းမျိုး ဖြစ်သည်ဟု သတင်းထုတ်ပြန်ချက်၌ မရည်ညွှန်းခဲ့ပေ။ ဤနေရာ၌ ထူးဆန်းစွာ ပျက်စီးသွားခြင်းဆိုသည့် ဝိသေသကိုရှင်းရန်လိုပါသည် အစဉ်အလာအားဖြင့် ပန်းကန်ပြားပျံများ ကမ္ဘာမြေပေါ် ပျက်ကျခဲ့သမျှ လုံးဝ အစအနပင်ရှာမရအောင် ဖြစ်ခဲ့သည့်နောက် နောက်သာဓကများ ရှိခဲ့ဖူးပါသည်။ ဤသို့ဖြစ်ရသည်မှာလည်း ပန်းကန်ပြားပျံတို့၏ ဇစ်မြစ်ဌာနီမှ မဟာပညာကျော်ကြီးတို့၏ အစီအမံပင် ဖြစ်ဟန်တူ၏။ သို့မှသာ ယင်းတို့၏ ဇာစ်မြစ်သဘာဝနှင့် အလွန့်အလွန် တိုးတက်မြင့်မားသော စက်မှုသိပ္ပံအတတ်ပညာတို့ကို ကျွန်ုပ်တို့ လူသားတို့ ခြေရာမကောက်နိုင် ပေမည်။

ထို့ပြင်ပျက်ကျခဲ့သော အာကာသယာဉ်ကြီးကို တည်ဆောက်ထားသည့် သတ္တုပစ္စည်းများမှာလည်း မည်သည့်သတ္တုအမျိုးအစား ဟူ၍ မဖော်ပြခဲ့ပေ။ တပ်မတော်ထောက်လှမ်းရေး(လေ)စစ်ဌာနချုပ် ဗိုးကြတိုက်လေယာဉ်အုပ်စု (၅၀၉) မှ ဗိုလ်မှူးမာဆဲလ်က ဤအာကာသယာဉ်ကြီးမှာ ကျွန်ုပ်တို့ကမ္ဘာပေါ်မှ လူသားတို့၏ အတတ်ဖြင့်တည်ဆောက်ထားသော ယာဉ်မဟုတ်ဟုသာ ဖော်ပြခဲ့ပါသည်။ သို့ရာတွင် သတင်းစာတိုက် အသီးသီးသို့ နောက်ပိုင်းကာလ ပေးပို့ခဲ့ကြသည့် မှက်မြင်သတင်းအများအပြား ရောက်ရှိလာခဲ့ပါသည်။ အဆိုပါ ရိုစ်ဝဲလ်ပန်းကန်ပြားပျံကြီးနှင့် ပတ်သက်သည့် ပေးပို့ခဲ့ကြသော သတင်းအချို့ ဆိုပါလျှင် ဗိုလ်မှူးမာဆဲလ်၏ သတင်းထုတ်ပြန်ချက်၌ မပါဝင်ခဲ့ချေ။ ရင်းသတင်းတို့မှာ သစ်သားကဲ့သို့ပစ္စည်း (သို့ရာတွင်သစ်သားမဟုတ်)မျိုးပေါ်မှာ ရေးသားသည့် ဒူးဂဏန်း ကျေးဂဏန်းကဲ့သို့ အရေးအသား ***(Hieroglyphic-Like Writing)*** သို့မဟုတ် မှတ်တမ်းအက္ခရာများနှင့် ရင်းနှင့်အလားသဏ္ဍာန်တူ ပန်းကန်ပြားပျံကြီး၏ ပိုင်းလော့ခန်း နံရံပေါ်မှ စာများကို တွေ့ရှိခဲ့ကြသည့် အကြောင်းပင် ဖြစ်ပါသည်။

ဤရိုစ်ဝဲလ်သတင်းကို ထုတ်ပြန်မှုနှင့်ပတ်သက်၍ 'အသွားမတော်တစ်လှမ်း အစားမတော်တစ်လုတ်'ဆိုသကဲ့သို့ နောင်တကြီးစွာ ရခဲ့ရသူမှာ ရိုစ်ဝဲလ် တပ်မတော် (လေ) စစ်ဌာနချုပ် ပြည်သူ့သတင်းနှင့် ပြန်ကြားရေးအရာရှိ ဗိုလ်ဝေါလ်တာဟတ်ပင် ဖြစ်ပါသည်။အမှန်စင်စစ် ဟတ်၏ ပြည်သူ့သို့ ထုတ်ပြန်ခဲ့မိသော ရိုစ်ဝဲလ် ပန်းကန်ပြားပျံသတင်းမှာ မဆိုစလောက်ပင် ဖြစ်ပါသည်။ ဤ ရိုစ်ဝဲလ်ကိစ္စနှင့်ပတ်သက်၍ အမေရိကန်ကာကွယ်ရေးဌာနဖြစ်သည့် ပင်တာ

ဌာန *(PENTAGON)* ရှိ အထက်အာဏာပိုင်တို့မှာ ဆက်လက်ပြီး မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို ခေါင်းချင်းရိုက် စည်းဝေးတိုင်ပင် ဆွေးနွေးနေခဲ့ကြလေသည်။ ဤအချိန်အတွင်း ရို့စ်ဝဲလ်မြို့၌ ပန်းကန်ပြားပျံကြီးနှင့် ပတ်သက်၍ ညီသည့်သတင်းမျှ ရေးသားခြင်း၊ ဝေဖန်ခြင်း၊ ထုတ်ပြန်ခြင်း မပြုလုပ်ကြရန် အားမြစ်သည့်အမိန့်တစ်ရပ် အထက်မှ ရောက်ရှိလာခဲ့၏။ (ပင်တာဂွန်ဆိုသည်မှာ အမေရိကန်ပြည် ဗာဂျီးနီးယားပြည်နယ် အာလင်တန်မြို့ *(Arlington)* ၌ရှိသော အမေရိကန်ပြည်ထောင်စု ကာကွယ်ရေးဌာန၏ အမည် ဖြစ်ပါသည်။ ၎င်းမှာ အနားညီ ပဉ္စဂံပုံသဏ္ဌာန် အဆောက်အအုံကြီးတစ်ခု ဆောက်လုပ်ထားပြီး ကာကွယ်ရေးဌာန လက်အောက်ရှိရုံးကို စုပေါင်းဖွင့်လှစ်ထားလေသည်။ ထို အဆောက်အအုံကို အစွဲပြု၍ ကာကွယ်ရေးဌာနကို ပင်တာဂွန် ဟူ၍ ခေါ်ဝေါ် သမုတ်ခြင်း ဖြစ်ပါသည်။)

အထက်အမိန့်အရ ရို့စ်ဝဲလ်မြို့၌ သတင်းပိတ်ပင်ထားခဲ့ပြီး နာရီပေါင်း အတန်ကြာပြီးနောက် သက်ဆိုင်ရာမှ သတင်းတစ်ရပ် ထုတ်ပြန် ကြေညာခဲ့လေသည်။ ထိုကြေညာချက်၌ ရို့စ်ဝဲလ်မြို့အနီး နွားခြံကြီးတစ်ခုအတွင်း လွန်ခဲ့သည့်ရက်များ မကြာမီက ပန်းကန်ပြားပျံကြီးတစ်စင်း ပျက်ကျခဲ့သည်ဆိုသော သတင်းမှာ မဟုတ်မမှန်ကြောင်း၊ ထိုပျက်ကျခဲ့သည့်အရာဝတ္ထုမှာ မိုးလေဝသနှင့် လေဗေဒဌာနမှ လွှတ်ခဲ့သော ရာသီဥတုတိုင်းတာသည့် မိုးပျံဘောလုံးကြီး တစ်ခုသာဖြစ်ကြောင်း ဟူ၍ ဖော်ပြထားလေသည်။ သတင်းစာ အသီးသီးက ယင်းကြေညာချက်ကို ဖော်ပြခဲ့ကြ၏။ သို့ရာတွင် ကမ္ဘာကျော် သတင်းစာကြီးတစ်စောင်ဖြစ်သည့် ဝါရှင်တန်ပို့စ်ကမူ ထိုသတင်းကို မဖော်ပြခဲ့ပေ။ ၎င်းသတင်းစာကြီးက ယင်းထုတ်ပြန်ကြေညာချက်မှာ 'မှောင်ချသတင်း' တစ်ရပ်သာဖြစ်ကြောင်း ရည်ညွှန်းရေးသားထားပေသည်။

ထိုအတောအတွင်း တက်ဆပ်ပြည်နယ်မြောက်ပိုင်း ဖို့ဝပ်သ်မြို့ရှိ တပ်ရင်း(၈)လေတပ်မတော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ရောဂျာအမ်ရာမေး *(Roger M.Ramey)* ထံ ပန်းကန်ပြားပျံကိစ္စနှင့် ပတ်သက်၍ ဒု-ကာကွယ်ရေး ဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး ဟိွုက်ဗန်ဒင်ဘတ် *(Hoyt Vandenburg)* ၏ အမိန့်ဖြင့် အမိန့်ပေး ညွှန်ကြားချက်တစ်ရပ် ရောက်ရှိလာခဲ့၏။

(အမေရိကန် တပ်မတော်ဖွဲ့စည်းပုံ၊ တပ်မတော် ကြည်း၊ လေနှင့် ရေကြောင်းတပ်တို့၌ ဤကဲ့သို့ ရာထူးအဆင့်ဆင့် ဖွဲ့စည်းထားရှိပါသည်။ ဗိုလ်မှူးကြီး၊ ၎င်းအထက် ဗိုလ်မှူးချုပ်၊ ၎င်းအထက် ဗိုလ်ချုပ်၊ ၎င်းအထက် ဒုတိယဗိုလ်ချုပ်

ကြီး၊ ၎င်းအထက် ဗိုလ်ချုပ်ကြီး ဟူ၍ ဖြစ်ပါသည်။ အမေရိကန်နေဗီ ခေါ် ရေတပ်မတော်၌မူ ကြည်းလေနှင့်မရိန်းတပ်များမှ ကာနယ်လ် ခေါ် ဗိုလ်မှူးကြီး အဆင့်နှင့် ဗိုလ်ကြီး(ကပ္ပတိန်) (နေဗီ) အဆင့်မှာ တူညီပေသည်။)

ထိုစဉ်က ပန်းကန်ပြားပျံကြီးမှာ ရိုစ်ဝဲလ်လေတပ်စခန်း (ယခုအခေါ် ဝေါ်ကားလေတပ်စခန်း) ၌ပင် ရှိနေသေးသည်။ သို့နှင့် ဗိုလ်မှူးချုပ်ရာမေးလည်း မိမိလက်အောက်မှ ဗိုလ်မှူးကြီး (ကာနယ်လ်) ဘလန်ချတ်အား ခေါ်ယူတွေ့ဆုံခဲ့ပြီး ရိုစ်ဝဲလ်ပန်းကန်ပြားပျံသတင်း ထုတ်ပြန်ခဲ့မှုနှင့် ပတ်သက်၍ မိမိသာမက ဒု-ဦးစီးချုပ် (လေ)ဒုတိယဗိုလ်ချုပ်ကြီး ဗန်ဒင်ဘာတ်က အလွန်စိတ်ဆိုးကြောင်းနှင့် ပြစ်တင်ပြောဆိုခဲ့လေသည်။ ထို့နောက် ရိုစ်ဝဲလ်လေတပ်စခန်းမှ ပန်းကန်ပြားပျံပျက်ကြီးကို တစ်စမကျန် ချက်ချင်း ဘီ (၂၉) စစ်လေယာဉ်ကြီးဖြင့် တင်ပို့ရန် အကြောင်းကြားခဲ့လေသည်။

ဤသို့အားဖြင့် ဗိုလ်မှူးကြီးဘလန်ချတ်ခမျာ ဗိုလ်ချုပ်နှစ်ဦးအကြား ဗျာများခဲ့ရလေတော့သည်။ ချက်ချင်းပင် အချိန်ဆွဲမနေနိုင်အားဘဲ မေဂျာ(ဗိုလ်မှူး) မာဆဲလ်အား ၎င်းကိုယ်တိုင် တာဝန်ယူပြီး ပန်းကန်ပြားပျံကြီးကို စစ်လေယာဉ် ဘီ (၂၉) ဖြင့် ဗိုလ်မှူးချုပ် ရာမေး၏ ဌာနချုပ်သို့ အရင်ပထမ သွားရောက်ပေးအပ်ရမည်ဖြစ်ကြောင်း အမိန့်ပေးစေခိုင်းခဲ့၏။ ၎င်းစစ်ဌာနချုပ်မှာ တက်ဆပ်ပြည်နယ် ဖို့ဝပ်သ်မြို့ရှိ ကားစဝဲလ်လေတပ်စခန်း ဖြစ်ပါသည်။ ယင်းဌာနချုပ်၌ ဒုတိယဗိုလ်ချုပ်ကြီး ဗန်ဒင်ဘာတ်ထံ မပို့သေးခင် ဗိုလ်ချုပ်ကိုယ်တိုင် အရင်စစ်ဆေးကြည့်ရှုဦးမည် ဖြစ်၏။ ထို့နောက်မှ အိုဟိုင်းယိုးပြည်နယ် ဒေတန်မြို့ ဝရိုက်ပက်တာဆင် စစ်လေယာဉ်ကွင်းသို့ ဒုဦးစီးချုပ်(လေ)အသေးစိတ်စိစစ်ပြီး ဆက်လက်အရေးယူဆောင်ရွက်ရန် ပန်းကန်ပြားပျံကြီးကို လွှဲပြောင်းပေးအပ်ရမည် ဖြစ်၏။

ဗိုလ်မှူးမာဆဲလ်လည်း အထက်မှပေးအပ်သည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ ထမ်းရွက်ခဲ့၏။ ဗိုလ်မှူးချုပ် ရာမေးလည်း ရောက်ရှိလာသော ပန်းကန်ပြားပျံကြီးကို ကိုယ်တိုင်ပင် အသေးစိတ် စစ်ဆေးကြည့်ခဲ့ပြီးလေပြီ။ ထို့နောက် ရာမေးသည် ဖို့ဝပ်သ်မြို့ရှိ အသံလွှင့်ဌာနမှ ရိုစ်ဝဲလ်ပန်းကန်ပြားပျံကြီးနှင့်ပတ်သက်၍ မိန့်ခွန်းတစ်ရပ်ကို ပြည်သူသို့ အသိပေး ကြေညာခဲ့ပါသည်။ ဗိုလ်မှူးချုပ် ရာမေး၏ အသံမှာ တုန်ယင်နေပြီး အထစ်ထစ်အငေါ့ငေါ့ ဖြစ်နေ၏။

"ပျက်ကျခဲ့တဲ့ ပန်းကန်ပြားပျံကြီးဆိုတာ မဟုတ်ပါဘူး ၊ အမှန်ကတော့ ရာသီဥတုတိုင်းတာတဲ့ မိုးလေဝသဌာနက လွှတ်ခဲ့တဲ့ မိုးပျံဘောလုံးကြီးတစ်ခု ပျက်ကျခဲ့တာသာ ဖြစ်ပါတယ်။

ယခုလို မှားမှားယွင်းယွင်းနဲ့ ကမောက်ကမ သတင်းထုတ်ပြန်မိခဲ့တာဟာလည်း သက်ဆိုင်ရာအရာရှိကြီးငယ်တို့ရဲ့ အလျင်စလို စိတ်လိုက်မာန်ပါပြုမူမိတဲ့ မှားယွင်းသတင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ တပ်မတော်မှာ အဲ. . ဘာတဲ့ ပန်းကန်ပြားပျံနှင့်တူတဲ့ စက်ကိရိယာဆိုတာ မရှိဖူးပါဘူး၊ အမှန်တော့ ပန်းကန်ပြားပျံဆိုတာ လောကမှာ မရှိတဲ့အရာသာဖြစ်ပါတယ်" ဟူ၍ ဗိုလ်ချုပ်ရာမေးက ဆင်သေကို ဆိတ်ရေဖုံးဘူးလုံးဖြင့် ကွယ်ခဲ့လေသည်။

ဤကဲ့သို့ အသံလွှင့်မိန့်ကြားခဲ့ပြီးနောက် ဖွိုဝပ်သိမြို့မှ ယုံလောက်အောင် မည်မျှပင် ပြောသော်လည်း နည်းနည်းကလေးမျှ မယုံကြသည့် သတင်းထောက်များက ဗိုလ်မှူးချုပ်အား ဝိုင်း၍ စောဒကတက်ကြလေတော့သည်။

"ဗိုလ်ချုပ် ပြောခဲ့တဲ့ မိုးလေဝသပူဖောင်းကြီးနဲ့ပါလာတဲ့ ရာသီဥတုတိုင်းထွာတဲ့ စက်ကိရိယာကို တစ်ဆိတ်လောက် ကျွန်တော်တို့ကိုပြပါ၊ ကြည့်ပါရစေ"

ဗိုလ်မှူးချုပ်မှာ ရှုးရှုးရှားရှားဒေါသွကာ "ကျုပ်ရုံးမှာ ထားတာပေါ့၊ အဲဒီမှာ ခုတိုင် ရှိနေတယ်" ဟူ၍ ဘုတောလေတော့သည်။ ထို့နောက်မှ ဗိုလ်မှူးချုပ်ရာမေးမှာ စိတ်ပြေသွားခဲ့ပြီး ဤသို့ လေပြေထိုးခဲ့လေ၏။

"လူကြီးမင်းတို့ကို ကျွန်တော် တစ်ခု တောင်းပန်ပါရစေ၊ ခုကိစ္စဟာ လူကြီးမင်းတို့အသိပဲ၊ အမှားမှားအယွင်းယွင်းနဲ့ ဖြုပ်မွှေခဲ့တာ ဖြစ်ပါတယ်။ ဒီတော့ လူဆိုတာဟာလည်း မမှားသောရှေ့နေ မသေသောဆေးသမား ဆိုသလိုပေါ့ဗျာ၊ အဲ. . မှားတဲ့အခါမှာလည်း မှားပေမပေါ့။

ခုပဲ ကြည့်လေ. . ကျွန်တော် အသံလွှင့်စဉ်က အထူးလေယာဉ်နဲ့ ဝရိုက်လေယာဉ်ကွင်းကို ပို့လိုက်ပါလို့ ပြောခဲ့မိပါတယ်။ဒီစကားကို ကျွန်တော် ရုပ်သိမ်းပါတယ်။ အဲ. . လူကြီးမင်းတို့ သတင်းစာမှာ ဒီစကားရပ်ကို မထည့်သွင်းစေချင်ပါဘူး၊ ပယ်ဖျက်လိုက်ကြပါစို့။

အစကနဦးက သက်ဆိုင်ရာသတင်းနှင့်ပြန်ကြားရေးဌာန အရာရှိကြီးငယ်တို့ ဒီမိုးလေဝသ မိုးပျံပူဖောင်း (ဘောလုံး) ကြီး ပျက်ကျခဲ့တာလို့ မှားယွင်းကြေညာမိခဲ့ကြတာဟာလည်း လူ့သဘာဝအတိုင်း မှားခဲ့ကြခြင်း ဖြစ်ပါတယ်။

ရှောမွှေးတစ်ပင်နဲ့ ဟာရာကာသီ မချဲ့စေချင်ဘူး။ ကဲ ခုတော့ ကျွန်တော်လည်း နားချင်ပြီ၊ ညနေမှ ထပ်မံတွေ့ကြသေးတာပေါ့"ဟူ၍ ဗိုလ်မှူးချုပ်ရာမေးက ချွေးသိပ်ခဲ့ပါသည်။'

သတင်းထောက်များ၊ သတင်းစာဆရာများမှာ ဗိုလ်မှူးချုပ်ရာမေး၏ မိုးပျံပူဖောင်း သရုပ်ဆောင်ရှင်းလင်းချက်ကို မယုံကြည်ခဲ့ကြပေ။ ဗိုလ်မှူးချုပ်မှာ သတင်းမှန်ကို ဖုံးကွယ်နေခဲ့ကြောင်း သံသယရှိခဲ့ကြ၏။ သို့ရာတွင် မဟုတ်မမှန် လုပ်ကြံမှုဖြစ်ကြောင်း ထောက်ပြစရာ သက်သေသက္ကာယ လက်ဆုပ်လက်ကိုင် မပြနိုင်ခဲ့ကြ၍ သတင်းစာဆရာတို့မှာ ငြိမ်နေခဲ့ကြသည်။ ဤသို့နှင့် ရို့စ်ဝဲလ် ပန်းကန်ပြားပျံကြီး ပျက်ကျသည့်ဖြစ်ရပ်မှာ ခရမ်းသီးကြီးဖြစ်ပါလျက်နှင့် မုန်လာဥ ဖြစ်ရသည့် အဖြစ်မျိုးနှင့် ကြုံခဲ့ရပြီး ရေစုန်မျောခဲ့ရလေသည်။ ဤရို့စ်ဝဲလ်မြို့က ဖြစ်ရပ်မှန်ဇာတ်လမ်းမှာ နှစ်ပေါင်းအားဖြင့် (၃၂)နှစ် ကြာခဲ့လေပြီ။

၁၉၇၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့၊ နှစ်ပရိစ္ဆေဒအားဖြင့် (၃၂) နှစ်ကာလဝယ် စာရေးသူသည် ထိုစဉ်က ဗိုလ်မှူးချုပ်ရာမေး၏ တပ်ရေးအရာရှိ ဖြစ်ခဲ့သူ ဗိုလ်မှူးကြီးသောမတ်ဂျက်ဖာဆင်ဒူးဘို့စ် ***(Thomas Jefferson Dubose)*** နှင့် သွားရောက်တွေ့ဆုံခဲ့ပြီး ရှေးဟောင်းနှောင်းဖြစ် ဤဇာတ်လမ်း၏ ငုပ်ကွက် မြှုပ်ကွက်ကလေးများကို မေးမြန်းခဲ့ပါသည်။ ဗိုလ်မှူးကြီး (ဟိုစဉ်က) ဒူးဘို့စ်မှာ ယခုအခါ ဗိုလ်မှူးချုပ်ရာထူးနှင့် တပ်မတော်မှ အငြိမ်းစားယူခဲ့လေပြီ။ ဗိုလ်မှူးချုပ် ဒူးဘို့စ်မှာ ဟိုစဉ်က ရို့စ်ဝဲလ်ကိစ္စကို သူသိရှိသမျှ သမာသမတ်ကျကျ ဓမ္မဓိဋ္ဌာန် ရှုထောင့်မှ ပြန်လည် ပြောပြခဲ့ပါသည်။

ဗိုလ်မှူးချုပ်ဒူးဘို့စ် (ထိုစဉ်က ဗိုလ်မှူးကြီး) ကိုယ်တိုင် ပန်းကန်ပြားပျံကြီး ကို ရို့စ်ဝဲလ်တပ်မတော်(လေ) စခန်းချုပ် ရို့စ်ဝဲလ်မြို့ နယူးမက္ကဆီကိုပြည်နယ် (အာရ်အေအေအက်ဖ်)မှ ဒုကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဘန်ဒင်ဘတ်ထံ ပေးပို့ရန် အထက်မှ အမိန့်ရောက်ရှိလာခဲ့သည်ကို တွေ့ခဲ့ရသည် ဟု ပြောပြပါသည်။ ၎င်းက ဆက်လက် ပြောပြခဲ့သည်မှာ ဗိုလ်ချုပ်ရာမေးသည် ရို့စ်ဝဲလ်ဇာတ်လမ်း၌ အဓိကဇာတ်ဆောင်ဖြစ်ပြီး ကျန်အရာရှိကြီးငယ်တို့မှာ အထက်မှ ပေးအပ်သည့်အမိန့်ကို ဦးလည်မသုန် လိုက်နာကြရသည့် သူများသာ ဖြစ်၏။ ဗိုလ်ချုပ်ရာမေးမှာလည်း သတင်းစာဆရာတို့ ရှေ့မှောက်၌ ထိုကဲ့သို့ ငြင်းကွယ်ခဲ့ရခြင်းသည် မှန်ကန်သောလုပ်ဆောင်မှု တစ်ရပ်သာ ဖြစ်၍ အပြစ် မပြောသာတော့ပေ။

ထိုစဉ်ကာလက ဗိုလ်ချုပ် အစားထိုး အကြောင်းပြခဲ့သည့် မိုးလေဝသ မိုးပျံဘောလုံးဇာတ်လမ်းမှာ ရို့စ်ဝဲလ်ပန်းကန်ပြားပျံပျက် ပြဿနာ၏ လုံးဝ ချုပ်ငြိမ်းရန် တမင်ဖန်တီးခဲ့သည့် 'ထွင်သက်သေ' ***(Fabrication)*** သာ ဖြစ်၏။ ဒူးဘို့စ်အနေနှင့် ဤရာသီဥတုတိုင်းသည့် မိုးလေဝသ မိုးပျံဘောလုံး ထွင်သက်

သေကို မည်သူက စတင် အကြံပေးခဲ့ကြောင်းကိုမူ အမှတ်မရတော့ချေ။ သို့ရာတွင် ဗိုလ်ချုပ်ရာမေး ကိုယ်တိုင် ဖြစ်မည်ဟု မိမိ ထင်မိကြောင်းနှင့် ပြောပြခဲ့ပါသည်။ အမှန်စင်စစ် ဗိုလ်မှူးကြီး(ယခုဗိုလ်ချုပ်ဒူးဘိုစ်)မှာ ယင်း ရိုစ်ဝဲလ်ပန်းကန်ပြားပျံပြသနာ ဖြစ်ပွားပြီးနောက် (၉)လအကြာ ၁၉၄၈ ခုနှစ် မေလ ကာလမှ ဖို့ဝပ်သ်မြို့ တပ်ရင်း (၈) လေတပ်မတော်ရုံးအဖွဲ့တွင် အကြီးအမှူး ဖြစ်လာခဲ့ခြင်း ဖြစ်၏။ ထိုစဉ်က ရိုက်ကူးထားသောဓာတ်ပုံတို့တွင် ဗိုလ်မှူးကြီး ဒူးဘိုစ်လည်း ပါဝင်ခဲ့သည်။ ယင်းဓာတ်ပုံများမှာ သတင်းထောက်များအား ဗိုလ်ချုပ်ရာမေးက သူ၏ရုံးခန်း၌ ထွင်သက်သေ မိုးလေဝသဘောလုံးပျက်ကြီးနှင့် မိုးလေဝသတိုင်းတာသည့် ကိရိယာတန်ဆာပလာများကို ပြသနေစဉ် ရိုက်ကူးထားသောပုံများ ဖြစ်၏။

အဆိုပါ ထွင်သက်သေ မိုးပျံဘောလုံးစီမံကိန်းကို ပိပိရိရိ လုပ်ဆောင်ခဲ့ကြသည့် သာမာ အထောက်အထားများမှာလည်း မှတ်သားလောက်ပါပေသည်။ ရိုစ်ဝဲလ်ပန်းကန်ပြားပျံ ပျက်ကျခဲ့သည့် မူရင်းသတင်းမှန်ကို အမေရိကန်ကာကွယ်ရေး ပေါ်လစီမူဝါဒ အသစ်အရ ပြုပြင်ပြောင်းလဲ ဖန်တီးခဲ့ကြ၏။ မိုးလေဝသဆိုင်ရာ သက်သေခံ အထောက်အထားများကို စစ်ဆေးအတည်ပြုပေးခဲ့ရသူမှာ ဝရမ်းအော်ဖစ်ဆာ **(W.O)** အိုင်ဗင်နယူတန် ***(Irving Newton)*** ပင် ဖြစ်၏။ ရိုစ်ဝဲလ် ပန်းကန်ပြားပျံကိစ္စ ပေါ်ပေါက်နေချိန်က ၎င်းသည် တက်ဆပ်စ်ပြည်နယ် ဖို့ဝပ်သ်မြို့ ကားစ်ဝဲလ်၊ ဖို့ဝပ်သ် လေတပ်မတော်စစ်ဌာနချုပ်၌ ဌာနချုပ်မိုးလေဝသနှင့်ဇလဗေဒရုံးနှင့် ပို့ဆောင်ပျံသန်းရေး (စစ်လေယာဉ်) ဌာနတွင် တာဝန်ခံအရာရှိ အုပ်ချုပ်ရေးမှူး ဖြစ်လေသည်။

စာရေးသူ၏ တွဲဖက်စာရေးဆရာ ဝီလျံမိုးသည် ထိုစဉ်က အဖြစ်အပျက်များကို စုံစမ်းမေးမြန်းရန် ဝရမ်းအော်ဖစ်ဆာဖြစ်ခဲ့သူ အိုင်ဗင်နယူတန်နှင့် သွားရောက်တွေ့ဆုံခဲ့ပါသည်။ နယူတန်ကလည်း သူမှတ်မိသရွေ့ကို ပြန်လည် အမှတ်ထင်ထင် ပြောပြခဲ့ရှာသည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့က ရိုစ်ဝဲလ် အဖြစ်အပျက်ကို နယူတန်သည် ကြားလည်း မကြားခဲ့၊ သိလည်း မသိခဲ့ပေ။ သို့ရာတွင် ဇူလိုင်လ ၈ ရက်နေ့ညက ရာသီဥတု မိုးလေဝသရုံး၌ တာဝန်ထမ်းဆောင်နေစဉ် ဗိုလ်ချုပ်ရာမေးထံမှ ဖုန်းရောက်လာခဲ့ပါသည်။ ဗိုလ်ချုပ်က သူ့အား ချက်ချင်း သူ့ရုံးသို့ လာရောက်သတင်းပို့ရန် အကြောင်းကြားခဲ့ခြင်း ဖြစ်၏။ ဗိုလ်ချုပ်၏အသံမှာ ဖုန်းထဲ၌ အရေးတကြီးကိစ္စ ဆောက်ရွက်ရန် ဖြစ် ကြောင်း ထင်ရှားနေကြောင်း နယူတန် ရိပ်မိခဲ့လေသည်။ သို့ရာတွင် မိမိမှာလည်း

အလုပ်တာဝန်များကို ပစ်ထားခဲ့ရန် လူခွဲ မရှိ ဖြစ်နေသဖြင့် ဗိုလ်ချုပ်အား ဆင်ခြေပေးရန် အထွန့်တက်လိုက်မိလေသည်။မိမိမှာ ဤမိုးလေဝသနှင့်ဇလဗေဒ အုပ်ချုပ်ရေးမှူးဖြစ်ရုံမက ထိုညနေပိုင်း၌လည်း (ညပိုင်း) စစ်ဆင်ရေး စစ်လေယာဉ်များ သွားလာပျံသန်းရေး ထိန်းချုပ်ကွပ်ကဲမှု၌လည်း ကြီးကြပ်ရန် တာဝန်ခံဖြစ်နေသဖြင့် မအားလပ်ကြောင်း ပြန်လည် အစီရင်ခံတင်ပြခဲ့၏။ သို့ရာတွင် နယူတန်မှာ ဆင်ခြေအလဲကောင်း၍ ဗိုလ်ချုပ်ထံမှ ဤသို့ တစ်ချက်လွှတ် အမိန့်သာ ကြားခဲ့ရလေတော့သည်။

"ဟေ့ကောင် လျှာမရှည်နဲ့၊ မင်း ခုချက်ချင်း (၁၀) မိနစ်အတွင်း ငါ့ဆီ အရောက်လာခဲ့၊ ကားမရှိရင် ကားတစ်စီး အမိန့်နဲ့စီးလာခဲ့၊ ဒါ ငါ့အမိန့်"

နယူတန်ခမျာ ကြိမ်စကြောရိုက်ခေါ်သဖြင့် ကသောကမျော ပြေးခဲ့ရရာသည်။ မသွားခင် ဗိုလ်မှူးကြီးတစ်ဦးက မိုးလေဝသမိုးပျံဘောလုံးဟု ထင်ရသည့် အရာကြီးတစ်ခုကို သူ့အား ကြည့်ရှုရန် စစ်ဆေးအတည်ပြုပေးရန် ဆင့်ခေါ်ခြင်းကိစ္စ ဖြစ်ကြောင်းကို အရိပ်အမြွက် တီးတိုး မှာကြားလိုက်ပါသည်။ နယူတန်လည်း ဗိုလ်ချုပ်ထံ ရောက်ရှိသွားခဲ့ပြီး အခန်းတစ်ခန်းအတွင်း ကမန်းကတန်း ဝင်ခဲ့လေသည်။ ထိုအခန်းအတွင်း၌ သတင်းထောက်များ၊ ဓာတ်ပုံသတင်းထောက်များမှာ ခြေချင်းလိမ်နေကြသည်ကို တွေ့ရှိရလေသည်။ ဗိုလ်ချုပ်က သူ၏လက်ထဲသို့ ပေါက်ကွဲစုတ်ပြတ်နေသော မိုးပျံဘောလုံး အကွဲအစများကို ပေးအပ်ကာ ကြည့်ရှုစစ်ဆေးစေခဲ့သည်။ နယူတန်မှာ မိုးလေဝသနှင့် ဇလဗေဒ (စစ်ဘက်)အရာရှိ ဖြစ်သူပီပီ ယင်းအရာများကို မြင်လိုက်ရုံမျှဖြင့် ရာဝင် အမျိုးအစား ***(Rawin-Type)*** မိုးပျံဘောလုံးမှန်း အတပ် သိခဲ့လေသည်။

၎င်းပြင် နယူတန် တွေ့ရှိရသည့်အရာများမှာ ဗိုလ်ချုပ်ရုံးခန်းကြမ်းပြင်ပေါ် ဖြန့်ခင်းထားသော အညိုရောင် စက္ကူကြီးပေါ်မှ စက်ပစ္စည်း အစိတ်အပိုင်း တို့ပင် ဖြစ်ပါသည်။ ယင်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးနေစဉ် ဗိုလ်ချုပ်နှင့် သူ၏ကိုယ်ရံတော်တပ်ကို ဓာတ်ပုံသတင်းထောက်တို့က ဓာတ်ပုံများ တဖျပ်ဖျပ် ရိုက်ယူခဲ့ကြ၏။

(အောက်၌ ဆက်လက်ဖော်ပြမည့် အကြောင်းအရာများမှာ စာရေးဆရာ ဝီလျံမိုးနှင့် ဝရမ်းအော်ဖစ်ဆာ ဒိုင်ဗင်နယူတန်တို့ ဆွေးနွေးမေးမြန်းဖြေကြားချက်များ ဖြစ်ပါသည်။ ၁၉၇၉ ခု၊ ဇူလိုင်လအတွင်းက ဖြစ်ပါသည်။)

"ဗိုလ်ချုပ်ရာမေး ကြည့်ရှုစစ်ဆေးနိုင်းတဲ့ မသက်ာဖွယ်ရာပစ္စည်းအစအနများကို ကျွန်တော် ကြည့်ရှုခဲ့ရပါတယ်။ ကျွန်တော် တွေ့ရတဲ့အရာတွေဟာ

ဖြတ်တောက်ခွဲစိတ်ထားတဲ့ ခြောက်သွေ့နေတဲ့အစအနတွေပဲ။

ကျွန်တော်ဟာ မိုးလေဝသနှင့်ဇလဗေဒမှာ တာဝန်ထမ်းခဲ့ရသူမို့ ဒီလို မိုးပျံဘောလုံးကြီးတွေ ထောင်သောင်းမက လွှတ်ခဲ့ဖူးလို့လည်း တွေ့ရတဲ့အကွဲ အစတွေဟာ မိုးပျံဘောလုံးက အရာတွေဆိုတာ ဒွိဟသံသယ မဖြစ်ခဲ့ပါဘူး။ နောက်ကျမှ ကျွန်တော် သိခဲ့ရတာကတော့ ရှိစ်ခဲလ်မြို့က ဗိုလ်မှူးက ဒီအပျက် အစီးတွေကို ပန်းကန်ပြားပျံကြီးရဲ့ အစိတ်အပိုင်းတွေလို့ ပြောလို့ဆိုပဲ။ ဒါပေမယ့် ဗိုလ်ချုပ်ရာမေးက အဲ့စကာနဦးကတည်းက သူ့အနေနဲ့ မယုံကြည်ဘဲ သက်သေယန မကောင်းလို့ အခုလို ကျွန်တော့်ကို ခေါ်ယူစစ်ဆေးခိုင်းခြင်း ဖြစ်ပါတယ်"

"ဒီလိုဆိုရင်ဗျာ၊ ရှိစ်ခဲလ်မြို့ကလူတွေကိုယ်တိုင် မိုးပျံဘောလုံးကွဲစတွေ ဆိုတာ ခွဲခြားသိနိုင်ပါ့မလား"

"ဟာ. . မစ္စတာမိုး ဘယ့်နှယ် ပြောပါလိမ့်၊ သိပ်ကို သိနိုင်ကြတာပေါ့။ ဒါဟာ ရိုးရိုး ရာဝင် မိုးပျံဘောလုံးကြီးပဲဟာ၊ ဒီမြို့က လူတွေဟာ ဒီလို ဘော လုံးကြီးမျိုး ထောင်သောင်းမက မြင်ဖူးတွေ့ဖူးခဲ့ကြတာကလား"

"ဒါနဲ့ မစ္စတာနယူတန်၊ အဲဒါကြီးကို ခင်ဗျား စစ်ဆေးပြီးတော့ ဘာဖြစ် ခဲ့ပါသလဲ တစ်ဆိတ်လောက် သိပါရစေ"

"ဟဲ. . ဟဲ. . ဘုရားပြီးတော့ ငြမ်းဖျက်ရတာပေါ့။ မဟုတ်ဘူးလား မစ္စတာမိုး၊ အဲဒါကြီးကို စစ်ဆေးကြည့်ရှုပြီးလို့ မိုးလေဝသ မိုးပျံဘောလုံးကြီး ဖြစ်ကြောင်း ပြောပြလည်း ပြီးပါရော ကျွန်တော်လည်း ဆိုင်းမဆင့်ဗုံမပါဘဲ တစ်ခါတည်း အလုပ်က ရပ်စဲခံလိုက်ရတော့တာပါပဲ"

"မစ္စတာ နယူတန် ခင်ဗျား။ အဲ မေးလက်စနဲ့ မေးလိုက်ပါရစေဦး။ ဒီမိုးပျံဘောလုံးကြီးကို ဘာပစ္စည်းနဲ့ ရက်လုပ်ထားပါသလဲ။ ပြောပြနိုင်ပါသလား။ ပြီးတော့ အလွယ်တကူ ကွဲနိုင်၊ ဆုတ်ဖြဲလို့ ရနိုင်ပါသလား သိပါရစေ ခင်ဗျား"

"ဒီဌာနမှာ လုပ်ခဲ့တာ အံ့တိုနေပြီပဲ။ သိပ်ကို ပြောပြနိုင်တာပေါ့၊ ဒီပစ္စည်း မျိုးဟာ အလွယ်တကူနဲ့၊ အဲ တော်ရုံတန်ရုံနဲ့ ဆုတ်ဖြဲလို့ ဘယ်ရနိုင်ပါ့မလဲ။ ဒီပစ္စည်းကို သတ္တုပစ္စည်းတွေ ရောယှက်လုပ်ထားတာ ဖြစ်ပါတယ်။

ပြီးတော့လည်း အယ်လ်ကွာ *(Alcoa)* ချည်ခင်လို သေးသေးမျှင်မျှင် တာလေးတွေ လုပ်ထားတာ ဖြစ်ပါတယ်။ ပါးလိုက်တာမှ ဖလင်ပြားလို ဟိုဘက် ဒီဘက် အတိုင်းသား မြင်နိုင်ပါတယ်"

နယူတန်၏ ပြောစကားများကို ဆက်စပ်ကြည့်လျှင် ဗိုလ်မှူးမာဆဲလ် ဘာပ်မတော်(လေ)ထောက်လှမ်းရေးဌာန၊ ရှိစ်ခဲလ်နှင့်အဖွဲ့ဝင်များသည် သူတို့

တွေ့ရှိခဲ့ကြရသော (ရိုစ်ဝဲလ်ပန်းကန်ပြားပျံပျက်ကြီး) သတ္တုပစ္စည်းများမှာ အဆမတန် မာကျောကြောင်း သိရှိခဲ့ကြရပေသည်။ ယင်းသတ္တုမှာ မည်သို့မျှ ဖြတ်တောက် ခွဲစိတ်၍လည်း မရ တူကြီးနှင့် အကြိမ်ကြိမ် ထုရိုက်ကြည့်သော်လည်း မပိန်မချိုင့်နိုင်ကြောင်း သိရှိပြီး ဖြစ်၏။ သို့ရာတွင် ၎င်းပျက်ကျခဲ့သော အရာကြီးမှာ ပန်းကန်ပြားပျံကြီး မဟုတ်ပါ ဟူ၍ သက်သေသက္ကာယနှင့် ပြည်သူတို့ကို ပြခဲ့လေပြီ။ တရားဝင် အသိအမှတ်အမှတ်ပြုကြသည်မှာ ဒုတိယအကြိမ် ပြင်ဆင်ထုတ်ပြန်ခဲ့သည့် ဗိုလ်ချုပ်ရာမေး၏ရာဝင်ဘောလုံး ***(Rawin Ballon)*** ဟူ၍ပင် ဖြစ်ပါသည်။

တစ်ဖန် ဗိုလ်ချုပ်ရာမေး၏ရုံးမှ တရားဝင် ထုတ်ပြန်ခဲ့သည့် သတင်း၌လည်း ပြောမှားဆိုမှားကလေးတွေကို တွေ့ရှိရပြန်ပါသည်။ ယင်းထုတ်ပြန်ချက်၌ ရိုစ်ဝဲလ်မြို့တွင် ပျက်ကျခဲ့သည့် ပန်းကန်ပြားပျံပျက်ကြီး ဆိုသည်မှာ မိုးလေဝသနှင့် ဇလဗေဒဌာနမှ လွှတ်ခဲ့သော ရာသီဥတုတိုင်း မိုးပျံဘောလုံးတစ်လုံးသာ ဖြစ်ကြောင်း အတိအလင်း ရေးသားဖော်ပြထားလေသည်။ ဤအချက်မှာ ဆန်းစစ်ကြည့်ရန် အလွန် အရေးကြီးသည့်အချက် ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ် အတွင်းက အမေရိကန်တိုင်းပြည် မိုးလေဝသနှင့် ဇလဗေဒဌာနမှာ ရာသီဥတု တိုင်းထွာရန် ကောင်းကင်လေထုထဲသို့ မိုးပျံဘောလုံးများကို လွှတ်တင်ခဲ့ကြသည်။ ယင်းသို့ လွှတ်ခဲ့သော ဘောလုံးများအနက် ရာဝင်အမျိုးအစား၌ နှစ်မျိုးနှစ်စား ရှိပါသည်။ ၎င်းတို့မှာ ရာဝင်တားဂတ် (အမ်အယ်လ် - ၃၀၆) ***(The Rawin Target ML-306)*** နှင့် ရာဝန်ဆန်ဒီ(အေအင်/အေအမ်တီ-၄) ***(The Rawin Sonde AN/AMT-4)*** တို့ ဖြစ်ပါသည်။

ထိုစဉ်က တပ်မတော် (လေ) မိုးလေဝသနှင့်ဇလဗေဒအရာရှိဖြစ်သူ ဝရမ်းအော်ဖစ်ဆာအိုင်ဗင်နယူတန် သာမက အခြားမိုးလေဝသနှင့် ဇလဗေဒဌာနများရှိ အရာရှိတို့လည်း ရာဝင်တားဂတ် အမျိုးအစားအကြောင်း ကောင်းကောင်းကြီး သိရှိကြလေသည်။ ယင်းအမျိုးအစားကို အလွန်တရာပါးလှသော သတ္တုပြားကလေးနှင့် ပေါင်းစပ်ပြုလုပ်ထား၏။ ဤအချက်သည်ပင် အခြား အမျိုးအစား မိုးပျံဘောလုံးတို့နှင့်မတူ ကွဲပြားခြားနားသည့် ဒီဇိုင်း ဖြစ်လေသည်။ ရာဝင်ဆန်ဒီမှာ (၁၀၀- ၂၀၀ ဂရမ်) နီယိုပရိန်း ***(Neoprene)*** ဖြစ်ပါသည်။

(နီယိုပရိန်း ဆိုသည်မှာ ဆီ၌ မပျော်ဝင်သော ရာဘာတုပစ္စည်းတစ်မျိုးဖြစ်၏။ ယင်းရာဘာတုကို ပိုလီမီရိုက်ဇင်ကလိုရိုပရိန်း ***(Polymerizing Chloroprene)*** ဖြင့် ပြုလုပ်ထားခြင်း ဖြစ်ပါသည်။)

မိုးလေဝသနှင့် ဇလဗေဒအရာရှိ နယူတန် ကြည့်ရှုစစ်ဆေးခြင်း မပြုလုပ်ရသေးခင်ကပင် ဗိုလ်ချုပ်ရာမေ၏ စစ်ဌာနချုပ်ရုံးမှ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်၏။

(ခေတ်ပုံဌာနမှ မှတ်တမ်းတင်ထားသော ရာမေ၏ပုံတွင် ယင်းသတင်းထုတ်ပြန်ချက် ကော်ပီတစ်စောင် ကိုင်လျက်သား တွေ့ရှိရပါသည်။)

ထိုထုတ်ပြန်ချက်၌ အရေးကြီးသောအချက်ဖြစ်သည့် **ရို့စ်ဝဲလ်မြို့၌ ပျက်ကျခဲ့သောအရာမှာ ရာဝင်ဆန်ဒီ မိုးလေဝသတိုင်း မိုးပျံဘောလုံးမှ အကွဲအစများ** ဟူ၍ အတိအလင်း ရေးသားဖော်ပြထား၏။ ဤအရာမှာ ဗိုလ်ချုပ်ရာမေ၏ မသိနားမလည်သော ပြင်မရသည့်မဟာအမှားပင် ဖြစ်ပါသည်။ နောက်ပိုင်း၌ ယင်းအမှားကို ပြင်ဆင်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သော်လည်း သတင်းစာတို့က အာရုံမစိုက်ကြတော့ပေ။

ရာဝန်ဆန်ဒီ မိုးလေဝသမိုးပျံဘောလုံးဇာတ်လမ်းမှာ အမှန်စင်စစ် ဇူလိုင်လ ၈ ရက်နေ့ မတိုင်မီ လွန်ခဲ့သည့် (၃) ရက်က ဖြစ်ပွားခဲ့သော တကယ့်အဖြစ်အပျက်တစ်ခုနှင့် ပုံမှားရိုက်ခြင်းပင် ဖြစ်ပါသည်။ အိုဟိုင်းယိုပြည်နယ်၊ မစ်ဝေးမြို့နယ် စီရင်စုအတွင်းရှိ ကယ်လ်ဗိုင်းလ်ရွာ လယ်ကွက်တစ်ခုတွင် ဖြစ်ပွားခဲ့၏။ ၁၉၄၇ ခုနှစ် ဇူလိုင်လဆန်း ၅ ရက်နေ့က ဖြစ်ပါသည်။ ပါးလှပ်သော သံဖြူပြားနှင့် စက္ကူများ ပါဝင်သည့် ရာဝင်တားဂက် မိုးလေဝသတိုင်းတာသည့် စက်တစ်လုံး မြေပြင်ပေါ် ပျက်ကျခဲ့သည်ကို တွေ့ရှိခဲ့ရလေသည်။ တွေ့ခဲ့သူမှာ ထိုရွာမှ လယ်သမားကြီး ရှားမင်းကင်းဘဲလ် ဆိုသူ ဖြစ်ပါသည်။

ဤမိုးပျံဘောလုံးကြီး (ရာဝင်တားဂက်) ကို စစ်ဘက်မှ သက်ဆိုင်ရာအရာရှိတို့က ချက်ချင်း စစ်ဆေးခဲ့ပြီး မိုးလေဝသ မိုးပျံဘောလုံးဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ကြ၏။ သို့ရာတွင် အထက်စစ်ဌာနချုပ်သို့ လေယာဉ်ပျံနှင့် စစ်ဆေးရန် မပို့ခဲ့ကြပေ။ ဒုတိယ အလားတူ မိုးလေဝသ မိုးပျံဘောလုံး တစ်ခုမှာလည်း ပျက်ကျခဲ့သည်ကို ဇူလိုင်လ ၈ ရက်နေ့က တွေ့ခဲ့ကြပြန်သည်။ တွေ့ရှိခဲ့သူမှာ ဒေးဗစ်စီ-ဟက်ဖ်နား ဆိုသူ ဖြစ်၏။ ထိုမိုးပျံဘောလုံးကြီးကိုလည်း ရှေးနည်းတူ သက်ဆိုင်ရာစစ်ဘက်မှ စစ်ဆေးခဲ့ကြသည်။ ပျက်ကျသည့် မိုးပျံဘောလုံးကိုစ နှစ်ခုစလုံး ထူးခြားမှု တစ်စုံတစ်ရာ မတွေ့ရပေ။ ၎င်းပြင် မိုးလေဝသစက်ကိရိယာပျက်ကြီးနှင့်ပတ်သက်၍ မပြေလည်သည့်အကြောင်း မရှိခဲ့ချေ။

ဤမိုးပျံဘောလုံးများကို ရာသီဥတု မိုးလေဝသနှင့် ဇလဗေဒတိုင်းတာရန် အတွက်သာမက အခြားသိပ္ပံဆိုင်ရာ ကိစ္စများအတွက်လည်း ၁၉၄၁ ခုနှစ်နှောင်းကာလ၌ တီထွင်သုံးစွဲလာကြခြင်း ဖြစ်၏။ ထိုကဲ့သို့ မိုးပျံဘောလုံးနှင့်ပတ်

သက်၍မှတ်သားဖွယ်ရာများကို နယူးမက္ကဆီကိုပြည်နယ် ဆိုကိုရိုမြို့ သတ္တုတူး ဖော်ခြင်း အတတ်ပညာနှင့် စက်မှုသိပ္ပံတက္ကသိုလ်မှ ရှေးဟောင်းကျောက်စာဗေဒ ပညာရှင်လည်းဖြစ်၊ ရူပဗေဒပညာရှင်လည်းဖြစ်သူ စီဘီမိုး *(C.B.Moore)* နှင့် အကြိမ်ကြိမ် တွေ့ဆုံခဲ့စဉ်က သိရှိမှတ်သားခဲ့ရဖူးပါသည်။

၁၉၄၇ ခုနှစ် နွေရာသီအတွင်းက မိုး (စာရေးဆရာဝီလျံမိုးနှင့် ဆွေမျိုး မတော်စပ်ပါ) ပါဝင်သည့် ကောင်းကင်အမြင့် မိုးပျံဘောလုံး သုတေသနစီမံကိန်း တစ်ရပ် ပြုလုပ်ခဲ့ကြသည်။ ယင်းစီမံကိန်းကို နယူးယောက်တက္ကသိုလ် တစ်ခုမှ ကမကထပြုလုပ် ဦးစီးဆောင်ရွက်ခဲ့ခြင်း ဖြစ်၏။ ဤစီမံကိန်း အခြေစိုက်စခန်းကို နယူးမက္ကဆီကိုပြည်နယ် အလာမိုဂိုဒိုမြို့အနီး နေ့ဖီး (ပိုက်ဆင်း) ၌ ထားရှိလေ သည်။ မစ္စတာမိုး ပြောပြချက်အရ သိရသည်မှာ ၎င်းမိုးပျံဘောလုံးစီမံကိန်း ပြုလုပ်ဆောင်ရွက်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ထိုဒေသတစ်ဝိုက်၌ ပန်းကန်ပြားပျံ မကြာခဏ တွေ့ရှိရသည့် သတင်းများကြောင့် ဖြစ်ရသည်ဟု မိမိ ထင်မြင်ယူဆ ကြောင်းပင် ဖြစ်၏။

ထိုနှစ် ဆောင်းဦးတွင်၌ အမေရိကန်ရေတပ်မတော်မှ ပထမဦးဆုံး အာကာသထဲသို့ သုတေသနပြုလုပ်ရန် (သိပ္ပံသုတေသန) အမြင့်ဆုံး စမ်းသပ် လွှတ်တင်ခဲ့ကြ၏။ ၎င်းမိုးပျံဘောလုံး၏အမည်ကို 'စကိုင်းဟု' *(Sky Hook)* ဟု အမည်ပေးထားပါသည်။ ထိုစဉ်က မစ္စတာမိုးကိုယ်တိုင် ယင်းသုတေသနလုပ် ငန်းများကို ပါဝင်လုပ်ဆောင်ခဲ့၏။ ၎င်း'စကိုင်းဟု'အာကာသစူးစမ်း လေ့လာ ရေးသုတေသန မိုးပျံဘောလုံးကို မီနီဆိုတားပြည်နယ် မီနီပိုလစ်မြို့အနီး ကင့်မို လေတပ်စခန်းမှ လွှတ်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းသုတေသနလုပ်ငန်းကို ဗိုလ်ချုပ် ကြီးမီးလ်စ် *(General Mills)* က ဦးစီး၍ ဆောင်ရွက်ခဲ့လေသည်။

ထိုအတွေ့အကြုံကို မစ္စတာမိုးက ဤသို့ ပြောပြခဲ့လေသည်။

"၁၉၄၆ ခုနှစ် အမေရိကန်လေတပ်မတော်ရဲ့ ဟယ်လီယိုစ် ပရောဂျက် *(Project Helios)* (နေနတ်သားစီမံကိန်း) ခေါ် စကိုင်းဟု မိုးပျံဘောလုံးများ ပစ်လွှတ်ခဲ့တာမှာ အောင်မြင်မှု ရရှိခဲ့ပါတယ်။

စကိုင်းဟုဒီဇိုင်း မိုးပျံဘောလုံးဆိုရင် လူသားသိပ္ပံပညာရှင်များရဲ့ အာ ကာသထဲ အမြင့်ဆုံးနေရာ (ထိုခေတ်က ယခုကဲ့သို့ ဒုံးပျံဖြင့် အာကာသထဲသို့ မတက်နိုင်သေးသည့် အချိန် ဖြစ်ပါသည်) မှာ သိပ္ပံဆိုင်ရာတိုင်းထွာမှုတွေ ပြုလုပ်ဖို့ ရည်ရွယ်ပြီး လွှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

ဒါပေမယ့် ဒီစီမံကိန်းကို လျှို့ဝှက်အဖြစ် ခွဲခြားထားပါတယ်၊ ဒါမှလည်း ပြည်သူ့သတင်းနှင့်ပြန်ကြားရေးဌာန အနေနဲ့ ထိန်းချုပ်ကွပ်ကဲနိုင်မှာ ဖြစ်ပါတယ်

ကျွန်တော်တို့ အာကာသထဲ လွှတ်တင်ခဲ့တဲ့ မိုးပျံဘောလုံး (စကိုင်းဟု) တွေကို ပထမတော့ ဗီနိုင်းလ်ကလိုရိုက် ***(Vinyl Chloride)*** ဆိုတဲ့ ပလတ်စတစ် ဓာတ်ပေါင်းပစ္စည်းနဲ့ တည်ဆောက်ခဲ့ကြတယ်။

ဒီဘောလုံးကြီးတွေကို ပြုလုပ်ခဲ့တာရော၊ ဓာတ်ငွေ့သွင်းတာရော၊ မိနီဆိုတားပြည်နယ်၊ နယူးဘရစ်တန်မြို့မှာပဲ လုပ်ဆောင်ခဲ့ကြပါတယ်။

၁၉၄၇ ခုနှစ် နွေရာသီအတွင်းက လွှတ်ခဲ့တဲ့ စကိုင်းဟု မိုးပျံဘောလုံးကြီးတွေဆိုရင် နောက် (၆)လကြာတဲ့တိုင် ကမ္ဘာမြေပြင်ပေါ် ပြန်လည်ကျခဲ့တယ်ရယ်လို့ မရှိခဲ့ပါဘူး။

ကျွန်တော်တို့ စကိုင်းဟုမှာ သုံးခဲ့တဲ့ ဗီနိုင်းလ်ကလိုရိုက်အစား နောက်ထပ် ဒီထက်ကောင်းမွန်တဲ့ ဓာတ်ပေါင်းအသစ်တစ်မျိုး ပေါ်လာခဲ့ပြန်တယ်၊ အဲဒါဟာ ပိုလီအက်သလင်း ***(Polyethylene)*** လို့ခေါ်တဲ့ ပလတ်စတစ် ဓာတ်ပေါင်း တစ်မျိုး ဖြစ်ပါတယ်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ အတွင်းက ဖြစ်လိမ့်မယ် ထင်ပါတယ်၊ ဒီအချိန်ကစပြီး နောက်ပိုင်း စကိုင်းဟုတွေကို ပိုလီအက်သလင်း ဓာတ်ပေါင်းနဲ့သာ ပြုလုပ်သုံးစွဲလာခဲ့ကြတာ နေနတ်သားစီမံကိန်း (ဟယ်လီယိုစ်ပရောဂျက်) ပြီးခဲ့တဲ့ အထိပါပဲ။

ဒီ ပိုလီအက်သလင်းနဲ့ စီမံပြုလုပ်ထားတဲ့ မိုးပျံဘောလုံးတွေဟာ လေ[illegible] (၇၀)ဝန်ချိန်ကို ကောင်းကောင်း သယ်ဆောင်နိုင်တယ်။ နယူးမက္ကဆီကို[illegible] မှာ ဒီမိုးပျံဘောလုံးတွေ ပြန်ကျခဲ့တာဆိုရင် မတွေ့ရသလောက် [illegible] ကျွန်တော် ပြောနိုင်ပါတယ်၊ ၁၉၄၇ ခုနှစ်က လုံးဝ ပြန်မကျခဲ့တာ [illegible]

|ပရောဂျက်ဟယ်လီယိုစ် နေနတ်သားစီမံကိန်း၌ သုံးစွဲထား[illegible] လီယိုစ် ဆိုသည်မှာ ခေါမလူမျိုးတို့၏ ကိုးကွယ်မှုဆိုင်ရာ [illegible] တစ်ပါး ဖြစ်ပါသည်။ ၎င်းမှာ နေနတ်သား၏အမည် ဖြစ်[illegible] ယိုစ် ခေါ် နေနတ်သားမှာ ဟိုက်ပါရီယွန် ***(Hyperion)*** နတ်[illegible] (နောင်အခါ အပိုလို ***(Apollo)*** ဟု ခေါ်တွင်ခဲ့သည်။) နှင့် သီ[illegible] နတ်မိဖုရားကြီးတို့မှ ဖွားမြင်ခဲ့သူ ဖြစ်၏။ ၎င်းမြင် [illegible] ဖေသွန် ***(Phaethon)*** နတ်သား၏ဖခင် ဖြစ်ပါသည်။ [illegible] သည် နေရထားကြီးကိုစီးကာ ကောင်းကင်ကို ဖြတ်သန်း[illegible] နေသူ ဖြစ်၏။ ၎င်းကိုပင် ရောမလူမျိုးတို့က ဆိုလ် [illegible] ဘုရား ဟူ၍ လည်းကောင်း၊ ပါရှန်လူမျိုးတို့၏မျိုးနွယ်[illegible]

အင်ဒိုအိုင်ရာနီယာန် ***(Indoiranian)*** တို့က မစ်သ်ရား ***(Mithras)*** နေနတ် ဘုရား ဟူ၍ လည်းကောင်း ခေါ်ဝေါ်ကြလေသည်။)

စာရေးသူက ရိုစ်ဝဲလ် ပန်းကန်ပြားပျံနှင့်ပတ်သက်၍ မိုးလေဝသ ရာသီ ဥတုတိုင်း သို့မဟုတ် သိပ္ပံသုတေသန မိုးပျံဘောလုံးတစ်လုံး ဟုတ် မဟုတ်၊ ဖြစ် မဖြစ် ဆိုသည်ကို မိုးအား မေးမြန်းကြည့်ခဲ့ပါသည်။ မိုးက ဤသို့ ပြန်လည် ဖြေကြားခဲ့၏။

"ဒီမှာ မစ္စတာချားလ်ဘာလစ်၊ ခင်ဗျား ကျုပ်ကို ပြောပြခဲ့တဲ့ပုံပန်း သဏ္ဌာန် အချက်အလက်တွေကို အခြေတည်ပြီး ပြောပြရရင် အတိအကျကို အဖြေပေးနိုင်တယ်။ ၁၉၄၇ ခုနှစ်မှာ ရာသီဥတု တိုင်းတာဖို့ကိစ္စဖြစ်ဖြစ်၊ သိပ္ပံ သုတေသန ဖြစ်ဖြစ် မိုးပျံဘောလုံး တစ်လုံးတလေမှ အသုံးမပြုခဲ့ကြတော့ဘူး။ ကုန်ကုန် ပြောရရင် ဒီနေ့ဆို ဒီလို ကိစ္စတွေမှာ မသုံးစွဲကြတော့ဘူးဗျ။

ပြီးတော့ ဒီဘောလုံးကွဲတွေဟာလည်း ခုလောက်နယ်ပယ်အနှံ့ ပြန့်ကျဲ ကျစရာအကြောင်း မရှိဘူး။ မြေပြင်ပေါ်ကျလို့ အစိတ်စိတ်အမြွှာမြွှာကွဲခဲ့တဲ့ မိုးပျံဘောလုံးဆိုတာလည်း မရှိဘူး၊ ဖြစ်ကိုလည်း မဖြစ်နိုင်ဘူး။

ကျွန်တော်တော့ ခင်ဗျား ပြောပြခဲ့တဲ့အရာကြီးဟာ ဘာကြီး ဖြစ်လိမ့် မယ်ဆိုတာ မတွေးတတ်တော့ဘူးဗျို့။ ခင်ဗျားပြောပြခဲ့တဲ့ပုံပန်းဟာ ဘယ်နည်းနဲ့မှ မိုးပျံဘောလုံး မဖြစ်နိုင်ဘူး၊ ယုံလည်း မယုံဘူးဗျာ"

စီဘီမိုး ဖော်ပြခဲ့သော ရာဝင်တားဂတ် မိုးလေဝသတိုင်း မိုးပျံဘောလုံး နှင့် စက်မှာ သူမြင်ဖူး တွေ့ဖူးခဲ့မှုမက ကိုယ်တိုင်ကိုယ်ကြပ် လုပ်ကိုင်ဆောင်ရွက် ခဲ့သော အတွေ့အကြုံများသူ ဖြစ်ပါသည်။ ယခု ဗိုလ်ချုပ်ရာမေး သက်သေထူပြခဲ့ သောဖလင်ပြားကဲ့သို့ ပါးလှပ်ကြည်လင်နေသည့် သတ္တုပြားနှင့် ဘောလ်ဆာ သစ်သားပစ္စည်းအစအနများမှာ မည်သည့်အရာကပစ္စည်း ဖြစ်ပါသနည်း။ ယင်း အရာများသည် ထူးဆန်းလွန်းသောအရာ(ပန်းကန်ပြားပျံ)ကြီးမှ ပစ္စည်းများ ဖြစ် နိုင်စရာ၊ သံသယရှိနိုင်စရာ အကြောင်းမရှိချေ။

(ဤနေရာ၌ စာရေးဆရာက ရိုစ်ဝဲလ် ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့ သည်မှာ အမှန် ဖြစ်ပါလျက် မိုးပျံကြီးဘောလုံး အစအနများ အစားထိုးပြီး ပြသခဲ့ရာ ရှေ့ကဖုံး နောက်ကပေါ် ဖြစ်နေပုံကို ပေါ်လွင်အောင် ပြောနေခြင်း ဖြစ်၏။)

ထိုအချိန် ၁၉၄၇ ခုနှစ် ဇူလိုင်လအတွင်းက ရိုစ်ဝဲလ်မြို့အနီး ခွားခြံကြီး တစ်ခုအတွင်း ပျက်ကျခဲ့သော ပန်းကန်ပြားပျံကြီးနှင့် ပတ်သက်၍ အမေရိကန် ပြည်သူများ အုတ်အော်သောင်းနင်း ဖြစ်နေခဲ့လေသည်။ သို့လော သို့လောနှင့်

ဝီဒါဒ ကွဲပြားနေခဲ့ကြရာ အမေရိကန်စစ်ဌာနချုပ်မှ သက်ဆိုင်ရာတို့က ဤကိစ္စကို ပတ်တောပိတ်သွားစေရန် မိုးလေဝသမိုးပျံဘောလုံး (ရာဝင်ဆန်ဒီ) တစ်လုံး ပျက်ကျခဲ့ခြင်းပါ ဟူ၍ သက်သေသက္ခာယနှင့် ဆင်သေကိုဆိတ်ရေဖုံး ကြေညာခဲ့ကြ၏။

ယင်းတို့၏ ဝါစင်္ဂျူဟာမှာ အံ့လောက်ပါပေသည်။ ဤမဟာပညာ ကျော်ကြီးများသည် လူကိုလူလို မြင်တတ်ကြရန် သတိပြုဖို့ လိုပေသည်။ လူ့ဘဝမှာ မသိစေချင်သည်ကိုမှ သိချင်ကြ၏။ အမှားကိုအမှား၊ အမှန်ကို အမှန်လုပ်လျှင် နည်းနည်းမျှ မကျေနပ်ကြပေ။ဤကဲ့သို့ ကြောင်လိမ်ကြောင်စားလုပ်လျှင် ပြဿနာ၏ ချုပ်ငြိမ်းရာကို ရှာဖွေမတွေ့နိုင်ဘဲ ပို၍ပို၍သာ ကျယ်ပြန့်လာတတ်ကြသည်မှာ လူ့သဘာဝပင် ဖြစ်၏။ သို့ရာတွင် လူတို့၏စိတ်သဘာဝမှာ အလွန်ဆန်းကြယ်၏။ အမှားကို ဟုတ်တိုင်းမှန်ရာ ဝန်ခံလျှင် ခွင့်လွှတ်တတ်ကြသည့် သဘော ရှိလေသည်။

ယခုကိစ္စမှာ ဗိုလ်ချုပ်ရာမေးက နိုစ်ဝဲလ်ပန်းကန်ပြားပျံပျက်ကြီး ဆိုသည်မှာ မိုးလေဝသတိုင်း မိုးပျံဘောလုံးပါဟု သက်သေထူပြခဲ့ရာ ရာဝင်အမျိုးအစား (ရာဝင်တားဂက်) ကို (ရာဝင်ဆန်ဒီ)ဟု ပြောလိုပြောနှင့် အငြိုးအမောက်မတည့်ပေ။ လေတပ်မတော် မိုးလေဝသဌာနမှအရာရှိ ဝရမ်းအော်ဖစ်ဆာအိုင်ဗင်နယူတန်အား မိုးပျံဘောလုံးကွဲစများကို ကြည့်ရှုစစ်ဆေး အဖြေပေးခိုင်းခဲ့၏။ နယူတန်က အမှန်အတိုင်း ရာဝင်တားဂက်ဖြစ်ကြောင်း ပြောပြမိ၍ ရာထူးမှ ထုတ်ပစ်ခဲ့လေသည်။ အမှန်စင်စစ် ဗိုလ်ချုပ်ရာမေး လုပ်ပုံမှာ ငါ့စကားနွားရ နိုင်လွန်း၏။

လူတို့၏စိတ်သည် ဆန်းကြယ်လှ၏။ သိမ်မွေ့နူးညံ့သည်။အမှန်တရားသစ္စာကို မြတ်နိုးတတ်ကြသည်။ မိမိ မတော်တဆ မှားယွင်းသွားခဲ့ပါသည်ဟု အမှန်အတိုင်း ဝန်ခံလျှင် ကျေကျေနပ်နပ်ကြီး ခွင့်လွှတ်ကြမည်မှာ အမှန်ပင် ဖြစ်၏။ ယခု ကိုယ့်မြင်းကိုယ်စိုင်း စစ်ကိုင်းရောက်ရောက် လုပ်ခဲ့သဖြင့် လူထုက မကျေနပ်ဘဲ ပြဿနာမှာ ဘူးလေးရာ ဖရုံဆင့်ခဲ့ရခြင်း ဖြစ်ပေသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့က သက်ဆိုင်ရာမှ နိုစ်ဝဲလ်အနီး ပျက်ကျခဲ့သော ပန်းကန်ပြားပျံကြီးနှင့် စပ်လျဉ်း၍ ဖြေရှင်းချက်တစ်ရပ် ထပ်မံထုတ်ပြန်ခဲ့ပြန်၏။ ၎င်းမှာလည်း ဝါလုံးကိုဝါခြမ်းလုပ်သည့် ကြေညာချက်ပင် ဖြစ်၏။ ၎င်းကို သတင်းစာတို့၌ အောက်ပါအတိုင်း ရေးသားဖော်ပြကြလေသည်။ တက်ဆပ်စ်ပြည်နယ် အရှေ့ပိုင်းရှိ ဒါးလာစ်မြို့ထုတ် မိုးသောက် နေ့စဉ်သတင်းစာကြီး၌ • •

ပန်းကန်ပြားပျံဟု လူအများ ကောလာဟလဖြစ်နေကြသော နိုစ်ဝဲလ် အနီး ပျက်ကျခဲ့သည့်အရာကြီးမှာ ရာသီဥတု မိုးလေဝသတိုင်း မိုးပျံကိရိယာ

စက်တစ်လုံးသာဖြစ်ကြောင်း တွေ့ရှိရ၏ ဟူ၍ စာလုံးမည်းကြီးဖြင့် ဖော်ပြထား လေသည်။ ၎င်းပြင် ထိုမြို့ထုတ် နေ့စဉ် အချိန်မှန် သံတော်ဆင့်သတင်းစာ ကြီး၌လည်း . . .

*သက်ဆိုင်ရာ တာဝန်ရှိ အုပ်ချုပ်ရေးပိုင်းမှ ပန်းကန်ပြားပျံ အခြင်းပွားမှု ပြဿနာကို ရပ်တန်းက ရပ်စေရန် ကြိုးပမ်းခြင်း* ဟူ၍ ခေါင်းစဉ်တပ် ရေးသား ထားပါသည်။ ထိုဆောင်းပါး၌ . . .

*ပန်းကန်ပြားပျံ အစစ်တစ်စင်း တွေ့ရှိကြရသည်၊ တွေ့ရှိထားပါသည်ဟု လက်ဆုပ်လက်ကိုင် ပြနိုင်သူအား ဒေါ်လာ(၁၀၀၀)ပေးရန် ကမ်းလှမ်းခဲ့ပါသော် လည်း ယနေ့တိုင် တစ်ယောက်မျှ ထွက်ပေါ်မလာခဲ့ပေ* ဟူ၍ အတည့်အလင်း ရေးသားထားလေသည်။

ရိုစ်လ် နေ့စဉ်မှတ်တမ်း သတင်းစာကြီးကမူ ရှစ်ကော်လံပြည့် စာလုံး မည်းကြီးဖြင့် ဗိုလ်ချုပ်ရာမေး ပန်းကန်ပြားပျံကြီးကို အစဖျောက်လုပ်ခဲ့ခြင်း ဟူ၍ ရေးသားဖော်ပြထားလေသည်။ ၎င်းပြင် ထိုဆောင်းပါး၏ အဓိကသော့ချက်ကို ခေါင်းစဉ်ငယ်ဖြင့် . . .

*ဗိုလ်ချုပ်ရာမေးက မိုးလေဝသ မိုးပျံဘောလုံးကို ပန်းကန်ပြားပျံဟု ပြောနေကြခြင်း ဖြစ်သည်ဟုဆိုခြင်း*၊ ဤသို့ မီးမောင်းထိုး ကလိထားလေသည်။

၎င်းနေ့ထုတ် သတင်းစာတစ်နေရာ၌ နွားခြံပိုင်ရှင်တစ်ဦး၏ အဖြစ် အပျက်ကို ရေးသားထားသော ဆောင်းပါး တစ်ပုဒ်ကိုလည်း တွေ့ရှိရသည်။ အဆိုပါ နွားပိုင်ရှင်မှာ ဝီလျံဘရာဇဲလ် ***(William Brazel)*** ဆိုသူ ဖြစ်၏။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၇ ရက် အချင်းဖြစ်နေ့က လေယာဉ်ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ပြီး ကောင်းကင်မှ ထူးဆန်းသော အစိတ်အပိုင်း အပျက်အစီးများ မြေပြင်ပေါ်သို့ ကျလာခဲ့သည်ဆို၏။ ထိုသတင်းကို ဝီလျံဘရာဇဲလ်က မြို့နယ်အုပ်ချုပ်မှုနှင့် တရားစီရင်ရေးရုံးသို့ ကိုယ်တိုင် သွားရောက် သတင်းပို့ တိုင်ကြားခဲ့လေသည်။ ထိုအဖြစ်အပျက်ကို ဤကဲ့သို့-

*ပန်းကန်ပြားပျံကြီးကို စတင်တွေ့ရှိခဲ့သူ နွားပိုင်ရှင်ကြီးခမျာ ခက်မှခက် ဖြစ်နေရပြီး သတင်းစာဆရာတို့၏အမေးကို 'ကျွန်တော် ဝမ်းနည်းပါသည်' ဟူ၍သာ ပြန်လည် ဖြေကြားခဲ့ပါသည်* ဟု ခေါင်းစဉ်တပ်၍ ရေးသားဖော်ပြထား၏။

နွားခြံပိုင်ရှင်ကြီး ဝီလျံဘရာဇဲလ်အား စာရေးသူ သွားရောက်တွေ့ဆုံပြီး ပန်းကန်ပြားပျံကြီးအကြောင်းနှင့် ပတ်သက်၍ သိလိုသမျှကို စုံစမ်းမေးမြန်းခဲ့၏။ တစ်ချိန်လုံးလိုလို ဘရာဇဲလ်မှာ အလွန် စိတ်ထိခိုက်နေသည်ကို တွေ့ရှိခဲ့ရပါ သည်။ အမေရိကန်လေတပ် အာဏာပိုင်တို့က သူ့အား ကောင်းကင်မှ ပျက်ကျခဲ့

သော အရာဝတ္ထုကြီးကို မည်သည့်အရာဖြစ်ကြောင်း၊ မည်သို့ ပုံပန်းသဏ္ဌာန်ရှိကြောင်း စသည်ဖြင့် ပြောကြားရန် ညွှန်ကြားခဲ့သည်ဟု အတည့်အလင်းပင် ဘရာဇဲလ်က ပြောပြခဲ့၏။ ၎င်းကပင် ဆက်လက်၍ မိမိသည် အရဲစွန့်၍ ရင်ထဲရှိသမျှကို သက်ဆိုင်ရာတို့အား ဖွင့်ဟမေးမြန်းမိခဲ့သည်ဟုဆို၏။ ယင်းပျက်ကျခဲ့သောအရာမှာ မိုးလေဝသ မိုးပျံဘောလုံးနှင့် စက်ကိရိယာ မဟုတ်ကြောင်း မပြောရဘူးလော ဟူ၍ပင် မေးခဲ့သည်ဟု သိရ၏။

အမှန်စင်စစ် ဘီလျံဘရာဇဲလ်မှာ ယခင်ကတည်းက မိုးလေဝသ မိုးပျံဘောလုံးတို့နှင့် မျက်မှန်းတန်းမိခဲ့ဖူးသူ ဖြစ်၏။ ထိုပစ္စည်းများကို သူကိုယ်တိုင် သေချာလေ့လာကြည့်ရှုခဲ့ဖူးလေသည်။ သို့ဖြစ်၍ ဘရာဇဲလ်က-

"ကျွန်တော် တွေ့ခဲ့ရတဲ့ အရာဝတ္ထုကြီးဟာ မိုးလေဝသ မိုးပျံဘောလုံးဟုတ်ကို မဟုတ်ဘူးဗျ၊ သိပ်ကိုသေချာတယ်၊ ဒါပေမယ့် အဲဒီအချိန်က အသက်အန္တရာယ် မရှိခဲ့ဘူး ဆိုရင်တော့ ဒီလူတွေ ကျွန်တော့်ကို ဘယ်ကိုင်လို့လွယ်မတုံး၊ သူတို့ထွက်ခိုင်းတဲ့အတိုင်း ထွက်ပါလိမ့်မယ်၊ ဝေးသေးတယ်" ဟူ၍ မခံချိမခံသာ တဗျစ်တောက်တောက် ပြန်လည် ပြောပြရှာပါသည်။

ရို့စ်ဝဲလ် နေ့စဉ်မှတ်တမ်း သတင်းစာကြီးက ဗိုလ်ချုပ်ရာမေး၏ မိုးလေဝသ မိုးပျံဘောလုံးဇာတ်လမ်းကို သတင်းစာရှေ့မျက်နှာဖုံး၌ တခမ်းတနား ဖော်ပြခဲ့ပါသည်။ သို့ရာတွင် အယ်ဒီတာအာဘော်အခန်း၌ ယင်းဇာတ်လမ်းကို လုံးဝလက်မခံ အယုံအကြည် မရှိကြောင်း အတည့်အလင်း ရေးသား ဝေဖန်တင်ပြထား၏။ အယ်ဒီတာက နွားခြံရှင်ကြီး ဘီလျံဘရာဇဲလ်အား အချင်းဖြစ်ပွားစက သတင်းစာဆရာတို့ သွားရောက် တွေ့ဆုံခဲ့ကြောင်း၊ ထိုစဉ်က ဘရာဇဲလ်မှာ အမေရိကန်လေတပ်မတော် သက်ဆိုင်ရာ အာဏာပိုင်တို့က မည်ကဲ့သို့ ခြိမ်းခြောက်ထွက်ဆိုခိုင်းခဲ့၍ သတင်းစာဆရာတို့အမေးကို ပြန်လည် ဖြေကြားခဲ့ပုံ၌ သရုပ်သကန် ပေါ်လွင်နေကြောင်းကိုလည်း ဝေဖန်ထောက်ပြထားလေသည်။

သို့ရာတွင် ဘရာဇဲလ်အား မည်သို့ပင် သူတို့အလိုကျ ထွက်ဆိုစေကာမူ အေအေအက်ဖ်(တပ်မတော်(လေ))အရာရှိများသည် မိုးလေဝသမိုးပျံဘောလုံးဆိုသည်မှာ မည်သည့်အရာဖြစ်ကြောင်း သိပြီး ဖြစ်ပေလိမ့်မည် ဟူ၍ နေ့စဉ်မှတ်တမ်းသတင်းစာကြီး၏ အယ်ဒီတာက အယ်ဒီတာအာဘော်အခန်းမှနေ၍ ဝေဖန်သုံးသပ် တင်ပြထားလေသည်။

ယင်းသို့ဆိုလျှင် မည်သည့်အရာ ဖြစ်သနည်း။

ရို့စ်ဝဲလ်မြို့အနီး နွားခြံကြီးတစ်ခုအတွင်း ပျက်ကျခဲ့စဉ်က ယင်းကိစ္စနှင့်

ပတ်သက်၍ လုပ်သားပြည်သူတို့က သိလိုကြ၍ သတင်းစာတိုက် အသီးသီးသို့ တယ်လီဖုန်းများဖြင့်ဆက်၍ မေးမြန်းစုံစမ်းခဲ့ကြ၏။ အချိန်မလပ် ပြည်သူတို့၏ နားပူနားဆာဖုန်းများကို သတင်းစာတိုက်တို့ကလည်း ပြန်လည် မဖြေကြားနိုင်ခဲ့ကြပေ။

ရိုစ်ဝဲလ် နေ့စဉ်မှတ်တမ်းသတင်းစာကြီး၌ ထိုစဉ်က ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့်သတင်း ဖော်ပြခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စု ပြည်နယ်ပေါင်း (၄၄)ပြည်နယ်မှ သိလိုကြသော လုပ်သားပြည်သူတို့ထံမှ မိမိတို့ မျက်မြင်ကိုယ်တွေ့ ပန်းကန်ပြားပျံအကြောင်း သတင်းများ ရောက်ရှိလာခဲ့လေသည်။ ၎င်းတို့ တွေ့ရှိလိုက်ရသော ပန်းကန်ပြားပျံများမှာ ငွေရောင်အဆင်းရှိ ပန်းကန်ပြားပျံများ ဖြစ်၏။

နေ့စဉ်မှတ်တမ်းသတင်းစာကြီးက ပြည်သူသို့ ကျယ်ကျယ်ပြန့်ပြန့် မတင်ပြရသေးခင် သက်ဆိုင်ရာမှ တယ်လီဖုန်းများကို စတင်စိစစ်လေတော့သည်။ တယ်လီဖုန်းနှင့် ယင်းကိစ္စကို မေးမြန်းသူမှန်သမျှ သက်ဆိုင်ရာမှ မည်သည့်သတင်းများ ဖတ်ရှုခဲ့ရသည့်အတွက် မေးမြန်းပါသနည်း။ မည်သည့် မသက်ာဖွယ်ရာများကို တွေ့မြင်ခဲ့ရပါသနည်း။ ကိုယ်တွေ့မြင်ခဲ့ရသလော စသည်ဖြင့် စစ်ကြောမေးမြန်းလေတော့သည်။

သို့ရာတွင် ရိုစ်ဝဲလ်မြို့က ဖြစ်ရပ်မှန်ဇာတ်လမ်းမှာ ယနေ့ပစ္စက္ခ အံ့ဖွယ်ဖြစ်ရပ်များ ထူးဆန်းထွေလာများတွင် ထူးထွေသည့်အံ့ရာသော်အဖြစ် ရပ်တည်လျက်ပင် ရှိနေပေသည်။

ပန်းကန်ပြားပျံကြီး မည်ကဲ့သို့ ဖြစ်သွားခဲ့သည် ဆိုသည့်အကြောင်းမှာ တစ်ကိစ္စ တစ်ကဏ္ဍ ဖြစ်ပါသည်။ အမေရိကန်တပ်မတော်မှ ၎င်း၏ လျှို့ဝှက်မှုကို ယနေ့တိုင် နှုတ်ပိတ်ရေငုံလျက်ပင် ဖြစ်၏။ ထိုပန်းကန်ပြားပျံပျက်ကြီးကိစ္စမှာ မတော်တဆ တိုက်ဆိုင်မှု ဖြစ်ကောင်းဖြစ်မည်။သို့မဟုတ် အဟုတ်အမှန် ဖြစ်ချင်လည်း ဖြစ်ပေမည်။ ဆင်ခြင်တုံတရားနှင့် သေချာစဉ်းစားကြည့်လျှင် အဖြေမှန်ပေါ်ပါလိမ့်မည်။ အမှားလား၊ အမှန်လား ဝေဖန်ဖို့င်းချိန်ကြည့်နိုင်ပေသည်။

ဤရိုစ်ဝဲလ်ကိစ္စကြီး စဖြစ်ပွားကတည်းက အမေရိကန်ပြည်သူများက ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့ခြင်း အမှန်ပင်ဖြစ်ကြောင်း နှစ်နှစ်ကာကာ ယုံကြည်ထားပါလျက် ယနေ့တိုင် လေသံကြား ဖမ်းတရားနာသည့် လုပ်ဇာတ် (ထိုးဇာတ်) တစ်ခုအဖြစ် ထင်မြင်ယူဆသူတို့က ထင်မြင်ယူဆပေလိမ့်မည်။ သို့ရာတွင် ကိုယ်တွေ့မျက်မြင် ကာယကံရှင်တို့နှင့် ပြည်သူအများ ထိုစဉ်က တစ်စုံတစ်ရာ ပျက်ကျ

ခဲ့သည်ကို မြင်တွေ့လိုက်ကြရခြင်းကိုမူ မည်သူမျှ မငြင်းနိုင်ပါပေ။

ရို့စ်ဝဲလ်မြို့အနီး ပျက်ကျခဲ့သောပန်းကန်ပြားပျံကြီးကိစ္စနှင့် ပတ်သက်၍ ဗိုလ်ချုပ်ရာမေး (အာရ်အေအေအက်ဖ်) မှ အမြီးအမောက် မတည့်သည့် ကြေညာချက်တစ်ရပ်ကို အသံလွှင့်ခဲ့၏။ယင်းအသံလွှင့်မိန့်ခွန်းတွင် ပန်းကန်ပြားပျံ မဟုတ်ကြောင်း၊ မိုးလေဝသ တိုင်းတာသည့် ရာဝင်ဆန်ဒီ မိုးပျံဘောလုံးသာ ဖြစ်ကြောင်း အတည့်အလင်း ဖော်ပြထား၏။ ၎င်းစကားရပ်နှင့် စပ်လျဉ်း၍ ဆံ့ဖရန့်စစ္စကို မော်ကွန်းသတင်းစာကြီးက မသိကျိုးကျွံပြုကာ တမင်အရွဲ့တိုက်ပြီး ပန်းကန်ပြားပျံဆိုသည့် အနက်အဓိပ္ပာယ်ကို ငြိကာချဲ့ပြထားလေသည်။ ၎င်းမှာ ဤသို့ ဖြစ်၏။

ထူးဆန်းသောပန်းကန်ပြားပျံများကို အမေရိကန်ပြည်ထောင်စု တစ်ဝန်းလုံး (အပူပိုင်းရပ်ဝန်းတက်ဆပ်စ်ပြည်နယ်မှလွဲ၍) ရှိ လုပ်သားပြည်သူတို့ တွေ့မြင်ဖူးကြသည်ချည်း ဖြစ်၏။မျက်မြင်ကိုယ်တွေ့ လုပ်သားပြည်သူတို့က ပန်းကန်ပြားပျံများ၏ အသွားနှုန်းမှာ တစ်နာရီ မိုင်ပေါင်း (၁၂၀၀) ရှိကြောင်းကိုလည်း ဖော်ပြခဲ့ကြလေသည်။

ဖော်ပြခဲ့ပြီး ဖြစ်ရပ်များမှာ ၁၉၄၄ ခုနှစ် နှစ်လယ်ပိုင်းဆီမှ စတင်ခဲ့သော မကြာခဏ ယူဖိုးအတွေ့အကြုံသတင်းများပင် ဖြစ်၏။သို့ရာတွင် သက်ဆိုင်ရာတို့က ယင်းသတင်းမျိုးနှင့် ပတ်သက်လာလျှင် အရက်သမားတို့၏ မူးမူးရူးရူးနှင့် ထင်ရာမြင်ရာ ပြောစကားများ ဟူ၍ လည်းကောင်း၊ ဘိုးတော်ယောင်ယောင် အမြင်ပေါက်နေသူများ ***(EccentricVisionaries)*** ၏ ခပ်ကြောင်ကြောင် စကားများ ဟူ၍ အယုံအကြည်မရှိ ပယ်ချခဲ့၏။ ထိုလုပ်ရပ်မှာ ယူဖိုးပြဿနာကို တိုက်ခိုက်လေ့ရှိသော ယင်းတို့၏ သေနင်္ဂဗျူဟာ နည်းစနစ်တစ်ရပ်ပင် ဖြစ်တော့သည်။

ထိုစဉ်အတွင်း သတင်းစာ အစောင်စောင်မှ သတင်းထောက်တို့ကလည်း ရို့စ်ဝဲလ်ကိစ္စကို လက်မလျှော့ဘဲ သဲကြီးမဲကြီး ဇွဲကောင်းကြတုန်းပင်။ ဗိုလ်မှူးကြီး ဘလန်ချတ်(တပ်မှူး)နှင့် ဆက်သွယ်ဖို့ အစွမ်းကုန် ကြိုးစားနေခဲ့၏။ သို့ရာတွင် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့၌ ဗိုလ်မှူးကြီးဘလန်ချတ်မှာ ရုတ်တရက် ခွင့်ယူသွားခဲ့၏။ တစ်ချိန်တည်းလိုလိုပင် ဗိုလ်မှူးမာဆဲလ်ကလည်း တက်ဆပ်ပြည်နယ် ဖို့သ်ဝပ်မြို့ရှိ ကားစ်ဝဲလ် လေတပ်မတော်ဌာနချုပ်သို့ ရို့စ်ဝဲလ်အာကာသယာဉ်ပျက်ကြီးကို ပို့ဆောင်ရန် စစ်လေယာဉ် ဘီ (၂၉) နှင့် ထွက်ခွာသွားခဲ့လေပြီ။

အာရ်အေအေအက်ဖ်ဌာနချုပ်၌ တပ်မှူးတာဝန်ကို ဒုတပ်မှူး ဒုတိယ

ဗိုလ်မှူးကြီး ပိန်းဂျင်းနင်းစ် ***(Payne Jennings)*** က ခေတ္တ တာဝန်ယူ ထမ်းဆောင်နေခဲ့၏။ သတင်းထောက်တို့မှာ ခြေပေါက်ကာ ပြေလွှမ်းမိုးပျံ့သွားခဲ့သော ရိုစ်ဝဲလ်ပန်းကန်ပြားပျံသတင်းနောက် ဘယ်လိုက်ရမှန်း မသိတော့ချေ။ သတင်းထောက်တို့လည်း မရမနေ ဗိုလ်မှူးကြီးဘလန်ချတ်နှင့် တွေ့နိုင်ရန် ဆက်လက် ကြိုးစားတုန်းပင်။ သို့ရာတွင် 'တပ်မှူး ခွင့်သွားနေပါတယ်၊ တွေ့ဆုံနိုင်ဖို့ မဖြစ်နိုင်ပါ ခင်ဗျား' ဟူ၍သာ ပြောရေးဆိုခွင့် ရှိသူတို့က ပြန်ကြားခဲ့ကြလေသည်။

ဗိုလ်မှူးကြီးဘလန်ချတ် ခွင့်ယူသွားရသည့် အစီအစဉ်ကလည်း ဗိုလ်ချုပ်ရာမေး အမိန့်အတိုင်း လိုက်နာဆောင်ရွက်ခဲ့ရသည် ဆိုသည်မှာ ထင်ရှားနေပေသည်။ ဤသည်မှာ ဗိုလ်ချုပ်ရာမေး၏ ဉာဏ်နီဉာဏ်နက်ပင် ဖြစ်၏။ ဤသို့အားဖြင့် ရိုစ်ဝဲလ်ပန်းကန်ပြားပျံကိစ္စကို မည်သူထံ သတင်းမေး၍ ရနိုင်ပါအံ့နည်းဟု မိမိ (ဗိုလ်ချုပ်ရာမေး) ကို လာမေးပါကလည်း ဓာတ်ပြားဟောင်းကြီးဖြစ်သည့် သရုပ်ဆောင် မိုးပျံ့ဘောလုံးကို လက်ညှိုးထိုးပြလိုက်ရုံနှင့် ကိစ္စပြီးပြတ်သွားပေမည်။ ဤမျှ ကွက်ကျော် အမိုက်ကောင်းလှသော ဗိုလ်ချုပ်ရာမေးအား ချီးကျူးစရာ ကောင်းပေတော့သည်။

ကာနယ်လ်ဘလန်ချတ်မှာ နောက်ပိုင်းကာလ၌ ဗိုလ်ချုပ်ရာထူးသို့ တိုးမြှင့်ခြင်း ခံခဲ့ရ၏။ အမှန်စင်စစ် ဗိုလ်ချုပ်ဘလန်ချတ်မှာ အရည်အချင်းနှင့် ပြည့်စုံသူဖြစ်၍ တိုးမြှင့်ရာထူး ခံစားခဲ့ရခြင်း ဖြစ်ပေသည်။ ၎င်းသည် ကမ္ဘာစစ်ကြီးအတွင်းက ပစိဖိတ်သမုဒ္ဒရာ ဗုံးကြဲတိုက်လေယာဉ်တပ်စုများကို ဦးစီးကွပ်ကဲရသော ကွန်မန်ဒါအဖြစ် ထမ်းဆောင်ခဲ့ရ၏။ ထို့နောက် တပ်ရင်း(၈)အမေရိကန်လေတပ်မတော်၌ စစ်ဆင်ရေးမှူး ဖြစ်ခဲ့၏။ ထိုစဉ်က ရှုပ်ရှုပ်ချွံချွံ စွမ်းဆောင်ခဲ့သော မှတ်တမ်းများကြောင့် အမေရိကန်စစ်ဘက်ဆိုင်ရာ အမြင့်ဆုံး သူရဲကောင်းဘွဲ့တံဆိပ် အပ်နှင်းခံခဲ့ရသူ ဖြစ်၏။၎င်းသည် ကံသီပေ၍သာ ပထမဦးဆုံး အမေရိကန်တို့၏ ဂျပန်ပြည် နဂါစကီကျွန်းပေါ် ကြဲချခဲ့သည့် ဗုံးကြဲတိုက်လေယာဉ်တိုက်စစ်မှူးအဖြစ် အရွေးခံခဲ့ရခြင်းမှ လွဲခဲ့ရသူ ဖြစ်၏။ ထိုစဉ်က ၁၉၄၅ ခုနှစ်အတွင်းက ဖြစ်ပါသည်။

ယခုအခါ ဗိုလ်ချုပ်ဘလန်ချတ်မှာ ကွယ်လွန်ခဲ့လေပြီ။ သူ၏ဇနီး မုဆိုးမ မစ္စစ်ဘလန်ချတ်သာ ကျန်ရှိနေပါသည်။ မကြာသေးမီ ကာလက နျူကလီးယားရူပဗေဒပညာရှင်နှင့် သုတေသီဖြစ်သူ စတန်တန်ဖရိုက်မင် ***(Stanton Frie dman)*** မှာ မစ္စစ်ဘလန်ချတ်နှင့် သွားရောက် တွေ့ဆုံခဲ့ပြီး ရှေးဟောင်းနှောင်းဖြစ် ဤရိုစ်ဝဲလ်ဇာတ်လမ်းကို မေးမြန်းခဲ့ပါသည်။ မစ္စစ်ဘလန်ချတ်က သူမ၏ခင်ပွန်းသည်

ကာနယ် (နောင် ဗိုလ်ချုပ်) ဘလန်ချတ်ကိုယ်တိုင် ကားစ်ဝဲလ်ဌာနချုပ် (လေ)သို့ ပို့ပေးခဲ့ရသော ရိုစ်ဝဲလ် အာကာသယာဉ်ပျက်ကြီးကို မိုးလေဝသ မိုးပျံဘောလုံး မဟုတ်မှန်း သိရှိခဲ့ပြီးဖြစ်ကြောင်း ပြောခဲ့သည်။

၎င်းပြင် သူမက ဆက်လက်၍ "ဒီပျက်ကျခဲ့တဲ့ ပန်းကန်ပြားပျံကြီးကို ကျွန်မခင်ပွန်း ကိုယ်တိုင် ကမ္ဘာမြေပြင် လူသားတွေ တည်ဆောက်ထားတဲ့ လေယာဉ် မဟုတ်မှန်း သိခဲ့ပါတယ်။ အစက သူထင်ခဲ့မိတာ ရုရှားလေယာဉ်လို့ပဲ၊ ဘာကြောင့်လဲ ဆိုတော့ ဒီယာဉ်ပျက်ကြီးပေါ်မှာ တွေ့ခဲ့ရတဲ့ အမှတ်အသား သင်္ကေတတွေကြောင့် ဖြစ်ပါတယ်၊ နောက်ကျမှ ရုရှားလေယာဉ် မဟုတ်မှန်း သိခဲ့ပါတယ်"ဟူ၍ ခိုင်ခိုင်လုံလုံပင် မစ္စစ်ဘလန်ချတ်ထံမှ ရိုစ်ဝဲလ် ပန်းကန်ပြားပျံနှင့် ပတ်သက်၍ သိရှိခဲ့ရလေသည်။

ထိုအချိန်နှင့် တစ်ချိန်တည်းလိုလိုပင် ဗိုလ်ချုပ်ရာမေး၏ တပ်ခွဲအေ(၂) ***(A.2 Division)*** (ထောက်လှမ်းရေး) ညွှန်မှူးချုပ်မှာ ဗိုလ်မှူးကြီး အာလ်ဖရက်အီး ကာလ်ဘာရာ ***(Alfred E.Kalberer)*** ဖြစ်ပါသည်။ ဗိုလ်မှူးကြီး ကာလ်ဘာရာ သည် ဖို့ဝပ်သ်မြို့ အနီးပတ်ဝန်းကျင်ဒေသမှ လူမှုအဖွဲ့အစည်းပေါင်းစုံနှင့် တွေ့ဆုံဆွေးနွေးမှုများ စတင် ပြုလုပ်ခဲ့၏။ ထိုလူထုအစည်းအဝေးတိုင်း၌ ပန်းကန်ပြားပျံ ထိတ်လန့်စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပွားကျယ်ပြန့်လာသည်ကို ပပျောက်သွားစေရန် ဆန့်ကျင်ရေးတရားများကို တင်ပြဆွေးနွေးခဲ့လေသည်။

ဇူလိုင်လ ၁၀ ရက်နေ့၌ ဖို့ဝပ်သ်တပ်မတော်(လေ)စစ်ဌာနချုပ်မှ မှတ်တမ်း အရ သိရသည်မှာ (ထိုမှတ်တမ်းများကို မူလက လျှို့ဝှက်ထားသည်။) မဟာဗျူဟာ လေကြောင်းစစ်ဆင်ရေးဌာနချုပ်မှ လက်ထောက်ညွှန်မှူး ဗိုလ်မှူးကြီး အိုင်ဗင် ***(Irvine)*** သည် ဗိုလ်ချုပ်ရာမေးနှင့် တိတ်တဆိတ် သွားရောက် တွေ့ဆုံခဲ့၏။ ယင်း တွေ့ဆုံရင်းကိစ္စမှာ ရိုစ်ဝဲလ် ပန်းကန်ပြားပျံပျက်ကျသည့်ကိစ္စ ဆွေးနွေးရန် ဖြစ်ကြောင်း သိရှိရ၏။

၎င်းပြင် ရိုစ်ဝဲလ်(လေ)ဓာတ်ပုံနှင့် ဓာတ်ခွဲခန်းဌာန တာဝန်ခံမှာ လက်ဖ် တင်နင် လူးဝစ်ဘိုဟာနန် ***(Louis Bohanon)*** ဖြစ်၏။ သူ၏တာဝန်တွင် လေ ယာဉ်ပျက်ကျခြင်း၊ လေယာဉ်ပျက်စီးခြင်း ဖြစ်ပွားမှုများကို သက်သေခံ မှတ်တမ်း ဓာတ်ပုံများ ရိုက်ကူးရသည့် တာဝန်လည်း ပါဝင်၏။ ရိုစ်ဝဲလ်ပန်းကန်ပြားပျံကြီး ပျက်ကျပြီးနောက် ရက်သတ္တနှစ်ပတ် မတိုင်မီကပင် လက်ဖ်တင်နင် လူးဝစ် ဘိုဟာနန်မှာ သူ၏အဖွဲ့နှင့် ရုတ်တရက်ထွက်ခွာသွားခဲ့၏။ သူနှင့် သူ၏အဖွဲ့သည် ပန်းကန်ပြားပျံကြီးပျက်ကျခဲ့သည့် နေရာဒေသတစ်ဝိုက်ကို မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးရန်ကိစ္စကြောင့် ဖြစ်၏။ သို့ရာတွင် ထိုရိုက်ကူးခဲ့သည့် ဓာတ်ပုံများကို

မှတ်တမ်းတင်ဌာန၌ မတွေ့ခဲ့ရတော့ပေ။ ၎င်းနောက်ပိုင်း လက်ဖ်တင်နင်ဘိုဟာနန်အား ဌာနချုပ်မှ အထူးအမိန့်ပြန်တမ်းအမှတ် (၁၃၉) ဇူလိုင်လ ၁၈ ရက်နေ့စွဲဖြင့် ရိုစ်ဝဲလ် စာတ်ခွဲခန်းတာဝန်မှ ထွက်ခွင့်ပြုခဲ့ပြီး ကာလီဖိုးနီးယားပြည်နယ် ဟာမီးလ်တန်လေယာဉ်ကွင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခဲ့သည်။

ဒုတိယဗိုလ်မှူးကြီး ဂျင်နစ်(ဗိုလ်မှူးကြီးဘလန်ချတ်၏နေရာတွင် ခေတ္တတာဝန်ထမ်းဆောင်နေရသူ)၏ကံကြမ္မာမှာ ဆိုးရွားထူးဆန်းလှပေသည်။ သူသည် ထူးဆန်းစွာ ဥပဒေ္ဒကတ်နှင့် ကွယ်လွန်ရှာခဲ့၏။ ရိုစ်ဝဲလ် ပန်းကန်ပြားပျံကြီးကိစ္စ ဖြစ်ပွားခဲ့ပြီးနောက် မကြာမီ အထူးတာဝန်ကိစ္စတစ်ရပ်ဖြင့် အင်္ဂလန်သို့ သွားခဲ့ရ၏။ သူစီးနင်းလိုက်ပါသွားသော လေယာဉ်ပျံကြီးသည် ဘာမြူဒါတြိဂံဒေသ ***(Bermuda Triangle)***ပေါ် ဖြတ်သန်းစဉ် နောက်ဆုံးသတင်း ***(SOS)*** ကိုပင် မပို့နိုင်ဘဲ လေယာဉ်တစ်စင်းလုံး ပျောက်ကွယ်သွားခဲ့၏။ ပျောက်ကွယ်သွားခဲ့သော လေယာဉ်ပျံနှင့်ပတ်သက်၍ မည်သည့်သဲလွန်စကိုမျှ ရှာမတွေ့ခဲ့ကြပေ။ စီးနင်းလိုက်ပါသွားသူတို့၏အလောင်းကို လည်းကောင်း၊ အသက်မသေကျန်ရစ်သူများကို လည်းကောင်း မတွေ့ခဲ့ရတော့ချေ။ မူလက ဗိုလ်မှူးမာဆဲလ်လည်း ဒုတိယဗိုလ်မှူးကြီးဂျင်နစ် စီးနင်းလိုက်ပါသွားခဲ့သော လေယာဉ်ပျံကြီးနှင့် လိုက်သွားရန် အစီအစဉ်ရှိခဲ့၏။ သို့ရာတွင် ဗိုလ်မှူးကြီးဘလန်ချတ်က ကိုယ်ရေးကိစ္စကြောင့် ဆွဲထား၍သာ သေကံမရောက် သက်မပျောက်ခဲ့ရခြင်း ဖြစ်လေသည်။

ပန်းကန်ပြားပျံတစ်စင်း ကျွန်ုပ်တို့၏ကမ္ဘာမြေပြင်ပေါ်သို့ ဆင်းသက်ကျရောက်ခဲ့သည်မှာ အမှန်ပင် ဖြစ်၏။ ယင်းကဲ့သို့ ပြောခြင်းမှာလည်း အထူးသဖြင့် ရိုစ်ဝဲလ်တပ်မတော်(လေ)ထောက်လှမ်းရေးဌာန ဗိုလ်မှူးမာဆဲလ် ပထမဦးစွာ ထုတ်ပြန်ခဲ့သော ရိုစ်ဝဲလ် ပန်းကန်ပြားပျံကြီးနှင့်ပတ်သက်သည့် တရားဝင်ကြေညာချက်အပေါ် မူတည်၍ ကောက်ချက်ချခြင်းပင် ဖြစ်ပါသည်။ နောက်မှ ရိုစ်ဝဲလ်မြို့ ကေအက်စ်ဒဗလျူအက်စ် ***(KSWS)*** အသံလွှင့်ဌာနမှလွဲ၍ ကျန်အသံလွှင့်ဌာနများသည် ဗိုလ်ချုပ်ရာမေး ထုတ်ပြန်ခဲ့သော ထွင်သက်သေမိုးပျံဘောလုံး ကြေညာချက်ကို လုံးဝ ထည့်သွင်း မစဉ်းစားပေ။ ဤနောက်ထပ်ထုတ်ပြန်သည့် သတင်းမှာ သတင်းမှန် ဖြစ်ရပ်မှန်ကို မှောင်ချထားသည့် သတင်းသာ ဖြစ်ပါသည်။ မူလ သတင်းစာတိုက်အသီးသီးသို့ ထုတ်ပြန်ခဲ့သောသတင်းသာလျှင် အမှန်ကို အမှန်တိုင်း အရှိကိုအရှိအတိုင်း ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိသာထင်ရှားလွန်းနေပေတော့သည်။

ဗြိတိသျှဘုရင့်လေတပ်မတော်(အာရ်အေအက်ဖ်)မှ(ပျံသန်းမှု)ဗိုလ်မှူး

ဟူဂီဂရင်း **(Hughie Green)** သည် ၁၉၄၇ ခုနှစ် ဇူလိုင်လအတွင်းက ကာလီဖိုးနီးယားပြည်နယ်မှ ဖီးလာဒယ်လာဖီးယားမြို့သို့ ခရီးထွက်လာခဲ့၏။ သူ၏ ခရီးလမ်းအကြား၌ နယူးမက္ကဆီကိုပြည်နယ်ကို ဖြတ်သန်းမောင်းနှင်ခဲ့ရ၏။ ထိုစဉ် ကားအတွင်းရှိ ရေဒီယိုမှ သတင်းကြေညာနေပါသည်။ သတင်းတစ်ပုဒ်ကို သူ ကြားခဲ့ရပေသည်။

*'နယူးမက္ကဆီကိုပြည်နယ် အနောက်မှ အရှေ့သို့ ဖြတ်သန်းမောင်းနှင်လာစဉ် အသံလွှင့်ဌာနများမှ ပန်းကန်ပြားပျံကြီးတစ်စင်း ပျက်ကျခဲ့တဲ့သတင်း ကြေညာနေတာကို ကြားခဲ့ရတယ်။အထူးသဖြင့် ကျွန်တော်ဟာ ဒီပန်းကန်ပြားပျံ သတင်းဆိုရင် သိပ်စိတ်ဝင်စားတတ်တယ်ဗျ၊ ဘာလို့လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်ကလည်း အာရ်အေအက်ဖ်ကမှလား။*

*ပြီးတော့ ကမ္ဘာစစ်ကြီးအတွင်းတုန်းက သိပ်ကြောက်စရာကောင်းတဲ့ ဖူးဖိုက်တာ **(Foo Fighter)** တွေကို ပြေးအမှတ်ရမိလို့ပဲ၊ ဟိုခေတ်တုန်းက ပန်းကန်ပြားပျံတွေပေါ့ဗျာ။ အသံလွှင့်ဌာနတွေက နောက်ဆုံးဖြစ်ပွားခဲ့တဲ့ ပန်းကန်ပြားပျံသတင်းကို ထုတ်ပြန်ကြေညာ ဖတ်ကြားနေလို့ စိတ်ဝင်စားပြီး အသေအချာ ဂရုစိုက် နားထောင်ခဲ့ပါတယ်။*

*အဲဒီ သတင်းထဲမှာ ရှုရစ်နဲ့သူ့ရဲ့ အဖွဲ့ဝင်များဟာ အချင်းဖြစ်တဲ့ အာကာသယာဉ်ကြီး ပျက်ကျခဲ့တဲ့ နေရာဒေသတစ်ဝိုက်ကို သွားရောက်ကြည့်ရှုခဲ့တဲ့အကြောင်း ပါဝင်ပါတယ်။ ဒါနဲ့ ခရီးဆက်ခဲ့ရာ နောက်ပြည်နယ်တစ်ခု (တက်ဆပ်စ်) ကို ရောက်တယ်ဆိုရင်ပဲ ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့တဲ့သတင်းစုံ ကြားရတော့တာပဲ။ ဒါပေမယ့် ဖီးလာဒယ်လ်ဖီးယားမြို့ကိုရောက်တော့ ဒီအကြောင်း သတင်းစာ၊ ရေဒီယိုမှာ မတွေ့ရဘူး။*

*ဒါနဲ့ မကျေမနပ်ဖြစ်ပြီး မိတ်ဆွေသတင်းထောက်တွေကို မေးမြန်းစုံစမ်းကြည့်မိတယ်၊ သူတို့က ရို့စ်ဝဲလ်ကိစ္စကို သိတဲ့အကြောင်းနဲ့ ခု ဒီသတင်းကို ပိတ်လိုက်ပြီလို့ ကြားရတဲ့အကြောင်း ပြောပြခဲ့ကြပါတယ်'*

ထိုကဲ့သို့ အယက်ပါအတိုင်း ဗြိတိသျှဘုရင့်လေတပ်မတော် (အာရ်အေအက်ဖ်)မှ ဗိုလ်မှူးဟူဂီဂရင်းက မိမိကိုယ်တိုင် နားနှင့်ဆတ်ဆတ် ကြားခဲ့ရသော ရို့စ်ဝဲလ် ပန်းကန်ပြားပျံအကြောင်းကို ပြန်လည် ဖောက်သည်ချခဲ့၏။

စင်စစ် ဤကိစ္စမှာ ဒဏ္ဍာရီပုံပြင်တစ်ပုဒ်အသွင် တော်သလိုလျှော်သလို လွယ်လွယ်နှင့် ဖျောက်ဖျက်ဖုံးကွယ်၍ မရစကောင်းပေ။အကယ်၍သာ ယင်းတို့ ပြောသကဲ့သို့ လုပ်ဇာတ်တစ်ပုဒ် သို့မဟုတ် ရာဇဝင်အူပေါက်စကား ဖြစ်ခဲ့ပါမူ

ယနေ့တိုင် သတင်းစာ၊ စာနယ်ဇင်းတို့က ယင်းကိစ္စကို ရေကြီးခွင်ကျယ် ပြောဆို ရေးသားနေကြမည် မဟုတ်ချေ။ ယင်း ရိုစ်ဝဲလ် ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့်ကိစ္စ ဖြစ်ပွားပြီးခါစအချိန်က ထိုအကြောင်းနှင့်ပတ်သက်၍ ရေးသားထားသော စာအုပ်တစ်အုပ် ထွက်ပေါ်လာခဲ့သည်။ ထိုစာအုပ်မှာ စာရေးဆရာကြီး ဖရန့်စကာလီ ***(Frank Scully)*** ၏ ပန်းကန်ပြားပျံများနောက်ကွယ်မှာ ဖြစ်၏။ ယင်းစာအုပ်ကို ၁၉၅၀ပြည့်နှစ်က ဟောလ်စာအုပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေခဲ့ပေသည်။ ဖရန့်စကာလီမှာ စာရေးဆရာတစ်ယောက်သာမက ပင်တိုင်ဆောင်းပါးရှင်ကြီး တစ်ဦးလည်း ဖြစ်၏။

ဖရန့်စကာလီ၏စာအုပ်ထဲမှ ပန်းကန်ပြားပျံသတင်းမှာ နယူးမက္ကဆီကိုပြည်နယ်၌ ပျက်ကျခဲ့သော ပန်းကန်ပြားပျံတစ်စင်း မှုရင်းသတင်း တိုင်ကြားချက် (ဝ) အစီရင်ခံချက်ပေါ် အခြေခံထားခြင်း ဖြစ်၏။ ၎င်းသတင်းမှာ နယူးမက္ကဆီကိုပြည်နယ်၌ ပန်းကန်ပြားပျံကြီး တစ်စင်းနှင့် စီးနင်းလိုက်ပါလာခဲ့ကြသော ဂြိုဟ်သားအလောင်းတို့ကို တကယ်အမှန် မျက်ဝါးထင်ထင် အမေရိကန်စစ်ဘက်ဆိုင်ရာ အရာရှိတို့ တွေ့ရှိခဲ့ရပုံပင် ဖြစ်ပါသည်။ သို့ရာတွင် စာရေးဆရာ စကာလီသည် သူ၏စာအုပ်ကို ထိုသတင်း ရေပန်းစားနေချိန်၌ အမီထုတ်ဝေနိုင်ရန် တက်သုတ်နှင်၍ ရေးခဲ့၏။ ထိုကဲ့သို့ အလျင်စလို ဖုတ်ပူမီးတိုက်ရေးခဲ့ခြင်းကြောင့် စာအုပ်ကို ပြန်လည် စစ်ဆေးရန် အချိန် မရခဲ့ပေ။ ဤသည်မှာ သူ၏ ပြင်မရသော မဟာအမှားပင် ဖြစ်၏။

အဆိုပါ ပန်းကန်ပြားပျံနောက်ကွယ်မှာ စာအုပ်မှာ စီးပွားဖြစ် (ဘော်ချက်သည့်) အနေဖြင့် ထူးထူးကဲကဲ အောင်မြင်မှု ရရှိခဲ့ပါသည်။သို့ရာတွင် အမှားမှားအယွင်းယွင်းနှင့် ဗိုးနင်းခွက်နင်း ဖြစ်နေ၍ ရိုစ်ဝဲလ်လေတပ်မတော် (အာရုံအေအေအက်ဖ်)၏ တိုက်ခိုက်အပုပ်ချခြင်းကို ခံရကာ သက်ဆိုးမရှည်ဘဲ ကျဆုံးခဲ့ရလေသည်။ သူ၏စာအုပ်ပါ သုတေသနအချက်အလက် အကိုးအကားများမှာလည်း ရှေ့နောက်မညီ ကမောက်ကမနိုင်လွန်းနေ၏။ ၎င်းပြင် သတင်းကိုးကားချက်မှာလည်း ခြေခြေမြစ်မြစ် မရှိ။ မှန်ကန်ရုံသာမက အမိကပုဂ္ဂိုလ်၊ နေရာဒေသတို့၏ အမည်နာမ ဖော်ပြချက်မှာလည်း မပြည့်စုံချေ။ သက်သေသက္ခာယ အထောက်အထား မခိုင်မလုံ ဖြစ်နေ၏။

ထိုမှတစ်ပါး ဖွပ်သည်ထက်ညစ်သည်မှာ ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့် နေရာဒေသကို ဖော်ပြရာ၌ မှားယွင်းနေပြန်ပါသည်။ စာရေးဆရာ စကာလီ ထိုသတင်းကို ရယူစုဆောင်းခဲ့သော သတင်းပေးပုဂ္ဂိုလ်တို့မှာ ကိုယ်တွေ့မျက်မြင် မဟုတ်ဘဲ လေသံကြား ဖမ်းတရားနာကြသည့် ရမ်းတုတ်မှန်းတုတ်သမားများ

ဖြစ်နေကြ၏။ ထို့ကြောင့်လည်း သူ၏စာအုပ်၌ တင်ပြထားသည့် သတ်သောအထောက်အထားမှာ 'လေဖမ်းဝါးတန်းချည်' ဆိုသကဲ့သို့ ဖြစ်နေ၏။

ဖရန့်စကာလီသည် ၎င်း၏စာအုပ်ထဲ၌ ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့်နေရာကို အက်ဇ်တက် *(Aztec)* ဟု၍ မှားယွင်းစွာ ဖော်ပြထား၏။ ၎င်းဒေသမှာ နယူးမက္ကဆီကိုပြည်နယ် အနောက်အညာဒေသအစွန်းကျသောနေရာတွင် တည်ရှိပြီး ရိုစ်ဝဲလ်မြို့နှင့်ဆိုရပါမူ မိုင်ပေါင်းရာနှင့်ချီ၍ ဝေးကွာလေသည်။ ဤတက်တက်စင်အမှားသည် ကမ္ဘာနှင့်ချီ၍ ထုတ်ဝေဖြန့်ချိသော ယူဖိုး (UFO) နှင့် အခြားစာအုပ်စာတမ်း စာနယ်ဇင်းတို့၌ သေရာရှင်ရာပါ အစွန်းအထင်းအမည်းကွက်ကြီး ဖြစ်နေပေတော့သည်။

စာရေးဆရာကြီး ဖရန့်စကာလီမှာ ယခုအခါ၌ မရှိတော့ပြီ။ ကွယ်လွန်ခဲ့လေပြီ။ ဆရာကြီး၏ဇနီး မစ္စစ်စကာလီ ကိုယ်တိုင်ကမူ ခင်ပွန်းသည်၏ စာအုပ်ပါအကြောင်းအရာတို့ကို အမှန်တကယ်ဟု မှတ်ယူလျက် ရှိတုန်းပင်။ ၁၉၇၉ ခုနှစ်ဇွန်လနှင့်ဇူလိုင်လ အတွင်းက သူမနေထိုင်ရာအိမ်သို့ ဘီလ်မိုး သွားရောက်လည်ပတ်ခဲ့၏။ (ဘီလ်မိုးမှာ နယူးမက္ကဆီကိုပြည်နယ်၊ ဆိုကိုရိုမြို့ ဓာတ်သတ္တုတူးဖော်ရေးနှင့် စက်မှုသိပ္ပံတက္ကသိုလ်မှ ရူပဗေဒပညာရှင်ကြီး ဖြစ်ပါသည်။) စကားစပ်မိကြ၍ မစ္စစ်စကာလီက ခင်ပွန်းဖြစ်သူ၏ ပန်းကန်ပြားပျံနောက်ကွယ်မှာ စာအုပ်ပါ အခြေခံအချက်အလက်တို့မှာ အမှန်တကယ်များဖြစ်ကြောင်း အနိုင်အမာပြောခဲ့လေသည်။

သူမက ဆက်လက်၍ ပြောပြသည်မှာ မစ္စတာစကာလီသည် ယင်းစာအုပ်ကြောင့် သူတစ်ပါး ပြစ်တင်ရှုတ်ချခြင်းကို ခံခဲ့ရကြောင်း။ ကဲ့ရဲ့သဂြိုဟ်ရှုတ်ချသူများအနက် ဂျေ-ပီ-ခန်း *(J. P. Cahn)* မှာ ထိပ်ဆုံးဖြစ်ကြောင်း။ (ခန်းမှာ ၁၉၅၂ ခုနှစ်ထုတ် သစ္စာမဂ္ဂဇင်း *(True Magazine)* စာမျက်နှာ(၁၇)တွင် ပန်းကန်ပြားပျံနှင့် လူထူးလူဆန်းကလေးများ ဟူသော ဆောင်းပါးကို ရေးသားခဲ့သူဖြစ်၏။) ၎င်းမှာ ဆန်ဖရန်စစ္စကိုမြို့မှ ဆင်ခြင်တုံတရား ကင်းမဲ့လွန်းသောသတင်းစာဆရာတစ်ဦး ဖြစ်သည်ဟု မစ္စစ်စကာလီက ပြောခဲ့လေသည်။ သတင်းစာဆရာခန်းသည် သူမ၏ခင်ပွန်းကို ငြိုးသူရန်ဘက်ပမာ ပစ်ပစ်ခါခါ အဖျက်သဘောဖြင့် ဝေဖန်ရှုတ်ချခဲ့ခြင်းသာဖြစ်ကြောင်းနှင့် မစ္စစ်စကာလီက ဘီလ်မိုးအား မကျေနိုင်မချမ်းနိုင် ရင်ဖွင့်ခဲ့လေသည်။

မစ္စစ်စကာလီပြောလည်း ပြောစရာ ဖြစ်နေ၏။ ခန်း၏ စကာလီအပေါ်ပုဂ္ဂလဓိဋ္ဌာန် စွပ်စွဲချက်များနှင့် သူ၏စာအုပ်ကို ပစ်ပစ်ခါခါ မှိုချိုးမှုစ်ချိုး ဝေဖန်သုံးသပ်ထားပုံမှာ လိုသည်ထက် ပို၍ ကားလွန်း၏။ အပြုသဘော ဝေဖန်ရာ

မရောက်။ တမင် အပြစ်အနာဆာကို ချစ်တီးခေါင်းသန်းရှာသလိုရှာပြီး တစ်စိတ်တစ်ဒိတ် လုပ်ခြင်းသာ ဖြစ်ပေသည်။ သူ၏ဝေဖန်ရေးရှုထောင့်မှာ ဓမ္မဓိဋ္ဌာန်မကျဘဲ စည်းလွတ်ဘောင်လွတ် နိုင်လွန်းနေသည်ကို တွေ့ရှိရ၏။

ခန်း၏လေသံကို သံယောင်လိုက်ကာ ရောယိမ်းလိုက်ဘသားယိမ်းလိုက် သတင်းစာဆရာတစ်စုတို့မှာလည်း မစွတာစကာလီအား ရေနစ်သူဝါးကူ၍ ထိုးခဲ့ကြ၏။ ထိုသူတို့သည် သူများအပြစ်ကိုသာ မြင်တတ်ကြသူများပါပေ။ သူများယောင်၍ ယောင်ရသည် အမောင် တောင်မှန်းမြောက်မှန်းမသိ ဆိုသကဲ့သို့ စကာလီ၏စာအုပ်မှာ မှန်သင့်သလောက်မှန်ကန်သော အချက်အလက်အချို့ကိုပါ သေချာစွာ မဆန်းစစ်ကြဘဲ ဝိုင်း၍ အပုပ်ချခဲ့ခြင်းသာ ဖြစ်ပေသည်။

ခန်း၏သစ္စာမဂ္ဂဇင်းဆောင်းပါးမှာ စကာလီ၏စာအုပ်ထွက်ပြီး နှစ်နှစ်ခန့်ကြာမှ ရေးသားခြင်း ဖြစ်ပါသည်။ သူ၏ စကာလီစာအုပ်ကို ဝေဖန်ရှုတ်ချခဲ့သည့် ပင်မဦးတည်ချက်မှာ စကာလီအား ပန်းကန်ပြားပျံပျက်ကျသည့်သတင်းပေးခဲ့သူနှစ်ဦးပင် ဖြစ်၏။ ယင်းသတင်းပေးသူနှစ်ဦးမှာ ယုံကြည်ကိုးစားထိုက်သူများ မဟုတ်ဘဲ လူလိမ်လူညာများသာ ဖြစ်၏။

ထိုကဲ့သို့ သတင်းစာဆရာ ဂျေပီခန်းက မိမိစာအုပ်ကို ကဲ့ရဲ့သကြီးဟ်အပုပ်ချနေစဉ် ဖရန့်စကာလီမှာ နူရာဝဲစွဲ လဲရာသူခိုးထောင်းခံရပြန်၏။ အကြောင်းမှာ စာရေးဆရာ ဗိုလင်ဂျိုလတ် ဆိုသူက စကာလီ၏စာအုပ်မှ စာပိုဒ်အတော်များများကို သူ၏ဆောင်းပါး၌ မှားယွင်းစွာ ကိုးကားတင်ပြခဲ့လေသည်။ ယင်းဆောင်းပါးမှာ ၁၉၅၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ထုတ် စနေအပတ်စဉ်စာပေဝေဖန်ရေးဂျာနယ် စာမျက်နှာ(၆)၌ပါရှိသော သောကြာဂြိုဟ်မှ ပန်းကန်ပြားပျံ ***(Saucer From Venus)*** ပင် ဖြစ်ပါသည်။

စကာလီ၏ စာအုပ်ပါ သုတေသနပြုထားချက်များအပေါ် စာအုပ်ဝေဖန်ရေးသမားတို့၏ ခြုံ၍ မှားယွင်းသည်ဟု ဆုံးဖြတ်ခြင်းမှာ တရားနည်းလမ်းမကျ။ ယထာဘူတအမြင် မဟုတ်ပေ။ ဤသို့ သိမ်းကျုံးဆုံးဖြတ်ခဲ့သဖြင့် အခြားစာရေးဆရာများနှင့် သတင်းစာဆရာတို့၏အမြင်၌ စကာလီ၏စာအုပ် တစ်အုပ်လုံး ဖြီးဖြန်းထားသည့် လုပ်ဇာတ်ထိုးဇာတ် ဟူ၍ ထင်မြင်ယူဆစရာ ဖြစ်သွားခဲ့ရလေသည်။ စကာလီမှာ ကံမကောင်း အကြောင်းမလှဘဲ ယင်းတို့၏ တံတွေးခွက်၌ ပက်လက်မျောရသည့်အခြေသို့ ဆိုက်ခဲ့ရလေတော့သည်။

စာရေးဆရာ ဂျိုလတ်၏ အိုးနင်းခွက်နင်း အမှားမှားအယွင်းယွင်း ကိုးကားချက်များနှင့် သတင်းစာဆရာခန်း၏ သံသယဒွိဟနှင့် ပန်းကန်ပြားပျံ ကလိန်ခြုံ

ဇာတ်လမ်းဟု သုံးသပ်ချက်တို့မှာ ရှိစ်ဝဲလ်ကိစ္စ ခိုင်လုံမှုကိုပါ ထိခိုက်ခဲ့ရ၏။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ရသကဲ့သို့ ဖြစ်လေသည်။

စကာလီအား သုတေသနပြုမှု ညံ့ဖျင်းခြင်းနှင့် ကပျစ်ကညစ် မသေသပ်မှုတို့ကိုကြည့်ပြီး လွယ်လွယ်နှင့် ယင်းတို့က တစ်ဖက်သတ် ကောက်ချက်ချခဲ့ကြခြင်း ဖြစ်၏။ သို့ရာတွင် စကာလီ၏ ဝေဖန်သုံးသပ်ချက်များနှင့် ပတ်သက်၍ တစ်ခွန်းတစ်ပါဒမျှ အပြစ်မပြောနိုင်ခဲ့ကြပေ။ စကာလီ၏စာအုပ်နှင့် ပတ်သက်၍ ခန်းသုတေသနပြုပုံမှာ သတင်းပေးခဲ့သူနှစ်ဦး၏ နောက်ခံသမိုင်းကို လုံးဝဥဿုံ လေ့လာစုံစမ်းထားခြင်း ဖြစ်ပေသည်။ မည်သို့ပင် ဆိုစေကာမူ ဝေဖန်ရေးဆရာတို့ ကောင်းမှုကြောင့် စကာလီမှာ ဂုဏ်သိက္ခာကျဆင်းခဲ့ရရှာပေသည်။

အဆိုးထဲမှ အကောင်းဟု ဆိုရမည်လော မပြောတတ်ပေ။ စကာလီ၏ စာအုပ်မှာ စာပေလောက၌ အရေးနိမ့်ခဲ့သော်လည်း အခြားလောက အသိုက်အဝန်းများ အထူးသဖြင့် စစ်ဘက်၌ တစ်နည်းတစ်ဖုံ ဝယက်ရိုက်သွားခဲ့၏။ ဤစကားမှာ မစ္စစ်စကာလီ၏ ပြောပြချက်အရ ဖြစ်ပါသည်။ ၁၉၅၃ ခုနှစ် နှောင်းကာလ တစ်နေ့တာဝယ် ဗိုလ်ကြီးအက်ဒ်ဝပ်ရှုပဲလ် ***(Edward Ruppelt)*** အလည်လာရင်း ထူးထူးဆန်းဆန်း စကားတစ်ခွန်း ပြောကြားခဲ့သည်ဟုသိရ၏။ ဗိုလ်ကြီးရှုပဲလ်မှာ ထိုစဉ်က လေတပ်မတော် ယူဖိုးထောက်လှမ်းရေး သုတေသနအဖွဲ့၏ ပရောဂျက်ဘလူးဘွတ်ခ် ***(Project Blue Book)*** ဦးစီးအဖြစ်မှ အနားယူခါစ ဖြစ်၏။

၁၉၄၇ ခုနှစ် ရှိစ်ဝဲလ်ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့်ကိစ္စ ဖြစ်ပွားခဲ့ပြီးနောက် ပန်းကန်ပြားပျံ ကိုယ်တွေ့မျက်မြင် သတင်းများမှာ အမေရိကန်တစ်ပြည်လုံး လှိုင်းတံပိုး ပြင်းထန်လာခဲ့လေတော့သည်။ အမေရိကန်လေတပ်မတော် ယူဖိုးထောက်လှမ်းရေးသုတေသနအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တို့မှာ တတိယအကြိမ်မြောက် ပြည်သူနှင့် ယင်းကိစ္စအတွက် ဒူးတိုက်ဆွေးနွေး ဖြေရှင်းပေးခဲ့ကြရကာ အလုပ်ရှုပ်ခဲ့ကြရလေသည်။ ထို့ကြောင့်လည်း စကာလီ၏ စာအုပ်နှင့်ပတ်သက်၍ ဗိုလ်ကြီးရှုပဲလ်မှာ အတွင်းသိအစဉ်းသိဖြစ်နေ၏။ ၎င်းက ဖရန့်စကာလီနှင့် သူ၏ဇနီးတို့အား ဤသို့ ပြောကြားခဲ့သည်ဟု မစ္စစ်စကာလီက ပြန်လည် ပြောပြခဲ့ပါသည်။

"လျှို့ဝှက်စကားမို့ ဘယ်သူမှ မပေါက်ကြားစေချင်ဘူး၊ ပန်းကန်ပြားပျံအကြောင်း ရေးကြတဲ့စာအုပ်တွေထဲမှာတော့ ခင်ဗျားစာအုပ်ဟာ ကျွန်တော်တို့ကို ခေါင်းခဲစေခဲ့တယ် မစ္စတာစကာလီ၊ ဘာဖြစ်လို့လဲဆိုတော့၊ ဖြစ်ရပ်မှန်နဲ့ သိပ်ကိုနီးစပ်လွန်းလို့ပဲ" ဟူ၍ ဖြစ်ပါသည်။

ထို့နောက် မစ္စစ်စကာလီက ဆက်လက်၍ ပြောပြခဲ့သည်မှာ မိမိခင်ပွန်း၏ စာအုပ်တွင် ပါဝင်သောသတင်းတို့ကို အနုညာတများက ပေးခြင်းမဟုတ်ကြောင်း၊ စကာလီ၏ ထိုမိတ်ဆွေ အစိုးရဝန်ထမ်း သိပ္ပံပညာရှင်ကြီးထံမှ ကံကောင်းထောက်မ၍ ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထိုပုဂ္ဂိုလ်ကြီးမှာ ယခုအခါ အသက်ရှင်လျက်ပင် ရှိသေးသလော၊ တိမ်းပါးသွားခဲ့ပြီလော မပြောတတ်တော့ကြောင်း၊ ၎င်း၏သတင်းကို မကြားခဲ့ရသည်မှာ နှစ်ပေါင်းအတန်ကြာပြီ ဖြစ်ကြောင်း ပြောပြပါသည်။ ယင်းသိပ္ပံပညာရှင်ကြီး ယနေ့ အသက်ရှင်လျက် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ထားရှိခဲ့သောကတိတစ်လုံးကို မဖျက်လိုကြောင်း၊ ထို့ကြောင့် သူ၏ အမည်ကို မဖော်ပြခြင်းဖြစ်ကြောင်း၊ နဂိုကတည်းကပင် သူ၏အမည်ကို မည်သူ့အားမျှ ထုတ်ဖော်မပြောကြားပါဟု ကတိပြုခဲ့ခြင်းဖြစ်သည်ဟု မစ္စစ်စကာလီက ပြောပြခဲ့လေသည်။

အဆိုပါ မိတ်ဆွေသိပ္ပံပညာရှင်ကြီးက လွန်ခဲ့သော နှစ်ပေါင်း(၃၀) လောက်က သူမနှင့် စကာလီအား လျှို့ဝှက်သတင်းတစ်ရပ်ကို ပြောကြားခဲ့၏။ ၎င်းမှာ ရိုစ်ဝဲလ်၌ ပျက်ကျခဲ့သော ဂြိုဟ်သားအလောင်းများအနက် တစ်ယောက်သို့မဟုတ် တစ်ယောက်ထက်ပိုသော အရေအတွက်ရှိ အလောင်းများကို ရှီကာဂိုမြို့ရှိ ရိုဆင်ဝေါလ်သိပ္ပံတက္ကသိုလ်သို့ သုတေသနပြုလုပ်ရန် ပို့လိုက်ပြီဖြစ်ကြောင်း မစ္စစ်စကာလီက ဇာတ်စုံခင်းပြခဲ့လေသည်။

အချုပ်အားဖြင့်ဆိုရသော် စကာလီ၏စာအုပ်မှာ ရိုစ်ဝဲလ် လေတပ်မတော်ထောက်လှမ်းရေးဌာန (သတင်းနှင့်ပြန်ကြားရေး) အဖို့ အခွင့်ထူးတစ်ရပ် ရရှိစေရန် ဖန်လာခဲ့ခြင်းပင် ဖြစ်နေပေတော့သည်။ တစ်နည်းအားဖြင့် ချော်လဲရောထိုင်စရာ အခွင့်သာခဲ့ခြင်းဟု ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် စကာလီ၏ စာအုပ်မှာ ဝိုင်း၍ အချင်းချင်း (စာရေးဆရာစာပေနယ်သားချင်း) အပုပ်ချခံနေရစဉ် မူလ ရိုစ်ဝဲလ်မြို့က ဖြစ်ရပ်မှန်ပြသနာသည် အလိုအလျောက် ဖုံးဖိထားလျက်သား ဖြစ်သွားခဲ့လေသည်။ အများပြည်သူတို့အမြင်၌ ရိုစ်ဝဲလ်အဖြစ်မှန်ကိုပင် တောရမ်းမယ်ဖွဲ့ ပြောဆိုနေကြခြင်းသာ ဖြစ်မည်ဟု ထင်ယောင်ထင်မှားအမြင်မကြည်လင်စရာ ဖြစ်သွားနိုင်၏။ ဤသို့အားဖြင့် ယင်းစာအုပ်ကျေးဇူးကြောင့် အဖြစ်မှန်ကို ရောင်တော်ပျံနှင့်ရော၍ လမ်းစဖျောက်စရာ သက်ဆိုင်ရာတို့အတွက် အခွင့်သာသွားခဲ့လေတော့သည်။

တစ်နည်းအားဖြင့်ဆိုရသော် ဤ'ပန်းကန်ပြားပျံနောက်ကွယ်မှာ'စာအုပ်၏ စူးစမ်းလေ့လာမှု(ဝါ) အချက်အလက် ခြေခြေမြစ်မြစ် မရှိမှု အားနည်းချက်ကြောင့် ကျန်စာအုပ်များမှာလည်း 'ဒီပုတ်ထဲကဒီပဲ' သဘောမျိုး သက်ရောက်

သွားခဲ့ရလေတော့သည်။ ဤနိုစ်ဝဲလ်ပန်းကန်ပြားပျံကို ကင်းထောက်လေယာဉ်မှ ထောက်လှမ်းသမား တစ်စုံတစ်ယောက် တွေ့မြင်ခဲ့မိသည်မှာ ကေန် ဖြစ်နိုင်၏။ သို့ရာတွင် သက်ဆိုင်ရာတို့က စကာလီ၏စာအုပ် မကောင်းသတင်းကို အခွင့်ကောင်းယူ၍ မူလသတင်းမှန်ကို ဖုံးကွယ်ရန် နည်းပရိယာယ်တစ်ရပ်ကို ဆင်ခဲ့ခြင်း ဖြစ်လေသည်။ ယင်း နည်းပရိယာယ်ကို အမေရိကန်စစ်ဘက် စိတ်မာတ်စစ် ဆင်ရေး၌ 'မွဲပြာရောင်ဝါဒဖြန့်ချိရေး' ဟူ၍ ခေါ်ဝေါ်လေသည်။ (မြန်မာလို အိမ်ကြက်ချင်း အိုးမဲသုတ်လွှတ်ခြင်း) ဤနည်းအားဖြင့် တစ်ဖက်ရန်သူအား ယုန်ထင်ကြောင်ထင် အချင်းချင်း ပြဿနာပွားစေတော့၏။

'ပန်းကန်ပြားပျံများနောက်ကွယ်မှာ' စာအုပ်ပြဿနာနှင့် ရင်ဆိုင်တိုးနေချိန်မှာ နယူးမက္ကဆီကိုပြည်နယ် သတင်းစာတိုက်များသို့ အထင်ကရ နောက်ထပ် ကောလာဟလ လှိုင်းတံပိုးများ ရိုက်ခတ်ပြန်၏။ ၎င်းမှာ စာရေးဆရာလည်းဖြစ် စစ်ဘက်ခေါင်းကြီးပိုင်းမှ သမိုင်းဆရာ (သမိုင်းသုတေသီ)လည်းဖြစ်သူ ဖလက်ချာပရက် ***(Fletcher Pratt)*** က ပြောကြားသည်ဆိုသည့် သတင်းတစ်ရပ် သတင်းစာ၌ ပါရှိလာခဲ့ခြင်း ဖြစ်၏။ ထိုသတင်းမှာ ၁၉၅၀ပြည့်နှစ် နှစ်ဦးကာလက လျှို့ဝှက်ယုံကြည်စိတ်ချရသောဌာနမှ ဖလက်ချာပရက်မှာ သတင်းတစ်ရပ် ရရှိခဲ့သည်ဟုဆို၏။ ယင်းသတင်းမှာ ပန်းကန်ပြားပျံကြီးတစ်စင်း မြေပြင်သို့ ဖျက်ကျခဲ့ကြောင်း၊ ထိုအာကာသယာဉ်ကြီးထဲမှာ အရပ်(၃၅)လက်မသာ မြင့်ကြသည့် လူသဏ္ဍာန်မပီသသော ခန္ဓာကိုယ်ပိုင်ရှင်လူများ သေဆုံးနေကြသည်ကို တွေ့ရှိခဲ့ရကြောင်းတို့ ဖြစ်လေသည်။

ဖလက်ချာ ရရှိခဲ့သည်ဆိုသောသတင်းမှာ နိုစ်ဝဲလ်ဖြစ်ရပ်မှန်ပုံစံပင် ဖြစ်၏။ သို့ရာတွင် သက်ဆိုင်ရာအာဏာပိုင်တို့က တစ်ခါလာလည်း မည်းပြာ ပုဆိုး ဖြစ်သည့်နည်းစနစ်ဖြင့် ထုံးစံအတိုင်း ပြင်းပြင်းထန်ထန် ပုတ်ထုတ်လေတော့သည်။ မည်သို့ဆိုစေကာမူ ဖလက်ချာပရက်မှာ ဝုဏ်သရေရှိ စစ်ဘက်သမိုင်း ပညာရှင်ကြီး တစ်ဦး ဖြစ်ကြောင်းကိုမူ ထည့်သွင်းစဉ်းစားရပေမည်။ ၎င်း၏ အတွေးအခေါ် အယူအဆတို့မှာလည်း သာမန် အနုညာတတစ်ယောက် မဟုတ်၍ ဆိုဖွယ်ရာ မရှိပေ။ ၎င်းသည် စေ့စပ်သေချာသည့် သတင်းမှသာ လက်ခံစရာ အကြောင်းရှိ၏။ တော်ရုံတန်ရုံ အပယိက အခြေမခိုင်သည့်သတင်းဆိုလျှင် လုံးဝ လက်ခံမည့်လူစား မဟုတ်ချေ။ ဖရက်သည် စစ်ဘက်ဆိုင်ရာ စည်းကမ်းဥပဒေများကို နားလည်ထားသူတစ်ယောက်ဖြစ်ကြောင်း၊ လိုက်နာရှိသေလေးစားလေ့ ရှိကြောင်းကို စာရေးသူအသိပင် ဖြစ်၏။ အထက်ပါအတိုင်း ဖရက်သည် မိမိ ကိုယ်တိုင် ကြားသိရသည်ဆိုသောသတင်းကို ယုံကြည်လက်ခံထားသည်ပင်

ဖြစ်စေကာမူ အကယ်၍သာ လုံခြုံရေးဥပဒေအရ လိုအပ်ပါက ၎င်းအားနှုတ်ပိတ်ခိုင်းဖို့ ခဲယဉ်းစရာအကြောင်း မရှိပါပေ။

မည်သည့် အကြောင်းကြောင့်ပင်ဖြစ်စေ အမေရိကန်တပ်မတော် (လေ) မှ အနန္တစကြဝဠာ အာကာသယာဉ်ကြီး (ဝါ) ယူဖိုး *(UFO)* ကြီးတစ်စင်းကို သိမ်းပိုက်မိခဲ့ခြင်းကိစ္စမှာ တစ်နိုင်လုံး လှုပ်ရှားသွားစေခဲ့လေသည်။ ဤကိစ္စ၏ အကျိုးသက်ရောက်မှုမှာအမေရိကန်တပ်မတော်(လေ)ယူဖိုးထောက်လှမ်းရေးဌာန၌ ယူဖိုးမျက်မြင်ဒိဋ္ဌ အစီရင်ခံစာများမှာ ထောင်သောင်းမက တိုးတက်လာခဲ့၏။ ဤ အစီရင်ခံစာများသည် နောင်အခါ ၁၉၆၉ ခုနှစ် ကွန်ဒွန်အစီရင်ခံစာ *(Condon Report of 1969)* ဟူ၍ အမည်တွင်ခဲ့ပါသည်။

(၎င်းကွန်ဒွန်အစီရင်ခံစာမှာ အမေရိကန်လေတပ် ပရောဂျက် (စီမံကိန်း) တစ်ရပ်ဖြစ်ပြီး ကိုလိုရာဒိုတက္ကသိုလ်နှင့် ပူးပေါင်းထားခဲ့ကြသော လုပ်ငန်းတစ်ရပ်လည်း ဖြစ်ပေသည်။)

နောက်ဆုံး၌ (ကွန်ဒိုအစီရင်ခံစာ)တာဝန်ရှိ ပုဂ္ဂိုလ်တို့က ပြည်နယ် အသီးသီးမှတက်လာခဲ့သော အစီရင်ခံစာများကို ၎င်း၏သတင်းနှင့် ပြန်ကြားရေးဌာန သတင်းထုတ်ပြန်မှုနှင့်အညီ ဤသို့ ဆုံးဖြတ်ခဲ့ကြ၏။ ၎င်းတို့ကိုယ်တိုင် စုံစမ်းစစ်ဆေး ကိုင်တွယ်ဖြေရှင်းခဲ့ကြသော ယူဖိုးတွေ့မြင်ရသည့်သတင်း (အစီရင်ခံစာများ) ၏ ဆယ်ရာနှုန်းအား လက်ခံနိုင်စရာ ယုတ္တိရှိနေသည်ဟု ဆိုရပါသည်။

(အမှန်ကိုဆိုရသော် ၎င်းတို့ကိုယ်တိုင် အပြန်ပြန်အလှန်လှန် ပြင်းပြင်းထန်ထန် စစ်ဆေးထားသော အစီရင်ခံစာသာလျှင် ဖြစ်၏။ သို့ရာတွင် ထိုစိတ်ရှိလက်ရှိ စစ်ဆေးအားရ ကျေနပ်ထားသော အစီရင်ခံစာတို့ ဖြစ်လင့်ကစား တစ်နည်း တကယ့်မျက်မြင်ဒိဋ္ဌ ယူဖိုးသတင်းများ ဖြစ်ရပ်များသည်ပင် ယုတ္တိယုတ္တာ ကင်းမဲ့သည်ဟု ယူဆခဲ့ကြဟန်တူ၏။ ယင်း ယုတ္တိမရှိသော အစီရင်ခံစာများမှာ သုံးရာနှုန်းမျှရှိလေသည်။)

အမေရိကန် လေတပ်မတော် ယူဖိုးထောက်လှမ်းရေး သုတေသနလုပ်ငန်းဖြစ်သည့် ပရောဂျက်ဘလူးဘွတ်ခ်ခေါ် စာအုပ်ပြာစီမံကိန်းကြီး တစ်ရပ်မှာ သက်တမ်းအားဖြင့် (၂၂)နှစ်တိုင် ကာလကြာညောင်းခဲ့လေပြီ။ သို့ရာတွင် ငွေကုန်ကြေးကျခံကာ အချိန်ကုန်လူပန်း ကြိုးစားလုပ်ဆောင်ခဲ့ကြပါသော်လည်း အကျိုးကျေးဇူးများခဲ့ဟန်မတူချေ။ (သို့ရာတွင် ခြွင်းချက်အနေဖြင့် ကွန်ဒွန်ရိပို့ မပါဝင်ပေ။) အကြောင်းဆိုရသော် ယူဖိုးများတွေ့ရှိရသည့်မှုခင်းများ ပြည်သူလူထုအား စိတ်တစ်ချောက်ချားခြင်းပါ၊ ယူဖိုးဆိုသည်မှာ လောက၌ တကယ်အ

မှန်မရှိသည့် အရာများဟု မည်သို့ပင် ထပ်တလဲလဲ ရှင်းပြခဲ့ကြစေကာမူ သဲထဲ ရေသွန်သာ ဖြစ်၏။ လေတပ်မတော် ပရောဂျက် (ဤနေရာ၌ ***(Project Blue Book)*** ကိုဆိုလိုပါသည်) အနေဖြင့် လူသိရှင်ကြား ယူဖိုးသုတေသနမှုများနှင့် ပတ်သက်၍မူ ပြည်သူအား မည်သို့သောနည်းနှင့်မျှ ဖျက်မှန်စိမ်းတပ်ပေးရန် မဖြစ်ကြောင်း သတိမူခဲ့ကြ၏။

ထို့ကြောင့် ၁၉၆၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့၌ စီမံကိန်းကို လုံးဝဖျက်သိမ်းခဲ့လေသည်။ ဤစီမံကိန်းကြီးကို ဖျက်သိမ်းလိုက်ရသည့် အကြောင်းရင်းများအနက် တစ်စိတ်တစ်ဒေသမှာ ကွန်ဒိုရို့ ***(Condon Report)*** ခေါ် စီမံကိန်းသစ်၏ ထောက်ခံချက်များ၏ အကျိုးသက်ရောက်မှုပင် ဖြစ်လေသည်။ (အမှန်စင်စစ် ဖျက်သိမ်းရန် အစီအစဉ်မှာ နဂိုကတည်းက ကြိုတင်စီစဉ်ထားပြီး ဖြစ်၏။ လူကြားကောင်းအောင် အသံကောင်းဟစ်ခြင်းသာ ဖြစ်ပါသည်။) လေတပ်မတော် ယူဖိုးထောက်လှမ်းသုတေသနအဖွဲ့ကြီးမှာ သက်တမ်း (၂၂) နှစ်ကာလ နောက်ပိုင်း၌ ယူဖိုးလောကကို စိတ်ဝင်စားမှု မရှိတော့ပေ။

ဘလူးဘွတ်ခ် ပရောဂျက် မဖျက်သိမ်းခင်က အထူး စိတ်ဝင်စားဖွယ်ကောင်းသည့်ယူဖိုးများနှင့် ပတ်သက်သည့် နည်းဥပဒေတစ်ရပ်ရှိခဲ့ပါသည်။ ၎င်းမှာ ၁၉၅၃ ခုနှစ်၊ ဩဂုတ်လအတွင်း ပြဋ္ဌာန်းခဲ့သော လေတပ်မတော်၏ စည်းမျဉ်းဥပဒေပုဒ်မ (၂၀၀)၊ အပိုဒ်ခွဲ (၂) ***(AFR 200-2)*** ပင် ဖြစ်၏။ ၎င်းအပိုဒ်ခွဲ(၂)တွင် ဖော်ပြထားသည်မှာ ပရောဂျက်အဖွဲ့ဝင်များသည် ပုဂ္ဂလိကရေးနှင့် ပတ်သက်လာသော ယူဖိုးကိစ္စများဖြစ်ပွားခဲ့လျှင် မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းရမည်ကို လမ်းညွှန်ထားသည့် လမ်းညွှန်ချက် လုပ်ထုံးလုပ်နည်းများ အပြည့်စုံပါသည်။ ၎င်းဥပဒေပုဒ်မကျင့်ထုံး၌ စစ်ဆေးသည့်နည်းနာ စာရင်းများကိုလည်း ***(Check List)*** ခေါင်းစဉ်ငယ်များဖြင့် သီးသန့်ခွဲခြား ဖော်ပြထားသည်မှာ စာမျက်နှာပေါင်း အတန်များပြားသည်ကို တွေ့ရှိရ၏။ ၎င်းပြင် ယူဖိုးမျက်မြင်ကိုယ်တွေ့ကာယကံရှင်များကိုယ်တိုင် မိမိတို့ တွေ့ကြုံခဲ့ကြရသော ယူဖိုးတို့နှင့် ပတ်သက်သည့် ပုံပန်းသဏ္ဍာန် အနေအထားဖော်ပြချက်များကိုလည်း သရုပ်သကန် ပုံပေါင်းများစွာနှင့် ဖော်ပြထား၏။

အဆိုပါ စည်းမျဉ်းဥပဒေပုဒ်မ (၂၀၀)၊ အပိုဒ်ခွဲ(၂) လမ်းညွှန်ချက်များ၌ ယူဖိုး တွေ့မြင်လိုက်ကြရသည့် ကိစ္စများနှင့် ပတ်သက်၍လည်း အထူးတလည် ညွှန်ကြားထားသည်ကို တွေ့ရ၏။ (၎င်းမှာ တရားဝင် မကြေညာခဲ့သော ညွှန်ကြားချက်များပင် ဖြစ်၏။) သို့ရာတွင် ဘလူးဘွတ်ခ် အဖွဲ့ဝင်များ ကိုယ်တိုင် ယူဖိုးတို့နှင့် ပက်ပင်း ရင်ဆိုင်တွေ့ကြုံခဲ့ကြရသည့် ကိစ္စများ ဖြစ်ပွားခဲ့သော်

မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဆိုသည့် ဩဝါဒပင် ဖြစ်ပါသည်) အကယ်၍ ယင်းကိစ္စမျိုး ဖြစ်ပွားခဲ့သော် သက်ဆိုင်ရာ တပ်မတော် (လေ) စစ်ဌာနချုပ် ဗဟိုထောက်လှမ်းရေး အာဏာပိုင်များထံ အစီရင်ခံတင်ပြကြရန်နှင့် ပြည်သူသို့ သတင်းထုတ်ပြန်ရန် ညွှန်ကြားချက်ပင် ဖြစ်လေသည်။

ယင်း အေအက်ဖ်အာရ်ခေါ် စည်းမျဉ်းဥပဒေပုဒ်မ (၂၀၀)၊ အပိုဒ်ခွဲ (၂)၊ ပိုဒ်ရေ (၉)၌ ဖော်ပြထားသည်မှာ. .

"ပြည်နယ်အတွင်း အခါအားလျော်စွာ ယူဖိုးပြဿနာများ ဖြစ်ပွားပေါ် ပေါက်သဖြင့် လုပ်သားပြည်သူတို့က မေးမြန်းစုံစမ်းခဲ့ကြပါလျှင် ၎င်းဖြစ်ပေါ်ခဲ့သည့်သတင်းသည် ဖုံးဖိ၍မရ အဓိကရကိစ္စဖြစ်မှသာလျှင် မယုတ်မလွန် ထုတ်ပြန်ကြေညာပေးရန် ခွင့်ပြုသည်။ အကယ်၍ ဖြစ်ပေါ်လာခဲ့သော ယူဖိုးသတင်းမှာ အခြေအနေအရ သံသယဒွိဟဖြစ်နေခဲ့ပါမူ အေတီအိုင်စီ *(ATIC)* သို့ တင်ပြပြီး သက်ဆိုင်ရာတို့က ခွင့်ပြုမှသာလျှင် သတင်းထုတ်ပြန်ရမည်။ (၎င်း အေတီအိုင်စီ ဆိုသည်မှာ လေကြောင်းသိပ္ပံဆိုင်ရာ ထောက်လှမ်းရေးဌာနဖြစ်ပါသည်) သို့မဟုတ်ပါက မလိုလားအပ်သော ပြဿနာရပ်များ ရှုပ်ထွေးပေါ်ပေါက်လာနိုင်သည်ကို သတိပြုရန် အရေးကြီးသည်" ဟူ၍ ပါရှိလေသည်။

ကျွန်ုပ်တို့အနေဖြင့် ယခု ရိုစ်ဝဲလ်ပန်းကန်ပြားပျံကြီးကိစ္စနှင့် စပ်လျဉ်း၍ မူလ ပင်မသတင်းထုတ်ပြန်ခဲ့သော ပုဂ္ဂိုလ်ကြီးများဖြစ်သည့် မေဂျာမာဆဲလ်၊ ဗိုလ်ဝေါ်လ်တာဟာတ်နှင့် ရိုစ်ဝဲလ်လေတပ်မတော်(လေ)စစ်ဌာနချုပ် တိုင်းမှူး ကာလ်နယ်ဘလန်ချက်တို့ကို စဉ်းစားကြည့်မိသည်။ ဤသူတို့သည် အထက်ဖော်ပြပါ အေအက်ဖ်အာရ် စည်းမျဉ်းဥပဒေ ပုဒ်မ(၂၀၀)၊ အပိုဒ်ခွဲ(၂)သာလျှင် လွန်ခဲ့သည့် ၁၉၄၇ ခုနှစ် ကတည်းက ပြဋ္ဌာန်းပြီး ဖြစ်ခဲ့ပါမူ ၎င်းတို့သည်လည်း ဥပဒေအတိုင်း အထက် သက်ဆိုင်ရာ ဗဟိုအာဏာပိုင်များထံ၌ ရိုစ်ဝဲလ် ယူဖိုးကိစ္စကိုတင်ပြပြီး လမ်းညွှန်မှုကို ခံယူခဲ့ကြမည်သာဖြစ်၏။ ဤသို့ဆိုပါမူ ယခုကဲ့သို့ ရိုစ်ဝဲလ်ပြဿနာနှင့်ပတ်သက်၍ ပြည်သူများ မကျေမနပ် အုတ်အော်သောင်းတင်း ကိစ္စလည်း ဖြစ်ပွားလာစရာ အကြောင်းလည်း မရှိတော့ပေ။ ၎င်းပြင် ဤကိစ္စမှာလည်း တကျိတ်ကျိတ်နှင့် တိုးတိုးတိတ်တိတ်ဖြစ်ကာ ယနေ့တိုင် မည်သူမျှ ဝယနကာသိလိုက်ကြမည်မဟုတ်ကြောင်း သဘောပေါက်နိုင်ပေသည်။

၁၉၄၇ ခုနှစ် ကတည်းကစ၍ နှစ်စဉ် ကမ္ဘာနှင့်အဝန်း ယူဖိုးမျက်မြင်ဒိဋ္ဌ သတင်းများ ထောင်သောင်းမက များပြားလာခဲ့လေသည်။ အတ္တလန္တိတ်သမုဒ္ဒရာ အတွင်းရှိ ဘာမြူဒါတြိဂံဒေသခေါ် ကျွန်းစုတစ်ပိုက်ဒေသ၌ ကျွန်ုပ်တို့ လူသားတို့၏ သင်္ဘောကြီးများ၊ လေယာဉ်ပျံကြီးများ အဖြေရှာမရအောင် ယနေ့တိုင်

ပျောက်ကွယ်သွားခဲ့ကြရသော အဖြစ်ဆိုးများကို အများစုက ယူဖိုးခေါ် အနန္တ စကြဝဠာမှ ပန်းကန်ပြားပျံများ၏ လက်ရာဟု လက်သည်အဖြစ် သက်သေ ယနေ့မကင်း ယိုးစွပ်နေကြပေသည်။ ၎င်းပြင် ကမ္ဘာမြေပြင်မှယူဖိုးများ ပြန်ပေးဆွဲခံခဲ့ကြရသော သူတို့မှာလည်း"ဘရိန်းဝပ်ရှ်"ခေါ် မှတ်ဉာဏ်စေတသိက်များ ပျောက်ကွယ်ပိတ်ဆို့သွားစေရန် ပြုလုပ်ခံခဲ့ရခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားပေး ပါဝါစတေရှင်ကြီးများ၊ ယနေ့ထက်တိုင် အဖြေမပေါ်သည့် လျှပ်စစ်ဓာတ်အား ရုတ်တရက် ပြတ်တောက်သွားခဲ့ခြင်းများနှင့် လူသားတို့၏ စက်သေနတ်များ၊ တိုက်ပွဲများအတွင်း ပစ်ခတ်ခဲ့သည့်ဗုံးပျံလက်နက်များကို ရောင်ခြည်လက်နက်ဆန်း *(Ray-Gun)* နှင့် ပစ်ခွင်းနှောင့်ယှက်ခံခဲ့ရခြင်းများကို တိုင်းပြည်ပေါင်းများစွာ၌ တွေ့ကြုံခဲ့ကြရပေသည်။ (ဤသည်တို့မှာ ကျွန်ုပ်တို့ ကမ္ဘာကြီး၏ အနုတ်လက္ခဏာများပင် ဖြစ်၏။)

ထို့ကြောင့် ယနေ့ခေတ်သစ် ယူဖိုးသတင်းများအနက် နယူးမက္ကဆီကို ပြည်နယ်၌ ပန်းကန်ပြားပျံကြီး (ဝါ) ယူဖိုးကြီးတစ်စင်း ပျက်ကျခဲ့တဲ့အကြောင်းကို ပြန်လည် အမှတ်တရ စဉ်းစားသင့်လှပေသည်။ ယူဖိုးကြီးများ ခေတ်အဆက်ဆက်မှ ယနေ့တိုင် ကျွန်ုပ်တို့ ကမ္ဘာမြေပြင်ပေါ် ရောက်ရှိလာခဲ့သမျှအထဲတွင် ဤရိုစ်ဝဲလ်ယူဖိုးမှာ အထူးခြားဆုံး အထင်ရှားဆုံးဟု ဆိုရလောက်ပါပေသည်။ ယင်း ပန်းကန်ပြားပျံ ပျက်ကျခဲ့သည့် နေရာဒေသမှာလည်း အမေရိကန်လေ တပ်မတော် အခြေစိုက်စခန်းနှင့်ဆိုပါလျှင် မိုင်တစ်ရာဝန်းကျင်မျှသာ ဝေးကွာနေသည်မှာလည်း စဉ်းစားတွေးတောဖွယ် ဖြစ်၏။

မည်သည့်နည်းနှင့်ကြည့်ကြည့် ယူဖိုးသတင်းလုံခြုံရေး အစီအစဉ်များ ၁၉၄၇ ခုနှစ် ရေးဆွဲခဲ့သေးသည်မှာ အမှန်ပင် ဖြစ်၏။ ထို့ကြောင့်လည်း ရိုစ်ဝဲလ် ဖြစ်ရပ်မှန်ကိစ္စမှာ ဘူးတစ်ရာအပေါက်ကိုသာ ပိတ်နိုင်ပြီး လူတစ်ယောက်ပါးစပ် မပိတ်နိုင်သကဲ့သို့ သက်ဆိုင်ရာမှ ဉာဏ်နီဉာဏ်နက် မထုတ်နိုင်ခင် ဤသတင်းမှာ တောမီးပမာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့တော့သည်။ ယူဖိုးသမိုင်းတစ်လျှောက် ယူဖိုးဖြစ်ရပ်များမှာ ဒဏ္ဍာရီသဖွယ် မရေမရာအဖြစ်ဖြင့် ဇာတ်သိမ်းခဲ့ရသမျှ ဤရိုစ်ဝဲလ်ဖြစ်ရပ်ကျမှ နှပ်ပစ်ခံရခြင်းပင် ဖြစ်နေ၏။ တစ်နည်းအားဖြင့်ဆိုရသော် ရိုစ်ဝဲလ်မြို့တွင် ပျက်ကျခဲ့သော ပန်းကန်ပြားပျံ(ယူဖိုး)သတင်းမှာ ဟုတ်လို့ကျော် ခြင်းပင် ဖြစ်လေသည်။

ထိုထက်မက ထင်ရှားလွန်းသော အခြေအနေများမှာ ထိုစဉ်က ရိုစ်ဝဲလ် ကိစ္စကို ကိုယ်တိုင်ပါဝင်ခဲ့ကြသော မျက်မြင်ဒိဋ္ဌ ကာယကံရှင်သက်သေများနှင့် တစ်ဆင့်ခံသက်သေသက္ခာယများ(ထိုသူများမှာပထမမျက်မြင်သက်သေများထံ

မှတစ်ဆင့်သိရှိခဲ့ကြားသိခဲ့ရသူများဖြစ်ပါသည်။)မှာ ယနေ့ထက်တိုင် အသက်ထင်ရှားရှိနေကြသေးသည်။ ရှိစ်ဝဲလ်ဖြစ်ရပ်မှန်နှင့် စပ်လျဉ်း၍လည်း မနေ့တစ်နေ့က ဖြစ်ပွားခဲ့သည့်အလား အမှတ်ထင်ထင် တစ်လုံးမကျန် မှတ်မိနေကြသေးပါသည်။ ယင်းပုဂ္ဂိုလ်တို့အား စာရေးသူတို့ သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။ မည်သို့ပင် အနုလုံပဋိလုံအပြန်ပြန်အလှန်လှန် အသေးစိတ်၍ မေးမြန်းစစ်ဆေးခဲ့ကြသော်လည်း ပထမဆုံး အချင်းဖြစ်စဉ်က ကြားသိခဲ့သောသတင်းနှင့် တညီတညွတ်တည်း ထွက်ဆိုခဲ့ကြသည်ကို တွေ့ရှိရလေသည်။

♣ ♣ ♣

## အခန်း(၄)

## ငြင်းတော့ကွယ်မယုံ သက်သေရယ်စုံအညီနဲ့

နယူးမက္ကဆီကိုပြည်နယ် ဆိုကိုရိုမြို့ရွာနေတစ်ဦးဖြစ်သူ ဘာနေဘားနတ် ***(Barney Bernett)*** မှာ ပြည်နယ်အစိုးရ၏ မြို့ပြအင်ဂျင်နီယာတစ်ဦး ဖြစ်၏။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ နံနက်က ၎င်းသည် ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့် နေရာအနီးအနား၌ ကွင်းဆင်းပြီး မြေဆီလွှာ သုတေသနပြု နေခဲ့သည့် ပထမဦးဆုံး မျက်မြင်သက်သေတစ်ဦး ဖြစ်၏။

နယူးမက္ကဆီကိုပြည်နယ်၌ အတူတကွ နေထိုင်ခဲ့ကြစဉ်က မစ္စတာ ဘာနေဘားနတ်၊ ၎င်း၏ဇနီး ရုသ် ***(Ruth)***၊ ဗန်းမော်လ်တိုင်းစ် ***(L.W.Ver 'Maltasis)*** နှင့် ဇနီးဖြစ်သူ ဂျင်းဆွီမတ်မော်လ်တိုင်းစ် ***(Jean Swedmark Maltais)*** တို့မှာ အလွန်ရင်းနှီးသော မိတ်ဆွေရင်းချာများ ဖြစ်ခဲ့ကြပါသည်။ ထိုစဉ်အချိန်က မစ္စဗာ ဗန်းမှာ နယူးမက္ကဆီကိုပြည်နယ် စစ်ဘက်လက်အောက်ရှိ လုပ်ငန်းတစ်ခုကို တာဝန်ယူလုပ်ကိုင်နေခဲ့၏။

၁၉၅၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်းက မစ္စတာနှင့် မစ္စစ်မော်လ် တိုင်းစ်တို့သည် ဆိုကိုရိုမြို့သို့ အလည်အပတ် ရောက်ရှိသွားကြလေသည်။ ကွဲကွာနေခဲ့ကြသော မိတ်ဆွေကြီးဘာနေဘားနတ်နှင့် ပြန်လည်ဆုံတွေ့ခဲ့ကြရာ ရောက်တတ်ရာရာ ပြောဆိုကြရင်း မစ္စတာဘာနေဘားနတ်က မော်လ်တိုင်းစ် တို့အား အလွန့်အလွန် ထူးဆန်းသော ဖြစ်ရပ်တစ်ခုကို ပြောပြခဲ့၏။ ထိုအကြောင်းကို မည်သူ့အားမျှ ပြန်လည်ဖောက်သည်မချရန် စကားပလ္လင်ခံခဲ့လေသည်။ မစ္စတာ

ဘားနတ်က သူကိုယ်တိုင် ဆိုကိုရိုမြို့ နယ်နိမိတ် အတွင်း၌ ပန်းကန်ပြားပျံကြီး တစ်စင်း ပျက်ကျခဲ့သည်ကို မျက်စိဖြင့် တပ်အပ် တွေ့မြင်ခဲ့ရသည်သာမက ၎င်းယာဉ်ကြီးထဲမှ လူသေအလောင်းများကိုပါ တွေ့မြင်ခဲ့ရသည်ဟု သိရှိရ၏။

သို့ရာတွင် လူသေအလောင်းဟု ဆိုရသော်လည်း ကမ္ဘာမြေပြင်မှ လူသားစစ်စစ်များ မဟုတ်ကြပေ။ ထို့နောက် ယင်းနေရာတစ်ဝိုက်သို့ ချက်ချင်း စစ်တပ်များ ရောက်ရှိလာခဲ့ပြီး ဖြတ်သန်းသွားလာခြင်း မပြုရန် ကာဖျူးအမိန့် ထုတ်ကာ စစ်တပ်အစောင့်ချထားခဲ့လေသည်။ အဆိုပါ ထူးဆန်းသော အာကာသယာဉ်ကြီးနှင့် စီးနင်းလိုက်ပါလာခဲ့ကြသူများ၏ အလောင်း (ဥတုဇရုပ်များ) ကို စစ်ဘက်အာဏာပိုင်တို့က သယ်ယူသွားခဲ့ကြသည်ဟု မစ္စတာဘားနတ်က သူ၏ မိတ်ဆွေကြီး မော်လ်တိုင်းစ်တို့ ဇနီးမောင်နှံအား ပြောပြခဲ့ပါသည်။

မစ္စတာဘားနတ် ပြောပြခဲ့သည်မှာ အနှစ် (၃၀) ကြာမြင့်ခဲ့လေပြီ။ ဤရှေးဟောင်းနှောင်းဖြစ်များကို မစ္စတာမော်တိုင်းစ်တို့ ဇနီးမောင်နှံမှာ ကောင်းစွာ အမှတ်ရနေကြတုန်း ဖြစ်၏။ အထူးသဖြင့် ဘားနတ် ပြောပြသည့် ယူဖိုး ဖြစ်ရပ်မှာ ထိုစဉ်က နေရာအနှံ့အပြား၌ တွေ့ကြုံကြရသောသတင်းများထက် အလွန် ထူးခြားဆန်းကြယ်နေသောကြောင့် ဖြစ်လေသည်။ ၎င်းပြင် မစ္စတာမော်လ် တိုင်းစ်တို့ ဇနီးမောင်နှံက သူတို့မိတ်ဆွေကြီး မစ္စတာဘားနတ်၏ အကျင့်စာရိတ္တ ကောင်းမွန်ပုံကိုလည်း ပြောပြခဲ့ကြပါသည်။ ဘားနတ်မှာ သူတို့ဇနီးမောင်နှံထက် အသက်အားဖြင့်ကြီးသူ ဖြစ်၏။ ၎င်းသည် ရှေးထုံးမပယ်သူတစ်ဦး ဖြစ်၏။ ဘားနတ်မှာ သူများပြောတိုင်း ယုံကြည်ခဲ၏။ မိမိကိုယ်တိုင် မျက်မြင်ဒိဋ္ဌ လက်တွေ့မှ ယုံကြည်လေ့ရှိသူ ဖြစ်လေသည်။ မစ္စတာမော်လ်တိုင်းစ်တို့ဇနီးမောင်နှံ ယနေ့တိုင် သတိရမှတ်မိနေခဲ့သည့် ဘားနတ်၏ ပြောပြချက်ထဲမှာ ပန်းကန်ပြားပျံကြီးကို တွေ့ရှိရစဉ်က မြေပြင်ပေါ် ပျက်ကျခဲ့သည့်အကြောင်းပင် ဖြစ်သည်။

၁၉၇၉ ခု ဇန်နဝါရီနှင့်ဖေဖော်ဝါရီလအတွင်းက စာရေးသူ၏ မိတ်ဆွေ ရှေးဖော်ရှေးဖက် စာရေးဆရာမိုးသည် မစ္စတာမော်လ်တိုင်းစ်တို့ ဇနီးမောင်နှံနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့၏။ ထိုစဉ်က မစ္စတာမော်လ်တိုင်းစ်တို့ ဇနီးမောင်နှံ ပြောပြခဲ့သော ဘားနတ်၏ ပြောပြချက်များမှာ ဤသို့ ဖြစ်ပါသည်။

"မစ္စတာမော်လ်တိုင်းစ်လည်း အသိသားပဲ၊ ကျုပ်ဟာ ပြည်နယ်အစိုးရရဲ့ မြေဆီလွှာ ထိန်းသိမ်းရေး ဝန်ထမ်းတစ်ဦးပီပီ နီးစွမ်းဝတာဝန်ကျရာဒေသတွေမှာ ကွင်းဆင်းပြီး လက်တွေ့မြေဆီလွှာ အမျိုးအစားတွေကို သုတေသနစိစစ်နေရတယ် မို့လားဗျ။ သည်တုန်းက ကျုပ်ဟာ နယူးမက္ကဆီကိုပြည်နယ် မက်ဒါးလီနားမြစ်

ကမ်းနားမှာ ကွင်းဆင်းနေခဲ့ချိန်ပေါ့ဗျာ။

တစ်မနက်မှာ ဟိုခပ်ဝေးဝေးက သတ္တုနဲ့ပြုလုပ်ထားတဲ့ အရာဝတ္ထုဆီက ရောင်ပြန်ဟာ တလက်လက်နဲ့ ကျုပ်မျက်စိတွေ ကျိန်းစပ်အောင် လင်းနေတာ တွေ့လိုက်ရတယ်။ ဒါနဲ့ စိတ်ထဲမှာ တန်တော့ ညက လေယာဉ်ပျံတစ်စင်းစင်း ပျက်ကျခဲ့တာ ဖြစ်မှာပဲပေါ့ဗျာ၊ ဒီလိုပဲ တွေးမိတယ်။ အဲဒါနဲ့ ကျုပ်လည်း မြင်နေရတဲ့ အရာဝတ္ထုကြီးဆီ လျှောက်လာခဲ့တာပေါ့။

ကျုပ် အလုပ်လုပ်နေတဲ့နေရာနဲ့ဆို တစ်မိုင်လောက် ဝေးလိမ့်မယ်။ နို့ပေမယ့် တစ်မိုင်နဲ့ နှစ်ဖာလုံလောက် ဝေးမယ်ထင်တယ်၊ ခုန အရာကြီးဟာ လူသူ အရောက်အပေါက်နည်းတဲ့ တောခေါင်ခေါင် မြေပြန့်နေရာမှာ ပျက်ကျနေခဲ့တာ ဖြစ်ပါတယ်။ အဲဒါကြီးနား ရောက်သွားတော့မှပဲ ကျုပ်အထင် ပါစင်အောင်လွဲခဲ့တာပဲ မစ္စတာမော်လ်တိုင်းစ်ရေ ဘယ်ကလာ လေယာဉ်ပျံကြီး တစ်စင်း ဟုတ်ရမှာလဲဗျ၊ အဲ ဘာကြီးမှန်း မသိဘူး။ ယာဉ်တော့ ယာဉ်ကြီးပေါ့ဗျာ။

အဲဒါကြီးဟာ သတ္တုတစ်မျိုးနဲ့ တည်ဆောက်ထားတာဖြစ်ပြီး ပုံမှန်အနေအထားကတော့ ခပ်ဝိုင်းဝိုင်း ပန်းကန်ပြားပုံသဏ္ဌာန်ပဲ။ ကျုပ်စိတ်အထင်တော့ ဟိုဘက်ဒီဘက် ကန့်လန့်ဖြတ် တိုင်းကြည့်မယ်ဆိုရင် ပေအစိတ် ပေသုံးဆယ် ရှိလိမ့်မယ်။ ဒီထူးဆန်းတဲ့ဟာကြီးကို ဘာကြီးပါလိမ့်မတုံးလို့ စဉ်းစားတွေးတော လေ့လာနေတုန်း ဖြုန်းဆို တခြားလမ်းဘက်ကလူတစ်စု ရောက်လာခဲ့ကြတယ်ဗျ။ အဲ သူတို့လည်း တအံ့တဩနဲ့ ကျုပ်လိုပဲ ဘာကြီးပါလိမ့်ဆိုတဲ့သဘောနဲ့ ဝိုင်းအုံကြည့်နေခဲ့ကြတယ်။

နောက်ကျမှ သူတို့ပြောပြလို့ သူတို့ဟာ ရှေးဟောင်းကျောက်စာဌာနက သုတေသန ကွင်းဆင်းလေ့လာရေးအဖွဲ့ကဖြစ်ကြောင်း သိခဲ့ရတယ်။ သူတို့တစ်တွေဟာ အရှေ့ပိုင်းတက္ကသိုလ် (ၡင်းမှာ ပင်ဆီလ်ဗေးနီးယား တက္ကသိုလ် ဖြစ်ပါသည်။) ရှေးဟောင်းကျောက်စာဌာနက ဖြစ်ကြောင်း သိခဲ့ရတယ်။

ကြုံမှကြုံတတ်ပလေဗျာ၊ အဲ သူတို့ကလည်း ကျုပ်လိုပဲ အစက အဲဒါကြီးကို လေယာဉ်ပျံကြီးတစ်စင်း ပျက်ကျတာလို့ ထင်ခဲ့သမျှ၊ သူတို့လည်း အာကာသယာဉ်ကြီးကို တစ်ယောက်တစ်ပေါက်နဲ့ ပြောဆိုပြီး ဝိုင်းလေ့လာနေခဲ့ကြတယ်။

သူတို့တစ်တွေ ယာဉ်ကြီးထဲက မြေပြင်ပေါ် လွင့်စဉ်သေဆုံးနေတဲ့ အလောင်းတွေကို ရပ်ကြည့်နေကြတာကို သတိပြုမိခဲ့တယ်၊ ကျုပ် အထင်တော့ ဒီယာဉ်ပျက်ကြီးအတွင်းမှာ ကျန်တဲ့အလောင်းတွေ ရှိဦးမယ်လို့ပဲ၊ အဲဒါကြီးဟာ ပန်းကန်ပြားကြီးလို သတ္တုတစ်မျိုးနဲ့ တည်ဆောက်ထားတဲ့ဟာကြီးဗျ မစ္စတာမော်လ်တိုင်းစ်ရဲ့။

သိပ်တော့လည်း ကြီးကြီးမားမားကြီး မဟုတ်ဘူးဗျ။ အဲဒီ အရာဝတ္ထုကြီးကို တည်ဆောက်ထားတဲ့ သတ္တုဆိုရင် အလွန်တရာ သန့်စင်ပြီး အစွန်းအထင်းကလေးတောင် မရှိတဲ့ စတီးလက်စတီးလို ပြောင်လက်နေတယ်။

အို- အလောင်းတွေက မြင်မကောင်း ရှုမကောင်း မြေပြင်ပေါ်မှာရော ယာဉ်ကြီးထဲမှာရောပေါ့ဗျာ။ မြေပြင်ပေါ်က အလောင်းတွေကတော့ ပန်းကန်ပြားပျံကြီးနဲ့ မြေပြင်ရိုက်မိစဉ် လွင့်စဉ်ကျပြီး သေဆုံးကုန်ကြတာနဲ့တူပါရဲ့။

ဒီအလောင်းတွေကြည့်ရတာ လူနဲ့တော့တူပါရဲ့။ ဒါပေမယ့် လူတော့ မဟုတ်ဘူး။ သူတို့ဦးခေါင်းတွေဟာ လုံးလုံးကြီးတွေဗျ။ မျက်လုံးတွေက သေးငယ်ပြီး အနေအထား အချိုးအချိတ် မကျနဘူး၊ ဆံပင်ဆိုလို့ တစ်ပင်မှ မရှိဘူးပေါ့ဗျာ။

သူတို့ရဲ့ခန္ဓာကိုယ် အနေအထားဟာ ကျွန်တို့လူသားတွေရဲ့ စံချိန်နဲ့ဆို သိပ်သေးငယ်ကြတာပေါ့ဗျာ။ ကျွန်တို့ လူတွေလို ခေါင်းနဲ့ကိုယ် ဖွဲ့စည်းပုံ အချိုးအစားနဲ့တရင် သူတို့ရဲ့ ခေါင်းနဲ့ကိုယ် အချိုးအစားဟာ မမျှဘူး၊ ဦးခေါင်းပိုင်းဟာ ခန္ဓာကိုယ်ထက် ကြီးမားနေတာတွေ့ရတယ်။ သူတို့ ဝတ်ဆင်ထားကြတာတော့ အကျႌနဲ့ဘောင်းဘီ တစ်ဆက်တည်း ဘွိုင်လာစွပ်လို ဝတ်စုံနဲ့တူတယ်ဗျ။ ဝတ်စုံ အရောင်ကတော့ မီးခိုးရောင်ပါပဲ၊ သူတို့ဝတ်စုံတွေမှာ ခါးပတ်တွေ၊ ကြယ်သီးတွေ၊ ဇစ်တွေဆိုတာ အလျှင်း မတွေ့ခဲ့ရဘူး။

ဒီသတ္တဝါတွေကိုကြည့်ရတာ ယောကျ်ားတွေချည်းပဲ။ ယာဉ်ကြီးပေါ် ပါလာခဲ့ကြတာ ဘယ်နှယောက်မှန်းတော့ အမှတ်တမဲ့မို့ သေချာ မသိဘူး။ လူတစ်စုကတော့ တစ်စုပဲဗျာ၊ ကျွန်လည်း ဒီအလောင်းကို ကိုင်တွယ်လေ့လာကြည့်မယ်ရယ်လို့ စိတ်ကူးနဲ့ လက်အလှမ်းလိုက်မှာ ကျွန်ကို စောင့်ကြပ်ပြီး တခြားနေရာ ဆွဲခေါ်သွားခြင်း ခံလိုက်ရတယ်။

ကျွန်တို့တစ်တွေ ပန်းကန်ပြားပျံမှုက်ကြီးပေါ်က လူသေအလောင်းတွေကို ကြည့်နေကြတုန်း စစ်ဗိုလ်တစ်ယောက် ထရပ်ကားကြီးနဲ့ ရောက်လာခဲ့တယ်။ စစ်ဗိုလ်က ခုချိန်ကစပြီး ဒီနေရာတစ်ဝိုက်ကို စစ်တပ်က သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း ဒါကြောင့် မဆိုင်သူများ ဒီနေရာက အမြန်ဆုံး ထွက်ခွာပေးရန် ပြောခဲ့ပါတယ်။ ဒီနောက် ခုတင်က စစ်ဗိုလ်ကပဲ ကျွန်တို့ကို အဲဒီနေရာက ခုချက်ချင်း ထွက်သွားကြဖို့နဲ့ ယခု မိမိတို့ တွေ့ခဲ့ကြ မြင်ခဲ့ကြတာတွေကို ဘယ်သူမှ မပြောရလို့ မှာလိုက်ပါတယ်။

သူက ထပ်ပြီး မှာလိုက်သေးတယ်ဗျ၊ ကျွန်တို့တွေဟာ မျိုးချစ်သားကောင်းပီပီ နှုတ်လုံကြပါတဲ့"

ဤကဲ့သို့ မစ္စတာဘာနေဘားနတ်၏ ပြောပြချက်များကို မစ္စတာ မော်လ်တိုင်းစ်က ပြန်လည် ပြောပြနေစဉ် သူ၏ဇနီး မစ္စစ်မော်လ်တိုင်းစ်က ကြားဖြတ်ပြီး အားမလိုအားမရဖြစ်ကာ ဤသို့ ပြောပြခဲ့ပြန်ပါသည်။

"မစ္စတာဘားနတ်က ပြောခဲ့တယ်ရှင့်၊ ပန်းကန်ပြားပျံကြီးကို တွေ့မြင်စက သူဟာ လုပ်ငန်းခွင်က အပြင်ထွက်အလာမှာ ဖြစ်တယ်တဲ့၊ ပြီးတော့လည်း သူနဲ့ အခြားပုဂ္ဂိုလ်တွေလည်း ရှိနေတယ်လို့ ပြောခဲ့ပါတယ်။

မစ္စတာမိုး၊ ကျွန်မ အထင်တော့ ဘားနတ်ပြောခဲ့တဲ့ တခြားပုဂ္ဂိုလ်တွေ ဆိုတာ ပင်ဆီလ်ဗေးနီးယား တက္ကသိုလ်က သူတွေပဲ ဖြစ်ရမယ်။ ဘာလို့လဲ ဆိုတော့ အဲဒီ အချိန်တုန်းက နယူးမက္ကဆီကို ပြည်နယ်ဒေသမှာ ကျောက်စာ ဗေဒပညာရှင် တစ်စုဟာ ကွင်းဆင်းတူးဆွပြီး သုတေသနပြုနေခဲ့ကြတာ သိခဲ့ ရလို့ပါ"

(ဤအတိုင်း မှန်ကြောင်း ပင်ဆီဗေးနီးယားတက္ကသိုလ် ရှေးဟောင်း ကျောက်စာသုတေသီတွေကလည်း အတိအလင်း ဝန်ခံခဲ့ကြပါသည်။)

"ကျွန်မ မစ္စတာဘားနတ်ပြောပြခဲ့တဲ့ စကားတစ်ခွန်းကို ခုတိုင် ကောင်း ကောင်းကြီး မှတ်မိနေသေးတယ်၊ ဒီပန်းကန်ပြားပျံကြီး ပျက်ကျခဲ့တဲ့အကြောင်း နဲ့ ယာဉ်ကြီးနဲ့အတူပါလာခဲ့ကြတဲ့ ဂြိုဟ်သားတွေရဲ့ အလောင်းတွေကို တွေ့ရှိခဲ့ ရတဲ့အကြောင်းကို ၁၉၅၀ ပြည့်နှစ် ကျွန်မတို့လင်မယားကို ပထမဦးဆုံး ပြောပြ ခြင်း ဖြစ်တယ်လို့ ဒီကိစ္စ ဖြစ်ပွားပြီးကတည်းက ဘယ်သူ့ကိုမှ မပြောပြခဲ့ဖူးဘူး တဲ့ရှင့်။ မစ္စတာဘားနတ်ဟာ ကျွန်မတို့လင်မယားနဲ့ဆို ဆွေမျိုးရင်းချာတွေလို ချစ်ကြတဲ့မိတ်ဆွေ ဖြစ်ပါတယ်၊ ဘားနတ်က သူတွေ့ခဲ့ရတဲ့အလောင်းတွေဟာ ယောကျ်ားတွေချည်းပဲလို့ ဆိုပါတယ်၊ သူ့စကားထဲမှာ မိန်းမ (ဣတ္ထိယ) ဆိုတဲ့ စကားလုံးကို သုံးစွဲခဲ့တာ မတွေ့မိခဲ့ဘူး။

ဘားနတ် ပြောပြခဲ့သလောက်ဆိုရင် လူလိုလို သတ္တဝါတစ်ခုလို့သာ သိရပြီး ဘယ်ရွေ့ဘယ်မျှဆိုတဲ့ အရေအတွက်ကို မဖော်ပြခဲ့ဘူး၊ ဒါပေမယ့် ဘယ်နှယောက်ဆိုတာ ပြောခဲ့သေးသလား မပြောခဲ့သလားဆိုတာတော့ ကျွန်မ မမှတ်မိတော့ဘူး မစ္စတာမိုး။

ဒီသတ္တဝါတွေရဲ့ မျက်လုံးတွေဟာ သေးငယ်ပြီး အနေအထား ခွကျကျ တစ်မျိုးကြီးလို့ မစ္စတာဘားနတ်က ထပ်ခါတလဲလဲ ပြောပြခဲ့တာ မှတ်မိနေ ပါတယ်။ အဲဒီ ပျက်ကျခဲ့တဲ့ အာကာသယာဉ်ကြီးကို မကြာမီ အတောအတွင်း မှာပဲ စစ်တပ်က ထရပ်ကားကြီးတစ်စင်းနဲ့ သယ်သွားကြတာ မြင်လိုက်ရတယ်

လို့ မစ္စတာဘားနတ်က ပြောပြခဲ့ပါတယ်။

စစ်တပ်က မဆိုင်သူတွေ ထိုနေရာက ထွက်ခွာပေးဖို့ ပြောကြားခဲ့တဲ့ လူစုထဲမှာ ပင်ဆီဗေးနီးယားတက္ကသိုလ်က ရှေးဟောင်းသုတေသီတွေလည်း ပါဝင်တယ်လို့ သိခဲ့ရပါတယ်။

အို. . ဒါကြီးကို ကြည့်နေကြသူမှန်သမျှ တခြား လွတ်ရာကို ထွက်သွား ခိုင်းခဲ့ပါတယ်၊ ပြီးတော့ ဘာနေတို့ကို မှာသလိုပဲ နိုင်ငံတော်ကို သစ္စာရှိရင် မိမိတို့ မြင်တွေ့ကြားသိခဲ့ရသမျှ နှုတ်ပိတ်နေကြဖို့ သတိပေးခဲ့ကြတယ်လို့ သိရ ပါတယ်ရှင့်"

စာရေးဆရာ မစ္စတာမိုးက မိမိ မရှင်းသည့် အချက်ကို သေချာစေရန် မစ္စစ်မော်လ်တိုင်းစ်အား ဤသို့ မေးမြန်းခဲ့ပါသည်။

"ဒါနဲ့ စိတ်တော့မရှိပါနဲ့နော် မစ္စစ်မော်လ်တိုင်းစ်၊ ခင်ဗျားစကား ကြား ဖြတ်ပြီး မေးရဦးမယ်၊ မစ္စတာဘားနတ်က ဒီပန်းကန်ပြားပျံကြီး ပျက်ကျခဲ့တာ နယူးမက္ကဆီကို ဘယ်ဒေသမှာတဲ့လဲ၊ သိပါရစေ ခင်ဗျား"

"အတိအကျတော့ ကျွန်မ မမှတ်မိဘူးရှင့်၊ သူပြောတာ ဆိုကိုရိုမြို့ပြင် တစ်နေရာလို့ပဲ ထင်ပါရဲ့၊ သူကတော့ နေရာဒေသ အတိအကျ ပြောပြခဲ့မှာ အမှန်ပါပဲ၊ ဒါဟာ ကျွန်မအပြစ်ပါ။ ကျွန်မ မမှတ်မိတော့တာပါပဲ။

ကျွန်မ မှတ်မိသလောက်ဆိုရင် မစ္စတာဘားနတ်က ပရယ်ရီမြက်ခင်း ဒေသ လွင်ပြင်လို့ ထည့်သွင်းပြောဆိုခဲ့တာ တစ်စွန်းတစ်စ သိခဲ့တော့တယ်။

ဒါပေမယ့် မစ္စတာမိုး၊ တောင်တန်းဒေသ မဟုတ်ကြောင်းတော့ အတပ် ပြောရဲတယ်၊ ဒီလူ(ဘားနတ်)ဟာ နယူးမက္ကဆီကိုပြည်နယ်အနှံ့ကို သူ့အလုပ်နဲ့ ခရီးထွက်နေရတာကလား၊ ဒါပေမယ့် သူ့လုပ်ငန်းခွင် အများဆုံးရှိရာ ဒေသက တော့ ဆိုကိုရိုမြို့နယ် အနောက်ဘက်တစ်ကြောပါပဲ"

ဤသို့အားဖြင့် မစ္စတာမိုးနှင့် မစ္စတာမော်လ်တိုင်းစ်တို့ ဇနီးမောင်နှံနှင့် တွေ့ဆုံမေးမြန်း ဆွေးနွေးခဲ့ကြရာမှာ မစ္စတာဘားနတ် ကိုယ်တွေ့မျက်မြင် ရိုစ်ဝဲလ် ပန်းကန်ပြားပျံကြီး၏ မူလနိဒါန်းအစကို သိရှိခဲ့ရလေသည်။

မစ္စတာဘာနေ၏ ရိုစ်ဝဲလ်မြို့က ဖြစ်ရပ်မှန်နှင့်ပတ်သက်၍ မျက်မြင် ကိုယ်တွေ့အား ပြန်လည် ပြောပြချက်များမှာ ပြီးပြည့်စုံလှပါပေသည်။ အခြား မျက်မြင်ဒိဋ္ဌ ကာယကံရှင်တို့၏ ပြောပြချက်များနှင့် တညီတစ်ညွတ်တည်း ကိုက် ညီမှုရှိကြောင်း တွေ့ရှိရ၏။ ၎င်းပြင် မစ္စတာဘာနေဘားနတ်၏ ထိုမြို့နယ် ဂစ်ကြောတွင် နာမည်တစ်လုံးနှင့် လူရိုသေရှင်လေးစားနေခဲ့သည့်ဘဝနှင့် သူ၏

ကောင်းမြတ်သော ဂုဏ်သိက္ခာကိုလည်း ထည့်သွင်းစဉ်းစားရပေမည်။

ဤကဲ့သို့ ဂုဏ်သရေရှိ နာမည်တစ်လုံးနှင့်နေသော လူကြီးလူကောင်း တစ်ယောက်၏နှုတ်မှ ဗရုတ်ဗရက် ကောင်စဉ်ရေမရ စကားတွေကို စိတ်ကူးယဉ် ယဉ်နှင့် လျှောက်ပြောခြင်း ဖြစ်နိုင်မည်လော သို့မဟုတ် အရေမရ အဖတ်မတင် လူကြောင်တွေ ပြောလေ့ရှိသကဲ့သို့ အမြင်ပေါက်သည့်လူစားမျိုး ဖြစ်နိုင်ပါသလော ဆိုသည်ကို စာရေးသူတို့က ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်သုံးသပ်ကြည့်လျှင် သိနိုင်လောက်ပေသည်။

ဂရင်ဒီလန်ဒန် ဘာနေဘားနတ် ***(Grandy London Barney Barnett)***မှာ အမေရိကန်ပြည်ထောင်စု မြေဆီလွှာထိန်းသိမ်းစောင့်ရှောက်ရေးဌာန၌ အင်ဂျင်နီယာ တစ်ဦးအဖြစ် အမှုထမ်းဆောင်ခဲ့သည်မှာ လုပ်သက်(၂၀) ရှိခဲ့၏။ ၎င်းသည် ယင်းဌာနမှ ၁၉၅၇ ခုနှစ်ကျမှ အငြိမ်းစားယူခဲ့လေသည်။ ဘားနတ်သည် ပထမ ကမ္ဘာစစ်ကြီးအတွင်းက|၃၁၃-အင်ဂျင်နီယာ(ဆောက်လုပ်ရေး)တပ် အေအီး အက်ဖ်|တွင် ဒုဗိုလ်အဆင့်နှင့် အမှုထမ်းခဲ့၏။ ၎င်းနောက် နယူးမက္ကဆီကိုပြည်နယ် မော်စကွဲရိုမြို့ စစ်ပြန်စစ်မှုထမ်းဟောင်းအဖွဲ့ တပ်ရင်း၌ တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သေး၏။ ဤသို့အားဖြင့် မစ္စတာဘားနတ်မှာ ဆိုကိုရိုမြို့ခံ မျက်နှာဖုံး ရှေးထုံးစဉ်လာ မပယ်သည့် လူကြီးလူကောင်းတစ်ယောက် ဖြစ်ကြောင်း ထင်ရှားလှပေသည်။

ရိုစ်ဝဲလ်မြို့ အနီးဝန်းကျင် ဒေသခံ လူကြီးလူကောင်းပုဂ္ဂိုလ်တို့၏ မစ္စတာဘားနတ်အပေါ် ရှုမြင်သုံးသပ်ပုံကို အနည်းငယ် တင်ပြလိုပေသည်။ ဟွန်းလ်ဘာဆန်ဂျူနီယာ ***(Holm Bursum,Jr)*** ဆိုသူ ပုဂ္ဂိုလ်ကြီးမှာ ဘဏ်အုပ်ချုပ်ရေးမှူး ဖြစ်၏။ ၎င်းသည် ယခင်က ဆိုကိုရိုမြို့ဝန် ဖြစ်ခဲ့လေသည်။ သူ၏ဖခင် ဟွန်းလ်ဘာဆန်စီနီယာမှာ အမေရိကန်ပြည်ထောင်စု နယူးမက္ကဆီကိုပြည်နယ် အမတ်ဟောင်း ဖြစ်၏။ အဆိုပါ ဟွန်းလ်ဘာဆန်မှာ အကျော်အကြောင်း၊ အာကာသ ခေတ်အကြောင်း နားကန်းတစ်လုံးမျှ မသိပေ။ လေ့လည်းမလေ့လာ။ မသိလိုက် မသိဘာသာ နေခဲ့သူတစ်ယောက် ဖြစ်၏။ ၁၉၄၅ ခုနှစ်က အလာမိုဂိုဒိုမြို့ အကျော် အေ-ဗုံး ***(A-Bomb)*** ပထမဦးဆုံး စမ်းသပ်ကြည့်ရာမှ ဘာဆန်၏ ကျွဲနွားများမှာ ရောင်ခြည်သင့်ခဲ့လေသည်။ ထိုရောင်ခြည်သင့်သည့်ဒဏ်ကြောင့် ကျွဲနွားတို့ တစ်ကိုယ်လုံး အဖြူပြောက်များအဖြစ် ပြောင်းလဲသွားခဲ့လေသည်။ ယင်းရောင်ခြည်သင့်ခံခဲ့ရသော သူ၏ကျွဲနွားများကို သက်ဆိုင်ရာမှ အုတ်ရစ်ချ် အမျိုးသားဓာတ်ခွဲဌာနသို့ သုတေသနပြုလုပ်ရန် ပို့ဆောင်ခဲ့ကြ၏။

၁၉၇၅ ခုနှစ်က စာရေးသူ၏ တွဲဖက် ရေးဖော်ရေးဖက် စာရေးဆရာ ဝီလျံမိုးသည် ဟွန်းလ်ဘာဆန်ကျူနီယာနှင့် သွားရောက်တွေ့ဆုံပြီး မစ္စတာဘာနေဘားနတ်နှင့် ပတ်သက်သည့် ပုဂ္ဂိုလ်ရေးရာများကို မေးမြန်းဆွေးနွေးခဲ့ပါသည်။ ချက်ချင်းပင် ဘာဆန်က ဘားနတ်အား မိမိ ကောင်းစွာ သိကျွမ်းခဲ့ကြောင်းနှင့် သူ၏ကောင်းမြတ်သော ဂုဏ်အင်္ဂါအရည်အချင်းတို့ကို ကရားရေလွှတ် ပြောပြခဲ့တော့သည်။ စာရေးဆရာဝီလျံမိုးက ၎င်းအား ဘာနေဘားနတ်ကိုယ်တိုင် ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့်နေရာ၌ အချင်းဖြစ်ပွားစဉ်က သူပြောခဲ့သည့်အတိုင်း ရှိနေ မရှိနေ မေးမြန်းစုံစမ်းကြည့်ခဲ့လေသည်။ ဘားနတ်၏ ပြောစကား မှန် မမှန်ကို မေးမြန်းခဲ့ခြင်း ဖြစ်၏။ မစ္စတာဘာဆန်က. . .

"ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့တဲ့အကြောင်းဟာ စိတ်ကူးယဉ် ပုံပြင်လိုလို ပြောနေကြတာပဲ၊ ဒါပေမယ့် ဒီလူ(ဘာနေဘားနတ်)ကသာ ခုလို သူကိုယ်တိုင် တွေ့မြင်ခဲ့ရကြောင်း ပြောပြခဲ့ရိုး မှန်ရင်တော့ ဆရာ စိတ်ချပြီး ယုံပေတော့၊ ဒီလူ့အကြောင်း ကျုပ် ရဲရဲကြီး အာမခံဝံ့တယ်၊ မမှန်တာကို လည်ဆယ်ပြီး မပြောဘူးဆိုတာယုံပါ" ဟူ၍ ပြောခဲ့လေသည်။

နောက်ထပ် ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ လီဂါနာ ***(Lee Garner)*** ကို သက်သေတင်ပြလိုပါသေးသည်။၎င်းပုဂ္ဂိုလ်မှာ ယခင်က ကောင်းဘွိုင်တစ်ယောက်ဖြစ်ခဲ့၏။ နောင်အခါ ဆိုကိုရိုမြို့နယ် ရှရစ်(အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဥက္ကဋ္ဌ)ဖြစ်လာခဲ့၏။ ၎င်းကလည်း ဘာနေဘားနတ်ကို ကောင်းစွာ သိကျွမ်းခဲ့ပုံနှင့် ထိုစဉ်က ထိုဒေသတစ်ဝိုက်၌ မြေဆီလွှာ စမ်းသပ်သုတေသန ကွင်းဆင်းလေ့လာနေခဲ့ကြောင်း ကောင်းစွာ အမှတ်ရနေမိကြောင်း ပြောပြခဲ့၏။ ၎င်းပြင် ဘာနေဘားနတ် ပြောစကားအတိုင်း ထိုအချိန်က ရှေးဟောင်းကျောက်စာဌာနမှ သုတေသန ကွင်းဆင်းလေ့လာရေးအဖွဲ့တစ်ဖွဲ့ ရောက်ရှိနေခဲ့ကြောင်းကိုပါ ၎င်းက မှတ်မိသိရှိနေပါသေးသည်ဟု ပြောပြလေသည်။ ရှရစ်ဂါနာမှာ နဂိုကတည်းက အင်ဒီယန် ရှေးဟောင်းသုတေသန လုပ်ငန်းများကို စိတ်ဝင်စားခဲ့သူ ဖြစ်၏။

မစ္စတာဂါနာက ထိုရှေးဟောင်းကျောက်စာ သုတေသနအဖွဲ့မှာ သူ့စိတ်အထင် မီချစ်ဂင်မြို့က လာခဲ့ကြသော အဖွဲ့ဟုထင်ကြောင်း၊ သို့ရာတွင် ပင်ဆီဗေးနီးယား ကျောင်းသားများလည်း ထိုအဖွဲ့တွင် ရောနှောပါဝင်လိမ့်မည် ဖြစ်ကြောင်း ပြောပြခဲ့ပါသည်။ ၎င်းပြင် ယခင်က နယူးမက္ကဆီကိုပြည်နယ်မှ အနားယူခဲ့သော လယ်သမားကြီးတစ်ဦးဖြစ်သူ ဂျွန်ဂရင်းဝေါလ် ***(John Greenwald)*** ဆိုသူနှင့် ဝီလျံမိုးတို့ တွေ့ဆုံခဲ့ကြပါသေးသည်။ ၎င်းပုဂ္ဂိုလ်ကြီးကလည်း မစ္စတာ

ဘာနေဘားနတ်မှာ ထိုစဉ် ၁၉၄၇ က အဓိကအနေဖြင့် စီမံကိန်းဝင် နယ်မြေဒေသအတွင်း (မြေပုံနယ်ပယ်ဒေသ) မြေဆီလွှာ သုတေသနပြုနေခဲ့သည်ကို သိရှိကြောင်း၊ ယင်းဒေသမှာ ဆိုကိုရှိမြို့နောက်ဘက်တစ်ကြော ဆန်ဩဂတ်စတင် လွင်ပြင်ဟုခေါ်သည့် အရပ်ဖြစ်ကြောင်းနှင့် ယင်းလွင်ပြင်မှာပင် ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည်ဟု မိမိ ယုံကြည်ကြောင်း ပြောပြသဖြင့် သိရှိရ၏။

နယူးမက္ကဆီကိုပြည်နယ် မက်ဒါလီးနားဒေသမှ ဇျေ-အက်စ်-ဖလိ ဆိုသူ၏ပြောပြချက်အရ ဘားနတ်အကြောင်း ပိုမိုတိကျစွာ သိရှိခဲ့ရလေသည်။

"ဘားနတ်ဟာ ၁၉၄၀ ပြည့်နှစ် ဝန်းကျင်လောက်ကစပြီး ကျွန်ုပ်လက်အောက်မှာ အင်ဂျင်နီယာတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ပါတယ်။ ဒီအချိန်တုန်းက ကျွန်ုပ်တို့ မက်ဒါလီနားဒေသမှာ တာဝန်ထမ်းဆောင်နေကြစဉ် ဖြစ်ပြီး သူ့ရဲ့အသက်ဟာလည်း ငါးဆယ် မပြည့်တတ်သေးဘူး။ ကျွန်ုပ် မိတ်ဆွေအပေါင်းအသင်းတွေထဲမှာတော့ ဒီလူဟာ လူတော်လူကောင်း လူရိုးကြီး တစ်ယောက်ဖြစ်ပါတယ်"

ဝီလျံမိုးသည် ဖလိအား ကြားဖြတ်၍ ဘားနတ်အကြောင်းနှင့် ပတ်သက်ပြီး ဤသို့ မေးခဲ့လေသည်။

"ဒီမှာ မစ္စတာဖလိ တစ်ဆိတ်လောက် ကျေးဇူးပြုပြီး မေးပါရစေ၊မစ္စတာဘားနတ်ဟာ ခင်ဗျားကို ပန်းကန်ပြားပျံအကြောင်းနှင့်ပတ်သက်ပြီး ဘာများပြောကြားခဲ့ပါသလဲ၊ သိပါရစေ"

"ဟုတ်ပြီ၊ ခင်ဗျား မေးမှပဲ ကျွန်ုပ်လည်း သတိရတော့တယ်။ တစ်ခါတုန်းက ကျွန်ုပ်ကို ပြောပြခဲ့ဖူးတယ်ဗျ။ တစ်နေ့ခင်းမှာ ဘာနေဟာ ရေကြီးသုတ်ပျာနဲ့ ကျွန်ုပ်ရဲ့အခန်းကို ရောက်လာခဲ့တယ်၊ သူ့ကြည့်ရတာလည်း အတော်ကလေးကို စိတ်လှုပ်ရှားနေပုံရတယ်။ ခရီးရောက်မဆိုက်ပဲ သူက အရင်းမရှိအဖျားမရှိ ခုလို ကျွန်ုပ်ကို ပြောတယ်ဗျ။

'ဒီမှာ ဖလိ၊ ခင်ဗျား လူတွေ ပြောပြောနေကြတဲ့ ပန်းကန်ပြားပျံဆိုတာတွေ ကြားမိတယ်မို့လား၊ အဲ. . ကျွန်ုပ် ခုတွေ့ခဲ့ရပြီ၊ အဟုတ်ကို မှိုတာဗျ'. . တဲ့။

ဒါပေမယ့် သူ ခုလို လာပြောတဲ့အချိန်တုန်းက ကျွန်ုပ်မလဲ ဘုရားစူးရစေ အလုပ်တွေက ရှုပ်နေတာပဲ။ အဲသလို ပေါက်ကရလေးဆယ် စကားတွေကို နားထောင်မနေအားခဲ့ဘူး။ ဒါနဲ့ စိတ်ပေါက်ပေါက်နဲ့ သူ့ဘက်လှည့်ပြီး . .

'တော်စမ်းဗျာ၊ ပေါက်ကရတွေ လာမပြောစမ်းနဲ့'လို့ ငေါက်လိုက်မိတယ် မစ္စတာမိုး။ ဘားနတ်ခမျာ ဘာမှ ဆက်ရှင်းမပြတော့ဘဲ ရုံးခန်းထဲက ထွက်သွား

ခဲ့တယ်။ နောက်မှ ကျုပ် စဉ်းစားမိပြီး ဒီလူကို ခုလို ရှိင်းရှိင်းပျပျ ပြောမိခဲ့တာ မှားသွားကြောင်း နောင်တရမိတယ်။ တကယ်တော့ လျှောက်ပြောတတ်တဲ့လူ မဟုတ်ဘူးဆိုတာ တွေးမိတယ်။ နောက်ပိုင်း ဆုံမိကြတဲ့အခါမှာ ကျုပ်ရဲ့အမှား ကို တောင်းပန်ပြီး ထိုနေ့က စကားစကို ပြန်ကောက်ကာ မေးခဲ့ပါတယ်။

သူက လွင်ပြင်မှာ ပန်းကန်ပြားပုံနဲ့ တူတဲ့ အာကာသယာဉ်တစ်စင်း ပျက်ကျနေတာ တွေ့ခဲ့ရတဲ့အကြောင်း ပြောခဲ့တယ်။ ဒီပြင်တော့ ဘာမှ မပြောပြ ခဲ့ဘူး"

ထို့နောက် ဖလိက မစ္စတာဘားနတ် သူ့အား ပန်းကန်ပြားပုံကြီး ပျက် ကျခဲ့သည့်အကြောင်း လာရောက် ပြောကြားခဲ့သောနေ့ကို အချိန်ယူစဉ်းစားပြီးမှ ၁၉၄၇ ခုနှစ် နွေဦးပေါက် ဖြစ်ကြောင်း ပြောပြခဲ့ပါသည်။ ၎င်းပြင် မစ္စတာဘား နတ်သည် မည်သည့်အခါမျှ လိမ်လည်ပြောကြားမည့်လူ မဟုတ်ကြောင်းကိုပါ ထည့်သွင်းပြောပြခဲ့လေသည်။

ယခု နောက်ထပ် တင်ပြမည့် သက်သေမှာ ပန်းကန်ပြားပုံကြီးပျက်ကျ စဉ် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သူတစ်ဦး ဖြစ်၏။ ၎င်းမှာ ဗိုလ်မှူး (ယခု ဒုတိယ ဗိုလ်မှူးကြီး) ဂျက်စီအေမာဆဲလ် ဖြစ်ပါသည်။ ဗိုလ်မှူးမာဆဲလ်သည် အချင်း ဖြစ်ချိန်က ရို့စ်ဝဲလ်တပ်မတော်(လေ)စစ်ဌာနချုပ် ထောက်လှမ်းရေးဌာန အထက် တန်းအရာရှိချုပ် ဖြစ်လေသည်။ ဗိုလ်မှူးမာဆဲလ်မှာ ယခုအခါ စစ်ဘက်မှ အငြိမ်းစားယူခဲ့ပြီး လူစီယားနားပြည်နယ် ဟောက်မာမြို့၌ နေထိုင်လျက် ရှိ၏။

မာဆဲလ်မှာ ၁၉၂၈ ခုနှစ်မှစ၍ လေတပ်မတော်၌ စစ်မှုထမ်းခဲ့ပြီး လေ ယာဉ်ပုံအမျိုးမျိုးကို ကျွမ်းကျင်စွာ မောင်းနှင်တတ်သူ ဖြစ်၏။ သူမမြင်ဖူး မသိ ကျွမ်းဖူးဘူးသော လေယာဉ်ပုံ ဟူ၍ မရှိသလောက်ပင် ဖြစ်၏။ ၎င်းသည် ဒုတိယကမ္ဘာစစ်ကြီး အတွင်းက လေကြောင်းမြေပုံနှင့် ပုံဆွဲပညာရှင်များ ***(Cart -ographers)***ထဲ၌ ထူးချွန်သူ ဖြစ်၏။ ထို့ကြောင့် သူ့အား တပ်မတော်(လေ) ဌာနချုပ်မှ ထောက်လှမ်းရေး စစ်သင်တန်းကျောင်းသို့ ပို့ခဲ့လေသည်။ ထိုအချိန် မှာ ဂျပန်တို့က ပါးလ်ဟားဘားဆိပ်ကမ်း (ပုလဲဆိပ်ကမ်း)ကို ဗုံးကြဲ တိုက်ခိုက် ပြီးစ ဖြစ်၏။

စစ်ကျောင်းသားထဲတွင်လည်း မာဆဲလ်မှာ အမာခံလက်ရွေးစင် ဖြစ် လာခဲ့ပြီး သင်တန်းဘာသာရပ်များကို ကုန်စင်အောင် တတ်မြောက်ခဲ့လေသည်။ ထို့ကြောင့် ဆရာများက သူ့အား ထောက်လှမ်းရေးသင်တန်းကျောင်း၌ ဆရာ အဖြစ် ပြန်လည် ခန့်ထားခဲ့ကြသည်။

သင်တန်းကျောင်း၌ ဆရာလုပ်ခဲ့ရာ (၁၅)လ အကြာ၌ သူ၏လျှောက်ထားချက်အရ နယူးဂီနီကျွန်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခဲ့သည်။ နယူးဂီနီလေတပ်မတော် ဗုံးကြဲတပ်စု၌ ထောက်လှမ်းရေးအရာရှိ ဖြစ်လာခဲ့လေသည်။ ၎င်းနောက် ဗုံးကြဲတိုက်လေယာဉ်တပ်ရင်း၌ ထောက်လှမ်းရေးအရာရှိ ဖြစ်လာခဲ့ပြန်၏။ ထို့နောက် ဗုံးကြဲတိုက်လေယာဉ် ဗုံးကြဲလေသူရဲ စက်သေနတ်သမားလေသူရဲ(ပိုင်းလော့)အဖြစ် တာဝန်အသီးသီးကို ထမ်းဆောင်ခဲ့၏။ ၎င်းနောက် မာဆဲလ်သည် ဘီ(၂၄)တိုက်လေယာဉ်ဖြင့် (၄၆၈)နာရီကြာ လေကြောင်းတိုက်ပွဲဆင်နွှဲခဲ့၏။ ထိုတိုက်ပွဲ၌ ရန်သူလေယာဉ် (၅) စင်းတိတိ ပစ်ချနိုင်ခဲ့သဖြင့် လေတပ်မတော်ဘွဲ့တံဆိပ် (၅)ခုတိတိ ချီးမြှင့်ခြင်း ခံခဲ့ရလေသည်။ တတိယအကြိမ် တိုက်လေယာဉ်ဖြင့် တိုက်ပွဲဆင်နွှဲခဲ့ရာ သူ၏လေယာဉ်မှာ ရန်သူ၏ ပစ်ချခြင်း ခံခဲ့ရ၏။

ကမ္ဘာစစ်ကြီး ပြီးဆုံးခါနီးအချိန်၌ မာဆဲလ်မှာ အမေရိကန်ပြည်ထောင်စု တပ်မတော်(လေ) တပ်ရင်း(၅၀၉) ဗုံးကြဲတိုက်လေယာဉ် စစ်ဌာနချုပ်ရုံး၌ အမှုထမ်းဆောင်ရန် ရွေးချယ်ခြင်း ခံခဲ့ရပြန်သည်။ ထိုအချိန်က ၎င်းတပ်ရင်းမှာ ကမ္ဘာတွင် တစ်ခုတည်းသော အဏုမြူဗုံးကြဲတိုက်လေယာဉ်တပ်ရင်း ဖြစ်ပါသည်။ ယင်းတပ်ရင်းမှာ အမေရိကန်ပြည်ထောင်စု တပ်မတော်တွင် အနည်းငယ်မျှသာရှိသော လက်ရွေးစင် တပ်ရင်းတွေအနက် တစ်ခု အပါအဝင် ဖြစ်လေသည်။ ယင်းလက်ရွေးစင်တပ်ရင်းမှ အရာရှိ အကြပ်တပ်သားတို့မှာ ဒေါင်ဒေါင်မြည် အမာခံစမ်းသပ်ရွေးချယ်ထားသူများသာ ဖြစ်၏။အထူးထိပ်တန်းလျှို့ဝှက် လုံခြုံရေးအတွက် ဖွဲ့စည်းထားခြင်း ဖြစ်လေသည်။

၁၉၄၆ ခုနှစ် ကွာဂျာလိန်းကျွန်း(၎င်းမှာ မာရှယ်ကျွန်းစုထဲမှ သန္တာကျွန်းကလေးတစ်ခု ဖြစ်သည်။) ၌ အဏုမြူဗုံး စမ်းသပ်မှုများ ပြုလုပ်ခဲ့စဉ် မာဆဲလ်မှာ ရှေ့တန်းမှ ရှုပ်ရှုပ်ချုံချုံ ပါဝင်ခဲ့၏။ ထို့ကြောင့်လည်း အမေရိကန်ရေတပ်က သူ့အား အထူးတလည် ဂုဏ်ပြုချီးကျူးခဲ့ကြပြီး ဆုတံဆိပ်များ ပေးအပ်ခဲ့လေသည်။ မကြာသေးမီကာလ (စာရေးဆရာဝီလျံမိုးနှင့်စတာန်တန်ဖရိုက်မင်တို့ နှစ်ဦး ၁၉၇၉ ခုနှစ်၊ဖေဖော်ဝါရီလ၊မေနှင့်ဇွန်ဘာလများ အတွင်းက) မာဆဲလ်နှင့် သွားရောက်တွေ့ဆုံခဲ့ကြ၏။ မာဆဲလ်မှာ ရို့စ်ဝဲလ်မြို့ကဖြစ်ရပ်မှန်ကိုစွန့်ပတ်သက်၍ သူကိုယ်တိုင် ပါဝင်ဆောင်ရွက်ချက်များကို မှတ်မိနေပါသေးသည်။

ဤရို့စ်ဝဲလ်မြို့အနီး ပျက်ကျခဲ့သော ပန်းကန်ပြားပျံကြီး (ယူဖိုကြီး) မှာ ဒုတိယ ဖြစ်ဟန်တူ၏။ ယင်းဒုတိယပန်းကန်ပြားပျံကြီးမှာ လေထဲတွင် ပေါက်ကွဲ

မှုတစ်ရပ် ဖြစ်ပွားခဲ့ပြီး ယာဉ်ကြီး၏ကြွင်းကျန်သော အစအနများ မြေပြင်ပေါ်သို့ လွင့်စဉ် ကျရောက်လာခဲ့ခြင်း ဖြစ်ပါသည်။ မစ္စတာဘားနတ် ပြောပြခဲ့သော ပန်းကန်ပြားပျံကြီးမှာ ရို့စ်ဝဲလ်ပန်းကန်ပြားပျံထက် အလျင် ရက်စော ဖြစ်ပွားခဲ့သော ပထမကိစ္စ ဖြစ်၏။ ၎င်းမှာ ရို့စ်ဝဲလ်မြို့၏ အနောက်ဘက် မိုင်အတန်ငယ် ကွာဝေးသောနေရာ မြေပြင်ပေါ်သို့ ပျက်ကျခဲ့ခြင်း ဖြစ်နိုင်၏။ ၎င်းယာဉ်ကြီး ပျက်ကျပြီး နောက်ပိုင်းမှ ဒုတိယပန်းကန်ပြားပျံ ရို့စ်ဝဲလ်မြို့အနီး ဖြစ်ပွားခဲ့ခြင်း ဖြစ်နိုင်စရာ အကြောင်းရှိသည်ဟု မာဆဲလ်က ယူဆခဲ့ပေသည်။

"ဗိုလ်မှူးမာဆဲလ်၊ ခင်ဗျားကိုယ်တိုင် ယူအက်ဖ်အိုကြီးတစ်စင်း ပျက်ကျခဲ့တာ တွေ့ခဲ့ပါသလား"

"ဒီလို ပျက်ကျတာတွေတော့ မြင်ခဲ့ရပေါင်း များလှပါပြီ။ ဒါပေမယ့် ပန်းကန်ပြားပျံကြီးရယ်လို့ မည်မည်ရရ အကောင်အထည် လက်ဆုပ်လက်ကိုင် မတွေ့ခဲ့ရပါဘူး။ ယူဖိုးတွေဟာ ကမ္ဘာမြေပြင်ထက် လေထုထဲမှာပဲ ပေါက်ကွဲပျက်စီးသွားခဲ့ကြတာ များပါတယ်၊ ယူဖိုးတွေ ပျက်ကျတဲ့အခါမှာ မြေပြင် မရောက်မီဘဲ အစိတ်စိတ်အမွှာမွှာဖြစ်ပြီး လွင့်စဉ်ကျသွားခဲ့လေ့ ရှိတတ်ပါတယ်။

ပြီးတော့ အာကာသယာဉ်ကြီးတွေနဲ့ အပျက်အစီး အစိတ်အပိုင်းတွေ ဆိုတာလည်း ခြောက်ဖာလုံလောက် ရှည်လျားပြီး ပေပေါင်း ရာပေါင်းများစွာ အကျယ်အဝန်းရှိယာ ဒေသအနှံ့ ပြန့်ကျဲကျကုန်တော့တာပဲ"

"ဒါဖြင့် ဘရာဇဲလ်ရဲ့ နွားခြံကြီးထဲမှာ ပျက်ကျခဲ့တယ်ဆိုတဲ့ ယူဖိုးကြီး ကိစ္စကို ရို့စ်ဝဲလ်လေတပ်မတော် တပ်ရင်းက ဘယ်နည်းနဲ့ သတင်းရခဲ့ပါသလဲ"

"ကျွန်တော်တို့ ဇူလိုင် ၇ ရက်နေ့က သတင်းရခဲ့တယ်၊ ဒီသတင်းဟာ ဖို့ဝပ်သ်မြို့နယ် ရှုရစ်ရုံးက ဖုန်းနဲ့ ဆက်သွယ်ပေးပို့ခဲ့တာ ဖြစ်ပါတယ်။ ဒီအချိန်တုန်းက ကျွန်တော် အရာရှိရိပ်သာမှာ နေ့လယ်စာ စားသောက်နေတုန်းပေါ့။ ကျွန်တော့်ကို ဘရာဇဲလ် ဆိုတဲ့လူနဲ့ သွားရောက်တွေ့ဆုံဖို့ အကြောင်းကြားခဲ့တယ်။ ရှုရစ်က ဖုန်းထဲကနေ ကျွန်တော့်ကို ပြောခဲ့တယ်၊ ဘရာဇဲလ်က သူ့ရဲ့ နွားခြံအထက် လေထုထဲမှာ ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ပြီး ခြံထဲမှာ အစအနတွေ လွင့်စဉ်ကျနေတယ်လို့ ပြောပြသတဲ့ဗျာ။

ဒါနဲ့ ကျွန်တော်လည်း နေ့လယ်စာကို အဆုံးသတ်လိုက်ပြီး မြို့ထဲကို ဒီလူနဲ့တွေ့ဖို့ ထွက်လာခဲ့တယ်။ ဟိုရောက်တော့ ဘရာဇဲလ်ရဲ့ ပြောပြချက်တွေ နားထောင်ပြီး ဒီကိစ္စကို ကျွန်တော့်ရဲ့ အထက်အရာရှိ ကာနယ်ဘလန်ချတ်ကို အသိပေးတိုင်ပင်မှပဲလို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါမှလည်း သူ့ရဲ့အဆုံးအဖြတ်ကို

ရယူပြီး ဆက်လက် ဆောင်ရွက်နိုင်မှာ မဟုတ်လား။ ဘရာဇဲလ်ကို သူ့ကားနဲ့ ကျွန်တော်တို့တပ်ရင်းကို တစ်ပါတည်း လိုက်ခဲ့ဖို့ ခေါ်ခဲ့တယ်။ ဒါပေမယ့် သူ့မှာ အခြား အရေးကြီးတဲ့ကိစ္စ ရှိနေလို့ တစ်နာရီလောက်ကြာမှ တစ်နေရာရာမှာ သူနဲ့ဆုံကြဖို့ ချိန်းခဲ့ပါတယ်။ ကျွန်တော်က ရှုရစ်ရုံးမှာပဲတွေ့ဖို့ ချိန်းခဲ့ပြီး ကာ့နယ်လ်နဲ့တွေ့ဖို့ ပြန်လာခဲ့တယ်။

တပ်ရောက်တော့ ကာနယ်လ်နဲ့ကျွန်တော် ခေါင်းချင်းဆိုင် တိုင်ပင်ဆွေးနွေးကြတာပေါ့ဗျာ၊ ဒီလို ထူးထူးဆန်းဆန်း အာကာသယာဉ်ကြီး ပျက်ကျခဲ့တဲ့သတင်းကို ဖုံးဖိမထားဘဲ ပြည်သူကိုအသိပေးဖို့ ကောင်းတယ်လို့ပဲ ဆုံးဖြတ်ခဲ့ကြတယ်။ ကာနယ်က အချင်းဖြစ်နေရာကို ချက်ချင်းလိုက်သွားဖို့နဲ့ လိုအပ်တဲ့ အကူအညီကိုပါ တစ်ပါတည်းခေါ်သွားရန် မိန့်ကြားခဲ့ပါတယ်။

ဒီလိုနဲ့ ကျွန်တော်ရယ် စီအိုင်စီ တစ်ယောက်ရယ်[*(CIC- Counter Intelligence Crops)* တန်ပြန်ထောက်လှမ်းရေးတပ်]ဘရာဇဲလ်နောက် နွားခြံဆီ လိုက်ပါသွားခဲ့ကြတယ်။ ခုန စီအိုင်စီတပ်သားဟာ အနောက်တက်ဆပ်စ်ပြည်နယ်က။ သူ့နာမည် ကားဗစ်တဲ့"

(မာဆဲလ်မှာ ၎င်းကားဗစ် *(Carvitt)* ၏ ရှေ့ကအမည် တစ်လုံးကို မမှတ်မိတော့ပေ။)

"ဘရာဇဲလ်က သူ့ထရပ်ကားနဲ့ ကျွန်တော်ကတော့ တပ်ကကား(၄ ချခုနှစ်မြို့ကား)ကို ကိုယ်တိုင်မောင်းပြီး ကားဗစ်က ဂျစ်တစ်စီးနဲ့ လိုက်ပါသွားခဲ့ကြတယ်။ နွားခြံသွားရာမှာ ကားလမ်းရယ်လို့ မရှိဘူး။ တောလမ်းကို ဖြစ်သလို တကျွန်းကျွန်းနဲ့ မောင်းနှင်သွားခဲ့ရတယ်ခင်ဗျ။ ညနေစောင်းမှ နေစုပ်စုပ်ချုပ်မှပဲ ဟိုကို ရောက်သွားခဲ့ကြတယ် ခင်ဗျ၊ ဒါနဲ့ အဲဒီလူရဲ့အိမ်မှာပဲ တစ်ည အိပ်ကြတာပေါ့။ ညစာလည်း သူ့ရှိတာနဲ့ပဲ ဖြစ်သလို စွေးလိုက်တယ်။ ဒီလူနေတာ ကိုရိုနာမြို့ရဲ့အရှေ့တောင်ပိုင်း တော်တော်ကိုခေါင်တဲ့အရပ်ဖြစ်တယ်၊ အနီးဆုံးမြို့ဆိုရင်တောင် မိုင်သုံးဆယ် ဝေးတယ်ဗျ။

ဘရာဇဲလ်ရဲ့အိမ်ဟာ သိုးခြံတစ်ခုပေါ်မှာ ဆောက်ထားတဲ့ အိမ်ကုတ်ကလေးပါပဲ၊ သူ့ဆီမှာ ရေဒီယို၊ တယ်လီဖုန်း ဘာမှ မရှိဘူး။ အဲဒီမှာ သူတစ်ယောက်တည်းနေတာ၊ မိန်းမနဲ့ကလေးတွေကိုတော့ တူလာရိုဆာဆိုလား။ ကာရီဇို ကိုဆိုလား ပို့ထားသတဲ့။ အဲဒီမှာတော့ ကလေးတွေ ကျောင်းတက်ဖို့ အဆင်ပြေတယ်ပေါ့ဗျာ"

(မှတ်ချက်။ ။တူလာကိုဆာမြို့ ဖြစ်သည်။)

"အဲဒီ အချိန်တုန်းက ဘရာဇဲလ်က ကျွန်တော့်ကို ပြောခဲ့မိတယ် မှတ်တယ်၊ ညနေမိုးချုပ်ပြီဆိုရင် ပေါက်ကွဲတဲ့အသံဗလံတွေ မကြာခဏလိုလို ကြားခဲ့ရသတဲ့၊ အဲဒါ ဘယ်အချိန်လောက်ကလဲဆိုရင် လျှပ်စစ်မုန်တိုင်း မကျခင် ခပ်စောစောရက်တွေကတဲ့၊ ဒါပေမယ့် သူဟာ ဒီအသံဗလံတွေကို သိပ်ပြီး ဂရုမထားခဲ့ဘူးတဲ့၊ ဘာလို့လဲဆိုတော့ မုန်တိုင်းကျတဲ့အခါ ကြားနေကျ သမားရိုးကျ ဖြစ်နေလို့ပါပဲတဲ့။

နောက်တစ်နေ့ မိုးသောက်တော့ သူ့ခြံထဲမှာ ဘာတွေမှန်း မသိရတဲ့ အပျက်အစီး(ယာဉ်စက်)တွေကို တွေ့ခဲ့ရတယ်တဲ့။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့ စနေနေ့မှာ ဘရာဇဲလ်ဟာ ကိုရိုနာမြို့ကိုသွားခဲ့တယ်၊ မြို့ပေါ်မှာ ပန်းကန်ပြားပျံတွေ ဒီဒေသတစ်ပိုက်မှာ တွေ့မြင်ကြရတဲ့အကြောင်း ပြောသံဆိုသံတွေကို ကြားခဲ့ရသတဲ့။

သူများ ပြောသံကြားရတော့မှပဲ ဘရာဇဲလ်ဟာသူ့ခြံထဲ ညက ကျလာတဲ့ အရာဟာ သူတို့ပြောနေကြတဲ့ပန်းကန်ပြားပျံဆိုတာ ဖြစ်မှာပဲလို့ တွေးမိတယ်။ ဒါပေမယ့် ဒီကိစ္စကို အဲဒီအချိန်တုန်းက ဘယ်သူတွေကိုပြောမိလဲ၊ မပြောရသေးဘူးဆိုတာ ကျွန်တော် မပြောတတ်ဘူး။

ဒီလိုနဲ့ နောက်တစ်နေ့ ဇူလိုင်လ ၆ ရက် တနင်္ဂနွေနေ့မှာ ဘရာဇဲလ်ဟာ မြို့ကိုသွားပြီး တစ်ယောက်ယောက်ကို သူ့ခြံထဲကျလာတဲ့ အရာတွေအကြောင်း သတင်းပေးမှပဲလို့ ဆုံးဖြတ်ခဲ့တယ်၊ ရှုရစ်ဟာ ဂျော့ဝီလီကော့ ***(George Wilcox)*** ဖြစ်တယ်။ သူပေါ့ ကျွန်တော့်ဆီ ဖုန်းနဲ့အကြောင်းကြားခဲ့တဲ့သူ"

"ဗိုလ်မှူး နွားခြံကြီးထဲမှာ တွေ့ခဲ့ရတယ်ဆိုတဲ့အရာဝတ္ထုဟာ မိုးလေဝသ မိုးပျံဘောလုံးကြီးတစ်လုံးလို့ ထင်မြင်ယူဆခဲ့မိပါသလား သိပါရစေ"

"ခင်ဗျား ပြောတဲ့ဥစ္စာ မဟုတ်ပါဘူး။ ဒီခေတ်တုန်းက လေထဲပျံသန်းနေတဲ့ဟာဆို ကျွန်တော် မတွေ့ဖူး မသိဖူးဘူးတာ မရှိသလောက်ပါပဲ၊ ကျွန်တော်တို့ နိုင်ငံကပဲဖြစ်ဖြစ်၊ နိုင်ငံရပ်ခြားကပဲဖြစ်ဖြစ် လေယာဉ်ပျံတွေ၊ လေယာဉ်ပျံနဲ့ အလားတူတွေကို အကုန်သိမြင်ဖူးခဲ့တာချည်းပါပဲ။ ခုန မစ္စတာမိုးတို့ပြောတဲ့ မိုးလေဝသမိုးပျံဘောလုံးတွေ၊ ရေဒါတွေ၊ စစ်သုံး အရပ်သုံး ဒီစက်တွေလည်း သိကျွမ်းပါတယ်။ ကျွန်တော် နွားခြံကြီးထဲ တွေ့ခဲ့တဲ့အရာဟာ မိုးလေဝသစက်ကိရိယာ မဟုတ်ဘူး၊ ပြီးတော့ ဘယ်လေယာဉ်အမျိုးအစားမှလဲ မဟုတ်ဘူး ခင်ဗျ၊ ဒုံးကတ် (ဒုံးပျံ) လည်း မဟုတ်ဘူး ခင်ဗျ။ အဲဒါ ဘာကြီးမှန်းကို မသိဘူး ခင်ဗျ၊ ကျွန်တော်တို့ သူ့ခြံထဲက တွေ့ရတဲ့ အစအနတွေကို လိုက်ကောက်

ယူခဲ့ကြတယ်၊ ကျွန်တော် မမြင်ဘူးတဲ့ဟာတွေပါပဲ၊ ဘာစက်ပစ္စည်းကဘယ်အရာဝတ္ထုက အစအနမှန်းတွေကို မသိဘူး၊ မိုးလေဝသမိုးပျံဘောလုံးလည်း မဟုတ်ပါဘူး"

"ပိုလ်မှူးခင်ဗျား၊ ဟိုမှာ တွေ့ခဲ့ရတဲ့ ပစ္စည်းတွေကို တစ်ဆိတ်လောက် ကျေးဇူးပြုပြီး ပြောပြပါလား"

"ရပါတယ်၊ အစအနတွေကတော့ အမျိုးမျိုးပါပဲ။ သုံးလက်မ၊ အင်း - ခြောက်လက်မလောက်ရှိတဲ့ ယက်မပြားကလေးတွေပေါ်မှာ ဘယ်သူမှ ဖတ်လို့မရတဲ့၊ အနက်သမွန်လို့ မရတဲ့ ဒူးဂဏန်းကြေးဂဏန်း စာဝှက်နဲ့ရေးထားတဲ့ သင်္ကေတတွေ တွေ့ရတယ်၊ ဒီယက်မပြားတွေဟာ ဘော်ဆာသစ်သား ***(Balsa Wood)*** နဲ့တော့ တူတာပဲ၊ ဒါပေမယ့် သစ်သား မဟုတ်ဘူးဗျ။ အဲဒီ သစ်သားလိုလို ပစ္စည်းတွေဟာ အလေးချိန် တူညီကြတယ်၊ သိပ်လည်း မာကျောတာပဲဗျ၊ ပြီးတော့ ကွေးလို့ ညွတ်လို့ ဆန့်လို့ရတယ်၊ မီးမလောင်ဘူး။ သိပ်ထူးဆန်းတဲ့ စာရေးသားရေပြားလို ပစ္စည်းတစ်မျိုးကိုလည်း တွေ့ရတယ်၊ အရောင်ကတော့ အညိုရောင်ပဲ၊ သိပ်ခိုင်တာပဲ။ ပြီးတော့ သတ္တုစတွေလို အစအနတွေဟာ မနည်းဘူး၊ စီးကရက်ဘူးခွံထဲက ခဲပြားလို ပါးပါးလှပ်လှပ်လေးတွေ၊ ဒါပေမယ့် ခဲပြားတော့မဟုတ်ဘူး၊ ကျွန်တော်စိတ်ဝင်စားခဲ့မိတဲ့ ပစ္စည်းဟာ လျှပ်စစ်ပစ္စည်းလိုလိုကိရိယာ၊ ဒါမှမဟုတ် လူသုံးပစ္စည်းပါ၊ ဒီပြင်တော့ ဘာမှ မတွေ့မိဘူး။

ကျွန်တော်တို့ထဲက တစ်ယောက်၊ ကားဇစ်လို့ပဲ ထင်ပါရဲ့၊ သူတွေ့ပြီး သိမ်းဆည်းခဲ့တဲ့ပစ္စည်းဟာ သတ္တုနဲ့တူတဲ့ ခပ်ပါးပါးသေတ္တာကလေးပါပဲ။ စတုရန်းလက်မ အတန်ငယ်ရှိတဲ့ သေတ္တာကလေးဖြစ်တယ်။ ဒီသေတ္တာကလေးကို ဘယ်လိုဖွင့်ရမှန်း မသိဘူး၊ ပြီးတော့ လက်နက်ကိရိယာ စူးဆောက်တန်ဆာပလာထည့်စရာ ဘူးပြားကလေးလည်း မဟုတ်ဘူး၊ တော်တော်ကလေး အလေးချိန်ပေါ့တယ်။အဲဒီပစ္စည်းကလေးကိုလည်း အစအနတွေထဲ ရောထည့်ပြီး ယူခဲ့ကြတယ်။ ဒီသေတ္တာကလေးထဲက နောက်ပိုင်း ဘာတွေ တွေ့ရှိခဲ့ကြတယ် ဆိုတာတော့ မသိဘူး၊ ကျွန်တော်တို့ နွားခြံထဲက ရသမျှပစ္စည်းတွေကို ဖို့ဝပ်သ် ***(Fort Worth)*** လေတပ်စခန်းကို ပို့လိုက်ကြတယ်"

"တစ်ခု မေးပါရစေဦး ခင်ဗျား၊ ပိုလ်မှူးတို့ တွေ့ခဲ့ရတဲ့ အမျိုးအမည်မသိရတဲ့ ပစ္စည်းအစအန တိုလီမုတ္စတွေထဲက ဘယ်ဟာ စိတ်ဝင်စားစရာ အကောင်းဆုံးပါလဲ"

"တွေ့ရတဲ့အထဲမှာ စာရေးတဲ့အခါ ရှေးတုန်းကသုံးတဲ့ သားရေချပ်လို

ပစ္စည်းကို ကျွန်တော် စိတ်အဝင်စားဆုံး ဖြစ်ပါတယ်။ အဲဒီ သားရေချပ်စပေါ်မှာ နံပါတ်ကလေးတွေနဲ့ သင်္ကေတတွေကို ရေးထားတာ တွေ့ရတယ်၊ ဒါတွေကို ကျွန်တော်တို့က ဒူးဂဏန်း ကြေးဂဏန်းရယ်လို့ ခေါ်ကြတယ်၊ ကျွန်တော်တို့ ဘယ်လိုမှ နားမလည်တဲ့ စာလုံးတွေ ဖြစ်နေလို့ပါပဲ၊ သင်္ကေတတွေကို ဘယ်လိုမှ အဓိပ္ပာယ်ဖော်လို့ မရ၊ ဖတ်လို့ မရကြဘူး။ ပုံစံကတော့ ယေဘုယျအားဖြင့် တစ်ပုံစံတည်းဖြစ်ပေမယ့် သင်္ကေတတစ်ခုနဲ့ တစ်ခု မတူညီကြဘူး။

သင်္ကေတတွေရဲ့ အရောင်ဟာ ပန်းရောင်နဲ့ မရန်းရောင် ဖြစ်ပါတယ်။ ဆေးနဲ့ရေးခြယ်ထားသလိုပဲ။ အဲဒီ နံပါတ်ကလေးတွေ(ဂဏန်းသင်္ကေတလို့ ခေါ်ကြပါစို့)ကို ခြစ်ထုတ်ကြည့်တယ်။ မကျွာဘူး။ ဓါးနဲ့ကြည့်ပြန်တော့လည်း မလောင်ကျွမ်းဘူးဗျ။ သားရေပြောလို အရာရယ်၊ ဘော်လ်ဆာသစ်သားပြားလိုဟာရယ်ကို စီးကရက်မီးနဲ့တို့ကြည့်ခဲ့တယ်၊ မလောင်တဲ့အပြင် ကျွမ်းရာတောင် မထင်ဘူးဗျ။

သိပ်ထူးဆန်းတဲ့အရာကတော့ စီးကရက်ဘူးခွံထဲက ခဲပြားလို သတ္တုပြား ပါးပါးလှပ်လှပ်ကလေးတွေ ဖြစ်ပါတယ်။ ပထမတော့ အဲဒါကို အမှုမဲ့အမှတ်မဲ့ပါပဲ၊ တစ်ယောက်က ကျွန်တော့်ဆီ လာပြောပါတယ်။

'ဗိုလ်မှူး၊ ဟိုသတ္တုပြား ပါးပါးကလေးတွေကို တွေ့ပြီးပြီလား။ အဲဒါကို ကျွန်တော် ကွေးကြည့်တယ်၊ မရဘူး ခင်ဗျာ၊ တူကြီးနဲ့ထုကြည့်တယ်၊ ပိန်ချိုင့် မသွားတဲ့အပြင် အရာတောင် မထင်ဘူး' လို့ သိခဲ့ရပါတယ်။

သူတို့ပြတဲ့ သတ္တုပြားဟာ အလျား(၂)ပေ၊ အနံ(၁)ပေလောက်ရှိတယ်၊ ပေါ့တော့ အင်မတန် ပေါ့ပါတယ်၊ ပါးလိုက်တာလည်း လှပ်နေတာပဲဗျ။ ကျွန်တော်လည်း ကွေးညွှတ်ကြည့်တယ် မရဘူး၊ ဖြတ်လို့တောက်လို့လည်း မရဘူး၊ (၁၆)ပေါင်တူကြီးနဲ့ ထုကြည့်ပေမယ့် ခုန ရဲဘော်ပြောသလိုပဲ နည်းနည်းလေးမှ ပိန်ချိုင့်မသွားဘူး၊ အံ့ရောဗျာ၊ သိပ်ကိုထူးဆန်းတဲ့ပစ္စည်းပဲ။

တစ်ခါ ကျွန်တော်တို့ တစ်မျိုးစမ်းကြည့်ပြန်တယ်၊ ခေါက်ချိုးကျိုးအောင် ချိုးကြည့်တယ် မရဘူးဗျ။ ကျွန်တော့်စိတ်ထင် အဲဒါဟာ သတ္တုနဲ့ပလတ်စတစ် တစ်မျိုး ရောစပ်ပြုလုပ်ထားတာ ထင်ပါရဲ့။

ရဲဘော်တစ်ယောက်က အဲဒီသတ္တုပြားတွေကို ရုပ်ပုံကားချပ်ဆက်သလို (ပဟေဠိ=**Jigsaw**) လျှောက်ဆက်ကြည့်ခဲ့တယ်၊ ဆယ်ပေပတ်လည် တစ်ချပ်ရပြီး၊ ဒီယာဉ်ကြီးရဲ့ မူလသဏ္ဌာန် မပေါ်ဘူး ဘယ်လိုမှ ပုံသဏ္ဌာန်ဖော်လို့ မရခဲ့ဘူး၊ ဒီတော့ ပျက်ကျခဲ့တဲ့အရာဝတ္ထု (ပန်းကန်ပြားပျံကြီး) ရဲ့ မူလပုံပန်းကို ကျွန်တော်တို့ မှန်းဆ မရခဲ့ကြဘူးပေါ့။ ဒါပေမယ့် အတော်ကို ကြီးမားကြောင်း

တော့ သိနိုင်ပါတယ်"

"ဗိုလ်မှူးတို့ နွားခြံထဲက ကောက်ယူစုဆောင်းရရှိလာခဲ့တဲ့ ပစ္စည်းအစအနတွေကို တပ်ရောက်တော့ ဘာလုပ်ခဲ့ကြပါသလဲ သိပါရစေ ခင်ဗျာ"

"နွားခြံထဲက ရခဲ့တဲ့ပစ္စည်းတွေကို ကားနောက်က ထရေလာထဲမှာရော ပြီး ကားနောက်ခန်းမှာထည့်ပြီး တပ်ကိုယူလာခဲ့ကြပါတယ်။ နွားခြံက ထွက်လာတဲ့အချိန်ဟာ နေ့လယ် (ဇူလိုင် ၇ ရက်နေ့) ဖြစ်ပါတယ်၊ ရှိစ်ဝဲလ်ကိုရောက်တော့ ညနေစောင်းနေပြီ။ ကျွန်တော်တို့ တပ်ကိုပြန်ရောက်တယ်ဆိုရင်ပဲ သတင်းက အလျှင်အမြန် ပြန့်နေတာ သိခဲ့ရတယ်။

ဒီသတင်းကတော့ ပန်းကန်ပြားပျံကြီးပျက်ကျခဲ့တာကို ဗိုလ်မှူးမာဆဲလ် တွေ့ခဲ့ရလို့ဆိုပဲ၊ ကျွန်တော်တို့ လေတပ်မတော်စစ်ဌာနချုပ်(ရှိစ်ဝဲလ်)မှာ ပြည်သူ့ သတင်းနှင့်ပြန်ကြားရေးအရာရှိ *(PIO)* တစ်ယောက်ရှိတယ်၊ အဲ သူက အထက် လူကြီးတွေကို မတိုင်ပင်ဘဲ သူ့သဘောနဲ့ သတင်းထုတ်ပြန်လိုက်ခြင်း ဖြစ်ပါတယ်။ ထုတ်ပြန်ခဲ့တဲ့သတင်းနဲ့ ပတ်သက်လို့ သတင်းစာတိုက်အသီးသီးက စကုသတင်း ကို မရမက အနိုခံကြတော့တာပဲ၊ အဲဒီညမှာ တယ်လီဖုန်းတွေက မနားတမ်း ခေါ်ခဲ့ကြတယ်၊ ကျွန်တော့်အနေနဲ့ ဒီသတင်းကို အတည်မပြုတဲ့အကြောင်းသာ ပြန်ခဲ့ပါတယ်။

သတင်းထောက်တစ်ယောက်ဆိုရင် ညကြီးမင်းကြီး ကျွန်တော့်အိမ် ပေါက်ချလာခဲ့သဗျ။ အဲ ကျွန်တော့်ဇနီးက ကျွန်တော် မရှိကြောင်းနဲ့ သိချင်ရင် မေးစရာရှိရင် ဗိုလ်မှူးကြီး(ဘလန်ချတ်)ကို သွားမေးဖို့ စကားပြန်ခဲ့ပါတယ်။

နောက်နေ့ထုတ် နံနက်ပိုင်းသတင်းစာတွေထဲမှာ ပန်းကန်ပြားပျံသတင်း ပါလာခဲ့တော့တာပဲ၊ အမှန်ထက် တစ်စိတ်တစ်ဒိတ် ပုံကြီးချဲ့ထားကြတာပေ့ါဗျာ၊ ဒါလည်း သဘာဝပဲ့လား။ ကျွန်တော် ကြားခဲ့ရတာတော့ အထက်က ပီအိုင်အိုကို သတင်းထုတ်ပြန်မှုနဲ့ ပတ်သက်ပြီး အရေးယူခဲ့တယ်လို့ပဲ၊ ဒါပေမယ့် သေချာ ပေါက်တော့ မပြောနိုင်ဘူး။ ကြားတာ ပြောရတာပါ။

နောက်နေ့မှပဲ နွားခြံထဲက ကျွန်တော်တို့သိမ်းယူလာခဲ့တဲ့ တိုလီမိုလီ တွေကို စစ်လေယာဉ်ဘီ(၂၉)နဲ့တင်ပြီး ဖို့ဝပ်သ်လေတပ်မတော် စစ်ဌာနချုပ်ကို ပို့ပေးဖို့ ကာနယ်ဘလန်ချတ်ရဲ့အမိန့် ရောက်လာခဲ့ပါတယ်၊ ဘီ(၂၉)ကို ကျွန်တော် တာဝန်ယူပြီး အိုဟိုင်းယိုပြည်နယ် ဝရိုက်ပက်တာဆင် စစ်လေယာဉ်ကွင်းကို ပို့ပေးရမှာ ဖြစ်ပါတယ်။

ဒါပေမယ့် ဖို့ဝပ်သ်မြို့မှာရှိတဲ့ ကာစဝဲလ်အခြေစိုက်စခန်းဌာနချုပ်

ရောက်တဲ့အခါ ဗိုလ်ချုပ်(ရာမေး)က ဆက်လက် တာဝန်ယူခဲ့ပါတယ်။ ဗိုလ်ချုပ်(ရာမေး)က ပန်းကန်ပြားပျံ ကောလာဟလသတင်း ထွက်ပေါ်နေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူ့ရုံးခန်းမှာ သတင်းစာ(အေပီ)ရှင်းလင်းပွဲလုပ်ခဲ့တယ်။

ပန်းကန်ပြားပျံကြီး ပျက်ကျလို့ဆိုတာ မဟုတ်ကြောင်း၊အမှန်က မိုးလေဝသမိုးပျံဘောလုံးနဲ့ စက်ကိရိယာသာဖြစ်ကြောင်း ရှင်းလင်းပြတာတွေ့ရပါတယ်၊ ကျွန်တော့်ကိုတော့ ဗိုလ်ချုပ်က နှုတ်ပိတ်နေဖို့ အမိန့်ပေးထားခဲ့ပါတယ်။

ကျွန်တော့်တာဝန်ဟာ ကာစဝဲလ်အထိသာဖြစ်ပြီး ကျန်တာဝန်ကို ကျွန်တော့်အစား တစ်ယောက်က ဆက်လက်ယူရမည်ဖြစ်ကြောင်း သိရပါတယ်။ ဒါနဲ့ ပြောရဦးမယ်၊ ကျွန်တော် ဖို့ဝပ်သ်မြို့ ကာစဝဲလ်လေတပ်မတော်ဌာနချုပ်ကိုရောက်တော့ ဗိုလ်ချုပ်က ယူလာတဲ့ပစ္စည်းတွေထဲက အချို့ကို နမူနာကြည့်ဖို့ သူ့ရုံးခန်းကို ယူခဲ့ခိုင်းပါတယ်၊ သူ့ရုံးခန်းကို ပါလာတဲ့ အာကာသယာဉ်ကြီးက အပျက်အစီးအစအနတွေ (နမူနာ) ယူသွားပြီး ဗိုလ်ချုပ်လက်ကို အပ်လိုက်ရပါတယ်၊ရုံးခန်းထဲမှာ ကြမ်းပြင်ပေါ် စက္ကူအညိုကြီးတစ်ချပ် ဖြန့်ခင်းထားပြီး ကျွန်တော်ယူခဲ့တဲ့ ပစ္စည်းတွေရောအဲဒီမှာ နဂိုကတည်းကရှိနေတဲ့ ပစ္စည်းတွေရော ရောနှောပြသထားပါတယ်။

ကျွန်တော်တို့ရိုစ်ဝဲလ်က မူလကျွန်ပစ္စည်းအစအနတွေကတော့ ဘီ(၂၉) ပေါ်မှာပဲ ရှိနေပါတယ်၊ ဗိုလ်ချုပ်က အေပီသတင်းထောက်တွေကို ရုံးခန်းတွင်ပြထားတဲ့ ပစ္စည်းတွေကို ဓာတ်ပုံရိုက်ခွင့်ပြုတယ်ခင်ဗျ၊ ကျွန်တော်ဟာ ဒီအချိန်မှာ ပြထားတဲ့ပစ္စည်းထဲက ကျွန်တော် ယူလာခဲ့တဲ့ ပစ္စည်း မဟုတ်တဲ့ သတ္တုပြားတစ်စကို ကိုင်ကြည့်နေတုန်း ဓာတ်ပုံသတင်းထောက် တစ်ယောက်က ဓာတ်ပုံဖျတ်ခနဲ ရိုက်လိုက်တာ တွေ့ရပါတယ်၊ ဒါပေမယ့် ဗိုလ်ချုပ်က သတင်းထောက်တွေကို ဓာတ်ပုံသာ ရိုက်ခွင့်ပြုခဲ့တာ၊ ပစ္စည်းတွေကို လက်နဲ့ ကိုင်ကြည့်ခွင့်ပြုတာ မဟုတ်ဘူးနော်၊ သူတို့ ရိုက်ယူကြတဲ့ သတင်းဓာတ်ပုံတွေထဲက ရိုစ်ဝဲလ်က ကျွန်တော် ယူလာခဲ့တဲ့ ပစ္စည်းအစစ်ပုံကိုတော့ သတင်းစာမှာ ထည့်ခွင့်မပြုခဲ့ဘူး ဆရာရေ။

နောက်တော့ ကျွန်တော်ယူလာခဲ့တဲ့ ပန်းကန်ပြားပျံကြီးကို သက်ဆိုင်ရာကိုပို့လိုက်ပြီး ဗိုလ်ချုပ်ရုံးခန်းမှာ တခြားအစားထိုးတဲ့ ပဥ္စလက်ပစ္စည်းတွေကို ပြသထားတာကို တွေ့ရတော့တာပဲ မစ္စတာမိုး။ ဒီပဥ္စလက်ပစ္စည်းတွေကိုတော့ ကြိုက်သလောက် ဓာတ်ပုံရိုက်ခွင့်ပြုခဲ့ပါတယ်။

ဒီအချိန်မှာ တကယ့်မူလ ရိုစ်ဝဲလ်က ပစ္စည်းတွေကတော့ ဗိုလ်ချုပ်ရာ

မေးနှင့် သက်တော်စောင့်တစ်ဦး (သူလူယုံ) ဝရိုက်ပက်တာဆင်ကို ယူသွားခဲ့ကြပြီပေါ့ဗျာ၊ ကာနယ်ဘလန်ချတ်ရဲ့ မူလအစီအစဉ်အရ ဆိုရင်တော့ ဝရိုက်ပက်တာဆင်အထိ ကျွန်တော် လိုက်သွားရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကာစဝဲလ်မှာ ကျွန်တော် နေရစ်ခဲ့ရတယ်ခင်ဗျ၊ ကျွန်တော့်တစ်သက်မှာ မိုးလေဝသ မိုးပျံဘောလုံးကြီးတွေနဲ့ မိုးလေဝသ ရာသီဥတုတိုင်းစက်တွေကို အများကြီး တွေ့ခဲ့ မြင်ခဲ့ သိခဲ့ဖူးပါတယ်။ ဒါပေမယ့် ခက်တာက ဗိုလ်ချုပ်ရုံးခန်းထဲက မိုးလေဝသပစ္စည်းတွေကတော့ ကျွန်တော် မသိတဲ့၊ အဲလေ.. မိုးလေဝသပစ္စည်းတွေ ဆိုပါတော့ဗျာ၊ ဟဲ..ဟဲ"

"ဒီအထိတော့ ဗိုလ်မှူး ရှင်းပြခဲ့လို့ သိရပါပြီ။ ဒါပေမယ့် မေးလက်စနဲ့ တစ်ခါတည်း မေးပါရစေ၊ အဲဒီအချိန်တုန်းက သတင်းစာတွေ၊ ရေဒီယိုသတင်းတွေမှာ ပါလာတဲ့ သတင်းထုတ်ပြန်ကြေညာချက်ဟာ ဘာကြောင့် ဖြစ်ခဲ့ရတာပါလဲ၊အဲဒီကိစ္စ မရှင်းလို့ တစ်ဆိတ်လောက် လင်းစမ်းပါဦး ဗိုလ်မှူး"

"ဒီလိုဗျ.. အဲဒီအပိုင်းက ကျွန်တော်နဲ့မဆိုင်ဘူး၊ ကျွန်တော်တို့ဌာနချုပ်မှာ လုပ်သားပြည်သူနဲ့ပတ်သက်လို့ သတင်းနဲ့ပြန်ကြားရေးဌာနဆိုတာ ရှိပါတယ်၊ အဲဒီဌာနက အရာရှိဟာ၊ သူ့နာမည် ဟတ် *(Haut)* လို့ပဲ ကျွန်တော် ထင်တယ်၊ အဲ သူက သတင်းစာဆရာ (အေပီ) တွေဖိတ်ပြီး ပန်းကန်ပြားပျံ ရို့စ်ဝဲလ် သတင်းကို ထုတ်ပြန်ခဲ့တာပါပဲ။

ကျွန်တော် နောက်ပိုင်း ကြားသိသလောက်ဆိုရင် ဒီလူမှာ ဒီလိုလုပ်နိုင်တဲ့ အခွင့်အာဏာမရှိဘူးလို့ဘဲ၊ ဒီကိစ္စနဲ့ပတ်သက်လို့ အထက်က (ဝါရှင်တန်ကထင်ပါရဲ့) သူ့ကို ကြီးလေးတဲ့အပြစ် ပေးခဲ့တယ်လို့ သိရပါတယ်။

ကျွန်တော်တို့မှာတော့ ဟိုက မေးကြ၊ ဒီက မေးကြနဲ့ တစ်ကမ္ဘာလုံးက ပန်းကန်ပြားပျံကြီးပျက်ကျလို့ ပျက်ကျလို့နဲ့ ပွက်လောရိုက်အောင် မေးကြမြန်းကြ စုံစမ်းကြနဲ့ အမေးအမြန်းခံကြရပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့နောက်ကို သတင်းအနံ့ မခံနိုင်အောင် ဗိုလ်ချုပ်ရာမေးက မိုးပျံဘောလုံးကို အစားထိုး ပိတ်ခဲ့တာ ဖုံးခဲ့တာပေါ့ဗျာ။

သတင်းစာဆရာတွေကိုလည်း ရို့စ်ဝဲလ်က ပန်းကန်ပြားပျံဆိုတာ မိုးပျံမိုးလေဝသဘောလုံးတစ်လုံးကိုသာ အထင်မှားခြင်း ဖြစ်ကြောင်းနှင့် ဝရိုက်တာပက်တာဆင်သို့ ပို့ခဲ့တယ်ဆိုတဲ့ သက်သေကိုလည်း မှားယွင်းမှုနဲ့ ပယ်ဖျက်ခဲ့ပါတယ်။ တကယ့်လက်တွေ့ ဖြစ်တာကတော့ မူလအစီအစဉ်က ဖယ်ထုတ်ပြီး ကျွန်တော့်ကိုယ်စား နောက်တစ်ဦးက ဘီ(၂၉)ကို ဝရိုက်ပက်တာဆင်အရောက်

တာဝန်ယူခဲ့ပါတယ်၊ ပြီးတော့ သတင်းစာဆရာတွေ မေးကြတိုင်း ဗိုလ်ချုပ် သင်ပေးထားတဲ့အတိုင်းကလွဲပြီး မထွက်ခဲ့ရဘူးပေါ့ဗျာ၊ ဒီဇာတ်လမ်းမှာ ကျွန်တော် ဟာ ကြိုးဆွဲရာကရတဲ့ ရုပ်သေးမင်းသားပေါ့ဗျာ၊ သတင်းစာဆရာတွေက ကျွန်တော့်ကို မေးချင်လိုက်ကြတာမှ ပါးစပ်ကို ယားနေကြတယ်၊ ဒါပေမယ့် ကျွန်တော့်ရဲ့ အာဗေးအထည့်ခံထားရတဲ့ အဖြစ်ကိုတော့ သူတို့ သိချင်မှ သိကြမှာ"

"ခုပြောတဲ့အတိုင်း ဆိုရင် ဗိုလ်မှူး အနေနဲ့ မိုးပျံဘောလုံးကြီးပါဆိုတဲ့ သတင်းဟာ တမင် ဖုံးလွှမ်းခဲ့တဲ့ လုပ်ကြံသတင်း၊ အဲ. . ဆင်သေကိုဖုံးတဲ့ ဆိတ်ရေ သတင်းလို့ ဆိုလိုပါသလား သိပါရစေ ဗိုလ်မှူး"

"ကောင်းပါပြီ၊ ခင်ဗျားတို့ကို ကျွန်တော် တစ်ခု ထောက်ပြချင်တယ်၊ ဟိုတုန်းက သတင်းစာဆရာတွေ ဗိုလ်ချုပ်ရုံးခန်းမှာ တွေ့ခဲ့ရတဲ့ပစ္စည်းတွေထဲက အစစ်အမှန်ဟာ နည်းနည်းလေးရယ်၊ ဒါဟာလည်း အပယ်ကပါပဲ၊ တကယ့် အမိကာရ ပစ္စည်းက အဲဒီပြထားတဲ့ အထဲမှာ မပါဘူး၊ အဲဒါ ဒူးဂဏန်း ကြေး ဂဏန်း စာဝှက်တွေ မှတ်သားထားတဲ့ပစ္စည်း ခင်ဗျ။ သတင်းစာဆရာတွေက လည်း ငထူတွေ မဟုတ်ဘူး၊ လူပါးတွေ၊ ပါးလိုက်တာမှ လှစ်နေတာ ရွှေတောင် စက္ကူတွေပေါ့၊ သူတို့ ကျွန်တော့်ကိုမေးချင်ကြတာ အဲဒီစာဝှက်အကြောင်းပေါ့။ ဒါပေမယ့် မေးလည်း အပိုပဲ၊ ကျွန်တော်ဟာ ရုပ်သေးမင်းသား မဟုတ်လား မစ္စတာမိုးရဲ့။

ဗိုလ်ချုပ်က သတင်းစာဆရာတွေကို ရိုစ်ဝဲလ်မှာ ပျက်ကျတယ်ဆိုတာ 'ဒီမိုးလေဝသ မိုးပျံဘောလုံးကြီးပေါ့'လို့ အကြောင်းရိုက်တော့တာပဲ၊ ဒီလိုနဲ့ပဲ သတင်းစာဆရာတွေလည်း ပတ်တောပိတ်ခဲ့ရတယ်၊ သူတို့က ကျွန်တော့်ဆီက သတင်းနှိုက်ဖို့ ချောင်းခဲ့ကြတယ်၊ ဒါပေမယ့် ကျွန်တော်မှာလည်း သူများစိတ်နဲ့ ကျွန်တော့်ကိုယ်မို့လားဗျာ။

နောက်ဆုံးတော့ သတင်းစာတွေရဲ့ရန်က ဝေးအောင် ဗိုလ်ချုပ်က 'မာဆဲလ်၊ မင်း ရိုစ်ဝဲလ် ပြန်တော့၊ ကိုယ့်အလုပ် ကိုယ်ဆက်လုပ်ပေတော့၊ ကျန်တာ ငါ့တာဝန်ထား၊ မီးစင်ကြည့်ကမယ်၊ ကဲ ကြွပေရော့'လို့နှင်ခဲ့ပါတယ်"

မာဆဲလ်က အထက်ပါအတိုင်း ဗိုလ်ချုပ်ရာမေး၏ ကြံရည်ဖန်ရည် ပါးနပ်မှုရှိပုံကို မှတ်မှတ်သားသား ပြောခဲ့လေသည်။ ၎င်းသည် ရိုစ်ဝဲလ်သို့ ချက်ချင်း ပြန်လာခဲ့ပြီး ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ နှုတ်ပိတ်ရေငုံ နှစ်ပေါင်းများစွာ နေလာခဲ့လေသည်။ ၁၉၄၇ ခုနှစ် အောက်တို ဘာလ အတွင်းက(အချင်းဖြစ်ပွားပြီးသုံးလအကြာ)ချက်ချင်းပင် ဝါရှင်တန်ဒီစီ

(၎င်းမှာ ကိုလံဘီယာဒီးစတိမြို့တော်) သို့ အထက်အမိန့်ဖြင့် ပြောင်းရွှေ့အမှုထမ်းခဲ့ရ၏။ ကာနယ်ဘလန်ချတ်က ၎င်းအမိန့်ကို ကန့်ကွက်ပါသေးသည်။ မရခဲ့ချေ။ ဒီဇင်ဘာလအတွင်း မာဆဲလ်မှာ ဒုတိယဗိုလ်မှူးကြီးအဖြစ် ရာထူးတိုးမြှင့်ခြင်း ခံခဲ့ရ၏။

ထိုရာထူးဖြင့် အထူးစစ်လက်နက်ပစ္စည်းများ ထောက်လှမ်းရေး၊ သုတေသနပြုရေး ကွန်ပျူတာဌာန၌ တာဝန်ချထားခြင်း ခံခဲ့ရ၏။ ယင်းဌာနမှာ ကမ္ဘာအရပ်ရပ်မှ လေကြောင်းနှင့်ပတ်သက်သည့် စုဆောင်းရရှိသမျှ နမူနာများ (၎င်းတို့တွင် လေယာဉ်၊ ဒုံးပျံ၊ အကျူမြှုစွမ်းအားများ၊ ဂြိုဟ်တုများ၊ ယူဖိုများ ပါဝင်ပါသည်။)ကို ခွဲခြမ်းစိတ်ဖြာ စစ်ဆေး သုတေသနပြုရလေသည်။ ၎င်းဌာနကပင် ဆိုဗီယက်ရုရှားတို့၏ ပထမဦးစွာ အကျူမြှုပုံး ဖောက်ခွဲစမ်းသပ်ခဲ့သည်ကို ထောက်လှမ်းသိရှိခဲ့ရလေသည်။

"ကျွန်တော်တို့ဌာနဟာ အကျူမြှုပုံး ဖောက်ခွဲစမ်းသပ်မှုတစ်ရပ် ကမ္ဘာပေါ်မှာ ဖြစ်ပွားခဲ့ရင် ဒီကိစ္စကို ထောက်လှမ်းရသမျှ အထက်ကို အစီရင်ခံရပါတယ်။ ဒီလို အစီရင်ခံစာတင်ရတဲ့အလုပ်ဟာ ကျွန်တော့်ရဲ့အလုပ် ဖြစ်ပါတယ်၊ သမ္မတကြီးထရူးမင်းက ဆိုဗီယက်တို့ရဲ့ အကျူမြှုပုံး ဖောက်ခွဲစမ်းသပ်မှုသတင်းကို ထုတ်ဖော်ကြေညာခဲ့တုန်းက သူဖတ်ကြားခဲ့တဲ့ အစီရင်ခံစာဟာ ကျွန်တော် ရေးသားတင်ပြခဲ့တာ ဖြစ်ပါတယ်"ဟု ဒုတိယဗိုလ်မှူးကြီးဟောင်း မာဆဲလ်က ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြန်ပြောင်းသတိရရင်း ပြောပြခဲ့ပါသည်။ စာရေးသူတို့က ဗိုလ်မှူးမာဆဲလ်အား ရို့စ်ဝဲလ်မြို့အနီး ဘရာဇဲလ်၏ နွားခြံတွင် ပျက်ကျခဲ့သောကိစ္စနှင့် မရှေးမနှောင်း ဆိုကိုရိုမြို့အနီး ပန်းကန်ပြားပျံကြီးတစ်စင်း ပျက်ကျခဲ့သည်ကို သိ၊ မသိ မေးမြန်းကြည့်ခဲ့မိ၏။ ဗိုလ်မှူးမာဆဲလ်က အောက်ပါအတိုင်း ဖြေကြားခဲ့ပါသည်။

"ဒီသတင်းကို ကျွန်တော်လည်း ကြားခဲ့မိပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်လုံးတစ်ပါဒမှ မပြောလိုပါဘူး၊ ဘာကြောင့်လဲဆိုတော့၊ တခြား စစ်တပ်က ပျက်ကျခဲ့တဲ့ ပန်းကန်ပြားပျံကြီးရဲ့ ကြီးမားတဲ့အစိတ်အပိုင်းတွေကို တွေ့ရှိခဲ့တဲ့ ကိစ္စ ဖြစ်ပါတယ်။ သူများကိစ္စထဲ ကျွန်တော် ပါဝင်စွက်ဖက်နိုင်ခွင့်လည်း မရှိဘူး၊ ဆိုင်လည်း မဆိုင်သလို သင့်လည်း မသင့်ပါဘူး။

ကျွန်တော် ပြောပြနိုင်တာကတော့ ကျွန်တော်ရဲ့ကိုယ်တွေ့မျက်မြင်သာ ဖြစ်ပါတယ်၊ ကျွန်တော် ထပ်လောင်းပြီး ပြောလိုတာက ဘရာဇဲလ်ခြံထဲက တွေ့ခဲ့ရတဲ့ ပစ္စည်းတွေဟာ မိုးလေဝသမိုးပျံဘောလုံး မဟုတ်ဘူးဆိုတာ

ကြားပါတယ်”

“ဒါနဲ့ ဗိုလ်မှူး တစ်ခုမေးပါရစေဦး၊ နွားခြံက သိမ်းယူလာခဲ့တဲ့ အစအန ပစ္စည်းတွေကို တခြား မျက်မြင်သက်သေများ ရှိပါသေးသလား၊ ဗိုလ်ချုပ်အ မှတ်ရသလောက်ဆိုရင် သိပါရစေ ခင်ဗျား”

“ကျွန်တော့်သားတော့ မှတ်မိလိမ့်မယ်ထင်တယ်၊ ဒီအချိန်တုန်းက သူ့ ဟာ(၁၂) နှစ်သားလောက်ရှိပြီ၊ နွားခြံကြီးထဲက ယူလာခဲ့တဲ့ပစ္စည်းတွေ ဖွဲ့ဝပ်သိကို မပို့ရသေးခင် သူမြင်လိုက်ရသေးတယ်”

ဗိုလ်မှူးမာဆဲလ်၏သား ဖြစ်သူမှာ ယခုအခါ၌ မွန်တာနာပြည်နယ် ဟာယ်လီနာမြို့၌ ဆရာဝန်တစ်ဦး ဖြစ်နေပါသည်။ ကလေးဘဝအရွယ် လူမမည် ဖြစ်သော်လည်း ဒေါက်တာမာဆဲလ်မှာ ဘမျိုးဘိုးတူဆိုသကဲ့သို့ ဝေဟင်ခရီး လေယာဉ်ပျံသန်းခြင်းနှင့် အာကာသခရီးကို အလွန်စိတ်ဝင်စားခဲ့လေသည်။ သူ သည် ဖခင်ဖြစ်သူ ဗိုလ်မှူးမာဆဲလ် အိမ်သို့ ယူဆောင်လာခဲ့သော ဘရာဇဲလ် နွားခြံမှပစ္စည်းများကို သိလိုစိတ်ဖြင့် အလွန်စိတ်ပါဝင်စား ကြည့်လို မြင်လိုခဲ့ လေသည်။

သူများတကာ ပြောသံဆိုသံကိုလည်း ဒေါက်တာမာဆဲလ် ကြားခဲ့ရ၏။ လေတပ်မတော်ဌာနချုပ် (ရိုစ်ဝဲလ်)နားမှာ အာကာသပန်းကန်ပြားပျံတစ်စင်း ပျက်ကျလို့ ဟူ၍ ဖြစ်၏။ သို့ရာတွင် ကလေးသူငယ် ဖြစ်နေ၍လည်း သူ၏ဖခင် အိမ်သို့ ယူဆောင်လာခဲ့သော အရာဝတ္ထုများကို ကောင်းစွာ စစ်ဆေးကြည့်ရှုခွင့် များစွာ မရခဲ့ချေ။ ဒေါက်တာက သူငယ်စဉ်ကအကြောင်းကို မှတ်မိသရွေ့ ဤသို့ ပြန်လည် ပြောကြားခဲ့၏။

“ဖေဖေ့ဆီက အိမ်ကို ဖုန်းရောက်လာခဲ့တယ်၊ အာကာသထဲကဆိုလား ဘာလား။ ယာဉ်ကြီးတစ်စင်း ပျက်ကျလို့ သွားရောက် စစ်ဆေးရမယ်တဲ့၊ ဖေဖေ ခရီးထွက်သွားခဲ့တာ နှစ်ရက်လောက်ကြာခဲ့ပါတယ်၊ သူပြန်လာတော့ ကားထဲ မှာရော ကားနောက်က ထရေလာမှာရော ယာဉ်ကြီးရဲ့ အစိတ်အပိုင်းတွေနဲ့ တိုလီမိုလီအစအနတွေ အပြည့်ပါလာတာတွေ့ခဲ့ရတယ်၊ ကျွန်တော် တွေ့ခဲ့ရတဲ့ ပစ္စည်းတွေထဲမှာ စီးကရက်ဘူးခွံထဲက ခဲပြားလို သတ္တုနဲ့တူတဲ့ ပါးပါးအပြား တွေလည်း ပါလာတယ်။ ဒါပေမယ့် သတ္တုတော့ မဟုတ်ဘူးခင်ဗျ၊ ဒီသတ္တုလို အပြားတွေဟာ သိပ်မာကျောတယ်။

ပြီးတော့ ယက်မပျဉ်ချပ်လို၊ ဝတ္ထုကိုယ်ထည်များလိုလို အပြားတွေ လည်း တွေ့ခဲ့ရတယ်။ ဒါဟာ ပလတ်စတစ်ပစ္စည်းလို ခပ်မည်းမည်းပါပဲ၊ အဲဒီ

မည်းမည်းအရာပစ္စည်းစဟာ သက်ရှိကာဗွန်ဓာတ်ပေါင်းနဲ့ သဘာဝတူညီနေတာ တွေ့ခဲ့ရပါတယ်။

ဖေဖေဟာ အိမ်ပြန်ရောက်ခဲ့တာ ညနေပိုင်း ဖြစ်ပါတယ်။ သူဟာ တစ်ညနဲ့ နောက်တစ်နေ့လုံးလုံး ကြာခဲ့တာပေါ့ ခင်ဗျာ၊ ဖေဖေ့မှာ ၁၉၄၂ ခုနှစ်ပုံစံ ဖြူကားတစ်စီးရှိတယ်။ နောက်မှာလည်း ထရေလာ ချိတ်ဆွဲထားပါတယ်၊ အဲဒီ ထရေလာရော၊ ကားထဲမှာရော သယ်လာတဲ့ အာကာသယာဉ်ပျက်ကြီးက ပစ္စည်းတွေဟာ အပြည့်ပါပဲ၊ ကားတစ်စီးတိုက် ပစ္စည်းတွေဟာ ထုထည်ကြီးတွေတော့ မဟုတ်ဘူး။ သေးသေးမွှားမွှားကလေးတွေ ဖြစ်ပါတယ်"

ဒေါက်တာမာဆဲလ်က မိမိသည် ထိုစဉ်က အသက်(၁၁)နှစ်သားလောက်သာရှိသေးကြောင်း ပြောပြခဲ့၏။ ကျွန်တော်တို့က ဒေါက်တာမာဆဲလ်အား သူငယ်စဉ်က တွေ့ခဲ့ရသည့် ထူးဆန်းသော ပစ္စည်းအစအနတွေက တစ်စတလေ သိမ်းဆည်းထားသည်များ ရှိ မရှိ မေးမြန်းခဲ့ကြပါသည်။ ဒေါက်တာက ဤသို့ ပြန်ဖြေခဲ့၏။

"ကလေးဆိုတော့ ဒီလို ထူးဆန်းတဲ့ ပစ္စည်းကလေးတွေကို တစ်စတလေလောက်ဖြစ်ဖြစ် ယူချင်တာပေါ့။ ယူချင်တာမှ လက်ကိုယားနေခဲ့ပါတယ်။ ကိုယ့်ကိုယ်ကိုယ် မနည်းကြီး ဘရိတ်အုပ်ထားခဲ့ရတာပေါ့၊ ဖေဖေကလည်း ကျွန်တော့်ကို ရိပ်မိဟန်တူပါတယ်၊ 'သားတဲ့. . ဒီပစ္စည်းတွေဟာ အစိုးရရဲ့ အရေးကြီးတဲ့ပစ္စည်းတွေဆိုတာ သိတယ်မို့လား၊ လက်ဖျားနဲ့တောင် မတို့နဲ့ ကြားလား'တဲ့၊ ဒီတော့ ကျွန်တော်လည်း ဘယ်ယူရဲပါ့မလဲ၊ အခွင့်ရရင်တော့ ဘာပြောကောင်းမလဲ ယူထားမိမှာ အမှန်ပေါ့ ခင်ဗျာ"

"ဒေါက်တာခင်ဗျား၊ ရိုစ်ဝဲလ်ပန်းကန်ပြားပျံကိစ္စ ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ဘာသတင်းတွေများ ကြားခဲ့မိပါသေးသလဲ၊ မှတ်မိသေးရင် ပြောပြပါလား"

"ဟုတ်ကဲ့၊ မြို့ပေါ်မှာ အမျိုးမျိုး ကောလာဟလသတင်းတွေ ဖြစ်ပေါ်နေခဲ့တယ်။ ကျွန်တော်တို့တွေကို သတင်းထောက်တွေက တောင်မေးမြောက်မေးနဲ့ပေါ့ဗျာ၊ ကျွန်တော်က ငယ်သေးတော့ သိပ်အမေးအမြန်း မခံခဲ့ရပါဘူး။

ကျွန်တော် သေချာမှတ်မိနေတာ သတ္တုနဲ့လုပ်ထားတဲ့အရာဝတ္ထုတွေပဲ ဖြစ်ပါတယ်၊ အဲဒီ သတ္တုစတွေဟာ စက်(ယာဉ်)တစ်ခုက ပစ္စည်းဖြစ်ပြီး မိုးပျံဘောလုံးကအရာ မဟုတ်ကြောင်း ကောင်းကောင်းကြီး သိခဲ့ပါတယ်၊ ကျွန်တော့် ဖေဖေ ပြောပြခဲ့လို့ ဒီအရာကြီးဟာ လေယာဉ်တစ်မျိုးပဲတဲ့၊ ဒါပေမယ့် ကျွန်တော်တို့ မြင်ဖူးကြတဲ့လေယာဉ်မျိုး မဟုတ်ဘူးတဲ့၊အဲဒါ သေချာတယ်တဲ့၊ ဒါကြီးရဲ့

အသွားနှုန်းဟာလည်း ကျွန်တော်တို့ခေတ် ကမ္ဘာပေါ်ရှိရှိသမျှ လေယာဉ်ပျံတွေ လိုက်မမီတဲ့နှုန်းလို့ သိခဲ့ရပါတယ်"

ရှင်းနောက် ၁၉၇၉ ခုနှစ် ဧပြီလအတွင်းက ဒေါက်တာနှင့် တွေ့ဆုံခဲ့ပြီး ရက်သတ္တပတ်ပေါင်း များစွာ ကြာခဲ့ပြီးနောက် ဒေါက်တာ ပြန်လည်အမှတ်ရခဲ့သည့် အကြောင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁၉၄၇-၁၉၄၈) ခုနှစ် ယူအက်ဖ်အိုဖြစ်ရပ်ကို ကိုးကားပြီး "ဖေဖေအိမ်ကိုယူလာခဲ့တဲ့ နွားခြံကယာဉ်ပျက်ကြီးထဲက ထူးဆန်းတဲ့ပစ္စည်းတစ်ခုအကြောင်း ပြောပြရမှာ ကျွန်တော်ဝန်လေးနေမိခဲ့ပါတယ်။ ဒါကြောင့်လည်း ဟိုနေ့က ထည့်မပြောခဲ့ခြင်း ဖြစ်ပါတယ်၊ ဒီအချိန်တုန်းက ကျွန်တော်ရဲ့အသက်ဟာ (၁၂) နှစ်သားအရွယ်လောက် ရှိသေးတော့ ကလေးတစ်ယောက်ရဲ့ အသိဉာဏ်နဲ့ ဒီစကားဟာ ဆင်ခေါင်းခွေးမချီနိုင်သလို ဒီလူ ခုမှ လီဆယ်ပြောတာ၊ ဒါမှမဟုတ် ဟိုစဉ်က လူကြီးတွေ ပြောသံဆိုသံကြားလို့ စိတ်ကူးနဲ့ မှန်းကြိတ်တာလို့ ထင်မှာလည်း စိုးတယ်လေ။

အမှန်တော့ ကျွန်တော် တကယ်ကို တွေ့ခဲ့ရတဲ့ပစ္စည်း ဖြစ်ပါတယ်၊ ဒီအာကာသယာဉ်ပျက်ကြီးရဲ့ ယက်မအကြွင်းအကျန် အပိုင်းအစ တစ်ဖက်စွန်းပေါ်မှာ ရိုက်နှိပ်ထားတဲ့ ဒူးဂဏန်းကြေးဂဏန်း(စာဝှက်)အက္ခရာတွေကို တွေ့ခဲ့ရတယ် ခင်ဗျ မကြာသေးမီကပဲ ဖေဖေနဲ့ စကားစပ်မိကြရင်း သတိရပြီး မေးကြည့်ခဲ့မိပါတယ်၊ ဖေဖေက ပြောပြခဲ့တယ်၊ သူလည်း အဲဒီစာတွေ တွေ့ခဲ့ရတယ်လို့၊ အရောင်က ပန်းရောင်၊ ဒါမှမဟုတ် ပန်းခရမ်းရောင်လို့ သူက ပြောပြခဲ့တယ်။

ဒီအက္ခရာ အရေးအသားတွေဟာ ကျွန်တော် ကြီးမှ လေ့လာဖူးခဲ့တဲ့ အီဂျစ်စာဝှက်တွေနဲ့ နီးနီးစပ်စပ် တူညီမှုရှိကြောင်း တွေ့မိတယ်၊ ဒါပေမယ့် အီဂျစ်စာဝှက်တွေမှာ တွေ့နေမြင်နေကျဖြစ်တဲ့ တိရစ္ဆာန်ရုပ်ပုံသင်္ကေတတွေ မပါခဲ့တာ တစ်ခုကလွဲရင် ကျန်တာတော့ နီးစပ်တယ်လို့ ဆိုနိုင်ပါတယ်။

ကျွန်တော် ရိုစ်ဝဲလ်မှာ ပျက်ကျခဲ့တဲ့ အာကာသယာဉ်ကြီး အကြောင်းကို ဆက်စပ်တွေးတောကြည့်မိတယ်၊ ရိုစ်ဝဲလ်နွားခြံကြီးထဲမှာ (ဘရာဇဲလ်နွားခြံ) ပျက်ကျခဲ့တဲ့ ယူဖိုကြီးရဲ့ ကျန်တဲ့အစိတ်အပိုင်းတွေဟာ နယူးမက္ကဆီကိုပြည်နယ် သဲကန္တာရမြေပြင်ပေါ်မှာ ကျရောက်သွားနိုင်စရာ ရှိတယ်ရယ်လို့ပဲ။

ကျွန်တော့်ဖေဖေရဲ့ အယူအဆ၊ အဲ ပြောစကားအရဆိုရင်. . ဒီယူဖိုကြီးရဲ့ ကျန်အစိတ်အပိုင်းတွေ ရှိရဦးမယ်တဲ့၊ သူနဲ့ သူ့ရဲ့ရဲဘော်တွေဟာ ဒါကြီး ပျက်ကျခဲ့တဲ့ ဒေသတစ်ဝိုက်ကို ကွင်းဆင်းရှာဖွေခဲ့ကြသေးတယ်လို့ သိရှိရပါ

တယ်။ ဒီပျက်ကျခဲ့တဲ့ အရာဝတ္ထုကြီးကိုမြင်ရုံနဲ့ လေတပ်မတော်ထောက်လှမ်းရေးဌာနအနေနဲ့ ဘယ်လိုနည်းနဲ့မဆို အတပ်သိပြီး ဖြစ်ပါတယ်၊ ချက်ဆို နွားခွက်ကမ်းတောက်ကြတဲ့သူတွေပဲ၊ ဘယ်မသိဘဲ ရှိပုံမလဲ၊ ဒီလို သိတာနဲ့ တစ်မြိုင်နက် နယ်မြေတစ်ကြောမှာ ပိုက်စိပ်တိုက် ရှာဖွေသိမ်းဆည်းပြီးလို့၊ ဘာအစအနမှ ကျန်စရာ အကြောင်းမရှိတော့ဘူး၊ ဒီလိုပဲ ကျွန်တော် ယူဆမိပါတယ်။

လူကြီးမင်းတို့ကို ကျွန်တော် အစီရင်ခံခဲ့ပြီးပါပြီ၊ ဖေဖေဟာ ဒီယူဖိုးကြီးရဲ့ အစိတ်ပိုင်း အစအနတွေကို အိမ်သယ်ယူလာခဲ့တယ်လို့၊ အဲဒီတုန်းက ဒီအပျက်အစအနတွေကို မီးဖိုချောင်ကြမ်းခင်းပေါ်မှာ ဖြန့်ပုံထားခဲ့တယ်၊ ခပ်ကြီးကြီးအစတွေကို တစ်စုတည်း ထားပါတယ်၊ သတ္တုစတွေရဲ့ အစွန်းဘက်မှာ တချို့အပေါ်မှာ ပလတ်စတစ်လို ခပ်မည်းမည်းတွေ ကပ်နေတာ တွေ့ရပါတယ်။ အဲဒါတွေဟာ ထိခိုက်မိရင် ကြေမွသွားတယ်၊ ကြွပ်ဆတ်ဆတ်နဲ့၊ အဲဒီ မည်းမည်းဟာတွေကို မီးနဲ့ရှို့ကြည့်တော့ လောင်လွယ်တယ်၊ အရည်ပျော်ကျသွားတာ တွေ့ခဲ့ရတယ်။

ဖေဖေက မီးဖိုထဲမှာ တစ်စုတည်းပုံထားဖို့ ရည်ရွယ်ပေမယ့် မရဘူး၊ အစအနတွေက များပြားလွန်းလို့ မီးဖိုနဲ့မဆံ့ဘူး၊ ကျွန်တော့်သဘောအရဆိုရင် အစသေးသေးတွေကို မီးဖိုထဲက ဖယ်ထုတ်လိုက်ရင် ကျန်တာတွေဆံ့သွားမှာပဲလို့ စိတ်ကူးရတယ်၊ ကျွန်တော့်မေမေက တချို့ မဆံ့တဲ့ အစအနတွေကို မီးဖိုနောက်ဘက်က အခန်းထဲမှာပဲ ထားခိုင်းတယ်၊ ဒီအချိန်တုန်းက ကျွန်တော်တို့ရဲ့ အိမ်နောက်ဘက်ခြံပိုင်းထဲမှာ သမံတလင်း အပြည့်ခင်းပြီး အခန်းလိုကာရံထားတယ်၊ အဲဒီ အခန်းဟာ ယူလာခဲ့တဲ့ ပစ္စည်းတွေထားဖို့ ချက်ချင်း လုပ်ခဲ့တာလား၊ အစနဂိုကတည်းက ရှိနေခဲ့တာလား ဆိုတာတော့ ဇဝေဇဝါနဲ့ မမှတ်မိတော့ဘူး။

အာကာသယာဉ်ကြီး(ယူဖိုးကြီး)ရဲ့ အပျက်အစီးအစအနတွေကို မီးဖိုထဲမှာ ထားလို့မဆံ့သမျှ ဒီနောက်ဘက်ခန်းထဲကို ပုံပြီးထားခဲ့တာ တွေ့ခဲ့ရတယ်။ ဒီအစအနတွေဟာ ခုပြောပြတာ ဘယ်လောက် များပြားတယ်ဆိုတာ လူကြီးမင်းတို့ မှန်းဆကြည့်နိုင်ပါတယ်"

* * *

ရိုစ်ဝဲလ် ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့်ကိစ္စ၌ သတင်းစာဆရာများ (အေပီ) ကို သတင်းထုတ်ပြန်ပေးမှုနှင့် ပတ်သက်၍ အရေးယူခြင်း ခံခဲ့ရသူ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးအရာရှိ တပ်မတော် (လေ) ရိုစ်ဝဲလ် ***(RAAF)*** လက်ဖတင်နင်ဝေါလ်တာဟတ်ကို စာရှုသူတို့ မှတ်မိကြပေလိမ့်ဦးမည်။

၎င်းမှာ ယခုအခါ၌ ရိုစ်ဝဲလ်မြို့တွင် ဒဗလျူအိပ်ချ် ပန်းချီပန်းပု အရောင်းဆိုင်ကြီးကို ဖွင့်လှစ်ကာ စီးပွားလမ်းပြောင်းနေလေသည်။

ရိုစ်ဝဲလ်ကိစ္စ ဖြစ်ပွားခဲ့စဉ်က သူသည် လေတပ်မတော်ဌာနချုပ်(ရိုစ်ဝဲလ်)မှ ပီအိုင်အို ***(PIO)*** ဖြစ်သော်လည်း အမှန်စင်စစ် ဤဇာတ်လမ်း၏ မျက်မြင်သက်သေ မဟုတ်ပေ။ သူ၏လုပ်ဆောင်ချက်မှာ အဓိကအားဖြင့် စကြဝဠာမှ ရောက်ရှိလာခဲ့သောဧည့်သည်တော်များ(ဂြိုဟ်သားများ) အကြောင်းနှင့်ပတ်သက်၍ လုပ်သားပြည်သူများ အုတ်အော်သောင်းတင်း ဖြစ်သွားခဲ့ရသည့် ကိစ္စသာလျှင် ဖြစ်လေသည်။

လက်ဖတင်နင်ဟတ်နှင့် စာရေးသူတို့ ၁၉၇၉ ခုနှစ် မတ်လနှင့်ဧပြီလ အတွင်းက သွားရောက်တွေ့ဆုံခဲ့ပြီး ဟိုစဉ်က ကိစ္စနှင့်ပတ်သက်၍ မေးမြန်းခဲ့ပါသည်။ ၎င်း၏ပြောပြချက်အရ သိရသည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

လက်ဖတင်နင်အား ဗိုလ်မှူးကြီးဘလန်ချတ်ကခေါ်၍ အေအေအက်ဖ်မှ ပန်းကန်ပြားပျံမျက်ကြီး၏ ကျန်ရှိသောအစိတ်အပိုင်းများကို တွေ့ရှိခဲ့ရသည့် အကြောင်းနှင့်ပတ်သက်၍ သတင်းတစ်ရပ် ရေးသားထုတ်ပြန်စေခဲ့၏။ ထိုအချိန်က လက်ဖတင်နင်ဟတ်က ဗိုလ်မှူးကြီးအား ယင်းပန်းကန်ပြားပျံမျက်ကြီးကို မိမိကြည့်ချင်၍ ကြည့်ခွင့်တောင်းခဲ့ရာ ခွင့်မပြုခဲ့ချေ။ သို့နှင့် သူလည်း ဘလန်ချတ်၏အမိန့်အတိုင်း သတင်းရေးသားပြီး ထုတ်ပြန်ခဲ့လေသည်။

ဟတ်အား အာကာသယာဉ်ကြီးမှ အပျက်အစီး ပစ္စည်းများကို ကြည့်လိုပါက မေဂျာမာဆဲလ်ထံ သွားရောက်ကြည့်နိုင်ကြောင်း၊ ယင်းပစ္စည်းများမှာ ဗီ့ဝပ်သ်သို့ ပို့မည့်ဆဲဆဲ လေယာဉ်ပေါ်၌ ရှိနေကြောင်း အကြောင်းကြားခဲ့၏။ သို့ရာတွင် ဟတ်သည် သွားရောက် မကြည့်ခဲ့တော့ချေ။ သူ့အား အထက်မှ တယ်လီဖုန်းနှင့် သတင်းမေးသမျှကို ပြန်လည်ဖြေကြားရန် တာဝန်ချထားခဲ့လေသည်။ (ဟတ်က မိမိမှာ လက်ဖတင်နင် တစ်ယောက်မျှသာ ဖြစ်ကြောင်း ကောင်းကောင်း နားလည်ထားခဲ့ပါသည်ဟုဆို၏။) ဟတ်လည်း တာဝန်ပေးခဲ့သည့်အတိုင်း တယ်လီဖုန်းသတင်းစောင့်၍ ဖြေကြားခဲ့သည်မှာ(၈)နာရီလုံးလုံး ကြာခဲ့၏။ ကမ္ဘာအရပ်ရပ်မှ ရိုစ်ဝဲလ်ပန်းကန်ပြားပျံသတင်းနှင့် ပတ်သက်၍ မေးမြန်းခဲ့ကြလေသည်။

ကမ္ဘာတစ်ဝန်းမှ အမေးအမြန်းထူခဲ့ကြသည့်အနက် ဟောင်ကောင်မြို့မှ မေးမြန်းခဲ့သည်ကို ယနေ့တိုင် ဟတ်မှာ အမှတ်ရနေပေသည်။ ထိုအကြောင်းကို ကာနယ်ဘလန်ချတ်အား သတင်းပို့ခဲ့ရာ ကာနယ်က ဤကိစ္စမှာ သတင်းထုတ်

မြန်ခဲ့သည့် ဂယက်ဖြစ်ကြောင်း နားလည်ခဲ့၏။ ထို့ကြောင့် ဟတ်အား ကာနယ်က 'မင်းထုတ်ခဲ့တဲ့ သတင်းနဲ့၏ပတ်သက်ပြီး တစ်ကမ္ဘာလုံးတော့ ပွက်လောရိုက် ကုန်ကြပြီ၊ အဲဒါ အတတ်နိုင်ဆုံး နည်းရှာပြီး ပိတ်နိုင်အောင် ကြိုးစားပေတော့' ဟူ၍သာ ပြောကြားခဲ့လေသည်။

သို့သော်လည်း မရှေးမနှောင်းပင် ဖို့ဝပ်သ်မှ ဗိုလ်ချုပ်ရာမေး၏ ရှိစ်ဝဲလ် အနီး ပျက်ကျခဲ့သည်မှာ ပန်းကန်ပြားပျံ မဟုတ်၊ မိုးလေဝသ မိုးပျံဘောလုံးနှင့် တိုင်းတာစက်တစ်ခုသာ ဖြစ်ကြောင်း ရှင်းလင်းကြေညာချက် တစ်ရပ် ထွက် ပေါ်လာခဲ့ပါသည်။ အဆိုပါ ဗိုလ်ချုပ်ရာမေး၏ သတင်းစာရှင်းလင်းပွဲနှင့် ဒဗလျူဘီအေပီ *(WBAP)* ရေဒီယိုအသံလွှင့်မိန့်ခွန်းတိုင်း၌ ပန်းကန်ပြားပျံကိစ္စနှင့် ပတ်သက်၍ လုံးဝ ငြင်းဆိုထားသည်ကို တွေ့ရှိရ၏။ ထို့ကြောင့် ယင်းကိစ္စမှာ ငြိမ်သက်သွားခဲ့ပေတော့သည်။

ဝေါလ်တာဟတ်လည်း ၁၉၄၈ ခုနှစ် ဧပြီလထဲ၌ မိမိ နယ်ပြောင်း ခံရတော့မည်ဖြစ်ကြောင်း သိရှိခဲ့ရသဖြင့် ရာထူးမှ နုတ်ထွက်စာတင်ခဲ့လေသည်။

(မှတ်ချက်။ ။ၡင်းအား ရာထူးမှ မနုတ်ထွက်ခင် ဗိုလ်ကြီး(ကပ္ပတိန်) ရာထူးသို့ တိုးမြှင့်ပေးခဲ့၏။ သို့ရာတွင် ရာထူးကို လက်မခံဘဲ နုတ်ထွက်ခဲ့ လေသည်။)

ပြည်သူ့ဆက်ဆံရေးနှင့် သတင်းမြန်ကြားရေးဌာနတွင် အချင်းဖြစ်စဉ် ကာလ(၁၉၄၇ ခုနှစ် ဇူလိုင်လ)က လက်ဖတင်နင်ဟတ်နှင့်အတူတကွ အမှုထမ်းခဲ့ သူမှာ တပ်ကြပ်ကြီး အက်ဒဝပ်ဂရေဂိုရီ *(Edward Gregory)* ပင် ဖြစ်၏။ တပ် ကြပ်ကြီးက မိမိသည် ကယ်လီဖိုးနီးယားပြည်နယ်၊ လီတာမိုးမှ စတန်ဖရိုက်မင် (ၡင်းမှာ နျူကလီးယား ရူပဗေဒပညာရှင်နှင့် သုတေသီ)က ဖုန်းဖြင့် ပန်းကန်ပြား ပျံသတင်း မေးမြန်းစုံစမ်းခဲ့သည်ကို ကြားသိခဲ့ရကြောင်း ပြောပြခဲ့၏။ လက်ဖ တင်နင်ဟတ်သည် မည်သည့်အတွက်ကြောင့် ရာထူးမှ နုတ်ထွက်ခဲ့သည်ကို မိမိ အနေဖြင့် နားမလည်ကြောင်း၊ အကယ်၍သာ ဟတ်သည် လေတပ်မတော်၌ ဆက်လက်အမှုထမ်းနေဦးမည်ဆိုပါက တိုးတက်မှုရှိမည့်သူဖြစ်ကြောင်း၊ ၡင်းမှာ အလွန်ထက်မြက်သူဖြစ်ကြောင်းကိုလည်း ပြောပြခဲ့လေသည်။

တပ်ကြပ်ကြီးဂရေဂိုရီက ဆက်လက်ပြောပြသည်မှာ ကာလ်နယ်ဘလန် ချတ်မှာ ပထမတန်းစား ခေါင်းဆောင်ဖြစ်သည်ဆို၏။ ပန်းကန်ပြားပျံ ပျက်ကျခဲ့ သည်ဆိုသော ပီအိုင်အိုထုတ်ပြန်ခဲ့သော သတင်းနှင့်ပတ်သက်၍ ၡင်းမှာ လုံးဝ အကြံပေးခဲ့သူ မဟုတ်ကြောင်း။ ၡင်းပြင် ဗိုလ်ချုပ်ရာမေး၏ မိုးလေဝသမိုးပျံဘော

လုံး ဖန်သတင်းနှင့်လည်း လုံးဝ ပတ်သက်မှု မရှိကြောင်းကိုပါ ထုတ်ဖော်ပြောကြားခဲ့လေသည်။

ဤရိုစ်ဝဲလ်အနီး ပျက်ကျခဲ့သော ပန်းကန်ပြားပျံနှင့် ပတ်သက်၍ မူလသတင်းပေးခဲ့သူမှာ နွားခြံပိုင်ရှင် ဝီလျံဒဗလျူမက်ဘရာဇဲလ် ***(William W.Mac Brazel)*** ပင် ဖြစ်၏။ အာကာသယာဉ်ကြီးမှာ ၎င်း၏နွားခြံအထက် လေထုထဲ၌ ပေါက်ကွဲပြီး အစိတ်အပိုင်းအချို့နှင့် အစအနများစွာတို့မှာ ၎င်း၏ခြံထဲ ကျလာသည်ကို တွေ့ရှိခဲ့ရခြင်း ဖြစ်၏။ ဤကိစ္စတစ်ရပ်လုံးကို ဗိုလ်မှူးမာဆဲလ်ထံ သွားရောက် အကြောင်းကြားခဲ့သူမှာလည်း ဘရာဇဲလ်သာလျှင် ဖြစ်ပါသည်။ ထို့ကြောင့် ဤအချင်းဖြစ်ပွားခဲ့သည့်ကိစ္စ၌ အသိဆုံးမှာ ဘရာဇဲလ်သာလျှင် ဖြစ်နေပေတော့သည်။ သို့ရာတွင် ၎င်းမှာ ၁၉၆၃ ခုနှစ်က ကွယ်လွန်ခဲ့လေသည်။

ဘရာဇဲလ်၏ သားနှင့်မြေးမဖြစ်သူ ဘီလ်နှင့် ရှာလီဘရာဇဲလ်တို့မှာ နယူးမက္ကဆီကိုပြည်နယ် ကပ်ပီတန်မြို့၌ နေထိုင်ကြလေသည်။ ၎င်းတို့မှာ အချင်းဖြစ်ပွားသည့် ကိစ္စကို ကောင်းစွာ မှတ်မိနေကြသေးသည်။ ဘီလ်ဘရာဇဲလ်မှာ တက်ဆပ်တူရိယာဆိုင်ကြီးမှ ဝန်ထမ်းတစ်ဦး ဖြစ်၏။ ဘီလ်မှာ အားလပ်ချိန်၌ အလာစကားပြည်နယ် မြောက်ဘက်တောင်ကုန်းဒေသသို့ ခရီးရက်ရှည်ထွက်ကာ မြေငလျင် တိုင်းထွာရေးပညာရှင် ***(Geoseismologist)*** တစ်ဦးအဖြစ် လုပ်ကိုင်လေ့ရှိ၏။ ၎င်းဒေသမှာ ရေနံထွက်ရာရပ်ဝန်း ဖြစ်၏။

စာရေးဆရာဝီလျံမိုးသည် ဘီးလ်ဘရာဇဲလ်နှင့် ဒီဇင်ဘာလ အတွင်းက သွားရောက် တွေ့ဆုံမေးမြန်းခဲ့၏။ ၎င်းတို့ တွေ့ဆုံခဲ့စဉ်က အောက်ပါအတိုင်း ရိုစ်ဝဲလ်ပန်းကန်ပြားပျံကိစ္စကို မေးမြန်းဆွေးနွေး ဖြေကြားခဲ့ပါသည်။

"မစ္စတာဘရာဇဲလ် ခင်ဗျား၊ ခင်ဗျားတို့နွားခြံကြီးထဲမှာ ခင်ဗျား အဖေကိုယ်တိုင် တွေ့ခဲ့ရတဲ့ အာကာသယာဉ်ပျက်ကြီးရဲ့ အစိတ်အပိုင်း အစအနတွေနဲ့ ပတ်သက်လို့ ခင်ဗျား သိသလောက် ပြောမပြနိုင်ဘူးလား၊ တစ်ဆိတ် သိပါရစေ"

"ဟုတ်ကဲ့ သိရပါတယ် မစ္စတာမိုး၊ ဒီဇာတ်လမ်းတစ်ခုလုံးကို လုံးဝဥဿုံတော့ ကျွန်တော် မပြောပြနိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီအချိန်တုန်းက နွားခြံမှာ ကျွန်တော် ရှိလည်း မရှိ သိလည်း မသိခဲ့ရလို့ပါဘဲ၊ ဖေဖေကလည်း ဒီကိစ္စကို သိပ်ပြီး ပြောပြလိုတဲ့ဆန္ဒ မရှိခဲ့ဘူး ခင်ဗျ၊ သူမဆုံးခင်နှစ်များက မနည်းလှည့်ပတ် မေးနိုင်လွန်းလို့ သိတန်သလောက် သိခဲ့ရပါတာပါပဲ။

သူကတော့ဗျာ သက်ဆိုင်ရာမှာ ဒီကိစ္စနဲ့ပတ်သက်လို့ မပေါက်ကြားစေရပါဘူးလို့ ကတိပေးခဲ့တဲ့အတိုင်း သေတပန်သက်တစ်ဆုံး အပြောနဲ့အလုပ်

တကယ် တည်သွားခဲ့တာပါပဲ။

သက်ဆိုင်ရာက(စစ်ဘက်က)သူ့ကို ဘယ်လိုများ သစ္စာရေ တိုက်ခဲ့သလဲ မဆိုနိုင်ဘူး၊ ဒီအကြောင်း ယောင်လို့တောင်မှ မေမေ့ကိုတောင် မဟခဲ့ပါဘူး ဒဲ့ရောဗျာ၊ ကျွန်တော်တို့ မိသားစုထဲမှာ သူအချစ်ဆုံးဟာ ကျွန်တော့်ရဲ့ဇနီး ရှာလီပါပဲ။ ဒါပေမယ့် ဒီကိစ္စကျတော့ သူ့ချွေးမကိုတောင် တစ်လုံးတစ်ပါဒမှ မပြောကြားခဲ့ဘူး၊ ဒီကိစ္စဖြစ်ပွားစဉ်တုန်းက တစ်ညနေမှာ အယ်လ်ဘူကာကွီး ဂျာနယ်တစ်စောင် ရှေ့မျက်နှာဖုံးမှာ ဖေဖေ့ဓာတ်ပုံကြီးနဲ့ ပန်းကန်ပြားပျံသတင်း အကျယ်တဝင့်ပါလာတာ ကျွန်တော် ဖတ်လိုက်ရတယ်။

ကျွန်တော့်ဇနီး ရှာလီက မျက်ကလဲဆန်ပြာနဲ့ 'အလို ဘုရား. . ဘုရား ဒက်ဒီတော့ ဘုန်းကြီးအမူ ရှာပတ်ခံနေရပြီလားမသိဘူးကိုရေ လုပ်ပါဦး' တဲ့။

'အေးကွယ်. . ကိုယ်လည်း မပြောတတ်တော့ဘူး ရှာလီ၊ နက်ဖြန် ဒက်ဒီ ဆီ သွားကြတာပေ့ါ၊ ဟိုကျမှပဲ အကြောင်းစုံ သိရတော့မှာပဲ"လို့ ဇနီးသည်ကို ဖြေကြားမိတယ်။ ဒီအချိန်တုန်းက ကျွန်တော်တို့လင်မယား အိမ်ထောင်ကျခါစပဲ ရှိသေးတယ်။ ကျွန်တော်တို့က အယ်လ်ဘူကာကွီးမှာ နေကြပါတယ်။ သွားခြံ ရောက်ကြတော့ ဖေဖေ့ကို မတွေ့ရဘူး ခြံမှာလည်း ဘယ်သူမှ မရှိကြဘူး ခင်ဗျ။

ဒါနဲ့ သူပြန်ရောက်လာတဲ့အထိ ခြံက အိမ်မှာပဲ စောင့်ရင်းနဲ့နေခဲ့ပါ တယ်၊ ရှာလီကတော့ အဲဒီညနေမှာပဲ အယ်ဘူလ်ကာကွီးကို ပြန်သွားခဲ့တယ်၊ ဒီလိုနဲ့ ဇူလိုင်လ ၁၄ ရက်၊ တနင်္လာနေ့မှာ အဖေ ပြန်မရောက်လို့ စိတ်ပူပြီး ကိုရိုနာမြို့ကို စုံစမ်းရအောင် လာခဲ့တယ်။ မြို့ရောက်တော့ တယ်လီဖုန်းနဲ့ သက်ဆိုင်ရာတွေကို လျှောက်မေးမြန်းရတာပေ့ါဗျာ၊ သက်ဆိုင်ရာက ဖေဖေ့ကို ကောင်းမွန်စွာထားကြောင်း၊ စစ်ဆေးစရာကလေးရှိ၍ ခေတ္တ သည်းခံနေရန်နှင့် မကြာခင် ပြန်လာမည့်အကြောင်းသာ ပြန်ကြားခဲ့ပါတယ်၊ တွေ့ခွင့်တော့ မပေး ခဲ့ကြဘူး။

နောက်ရက်မကြာမီမှာပဲ ဖေဖေ ပြန်ရောက်လာခဲ့တယ်၊ ကျွန်တော် က ရို့စ်ဝဲလ်ကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုမေးမေး မရခဲ့ဘူးခင်ဗျ။ သူက 'မင်း သတင်းစာဖတ်ရတယ် မဟုတ်လား၊ သတင်းစာမှာ ပါတဲ့အတိုင်းပေ့ါကွာ' လို့ပဲ ပြန်ဖြေခဲ့ပါတယ်။

နောက်ပိုင်းကျမှ ဖေဖေက မကျေနပ်တဲ့လေသံနှင့် 'ငါ့ဟာငါ ကောင်း ကောင်းနေပါလျက်နဲ့ ဒီပန်းကန်ပြားပျံကိစ္စနဲ့ ပတ်သက်ပြီး ငါ့ကို ထောင်ထဲမှာ တစ်ပတ် ပိတ်လှောင်ထားခဲ့တယ်'လို့ ပြောခဲ့ပါတယ်။

ဖေဖေက သူ့ကို ပြန်လွှတ်ခဲ့တာတောင် ကတိခံဝန်တွေထားပြီးမှ လွှတ်ခဲ့တာလို့ သိရပါတယ်၊ ဒီလိုနဲ့ ကျွန်တော်လည်း တဖြည်းဖြည်းချင်းမေးလို့သိသမျှ ဆက်စပ်တွေးတောယူရခြင်း ဖြစ်ပါတယ်၊ ပန်းကန်ပြားပျံကြီး ဖျက်ကျခဲ့တဲ့နေ့က နွားခြံအိမ်မှာ ဖေဖေနဲ့ကလေးနှစ်ယောက်ပဲ ရှိကြတယ်။ အဲဒီညက ကြောက်ခမန်း လျှပ်စစ်မုန်တိုင်းတစ်ခု ကျခဲ့တယ်လို့ သိရပါတယ်၊ ဖေဖေက သူ့တစ်သက်မှာ ဒီမုန်တိုင်းလောက် ပြင်းထန်တာ မတွေ့ခဲ့ရဘူးတဲ့၊ မိုးတစ်စက်မှမရွာဘဲ လျှပ်စီးတွေကလည်း တဝင်းဝင်း လက်နေပြီး မိုးကြိုးဆိုတာ ပစ်လိုက်တာမှ အရမ်းကိုပဲပေါ့။ မိုးကြိုးပစ်တာလည်း တစ်နေရာတည်းကိုပဲဦးတည်ပြီး ပစ်နေကြောင်း သိရသတဲ့၊ မြေပြင်အောက်တစ်နေရာရာမှာ သံတွင်းတို့၊ သတ္တုကြောတို့ရှိလို့ ဒီလောက် မိုးကြိုး ပြင်းပြင်းထန်ထန် ပစ်ချနေတာ ဖြစ်မှာပဲလို့ ဖေဖေက ထင်ခဲ့သတဲ့ဗျ။ အဲဒီနောက်မှာပဲ ပေါက်ကွဲသံကြီးကြားခဲ့ရသတဲ့၊ ဖေဖေကတော့ ဒီအသံကြီးကိုလည်း ဘာရယ်ညာရယ် မထင်ခဲ့ဘူး၊ လျှပ်စစ်မုန်တိုင်းကျရင် ကြားနေကျအသံလို့ပဲ ထင်ခဲ့သတဲ့၊ နောက်နေ့မနက်မှာ ဖေဖေဟာ မြင်းစီးပြီး စားကျက်မှာ လှန်ထားတဲ့သိုးတွေကို လျှောက်စစ်ဆေးခဲ့တယ်။

အဲဒီမှာ (၂)ဖာလုံလောက်ရှည်လျားပြီး ပေပေါင်းများစွာ ကျယ်ပြန့်တဲ့ မြေပြင်အနှံ့မှာ အစိတ်အပိုင်းအစအနတွေဆိုတာ ပြန့်ကျဲနေတာကို တွေ့ခဲ့ရတယ်ဆိုပဲ၊ သူ့စိတ်ထဲ ညက ပေါက်ကွဲသံကြီးဟာ ဆိုကိုရိုမြို့ခရီးစဉ်မှ လေယာဉ်ပျံ တစ်စင်းစင်း လျှပ်စစ်မုန်တိုင်းထိပြီး(မိုးကြိုးထိမှန်ပြီး)ပေါက်ကွဲပျက်စီးခဲ့ခြင်း ဖြစ်မှာပဲ၊ ဒါကြောင့် ယာဉ်ကြီးရဲ့ အပျက်အစီးအစအနတွေ ကျလာခဲ့တာ ဖြစ်တယ်လို့ ယူဆခဲ့သတဲ့ မစ္စတာမိုးရဲ့။

အဲဒီနောက် နှစ်ရက်လောက်ကြာမှ ယာဉ်ကြီးရဲ့အစိတ်အပိုင်းအချို့ကို အိမ်ကို သယ်လာခဲ့တာ မြင်ပါတယ်၊ အဲဒီ ညနေပိုင်းမှာ ဖေဖေဟာ သူ့ရဲ့ အနီးဆုံးခြံက မိတ်ဆွေ ဖလွိုက်ပရောတာ ***(Floyd Proctor)*** ကို ဒီကိစ္စ ဖွင့်ပြောပြခဲ့တယ်လို့ သိရပါတယ်၊ ဒါပေမယ့် ပရောက ဖေဖေ ပြောပြတဲ့ပစ္စည်းတွေကို လိုက်ကြည့်လိုတဲ့ဆန္ဒ မရှိခဲ့ဘူး၊ စိတ်လည်း မဝင်စားခဲ့ဘူး။

နောက်နေ့ညမှာပဲ သူဟာ ကိုရိုနာမြို့ကိုသွားခဲ့တယ်၊ အဲဒီမြို့မှာ ကျွန်တော့်ရဲ့ဦးလေး ဟိုလစ်ဝီလ်ဆင် ***(Hollis Willson)*** နဲ့ ဖေဖေတို့ ဒီကိစ္စကို တိုင်ပင်ခဲ့ကြပါတယ်၊ အန်ကယ်လ် ဝီလ်ဆင်နဲ့ သူ့ရဲ့မိတ်ဆွေ (အာလာမိုဂိုဒိုမြို့က)တို့က ဖေဖေ့ကို ပြောခဲ့ကြသတဲ့၊ ဒီနယ်တစ်ကြောမှာ ပန်းကန်ပြားပျံတွေ ခဏခဏ တွေ့နေရတဲ့သတင်းဖြစ်နေတယ်၊ မင်းခြံထဲ ကျလာတဲ့ဟာလည်း ပန်းကန်ပြားပျံ

ပျက်ကျတာပဲ ဖြစ်မှာပဲတဲ့၊ ဒါနဲ့ သူတို့နှစ်ဦးက ဖေဖေ့ကို သက်ဆိုင်ရာအာဏာပိုင်တွေဆီ သွားရောက် သတင်းပို့ တိုင်ကြားဖို့ တိုက်တွန်းကြသတဲ့၊ ဖေဖေကလည်း နောက်နေ့မှာ ကလေးနှစ်ယောက်ကို မေမေ့ဆီ(တူလာရိုဆိုမြို့) ကို ဝင်ပို့ခဲ့ပြီး ရှိုးစ်ဝဲလ်ကို အာကာသယာဉ်ကြီး ပျက်ကျတဲ့သတင်း သွားပို့ခဲ့ပါတယ် မစ္စတာမိုး"

"ဒါနဲ့ မစ္စတာဘရာဇဲလ်၊ ခင်ဗျား အဖေက ခင်ဗျားကို သူတွေ့ခဲ့ရတဲ့ အာကာသယာဉ်ပျက်ကြီးနဲ့ ပတ်သက်လို့ ဘယ်လို ပုံပန်းသဏ္ဌာန်ရှိကြောင်း တစ်ခါမှ မပြောပြဘူးလား"

"ဟင့်အင်း ပြောမပြခဲ့ပါဘူး၊ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင် အဲဒီ အစအနအချို့ ကောက်ရလို့ သိပြီးသား ဖြစ်နေခဲ့ပါတယ်၊ ဖေဖေ ပြခဲ့တဲ့ ယာဉ်ကြီး ပျက်ကျတဲ့နေရာကပဲ မိုးရွာပြီးစမှာ နှစ်ခါ ကောက်ရခဲ့တယ်၊ ဒီနောက် နှစ်နှစ်လောက်အကြာမှာ ထပ်ပြီး ကောက်ရခဲ့ပြန်တယ်၊ လက်ဆွဲအိတ်နဲ့ တစ်လုံး လောက်ရှိမယ်၊ ဒါတောင် စစ်ဘက်က ပိုက်စိပ်တိုက်ပြီးသားပါ မစ္စတာမိုး"

"ဒီလိုဆိုရင် မစ္စတာဘရာဇဲလ်၊ ခင်ဗျား ကောက်ရခဲ့တဲ့ အစအနတွေ အကြောင်းကိုတော့ ပြောပြနိုင်မှာပေါ့နော်"

"ဟုတ်ကဲ့ အစတွေကတော့ ပုံစံ အမျိုးမျိုးပဲ ခင်ဗျ၊ ဒီအစလေးတွေဟာ အလေးချိန် မရှိသလောက်ကိုပေါ့တယ်။ ကျွန်တော် ကောက်ရခဲ့တဲ့အထဲမှာ သစ်သားလိုပစ္စည်းလည်း ပါတယ် ခင်ဗျ၊ ဒါပေမယ့် မစ္စတာမိုးရဲ့ သစ်သား တော့ မဟုတ်ဘူးဗျ၊ သစ်သားဟာ ခင်ဗျား သိတဲ့အတိုင်းပဲ လေးတယ်မို့လား။ လက်သည်းနဲ့ခြစ်ကြည့်တော့လည်း ဘော်လ်ဆာသစ်သားလိုနေတယ်၊ ဒါပေမယ့် ချိုးလို့ဖဲ့လို့ လုံးဝ မရဘူး သိပ်ကိုမာတာပဲ၊ ဒီသစ်သားလို အရာဟာ ကွေးလို့ ညွတ်လို့ ရပေမယ့် မီးလောင် မလောင်တော့ မသိဘူး၊ ကျွန်တော် ရတဲ့ အစအနတွေဟာ သိပ်ကိုသေးငယ်တော့ မီးရှို့ မကြည့်ခဲ့ဘူး ခင်ဗျ။

ကျွန်တော် ရခဲ့တဲ့ ပစ္စည်းအစအနကလေးတွေထဲမှာ သတ္တုလိုလိုလည်း ပါတယ်၊ စီးကရက်ဘူးခွံထဲက ခဲစက္ကူပြားလို ပါးလှပ်နေတာပဲ၊ ဒါပေမယ့် ဆုတ်ဖြဲကြည့်တော့ မပြဲဘူး၊ အရောင်က ခဲပုပ်ရောင်လို ခပ်မည်းမည်းရယ်၊ အလေးချိန်လည်း သိပ်မရှိဘူး၊ သိပ်လည်း ပါးတယ်၊ လိမ်ကြည့်တော့ရတယ်၊ ပြန်လွှတ်လိုက်တဲ့အခါ နဂိုမူလအတိုင်း ပုံမပျက် ပြန်ဖြစ်သွားတာ တွေ့ရတယ်၊ ပျော့ပျော့ပေမယ့် သံပြားသွပ်ပြား သတ္တုပြားတွေလို ခေါက်ချိုးလို့ မရဘူး၊ ကွေးလို့လည်း ကွေးမသွားဘူး၊ ပလတ်စတစ်နဲ့တူတယ်၊ ဒါပေမယ့် သတ္တုတစ်မျိုးဖြစ်ပါတယ်၊ ဘာသတ္တုရယ်လို့ မသိဘူး။ ဖေဖေကတော့ ပြောခဲ့ဖူးတယ် ခင်ဗျ၊ ဒီသတ္တုနဲ့

ပတ်သက်ပြီး စစ်ဘက်အရာရှိတွေက ပြောပြကြသတဲ့။ ကမ္ဘာပေါ်မှာ မရှိတဲ့ သတ္တုရယ်လို့ သိရပါတယ်။

နောက်ပြီး ပိုးကြိုးမျှင်လိုပစ္စည်းလည်း ကျွန်တော်ရတဲ့အထဲမှာ ပါလာတယ်၊ ကြိုးစတော့ မဟုတ်ဘူး၊ အပ်ချည်ကြိုးလောက်လည်း မကြီးတတ်ဘူး။ ဒါပေမယ့် ဒီပိုးကြိုးလို ပိုးခင်လို အမျှင်ကလေးဟာ မတရားခိုင်တာ တွေ့ရတယ်၊ လက်နှစ်ဖက်နဲ့ တစ်အားဆွဲဖြတ်ကြည့်တာ မပြတ်ဘူးဗျာ၊ ပိုးမျှင်နဲ့တူပေမယ့် တကယ့်ကို ပိုးသားတော့ မဟုတ်ဘူး၊ ထူးခြားတာက သဘာဝပိုးမျှင်လို အမျှင်တွေမနေဘဲ ဝါယာကြိုး သေးသေးလေးလို တစ်ပင်တိုင်ဖြစ်နေတာ တွေ့ရတယ်၊ ဟိုတုန်းကတော့ ဒီလို ပိုးအမျှင်ကလေးကို ဝါယာကြိုးတစ်မျိုး ဖြစ်မှာပဲလို့ ယူဆခဲ့မိတယ်၊ ဒါပေမယ့် ခုသေချာတွေးကြည့်မိတော့ ဒီပစ္စည်းဟာ သဘာဝပစ္စည်း မဟုတ်ဘူး၊ ပိုးတို့လို နိုင်လွန်တို့လို ဖန်တီးထားတဲ့ပစ္စည်း ဖြစ်ကြောင်း သဘောပေါက်ခဲ့ပါတယ်"

"မစ္စတာဘရာဇဲလ် ခင်ဗျား ကောက်ခဲ့ရတဲ့ ပစ္စည်းတွေထဲမှာ မှတ်သားထားတာတို့ (အမှတ်အသားသင်္ကေတ) အရေးအသားတို့များ မပါဘူးလား၊ သိပါရစေ"

"ကျွန်တော် ရခဲ့တဲ့ အထဲမှာတော့ မပါဘူး၊ ဖေဖေကတော့ ပြောဖူးပါတယ်။ သူတွေ့ခဲ့တဲ့ အာကာသယာဉ်ကြီးရဲ့အစိတ်အပိုင်း အစအနတွေပေါ်မှာ ရုပ်ပုံတွေလိုလို အရေးအသား သင်္ကေတတွေကို တွေ့ခဲ့ရသတဲ့၊ သူ့ယူဆချက်ကတော့ ကျွန်တော်တို့ ပြည်နယ်တစ်ပိုက်မှာ ကျောက်ခေတ် အင်ဒီယန်တို့ရဲ့ ကျောက်ဂူကြီးတွေထဲက ကျောက်ဆောင်တွေပေါ်မှာ ထွင်းထုရေးဆွဲထားတဲ့ အရုပ်စာနဲ့တူတယ်လို့ သိရပါတယ်"

"ဒါနဲ့ မစ္စတာဘရာဇဲလ်၊ ခင်ဗျား ကောက်ရတဲ့ပစ္စည်းလေးတွေ ခုတိုင်ရှိပါသေးသလား"

"ဝမ်းနည်းပါတယ် မစ္စတာမိုး၊ ကျွန်တော့်ဆီမှာ မရှိတော့ပါဘူး၊ အဖြစ်ကတော့ ပြောရရင် အရှည်အဝေးပေါ့ဗျာ၊ ဒါပေမယ့် လိုရင်းပဲပြောကြပါစို့၊

နွားခြံမှာ ဒီကိစ္စ ဖြစ်ပွားပြီး နှစ်နှစ်လောက်အကြာ တစ်ညမှာ ကိုရှိနာမြို့မှာ သူငယ်ချင်း တစ်ယောက်ကို ကောက်ရထားတဲ့ပစ္စည်းကလေးတွေ အကြောင်း ပြောခဲ့မိပါတယ်၊ ဒီလူကိုတော့ မမှတ်မိတော့ဘူး၊ နောက်နေ့မှာပဲ စစ်ကားတစ်စီး ကျွန်တော်ရှိရာ နွားခြံကို လိုက်လာခဲ့တယ်၊ ကားထဲမှာ ဗိုလ်ကြီးတစ်ယောက်နဲ့ စစ်မှုထမ်းသုံးဦး ပါလာခဲ့ကြတယ်၊ အဲဒီ ဗိုလ်ကြီးဟာ

အမ်စတောင်း *(Armstrong)* ဖြစ်ဟန်တူတယ်၊ ဗိုလ်ကြီးအမ်စတောင်းက ကျွန်တော့်ဆီက ပစ္စည်းလေးတွေကို ပြခိုင်းပြီး ဒါတွေဟာ တိုင်းပြည်ရဲ့ လုံခြုံရေးအတွက် အရေးကြီးကြောင်း ပြောပြခဲ့ပါတယ်၊ ၎င်းပစ္စည်းတွေကို သူ့ကိုအပ်ဖို့နဲ့ ပစ္စည်းကောက်ရတဲ့နေရာကိုပါ လိုက်ပြခိုင်းသေးတယ် ခင်ဗျာ၊ ကျွန်တော်လည်း လိုက်ပြခဲ့ပါတယ်၊ ဒီပစ္စည်းတွေထဲက ပိုးချည်မျှင်လိုပစ္စည်းကို သိပ်စိတ်ဝင်စားတာ တွေ့ရပါတယ်၊ ဗိုလ်ကြီးအမ်စတောင်းက ကျွန်တော့်ဆီမှာ နောက်ထပ်ပစ္စည်း ကျန်မကျန်လည်း မေးပါတယ်၊ ပြီးတော့ တခြား မည်သူ့ထံမှာ ရှိ မရှိကိုလည်း မေးပါသေးတယ်။

ကျွန်တော်ကလည်း မရှိကြောင်း ဖြေကြားတော့ သူက နောင် ဒီပစ္စည်းမျိုး ထပ်တွေ့ခဲ့ပါလျှင် ရိုးစ်ဝဲလ်မြို့ သူ့ထံ ချက်ချင်း အကြောင်းကြားရန် မှာခဲ့ပြီး ပြန်သွားခဲ့ပါတယ်၊ ဒီနောက်တော့ ကျွန်တော်လည်း အဲဒီပစ္စည်းမျိုးတွေ မတွေ့ခဲ့တော့ပါဘူး မစ္စတာမိုး"

"ခင်ဗျားတို့ရွာခြမှာ ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့စဉ်က သက်ရှိသတ္တဝါတွေ ပါ မပါ ဆိုတဲ့အကြောင်းကို ခင်ဗျားအဖေ ပြောသံဆိုသံများ ကြားခဲ့မိပါသလား မစ္စတာဘရာဇဲလ်"

"ဟင့်အင်း၊ တစ်ခါမှ မပြောခဲ့ဖူးပါဘူး၊ မစ္စတာမိုးရဲ့မေးခွန်းက ဆန်းလှချည်လားဗျာ၊ ခင်ဗျား မေးလို့ ကျွန်တော့်မိတ်ဆွေတစ်ဦး ပြောခဲ့ဖူးတဲ့ အကြောင်းကလေး သတိရမိတယ်။

ကျွန်တော် အလာစကာမြို့မှာ လုပ်ငန်းတစ်ခု လုပ်ကိုင်နေခဲ့စဉ်က ဖြစ်ပါတယ်၊ လုပ်ဖော်ကိုင်ဖက်တစ်ဦးနဲ့ စကားစပ်မိရင်း ပန်းကန်ပြားပျံပျက်ကြီးတစ်စင်းထဲက သတ္တဝါတွေကို တွေ့ခဲ့တဲ့အကြောင်း သိရပါတယ်၊ ကျွန်တော့်ရဲ့အဖေရွာခြကြီးထဲ ပျက်ကျခဲ့တဲ့ ပန်းကန်ပြားပျံအကြောင်း သူ့ကိုပြောပြမိရာက အဲဒီမိတ်ဆွေက အဲဒီကိစ္စကို ပိုမသိချင်ဘူးလားလို့ ပြန်မေးခဲ့ပါတယ်။

သူက ကျွန်တော်တို့ ရွာခြထဲ ပျက်ကျခဲ့တဲ့ ပန်းကန်ပြားပျံကြီးရဲ့ ကျန်တဲ့ အစိတ်အပိုင်းကြီးဟာ သဲကန္တာရတစ်နေရာမှာ ကျခဲ့တာကို သူနဲ့ သူ့ရဲ့အပေါင်းအသင်း နှစ်ဦးတို့ တွေ့ခဲ့ကြတယ်လို့ ဆိုပါတယ်၊ သူတို့ဟာ ပန်းကန်ပြားပျံကြီးထဲ ဝင်ကြည့်ခဲ့ရာမှ သတ္တဝါနှစ်ယောက် (ဂြိုဟ်သား)ကို အသက်ရှင်လျက် တွေ့ခဲ့ရသတဲ့။

သတ္တဝါနှစ်ဦးရဲ့ အရပ်အမောင်းဟာ သုံးပေခွဲဆိုလား လေးပေဆိုလားသာ ရှိသတဲ့၊ သူတို့ တွေ့စဉ်တုန်းက အသက်ရှင်လျက် ရှိနေကြသတဲ့၊ အဲဒီ

ဂြိုဟ်သားနှစ်ဦးရဲ့လည်ပင်းတွေမှာ အသက်ရှူပိုက်က မာတ်ငွေ့မီး လောင်ခဲ့ခြင်းကြောင့် ဒဏ်ရာတွေနဲ့တဲ့၊ ဒါကြောင့် သူတို့ဟာ စကားမပြောနိုင်ခဲ့ကြဘူးလို့ သိရပါတယ်။ သူက ဆက်ပြောပြခဲ့တာကတော့ ဒီဂြိုဟ်သားနှစ်ဦးကို သက်ဆိုင်ရာက ကာလီဖိုးနီးယားကို ခေါ်သွားခဲ့ကြပြီး အောက်စီဂျင် ပေးထားခဲ့ကြသတဲ့။

ဒါပေမယ့် သူတို့အကြောင်း မေးမြန်းစုံစမ်း မကြည့်ရသေးခင်မှာဘဲ ဒီဂြိုဟ်သားနှစ်ဦးဟာ သေဆုံးခဲ့ကြတယ်လို့ ပြောပြခဲ့ပါတယ်၊ ကျွန်တော့်ကို ပြောပြခဲ့တဲ့ မိတ်ဆွေရဲ့နာမည်က လန်မီ ***(Lamme)*** တဲ့၊ သူက ကျွန်သူ့အပေါင်းအသင်း နှစ်ဦးရဲ့အမည်ကိုတော့ ပြောပြခဲ့ပေမယ့် မမှတ်မိတော့ဘူး ခင်ဗျ၊ ဒီအကြောင်း သိရတော့ ကျွန်တော်မြင့် အံ့ဩလို့မဆုံး ဖြစ်ခဲ့ရပါတယ် မစ္စတာမိုး"

ဤရှိုစ်ဝဲလ်မြို့အနီး မစ္စတာဘရာဇဲလ်(စီနီယာ)၏နွားခြံထဲသို့ ပျက်ကျခဲ့သော အာကာသယာဉ်ကြီးပေါ် စီနင်းလိုက်ပါလာခဲ့ကြသည့် ဂြိုဟ်သားများ (သေးငယ်သောလူကလေးများ)အကြောင်းနှင့် စပ်လျဉ်း၍ သတင်းစာဆရာတို့ အဖို့ ဘာတစ်ခုမှ မမေးမြန်းလိုက်ရချေ။ အကြောင်းမှာ ဘရာဇဲလ်သည် ၁၉၆၃ ခုနှစ်က ကွယ်လွန်ခဲ့သောကြောင့် ဖြစ်၏။ အမှန်စင်စစ် ၎င်း၏နွားခြံတွင် ပျက်ကျခဲ့သော ပန်းကန်ပြားပျံကြီးထဲ၌ ဂြိုဟ်သားများ ပါ မပါ ဆိုသည်ကို သတင်းစာဆရာတို့ မေးလိုကြခြင်း ဖြစ်ပါသည်။

မစ္စတာမက်ဘရာဇဲလ်(စီနီယာ)နှင့် အနီးဆုံး နွားခြံတွင် နေထိုင်သူမှာ ဖလွိုက်ပရော့တာ ဖြစ်၏။ သူတို့ခြံနှစ်ခြံ အကွာအဝေးမှာ(၇)မိုင်ခွဲ သို့မဟုတ် (၈) မိုင်ခန့် ရှိလေသည်။ စာရေးဆရာ ဗီလျံမိုးသည် ၁၉၇၉ ခုနှစ် ဇွန်လအတွင်းက မစ္စတာဖလွိုက်နှင့် သွားရောက်တွေ့ဆုံကာ သိလိုသောမေးခွန်းများကို မေးမြန်းခဲ့၏။

"မစ္စတာဖလွိုက်ကို နည်းနည်းလောက် မေးပါရစေ။ ပန်းကန်ပြားပျံကြီး ပျက်ကျစဉ်တုန်းက လာရောက်ကြည့်ရှုဖို့ ဘရာဇဲလ်က ခေါ်တယ်လို့ သိရပါတယ်၊ ဒီတုန်းက မစ္စတာဘရာဇဲလ်က ဘာများ ထူးထူးဆန်းဆန်း အကြောင်းအရာ ပြောခဲ့ မပြောခဲ့ သိပါရစေ"

"ကျုပ်သူငယ်ချင်းကတော့ အင်မတန်ကိုနှုတ်ဖွာတဲ့လူခင်ဗျ။ ပြောစရာစကားရရင် ဆိတ် ဝါးစေ့ဝါးသလို တတွတ်တွတ် ပြောတတ်သဗျ၊ သူတွေ့ရှိထားတဲ့ ပစ္စည်းတွေဟာ အတော်ကို ထူးဆန်းသတဲ့၊ ဒီအာကာသယာဉ်ကြီး ဘယ်လိုပုံပန်းနေမှန်းတော့ မသိဘူးတဲ့၊ ယာဉ်ကြီးထဲမှာ ရေးထားတဲ့ ဒီဇိုင်းတွေဟာ တရုတ်နဲ့ဂျပန်ဒီဇိုင်းလို့ ထင်ရကြောင်း ပြောပြခဲ့တယ်၊ သူ့ပြောပြချက်အရ သူ

တွေ့ရတဲ့ဒီပိုင်းတွေဟာ တရုတ်ဖျောက်အိုးထုပ်ပတ်တဲ့ စက္ကူပေါ် ရေးဆွဲထားတဲ့ ပက်စတာယ်ပန်းချီဆေးရေးနဲ့တူပြီး၊ ကျုပ်တို့ စာအရေးအသားနဲ့ မတူဘူးလို့ သိရပါတယ်"

စာရေးဆရာ ဝီလျံမိုးက ဖလ္လိုက်အား အချင်းဖြစ်စဉ်က ဘရာဇဲလ်နွားခြံသို့ စစ်ဘက်မှ လူပေါင်း မည်မျှ လာရောက်ပြီး ပစ္စည်းများကို သိမ်းဆည်းသွားခဲ့ကြောင်း မေးကြည့်ခဲ့ပါသည်။ သို့ရာတွင် မစ္စတာဖလ္လိုက်က မိမိ မသိကြောင်း ပြန်လည် ဖြေကြားခဲ့၏။ ၎င်းက အာကာသယာဉ်ကြီး ပျက်ကျခဲ့သည့် ဒေသအကျယ်အဝန်းမှာ ဘရာဇဲလ်၏အိမ်ရာဟောင်း (ဘရာဇဲလ်၏အိမ်မှာ ဖြိုဖျက်ခဲ့ပြီး ယခုအခါ သိုးစားကျက် ဖြစ်နေလေပြီ)မှ (၇)မိုင်ခွဲ(၈)မိုင်ခန့်ရှိသည်ဟု ဆိုပါသည်။ ယခုအခါ မူလဘရာဇဲလ် ပိုင်ဆိုင်ခဲ့သောနွားခြံနှင့်မြေတို့မှာ ရှာဗက်စ်အမည်ရှိ မိသားစုတစ်စုက ဝယ်ယူလိုက်ကြောင်း သိရ၏။

ကွယ်လွန်သူ မက်ဘရာဇဲလ်၏ နွားခြံထဲ ပျက်ကျခဲ့သော အရာဝတ္ထုကြီး၏ အစိတ်အပိုင်း သတ္တုပြားပေါ်၌ ၎င်းကိုယ်တိုင် တွေ့ရှိလိုက်ရသော အရေးအသားစာများအကြောင်း ကျွန်ုပ်တို့ စဉ်းစားကြည့်ရန်လိုပေသည်။ အကယ်၍ ယင်းစာများ ပါရှိသော သတ္တုပြားများသာ ယူဖိုး (ယူအက်ဖ်အို)ကြီး တစ်စင်း၏ အစိတ်အပိုင်းများ ဖြစ်လာခဲ့ပါလျှင် ယင်းအကွာရာသည် လူသားတို့ ပထမဦးစွာ တွေ့ရှိရသော အနန္တစကြဝဠာဂြိုဟ်သားတို့၏ စာပေအရေးအသားပင် ဖြစ်ပေတော့သည်။ ယင်းအရေးအသားကို မက်ဘရာဇဲလ် တွေ့ရှိခဲ့ရကြောင်း အတည်ပြုနိုင်ရန် ၎င်း၏သမီး ဘက်ဆီဘရာဇဲလ်ရှာကရစ်ဘာ ***(Bessie Brazzel Schr - eiber)*** နှင့် ၁၉၇၉ ခုနှစ် ဇွန်လအတွင်းက စာရေးဆရာဝီလျံမိုး သွားရောက်တွေ့ဆုံမေးမြန်းခဲ့၏။

ရိုစ်ဝဲလ်ကိစ္စ ပေါ်ပေါက်စဉ်အချိန်က ဘက်ဆီမှာ အသက်(၁၂)နှစ်အရွယ်သာ ရှိသေး၏။ သို့ရာတွင် သူမ၏ဖခင် နွားခြံ၌ပျက်ကျခဲ့သော ထူးဆန်းသည့် အရာဝတ္ထုကြီးနှင့် ပတ်သက်၍ ကောင်းစွာသိရှိမှတ်မိနေပေသည်။ သူမက ကောင်းကင်မှ ကျလာခဲ့သော ထူးဆန်းသည့် ပစ္စည်းအစအနများမှာ ၎င်းတို့ပိုင် သိုးစားကျက်အတွင်း နေရာအနှံ့အပြားမှ ကောက်ယူရရှိခဲ့ခြင်းဖြစ်သည်ဟု ပြောပြခဲ့၏။ ယင်းအစအနများအနက် ဖယောင်းစက္ကူအထူစားမျိုးနှင့် အလူမီနီယံသတ္တုပြား ပါးပါးလှပ်လှပ် ကလေးများလည်း ပါဝင်သည်ဟု သိရ၏။ အချို့အစိတ်အပိုင်း ပစ္စည်းများပေါ်၌ ကိန်းဂဏန်းများနှင့်တူသော သင်္ကေတများနှင့် အကွာရာများမှာ ကျွန်ုပ်တို့ ဖတ်ရှု၍မရသောအရာများဟု သိရလေသည်။ အချို့

သတ္တုပြား ပါးပါးလေးများပေါ်၌ တိပ်ကဲ့သို့ လကြေးပြား ပါးပါးကလေးတစ်မျိုး ကပ်ထားသည်ကို တွေ့ခဲ့ရသည်ဟု ဘက်ဆီက ပြောပြခဲ့၏။ ၎င်းတိပ်နှင့်တူသော အရာကို အလင်းရောင်၌ သေချာကြည့်ရှုသည့်အခါ ပက်စတယ်လ်ခေါ် ပန်းရိုး ဆေးတောင့်ဖြင့် ရေးဆွဲထားသော ပန်းပွင့်သဏ္ဌာန်လိုလို ဒီဇိုင်းပုံများလိုလို တွေ့ရကြောင်း၊ ယင်း အစအနများမှာ တိပ်နှင့်တူသော်လည်း သတ္တုပြားပေါ်မှ မည်သို့မျှ ဆွဲခွာကြည့်၍ မရကြောင်း၊ ၎င်းအရာဝတ္ထုများမှာ အလွန်ပေါ့ပါး ကြောင်း တွေ့ရှိရသည်ဟု ဘက်ဆီဘရာဇဲလ်က ပြောပြ၍ သိရှိရ၏။

စာရေးဆရာဝီလျံမိုးက ဘက်ဆီဘရာဇဲလ်အား အာကာသယာဉ်ပျက် ကြီးနှင့် ပတ်သက်၍ မေးခွန်းအချို့ကို မေးမြန်းခဲ့ပါသည်။ ယင်းတို့အနက် အနန္တစကြဝဠာ ဂြိုဟ်သားတို့၏ စာပေအက္ခရာနှင့်ပတ်သက်၍ ဤသို့ မေး မြန်းခဲ့၏။

"ဒါနဲ့ ဘက်ဆီကို သိချင်တာလေး တစ်ခု မေးပါရစေ၊ ခင်ဗျား ငယ်ငယ် တုန်းကပေါ့ဗျာ၊ ခင်ဗျားတို့ နွားခြံထဲ ပျက်ကျခဲ့တဲ့ အာကာသယာဉ်ကြီးရဲ့ အစိတ် အပိုင်းတွေပေါ်မှာ တွေ့ခဲ့ရတယ်ဆိုတဲ့ အက္ခရာတွေ၊ သင်္ကေတတွေဟာ ဘယ်လို ပုံသဏ္ဌာန်နဲ့ တူပါသလဲ၊ သိပါရစေ ခင်ဗျာ"

"ဟုတ်ကဲ့ရှင့်၊ အထူးသဖြင့်တော့ ကိန်းဂဏန်းတွေနဲ့တူပါတယ်၊ ကျွန်မ ယူဆချက်ကတော့ ဒါတွေဟာ အမှတ်အသား သင်္ချာကိန်းဂဏန်း သင်္ကေတ တွေလို့ပဲ ထင်မိတာပဲ မစ္စတာမိုးရဲ့"

"ကျွန်မတို့ အပေါင်းသင်္ချာပုစ္ဆာ တွက်ကြတဲ့အခါမှာ အထက်က အောက်ကို ဒေါင်လိုက်ဂဏန်းတွေကို ရေးသားကြသလို ရေးသားထားတာ ဖြစ်ပါတယ်၊ ဒါပေမယ့် မစ္စတာမိုးရဲ့၊ ကျွန်မတို့ရေးကြတဲ့ ကိန်းဂဏန်းတွေနဲ့တော့ ဘယ်လိုမှ မတူပါဘူး။ ခု ကျွန်မ အစီရင်ခံခဲ့တာဟာ နားရှင်းအောင် သရုပ်သကန်ပေါ် အောင် ပြောပြရတာပါ။ ကျွန်မ ယူဆတာကတော့ ကိန်းဂဏန်းတွေ အစီအစဉ် အလိုက် ရေးမှတ်ထားတယ်လို့ ထင်မိခြင်း ဖြစ်ပါတယ်"

"ဒါနဲ့ ဟိုတုန်းက ဘက်ဆီတို့ခြံထဲကရခဲ့တဲ့ ပစ္စည်းအစအန အစိတ်အပိုင်း တွေဟာ မိုးလေဝသ မိုးပျံဘောလုံးတစ်လုံးများ ဖြစ်နေမလားလို့ သိပါရစေ ခင်ဗျာ"

"ရှင်ပြောတဲ့ မိုးလေဝသဘောလုံး ဟုတ်ကို မဟုတ်ဘူးရှင်ရဲ့၊ မိုးလေဝသ မိုးပျံဘောလုံးတွေကို ဒီနယ်တစ်ကြောမှာ အများကြီး တွေ့ခဲ့ဖူးသပေါ့ရှင်၊ မိုးပေါ် မှာ ပျံသွားနေတာ မြေပြင်ပေါ်ကျလာလို့ ကိုယ်တိုင် မြင်ခဲ့ ကိုင်တွယ်ကြည့်ခဲ့

ဖူးပါတယ်၊ တစ်ခါတုန်းက ဂျပန်ပုံစံ မိုးပျံဘောလုံးကြီးနှစ်လုံးဟာ ကျွန်မတို့ ဒေသမှာ ကျလာခဲ့ပါတယ်၊ အဲဒီ မိုးလေဝသဘောလုံးတွေဟာ ရာဘာနဲ့ ပြုလုပ်ထားပြီး တိုင်းတာတဲ့ စက်ကိရိယာပစ္စည်းတွေကိုတော့ အိတ်နဲ့ထည့်ထားပါတယ်။

**ဖေဖေ့ဆီက စစ်ဘက်အရာရှိတွေ သိမ်းသွားခဲ့ကြတဲ့ပစ္စည်းတွေဟာ ဒီမိုးပျံဘောလုံးနဲ့** ဘာမှ မဆိုင်ပါဘူး။ တခြားစီပဲရှင့်၊ အဲဒီ အာကာသယာဉ်ပျက်ကြီးက အစအနပစ္စည်းတွေဟာ ကျွန်မတို့ တစ်သက်မှာ တစ်ခါပဲ တွေ့ခဲ့ဖူးတာ ဖြစ်ပါတယ်၊ ဒါမျိုးကို နောင်ဘယ်တော့မှ တွေ့ရတော့မယ်လို့လဲ မထင်မိဘူး မစ္စတာမိုးရဲ့၊ အဲဒီကိစ္စ ဖြစ်ပွားပြီးစက စစ်ဘက်က ကျွန်မတို့ဒေသတစ်ဝိုက်မှာ ပိုက်စိပ်တိုက်ပြီး ရှာဖွေသွားခဲ့ကြပါတယ်။ ဒီနောက်ပိုင်းမှာ ပစ္စည်းအစအနကလေး တစ်မှုန်တောင် မတွေ့ရတော့ဘူး။ နွားခြံမှာ နှစ်အတော်ကြာ နောက်ထပ်နေခဲ့ကြသေးတယ်"

စာရေးသူတို့လည်း ဤရှိုးစ်ဝဲလ်ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့် ကိစ္စနောက်သို့ ခြေရာခံလိုက်ကြရာ နွားခြံပိုင်ရှင်ကြီး ကွယ်လွန်သူ မစ္စတာ ဘရာဇဲလ်နှင့် ပတ်သက်သည့် နောက်ဆုံး သဲလွန်စ တစ်ခုကို ရရှိခဲ့ပါသည်။ မစ္စတာ ဘရာဇဲလ် မကွယ်လွန်မီက နယူးမက္ကဆီကိုပြည်နယ်၊ ရှိုးစ်ဝဲလ်မြို့ ကေဂျီအက်ဖ်အယ်လ် ***(KGFL)*** အသံလွှင့်ဌာနမှ ၎င်းနှင့်တွေ့ဆုံပြီး ရှိုးစ်ဝဲလ်ကိစ္စကို မေးမြန်းအသံသွင်းယူထားခဲ့ကြောင်းပင် ဖြစ်၏။

ထိုစဉ်က မစ္စတာဘရာဇဲလ် နွားခြံတွင် ပျက်ကျခဲ့သော ပန်းကန်ပြားပျံအကြောင်း ပြောပြချက်များကို ဝိုင်ယာရီကော်ဒါဖြင့် အသံသွင်းယူသောပုဂ္ဂိုလ်မှာ ဒဗလျူအီးဝှစ်မိုး ဖြစ်၏။ မစ္စတာဝှစ်မိုး၏ရည်ရွယ်ချက်မှာ ဘရာဇဲလ်ထံမှ သတင်းကို လျှို့ဝှက်သတင်းထူး သတင်းဦးအဖြစ် မျူကျူရယ်လ်ဝိုင်ယာ***(Mutual Wire)*** ခေါ် ဖက်စပ်အသံလွှင့်လုပ်ငန်းအတွက် အသုံးပြုရန် ဖြစ်၏။

သို့ရာတွင် မူလ အစီအစဉ်ရှိခဲ့သူ မစ္စတာဝှစ်မိုး (စီနီယာ)မှာ ကွယ်လွန်ခဲ့လေသည်။ သူ၏သားဖြစ်သူ ဝေါ့လ်ဝှစ်မိုး ဂျူနီယာ ***(Walt Whitmore Jr.)*** က အချင်းဖြစ်ပွားပြီးစ မိမိတို့အိမ်၌ မစ္စတာဘရာဇဲလ် ခေတ္တ လာရောက်ပုန်းရှောင်နေခဲ့သည်ကို မှတ်မိသည်ဟု ပြောပြခဲ့ပါသည်။ ထိုကဲ့သို့ ပုန်းရှောင်နေခြင်းမှာ ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့်ကိစ္စနှင့်ပတ်သက်၍ သတင်းထောက်များ၊ စာရေးဆရာများမှာ သူ၏နောက် တသီတတန်းကြီး လိုက်လံမေးမြန်းနေခဲ့သောကြောင့် ၎င်းတို့ဘေးမှ ကင်းစေရန် ဖြစ်လေသည်။

မစ္စတာဝှစ်မိုး(ဂျူနီယာ)၏ ပြောပြချက်အရ သိရှိရသည်မှာ ထိုစဉ်က

မစ္စတာဘာရာဇဲလ်အား စစ်ဘက်မှ ညွှန်ကြားချက်အရ ၎င်းတို့အိမ်၌ လာရောက်ခိုအောင်းနေခဲ့ခြင်း ဖြစ်သည်ဟု ဆို၏။ ထို့နောက် ဘာရာဇဲလ်မှာ ၎င်းနွားခြံသို့ ပြန်သွားခဲ့ပြီး မကြာမီပင် ရှိုစ်ဝဲလ်လေတပ်မတော်မှ သတင်းမပေါက်ကြားရန် ခေတ္တ ထိန်းသိမ်းထားခဲ့ကြောင်း ကြားသိခဲ့ရသည်ဟု ပြောပြခဲ့လေသည်။

မစ္စတာဝှစ်မိုး(စီနီယာ)မကွယ်လွန်မီအချိန်က ပန်းကန်ပြားပျံနှင့် ပတ်သက်၍ ဘာရာဇဲလ်နှင့် ဆွေးနွေးခန်းအစီအစဉ် အသံသွင်းကြိုးခွေကို အသံလွှင့်ရန် စီစဉ်ခဲ့ဖူး၏။ သို့ရာတွင် ၎င်း၏အကြံစည်ကို အခြေအနေအရ လက်လွှတ်ခဲ့ရလေသည်။ အကြောင်းမှာ မစ္စတာဝှစ်မိုးသည် သွင်းယူထားခဲ့သော အသံသွင်းကြိုးခွေကို မိမိ ကေဂျီအက်ဖ်အယ်လ် အသံလွှင့်အစီအစဉ်မှ အသံလွှင့်ခဲ့၏။ သို့ရာတွင် ပဏာမအချိန် နိဒါန်းကို အသံလွှင့် ပြောကြားနေဆဲ၌ အဝေးပြောတယ်လီဖုန်းမှ ၎င်းအား ခေါ်ခဲ့ပြီး ယင်းအသံလွှင့်အစီအစဉ်ကို ချက်ချင်း ရပ်ဆိုင်းရန် အမိန့်ပေးခြင်း ခံခဲ့ရလေသည်။ အဆိုပါ ဖုန်းဖြင့် အမိန့်ပေးခဲ့သူမှာ ဝါရှင်တန်မြို့မှ စလိုဝီ *(Slowie)* ဆိုသူ ဖြစ်၏။ ၎င်းမှာ ပြည်နယ်ပို့ဆောင်ဆက်သွယ်ရေးကော်မိုရှင်၏ အတွင်းရေးမှူး ဖြစ်သည် ဟူ၍ သိရှိရ၏။ ၎င်းက မိမိ အမိန့်ကို မလိုက်နာပါက အမျိုးသားလုံခြုံရေးဥပဒေအရ မစ္စတာမိုး၏ အသံလွှင့်လုပ်ငန်းလိုင်စင်ဖြစ်သည့် အက်ဖ်စီစီ *(FCC)* ခေါ် ဖက်ဒရယ်ဆက်သွယ်ရေးနှင့် အသံလွှင့်ကော်မရှင်လိုင်စင်ကို ပိတ်ပစ်မည်ဟု ခြိမ်းခြောက်ထားမြစ်ခဲ့လေသည်။

၎င်းနောက် မစ္စတာဝှစ်မိုး(ဂျူနီယာ)လည်း ဘာရာဇဲလ်တိပ်ခွေကို တစ်နည်းနည်းဖြင့် အသုံးချရန် ကြိုးပမ်းခဲ့သေးသည်။ သို့ရာတွင် ယခုအကြိမ်၌ ၎င်းအား ဝါရှင်တန်အမတ်တစ်ဦးထံမှ ဖုန်းဖြင့် သတိပေး တားမြစ်ခြင်း ခံခဲ့ရပြန်လေသည်။ ၎င်းအမတ်မှာ နယူးမက္ကဆီကိုပြည်နယ် အမတ်ရှာဗက် *(Chavez)* ဖြစ်၏။ ထိုသူမှာ အမတ်တစ်ယောက်ဖြစ်ရုံမက အလွန် သြဇာတိက္ကမရှိသူ ပုဂ္ဂလိကစီးပွားရေး ကော်မတီ၏ ဥက္ကဋ္ဌ ချယ်ယာမင်းလည်း ဖြစ်လေသည်။ ၎င်းက ဝှစ်မိုး (စီနီယာ) အား စလိုဝီ ညွှန်ကြားသည့်အတိုင်း လိုက်နာရန် အကြံပေးခဲ့၏။ မစ္စတာဝှစ်မိုးမှာ ဤအကြိမ်၌ မိမိ ထမင်းအိုး အကွဲမခံနိုင်သဖြင့် ရှာဗက် အကြံပေးသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာခဲ့လေတော့သည်။

ကွယ်လွန်သူ ကေဂျီအက်ဖ်အယ်လ် ပုဂ္ဂလိကအသံလွှင့်ရုံပိုင်ရှင် မစ္စတာဝှစ်မိုး၏သား ဝှစ်မိုး(ဂျူနီယာ)က ၎င်းသိရှိသမျှ အချင်းဖြစ်ပွားခဲ့စဉ် အကြောင်းများကို ဆက်လက် ပြောပြခဲ့၏။ ၎င်းသည် အာကာသယာဉ်ကြီး ပျက်ကျခဲ့စဉ်က နွားခြံသို့ သွားရောက် မကြည့်ခဲ့သဖြင့် မတွေ့လိုက်ရကြောင်း။ သို့ရာတွင်

ယာဥ်ကြီး၏ အစိတ်အပိုင်း အစအနအချို့ကို နွားခြံပိုင်ရှင်ကြီး ကွယ်လွန်ခဲ့သူ မစ္စတာဘရာဇဲလ် ရှိုစ်ဝဲလ်မြို့သို့ ယူဆောင်လာခဲ့စဉ်က တွေ့လိုက်ရကြောင်း ၎င်းပစ္စည်းတို့အနက် အလွန်ပါးလှပ်သည့် သတ္တုပြားကလေးများ ပါဝင်ခဲ့သည် ဆို၏။ ၎င်းသတ္တုပြားကလေးများမှာ စီးကရက်ဘူးခွံထဲက ခဲမဖြူပြားကဲ့သို့ ပေါ့ လွှာသော်လည်း အလွန်တရာ မာကျောသည်ကို တွေ့ရကြောင်း၊ ၎င်းမြင် သစ်သားနှင့်တူသောအရာများလည်း ဘရာဇဲလ် ယူလာသည့် ပစ္စည်းထဲ၌ပါလာ ခဲ့၏။ယင်းသစ်သားကဲ့သို့ ယက်မပြားကလေးများပေါ်၌ ကိန်းဂဏန်းနှင့်တူသော အရေးအသားများကို တွေ့ရှိလိုက်ရကြောင်းကို မစ္စတာဝှစ်မိုးဂျူနီယာက ပြော ပြခဲ့လေသည်။

၎င်းနောက် မစ္စတာဝှစ်မိုး ဂျူနီယာက ဆက်လက် ပြောပြခဲ့သည်မှာ ထိုနေ့က ၎င်း၏ဖခင်မှာ နွားခြံပိုင်ရှင်ကြီး ယူလာခဲ့သောပစ္စည်းများကို တွေ့မြင် ခဲ့ရပြီး မစ္စတာဘရာဇဲလ် နွားခြံသို့ အပြန်တွင် ၎င်းသည် မြို့ကားတစ်စီးဖြင့် လိုက်သွားခဲ့သည်ဟုဆို၏။ သို့ရာတွင် မစ္စတာဝှစ်မိုး (ဂျူနီယာ) မှာ အချင်းဖြစ် ဒေသသို့ မဝင်ရန် သက်ဆိုင်ရာ စစ်ဘက်အရာရှိတို့က တားမြစ်သဖြင့် ပြန်လာခဲ့ ရလေသည်။ အခြားမြို့မှ သွားရောက် ကြည့်လိုကြသောသူတို့ကိုလည်း စစ်တပ်မှ မောင်းထုတ်ခံခဲ့ရ၏။ မစ္စတာဘရာဇဲလ်၏နွားခြံဒေသမှာ ထိုစဉ်က ထိပ်တန်းလျှို့ ဝှက်စီမံချက်အရ ဖြတ်သန်းသွားလာခွင့် မပြုသည့်နေရာ ဖြစ်ခဲ့သည်ဟု မစ္စတာ ဝှစ်မိုး(ဂျူနီယာ)က ပြောပြရှာ၏။

ရှိုစ်ဝဲလ်မြို့ ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့်ကိစ္စ ဖြစ်ပွားပြီး ရက် အတန် ကြာညောင်းသောအခါ ဘရာဇဲလ်နေထိုင်ရာ နွားခြံ(ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့်နွားစားကျက်) သို့ မစ္စတာဝှစ်မိုး (ဂျူနီယာ) သည် အရဲစွန့်၍ သွားရောက်ခဲ့လေသည်။ အချင်းဖြစ်ပွားရာ နေရာ၌ မြက်များမှာ အမြစ်ပါ လန်၍ ယပ်တောင်ပုံသဏ္ဌာန် ဖြစ်နေသည်ကို တွေ့မြင်ခဲ့ရ၏။ ၎င်းမြင် ကိုက် (၁၇၅)မှ (၂၀၀)ထိ ရှည်လျားသော အစင်းကြောင်းကြီးများ စွပ်ကြောင်းကြီး သဖွယ် အထင်းသား တွေ့ရှိရသည်ဟု ပြောပြလေသည်။ ထိုစဉ်က ဘရာဇဲလ်၏ နွားစားကျက်မှာ သက်ဆိုင်ရာမှ မြေလှန်၍ ရှာဖွေခဲ့ကြသည်ဟု ဆိုပါသည်။

ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့် နွားစားကျက် တစ်လျှောက်ကို ရှိုစ်ဝဲလ်လေတပ်မတော်မှ နှစ်ရက်တိုင်တိုင် ပိုက်စိပ်တိုက်၍ ရှာဖွေခဲ့ကြသည်ဟု သိရ၏။ မစ္စတာဝှစ်မိုး ကြားခဲ့ရသည်မှာ ရှိုစ်ဝဲလ်လေတပ်မတော်မှ သိမ်းယူ သွားခဲ့သော ပန်းကန်ပြားပျံကြီးမှ အစအနပစ္စည်းများကို ဒိုဟိုင်းယိုပြည်နယ်၊

ဝရိုက်ပက်တာဆင် လေတပ်မတော်ဌာနချုပ်မှ ယူဆောင်သွားခဲ့သည် ဟူ၍ ဖြစ်ပါသည်။ ထိုစဉ်က ယင်းပျက်ကျခဲ့သောအရာကြီးကို ပန်းကန်ပြားပျံကြီး ဖြစ်ကြောင်း လူအများ မသိခဲ့ကြကြောင်း ဝှစ်မိုးဂျူနီယာက ပြောပြခဲ့၏။

ၝင်းက ဆက်လက် ပြောပြခဲ့သည်မှာ မိမိ တွေ့လိုက်ရသော ပန်းကန်ပြားပျံပျက်ကြီးမှ ပစ္စည်းများအနက် အကြီးဆုံးသတ္တုပြားမှာ ခန့်မှန်းခြေ(၄) လက်မ သို့မဟုတ် (၅)လက်မပတ်လည်ရှိပြီး စီးကရက်ဘူးခွံထဲမှ ခဲပြားကဲ့သို့ ပါးလှပ်ပြီး ခပ်မည်းမည်းအရောင်ရှိကြောင်း၊ ၎င်းသတ္တုပြားမှာ မည်မျှပင် ပါး နေစေကာမူ ဆုတ်ဖြဲ၍ မရကြောင်း၊ သို့ရာတွင် အလေးချိန် မရှိသလောက် ပေါ့ပါးလှကြောင်း စသည်ဖြင့် ဝှစ်မိုးက စီကာပတ်ကုံး ပြောပြခဲ့လေသည်။

ယခု ကျွန်ုပ်တို့ စုဆောင်းမိသမျှ ရိုစ်ဝဲလ်ပန်းကန်ပြားပျံကြီး ပျက်ကျသည့်ကိစ္စနှင့် စပ်လျဉ်းသော သတင်းများ၊ အထောက်အထား အချက်အလက်များမှာလည်း မနည်းတော့ပေ။ ၎င်းသတင်းများ၊ အချက်အလက်များ၊ အကိုးအကားများကိုမူတည်၍ ယာယီမှန်ကန်ချက်တစ်ရပ် ထုတ်ကြည့်မည် ဆိုပါလျှင် ဤသို့ တွေ့ရှိရပေမည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ညဉ့် (၉း၄၅) နာရီနှင့် (၉း၅၀) နာရီအချိန် အကြား ပန်းကန်ပြားပျံနှင့်တူသည့် ယာဉ်တစ်စင်းသည် ရိုစ်ဝဲလ်မြို့ပေါ်မှ အရှိန် ပြင်းစွာဖြင့် အနောက်မြောက်အရပ်ဆီသို့ ရောက်ရှိခဲ့သောအခါ လျှပ်စစ်မုန်တိုင်း နှင့် ဒက်ထိတိုးခဲ့လေတော့သည်။ ထို့ကြောင့်ပင် နွားခြံပိုင်ရှင်ကြီး ဘရာဇဲလ် ထိုအချိန် အတောအတွင်းက မိုးကြိုးများ တစ်နေရာတည်းသို့ တရစပ် ပစ်ချ နေသည်ကို ကြားသိခဲ့ရခြင်း ဖြစ်၏။ ဤအကြောင်းအရာကို ဖော်ပြပြီး ဖြစ်ပါ သည်။ အာကာသယာဉ်ကြီးပေါ် စီးနင်းလိုက်ပါလာခဲ့သော အနန္တစကြဝဠာ ဂြိုဟ်သားတို့သည် ၎င်းတို့၏ယာဉ်ကြီးအား လမ်းကြောင်းပြောင်းလဲ ပျံသန်းခဲ့ ကြ၏။ ယင်းကဲ့သို့ တောင်နှင့်အနောက်တောင်လမ်းကြောင်းသို့ အပြောင်းလိုက် ၌ပင်လျှင် လျှပ်စစ်မိုးကြိုး ထိမှန်ခဲ့ခြင်း ဖြစ်ပေမည်။

မိုးကြိုးထိမှန်ပျက်စီးသွားခဲ့သော ပန်းကန်ပြားပျံကြီး၏ အများဆုံးအ စိတ်အပိုင်းများမှာ နွားခြံတစ်ဝိုက်၌ ကျခဲ့၏။ ကျန်ယာဉ်ကြီး၏အစိတ်အပိုင်း ကြီးမှာ လေထုထဲ၌ အတန်ကြာအောင် ပျံသန်းနေခဲ့ပြီး တောင်တန်းများပေါ် ဖြတ်ကျော်သွားခဲ့၏။ ၎င်းနောက် ဆိုကိုရိုမြို့ အနောက်ဘက်ဒေသ မြေပြင်ပေါ်သို့ အရှိန်ပြင်းစွာ ထိုးကျခဲ့ခြင်း ဖြစ်လေသည်။ ၎င်းဒေသမှာ ဆန်ဩဂတ်စတင်လွင်ပြင် ဟူ၍ အများသိရှိနေကြသည့်နေရာ ဖြစ်ပါသည်။

ရှိုစ်ဝဲလ်မြို့ နွားခြံ၌ကျခဲ့သော ပန်းကန်ပြားပျံ၏ အစိတ်အပိုင်းများကို ဘရာဇဲလ် သတင်းပေးချက်အရ ရှိုစ်ဝဲလ်တပ်မတော်မှ မေဂျာမာဆဲလ် သွားရောက်သိမ်းဆည်းခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းအာကာသယာဉ်ကြီး၏ ကျန်ရှိသော အကောင်းအစိတ်အပိုင်းနှင့်တကွ စီးနင်းလိုက်ပါလာခဲ့ကြသော အနန္တစကြာဝဠာမှ ဂြိုဟ်သားတို့၏ အလောင်းများမှာ ဆိုလိုကိုမြို့အနောက်ဘက် ဆန်ပြဂတ်စတင် လွင်ပြင်၌ကျခဲ့၏။ ထိုအရာများကို ၎င်းမြို့မှ မြေဆီလွှာထိန်းသိမ်းရေး အင်ဂျင်နီယာ မစ္စတာဘာနေဘားနတ်နှင့် ရှေးဟောင်းသမိုင်းဌာနမှ ကွင်းဆင်းကျောင်းသားများက တွေ့ရှိခဲ့ခြင်း ဖြစ်၏။

ဆန်ပြဂတ်စတင်လွင်ပြင်၌ ဒုတိယကျခဲ့သော ပန်းကန်ပြားပျံကြီး၏ အစိတ်အပိုင်းကို အလာမိုဂိုဒိုမြို့စစ်ဘက်မှ ရှိုစ်ဝဲလ်နွားခြံမှ အစိတ်အပိုင်းထက် ဆောလျင်စွာသိမ်းဆည်းသွားနိုင်ခဲ့၏။ဤသို့လျှင် ရှိုစ်ဝဲလ်နွားခြံ အစိတ်အပိုင်းသည် ဦးစွာ မြေပြင်သို့ကျရောက်ခဲ့ငြားသော်လည်း နွားခြံပိုင်ရှင်ကြီး ဘရာဇဲလ်၏ သတင်းပို့ နောက်ကျခဲ့ခြင်းကြောင့် ရှိုစ်ဝဲလ်တပ်မတော်(လေ)မှ အသိမ်းဆည်း နောက်ကျခဲ့ခြင်း ဖြစ်ပါသည်။

ပန်းကန်ပြားပျံကြီး ကမ္ဘာမြေပြင်ပေါ်သို့ ပျက်ကျခဲ့သည့် အုတ်အော် သောင်းတင်း သတင်းပေါက်ကြားခဲ့ရခြင်းမှာလည်း ဆန်ပြဂတ်စတင်လွင်ပြင်မှ မဟုတ်နိုင်ပေ။ အဘယ်ကြောင့်ဆိုရသော် ထိုဒေသမှ သတင်းမှာ အလာမိုဂိုဒို စစ်ဘက်ဆိုင်ရာတို့က အချိန်မီ ပိတ်ဆို့နိုင်ခဲ့သောကြောင့် ဖြစ်ပါသည်။ ရှိုစ်ဝဲလ်ကိစ္စမှာ နွားခြံရှင်ကြီး သတင်းပို့မှ သိရှိရသဖြင့် သက်ဆိုင်ရာမှ ဤသတင်းကို ပိတ်ဆို့ဖုံးဖိကြပါသော်လည်း အိုးနင်းခွက်နင်းနိုင်လွန်းခဲ့ကြ၏။

၎င်းပြင် ရှိုစ်ဝဲလ်ကိစ္စ၌ ပထမဦးစွာ ပြည်သူသို့ တရားဝင်ရေဒီယိုမှ လည်းကောင်း၊ သတင်းစာမှ လည်းကောင်း ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့် သတင်း ထုတ်ပြန်ကြေညာခဲ့၏။ ယင်းသတင်းကို ရေးသားထုတ်လွှင့်ခဲ့သူမှာ သတင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးအရာရှိ(ပီအိုင်အို) လက်ဖတင်နင်ဟတ် ဖြစ်၏။ ဤနေရာ၌ အနည်းငယ် စဉ်းစားတွေးတောဖွယ် ရှိနေပေသည်။ လက်ဖတင်နင်ဟတ်မှာ သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး အရာရှိ တစ်ယောက် ဖြစ်၏။၎င်းသည် အထက်အမိန့်မရဘဲ သတင်းထုတ်ပြန်ခဲ့စရာ အကြောင်းမရှိချေ။ ၎င်းပြင် ရှိုစ်ဝဲလ်လေတပ်မတော်သည် သာမန် စစ်ဘက် ထောက်လှမ်းရေးဘက်သာ ဖြစ်၏။ အလာမိုဂိုဒိုလေတပ်မတော်ဌာနချုပ်မှာမူ စစ်လက်နက်ပစ္စည်းများ၊ နျူကလီးယားများကို စမ်းသပ်ရာ စစ်ဘက် သိပ္ပံ

ပညာရှင်များ စုဝေးရာနေရာဌာန ဖြစ်ပါသည်။ အကြောင်းဆိုသော် ဗိုက်ဆင်းစမ်းသပ်ရေးစခန်းသည် ဤအလာမိုဂိုဒိုမြို့၌ပင် တည်ရှိလေသည်။

ထို့ကြောင့် ရိုစ်ဝဲလ်နွားခြံ၌ပျက်ကျခဲ့သော ပန်းကန်ပြားပျံကြီး၏ ရစရာမရှိအောင် ကြေမွပျက်စီးသွားခဲ့သောအပိုင်းနှင့်စပ်လျဉ်းသည့် သတင်းကို ဗီဖိုင်အိုအရာရှိဟာတ် ထုတ်ပြန်ကြေညာခဲ့ခြင်းမှာ ဆိုကိုဒိုမြို့ ဆန်ဩဂတ်စတင်လွင်ပြင်၌ ပျက်ကျခဲ့သော ပန်းကန်ပြားပျံကြီး၏ အကောင်းပကတိ အပိုင်းနှင့် အာကာသဂြိုဟ်သားတို့၏ အကြောင်းကို ဖုံးလွှမ်းချင်၍ လုပ်သားပြည်သူတို့အား အာရုံပြောင်းသတင်းဖြန့်ခြင်းပေလော တွေးတောစရာ ရှိနေပါတော့သည်။

အထက်ဖော်ပြပါ တွေးဆချက်မှာ မှန်ကန်ကြောင်းကို ခိုင်လုံသောကြောင်းကျိုးဆက်နွယ်မှု အထောက်အထားရှိနေပေသည်။ ၎င်းမှာ ထိုစဉ်က စစ်ဘက် သိပ္ပံပညာရှင်များ ပါဝင်သော သုတေသနမစ်ရှင်တစ်ခုကို သက်ဆိုင်ရာ ကာကွယ်ရေးဦးစီးဌာနမှ ကာလီဖိုးနီးယားပြည်နယ် ပူရောလေတပ် အခြေစိုက်စခန်းသို့ စေလွှတ်ခဲ့၏။ ၎င်းတို့ ထိုစခန်းသို့ ရောက်ရှိသည့်အချိန်နှင့် ဆိုကိုဂိုလေတပ်မတော် အခြေစိုက်စခန်းမှ ဆန်ဩဂတ်စတင်လွင်ပြင်မှ ပန်းကန်ပြားပျံပျက်ကြီးနှင့် အနန္တစကြဝဠာ ဂြိုဟ်သားတို့၏ ရုပ်အလောင်းတို့ကို မီးရထားဖြင့် တင်ပို့ခဲ့သော အချိန်တို့မှာ တစ်ပြိုင်နက်တည်း ဖြစ်နေ၏။ ဤသည်မှာ စစ်ဘက်အထက်ဌာနချုပ်မှ ပုဂ္ဂိုလ်ကြီးတို့၏ တမင်စီစဉ်ထားချက်ဖြစ်ကြောင်း သိသာလှပေသည်။

ထိုပူရောလေတပ်မတော်ဌာနချုပ်ရောက် စစ်ဘက်သိပ္ပံပညာရှင်ကြီးတစ်စုက အာကာသယာဉ်ကြီးကို စီးနင်းလိုက်ပါလာရင်း ကံမကောင်းအကြောင်းမလှဘဲ သေဆုံးခဲ့ကြသည့် အနန္တစကြဝဠာ ဂြိုဟ်သားတို့၏ ဥတုဇရုပ်များကို လေ့လာခဲ့ကြပေမည်။ ၎င်းတို့ကပင် ဤဥပစ္စာဒကကံထိုက်ခဲ့ကြသူ ဂြိုဟ်သားတို့မှာ ကျွန်ုပ်တို့ကမ္ဘာသို့ အခြားကမ္ဘာမှ လေ့လာရေးခရီး သို့မဟုတ် နိုးရိုးခရီးသွားရင်း ရောက်ရှိလာခဲ့ကြသော အာကာသယာဉ်မှူးများဖြစ်ကြောင်း ကောက်ချက်ချခဲ့ကြသည်မှာ အမှန်ပင် ဖြစ်၏။ ဤသည့် အချက်မှာ ယုံမှားဖွယ်ရာ မရှိတော့ပါပေ။

♣ ♣ ♣

## အခန်း(၅)
## အနန္တစကြာဝဠာ ဖြိုဟ်သားတို့၏ အသွင်အပြင်များ

ကွယ်လွန်သူ မီယာဒီလိန်း ***(Meade Layne)*** ရေးသားခဲ့သော မှတ်တမ်းတစ်စောင်ကို ဖော်ပြလိုပေသည်။ ၎င်းပုဂ္ဂိုလ်ကြီးမှာ ကာလီဖိုးနီးယားပြည်နယ်၊ ဗစ်စတာမြို့ နယ်ခြားဒေသသိပ္ပံဆိုင်ရာ သုတေသနဖောင်ဒေးရှင်းမှ ညွှန်ကြားရေးမှူးဟောင်း ဖြစ်ပါသည်။

မီယာဒီလိန်း၏မှတ်တမ်း၌-

*မျက်မှောက် ဖြစ်ပေါ်နေသောသတင်းကို မှတည်၍ ရေးသားခြင်း ဖြစ်ပါသည် ဟူ၍ ဖော်ပြထား၏။ ထိုပုဂ္ဂိုလ်ကြီးသည် သိပ္ပံပညာရှင်ကြီး ဖြစ်သည်နှင့်အညီ အစစ်အမှန် ယုံကြည်လောက်သော ဤရိုးစ်ဝဲလ်ဖြစ်ရပ်နှင့် ပတ်သက်သည့် အချက်တို့ကိုသာ လက်ခံစုဆောင်း တင်ပြမည်မှာ ယုံမှားဖွယ် မရှိချေ။*

ကျွန်ုပ်တို့ ပန်းကန်ပြားပျံ ဖျက်ကျခဲ့သည့်ကိစ္စနှင့် စပ်လျဉ်း၍ သတင်းပေးခဲ့သူ သုံးဦး ရှိပါသည်။ ၎င်းတို့အနက် နှစ်ဦးမှာ သိပ္ပံပညာရှင်ကြီးများ ဖြစ်၏။ ကျန်တစ်ယောက်မှာလည်း လူကုံထံစီးပွားရေးသမားကြီးတစ်ဦး ဖြစ်၏။

သိပ္ပံပညာရှင်တစ်ဦး၏အမည်မှာ ဒေါက်တာဝီစ်ဘတ် ***(Dr.Weiberg)*** ဆိုသူဖြစ်ပြီး ၎င်းမှာ ကာလီဖိုးနီယားတက္ကသိုလ်တစ်ခုမှ ရူပဗေဒပါမောက္ခကြီးတစ်ဦး ဖြစ်လေသည်။ ပါမောက္ခဝီစ်ဘတ်မှာ ထိုစဉ်က ပန်းကန်ပြားပျံကြီးကို ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရပြီး စမ်းသပ်စစ်ဆေး သုတေသနလုပ်ငန်းရပ်၌ ပါဝင်ခဲ့ရသူ ဖြစ်၏။ ၎င်းက ယင်းပန်းကန်ပြားပျံ၏ ပုံသဏ္ဌာန်မှာ လိပ်ကျောကုန်း

နှင့်တူပြီး အချင်း(၁၅)ပေကျယ်ဝန်းသည့် အခန်းကြီးတစ်ခန်း ပါဝင်သည်ဟု ဆိုပါသည်။ ထို့ပြင် အာကာသယာဉ်ကြီးကို စီးနင်းလိုက်ပါလာခဲ့ကြသော ဂြိုဟ်သားတို့၏ ဥတုဇရုပ်အလောင်းများမှာ ခြောက်သွေ့နေသည်ကို တွေ့ခဲ့ရသည်ဟု သိရ၏။ ယာဉ်ကြီး၏ အတွင်းပိုင်းမှာ အပူရှိန်(မီးဒဏ်)ကြောင့် ဆိုးဆိုးရွားရွား ပျက်စီးနေပြီး ပြတင်းပေါက်တစ်ခုမှာလည်း ပြိုပျက်ကျနေကြောင်း ပြောပြခဲ့လေသည်။

ဂြိုဟ်သားအလောင်းတစ်ခုကို ပို့စ်မော်တင် (သေပြီးနောက် ခွဲစိတ်စစ်ဆေးကြည့်ခြင်း)လုပ်ကြည့်ရာ သာမန် ကျွန်ုပ်တို့ လူသားတို့၏ ခန္ဓာဗေဒ ဇီဝဗေဒ ဖွဲ့စည်းမှုနှင့် ခြားနားမှု မရှိချေ။ သို့ရာတွင် ၎င်းတို့၏ အရွယ်အစားမှာမူ သိသိသာသာကြီး ခြားနားကြောင်း တွေ့ရှိရသည်ဟုဆို၏။

ဂြိုဟ်သားအလောင်းတစ်လောင်းကို ပန်းကန်ပြားပျံကြီး၏ ထိန်းချုပ်မောင်းနှင်စက်ခုံ(ပိုင်းလော့ခန်း)တွင် ထိုင်လျက် တွေ့ရှိရ၏။ ၎င်း၏ရှေ့၌ စက်ခလုတ်များစွာရှိနေပြီး နံရံများပေါ်၌ လည်းကောင်း၊ မျက်နှာကြက်များပေါ်၌ လည်းကောင်း၊ အက္ခရာ အရေးအသား စာများစွာကို တွေ့ရှိရလေသည်။ ယင်းစာများမှာ အမေရိကန် သိပ္ပံသုတေသီများ လုံးဝ နားမလည်နိုင်သော ဘာသာရပ်ဖြစ်နေကြောင်း သိရှိရ၏။သုတေသနမှူးများက ယင်းအရေးအသား အက္ခရာများမှာ ၎င်းတို့ ဉာဏ်မမီ မတွေးဆတတ်သည့် ဘာသာရပ်ဖြစ်ပြီး ရှုရှားဘာသာ လုံးဝမဟုတ်ကြောင်းကို အခိုင်အမာ ပြောဆိုခဲ့ကြပါသည်။

အဆိုပါ အာကာသယာဉ်ကြီး၌ ကျွန်ုပ်တို့ ကမ္ဘာမြေပြင်မှ လေယာဉ်ကြီးကဲ့သို့ လေယက်ပန်ကာ(ရဟတ်)စက်ကိုလည်း မတွေ့ခဲ့ကြရသည့်ပြင် စက်ကိုလည်ပတ်စေသော မော်တာကိုလည်း မတွေ့ရဟု ဆိုပါသည်။ အမေရိကန် လေတပ်စခန်းသိပ္ပံဌာနမှ သုတေသနမှူးသိပ္ပံပညာရှင်များအဖို့ ယင်းပန်းကန်ပြားပျံ ခေါ် ယူအက်ဖ်အိုကြီးကို ဂြိုဟ်သားတို့ မည်ကဲ့သို့ မောင်းနှင်ပျံသန်းကြသည်ကို မတွေးတတ် မကြံတတ်ဘဲ ဉာဏ်မမီလောက်အောင် ဖြစ်ခဲ့ကြရလေသည်။ ၎င်းသိပ္ပံပညာရှင်များ၏ အလိုအရ ဆိုရပါမူ ဤအာကာသယာဉ်ကြီးမှာ ကမ္ဘာ့လေထု၏အပူရှိန် သို့မဟုတ် ပွတ်အားကြောင့် ပျက်ကျခဲ့ရခြင်း ဖြစ်ပေမည်ဟု ယူဆခဲ့ကြလေသည်။

ဒေါက်တာဝိစ်ဘတ်က ယူအက်ဖ်အို *(UFO)* ကြီး အက်ဒဝပ်စ် လေတပ်အခြေစိုက်စခန်းသို့ ရောက်ရှိလာပုံ အဆင့်ဆင့်ကိုလည်း ပြောပြခဲ့လေသည်။ သူ မှတ်မိသမျှ ပြောပြခဲ့သည်မှာ ဤသို့ ဖြစ်၏။ ဆိုကိုရိုမြို့ ဆန်ဩဂတ်စတင်

လွှင်ပြင်၌ ပျက်ကျခဲ့သော ယူအက်ဖ်အို ခေါ် ပန်းကန်ပြားပျံကြီးကို အလာမိုဂိုဒို လေတပ်မတော်ဌာနချုပ်မှ သိမ်းဆည်းခဲ့၏။ ၎င်းကို သက်ဆိုင်ရာမှ ဝှါဒါလူမီပြည်နယ် မက်ဒါလီးနားမြို့သို့ ထရပ်ကားဖြင့် တင်ပို့ခဲ့၏။ ထို့နောက် အထူး မော်တော်ယာဉ်တစ်စီးဖြင့် အတ်ချစ်ဆန်မြို့ ထိုပီကားမြို့နှင့် ဆန်တာဖီးမြို့တို့သို့ အဆင့်ဆင့် သယ်ယူလာခဲ့လေသည်။

အဆိုပါ ယူဖိုးကြီးနှင့် ဂြိုဟ်သားတို့၏အလောင်းများကို လူအများ မမြင်နိုင်ရန် လုံခြုံစွာ ထုပ်ပိုးပြီး နယူးမက္ကဆီကိုပြည်နယ် ဘီလင်၊ ဂရန့်နှင့် ဂေါ်လ်အပ်မြို့များမှ ဖြတ်သန်း သယ်ဆောင်ခဲ့ကြလေသည်။ ထိုမှတစ်ဖန် အရိုဇိုးနားပြည်နယ် ဖလက်စတတ်မြို့၊ ကာလီဖိုးနီးယားပြည်နယ် နီးဒဲလ်စ်နှင့် ကာဒစ်မြို့များသို့ လည်းကောင်း သယ်ဆောင်လာခဲ့၏။ ၎င်းမှတစ်ဆင့် အက်ဒဝပ်စ်စခန်း တည်ရှိရာ မူရောမြို့အထိ အဆင့်ဆင့် သယ်ယူလာခဲ့ခြင်း ဖြစ်ကြောင်း သိရလေသည်။

ဤကဲ့သို့ ကွယ်လွန်သူ မီယာဒီလိန်း၏မှတ်တမ်း၌တွေ့ရှိရပါသည်။

၁၉၅၀ ပြည့်နှစ် ဝန်းကျင်က ကောလာဟလသတင်းတစ်ရပ် ထွက်ပေါ်လာခဲ့၏။ ၎င်းမှာ အက်ဒဝပ်စ်လေတပ်မတော်စခန်းတွင် ပန်းကန်ပြားပျံကြီးမှ အစိတ်အပိုင်းပစ္စည်းများနှင့် ဂြိုဟ်သားတို့၏ ရုပ်အလောင်းများကို ပြသထားရာ (ပြည်သူအားကြည့်ရှုခွင့်မပြုပါ) သမ္မတကြီးအိုင်စင်ဟောင်ဝါ(ထိုစဉ်က အမေရိကန်သမ္မတကြီး)သွားရောက်ကြည့်ရှုခဲ့သည်ဆိုသောသတင်းပင် ဖြစ်ပါသည်။ယင်းပန်းကန်ပြားပျံပျက်ကြီးနှင့် အစိတ်အပိုင်းများကို ဝရိုက်ပက်တာဆင် လေတပ်မတော်ဌာနချုပ်ရှိ ဘီ *(B)* နယ်မြေ အမှတ်(၁၈)(အေ)အဆောက်အအုံကြီး၏ သီးသန့်အခန်းတစ်ခုထဲတွင် စုပေါင်းပြထားသည်ဟု သိရှိရ၏။

(ဝရိုက်ပက်တာဆင် လေတပ်မတော်ဌာနချုပ်မှ သက်ဆိုင်ရာတို့ထံ အမှတ်(၁၈) (အေ) အဆောက်အအုံနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းကြည့်ခဲ့ရာ ယင်းအဆောက်အအုံမှာ ၎င်းတို့စခန်း၌ မရှိကြောင်း ပြန်လည် ဖြေကြားခဲ့ကြ၏)

ထို့နောက်တစ်ဖန် ထွက်ပေါ်လာခဲ့သော ကောလာဟလ သတင်းတစ်ရပ်အလိုအရဆိုရသော် ထိုလေတပ်မတော်ဌာနချုပ်မှ ပန်းကန်ပြားပျံပျက်ကြီးနှင့် ဂြိုဟ်သားတို့၏ ရုပ်အလောင်းများ ပိုမိုလုံခြုံစိတ်ချရသည့် ဗာဂျီးနီးယားပြည်နယ် လင်လေ *(Langley)* စီအိုင်အေဌာနချုပ်သို့ ဂတ်ပိုက်လေယာဉ် *(Guppie)* ဖြင့် တင်ပို့ခဲ့သည်ဟုဆို၏။ လင်လေ၌ အထူးအစောင့်အကြပ်များ ချထားသော သီးသန့်စတိုခန်းကြီး တစ်ခုအတွင်း၌ နေရာချထားကြသည်ဟုလည်း သိရှိရလေသည်။ ပန်းကန်ပြားပျံကြီး၏ ကျန်အစိတ်အပိုင်းများကိုမူ အစောင့်အကြပ်

လုံခြုံစွာဖြင့် ဖလော်ရီဒါပြည်နယ်၊ မက်ဒီလ်လေတပ်မတော် အခြေစိုက်စခန်း (ဌာနချုပ်) သို့ သင်္ဘောဖြင့် တင်ပို့ခဲ့သည်ဟု သိရပါသည်။

ဤပန်းကန်ပြားပျံပျက်ကြီးနှင့် ဂြိုဟ်သားတို့၏ အလောင်းများကို ကိုယ်တွေ့မျက်မြင်တစ်ဦး၏ အတည်ပြုချက် တစ်ရပ်ကို ထပ်မံ တင်ပြလိုပေသည်။ ၎င်းမှာ ယူဖိုးသုတေသနမှူးဖြစ်သူ ဂရေးဘာကါ *(Gray Barker)* ၏ ၁၉၇၇ ခုနှစ် မေလ အတွင်းက ယူဖိုးနှင့်ပတ်သက်၍ တင်ပြသောအစီရင်ခံစာ ***(UFO Report May 1977)*** ပင် ဖြစ်ပါသည်။ ဘာကါမှာ ယူဖိုးသုတေသနမှူးတစ်ဦးဖြစ်ရုံမျှမက တာကိုးနီးယားပြည်နယ် အနောက်ပိုင်းရှိ ကလတ်စဘတ်မြို့မှ ဆော်ဆာရီယန်(ပန်းကန်ပြားပျံဂြိုဟ်သား)အမည်ရှိ ပုံနှိပ်တိုက်လုပ်ငန်းပိုင်ရှင်လည်း ဖြစ်၏။ သူ၏အဆိုအရ စစ်ဘက်အာဏာပိုင်တို့က ဗွန်ပေါ့ပင် ***(Von Poppen)*** အား ပန်းကန်ပြားပျံပျက်ကြီးကို ဓာတ်ပုံရိုက်ကူးရန် ငှားရမ်းစေခိုင်းခဲ့သည်ဟု သိရ၏။

ဗွန်ပေါ့ပင်၏ အမည်အပြည့်အစုံမှာ ဘယ်ရွန်ကိုလတ်စ်ဗွန်ပေါ့ပင် ဖြစ်ပါသည်။ ၎င်းမှာ ဆိုဗီယက်ယူနီယံ အက်စတိုးနီးယားသမ္မတနိုင်ငံ၊ ဘောလ်တစ်ဂျာမန် စစ်ပြေးမှူးမှိုးမတ်နွယ်တစ်ဦး ဖြစ်၏။ ၎င်းသည် လော့စ်အိန်ဂျယ်လီးစ်မြို့၌ စက်မှုဓာတ်ပုံပညာရှင် တစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းနေသူ ဖြစ်ပါသည်။ ဗွန်ပေါ့မှာ အထူးသဖြင့် လေယာဉ်ပျံနှင့်သက်ဆိုင်သော စက်မှုဓာတ်ပုံများကို ရိုက်ကူးသူ ဖြစ်၏။

၁၉၄၀ ပြည့်နှစ်ဝန်းကျင် နေ့တစ်နေ့၌ (နေ့စွဲ အတိအကျမမှတ်မိတော့ချေ) ဗွန်ပေါ့ပင်အား အမေရိကန်တပ်မတော် ထောက်လှမ်းရေးမှ ပုဂ္ဂိုလ်နှစ်ဦးက ထိပ်တန်းလျှို့ဝှက်ကိစ္စတစ်ခုအတွက် ဓာတ်ပုံရိုက်ကူးပေးရန် လာရောက်ငှားရမ်းခဲ့ကြ၏။ ဗွန်အား ထောက်လှမ်းရေး(အမေရိကန်တပ်မတော်လေ)အရာရှိတို့က အခကြေးငွေကို မတန်တဆပေးခဲ့ကြ၏။ သို့ရာတွင် ဗွန်ပေါ့ပင်မှာ မိမိမြင်တွေ့ခဲ့ရသမျှ ဓာတ်ပုံရိုက်ကူးခဲ့သော ကိစ္စအဝဝကို တစ်လုံးတစ်ပါဒမျှ မပေါက်ကြားရန် ကတိဝန်ခံခဲ့ရလေသည်။ အကယ်၍ သတင်းပေါက်ကြားခဲ့ပါက ၎င်းအား နယ်နှင်ဒဏ်ပေးမည်ဟု အတည့်အလင်း ပြောကြားသတိပေးခဲ့ကြ၏။ ဗွန်အား ဖျော့တည့်သည်နှင့် တစ်ပြိုင်နက် ထောက်လှမ်းရေးအရာရှိတို့က လေယာဉ်ဖြင့် တပ်မတော်လေတပ်စခန်း တစ်ခုသို့ ခေါ်ဆောင်သွားခဲ့ကြသည်။ ထိုသူတို့က ၎င်းအား အလာမိုးစ်လေတပ်စခန်းဖြစ်ကြောင်း ပြောပြကြပါသည်။

(သို့ရာတွင် ၎င်းလေတပ်စခန်းမှာ အက်ဒဝပ်ဖ်စခန်းသာ ဖြစ်နိုင်၏။ ထိုစဉ်က လော့စ်အလာမိုးစ်၌ လေတပ်စခန်း လုံးဝ မရှိသေးချေ။)

ဗွန်ပေါ့ပင်အား ပန်းကန်ပြားပျံကြီးနှင့်တူသော အရာဝတ္ထုကြီးဆီသို့ ခေါ်ဆောင်သွားခဲ့ကြလေသည်။ ထိုလေတပ်စခန်း၌ ဗွန်မှာ ပန်းကန်ပြားပျံကြီးကို အမျိုးမျိုး ဓာတ်ပုံများ ရိုက်ကူးပေးခဲ့ရ၏။ ဖလင်တစ်လိပ်ကုန်တိုင်း လေတပ်မတော်ထောက်လှမ်းရေး အရာရှိတို့ကိုယ်တိုင် ၎င်းဖလင်ကို ထုတ်ယူခဲ့ကြလေသည်။ ဗွန်မှတ်မိသရွေ့ ဆိုပါလျှင် ဓာတ်ပုံပေါင်းရာနှင့်ချီ၍ ရိုက်ကူးခဲ့ရသည်ဟု သိရ၏။ ၎င်း အာကာသယာဉ်ကြီးကို အနီးကပ်ရိုက်ယူခဲ့ရာ စစ်ဘက်အာဏာပိုင်တို့က အရေးကြီး၍ ဂရုတစိုက် ရိုက်ကူးစေခဲ့သည်။ ၎င်းတို့ ပြောပြချက်အရ ဗွန်သိရသည်မှာ ယင်းပန်းကန်ပြားပျံ (ယူဖို) ကြီး တည်ဆောက်ထားသည့် သတ္တုတို့၏ ရူပဗေဒဆိုင်ရာ အတိုင်းအတွာ အနေအထားတို့မှာ ပညာရပ်တစ်မျိုးဖြစ်၍ အရေးကြီးသည် ဟူ၍ ဖြစ်ပါသည်။

ဗွန်ပေါ့ပင်၏ အဆိုအရ ၎င်းတွေ့ရှိခဲ့ရသော ပန်းကန်ပြားပျံကြီး (ယူဖိုကြီး)၏ အချင်းမှာ ပေ(၃၀)ခန့်ရှိပြီး ယာဉ်ကြီးအတွင်းခန်းကြီးမှာ အချင်း ပေ(၂၀)ခန့်ရှိမည်ဟု ခန့်မှန်းရကြောင်း သိရ၏။ထိုယာဉ်ကြီး၏ အတွင်းမျက်နှာကြက်မှာ လိပ်ခုံးသဏ္ဍာန် တည်ရှိလေသည်။ အတွင်းခန်းနှင့် အပြင်ခန်းကြား၌ ၎င်းမတွေ့ဘူးသော သတ္တု သို့မဟုတ် လောဟာနှင့် ပြုလုပ်ထားသော သံကြိုးများထားသည့်နေရာ ကွပ်လပ်တစ်ခုကိုလည်း တွေ့ခဲ့ရသည်ဟု ပေါ့ပင်ထံမှ သိခဲ့ရ၏။

ပန်းကန်ပြားပျံကြီး၏ ပင်မခန်းမကြီး၌ ထိန်းချုပ်ကွပ်ကဲသည့် စက်ခလုတ်ခုံ (ပိုင်းလော့စက်ခန်း) ရှေ့တွင် ထိုင်ခုံလေးခုကို တွေ့ခဲ့ရသည်ဟုဆို၏။ အဆိုပါ ထိန်းချုပ်ကွပ်ကဲသည့် စက်ခလုတ်ပေါ်၌ နှိပ်ရသည့်ခလုတ်များနှင့် သေးငယ်သော လီဗာ ခေါ် မောင်းတံများစွာ တပ်ဆင်ထားရှိ၏။ စက်ခုံပေါ်၌ လည်းကောင်း၊ ယာဉ်ကြီး၏ ကြမ်းခင်းပေါ်၌ လည်းကောင်း ပြန့်ကျဲနေသော ပလတ်စတစ်ခင်းပြင်ကိုလည်း တွေ့ခဲ့ရ၏။ ယင်းပလတ်စတစ်ခင်းပြင်ပေါ်၌ ထူးဆန်းသော သင်္ကေတများ ရေးမှတ်ထားသည်ကို၊ တွေ့ခဲ့ရသည်ဟု ဆိုပါသည်။

ယူဖိုး ခေါ် ပန်းကန်ပြားပျံကြီး၏ ထိန်းချုပ်ကွပ်ကဲသည့် စက်ခလုတ်ခုံ ရှေ့ရှိ ထိုင်ခုံလေးခုပေါ်၌ အာကာသယာဉ်မှူးလေးယောက်၏ ရုပ်အလောင်းများကို နဂိုမူလ ရှိနေခဲ့ကြသည့်အတိုင်း ပုံမပျက်စေဘဲ ထိုင်လျက် အနေအထားဖြစ်အောင် ကြိုးနှင့်ချည်နှောင်ထားသည်ကိုလည်း ပေါ့ပင် တွေ့မြင်ခဲ့ရပါသည်။ ထိုအာကာသယာဉ်မှူး ဂြိုဟ်သားတို့၏ ခန္ဓာကိုယ်၏အနေအထားမှာ အလွန်တရာ သေးငယ်ကြပြီး အရပ်အမောင်းမှာလည်း နှစ်ပေမှလေးပေအထိသာ မြင့်မား

ကြလေသည်။

(ယူဖိုးတို့နှင့် အနီးကပ်တွေ့ကြုံရသော တတိယအမျိုးအစားဖြစ်ရပ်များ ရုပ်ရှင်ထဲမှ အနန္တစကြဝဠာ ဂြိုဟ်သားတို့နှင့် တထေရာတည်း တူနေပေသည်။)

ထိုအကြောင်းကို ယူဖိုးသုတေသနမှူး ဂရေးဘာဂါက သူ၏စာအုပ်၌ ကာယကံရှင် ဗွန်ပေါ့ပင် ပြောပြခဲ့သည့်စကားကို ကိုးကားတင်ပြထားသည်မှာ. . .

'ထိန်းချုပ်ကွပ်ကဲ စက်ခလုတ်ရှေ့ရှိ အာကာသယာဉ်မှူးလေးဦး ရုပ်အလောင်းများရဲ့ မျက်နှာတွေဟာ ဆွတ်ဆွတ်ဖြူနေကြပါတယ်၊ သူတို့ကိုယ်ပေါ်မှာ ဝတ်ဆင်ထားကြတာကတော့ ဘိုင်လာစွပ် ယူနီဖောင်းလို အင်္ကျီနဲ့ဘောင်းဘီ တစ်ဆက်တည်း ဖြစ်ပါတယ် အိတ်တွေဘာတွေတော့ မတွေ့ရဘူး။

သူတို့ရဲ့အင်္ကျီတွေဟာ လည်တိုင်အထိ ရှည်လျားပြီး(ခေါင်းစွပ်ဆွယ်တာကဲ့သို့)ဘောင်းဘီတွေဟာလည်း ခြေဖျားအထိ ဖုံးအုပ်နေပါတယ်၊ သူတို့ ခြေထောက်တွေမှာ ရှူးဖိနပ်တွေ ဝတ်ဆင်ထားတာ တွေ့ခဲ့ရပါတယ်၊ ဖိနပ်တွေဟာ နူးညံ့ပျော့ပျောင်းပုံရတယ်၊ သူတို့ရဲ့လက်တွေဟာ ကျွန်ုပ်တို့လူသားတွေရဲ့ လက်လိုပါပဲ ဒါပေမယ့် ကလေးသူငယ်တွေရဲ့လက်လို နူးညံ့ပါတယ်၊ လက်ချောင်းကလေးတွေဟာလည်း (၅)ချောင်းစီ ရှိကြတယ်။ သူတို့ရဲ့အရိုး အဆစ်အမြစ်တွေဟာလည်း လူတွေနဲ့တူတူပါပဲ၊ လက်သည်းကလေးတွေကို သေသေသပ်သပ် လှီးဖြတ်ထားတာ တွေ့ရပါတယ်' စသည်ဖြင့် ဖော်ပြထားသည်။

ဗွန်ပေါ့ပင်မှာ သက်ဆိုင်ရာ စစ်ဘက်အာဏာပိုင်တို့က ငှားရမ်းစေခိုင်းခဲ့ကြသည့်အတိုင်း ယူဖိုးကြီး၏သတ္တုပစ္စည်းများကို ဓာတ်ပုံရိုက်ကူးပေးခဲ့ရလေသည်။ သို့ရာတွင် အာကာသဂြိုဟ်သားတို့၏အလောင်းများ လုံးဝ ဓာတ်ပုံမရိုက်ခဲ့ရချေ။

ဗွန်ပေါ့ပင်မှာ အာကာသယာဉ်မှူးတို့၏ အလောင်းတို့ကို တွေ့ရှိဖြင့်မိမိအား စေခိုင်းသည့်လုပ်ငန်းမှာ ထိပ်တန်းလျှို့ဝှက်ကိစ္စဆိုသည်ကို အတပ်သိပြီးဖြစ်လေသည်။ ထိုစခန်း၌ ရက်အတန်ကြာ နေထိုင်ခဲ့ရပြီး လုပ်ငန်းပြီးသည်နှင့် ၎င်းအား သက်ဆိုင်ရာမှ စောင့်ကြပ်ကာ လော့စ်အိန်ဂျယ်လိစ်မြို့သို့ ပြန်လည်ပို့ပေးခဲ့၏။ ဗွန်ပေါ့ပင်သည် စခန်း၌ ရှိနေခဲ့စဉ်က ယာဉ်ကြီး၏ကိုယ်ထည်မှ သတ္တုစအနည်းငယ်ကို နောင် အမှတ်တရ ဖြစ်စေရန် အနည်းငယ် ရလိုရငြား ချိုးမဲ့ကြည့်ခဲ့သေး၏။ သို့ရာတွင် မအောင်မြင်ခဲ့ပေ။

ယင်းစခန်းမှ မထွက်ခွာမီ၌ပင် ထိုအာကာသယာဉ်ကြီးကို အိုဟိုင်းယိုပြည်နယ် ဝရိုက်ပက်တာဆင် လေတပ်မတော်စခန်းချုပ်သို့ ပြောင်းရွှေ့ပစ်လိုက်ပြီဟု သိခဲ့ရလေသည်။ ဗွန်ပေါ့ပင်မှာ အာကာသယာဉ်ကြီး၏ ဓာတ်ပုံတစ်ပုံကို တိတ်တဆိတ် ရသည့်နည်းဖြင့် ဝှက်ယူခဲ့လေသည်။ ယင်းဓာတ်ပုံ၏ နဂတစ်ကို အထူး အလုံစာအိတ်ဖြင့်ထည့်ပြီး ချိပ်ပိတ်၍ သိမ်းဆည်းထားခဲ့၏။ စာအိတ်ပေါ်၌ မိမိ ကွယ်လွန်ပြီးမှ ဖောက်ကြည့်ရန် သို့မဟုတ် မိမိအား တစ်စုံတစ်ခုသောဘေးအန္တရာယ် ကျရောက်ခဲ့ပါက ကျန်ရစ်သူတို့က ဖွင့်ဖောက်ရန် ဖြစ်သည်ဟု ညွှန်ကြားချက် ရေးထားခဲ့ပါသည်။

ဗွန်ပေါ့ပင်မှာ ၁၉၇၅ ခုနှစ် အသက်(၉၀)နီးပါးအရွယ်၌ ဟောလီးဝုဒ်၌ ကွယ်လွန်ခဲ့ပါသည်။ သို့ရာတွင် သူ၏ယူဖိုဓာတ်ပုံ နဂတစ်စာအိတ်မှာ သဲလွန်စရှာမရဘဲ ပျောက်ဆုံးနေခဲ့လေသည်။ ၎င်းချိပ်ပိတ်အိတ်ကို ဗွန်ပေါ့ပင်ကိုယ်တိုင်ဘဏ်အာမခံသေတ္တာတစ်ခု၌ အပ်နှံထား၍ ယနေ့တိုင် ထိုနေရာ၌ပင် လုံခြုံစွာရှိနေခြင်းပေလော၊ ထိုသို့ အပ်နှံထားခဲ့ရိုးမှန်လျှင် တွေ့ရှိသူ ဘဏ်အရာရှိမှာ မည်သည့် စာအိတ်ပါလိမ့်ဟု သံသယ မရှိ၍ မိမိတို့ဘဏ်၌ အပ်နှံထားသည်ကိုပင် အမှတ်ရနိုင်တော့မည် မဟုတ်ချေ။

နောက်ထပ် အထောက်အထား သာဓကတစ်ခုကို ထပ်မံ တင်ပြလိုပေသေးသည်။ လင်အိပ်ချ်စတွင်းဖီးလ် ***(Len H. Stringfield)*** သည် ယူအက်ဖ်အိုဌာန၌ သုတေသနမှူးအဖြစ် အမှုထမ်းခဲ့သည်မှာ သမနီ ရှည်ကြာခဲ့သူ တစ်ယောက် ဖြစ်၏။ ထို့ပြင် ၁၉၇၇ ခုနှစ်က ယူဖိုးတို့ ဝင်ရောက်စီးနင်းခဲ့သည့် ကွန်မြူနစ်နိုင်ငံမှဒေသ ***(Situation Red, The UFO Siege)*** အမည်ရှိ စာအုပ်ကို ရေးသားခဲ့သူ ဖြစ်ပါသည်။ ၁၉၇၉ ခုနှစ် စာရေးဆရာဝီလျံမိုးသည် စတွင်းဖီးလ်နှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ၎င်းက ဝီလျံမိုးအား ဤသို့ ပြောပြခဲ့လေသည်။

သူ့သမက်ဖြစ်သူ ဂျက်ဖရီစပတ် ***(Jeffry Sparks)*** အား ၎င်း၏ မိတ်ဆွေတစ်ယောက်က လူနှင့်အလားသဏ္ဌာန်တူသော ဂြိုဟ်သားတို့၏ အလောင်းကို ၁၉၆၆ ခုနှစ်က ကိုယ်တိုင် တွေ့ရှိခဲ့ရကြောင်း ပြောပြခဲ့သည်ဟု ဆိုပါသည်။ ထိုသူ တွေ့ခဲ့ရသောနေရာမှာ ဝရိုက်ပက်တာဆင်လေတပ်မတော် စခန်းချုပ်၌ဟုသိရ၏။ ဂျက်ဖရီမှာ ဖလော်ရီဒါပြည်နယ် ဒါဒီမြို့ စိန့်လီယိုကောလိပ် သုခုမဝိဇ္ဇာဌာနမှ လက်ထောက်ပါမောက္ခတစ်ဦး ဖြစ်၏။

စတွင်းဖီးလ်မှာ သူ့သမက်၏ မိတ်ဆက်ပေးမှုကြောင့် အဆိုပါ ၎င်း၏

မိတ်ဆွေဆိုသူနှင့် ၁၉၄၈ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့က တွေ့ဆုံခဲ့ကြ၏။ ထိုပုဂ္ဂိုလ်က ၎င်း၏လုံခြုံမှုအတွက် စိတ်ချရစေရန် သူ၏အမည်ကို ဂျေကေ *(J.K)*ဟူ၍သာ အသိအမှတ်ပြုစေခဲ့ပါသည်။ မစ္စတာဂျေကေမှာ ဖလော်ရီဒါပြည်နယ် တင်ပါမြို့၌ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းတစ်ခုကို လုပ်ကိုင်နေသူတစ်ဦး ဖြစ်၏။

၎င်းသည် (၁၉၆၆-၆၈) ခုနှစ်အထိ ဝရိုက်ပက်တာဆင်တပ်မတော်(လေ)စစ်ဌာနချုပ် လက်အောက်ရှိ လေကြောင်းရန်ကာကွယ်ရေး အဏုမြူဒုံးပျံ လက်နက်ကြီးစခန်းမှ လေတပ်မတော် ထောက်လှမ်းရေး အရာရှိကြီးတစ်ဦး အဖြစ် အမှုထမ်းခဲ့၏။ ၎င်းဝရိုက်ပက်တာဆင်ဌာနချုပ်၌ အမှုထမ်းနေစဉ် ကာလက အာကာသဂြိုဟ်သား(၉)ယောက်၏ အလောင်းများကို မျက်မြင်ဒိဋ္ဌ တွေ့ခဲ့ရပါသည်ဟု အတည့်အလင်း ပြောပြခဲ့၏။ ယင်းအလောင်းတို့ကို စနစ်တကျ လျှပ်စစ်မီးများ ထွန်းညှိထားသော မှန်ဖြင့် ပြုလုပ်ထားသည့် ကန်ကြီးအတွင်း အအေးခတ်ပေးထားခြင်း ဖြစ်၏။ မစ္စတာဂျေကေက ပြောပြခဲ့သည်မှာ လျှပ်စစ်မီးအလင်းရောင်အောက်၌ မိမိတွေ့မြင်ခဲ့ရသော ဂြိုဟ်သားတို့၏ အလောင်းများမှာ မီးခိုးရောင်အဆင်းရှိသည်ဟု ဆိုပါသည်။ ထိုသုတေသနရေခဲတိုက် ဧရိယာအတွင်းအပြင်၌(၂၄)နာရီ အစောင့်အကြပ်များ အထပ်ထပ် ချထားသည်ဟု သိရှိရ၏။

မစ္စတာဂျေကေ ထိုစဉ်က သိရှိခဲ့ရသည်မှာ ဝရိုက်ပက်တာဆင် ဌာနချုပ်၌ အာကာသဂြိုဟ်သားအလောင်းပေါင်း(၁၀)ထက်မနည်း ရှိကြောင်းပင် ဖြစ်၏။ သို့ရာတွင် ယင်းစခန်း၌ ပန်းကန်ပြားပျံကြီးကို မတွေ့ခဲ့ရဟု ဂျေကေက ပြောပြခဲ့၏။ သို့ရာတွင် ဌာနချုပ်မှ သူ၏မိတ်ဆွေများ ပြောပြချက်အရ ပန်းကန်ပြားပျံများကို ဖလော်ရီဒါပြည်နယ် လင်လေ လေတပ်မတော်စခန်းနှင့် မက်ဒီလ်စခန်းတို့၌ ထားရှိသည်ဟု သိရ၏။ မစ္စတာဂျေကေထံမှ စတွင်းဖီးလ်စခန်းတို့၌ သိရှိခဲ့ရသည့် အချက်တစ်ချက် ရှိပါသေးသည်။ ၎င်းမှာ အမေရိကန်လေတပ်မတော် အခြေစိုက်စခန်းများ၌ အထူးလေ့ကျင့်ပြီး လက်နက်များ တပ်ဆင်ထားသော တပ်ရင်းများ ထားရှိသည်ဟု ဆိုပါသည်။ အမေရိကန်ပြည်နယ် မည်သည့်ဒေသမဆို နေ့ညမဟူ ယူဖိုး ပျက်ကျသည့်သတင်း ရရှိပါက ထိုတပ်ရင်းတို့ကို စေလွှတ်ပြီး ယူဖိုးများကို သိမ်းဆည်းစေခဲ့သည်ဟု သိရှိရ၏။

မစ္စတာဂျေကေ၏ ပြောပြချက်အရ ၁၉၄၈ ခုနှစ်က ယူဖိုးလူပ်ရှားမှုနှင့် ပတ်သက်၍ လျှို့ဝှက်သတင်းတစ်ရပ်ကို အမေရိကန်တပ်မတော်က ရရှိခဲ့၏။ ထိုသတင်းကို ဝရိုက်ပက်တာဆင် တပ်မတော်(လေ)ကွန်ပျူတာဌာနမှ ရရှိခဲ့ခြင်း

ဖြစ်ပါသည်။ ထိုလျှို့ဝှက်သတင်းမိတ္တူများကို အခြားစစ်ဌာနချုပ်များ၏ သက်ဆိုင်ရာ အထူးမှတ်တမ်းထိန်းဌာန၏ အရေးကြီးဖိုင်တွဲများ၌ သိမ်းဆည်းထားသည်ဟု ဆိုပါသည်။

အထက်ဖော်ပြပါ ယူဖိုးနှင့်ပတ်သက်သည့် မစ္စတာဂျေကေ ဖွင့်ဟချက်ကို ထောက်ခံအတည်ပြုခဲ့သူမှာ ကာလီဖိုးနီးယားပြည်နယ်၊ လီတာမိုးမြို့မှ အက်ဒ်ဝပ်ဂရေဂိုရီယင် ဖြစ်၏။ ၎င်းမှာ ၁၉၄၇ ခုနှစ်က ရှိစ်ဝဲလ်လေတပ်မတော်(လေ)ဌာနချုပ် *(RAAF)* ပြည်သူ့ဆက်ဆံရေးဌာန လက်ဖတင်နင်ဟတ်၏ လက်အောက်၌ အမှုထမ်းခဲ့သူ တပ်ကြပ်ကြီး အက်ဒဝပ်ဂရေဂိုရီယင်ဖြစ်ပါသည်။[အခန်း(၄)၌ ဖော်ပြပြီး ဖြစ်၏။]

ဂရေဂိုရီမှာ ရှိစ်ဝဲလ်ကိစ္စ ဖြစ်ပွားပြီးနောက်ပိုင်း၌ ယူအက်စ်အေ လေတပ်မတော် *(U.S.A.AF)* တပ်ရင်း(၃၆၀၂)သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ခဲ့ရလေသည်။ ယင်းတပ်ရင်း၌ ၎င်းမှာ ယူဖိုးနှင့်ပတ်သက်သည့် အစီရင်ခံစာသတင်းပေးပို့ချက်များကို လေတပ်မတော်အတွက် ထောက်လှမ်းစစ်ဆေးတင်ပြရသည့်တာဝန်ကို ထမ်းဆောင်ရလေသည်။ ၎င်းဌာနမှတစ်ဆင့် လေကြောင်းကာကွယ်ရေး တပ်မတော် စစ်ဌာနချုပ်အသီးသီးသို့ ယူဖိုးအစီရင်ခံစာများကို ဆက်လက်တင်ပြရ၏။

နျူကလီးယား ရူပဗေဒပညာရှင်နှင့် သုတေသီဖြစ်သူ စတန်တန်ဘီဖရိုက်မင်မှာ ဂရေဂိုရီနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့၏။ ဂရေဂိုရီက ဖုန်းထဲမှ ထုတ်ဖော်ပြောကြားချက်အရ သိရှိခဲ့ရသည်မှာ ၎င်းတို့တပ်ရင်းမှ အထူးသင်တန်းပေးထားသော တပ်မတော်သားများကို (၃)ယောက်တစ်တွဲ တစ်ဖွဲ့စီဖွဲ့စည်းထားသည်ဟုဆို၏။ ၎င်းအဖွဲ့များကို ယူဖိုးတစ်စင်းစင်းပျက်ကျခဲ့သည်ဟု မသင်္ကာဖွယ် သတင်းရရှိသောဒေသသို့ အချိန်မရွေး အလျင်အမြန် စေလွှတ်လေ့ရှိ၏။ ဂရေဂိုရီက မိမိ တပ်ရင်း(၃၆၀၂)၌ အမှုထမ်းနေစဉ်ကာလက ဆိုပါလျှင် မကြာခဏ ယူဖိုးပျက်ကျခဲ့သည့်သတင်းကိုရရှိ၍ ထိုဒေသတို့သို့ (၃)ယောက်အဖွဲ့များကို စေလွှတ်ခဲ့ရဖူးသည်ဟု ပြောပြခဲ့လေသည်။

ထိုရှိစ်ဝဲလ်မြို့က ဖြစ်ရပ်မှန်ဖြစ်သည့် ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့်ကိစ္စနှင့် စပ်လျဉ်း၍ သုတေသနပြုခဲ့သူ အများအပြားအနက် လင်စတွင်ဖီးလ်မှာ အထူးခြားဆုံး အတိကျဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်၏။ ၎င်းသည် အာကာသယာဉ်ကြီးကို စီးနင်းလိုက်ပါလာရင်း ကံမကောင်း အကြောင်းမလှ၍ ကမ္ဘာမြေပြင်ပေါ်၌ ဥပဒ္ဒဝေဒကက် သင့်ခဲ့ကြသော ဂြိုဟ်သားတို့၏ အသွင်ပြင်လက္ခဏာများကို အ

တိအကျ ဖော်ပြခဲ့သူ ဖြစ်၏။ သူ၏ထောက်လှမ်းချက်များအရ ထိုစဉ်က ဖြိုဟ် သားတို့၏အလောင်းများကို ခွဲစိတ်သုတေသနပြု စစ်ဆေးခဲ့ခြင်းကို တာဝန်ယူ ဆောင်ရွက်ပေးခဲ့ရသူ ဆရာဝန်များ၏အမည်နာမကို အတိအကျ ဖော်ထုတ်နိုင် စွမ်းလေသည်။

(သို့ရာတွင် သက်ဆိုင်ရာဆရာဝန်တို့၏ တောင်းပန်ချက်ကြောင့် ယင်းတို့၏အမည်များကို ထိမ်ဝှက်ထားရပါသည်။)

၁၉၅၀ ပြည့်နှစ် ဝန်းကျင်က အမေရိကန်ပြည်ထောင်စု အစိုးရကိုယ်စား လှယ်အဖွဲ့အစည်းများမှ အဆိုပါ ဆရာဝန်များကို ငှားရမ်းခဲ့ပြီး သုတေသနလုပ် ငန်းကို လုပ်ကိုင်စေခဲ့၏။ ယင်းသုတေသနလုပ်ငန်းမှာ ၁၉၄၇ ခုနှစ်က အလောင်း ခွဲစိတ်စစ်ဆေးခြင်း လုပ်ခဲ့ပြီးသော ပန်းကန်ပြားပျံပျက်ကျရာမှ ကွယ်လွန်ခဲ့ကြ သော ဂြိုဟ်သားတို့၏ အလောင်းများကိုပင် အသစ်တစ်ဖန် ထပ်မံ၍ ပို့စ်မော် တင် (သေဆုံးပြီးမှသေဆုံးရခြင်း၏အကြောင်းရင်းနှင့်ရောဂါရှာဖွေခြင်း) စစ်ဆေး ပြုလုပ်စေရန် ဖြစ်ပါသည်။ ၎င်းအသစ်တစ်ဖန် ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်မှာ ယင်းရရှိပြီးအချက်များနှင့် ယခုတွေ့ရှိရသော ဒေတာများကို နှိုင်းယှဉ်လို၍လော မပြောတတ်ချေ။ သို့တည်းမဟုတ် ကွယ်လွန်သူ ဂြိုဟ်သားတို့၏ ခန္ဓာကိုယ်ထဲမှ စိတ်ဝင်စားဖွယ် အကြောင်းအရာများ ရှိ၍လော မတွေးတတ်တော့ပေ။

ဤသုတေသနစစ်ဆေးချက်၏ ထူးခြားသောလက္ခဏာမှာ ဂြိုဟ်သား တို့၏ အလောင်းများကို တသီတတန်းကြီး ပို့စ်မော်တင် ခွဲစိတ်စစ်ဆေး ကြည့် ရှုရခြင်း ဖြစ်ပါသည်။ မစ္စတာစတွင်ဖီးလ်၏ အဆိုအရ သိရှိရသည်မှာ ယင်းဂြိုဟ် သားတို့၏ အလောင်းများမှာ ယနေ့တိုင် ဖော်မယ်လ်ဒီဟိုက် ***(Formaldehyde)*** ခေါ် ဖော်မလင်ဆေးရည်ထဲ၌စိမ်၍ သိမ်းဆည်းထားခြင်းပင် ဖြစ်၏။ ၎င်းပြင် အဆိုပါ ဂြိုဟ်သားတို့၏ အလောင်းများကို အမေရိကန်ပြည်ထောင်စု အမိကရ ဆေးရုံကြီးနှစ်ခု(ဝါ)ဆေးသိပ္ပံကြီးနှစ်ခု၌ ဆေးဘက်ဆိုင်ရာသုတေသနမှုများ ပြုလုပ်ခဲ့ကြသည်ဟု သိရလေသည်။

မစ္စတာစတွင်ဖီးလ် (ယူဖိုးသုတေသီ) ၏ အစီရင်ခံစာများ၌ ချွတ်ယွင်း ချက်များ ရှိနေ၏။ ၎င်းမှာ ဆေးပညာရှင်ကြီးများ ဂြိုဟ်သားများ အလောင်းကို သုတေသနပြုလုပ်ခဲ့သော နေရာဒေသနှင့် ယင်းတို့၏ အယူအဆသဘောထား များ ဖော်ပြချက်များ မပါဝင်ခြင်းပင် ဖြစ်ပါသည်။ ဤသို့ဖြစ်ရခြင်းမှာလည်း မူလ စတွင်ဖီးလ်အား သတင်းပေးခဲ့သူ ဆေးပညာရှင်များ၏ မိမိတို့ လုံခြုံမှုအတွက် တမင် ချန်လှပ်ခဲ့ခြင်း ဖြစ်နိုင်ပေသည်။ မစ္စတာစတွင်ဖီးလ် ရရှိခဲ့သော လူနှင့်တူ

သည့် ပန်းကန်ပြားပျံယာဉ်မှ ဂြိုဟ်သားတို့၏ပုံသဏ္ဌာန် ဖော်ပြချက်ဒေတာမှာ ယေဘုယျသဘောမျှသာ ဖြစ်ပါသည်။ အဆိုပါ လူနှင့်တူသည့် လူမဟုတ်သော ဂြိုဟ်သားတို့၏ လက္ခဏာဖော်ပြထားချက်များမှာ အောက်ပါအတိုင်း ဖြစ်၏။

အရပ်အမောင်း - ခန့်မှန်းခြေ (၃½) ပေနှင့် (၄½) ပေအကြား ရှိ၏။

ဦးခေါင်း - လူသားတို့၏ စံချိန်နှင့်နှိုင်းယှဉ်လျှင် ခန္ဓာကိုယ်အထက်ပိုင်းနှင့် ခြေဆံလက်ဆံ အချိုးအစား လျော်ညီမှု မရှိဘဲ ဦးခေါင်းမှာ ကြီးမားလွန်းနေ၏။ ၎င်းပြင် ဦးနှောက်မှာလည်း ဦးခေါင်းခွံအတွင်း ဝင်ဆံ့မှု ထူးခြားချက် မရှိသည့်တိုင် လူသားတို့၏ ဦးနှောက်ထက် ကြီးမားသည်ဟု ယူဆဖွယ်ရှိ၏။ (ဦးခေါင်းနှင့် ခန္ဓာကိုယ်ပေါ်၌ ဆံပင်နှင့်မွေးညင်း အလျှင်း မပေါက်ချေ။ သို့ရာတွင် အချို့ အစီရင်ခံစာများ၌ ဂြိုဟ်သားတို့၏ ဦးကင်းထိပ်၌ မွေးနုကလေးများ အနည်းအကျဉ်း တွေ့ရှိရသည်ဟု ဆိုပါသည်။)

မျက်လုံး - မျက်လုံးများမှာ ကြီးမားပြီး မျက်တွင်းချိုင့်ကြသည်။ မျက်လုံးတစ်လုံးနှင့်တစ်လုံး အကွာအဝေးအနေအထား အတန်ငယ် ဝေးကွာကြပြီး အနည်းငယ် ရှေ့ကြသည်။

နှာခေါင်း - လူသားတို့ကဲ့သို့ နှာရောင်မရှိ နှာခေါင်းပေါက်ရှိရာနေရာ၌ အနည်းငယ် မို့နေမှုသာရှိနေ၏။

ပါးစပ် - ကွဲကြောင်းအရာမျှသာ တွေ့ရှိရ၏။ အစာအိမ်အတွင်းသို့ အစာရေစာများ သွတ်သွင်းရန် လမ်းကြောင်း (လူသားတို့၏ ခံတွင်းပါးစပ်ကဲ့သို့) အနေဖြင့် မည်သို့မျှ အသုံးပြုရန် မဖြစ်နိုင်ချေ။

သွား - (ယူဖိုးသုတေသီ မစ္စတာစတွင်ဖီးလ်အား သတင်းပေးခဲ့ကြသူများထံမှ ဂြိုဟ်သားတို့၏ သွားနှင့်

| | | |
|---|---|---|
| | | ပတ်သက်၍ ဖော်ပြထားချက် အလျှင်း မပါဝင်ခဲ့ပေ။) |
| လည်တိုင် | - | လည်တိုင်မှာ ပိန်လှိုကြ၏။ |
| လက်ရုံးနှင့် ခြေထောက်များ | - | အလွန့်အလွန်ပိန်သေးကြ၏။ လက်ရုံးများမှာ ဂြိုဟ်သားတို့၏ တံကောက်ကွေး ထိလုနီးပါး ရှည်လျားကြ၏။ (မျောက်များကဲ့သို့) |
| လက်များ | - | ဂြိုဟ်သားတို့၏ လက်များ၌ လက်ချောင်းကလေးများ (၄) ချောင်းစီရှိကြ၏။ လက်မဟူ၍ မတွေ့ရှိခဲ့ပေ။ လက်ချောင်းနှစ်ချောင်းမှာ အခြားနှစ်ချောင်းထက် နှစ်ဆခန့် ရှည်လျားလေသည်။ လက်သည်းများမှာ ဘဲဥပုံသဏ္ဌာန် ဖြစ်၏။ လက်ချောင်းတစ်ခုနှင့် တစ်ခု အကြား၌ အရေပြား အနည်းငယ် ဆက်လျက် ရှိကြ၏။ |
| ကိုယ်ရေပြား | - | တောင့်တင်းမာကျောပြီး အရောင်အဆင်းမှာ ဖြူမွဲမွဲ ဖြစ်၏။ အချို့က ဆေးရည်စိမ် ဂြိုဟ်သားတို့၏ အလောင်းများမှာ အညိုရောင်ဖြစ်နေသည်ကို တွေ့ရှိရ၏။ ၎င်းမှာ မီးလောင်ခံထားရကြောင်း (အာကာသယာဉ်ကြီး ပျက်ကျခဲ့စဉ်က ပေါက်ကွဲမှုကြောင့်) ထင်ရှားသောလက္ခဏာပင် ဖြစ်၏။ |
| သွေး | - | သွေးမှာ အရည်ဖြစ်သော်လည်း လူသားတို့၏သွေးနှင့် အဆင်းရောင်အချိုးအစား လုံးဝမတူညီကြပေ။(မည်သည့် လူ့သွေးအမျိုးအစားနှင့်မျှ မတူချေ။) |
| လိင်အင်္ဂါရပ်များ | - | ယောက်ျား-မိန်းမ လိင်အင်္ဂါများနှင့် ပတ်သက်၍ အစီရင်ခံချက်ချင်း ကွဲလွဲမှု ရှိနေ၏။ အချို့က အထီး-အမအင်္ဂါ လိင်နှင့် ပတ်သက်သည့် |

သီးခြားထင်ရှားသည့် လက္ခဏာများမတွေ့ရ ဟု ဖော်ပြထား၏။ အချို့ကလည်း ကျွန်ုပ်တို့ လူသားများအတိုင်း ဏ္ဍတ္ထိလိင် ပုလ္လိင် အင်္ဂါ များ ပါရှိသည်ဟု ဆိုပါသည်။ (သို့ရာတွင် ဆိုကိုရိုမြို့ ဆန်ဖြဂတ်စတင် လွှင်ပြင်၌ ကနဦး (၁၉၄၇) ဂြိုဟ်သားတို့၏ အလောင်း များကို တွေ့ရှိခဲ့သူ အမေရိကန်ပြည်ထောင် စုအစိုးရ မြေဆီလွှာ ထိန်းသိမ်းရေးဌာနမှ အင် ဂျင်နီယာ မစ္စတာဘားနတ် ယောက်ျားချည်း မိမိ တွေ့ရှိခဲ့ရသည်ထင်ကြောင်း ပြောပြခဲ့လေ သည်။) ဂြိုဟ်သားတို့၏ ကိုယ်တွင်း အင်္ဂါ အ စိတ်အပိုင်း ဖော်ပြချက်မှာ စတွင်ဖီးလ်အဖို့ တာမဖွဲ့လောက်ပေ။

အထက်ဖော်ပြပါအတိုင်း စတွင်ဖီးလ် ရရှိခဲ့သော ပန်းကန်ပြားပျံ ယာဉ်မှူး ဂြိုဟ်သားတို့၏ အလောင်းများကို ပို့စ်မော်တင်လုပ်ခဲ့ရာမှ တွေ့ရှိရသည့် ပြင်ပလက္ခဏာဖော်ပြချက်များမှာ ပြီးပြည့်စုံခြင်း မရှိကြောင်း တွေ့ရှိရပေသည်။ ဤသို့ ဖြစ်ရခြင်းမှာလည်း စတွင်ဖီးလ်အား သတင်းပေးခဲ့ကြသော ဆရာဝန် များအနေဖြင့် သည့်ထက် ပိုမို၍ မထုတ်ဖော်ဝံ့ကြ၍လည်း ဖြစ်နိုင်၏။ ၎င်းပြင် သူ့အား သတင်းပေးခဲ့ကြသော ဓာတ်ခွဲခန်းစောင့်များ၊ လက်ထောက်များသည် သည့်ထက် သရုပ်သကန် ပေါ်လွင်ထင်ရှားအောင် မဖော်ပြဝံ့ကြကြောင်း ထင် ရှားနေပေသည်။

(ဤနေရာ၌ ကျွန်ုပ်တို့သည် စဉ်စားရန်အချက်တစ်ချက်ရှိနေပေသည်။ လူသားတို့သည် တိရစ္ဆာန်များထက် သာလွန်သော အချက်မှာ ကိုင်တွယ်နိုင် သော လက်မပင် ဖြစ်ပါသည်။ ဤသို့ဆိုလျှင် လူသားတို့ထက် စက်မှုသိပ္ပံ ပညာရပ်တို့၌ အဆရာထောင်မက တိုးတက်နေကြသော အနန္တစကြဝဠာမှ လာ ရောက်ကြသူ ပန်းကန်ပြားပျံယာဉ်မှူး ဂြိုဟ်သားတို့၏ လက်များမှာ လက်မ မပါဝင်ဘဲ ရှည်သွယ်သော လက်ချောင်းကလေးများ (၄)ချောင်းသာ ရှိသည် ဆိုခြင်းမှာ ယုတ္တိမတန်ချေ။ သို့ရာတွင် မူလသတင်းပေးသူများ၏ သက်ဆိုင်ရာမှ မရိပ်မိစေရန် တမင်လိုးလွှဲ ပြောကြားခြင်း ဖြစ်မည်။)

မည်သို့ပင်ဆိုစေကာမူ ဓာတ်ခွဲခန်းလက်ထောက်များသည် ၎င်းတို့တွေ့

မြင်ခဲ့ကြရသော ဂြိုဟ်သားတို့၏ ရှည်သွယ်သော ကျန်လက်ချောင်းများ ဖုံးကွယ်နေမှုကြောင့် ယင်းတို့၏လက်မကို မမြင်ခဲ့ခြင်းသာ ဖြစ်နိုင်ပေသည်။ ထို့ကြောင့် လက်မမပါဝင်ဘဲ လက်ချောင်းကလေး(၄)ချောင်းသာရှိသည်ဟု ဆိုခြင်းဖြစ်ရပေမည်။ဤအချက်မှာ ယူဖိုးသုတေသီကြီး စတွင်ဖီးလ်နှင့် စက်မှုဓာတ်ပုံပညာရှင်ကြီး ဗွန်ပေါ့ပင်၏ ကိုယ်တွေ့ မျက်မြင်ဒိဋ္ဌ အတွေ့အကြုံ ဂြိုဟ်သားများ၏ မြင်ပလက္ခဏာဖော်ပြချက် မကိုက်ညီမှု ဖြစ်ပါသည်။

အထက်ဖော်ပြသည့်အတိုင်း ပန်းကန်ပြားပျံယာဉ်မှူးတို့၏ ကိုယ်ခန္ဓာ မြင်ပလက္ခဏာများနှင့် ပတ်သက်၍ သတင်းပေးပို့ချက်များ၊ အစီရင်ခံချက်များ ကွဲလွဲမှုရှိနေကြောင်းတွေ့ရှိရလေသည်။သို့ရာတွင် ကျွန်ုပ်တို့ လက်ခံကြရမည့် အချက်မှာ ဂြိုဟ်သားတို့၏ဦးခေါင်းအနေအထားကြီးမားမှု၊ ဆံပင်မွေးညင်းကင်းမဲ့ခြင်း၊ ကြွက်သားစိုင်များ ဖွံ့စည်းမှုညံ့ဖျင်းပုံ၊ လက်ရုံးများ လူသားတို့ထက် ရှည်လျားနေမှုနှင့် အရပ်အမောင်း ပုညက်သေးကွေးခြင်းတို့ပင် ဖြစ်၏။ ထိုအချက်များမှာ လက်ခံနိုင်ဖွယ် သဘောတူညီမှု ကိုက်ညီချက်ပင် ဖြစ်ပါသည်။

အရေးအကြီးဆုံး ပဓာနအချက်မှာ ပန်းကန်ပြားပျံယာဉ်မှူး ဂြိုဟ်သား တို့သည် ကျွန်ုပ်တို့ ကမ္ဘာမြေပြင်ပေါ်သို့ ရောက်ရှိလာခဲ့ကြသည်မှာ စိတ်ကူး ယဉ်မဟုတ်၊ တကယ်အမှန် ဖြစ်သည်ဟုဆိုခြင်းပင် ဖြစ်ပါသည်။ ဤသို့သော ကမ္ဘာမြေပြင်ရောက် ဂြိုဟ်သားတို့၏အကြောင်းများ ဒုနှင့်ဒေး ရှိနေကြပေမည်။ သို့ရာတွင် မည်သူမျှ တရားဝင် ထုတ်ဖော်မပြောကြား အသိမပေးခဲ့ကြ၍သာ ကျွန်ုပ်တို့ မသိရှိကြရခြင်း ဖြစ်၏။ သို့ရာတွင် ယခု ဤရိုစ်ဝဲလ်မြို့က ဖြစ်ရပ်မှန်ကိစ္စနှင့် သက်ဆိုင်ရာမှ သေဘောကြုံ ပန်းကန်ပြားပျံ ယာဉ်မှူးဂြိုဟ်သားတို့၏ အကြောင်းကို မဖုံးဖိနိုင်၍ ကျွန်ုပ်တို့ သိရှိကြရခြင်းဖြစ်ကြောင်း စာရှုသူတို့ သဘောပေါက်နိုင်ပါသည်။

◆ ◆ ◆

## အခန်း(၆)
## ရှေ့ကထုံး နောက်ကပေါ်

ရိုစ်ဝဲလ်မြို့အနီး နွားခြံနှင့် ဆိုကိုရိုမြို့အနီး ဆန်ဩဂတ်စတင်လွှင်မြင်တို့၌ ပျက်ကျခဲ့သောပန်းကန်ပြားပုံ(ယူဖို)နှင့် ယာဉ်မှူးဂြိုဟ်သားတို့၏ အလောင်းများကို အမေရိကန်တပ်မတော် (လေ) သိပ္ပံပညာရှင်များ၊ ဆေးပညာရှင်ကြီးများသည် အမျိုးမျိုး စစ်ဆေး သုတေသနပြုလုပ်ခဲ့ကြလေသည်။ ယင်းသုတေသနကိစ္စကို အေအေအက်ဖ် တပ်မတော်(လေ)မှ လည်းကောင်း၊ အမေရိကန်အစိုးရပိုင်းမှ လည်းကောင်း ကြီးစားဖုံးကွယ်ခဲ့ကြ၏။ သို့ရာတွင် ဤမှု ထိပ်တန်းလျှို့ဝှက်ထားပါလျက် အစဉ်လိုလို နှစ်ပေါင်းများစွာ ကောလာဟလသတင်းများ ဆက်လက်ထွက်ပေါ်ခဲ့၏။ ယင်းသတင်းတို့မှာ တစ်ခါတစ်ရံ အက်ဒ်ဝပ်စ် လေတပ်မတော် ဌာနချုပ်မှ လည်းကောင်း၊ တစ်ခါတလေ ပင်တာဂွန် ခေါ် အမေရိကန်ကာကွယ်ရေးဌာနမှ လည်းကောင်း၊ သို့တည်းမဟုတ် တာကိုနီးယားပြည်နယ် စီအိုင်အေဌာနချုပ်များ တည်ရှိရာ လင်လေမှ လည်းကောင်း ထွက်ပေါ်လာခဲ့လေသည်။

အချို့ ကောလာဟလ သတင်းများဆိုလျှင် အမေရိကန်စစ်ဘက်လုံခြုံရေးနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များထံမှပင် ထွက်ပေါ်လာခဲ့၏။ ၎င်းပုဂ္ဂိုလ်တို့မှာ တာဝန်ပြောင်းရွှေ့ထမ်းဆောင်ရသူများနှင့် အငြိမ်းစားယူသွားခဲ့ကြသူများဖြစ်ပါသည်။အဆိုပါ အနားယူခဲ့ကြသော၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ကြသော ပုဂ္ဂိုလ်များမှာ နှစ်ပရိစ္ဆေဒ ကြာလွန်းသဖြင့် ရိုစ်ဝဲလ်ကိစ္စကို ပြောရမည့်ကိစ္စ၊

မပြောရမည့်ကိစ္စ ဟူ၍ ခွဲခွဲခြားခြား အမှတ်မရှိတော့ပေ။ ထို့ကြောင့်လည်း မိမိတို့ ငယ်စဉ်က တွေ့ကြုံခဲ့ရသော ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာများကို ခပ်ပေါ့ပေါ့ ပြောမိခဲ့ကြခြင်းလည်း ဖြစ်၏။ ထိုသူတို့ထံမှ ထွက်ပေါ်လာခဲ့သော ကောလာဟလသတင်းများမှာ တစ်ခါတစ်ရံ နဂိုမူလ အတည်ပြုထားချက် အတိုင်း တစ်သဝေမတိမ်း ဖြစ်ပါသည်။ တစ်ခါတစ်ရံ၌လည်း အကြောင်းအရာ သစ်များ ထပ်မံ ပါဝင်ခဲ့လေသည်။

အမှန်စင်စစ် ဤရိုစ်ဝဲလ်ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့စဉ်က ရိုစ်ဝဲလ် ပတ်ဝန်းကျင်၌ အချိန်တိုကလေးအတွင်းသာ လူအများ အုတ်အော်သောင်းတင်း ဖြစ်ခဲ့ကြခြင်း ဖြစ်ပါသည်။ ကျန်ပန်းကန်ပြားပျံကြီးနှင့် ယာဉ်မှူးဂြိုဟ်သားတို့၏ လျှို့ဝှက်ဆန်းကြယ်သော အကြောင်းအရာများမှာ ရိုစ်ဝဲလ်မြို့၏ပြင်ပ၌ ဖြစ်ပွားခဲ့ ခြင်း ဖြစ်လေသည်။ ဖလော်ရီဒါပြည်နယ် မီယာမီမြို့မှ အီလက်ထရွန်းနစ် အင်ဂျင်နီယာ တီထွင်မှုပညာရှင်များနှင့် ယူအက်ဖ်အို *(UFOs)* ဘာသာရပ်များ နှင့်ပတ်သက်၍ ပို့ချသူ နော်မန်ဘင်း *(Normal Bean)* က ၁၉၅၀ ပြည့်နှစ် ဝန်းကျင်မှ ဖြစ်ရပ်တစ်ခုကို အမှတ်ထင်ထင် ပြောပြခဲ့ဖူးပါသည်။

ထိုစဉ်က ယူဖိုးဘာသာရပ်နှင့်ပတ်သက်၍ မစ္စတာနော်မန်ဘင်းမှာ ဟောပြောပွဲတစ်ခု၌ ပို့ချခဲ့အပြီး အမေရိကန်လေတပ်မတော်မှ အနားယူခဲ့သည့် ဗိုလ်မှူးကြီးလိတ် *(Colonen Lake)* ဆိုသူနှင့်စကားလက်ဆုံကျခဲ့ကြ၏။ ဗိုလ်မှူး ကြီးဟောင်းလိတ်က မစ္စတာဘင်းအား ပြောပြခဲ့သည်မှာ သူ၌ ရင်းနှီးသော မိတ်ဆွေတစ်ဦး ရှိခဲ့သည်ဟုဆိုပါသည်။ ထိုမိတ်ဆွေအား တစ်ခါက အိုဟိုင်းယို ပြည်နယ်၊ ဒေတန်မြို့ရှိ ဆရာဝန်ကြီးတစ်ဦးက ပန်းကန်ပြားပျံယာဉ်မှူးတို့ကို ပို့စ်မော်တင် ပြုလုပ်ခဲ့ခြင်း အကြောင်းနှင့် စပ်လျဉ်း၍ အနည်းအကျဉ်း ပြောပြခဲ့ သည်ကိုကြားသိခဲ့ရသည်ဟုဆိုပါသည်။ ထိုပန်းကန်ပြားပျံယာဉ်မှူးတို့ အကြောင်း ကို ဗိုလ်မှူးကြီးဟောင်းလိတ်မှာ ကနဦးကပင် လေတပ်မတော်ဌာနချုပ်၌ စစ်မှု ထမ်းကာလကသိခဲ့၏။ ဗိုလ်မှူးကြီးလိတ် ထိုမိတ်ဆွေထံမှတစ်ဆင့် ကြားသိခဲ့ရ သော ပို့စ်မော်တင်အကြောင်းမှာ ဤသို့ ဖြစ်ပါသည်။

ဗိုလ်မှူးကြီးဟောင်းလိတ်၏အဆိုအရ ပန်းကန်ပြားပျံယာဉ်မှူး ဂြိုဟ်သား တို့၏ ကိုယ်တွင်းအင်္ဂါရပ်များမှာ ကျွန်ုပ်တို့လူသားတို့ အတိုင်းပင် ဖြစ်ပါသည်။ အခြေခံ အင်္ဂါရပ်များမှာ ကြက်များ၊ လူများနည်းတူ ဖွဲ့စည်းတည်ဆောက်ထား ခြင်း ဖြစ်သည်ဟု သိရှိရ၏။ ဗိုလ်မှူးကြီးမှာ စစ်သားပီပီ မိမိ စောင့်စည်းရမည့် စည်းကမ်း ဥပဒေကို သိနားလည်ပြီး ဖြစ်၏။ ၎င်းက ဤကိစ္စများကို မိမိ

ပြောပြခြင်းမှာ ယေဘုယျသဘောနှင့် ပြောဆိုခြင်းဖြစ်၍ မည်သည့် အန္တရာယ်မျှ မရှိကြောင်း၊ ၎င်းပြင် ယင်းပန်းကန်ပြားပျံ အကြောင်းမှာလည်း မကြာမီ လ အနည်းငယ် အတွင်း၌ပင် အများပြည်သူများ သိရှိကြရတော့မည့် သတင်းလည်း ဖြစ်နေသောကြောင့် မိမိ ပြောပြခြင်း ဖြစ်သည်ဟု ပြောပြခဲ့လေသည်။

ဗိုလ်မှူးကြီးဟောင်းလိတ်၏ ပြောစကားအရ စဉ်းစားကြည့်လျှင် ဤ ရှိုစ်ဝဲလ်ပန်းကန်ပြားပျံကိစ္စမှာ ယခုအခါ တရားဝင် ပိတ်ပင်တားမြစ်ချက် မရှိ တော့ကြောင်း ထင်ရှားနေပေသည်။ ထိပ်တန်း လျှို့ဝှက်ကိစ္စ မဟုတ်သည့် သတင်းများမှာ အမြဲလိုလို ပြင်ပလောကသို့ ပြန့်ထွက်လာလေ့ရှိ၏။ အချို့မှာ ကွဲပြားမှုရှိ၏။ သို့ရာတွင် ယေဘုယျအားဖြင့် သဘာဝချင်း ညီညွတ်မှုရှိပေသည်။ ဤအတွင်းကျကျ လျှို့ဝှက်သတင်းများမှာ အစောင့်အကြပ် စစ်သားများပန်း ကန်ပြားပျံပျက်ကြီးနှင့်ယာဉ်မှူးဂြိုဟ်သားတို့၏အလောင်းများကို သယ်ယူပို့ ဆောင်ရေး တာဝန်ကျဝန်ထမ်းများ၊ ဆရာဝန်များ၊ပို့စ်မော်တင်ပြုလုပ်ရာ ခွဲစိတ်ခွဲ ခန်းလက်ထောက်များနှင့်စာရေးများထံမှ သတင်းထွက်ပေါ်လာလေ့ရှိလေသည်။ အချို့သတင်းပေး ပုဂ္ဂိုလ်များဆိုပါလျှင် ပန်းကန်ပြားပျံစီမံကိန်း (ပရောဂျက်)နှင့် လုံးဝ မပတ်သက်သောသူများ ဖြစ်နေ၏။ သို့ရာတွင် ထိုသာမန်ပုဂ္ဂိုလ်တို့သည် နီးစပ်ရာများထံမှ လည်းကောင်း၊ အခြား တစ်နည်းနည်းဖြင့် လည်းကောင်း အမှတ်မထင် ထိပ်တန်းလျှို့ဝှက် မဟုတ်သော လျှို့ဝှက်သတင်းများကို ရရှိ လာခဲ့ကြခြင်း ဖြစ်ပါသည်။

ပန်းကန်ပြားပျံယာဉ်မှူး ဂြိုဟ်သားတို့၏ အသွင်အပြင်နှင့်ပတ်သက်၍ ထူးထူးခြားခြား တိတိကျကျ သိရှိလာခဲ့သူ (အထက်ဖော်ပြပါ အမှတ်မထင် တွေ့ရှိခဲ့သူမျိုး) တစ်ဦးမှာ ဘီလ်ဒက်ဗ်လင် ***(Bill Devlin)*** ဆိုသူ ဖြစ်၏။ ၎င်းမှာ ရေဒီယိုနှင့် တယ်လီဖုန်းရှင်းပြုပြင်သည့် ကုမ္ပဏီတစ်ခုမှ ဝန်ထမ်းတစ်ဦး ဖြစ်၏။ ၁၉၅၂ ခုနှစ် နွေဦးပေါက်နေ့တစ်နေ့၌ ဒက်ဗ်လင်မှာ ဝါရှင်တန်မြို့မှ ဖီးလ်ဒဲလ်ဖီး ယားသို့ မီးရထားစီးကာ ခရီးသွားခဲ့၏။ ရထားပေါ်တွင် စစ်သည်တစ်ဦး၏ နံဘေးခုံ၌ နေရာရခဲ့လေသည်။ မူလထိုင်ခုံ၌ စီးနင်းလိုက်ပါလာရင်း မိမိနံဘေးရှိ စစ်သားဖတ်နေသော သတင်းစာကို ကြည့်လိုက်မိပါသည်။ ယင်းသတင်းစာမှာ ဖီးလ်ဒဲလ်ဖီးယားမြို့ထုတ် သတင်းစာတစ်စောင် ဖြစ်ပါသည်။ ထိုစစ်သားဖတ် နေသော သတင်းစာပါ ဆောင်းပါးမှာ ဖီးလ်ဒဲလ်ဖီးယားတစ်ဝိုက်၌ တွေ့မြင် ကြရသည့် ယူဖိုးမျက်မြင်ဒိဋ္ဌအကြောင်းနှင့်ပတ်သက်၍ ရေးသားထားခြင်း ဖြစ် ၏။ ဒက်ဗ်လ်မှာ နဂိုကတည်းက ပန်းကန်ပြားပျံအကြောင်းဆိုလျှင် အလွန်

စိတ်ဝင်စားတတ်သူ ဖြစ်၏။ သို့နှင့် ထိုစစ်သား၏ပန်းတစ်ဖက်မှကျော်ပြီး သတင်းစာပါ ဆောင်းပါးကို ဖတ်ရှုမိခဲ့၏။

၎င်းစစ်သားလည်း ဒက်ဝ်လင်၏ စိတ်ဝင်စားမှုကိုရိပ်မိပြီး ဤသို့ ပြောခဲ့ပါသည်။ "ဒီမှာ နောင်ကြီး၊ ဒီထဲက ဆောင်းပါးကို စိတ်ဝင်စားတယ်နဲ့တူတယ်၊ ခင်ဗျား နားထောင်ချင်ရင်တော့ ဒီဆောင်းပါးထက် ဆယ်ပြန်မက စိတ်ဝင်စားစရာအကြောင်း ပြောပြမယ်။ ဘယ့်နှယ်လဲ နောင်ကြီး မကြားချင်ဘူးလား"ဟူ၍ အစချီကာ ထိုစစ်သားက ပန်းကန်ပြားပျံကြီးတစ်စင်း၏ ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြခဲ့လေသည်။

ထိုစဉ်က ယင်းစစ်သားမှာ အထူးလေ့ကျင့်ရေးတပ် ယူဖိုးစီမံကိန်း (ပရောဂျက်) အတွက် (၃)ယောက်အဖွဲ့ ဖွဲ့စည်းထားသောအဖွဲ့တစ်ခုမှ အဖွဲ့ဝင်ပို့ဆောင်ရေး စစ်ထရပ်ကားမောင်း တာဝန်ကျ ယာဉ်မောင်းတစ်ဦး ဖြစ်၏။ ၎င်းစစ်သား အပါအဝင် အဖွဲ့သည် အထူးစစ်ထရပ်ကားကြီး (၃)စင်းကို စီတန်းပြီး စစ်ဘက်ဆိုင်ရာ ပစ္စည်းများကို သယ်ယူလာခဲ့ကြ၏။ သူတို့စစ်ကားကြီးများမှာ နယူးမက္ကဆီကိုပြည်နယ်၊ အက်ဇ်တက်မြို့မှ ကန်ဆပ်စ်ပြည်နယ် ဖို့ရီလေဘမြို့သို့ ပန်းကန်ပြားပျံကြီးတစ်စင်းမှ ကျန်ရှိနေသော အစိတ်အပိုင်းများကို သယ်ယူခဲ့ကြလေသည်။

ခရီးသွားနေစဉ် ထိုစစ်သားယာဉ်မောင်းသည် အမှတ်မထင် ၎င်း၏ကားပေါ်၌ပါလာသော ပန်းကန်ပြားပျံယာဉ်မှူး ဂြိုဟ်သားတို့၏ အလောင်းများကို သေသေချာချာ တွေ့ရှိပြီး လေ့လာခွင့် ရရှိခဲ့လေသည်။ ၎င်း၏ပြောပြချက်အရ သိရသည်မှာ ယင်းဂြိုဟ်သားတို့မှာ အလွန် သေးငယ်သောကိုယ်ခန္ဓာ ရှိကြပြီး ကိုယ်ကြပ်ဝတ်စုံများကို ဝတ်ဆင်ထားကြလေသည်။ ဂြိုဟ်သားတို့မှာ လူသားတို့နှင့်မခြား အသွင်အပြင်တူညီကြ၏။ (အာခံတွင်း၌ သွားများပါရှိသည်ဟု ဆိုပါသည်။) ၎င်းတို့၏ အသားအရောင်မှာ အဝါရောင်ဖျော့ဖျော့ အဆင်းရှိကြလေသည်။ ဂြိုဟ်သားအလောင်းများထဲ၌ ယောကျာ်း၊ မိန်းမ ရောနှောပါဝင်နေသည်ကို သတိပြုမိခဲ့သည်ဟု ပြောပြခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ဂြိုဟ်သားတစ်ဦး၏ရင်ဘတ် ရှိသင့် ရှိထိုက်သောနေရာ၌ သားမြတ်ရင်သား လက္ခဏာမို့မောက်ဖုထစ်နေသည်ကို တွေ့မြင်ခဲ့ရသောကြောင့် ဖြစ်၏။

အဆိုပါ ယာဉ်မောင်းစစ်သားက မိမိသည် ထိုအချိန်တုန်းက ဂြိုဟ်သားတို့၏ အလောင်းဦးရေကို ရေတွက်ကြည့်မိခဲ့သည်ဟု ထင်ကြောင်း၊ မိမိ မှတ်မိသည်မှာ စုစုပေါင်း(၁၆)ယောက် သို့မဟုတ် ထို့ထက် ပိုမည်ဟုထင်ကြောင်း၊

သို့ရာတွင် မိမိတို့ ထရပ်ကား(၃)စင်းပေါ်၌ ပန်းကန်ပြားပျံ ဂြိုဟ်သားတို့၏ အလောင်းများ မည်၍မည်မျှ ပါခဲ့သည်ကို မသိကြောင်းနှင့် ခရီးသွားဖော် ဒက်ဗလင်အား ၎င်း၏နံဘေး၌ စီးနင်းလိုက်ပါလာခဲ့သော စစ်သားက ရှေးဟောင်းနှောင်းဖြစ်များကို ပြောပြခဲ့လေသည်။

အထက်ပါ မီးရထားပေါ်မှ စစ်သားက ဒက်ဗလင်ကို ပြောပြခဲ့သည့် ပန်းကန်ပြားပျံဇာတ်လမ်းမှာ အခြား မဟုတ်ချေ။ ၁၉၄၇ ခုနှစ်က ပျက်ကျခဲ့သော ရိုစ်ဝဲလ် ပန်းကန်ပြားပျံကြီးကိစ္စ ဖြစ်ပွားပြီးနောက် တစ်နှစ်အကြာ၌ ဂြိုဟ်သားအလောင်းများနှင့် ပန်းကန်ပြားပျံပျက် အစိတ်အပိုင်းများကို မူရေးမြို့ ဝရိုက်ပက်တာဆင် လေယာဉ်ကွင်းသို့ သယ်ယူလာခဲ့ခြင်း ဖြစ်၏။ ယင်းကဲ့သို့ သယ်ယူပို့ဆောင်ရေးအစီအစဉ်မှာ တပ်မတော်လေ၏ ပန်းကန်ပြားပျံစီမံကိန်း အရ အထူးတပ်ရင်းမှ စေလွှတ်သော (၃)ယောက်အဖွဲ့များ၏ လုပ်ငန်းရပ်ပင် ဖြစ်ပါသည်။ ထိုအဖွဲ့များသည် ယူဖိုပျက်ကျသည့်သတင်း ရရှိသည်နှင့်တစ်ပြိုင်နက် အချင်းဖြစ်နေရာသို့ အလျင်အမြန် သွားရောက်သိမ်းရလေသည်။၎င်းအဖွဲ့တွင် ယာဉ်မောင်းအပြင် အစောင့်စစ်မှုထမ်း (၃)ယောက်စီ ပါဝင်လေသည်။ ယင်းတို့သည် သတ်မှတ်ထားသော နေရာအရောက် သိမ်းဆည်းလာသော ပစ္စည်းများကို ပို့ပေးရ၏။

ထိုနေရာမှ နောက်အဖွဲ့က လက်ပြောင်း တာဝန်ယူ သယ်ဆောင်ကြရပြန်၏။ ထိုသို့အားဖြင့် ဒုတိယအဖွဲ့မှစ၍ နောက်ဆက်တွဲ ဆက်လက်တာဝန်ယူ သယ်ဆောင်ရသော အဖွဲ့တို့သည် ကားပေါ်၌ပါလာခဲ့သော ယူဖိုနှင့်ပတ်သက်၍ မသိရှိနိုင်တော့ပေ။ ဤသို့လျှင် တမင် စီစဉ်ထားခြင်း ဖြစ်၏။

အထက်ဖော်ပြပါ စစ်သား၏ပြောပြချက်သည် အမှန် ဖြစ်ခဲ့ပါလျှင် ကျွန်ုပ်တို့ ကမ္ဘာမြေပြင်ပေါ်သို့ အခြားအခြား မခန့်မှန်းနိုင်သော ပန်းကန်ပြားပျံများ ပျက်ကျခဲ့မည်မှာ မလွဲတော့ပေ။ ၁၉၄၀ ပြည့်နှစ် နောက်ပိုင်းကာလများ အတွင်းက ထိုသို့သော ပန်းကန်ပြားပျံပျက်ကြီးနှင့် ဂြိုဟ်သားတို့၏ အလောင်းများကို ပြည်နယ်တစ်ခုမှ တစ်ခုဆီသို့ အထူးစက်အားကောင်းသော စစ်ထရပ်ကားကြီးများဖြင့် သယ်ဆောင်ခဲ့ကြကြောင်း ထင်ရှားနေပေသည်။ ယင်းတို့ သယ်ယူခဲ့ကြရာ၌ အမေရိကန်ပြည်ထောင်စု တောင်ပိုင်းလမ်းကြောင်းကို ရွေးချယ်ခဲ့လေသည်။ သယ်ယူပို့ဆောင်ရေး လမ်းပန်း၌ အလွန် မြင့်မားသော ရောကီးတောင်တန်းကြီးများရှိရာ လမ်းခရီးကို ရှောင်ကွင်းခဲ့လေသည်။ ၎င်းမြင် အရှေ့မြောက်လမ်းကြောင်းဖြစ်သော ဂရိတ်ပလိန်းလွင်ပြင်မှ မြတ်သန်းကာ

ဒိုဟိုင်းယိုပြည်နယ်သို့ တစ်လမ်းရွှေ့ခဲ့ကြပါသည်။

ယင်းတို့၏ ခရီးစဉ်တစ်လျှောက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ တွေ့ဆုံရာစခန်းများ ထားရှိခဲ့၏။ ယင်းစခန်းများမှာ နယူးမက္ကဆီကိုပြည်နယ် အက်စ်တက်၊ ကန်ဆပ်စ် ပြည်နယ် ဖို့ရီလေနှင့် ကင်တပ်ကီးပြည်နယ် ဂေါ့မင်ဖီးလ်တို့ ဖြစ်နိုင်ပေသည်။ ထိုစခန်း(၄)ခု (မူရှေးမြို့အပါအဝင်)မှာ တစ်ခုနှင့်တစ်ခု အလှမ်းအကွာအဝေး ချင်း တူညီကြလေသည်။ ယင်းအစီအစဉ်မှာ နောက်ဆုံးစခန်းဖြစ်သော ဂေါ့မင် မှာ ဝရိုက်ပက်တာဆင် လေတပ်မတော် စစ်လေယာဉ်ကွင်းအထိ သယ်ယူ ပို့ဆောင်ရေးတာဝန်ကို ဝရိုက်ပက်တာဆင်မှ အထူးလေယာဉ်မှူးတို့က တာဝန် ယူရလေသည်။

ဖို့လေတပ်မတော် အခြေစိုက်စခန်းမှ ကောလာဟလသတင်း များစွာ ထွက်ပေါ်ခဲ့ပါသည်။ ယင်းစခန်းမှ စစ်ဘက်ရဲသားတစ်ယောက်မှာ ကင်းစောင့် ဂျူတီကျနေစဉ် အဆောက်အအုံတစ်ခုအတွင်းသို့ သစ်သားသေတ္တာကြီးများကို သယ်ဆောင်လာခဲ့ကြသည်ကို တွေ့ရှိခဲ့ရသည်ဟုဆိုပါသည်။ ထိုနေ့က ယင်း စစ်ရဲမှာ ထိုအဆောက်အအုံရှေ့၌ ကင်းတာဝန်ကျနေခဲ့ခြင်း ဖြစ်၏။ ဂျူတီစောင့် နေစဉ် အဆောက်အအုံ အတွင်းသို့ သေတ္တာများ ထမ်းဆောင်လာခဲ့ကြခြင်း ဖြစ်၏။ ထိုစစ်ရဲမှာ သေတ္တာများကို အမှတ်တမဲ့ လှမ်းကြည့်မိရာ လူသေအ လောင်းများ ဖြစ်နေပြီး နှင်းခဲတမျှ ဖြူဆွတ်နေကြသည်ကို တွေ့ရှိရလေသည်။ ထိုအလောင်းထည့်သေတ္တာများပေါ်၌ အဝတ်ခင်းများဖြင့် ဖုံးအုပ်ထားကြ ၂သည်ဟု သိရပါသည်။

အစောင့်စစ်ရဲ တွေ့လိုက်ရသည့် အလောင်းတို့၏အလျား (အရပ် အမောင်း)မှာ (၄)ပေ၊ (၄)ပေ မရှိတရှိသာ ရှိကြသည်ဟုသိရသည်။ ၎င်း ရဲသား ဂျူတီစောင့်နေစဉ် အချိန်မှာပင် ဗိုလ်ချုပ်ကြီးတစ်ဦး နောက်ပါအရာရှိများနှင့် ရောက်ရှိလာခဲ့လေသည်။ ၎င်းတို့သည် အလောင်းများ သယ်ဆောင်သွားရာ အဆောက်အအုံအတွင်းသို့ ဝင်ရောက်သွားခဲ့ကြသည်ကို မြင်ခဲ့ရ၏။ ၎င်းအား သက်ဆိုင်ရာ အထက်အရာရှိတို့က မည်သူမဆို အခွင့်မရဘဲ အထဲသို့ဝင်ရောက် လာပါက အသေပစ်သတ်ရန် အမိန့်ပေးထားလေသည်။ အဆိုပါ ကင်းစောင့် နေသောစစ်ရဲမှာ သူတွေ့လိုက်ရသော သစ်သားသေတ္တာကြီးများအတွင်းမှ အ လောင်းများကို ထိုစဉ်က ဘာမှန်း မသိခဲ့ပေ။ ဂျူတီဖြုတ်၍ မိမိ နေထိုင်ရာ စစ်တန်းလျားရောက်မှသာ မိမိ တွေ့ရှိခဲ့ရသော အလောင်းများမှာ နယူးမက္ကဆီ ကိုပြည်နယ်၌ ပျက်ကျခဲ့သော ပန်းကန်ပြားပျံကြီးမှ ရရှိလာသော ယာဉ်မှူး

ဂြိုဟ်သားတို့၏ အလောင်းများ ဖြစ်ကြောင်း သိခဲ့ရသည်ဟု ဆိုပါသည်။

အက်ဒဝပ်စ် လေတပ်မတော်စစ်ဌာနချုပ်မှ ယူဖိုးသတင်းများမှာ နား မဆံ့အောင် ထွက်ပေါ်ခဲ့၏။ ပန်းကန်ပြားပျံများ ပျက်ကျခဲ့သည့် လျှို့ဝှက်သတင်း နှင့် ပတ်သက်၍ သတင်းပေးသူနှစ်ဦးမှာ လုံခြုံရေးစည်းမျဉ်းဥပဒေအရ သူတို့၏ အမည်များကို မသုံးစွဲရန်နှင့် ၎င်းတို့နှင့် အက်ဒဝပ်စ်လေတပ်မတော်စစ်ဌာနချုပ် မည်သို့မည်ပုံ ပတ်သက်ဆက်နွယ်မှုရှိကြောင်းကိုပါ လုံးဝ မဖော်ပြရန် အကျောက် အကန် တောင်းဆိုခဲ့ကြပါသည်။

ထိုစခန်းမှ စစ်ဘက်ရဲသားဆိုပါလျှင် ပန်းကန်ပြားပျံယာဉ်မှူး အလောင်း တို့အကြောင်းကို ပထမ သူ၏ဆွေမျိုးတစ်သိုက်ကိုသာ စိတ်ချယုံကြည်စွာ အသိ ပေးခဲ့ခြင်း ဖြစ်၏။ နောက်ကျမှ စာရေးသူကို ယုံကြည်စိတ်ချမှု ရှိလာခဲ့သည့် အတွက် ပြောပြခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းက အက်ဒဝပ်စ်စခန်း၌ ပန်းကန်ပြားပျံ ယာဉ်မှူးဂြိုဟ်သားတို့၏ အလောင်းများကို တစ်နေရာတည်း၌ စုပေါင်းမထားဘဲ ခွဲထားသည်ဟု ပြောပြခဲ့၏။အချို့ကို အက်ဒ်ဝပ်စ်စခန်း ရေခဲတိုက်၌ ထားရှိပြီး အချို့ကိုမူ ဝါရှင်တန်မြို့သို့ ခွဲစိတ်စစ်ဆေးလေ့လာရန် ပို့ခဲ့သည်ဟုသိရ၏။

နောက်ထပ် တာကိုးနီးယားပြည်နယ် လင်လေစီအိုင်အေ *(CIA)* ဌာနချုပ် များမှ ထွက်ပေါ်လာခဲ့သော သတင်းတစ်ရပ် ရှိပါသည်။ ၎င်းမှာ စီအိုင်အေ ဌာနချုပ်အတွင်းပိုင်းမှ ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပြီး ပန်းကန်ပြားပျံကြီးနှင့် ပတ် သက်သည့် နောက်ဆုံးသတင်းလည်း ဖြစ်၏။ ပန်းကန်ပြားပျံပျက်ကြီးမှာ ယင်း ဌာန၌ ယနေ့ထက်တိုင် ရှိနေပြီး ယာဉ်ကြီး၏ ထိန်းချုပ်ကွပ်ကဲမှုနှင့် မောင်းနှင် ပျံသန်းမှုတို့ကို စစ်ဘက်စက်မှုပညာရှင်များ၊ လေယာဉ်ပညာရှင်များ အမျိုးမျိုး လေ့လာခဲ့ကြပါသော်လည်း မည်သို့မျှ နားမလည်နိုင်အောင် ဖြစ်နေခဲ့ကြ၏။

၎င်းတို့ အနေဖြင့် ပန်းကန်ပြားပျံကြီးကို ယာဉ်မှူးဂြိုဟ်သားတို့ မည် သို့မည်ပုံ မောင်းနှင်ပျံသန်းခဲ့ကြသည်ကို ဉာဏ်မမီနိုင်ကြဘဲ လက်မှိုင်ချခဲ့ကြ ရလေသည်။ ၎င်းပြင် ပန်းကန်ပြားပျံ ခေါ် ယူဖိုးကြီးကို တည်ဆောက်ထားသော ဗိသုကာအတတ်တွင်လည်း ကမ္ဘာမြေပြင်မှ ဂဟေဖြင့်ဆက်ခြင်းနှင့် စို့ဖြင့်ဆက် ခြင်းမျိုး လုံးဝမတွေ့ရဘဲ လျှာထိုးဆက်(ဝါ)လက်ယှက်ဆက်နည်းစနစ် ***(Tongue-in-groove system)*** ဖြင့် တည်ဆောက်ထားကြောင်း ပေါ်လွင်နေသည်ကို တွေ့ရှိ ကြရသည်ဟု သိရ၏။

ဝရိုက်ပက်တာဆင်လေတပ် အခြေစိုက်စခန်းမှ ပိုမိုတိကျ အသေးစိတ် ကျသော မျက်မှောက်သတင်းတစ်ရပ်မှာ အရပ်သား အမှုထမ်းတစ်ဦး ထံမှ

**တစ်ဆင့် ရရှိခဲ့ပါသည်။** ၎င်းပုဂ္ဂိုလ်မှာ ချားလ်စ်ဝီလျံ ***(Charles Wilhelm)*** ဖြစ်၏။ **၎င်းမှာ ယူဖိုးစစ်ဆေးသုတေသနမှူး** တစ်ဦးဖြစ်ပြီး လင်စတွင်ဖီးလ်နှင့်လည်း **အဆက်အသွယ်ရှိသူ** ဖြစ်ပါသည်။

ဝီလျံ၏အသိမိတ်ဆွေ မစ္စစ်နော်မာဂတ်နာ ***(Mrs. Norma Gardner)*** ဆိုသူမှာ တစ်ချိန်က ဝရိုက်ပက်တာဆင်၌ အမှုထမ်းရွက်ခဲ့ဖူးလေသည်။ သူမသည် ၁၉၅၉ ခုနှစ်က ကျန်းမာရေးချို့တဲ့သဖြင့် အလုပ်မှအနားယူကာ စင်စင်နာတီမြို့ ပရိုက်စ်ဟီးလ်တွင် တစ်ယောက်တည်း နေထိုင်ခဲ့၏။ ထိုအချိန်တွင် ချားလ်စ်ဝီလျံမှာ ဆယ်ကျော်သက်အရွယ်မျှသာ ရှိသေး၏။ သူသည် မစ္စစ်ဂတ်နာအတွက် တိုလီမိုလီပစ္စည်းကလေးများ၊ နာရီအစရှိသည့် စက်ကိရိယာပစ္စည်းကလေးများ ပြင်ပေးခဲ့၏။ ဤသို့ဖြင့် သူတို့နှစ်ဦးမှာ တစ်စတစ်စနှင့် ခင်မင်သိကျွမ်းလာခဲ့ကြလေသည်။ တစ်နေ့တွင် ဝီလျံက မစ္စစ်ဂတ်နာအား မိမိသည် ယူဖိုး ခေါ် ပန်းကန်ပြားပျံနှင့်ပတ်သက်၍ စိတ်ဝင်စားကြောင်း ပြောပြခဲ့လေသည်။ ထိုအခါကျမှ မစ္စစ်ဂတ်နာလည်း ၎င်းနည်းတူ စိတ်ဝင်စားသူ ဝါသနာပါသူ ဖြစ်နေကြောင်း သိရှိခဲ့ရလေတော့သည်။

မစ္စစ်ဂတ်နာ၏ ကျန်းမာရေးမှာ တစ်နေ့တခြား ဆိုးရွားလာခဲ့ပြီး လုံးပါးပါးလာခဲ့၏။ ဝီလျံမှာ နေ့စဉ်လိုလို သူမထံ လာရောက်ကြည့်ရှု အကူအညီပေးလေသည်။ တစ်နေ့တွင် မစ္စစ်ဂတ်နာက ဝီလျံအား ယုံကြည်စိတ်ချစွာဖြင့် ဝရိုက်ပက်တာဆင်လေတပ်မတော် စစ်ဌာနချုပ်၌ အမှုထမ်းနေစဉ်ကာလက ကြုံတွေ့ခဲ့ရသော အံ့ဖွယ်ဖြစ်ရပ်တစ်ခုကို ပြောပြလေသည်။ ယင်းဖြစ်ရပ်မှာ ယူဖိုး ခေါ် ပန်းကန်ပြားပျံများနှင့် အာကာသယာဉ်မှူး ဂြိုဟ်သားတို့၏ အလောင်းများ အကြောင်း ဖြစ်ပါသည်။

၁၉၅၅ ခုနှစ်က မစ္စစ်ဂတ်နာသည် ထိုဌာနချုပ်၌ ရာထူးတစ်ခုကို လက်ခံကာ တာဝန်ထမ်းဆောင်ခဲ့ရလေသည်။ ယင်းတာဝန်မှာ ထိုလေတပ်စခန်းသို့ ရောက်ရှိလာခဲ့သမျှ ယူဖိုးပျက်များ၏ကျန်ရှိနေသောအစိတ်အပိုင်း၊ ပစ္စည်းများကို အမျိုးအစားအလိုက် ခေါင်းစဉ်များခွဲကာ စာရင်းအင်းပြုစုရခြင်း ဖြစ်၏။ သူမအတွက် သက်ဆိုင်ရာမှ ထိပ်တန်းလျှို့ဝှက်လုံခြုံသော အခန်းတစ်ခန်းကို စီစဉ်ပေးထားလေသည်။ သူမ ပြုစုခဲ့ရသော စာရင်းအမျိုးအစားပေါင်းမှာ (၁၀၀၀) ဖြစ်ပြီး သီးခြား သူ့အမျိုးနှင့်သူ ခွဲ၍ထားခဲ့ရ၏။ ထိုစာရင်းအင်းထဲ၌ လွန်ခဲ့သောကာလ အတန်ကြာက ပျက်ကျခဲ့သော ပန်းကန်ပြားပျံကြီး တစ်စင်း၏ အတွင်းခန်းမှ ရရှိခဲ့သော အစိတ်အပိုင်း ပစ္စည်းများလည်း ပါဝင်ခဲ့၏။သူမ ပြုစု

ခဲ့ရသော စာရင်းအမျိုးအစား အားလုံးကို သေချာစွာ ဓာတ်ပုံရိုက်ကူးပြီး စာရင်း စာအုပ်တို့တွင် ပူးတွဲထားရလေသည်။ ၁၉၅၅ ခုနှစ် အတွင်းက အထူးသီးသန့် ထားမြစ်ထားသည့် လေယာဉ်ယန္တရားစက်ရုံတစ်ခုသို့ အလည်ရောက်ရှိသွား သည်။ စက်ရုံထဲ၌ ပန်းကန်ပြားပျံနှင့်တူသော ယာဉ်ကြီးနှစ်စင်းကို တွေ့ခဲ့ရ၏။ တစ်စင်းမှာ အကောင်းပကတိအတိုင်း ရှိနေပြီး ကျန်တစ်စင်းမှာ ပျက်စီးနေလေ သည်။ ၎င်းပြင် မစ္စစ်ဂတ်နာသည် တစ်နေ့တွင် လူနှင့်တူသော ဂြိုဟ်သားအ လောင်းနှစ်လောင်းကို အခန်းတစ်ခုအတွင်းမှ အခြားအခန်းတစ်ခုဆီသို့ ပြောင်း ရွှေ့သယ်ဆောင်သွားသည်ကို တွေ့မြင်ခဲ့ရ၏။ ဤကဲ့သို့ မြင်တွေ့ခဲ့ရရုံမျှမက ယင်းအလောင်းတို့၏ ခွဲစိတ်စစ်ဆေးချက် အစီရင်ခံစာ(ပို့စ်မော်တင်)ကိုလည်း မှတ်တမ်းပြုစုပေးခဲ့ရ၏။ မစ္စစ်ဂတ်နာ သိရှိခဲ့ရသည်မှာ ပန်းကန်ပြားပျံယာဉ်မှူး ဂြိုဟ်သားတို့၏အလောင်းများကို တာရှည်ခံစေရန် ဓာတုဗေဒဆေးရည်တစ် မျိုးဖြင့် စိမ်ထားခြင်းပင် ဖြစ်၏။ ယင်းအလောင်းများ၏ အရပ်အမောင်းတို့မှာ (၄)ပေမှ(၅)ပေအတွင်း၌သာရှိကြ၏။များသောအားဖြင့် လူနှင့်တူကြသည်ဆို၏။ သို့ရာတွင် ၎င်းတို့၏ ဦးခေါင်းအနေအထား အရွယ်အစားမှာ သူတို့၏ခန္ဓာကိုယ် နှင့် နှိုင်းစာလျှင် အချိုးကြီးမားလွန်းနေကြသည်။ ဂြိုဟ်သားတို့၏မျက်ဝန်းမှာ လူသားတို့ကဲ့သို့ ဝိုင်းဝန်း၍ မနေဘဲ နံဘေးသို့ ခပ်ရွှေရွှေ ရှိကြလေသည်။ မစ္စစ်ဂတ်နာထံမှ နောက်ထပ် ဝီလျံ သိရှိခဲ့ရသည်မှာ သူမ တွေ့ရှိခဲ့ရသော ဂြိုဟ်သားအလောင်းနှစ်လောင်းမှာ များမကြာမီက ပျက်ကျခဲ့သော ပန်းကန်ပြား ပျံကြီးမှ ယာဉ်မှူးဂြိုဟ်သားတို့၏ ဥတုဇရုပ်များ ဟုတ် မဟုတ် မသိခြင်းပင် ဖြစ်ပါသည်။

ထိုစဉ်က ပန်းကန်ပြားပျံ ပျက်ကျခဲ့ရသည့်အကြောင်းရင်းနှင့် ပတ်သက် ၍ ကောလာဟလ သတင်းအမျိုးမျိုး ထွက်ပေါ်နေခဲ့ပါသည်။ အချို့ကလည်း ရိုစ်ဝဲလ်ပန်းကန်ပြားပျံ ပျက်ကျခဲ့ခြင်းမှာ သွေးရိုးသားရိုးမဟုတ်နိုင်၊ အမေရိကန် လေတပ်မတော်က တမင်ပစ်ချခဲ့ခြင်းဖြစ်သည်ဟုဆိုကြ၏။ အချို့ကလည်း ယူဖိုး စက်မှုသိပ္ပံ ထောက်လှမ်းရေးဆိုင်ရာ ရေဒါများ ပစ်လွှတ်ထားခဲ့ရာမှ မမျှော်လင့် ဘဲ ယူဖိုးတစ်စင်းနှင့် တွေ့ထိပျက်ကျခဲ့ရခြင်း ဖြစ်ကြောင်းနှင့် ပြောဆိုနေကြ လေသည်။

အဆိုပါ ကောလာဟလ ထင်မြင်ယူဆချက်တို့ မည်သို့ပင် နားမဆုံ အောင် ထွက်ပေါ်နေစေကာမူ အမေရိကန်တပ်မတော်မှ လုံးဝ လက်ခံခဲ့ဟန် မတူချေ။ အဘယ်ကြောင့်ဆိုသော် အခြား ဂြိုဟ်ကမ္ဘာများမှ ယခုကဲ့သို့ ကမ္ဘာ

မြေပြင်သို့ လာရောက်ကြသော ယူဖိုးတို့ကို အမိလိုက်နိုင်ရန်သော် လည်းကောင်း၊ ဖျက်ဆီးနိုင်ရန်သော် လည်းကောင်း ရေဒါစီမံကိန်းဖြင့် မည်သို့မျှ စွမ်းဆောင်နိုင်လိမ့်မည် မဟုတ်ပါချေ။

၁၉၅၆ ခုနှစ် အတွင်းက အီလက်ထရွန်းနစ် ရေဒါကိရိယာ အထူးတပ်ဆင်ထားသော အမေရိကန် တပ်မတော်(လေ)ထောက်လှမ်းရေး လေယာဉ် အာရ်ဘီ(၄၇) ***(RB-47)*** သည် ယူဖိုးတစ်စင်းနောက်သို့ လိုက်ခဲ့ဖူး၏။ ရှေ့မှ ပျံသန်းနေသည့် ယူဖိုးနောက်သို့ အမီလိုက်ခဲ့ရာ မက္ကဆီကိုပင်လယ်ကွေ့၊ မစ္စစ်စပီး၊ လူစီယားနားနှင့် တက်ဆပ်စ်ပြည်နယ်တို့ကိုပင် ဖြတ်ကျော်ခဲ့ပြီးနောက် ဥက္ကလာဟိုးမားပြည်နယ် အရောက်တွင် ယူဖိုးကြီးမှာ ပျောက်ကွယ်သွားခဲ့လေတော့သည်။ အကယ်၍သာ ရေဒါသည် ယူဖိုးတို့ကို မီအောင်လိုက်နိုင်ခဲ့ပါလျှင် တပ်မတော်လေမှ လိုက်ခဲ့သော ရေဒါကိရိယာ တပ်ဆင်ထားသည့် အထူးထောက်လှမ်းရေးလေယာဉ်သည် အဘယ်ကြောင့် မအောင်မြင်ခဲ့ရပါသနည်း။ အမှန်ကို ဝန်ခံရပါလျှင် ယူဖိုးတို့၏ စက်မှုသိပ္ပံအတတ်ပညာနှင့် အာကာသယာဉ်တို့မှာ ကျွန်ုပ်တို့ လိုက်မမီနိုင်အောင် အဆင့်မြင့်မားလွန်းနေလေသည်။

ယူဖိုးများ ကျွန်ုပ်တို့ ကမ္ဘာမြေပေါ် လာရောက်ကြခြင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာလောကကြီးကို သိမ်းပိုက်အနိုင်ယူလို၍ စိန်ခေါ်ခြင်း၊ ထိုးစစ်ဆင်ခြင်း ဖြစ်တန်ရာသည်ဟု ကျွန်ုပ်တို့ ဉာဏ်မီသလောက် တွေးခေါ်မြော်မြင် ယူဆကြခြင်းသာလျှင် ဖြစ်ပေသည်။ ဤသို့ တွေးဆကြခြင်းမှာလည်း အကြောင်းမဲ့မဟုတ်ပေ။ ၁၉၄၇ ခုနှစ်မှစတင်၍ ကမ္ဘာမြေပြင်ပေါ်သို့ ယူဖိုးများ လာရောက်သည့် အရေအတွက် ပိုမို များပြားလာခဲ့၏။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုတစ်ဝိုက်၌ လူးလာပျံသန်းနေကြသော အနန္တစကြဝဠာ ဂြိုဟ်သားတို့သည် ဗိုက်ဆင်း ခေါ် အကျဉ်းစွန်းအင်များ ပင်မအစိက တည်ရှိရာဒေသတို့နှင့် ပတ်သက်၍ သိလိုကြ၍လော တွေးတောဖွယ် စဉ်းစားဖွယ် ဖြစ်နေပါသည်။ ၎င်းတို့အနေနှင့် အနန္တစကြဝဠာနှင့် အလွန်အလွန် ဝေးကွာလှသော ကျွန်ုပ်တို့ဂြိုဟ်ကမ္ဘာလေး၏ တိုးတက်မှုအဖုံဖုံသည် မည်မျှ အဆင့်မြင့်မားနေကြပါသနည်း။ ယင်းတိုးတက်မှုသည် အဆိုးပေလော၊ အကောင်းပေလော သိလိုကြ၍ လာရောက်ကြခြင်း ဖြစ်ကောင်း ဖြစ်နိုင်စရာ အကြောင်းလုံလောက်နေတော့သည်။

ရှိုစ်ဝဲလ်အနီး ပျက်ကျခဲ့သော ယူဖိုးကြီးမှာ အမေရိကန်စစ်ဘက်မှ တမင်ပစ်ချ၍သော် လည်းကောင်း၊ မတော်တဆ ထိမှန်၍သော် လည်းကောင်း ပျက်ကျခဲ့ခြင်း မဟုတ်ကြောင်း သိသာထင်ရှားနေပေပြီ။ ပို၍ ယုတ္တိတန်သော

ယူဆချက်မှာ နွားခြံပိုင်ရှင်ကြီး မစ္စတာဘရာဇဲလ် ပြောပြခဲ့သည့် လျှပ်စစ်မုန်တိုင်း ကျရောက်စဉ် မိုးကြိုးထိမှန်၍ ပျက်ကျခဲ့သည်ဆိုသော ဆင်ခြေသာ ဖြစ်ပေသည်။

ဤသို့ဆိုမြန်လျှင်လည်း ဆန်ဖြဂတ်စတင်လွင်ပြင်မှ ပန်းကန်ပြားပျံကြီး (ယူဖိုး)ပျက်ကျပြီး မရှေးမနှောင်း၌ အချင်းဖြစ်နေရာဆီသို့ တပ်မတော်(လေ)မှ ရောက်ရှိလာခဲ့ခြင်းကိုလည်း ထည့်သွင်း စဉ်းစားကြရပေမည်။ ဤအချက်မှာ လည်း ရှင်းနေပါသည်။ ထိုညက ရိုစ်ဝဲလ်ပန်းကန်ပြားပျံကြီး စက်ချွတ်ယွင်းပြီး ကြီးစားထိန်းသိမ်းရင်း ထိုနယ်မြေတစ်ဝိုက်၌ လူးလာပျံသန်းနေခဲ့၏။ ယင်းယူဖိုး ကြီးကို ပိုက်ဆင်း ရေဒါစခန်းမှသော် လည်းကောင်း၊ တပ်မတော်လေယာဉ်တစ် စင်းစင်း သို့မဟုတ် ကုန်သည်လေယာဉ် တစ်စင်းစင်းကသော် လည်းကောင်း တွေ့မြင်ခဲ့ကြမည်မှာ မုချအမှန်ပင် ဖြစ်ပါသည်။

စစ်ဘက်လေယာဉ် သို့မဟုတ် ကုန်သည်လေယာဉ်တို့က ယူဖိုးကြီး မှုမမှန် ပျံသန်းနေသည်ကို ကမ္ဘာပေါ်မှ (နိုင်ငံခြားလေယာဉ်) လေယာဉ်တစ်စင်းစင်း လေမုန်တိုင်းမိ၍ လည်းကောင်း၊ စက်ချွတ်ယွင်း၍ လည်းကောင်း အတိဒုက္ခနှင့် ကြုံတွေ့နေရခြင်းဖြစ်သည်ဟု တထစ်ချ ယူဆခဲ့ကြပေမည်။ ထို့ကြောင့် အတတ် နိုင်ဆုံး အကူအညီပေးနိုင်ရန် ထိုယူဖိုးကြီးနောက်ကို လေယာဉ်အမှတ်ဖြင့် တ စိုက်မတ်မတ် လိုက်လာခဲ့ကြရင်း ဆန်ဖြဂတ်စတင်လွင်ပြင်ပေါ် ထိုးဆင်းပျက် ကျသွားသည်ကို တွေ့မြင်ခဲ့ကြပေလိမ့်မည်။ ထို့ကြောင့်ပင် ဆန်ဖြဂတ်စတင် ပေါ် ကျခဲ့သော ရိုစ်ဝဲလ် ပန်းကန်ပြားပျံကြီး၏ အကြီးဆုံး အစိတ်အပိုင်းနှင့် အာကာသယာဉ်မှူး ဂြိုဟ်သားတို့၏ အလောင်းများကို အချိန်မီ စစ်ဘက်မှ သိမ်းဆည်းသွားနိုင်ခဲ့ကြခြင်း ဖြစ်လေသည်။

စစ်ဘက်မှ ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည်ကို သိရှိသိမ်းပိုက်ပြီး ထိုသတင်းကို အတတ်နိုင်ဆုံး ဖုံးဖိပိတ်ဆို့ခဲ့ကြသည်။ သို့ရာတွင် ဘူးတစ်ရာ အပေါက်သာပိတ်၍ ရနိုင်ပေမည်။ လူတစ်ယောက် ပါးစပ်ပေါက်ကို ပိတ်၍ မရနိုင်ပါချေ။ ဤရိုစ်ဝဲလ်နှင့် ဆန်ဖြဂတ်စတင်ဒေသမှ ရရှိခဲ့သော ပန်းကန်ပြားပျံ အပျက်အစီးများ အစိတ်အပိုင်းများနှင့် အာကာသယာဉ်မှူးဂြိုဟ်သားတို့၏ အ လောင်းများ အကြောင်းမှာ တောမီးပမာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့ပါသည်။ ထိုသတင်းမှာ ကမ္ဘာတစ်ဝန်း သိရှိသွားခဲ့ရသောသတင်း ဖြစ်ပေသည်။ နောက်မှ သက်ဆိုင်ရာစစ်ဘက်မှ ဆင်သေကို ဆိတ်ရေဖုံးကာ ရိုစ်ဝဲလ်ကိစ္စကို အတင်း အစားထိုး ဖုံးကွယ်လိုက်ကြလေသည်။

အထက်ဖော်ပြပြီးခဲ့သမျှ ရိုစ်ဝဲလ်ပန်းကန်ပြားပျံ(ဝါ)ယူဖိုးနှင့် ပတ်သက်

သည့် လက်ရွှေးစင် ယုံနိုင်ဖွယ်၊ မယုံနိုင်ဖွယ် ကောလာဟလများ၊ တီးတိုးပါးစပ်သတင်းများ၊ထိပ်တန်း လျှို့ဝှက်အစီရင်ခံစာများနှင့် ကာယကံရှင် မျက်မြင်သက်သေများပါဝင်လုပ်ဆောင်ခဲ့သူများ၏ ဒုတိယမြို့ ထပ်မံအတည်ပြုပြောဆိုချက်များမှာ စိတ်ကူးယဉ် ဝတ္ထု ပုံပြင် ဆန်ချင်လည်းဆန်နေပေမည်။ သို့ရာတွင် ထိုကိစ္စ စတင် ဖြစ်ပွားခါစ ၁၉၄၇ သတင်းမှောင်မချခင် (ဆင်ဆာမဖြတ်ခင်) အချိန်က ထုတ်လွှင့်ခဲ့သော ရေဒီယိုသတင်းကြေညာချက်များ၊ သတင်းစာများနှင့် အချင်းဖြစ်ပွားရာ နေရာ၌ ကိုယ်တွေ့မျက်မြင်တို့၏ အခိုင်အမာ ထွက်ဆိုခဲ့ကြသော သက်သေသက္ခာယ အထောက်အထားများမှာ မည်သို့မျှ ငြင်းကွယ်၍ မရနိုင်တော့ချေ။ ယင်းအထောက်အထားများမှာ ခိုင်လုံသော အတည်ပြုချက်များသာလျှင် ဖြစ်ပေသည်။

မည်သို့ပင်ဆိုစေကာမူ အမေရိကန်စစ်ဘက်မှ ဤရိုစ်ဝဲလ် ဖြစ်ရပ်မှန်နှင့်ပတ်သက်သော ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့်သတင်းကို နှစ်ပေါင်းအတန်ကြာအောင် လျှို့ဝှက်ထားခဲ့ကြပေသည်။ ၁၉၅၄ ခုနှစ်သို့ ရောက်ခဲ့လေပြီ။ အချင်းဖြစ် ရိုစ်ဝဲလ်ဖြစ်ရပ်မှန်ကိစ္စ ပေါ်ပေါက်ခဲ့ပြီး (၇)နှစ်တာ ကြာညောင်းခဲ့၏။ စစ်ဘက်ဆိုင်ရာ၏ ထုံးတမ်းစဉ်လာအတိုင်း မိမိတို့ နာခံရမည့်အကြီးအကဲ၏ အမိန့်အာဏာကို ရှိသေလေးစားလိုက်နာကြရလေသည်။ အမေရိကန်နိုင်ငံတွင် ထိုနှစ် အာဏာရရှိလာခဲ့သော သမ္မတကြီး၏ ဩဇာအာဏာကို မည်သူမျှ မပယ်ရှားနိုင်ပေ။ ၎င်းမှာ သမ္မတကြီးဒွိုက်အိုင်ဆင်ဟောင်ဝါ ***(Dwright Eisenh ower)*** ပင် ဖြစ်ပါသည်။

♣ ♣ ♣

## အခန်း(၇)
## သမ္မတကြီးနှင့် လက်ရသိမ်းဆည်းထားသော ပန်းကန်ပြားပျံ

ဗိုလ်ချုပ်ကြီး ဒွိုက်စင်ဟောင်ဝါမှာ ထိုခေတ်က အမေရိကန်သမ္မတများ အနက် စစ်ဘက်နယ်ဘက် တန်ခိုးကြီးသြဇာအညောင်းဆုံး ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်၏။ (အခြား သမ္မတများမှာ စစ်ဘက်အတွေ့အကြုံ ရှိကြသော်လည်း စစ်မှုထမ်းများ မဟုတ်ကြပေ)သူသည် စစ်ဘက်ဆိုင်ရာ ထောက်လှမ်းရေးကိစ္စရပ်များကို စိတ်လည်းဝင်စားသူဖြစ်ပြီး အံဝင်ခွင်ကျဖြစ်အောင် ဆုံးဖြတ်နိုင်သူလည်း ဖြစ်ပါသည်။ ပထမပတ် သမ္မတသက်တမ်း၌ပင် ဒွိုက်စင်ဟောင်ဝါသည် ရှိစ်ဝဲလ် ပန်းကန်ပြားပျံကိစ္စကို သက်ဆိုင်ရာ တာဝန်ရှိသူတို့ထံ အမှန်ကို အမှန်တိုင်း အရှိကို အရှိတိုင်း သိရှိရန် စုံစမ်းမေးမြန်းခဲ့၏။

ဝင်လျှင်ဝင်ချင်း ဆောက်နှင့်ထွင်း ဆိုသကဲ့သို့ သမ္မတကြီးမှာ ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့် ထိပ်တိုက်တိုးခဲ့ရလေသည်။

ပထမဦးစွာ ပြဿနာဆိုပါလျှင် သူကိုယ်တိုင်ပင် အံ့သြတုန်လှုပ်သွားခဲ့ရသည့်ကိစ္စဖြစ်၏။(အချို့က ကြောက်ရွံ့နောက်ဆုတ်သွားခဲ့ရမတတ် ဖြစ်ခဲ့ရသည်ဟုပင် ပြောဆိုနေခဲ့ကြလေသည်။)ယင်းပြဿနာမှာ ရှိစ်ဝဲလ်ပန်းကန်ပြားပျံ ကိစ္စနှင့် စပ်လျဉ်း၍ သမ္မတကြီးက ဝင်ရောက်စွက်ဖက်ခြင်းကို ကန့်ကွက်လိုက်

ခြင်းပင် ဖြစ်ပါသည်။ အိုင်စင်ဟောင်ဝါသည် အမေရိကန်ပြည်ထောင်စုကြီး တစ်ခုလုံး၏ အချုပ်အခြာအာဏာကို အပ်နှင်းထားခြင်း ခံရသည့်သမ္မတကြီး ဖြစ်ရုံမက အမေရိကန်ပြည်ထောင်စုကြီး၏ တပ်မတော်ဖခင် ဗိုလ်ချုပ်ကြီး တစ်ဦးလည်း ဖြစ်ခဲ့သည်။ထိုအရေးအခင်း၌ အိုင်စင်ဟောင်ဝါအား ထိပ်တန်း လျှို့ဝှက်ကိစ္စဖြစ်၍ ဝင်ရောက်စွက်ဖက်ခြင်း၊ မေးမြန်းခြင်း၊ စိစစ်ခြင်း အလျှင်း မပြုနိုင်ကြောင်းနှင့် အတိုက်အခံ ကန့်ကွက်ဝံ့သူမှာ အမေရိကန်ပြည်ထောင်စု ဗဟိုထောက်လှမ်းရေး အေဂျင်စီ ခေါ် စီအိုင်အေ *(C.I.A)* အဖွဲ့ချုပ်ကြီး၏ အမြင့်ဆုံး အာဏာပိုင် ဖြစ်ပါသည်။ (၎င်း၏အမည်ကို မဖော်ပြပါ။)

ထိုအချိန်က အမေရိကန်ပြည် ဗဟိုထောက်လှမ်းရေးအဖွဲ့ချုပ်ကြီး၏ မူဝါဒမှာ ၎င်းတို့၏ လျှို့ဝှက်ထောက်လှမ်းရေးကိစ္စ အဝဝမှာ အမျိုးသားရေးဖြစ်၍ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ဗဟိုအာဏာပိုင်များသာမက နိုင်ငံတော်သမ္မတပင် ဖြစ်လင့်ကစား ဝင်ရောက်စွက်ဖက်နိုင်ခွင့်၊ မေးမြန်းစုံစမ်းနိုင်ခွင့် အလျှင်းမပြု ခဲ့ကြချေ။

အဆိုပါ အမည်မဖော်လိုသူ စီအိုင်အေအဖွဲ့ချုပ်ကြီး၏ ဦးစီးမှူးကြီး၏ အဆိုအရ သိရသည်မှာ ဤရိုစ်ဝဲလ်ကိစ္စရပ်နှင့် အလားတူကိစ္စရပ်များမှာ တစ်မျိုး သားလုံး၏အရေးဖြစ်၍ သမ္မတကိုလည်း မယုံကြည်နိုင် ဟူ၍ ဖြစ်ပါသည်။ ၎င်းပြင် စီအိုင်အေအဖွဲ့ချုပ်ကြီး၏ ထောက်လှမ်းရေး ကိစ္စရပ်များမှာ ထိပ်တန်းလျှို့ဝှက် ချက်ဖြစ်၍ အိုင်စင်ဟောင်ဝါ ဝင်ရောက်စွက်ဖက်ခြင်းကိုပင်လျှင် မိမိတို့ အနေ ဖြင့် ယုံမှားသံသယဖြစ်မိသည်ဟု ဆိုလေသည်။ စီအိုင်အေ၏ လုပ်ထုံးလုပ်နည်း အရ မိမိလုပ်ငန်းဆောင်တာကိစ္စအဝဝကို အိမ်ဖြူတော်မှ အမိန့်အာဏာကို လုပ်ပိုင်ခွင့်ဖြင့်သာ စီမံခန့်ခွဲလုပ်ဆောင်လေ့ရှိကြ၏။

သမ္မတကြီး အိုင်စင်ဟောင်ဝါအနေနှင့်လည်း ဤရိုစ်ဝဲလ် ပန်းကန်ပြားပျံ ပျက်ကျခဲ့သည့်ကိစ္စမှာ အမှန်တကယ်ဖြစ်ကြောင်း သိရှိခဲ့ပြီးဖြစ်၍ မိမိ အနေဖြင့် ဝင်ရောက်လုပ်ဆောင်သင့်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းသာလျှင် ဖြစ်လေသည်။ ယင်း ကိစ္စနှင့်ပတ်သက်၍ သမ္မတကြီးနှင့် စစ်ဘက်အာဏာပိုင်တို့ သဘောကွဲလွဲမှုဖြစ်ခဲ့ ကြောင်း ကြားသိခဲ့ရ၏။ ဤသည်မှာလည်း အံ့ဩစရာ မဟုတ်ပေ။ဤ ပန်းကန် ပြားပျံကိစ္စနှင့်စပ်လျဉ်း၍ မည်မျှထိ ပဋိပက္ခ အငြင်းပွားခဲ့မည်ဆိုသည်ကို ခန့်မှန်း ကြည့်လျှင် သိသာလောက်ပေသည်။

သမ္မတကြီးအိုင်စင်ဟောင်ဝါ ဝင်ရောက်စွက်ဖက်သည့် စီအိုင်အေ လျှို့ဝှက် ချက်ကို ဆန့်ကျင်တားမြစ်သည့် အုပ်စုအနေနှင့် ဤကိစ္စကို လုံးဝ အသိမပေး

ရန် အကြံပြုခဲ့ကြ၏။ အမှန်စင်စစ် ရိုစ်ဝဲလ်ပန်းကန်ပြားပျံပျက်ကြီးနှင့် အနန္တစကြဝဠာ ဂြိုဟ်သားယာဉ်မှူးအလောင်းတို့ကို သိမ်းဆည်းရရှိခဲ့ခြင်းမှာ သိပ္ပံလောကအတွက်သာမဟုတ်၊ အမေရိကန်အမျိုးသားလုံခြုံရေး ကာကွယ်ရေး ကိစ္စရပ်များအတွက်ပါ အရေးပါ အရာရောက်ဆုံး ဖြစ်နေပေသည်။

မည်သည့်တိုင်းပြည်မဆို ဤကဲ့သို့ ပန်းကန်ပြားပျံကြီးကိုရရှိခဲ့မည် ဆိုပါက အနန္တစကြဝဠာ ဂြိုဟ်သားတို့၏ အာကာသစက်မှုသိပ္ပံ တည်ဆောက်မှုပညာရပ်များကို လေ့လာနိုင်ကြပေမည်။ ပန်းကန်ပြားပျံ ခေါ် ယူဖိုးများကို မည်ကဲ့သို့ တည်ဆောက်မောင်းနှင် ပျံသန်းရကြောင်းကိုလည်း သိရှိနိုင်ကြပေမည်။

ဤသို့ဆိုလျှင် အတုမဲ့ အာကာသယာဉ်ကြီးမျိုးကို ထပ်တူထပ်မျှ တည်ဆောက်နိုင်ကြပြီး ရန်သူ၏အကူးမြန်ဒုံးကျည် မဟာဗျူဟာလက်နက်ကြီးများကိုပင် ကာကွယ်ရန် နည်းလမ်းများ ရရှိလာခဲ့ကြပေမည်။ ဤသို့သော အနန္တစကြဝဠာဆိုင်ရာ စက်မှုသိပ္ပံပညာရပ်များ တိုးတက်ထွန်းကားလာခဲ့ပါလျှင် ထိုတိုင်းပြည်သည် ကမ္ဘာပေါ်တွင် ပြိုင်စံရှားနိုင်ငံအဖြစ် ရောက်ရှိလာနိုင်ပြီး သိပ္ပံပညာရပ်များနှင့် မဟာဗျူဟာလက်နက်ကြီးများကို တီထွင်ပိုင်ဆိုင်တော့မည်မှာ မြေကြီးလက်ခတ်မလွဲတော့ပေ။

အထက်ဖော်ပြပါ စဉ်းစားဖွယ် အချက်အလက်တို့ကို လက်ခံမည်ဆိုပါလျှင် စစ်ဘက်အာဏာပိုင်တို့ နှုတ်ပိတ်ရေငုံနေခဲ့ကြသည့် ရိုစ်ဝဲလ် ဖြစ်ရပ်မှန်မှာ အဓိပ္ပာယ်ရှိနေကြောင်း ထင်ရှားလှပေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ထိုစဉ်က သတင်းဆင်ဆာဖြတ်တောက်ခဲ့ခြင်း၏ ပေါ်လွင်ထင်ရှားသော သီဝရီတစ်ရပ်မှာ ဤသို့ ဖြစ်ပါသည်။

အကယ်၍ အမေရိကန်စစ်ဘက်မှ ပြည်သူတို့ ယူဖိုးများ တကယ်အမှန် ထင်ရှား ရှိ မရှိ သက်သေသဏ္ဍာယ ပြကြပါဟု ဆွေးနွေးတင်ပြဖိတ်ခေါ်ခဲ့ပါမူ ပြည်သူတစ်ရပ်လုံး ကသောင်းကနင်း ဖြစ်လာမည့် မလိုလားအပ်သောလက္ခဏာနှင့် ရင်ဆိုင်ရပေမည်။ သို့ရာတွင် ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်သူအများ ကသောင်းကနင်း အုပ်မနိုင်ထိန်းမရ ချောက်ချားသွားမည် မသွားမည်ကို အတပ်မပြောနိုင်ချေ။

ယူဖိုး ခေါ် ယူအက်ဖ်အိုများနှင့် စပ်လျဉ်း၍ လုပ်သားပြည်သူများ သက်ဆိုင်ရာ အာဏာပိုင်တို့နှင့် ပူးပေါင်းစိတ်ဝင်တစား ရှိလာကောင်း လာကြပေမည်။ သို့မဟုတ် အပြင်းအထန် စိတ်ဝင်စားလာကြကောင်း လာကြမည်။ ဤသည့်ရလဒ်သာ သက်ဆိုင်ရာ အစိုးရအာဏာပိုင်တို့အတွက် အမြတ်ထွက်

ပေလိမ့်မည်။ သည့်ထက်ပို၍ အကျိုးရှိနိုင်စရာ မမြင်ချေ။ အစိုးရကသာ တရားဝင် တင်ပြဆွေးနွေး ရင်ဖွင့်ခဲ့ပါမူ လုပ်သားပြည်သူတို့အနေနှင့် ယူဖိုးများ အကြောင်း ယခုထက် ပိုမို သိရှိလာနိုင်စရာသာ ဖြစ်ပေလိမ့်မည်။

အကယ်၍ အမေရိကန်ပြည်ထောင်စု စစ်ဘက်အတွက် ယူဖိုးကိစ္စရပ်များသည် အကျိုးဖြစ်ထွန်းနိုင်စရာအကြောင်း ရှိခဲ့မည်ဆိုပါလျှင် ယင်းကိစ္စကို ပိုနေမြဲ ကျားနေမြဲ အတိုင်း ဆက်လက် လျှို့ဝှက်ထားသင့်လှပေသည်။ သို့မှသာ အနန္တစကြဝဠာ စက်မှုသိပ္ပံ၊ အာကာသဆိုင်ရာ တိုးတက်တီထွင်မှုများကို တည်ဆောက်ခြင်းနှင့် လိုအပ်သော စစ်ဆင်ရေးများကို လုပ်ကိုင်နိုင်ပေလိမ့်မည်။ ထိုအကျိုးကျေးဇူးများမှာ စင်စစ် ကျွန်ုပ်တို့ ပြည်ထောင်စုသားများ အတွက်သာ လျှင် ဖြစ်ပေသည်။

ဤအကြောင်းများကြောင့်သာလျှင် ယူဖိုးနှင့် ပတ်သက်လာလေတိုင်း သက်ဆိုင်ရာမှ သတင်းဆင်ဆာဖြတ်တောက်ကြခြင်းဖြစ်ကြောင်း လုပ်သားပြည်သူတို့ နားလည် သဘောပေါက်သင့်ပေပြီ။ အခြားနိုင်ငံများ၌ လေကြောင်းကင်းထောက်လေယာဉ်များသည် လည်းကောင်း၊ ကုန်သည်လေယာဉ်များသည် လည်းကောင်း ယူဖိုးများကို မကြာခဏ တွေ့မြင်ခဲ့ကြရကြောင်း၊ ၎င်းတို့ တွေ့ရှိကြရသည့် နေရာများ၌လည်း ထိုတိုင်းနိုင်ငံတို့၏ ကောင်းကင်လေထုထဲ၌ လည်းကောင်း၊ ပင်လယ်ရေပြင်တစ်ဝိုက်၌ လည်းကောင်း တွေ့ကြုံခဲ့ကြရခြင်း ဖြစ်၏။ သို့ရာတွင် ယင်းသတင်းများကို ၎င်းတို့ တိုင်းပြည်အစိုးရအနေနှင့် ထိမ်ဝှက်မထားဘဲ တရားဝင် ပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့သည်ကို တွေ့ရှိရပါသည်။

အဆိုပါ ယူဖိုးခေါ် ပန်းကန်ပြားပျံများကို မကြာခဏ တွေ့မြင် ကြုံဆုံခဲ့ကြရသော တိုင်းပြည်တို့အနက် အဓိကရ တိုင်းပြည်များမှာ အာဂျင်တီးနား၊ ချီလီ၊ ဥရုဂွေး၊ ကိုလံဘီယာ၊ မက္ကဆီကို၊ စပိန်၊ အီတလီ၊ ဆွီဒင်၊ နော်ဝေး၊ ဩစတေးလျ၊ နယူးဇီလန်နိုင်ငံနှင့် အများဆုံး တွေ့မြင်ရသောနိုင်ငံမှာ ကနေဒါနိုင်ငံ ဖြစ်၏။ ကနေဒါနိုင်ငံ ဆိုပါလျှင် ယူဖိုးများ လူးလာပျံသန်း ကျက်စားနေကြသည်မှာ ယူအက်စ်အေနီးပါးမျှ ဖြစ်၏။

ဤ ကနေဒါနိုင်ငံသည်လည်း အနန္တစကြဝဠာသားတို့၏ မဟာဗျူဟာအင်အားဖြန့်ကျက်ရာဒေသ ဖြစ်လာခဲ့ပြီး ယူဖိုးမျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်အစီရင်ခံစာများ သက်ဆိုင်ရာ အစိုးရဌာနသို့ အတောမသတ် တက်လာခဲ့လေတော့သည်။ ကနေဒါနိုင်ငံသည် နိုင်ငံတကာ(အပြည်ပြည်ဆိုင်ရာ) နယ်ခြားဒေသများတွင် အကျုံးဝင်နေသော နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်နေခြင်းကြောင့်လည်း ဤမျှ

ယူဖိုးတို့ ပျံသန်းမှုများပြားရခြင်း ဖြစ်ပေသည်။

ကနေဒါနိုင်ငံသည် ရိုစ်ဝဲလ် ပန်းကန်ပြားပျံကိစ္စပေါ် ပေါက်ခဲ့ပြီးနောက် များမကြာမီကာလမှစ၍ အမေရိကန်တို့ ယူဖိုးနှင့်ပတ်သက်၍ လျှို့ဝှက်လုပ်ဆောင်နေသော လုပ်ငန်းရပ်များကို တစေ့တစောင်း စိတ်ဝင်တစား လေ့လာအကဲခတ်နေခဲ့ကြလေသည်။ ဤအကြောင်းကို ထောက်ပြစရာ အထောက်အထားတစ်ရပ်မှာ ကနေဒါနိုင်ငံ အော့တာဝါမြို့ သယ်ယူပို့ဆောင်ရေးဌာနသို့ ပေးပို့ခဲ့သော ဒဗလျူဘီစမစ် ဆိုသူထံမှ စာတစ်စောင် ဖြစ်ပါသည်။ ၎င်းစာမှာ ၁၉၅၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့စွဲ တပ်ထားလေသည်။

ထိုအမှတ်တရစာလွှာ (မိမို)ကို ရေးသားခဲ့သူ ဝီလ်ဘတ်ဘီစမစ် ***(Wilbert B. Smith)*** မှာ ကနေဒါနိုင်ငံ သယ်ယူပို့ဆောင်ရေးဦးစီးဌာန အထက်တန်းရေဒီယိုအင်ဂျင်နီယာတစ်ဦး ဖြစ်၏။ ၎င်းပြင် သူသည် ထိုဌာနရှိ အသံလွှင့်ဌာနနှင့် အသံလွှင့် အစီအစဉ်ဌာနစိတ် တာဝန်ခံအရာရှိလည်း ဖြစ်၏။ မစ္စတာစမစ်မှာ ၁၉၅၀ ပြည့်နှစ်က ကိုလံဘီယာနိုင်ငံ ဝါရှင်တန် ဒီးစတြိတ်မြို့ အင်အေအာရ်ဘီ ***(NARB)*** ခေါ် အမျိုးသားရေဒီယို အသံလွှင့်အဖွဲ့အစည်းများ ကွန်ဖရင့်တစ်ရပ်သို့ ကနေဒါနိုင်ငံမှ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ရလေသည်။ မစ္စတာ စမစ်မှာ ကမ္ဘာမြေကြီး၏သံလိုက်ဓာတ် မြေပြင်အင်အားကိုယူ၍ အဖြစ်နိုင်ဆုံး အသုံးချသိပ္ပံသုတေသန လုပ်ငန်းများ၌ အထူးစိတ်ပါဝင်စားသူ တစ်ဦးလည်း ဖြစ်၏။

၎င်း၏ ကနေဒါနိုင်ငံ သယ်ယူပို့ဆောင်ရေးဦးစီးဌာနသို့ ပေးပို့ခဲ့သော ထိပ်တန်းလျှို့ဝှက် မှတ်တမ်းလွှာစာမှ ဆီလျော်သောစာပိုဒ်များကို ကောက်နုတ်၍ အောက်တွင် ဖော်ပြပါသည်။ [ထိုမှတ်တမ်းမှာ ယခင် စမစ် ပေးပို့စဉ်က ထိပ်တန်းလျှို့ဝှက်အဆင့်မှ ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ရောက်သောအခါ လျှို့ဝှက်အဆင့်သာ ရှိပေတော့သည်။]

***ကနေဒါနိုင်ငံ ပို့ဆောင်ဆက်သွယ်ရေး ဦးစီးဌာန***
***ဦးဆောင်ညွှန်ကြားရေးမှူးထံ ပေးပို့သော***
***လျှို့ဝှက်အစီရင်ခံ မှတ်တမ်း***

ကျွန်တော်တို့တစ်တွေ(အမေရိကန် ပြည်ထောင်စုသားတွေ)ဟာ ထွန်းသစ်တဲ့ စက်မှုသိပ္ပံနည်းသစ်လမ်းကြောင်းပေါ် ရောက်ခဲ့ပြီလို့ပဲ ကြွေးကြော်ချင်ပါတယ်။ ဒီစက်မှုသိပ္ပံပညာရပ်ဟာ ကျွန်တော်တို့ကမ္ဘာပေါ် မှာ မပေါ်ခဲ့ဘူးသေး

တဲ့ အနန္တစကြဝဠာသားတို့ရဲ့ အတတ်တွေ ဖြစ်ပါတယ်။ ဒါဟာလည်း တခြားတော့ မဟုတ်ပါ။ ညွှန်မှူး . . ပန်းကန်ပြားပျံတွေနဲ့ ဆက်နွယ်ပြီး စူးစမ်းလေ့လာခဲ့ရာမှ သိရှိတိုးတက်လာခဲ့တဲ့ အနန္တစကြဝဠာ စက်မှုသိပ္ပံ၊ အာကာသိပ္ပံပညာရပ်တွေ ဖြစ်ပါတယ်။

ကျွန်တော် ဝါရှင်တန်မြို့ အင်အေအာန်ရဲ့ကီ ကွန်ဖရင့် တက်ရောက်နေတုန်းမှာ စာအုပ်နှစ်အုပ်ကို အမေရိကန်အစိုးရက တရားဝင် ထုတ်ဝေခွင့် ပြုလိုက်တယ် ခင်ဗျ။ အဲဒီ စာအုပ်တွေကတော့ စာရေးဆရာကြီး စကာလီ ***(Scully)*** ရေးသားတဲ့ *ပန်းကန်ပြားပျံများ နောက်ကွယ်ဝယ်* ***(Behind The Flying Saucers)*** နဲ့ စာရေးဆရာကြီး ဒွန်ကီးဟိုး ***(Don Keyhoe)*** ရေးသားတဲ့ *ပန်းကန်ပြားပျံများ တကယ်ရှိကြသည်* ***(The Flying Saucers Are Real)*** ဆိုတဲ့ စာအုပ်တွေ ဖြစ်ပါတယ်။

စာအုပ် နှစ်အုပ်စလုံးမှာ ယူဖိုးမျက်မြင်ကိုယ်တွေ့ ဖြစ်ရပ်တွေကို အထောက်အထား ခိုင်ခိုင်လုံလုံနှင့် တိတိကျကျ ရေးသား ဖော်ပြထားကြတာတွေ့ရပါတယ်။ ပြီးတော့ စာရေးဆရာကြီး နှစ်ဦးစလုံးက ပန်းကန်ပြားပျံယာဉ်မှူးတွေဟာ အနန္တစကြဝဠာ ဇာစ်မြစ်သားတွေဖြစ်ကြောင်း၊ ၎င်းတို့ စီးနင်းလိုက်ပါလာခဲ့ကြသော ပန်းကန်ပြားပျံ ခေါ် ယူဖိုးတို့မှာလည်း အခြား ဂြိုဟ်ကမ္ဘာများမှ အာကာသယာဉ်ကြီးများဖြစ်ကြောင်း အတည့်အလင်း တင်ပြထားကြတာ တွေ့ရပါတယ်။

ခုလို ဒီစာအုပ်နှစ်အုပ်ကိုလည်း ဖတ်ရ ယူဖိုးတွေအကြောင်းကိုလည်း သိရပြန်တော့ ကျွန်တော့်စိတ်ထဲ တို့တစ်တွေ လုပ်ကိုင်နေခဲ့ကြတဲ့ ကမ္ဘာ့သံလိုက်ဓာတ် မြေပြင်အသုံးချနိုင်ရေး သုတေသနဖြစ်တဲ့ ***(Geomagnetics)*** နဲ့ ပတ်သက်လို့ပေါ့ ခင်ဗျာ။ ဒီလုပ်ငန်းကိုသာ အမေရိကန်ပြည်ထောင်စု ယူဖိုး သတင်းထောက်လှမ်းရေးဌာန အနေနဲ့ သိကြရင်တော့ ကျွန်တော်တို့ကို လိုအပ်တဲ့ အကူအညီတွေများ ပေးကောင်း ပေးကြမလားရယ်လို့ မျှော်လင့်မိတယ်။

ဒါနဲ့ ကျွန်တော်လည်း မျှော်လင့်ချက်နဲ့ ပတ်သက်လို့ အလားအလာရှိမရှိ သိချင်တာနဲ့ ဝါရှင်တန်မှာ ရှိနေတဲ့ ကျွန်တော်တို့သံရုံး(ကနေဒါသံရုံး) မိတ်ဆွေအမှုထမ်း တစ်ဦးကို စုံစမ်းကြည့်မိပါတယ်။ သူက အောက်ဖော်ပြပါ အင်ဖော်မေးရှင်း(သတင်း)တစ်ခုကို ပေးခဲ့ပါတယ် ခင်ဗျ၊ သူ့သတင်းကတော့-

(က) ဒီကိစ္စ(ယူဖိုး)ဟာ အမေရိကန်အစိုးရ အတွင်းမှာကိုပဲ ထိပ်တန်းလျှို့ဝှက် အဖြစ်နဲ့ အထူးကြီးကြပ်ထားတဲ့ကိစ္စ ဖြစ်တယ်၊ ဘယ်လောက်တောင်

ကျပ်တည်းစွာ လျှို့ဝှက်ထားကြသလဲဆိုရင် အိပ်ခန်း(ဟိုက်ဒရိုဂျင်ဗုံး)ထက်တောင် အလေးအနက်ပြုထားတယ်လို့ သိရပါတယ်။ (စာရေးဆရာ ချာလ်ဘားလစ်၏ မှတ်ချက်။အိပ်ခန်းမှာ ၁၉၅၂ ခုနှစ်က ပထမဆုံး စမ်းသပ်ဖောက်ခွဲခဲ့သော်လည်း နှစ်နှစ်တိုင် ဆက်လက် လျှို့ဝှက်ထားခဲ့၏။)

(ခ)ပန်းကန်ပြားပျံများ တကယ်ရှိကြပါတယ်။

(ဂ)ပန်းကန်ပြားပျံကြီးတွေကို အနန္တစကြာဝဠာသား စက်မှုသိပ္ပံပညာရှင်ကြီးများ မည်ကဲ့သို့ တည်ဆောက်ထားကြတယ် ဆိုတာကို လုံးဝ မကြားရသေးဘူးလို့ ကြားရတယ်။ဒါပေမယ့် အမေရိကန်စစ်ဘက်ထောက်လှမ်းရေးဌာန လက်အောက်ရှိ တပ်မတော်လေ၊ စက်မှုသိပ္ပံဌာနမှ ဒေါက်တာဗင်နေဗားဘွတ်၏ ***(Dr. VannevarBush)*** ခေါင်းဆောင်တဲ့ အဖွဲ့ငယ်တစ်ခုက ကြိုးစား လေ့လာနေကြတုန်းလို့ သိရပါတယ်။

(ဃ) ကျွန်တော်တို့ ကမ္ဘာပေါ်ကို ယူဖိုး ခေါ် ပန်းကန်ပြားပျံကြီးများ စီးနင်းလိုက်ပါလာခဲ့ကြသူ အနန္တစကြာဝဠာဂြိုဟ်သားတွေရဲ့ အဓိက ဦးတည်ချက် ရည်ရွယ်ချက်တွေကို ခြုံပြီး အမေရိကန်စစ်ဘက်အာဏာပိုင်တို့ သုံးသပ်ချက်ကတော့ အလွန်အလွန် ကြောက်မက်ဖွယ်အဓိပ္ပာယ်ကို ဆောင်နေတယ်လို့ပဲ သိရှိရပါတယ်။

အထက်ပါ မစ္စတာစမစ်၏ မှတ်တမ်းနှင့်အတူ ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့စွဲဖြင့် စာတစ်စောင်ကို ပူးတွဲထားလေသည်။ ယင်းစာ၌ ဖော်ပြထားသည်မှာ ထိပ်တန်းလျှို့ဝှက်အဆင့်မှ လျှို့ဝှက် အဆင့်သို့ လျှော့ချထားပြီး ဤစာပါ သတင်းများမှာ မည်သည့်အချိန်၌မဆို ပြည်သူသို့ အသိပေးရန် လုံးဝ ခွင့်မပြု ဟူ၍ ဖြစ်ပါသည်။

ထိုအချိန်က အမေရိကန်ပြည်ထောင်စုအစိုးရ အတွင်း၌ ယူဖိုးကိစ္စနှင့် ပတ်သက်၍အချေအတင် အငြင်းပွားမှု ပြဿနာများ ရှုပ်ထွေးပေါ်ပေါက်နေခဲ့၏။ သမ္မတကြီး အိုင်စင်ဟောင်ဝါမှာ စကတည်းက ယဉ်သကိုး ဆိုသလို ကရောင်းနိုက်ကာ ပတ်ကြမ်းတိုက် ထွက်ခဲ့ရကြောင်း စဉ်းစားခန့်မှန်းကြည့်လျှင် သိနိုင်လောက်ပေသည်။

သို့ရာတွင် အိုင်အဖို့ စစ်မှုထမ်းသက် သမနိရှည်ကြာခဲ့သည်နှင့်အညီ ထောက်လှမ်းရေး လုပ်ငန်းဆောင်တာများမှာ အတွေ့အကြုံ ရင့်ကျက်နေခဲ့သူ ဖြစ်၏။ သူသည် စစ်ထောက်လှမ်းရေး အစီရင်ခံစာများ၊ လျှို့ဝှက်ကိစ္စများကို ကိုင်တွယ်ဖြေရှင်းနိုင်သောအရည်အသွေး ပြည့်ဝသူတစ်ဦးဖြစ်ပါသည်။ ရင်းသည်

အက်ဒွပ်လေတပ်မတော် အခြေစိုက်စခန်း၌ သိမ်းဆည်းထားသော ပန်းကန်ပြားပျံ ဒဏ္ဍာရီဇာတ်လမ်းကို ရုပ်ဝတ္ထုကျကျ အမှန်ကိုအမှန်တိုင်း သိရှိရန် စိတ်ဝင်စားနေခဲ့လေသည်။ဤသို့အားဖြင့် ၁၉၅၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကာလီဖိုးနီးယားပြည်နယ် မူရော့တပ်မတော်(လေ) အခြေစိုက်စခန်း (အက်ဒွပ်)တွင် ယူဖိုးအစီရင်ခံစာ တစ်ထပ်ကြီးကို ကြည့်ရှုစစ်ဆေးခဲ့၏။ ထိုအစီရင်ခံစာတို့အနက် ဖြစ်ရပ်တစ်ခုမှာ အသေးစိတ် ရေးသားတင်ပြထားခြင်း ဖြစ်၏။ ဤလျှို့ဝှက်ထောက်လှမ်းရေးကိစ္စကို သက်ဆိုင်ရာ ထိပ်သီးပုဂ္ဂိုလ်တို့မှအပ ဗဟိုအာဏာပိုင်ထံမှဆိုပါလျှင် သမ္မတအိုင်စင်ဟောင်ဝါ တစ်ဦးတည်းသာ ပထမ ဗွေဆော်ဦး လေ့လာကြည့်ရှုခဲ့ရခြင်း ဖြစ်၏။

ထိုနှစ် ဖေဖော်ဝါရီလလယ်ခန့်အတွင်း အိုင်စင်ဟောင်ဝါသည် ကာလီဖိုးနီးယားပြည်နယ်သို့ ဂေါက်သီးရိုက်သွားခဲ့၏။ သမ္မတကြီးသည် သူငယ်ချင်းဖြစ်သူ ပေါလ်ရိုင်းဟီးလမ်စ်၏ နွားခြံအိမ်၌ တည်းခိုခဲ့လေသည်။ ထိုနွားခြံရှိရာ ဒေသမှာ ပန်းစပရင်းဖြစ်ပြီး မူရော့နှင့်ဆိုပါလျှင် ခရီးမလှမ်းချေ။ အမေရိကန်သတင်းစာဆရာ သတင်းထောက်တို့မှာ သမ္မတကြီးနောက်သို့ သတင်းအနံ့ခံရင်း တကောက်ကောက်လိုက်နေခဲ့ပါသည်။ ထိုစဉ် ရုတ်တရက် အိုင်စင်ဟောင်ဝါမှာ တစ်နေ့လုံးလုံး ပျောက်ချက်သားကောင်းနေခဲ့၏။ သတင်းစာဆရာတို့မှာ မြေမလှုပ်မိုးမပျံဘဲ ပျောက်ချင်းမလှ ပျောက်သွားခဲ့သော သမ္မတကြီးအကြောင်း သက်ဆိုင်ရာတို့ကို မေးကြမြန်းကြနှင့် ခြေချင်းလိမ်နေကြလေတော့သည်။ ဤတွင် တစ်ယောက်တစ်ပေါက်နှင့် ထင်ကြေးသတင်းများ ထွက်ပေါ်လာခဲ့တော့သည်။

သက်ဆိုင်ရာ သမ္မတအိမ်တော်ဝန် အရာရှိတို့ကလည်း သမ္မတကြီး ဘာမှမဖြစ်ပါ၊ စိုးရိမ်စရာမရှိပါ၊ ကောင်းမွန်စွာ ရှိနေကြောင်း ပြန်ကြားခဲ့၏။ နောက်ဆုံးတွင် သတင်းနှင့်ပြန်ကြားရေးဌာန အတွင်းဝန် ဂျိမ်းဟက်ဂတ်တီး ***(James Haggerty)*** အား စမုတ်ထရီး ***(Smoke Tree)*** သို့ အရောက်လာခဲ့ရန် ချက်ချင်းဆင့်ခေါ်ခဲ့ရပေတော့သည်။သမ္မတကြီး မည်သည့်နေရာ၌ ရောက်ရှိနေပါသနည်း မည်သူမျှ မသိနိုင်ကြပေ။

ဤတွင် ပြည်ထောင်စုသတင်းစာ(ယူနိုက်တက်ပရက်စ်)မှ မာရီမန်စမစ် ***(Merriman Smith)*** က 'အိုင်စင်ဟောင်ဝါ ရုတ်တရက် ကောက်ကာငင်ကာ နာမကျန်းဖြစ်နေတယ်'ဟူ၍ ထင်ကြေးပစ်ခဲ့၏။ ထို့နောက် ကြေးနန်းသတင်းနှင့် 'သမ္မတကြီးကို နွားခြံတည်းခိုအိမ်မှ စစ်ဆေးရုံသို့ တင်ပို့လိုက်ရခြင်း'ဟူ၍ သတင်းစာတွင် ပါလာခဲ့လေတော့သည်။ ၎င်းပြင် အေပီသတင်းထောက်ကလည်း နယူး

ယောက်ကြေးနန်းသတင်း၌ 'အိုင် ရုတ်တရက် ကွယ်လွန်သွားကြောင်း' သတင်း ပေးပို့တော့မည့်ဆဲဆဲ၌ သတင်းနှင့်ပြန်ကြားရေး အတွင်းဝန် ဟက်ဂတ်တီး ရောက်လာပေ၍ မထည့်ဖြစ်ခဲ့ခြင်း ဖြစ်၏။

အတွင်းဝန် ဟက်ဂတ်တီးလည်း မီရာဒါယိုတယ်၌ သတင်းစာရှင်းလင်းပွဲ လုပ်ခဲ့ရလေသည်။ ၎င်းက 'သမ္မတကြီး ရုတ်တရက် ကောက်ကာငင်ကာ သွား ကိုက်ဝေဒနာ ခံစားနေရခြင်းဖြစ်လို့ ယခုလို ပျောက်နေခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် သူ၏တည်းခိုနေရာအိမ်မှ အိမ်ရှင်ပေါလ်ဗင်လမ်ကယင် သွားဆရာဝန် တစ်ဦးထံ ခေါ်သွားခြင်းဖြစ်ကြောင်း' စသဖြင့် ရှင်းလင်းတင်ပြခဲ့လေသည်။

သို့ရာတွင် သတင်းစာဆရာတို့က မည်သို့ပင် ယုံအောင် ယုန်ရုပ် ရေးပြခဲ့သော်လည်း မယုံရေချမယုံခဲ့ကြပေ။ သမ္မတကြီး သွားကိုက်ဝေဒနာခံစား နေရ၍ ဆရာဝန်နှင့် ကုသနေသည်ဆိုခြင်းမှာ သတင်းမှန် ဖုံးကွယ်ခြင်းသာ ဖြစ်ကြောင်း၊ အမှန်စင်စစ် အက်ဒွပ်လေတာပ်မတော် အခြေစိုက်စခန်းသို့ တိတ် တဆိတ် ထွက်ခွာသွားခြင်းသာလျှင်ဖြစ်ကြောင်း၊ ယင်းစခန်း၌ ပန်းကန်ပြားပျံ ပျက်ကြီးနှင့် အာကာသယာဉ်မှူးဂြိုဟ်သားတို့၏ အလောင်းများကို သွားရောက် လေ့လာ ကြည့်ရှုစစ်ဆေးနေခြင်း ဖြစ်ကြောင်း စသဖြင့် ဝေဖန်ခဲ့ကြလေ တော့သည်။

ဤကောလာဟလလိုလို တကယ်လိုလို ဖြစ်ပေါ်နေခဲ့သော သမ္မတကြီး အိုင်စင်ဟောင်ဝါနှင့် ပန်းကန်ပြားပျံသတင်းကို နယ်ခြားဒေသ သိပ္ပံသုတေသန အဖွဲ့အစည်းများ၏ညွှန်ကြားရေးမှူးချုပ် (ဦးဆောင်ညွှန်ကြားရေးမှူး)မီယာဒီလိန်း [၎င်းအကြောင်း အခန်း(၅)၌ ဖော်ပြပြီး ဖြစ်ပါသည်။] ကလည်း ကြားသိခဲ့၏။ သို့ရာတွင် ယင်းသတင်းကို အလေးအနက်မထားခဲ့ပေ။ ထို့နောက်(၃)လခန့်အကြာ ၁၉၅၄ ခုနှစ်ဧပြီလ ၁၆ ရက်နေ့၌ မီယာဒီလိန်းထံ သူ၏အသင်းဝင်တစ်ဦးဖြစ်သူ လော့စ်အိန်ဂျယ်လီးစ်မြို့ ဂျက်ရယ်လ်လိုက် *(Geral Light)* ထံမှ စာတစ်စောင် ရောက်ရှိလာခဲ့ပါသည်။

သူ၏စာထဲ၌ အက်ဒွပ်လေတာပ်မတော် အခြေစိုက်စခန်း၌ သူနှင့်အတူ အခြားပုဂ္ဂိုလ်ကြီး (၃) ဦးလည်း (၄၈) နာရီလုံးလုံး အတူတကွ ရှိနေခဲ့ကြပုံကို ဖော်ပြထား၏။ သူ၏အဖော်ပုဂ္ဂိုလ်ကြီးများမှာ ဟတ်စ် *(Hearst)* သတင်းစာတိုက်မှ သတင်းစာဆရာကြီး ဖရန်လင်အလန်၊ ဘရုကင်းစ်သိပ္ပံတက္ကသိုလ်မှ ဘဏ္ဍာ တော်ထိန်း အက်ဒ်ဝင်နိုစ်နှင့်လော့စ်အိန်ဂျယ်လီးစ်ဂိုဏ်းအုပ်ဘုန်းတော်ကြီး (ဂဏစရိယ)ကျိမ်းဟ်အက်ဖ်အေမတ်အင်တိုင်ယာ ဆိုသူတို့ ဖြစ်၏။ ဂျယ်ရယ်လ်

လိုက်တို့ လေတပ်မတော် အခြေစိုက်စခန်း၌ တွေ့ခဲ့ရသည့်မြင်ကွင်းမှာ ဒုံးမခန်းဟုဆိုပါသည်။ အလွန့်အလွန် ထူးခြားဆန်းကြယ်လွန်းသည့် သီးခြားလေယာဉ်ကြီး(၅)စင်းထက်မနည်းကို စစ်ဘက်သိပ္ပံပညာရှင်ကြီးတစ်စုနှင့် ထိပ်သီးအရာရှိကြီးများ လေ့လာစစ်ဆေးနေခဲ့ကြ၏။

လိုက်၏စာထဲ၌ သူသည် ထိုမြင်ကွင်းကြောင့် ဒုံးဩတုန်လှုပ်သွားခဲ့ရပါ သည်ဟု ဖော်ပြထား၏။ သူ့စာထဲ၌ "လောကမှာ မဖြစ်နိုင်တာရယ်လို့ မရှိတော့ ပါလားဟုရို့လို့ပဲ စိတ်ထဲက ဖြစ်ပေါ်မိခဲ့ပါတယ်"ဟူ၍ ဖော်ပြထားလေသည်။ ဂျယ်ရယ်လ်လိုက်၏ မူရင်းစာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဂျယ်ရယ်လ်လိုက်
အမှတ်(၁၀၅၄၅)၊ ဆန်နာရီလမ်းသွယ်၊
လော့စ်အိန်ဂျယ်လီးစ်မြို့၊
ကာလီဖိုးနီးယားပြည်နယ်။

(စာရရှိသည့်နေ့စွဲ ။ ၁၆-၄-၅၄)
မစ္စတာမီယာဒီလိန်း
ဆန်ဒီဂိုမြို့၊
ကာလီဖိုးနီးယားပြည်နယ်။

မိတ်ဆွေကြီး ခင်ဗျား . .

ကျွန်တော် ခုလေးတင်ပဲ မူရော့မြို့က ပြန်ရောက်လာခဲ့ပါတယ်။ အုတ်အော်သောင်းတင်းဖြစ်နေတဲ့ သတင်းကတော့ သွေးထွက်အောင် မှန်နေပြီဗျို့။

ကျွန်တော်တို့ ခရီးထွက်ခဲ့ကြရာမှာ ဟတ်စ်သတင်းစာတိုက်က ဖရန့်ကလင်အလန်ရယ်၊ သမ္မတကြီး ထရူးမင်းရဲ့ ဘဏ္ဍာရေး အတိုင်ပင်ခံဟောင်းကြီး အက်ဒ်ဝင်နိုစ်ရယ်၊ ပြီးတော့ ဂိုဏ်းချုပ်ဘုန်းတော်ကြီး မက်အင်တိုင်းယား (ဒီ ပုဂ္ဂိုလ်ကြီးတွေရဲ့ အမည်ကိုတော့ တစ်ဆိတ် ကျေးဇူးပြုပြီး လျှို့ဝှက်ထားစေလို ပါတယ်) လည်း ပါခဲ့ကြတယ်။

ပထမဦးဆုံး ကျွန်တော်တို့ကို လိုအပ်တဲ့ စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ကြတယ်။ အချိန် စုစုပေါင်း (၆)နာရီလောက် ကြာသွားခဲ့တယ်။ ဒီနောက်မှာ အလွန် တင်းကျပ် တားမြစ်ထားတဲ့ နယ်မြေအတွင်းကို ဝင်ခွင့်ရခဲ့ကြတယ်။ ကျွန်တော့် စိတ်ထဲမယ် 'ငါတို့ရဲ့ ကမ္ဘာလောကကြီးဟာ စိတ်ကူးယဉ်အိပ်မက်နဲ့ပဲ ခေတ်

နောက်ကျ ကျန်ခဲ့တော့မှာပါလားရယ်'လို့ ယူကျုံးမရ ခံစားမိလိုက်ပါတယ်။ ကျွန်တော်တို့ တွေ့ရတဲ့ တခြားကမ္ဘာက အာကာသယာဉ်ကြီးတွေကို မြင်လိုက်ရတော့ ကျွန်တော်ဖြင့် တို့ကမ္ဘာကြီးရဲ့ သိပ္ပံဆိုင်ရာ တိုးတက်မှုတွေဟာ သူတို့နဲ့ စာရင် ပိုးစုန်းကြူးနဲ့ လမင်းကြီးလို ကွာချင်တိုင်း ကွာနေပါလားရယ်လို့လည်း စိတ်မကောင်း ဖြစ်မိပါတယ်။

မှန်ပါတယ် ခင်ဗျာ့ အနန္တစကြဝဠာ ဂြိုဟ်ကမ္ဘာသားတွေရဲ့ စက်မှုသိပ္ပံနှင့် အာကာသယာဉ်ကြီးတွေ တည်ဆောက်မှု အတတ်ပညာရပ်တွေဟာ ကျွန်တော်တို့ကမ္ဘာနဲ့ အတိုင်းအဆမရှိ ကွာချင်တိုင်း ကွာနေကြပါတယ်။ ဒီတော့ ကျွန်တော်တို့ဆီက သိပ္ပံပညာရှင်ကြီးတွေ နိုင်ငံရေးပုဂ္ဂိုလ်ကြီးတွေဟာ အတွေးဟောင်း အမြင်ဟောင်းတွေ စွန့်ပယ်ချိန် သင့်ကြပြီပေါ့၊ အတွေးသစ် အမြင်သစ်တွေနဲ့ စကြဝဠာကမ္ဘာအရပ်ရပ်နဲ့ မီနိုင်အောင် ကြိုးစားသင့်ကြပြီလို့ပဲ ရင်ထဲမှာ ခံစားမိပါရဲ့ဗျာ။

ဒါနဲ့ အဲဒီ စခန်းမှာ ကျွန်တော်တို့တစ်တွေ (၅)ရက် ကြာခဲ့ကြတယ်။ ဒီရက်အတွင်းမှာ ကမ္ဘာပေါ်မှာ မရှိတဲ့ လေယာဉ်ကြီး(၅)စင်းကို တွေ့ခဲ့ရသဗျို့။ အဲဒီ အာကာသယာဉ်ကြီးတွေကို ကျွန်တော်တို့ဆီက လေတပ်မတော် အရာရှိကြီးတွေ လေ့လာစစ်ဆေးနေကြတာ တွေ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ သမ္မတကြီး အိုင်စင်ဟောင်ဝါရဲ့ ထောက်ခံခွင့်ပြုချက်နဲ့မို့ ကြည့်ခွင့်ရခဲ့ပါတယ်။ သို့သော်လည်း ပါးစပ်ကတော့ တစ်လုံးမှ မဟရဘူး ခင်ဗျ၊ ဒါက ခံဝန်ချုပ်ပဋိညာဉ်ပေါ့ ခင်ဗျာ။

တစ်ချိန်က ကောလာဟလ ဆိုတဲ့ကိစ္စဟာ တကယ်အမှန် ဖြစ်ပွားခဲ့ကြောင်း နောက်ဆုံးတော့ တွေ့ခဲ့ရတာပါပဲ၊ ကျွန်တော်တို့ သမိုင်းတစ်ခေတ်ပြောင်းခဲ့ပြီပေါ့ မိတ်ဆွေကြီး။

သမ္မတကြီး အိုင်စင်ဟောင်ဝါ အကြောင်း ခင်ဗျားလည်း သိသားပဲ။ မကြာမီက ပန်းစပရင်းကို ဂေါက်ရိုက်သွားခဲ့ရင်းနဲ့ တစ်ည မူရောကို ရောက်လာခဲ့တာပေါ့။ သူ့စိတ်လည်း ခင်ဗျား အသိပဲ၊ လုပ်ရမယ်ဆို လုပ်ကိုလုပ်ရမှ ကျေနပ်တဲ့လူပဲဗျာ။

ကျွန်တော့်စိတ်အထင် ပြောရရင်တော့ သမ္မတကြီးနဲ့ စစ်ဘက်အာဏာပိုင်အတော်များများ ဒီကိစ္စနဲ့ပတ်သက်ပြီး မကျေလည်ခဲ့ကြဘူး၊ အတော်ကလေးကို ပဋိပက္ခဖြစ်ခဲ့ကြတယ်၊ နောက်ဆုံးတော့ သမ္မတအိုင်စင်ဟောင်ဝါက မိမိကြည့်ရှုခွင့်ကို ဆက်လက် တားမြစ်ကြမယ်ဆိုရင် ပြည်သူကို ရေဒီယို၊ တယ်လီဗစ်ရှင်းတို့ကနေ ဖွင့်ချမယ်လို့ အကျပ်ကိုင်တော့မှပဲ ရှောရှောရှူရှူ လိုက်လျောခဲ့ကြ

တယ်၊ ကျွန်တော် သိရသလောက် တိုင်းပြည်ကို တရားဝင် မေလလယ်လောက်မှာ ထုတ်ပြန်ကြေညာကြဖို့ ပြင်ဆင်နေပါတယ်။

ဒီမှာ မိတ်ဆွေကြီးလိန်းရဲ့၊ ကျွန်တော်တို့ဆီက သိပ္ပံပညာရှင် အကြီးအကဲတွေနဲ့ မတစ်လုံးကျော် စွယ်စုံကျော်ထင် ပညာရှင်ကြီးတွေ၊ ပြီးတော့ ရူပဗေဒကျွမ်းပြူဆရာကြီးတွေဟာ အခု တခြားကမ္ဘာက အာကာသယာဉ်ကြီးတွေ (ပန်းကန်ပြားပျံကြီးတွေ၊ ယူဖိုးကြီးတွေ) ကို နဖူးတွေ့ ဒူးတွေ့ တွေ့ကြရတော့ သူတို့ရဲ့စိတ်တွေ ဘယ်လောက်များ ဖောက်ပြန်ရှုသွပ်သွားကြမယ်ဆိုတာ ခင်ဗျားတွေးဆသာ ကြည့်ပေတော့။

ကျွန်တော်ကတော့ ဒီလူတွေကို သနားကရုဏာသက်မိပါရဲ့။ သူတို့အနေနဲ့ သူတို့ရဲ့ အရိုးစွဲ သီဝရီတွေနဲ့ ခံယူချက်တွေကို အသုံးပြုပြီး ဘယ်လိုများအတုမဲ့ အနန္တစကြဝဠာ ယူဖိုးတွေရဲ့အတတ်ကို ဆင်ခြေပေးကြပါ့မလဲ မဆိုနိုင်ဘူး။ မဟာပညာကျော်ကြီးတွေရဲ့ အကျပ်ရိုက်နေကြပုံ၊ မရှုနိုင် မကယ်နိုင် ဖြစ်နေကြပုံတွေကို စောင့်ကြည့်ရင်း သူတို့ဆီက ထွက်လာမယ့်ဆင်ခြေတွေကို နားထောင်ရဦးမယ်ပေါ့ မိတ်ဆွေကြီး။

ကျွန်တော်ကတော့ ဘဝကံကြမ္မာ စီမံခဲ့တဲ့အတိုင်း ရုပ်လွန်ပညာရပ်နယ်ပယ် **(Metaphysical Wood)** ထဲမှာ ကနဦးကတည်းက ရောက်ရှိနေခဲ့တာကိုပဲ ကျေးဇူးတင်မဆုံး ဖြစ်နေမိတယ်၊ စည်းလုံးကိုက်ညီမှု မရှိတဲ့ သိပ္ပံလောက ရှေ့မှောက်မှာ ဝိဇ္ဇာပညာရပ်ခဲ့တွေ(စိတ်တန်ခိုးတွေ)ဟာ ဒူးထောက်အညံ့ခံရတာဟာ လောကမှာ မတင့်တယ်ဆုံး ကိစ္စပါပဲ။ ရုပ်ဝတ္ထုကျကျ မဟုတ်တဲ့ ဒြပ်အကောင်အထည် အရာဝတ္ထုတွေဟာ ကျွန်တော့်စိတ်အထင်မှာ ဖြစ်ပေါ်လာခဲ့ပါတယ်။ ခန္ဓာရုပ်တု **(Etheric Body or Spirit Body)** တွေ သွားလာ လှုပ်ရှားနေကြတာကို ဟိုနှစ်ပေါင်း များစွာကတည်းက တွေ့နေကျမြင်နေကျ ဖြစ်နေလို့ ကျွန်တော့်အဖို့တော့ မဆန်းတော့ပါဘူးပေါ့ဗျာ။

အမှတ်တမဲ့မို့ ဝိညာဏပရမတ္ထ သဘောတွေဟာ လူတစ်ယောက်ရဲ့ စိတ်ကိုက်ညီမှု **(Mental Balance)** ကို ဖျက်ဆီးပစ်နိုင်ဖို့ သိပ်အခြေအနေ မပေးဘူးဆိုတာကို မေ့သွားခဲ့မိတယ်။ ကျွန်တော့် တစ်သက်တာမှာဖြင့် မူရော့ တပ်မတော်(လေ) အခြေစိုက်စခန်း(အက်ဒွပ်စ်)မှာ (၄၈)နာရီ နေခဲ့ရတဲ့ အတွေ့အကြုံတွေကို ဘယ်တော့မှ မေ့နိုင်တော့မယ် မဟုတ်တော့ဘူး။

ဂျီ-အယ်လ်

အထက်ပါစာမှာ လိမ်လည်ရေးသားထားသောစာ မဟုတ်သော်လည်း

စာရေးသူ ဂျယ်ရယ်လိုက် ဆိုသည်မှာ မည်သူမည်ဝါ ဟူ၍ မသိ ဖြစ်နေပါသည်။ ၎င်းနှင့်အတူ လိုက်ပါသွားခဲ့ကြသည်ဆိုသည့် ပုဂ္ဂိုလ်ကြီး(၃)ဦးမှာ ထင်ရှားလူသိများသူများ ဖြစ်၏။ သို့ရာတွင် ၎င်းတို့သည် မည်သည့်ကိစ္စနှင့် အက်ဒွပ်စ်လေတပ်မတော် အခြေစိုက်စခန်းသို့ သွားရောက်ခဲ့ကြပါသနည်း။ စာကို လက်ခံရရှိခဲ့သူ မိယာဒီလိန်း ကိုယ်တိုင် ဘုမသိဘမသိ ဖြစ်နေ၏။

လိန်း သိသလောက်မှာ နယ်ခြားဒေသ သိပ္ပံပညာရပ်များ သုတေသနအဖွဲ့ကြီး ဘီအက်စ်အာရ်အက်ဖ် ***(BSRF)*** တွင် ပညာတတ်ကြီးတစ်ဦး ရှိခဲ့ဖူးသည် ဟုဆိုပါသည်။ ၎င်းပုဂ္ဂိုလ်ကြီးမှာ ဒိဗ္ဗဉာဏ်ဝါဒ ***(Occultism)***နှင့် အမြင်ပေါက်ပညာရပ်များ ***(Clairvoyance)*** ၌ တောင်စပ်စပ် မြောက်စပ်စပ် နှံ့စပ်သူ ဖြစ်၏။ ဤသူများ ဖြစ်နေမည်လား ဆိုသည်မှာ အတပ် မပြောနိုင်ခဲ့ချေ။

တစ်ဖန် ၁၉၅၀ ပြည့်နှစ် ဝန်းကျင်က ဂျာရယ်လိုက် ဆိုသူတစ်ဦးမှာ ကိုလံဘီယာအသံလွှင့်ဌာန ***(CBS)*** ၌ အမှုထမ်းခဲ့ဖူး၏။ ယခု စာရေးသူ ဂျာရယ်လ်လိုက်ပင်လော မပြောတတ်တော့ချေ။ ယခုလက်ရှိ နယ်ခြားဒေသ သိပ္ပံသုတေသနအဖွဲ့ကြီး ***(BSRF)*** ၏ ဒါရိုက်တာဖြစ်သူ ရိုလီကရက်၏ ပြောပြချက်အရဆိုရပါမူ ဂျယ်ရယ်လ်လိုက် ဆိုသူမှာ လွန်ခဲ့သော နှစ်အတန်ကြာကပင် ကွယ်လွန်ခဲ့ကြောင်း သိရ၏။

မစ္စတာရက်သည် ဂျယ်ရယ်လ်လိုက်အကြောင်းနှင့်တကွ သူ၏စာပါ အချက်အလက်တို့ကို ဟိုစဉ်က သူနှင့်အတူ လိုက်ပါသွားခဲ့ကြသည်ဆိုသော ပုဂ္ဂိုလ်ကြီး(၃)ဦးတို့အား သွားရောက် မေးမြန်းစုံစမ်းခဲ့ဖူး၏။ သို့ရာတွင် ၎င်းတို့က ဘာမှ မသိကြောင်းနှင့် ဘူးကွယ်ခဲ့ကြ၏။ ယခုအခါ အဆိုပါ ပုဂ္ဂိုလ်ကြီးသုံးဦး ဖြစ်ကြသော အလန်းနီစ်နှင့်ရယာန်းမင်းကြီး (ယခင်ဂိုဏ်းချုပ်ကြီး)မက်အင်တိုင်ဖားတို့မှာ ကွယ်လွန်ခဲ့ကြလေပြီ။

လိုက်၏စာမှာ သမ္မတကြီးအိုင်စင်ဟောင်ဝါ အက်ဒွပ်စ်လေတပ်မတော် အခြေစိုက်စခန်းသို့ ပန်းကန်ပြားပျံကြီးကို သွားရောက် ကြည့်ရှုခဲ့ခြင်းသာ အဓိကဖြစ်၏။ ဤအချက်အရ အိုင်စင်ဟောင်ဝါနှင့် ပတ်သက်၍ ကောလာဟလသတင်း ထွက်နေခဲ့သည်မှာ အမှန်သတင်းဖြစ်၍ ထွက်ပေါ်လာခဲ့ကြောင်း သိသာထင်ရှားနေလေသည်။ နောက်ထပ် ခိုင်လုံသော အချက်တစ်ချက် ရှိနေပါသေးသည်။ ၎င်းမှာ ကွယ်လွန်သူ ဗြိတိသျှ ပန်းကန်ပြားပျံ သုတေသီကြီးနှင့် စာရေးဆရာဖြစ်သူ ဒက်စ်မန်လက်စလီ ***(Desmond Leslie)*** ၏ ပြောစကားပင် ဖြစ်ပါသည်။

ဒက်စ်မန်လက်စလီသည် ၁၉၅၄ ခုနှစ်က အမေရိကန်နိုင်ငံ လော့စ်

အိန်ဂျယ်လီးစ်သို့ အလည်အပတ်ရောက်ရှိခဲ့၏။ ၎င်းသည် မူရှောမြို့သို့ဝင်ခဲ့ပြီး သုတေသနလုပ်ငန်းရပ်များဆိုင်ရာ လေ့လာစရာတို့ကို လေ့လာခဲ့၏။ ၎င်းသည် အင်္ဂလန်သို့ ပြန်ရောက်ပြီး ၁၉၅၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့၌ ဗာလာမဂ္ဂဇင်း *(Val or Magazine)* မှ စာရေးဆရာ ဂျော့ဟန့်ဝီလျံဆင်နှင့် တွေ့ဆုံခဲ့၏။ သူတို့နှစ်ဦး စကားစပ်မိကြရင်း လက်စလီက ဝီလျံဆင်အား . .

"မူရှောမှာ ပန်းကန်ပြားပျံကြီးကို တွေ့ခဲ့ရတယ်ဗျ။ အစကတော့ ဒီသတင်းဟာ ကောလာဟလလိုလိုနဲ့ပေါ့။ ဒါပေမယ့် ခု ကျုပ်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရတာပါပဲ။

အဲဒီ ပန်းကန်ပြားပျံကြီးကို လေယာဉ်ယန္တရားစက်ရုံအမှတ်(၂၇)မှာ ထားတယ်။ အစောင့်အကြပ်တွေ ဆိုတာတော့ မပြောပါနဲ့တော့ တင်းကြပ်မဲပဲဗျို့"

ဟူ၍ အားပါးတရ ဖောက်သည်ချခဲ့လေသည်။ လက်စလီ၏ ပြောပြချက်ထဲ၌ သမ္မတကြီး အိုင်စင်ဟောင်ဝါလည်း ပန်းစပရင်းသို့ အပန်းဖြေခရီးထွက်ရင်း ပန်းကန်ပြားပျံကြီးကို ဝင်ရောက်ကြည့်ရှုခဲ့သေးကြောင်းကိုပါ သိရှိရပါသည်။

ထို့ပြင် အိုင်စင်ဟောင်ဝါ မူရှော၌ ပန်းကန်ပြားပျံကြီးကို လေ့လာကြည့်ရှုစစ်ဆေးခဲ့သေးကြောင်း ခိုင်လုံသည့် အထောက်အထားတစ်ရပ် ရှိနေပါသေးသည်။ ၎င်းမှာ ပန်းကန်ပြားပျံများ နောက်ကွယ်ဝယ် စာအုပ်ကို ရေးသားခဲ့သူ ကွယ်လွန်သူ စာရေးဆရာကြီး စကာလီ၏ဇနီး မစ္စစ်ဖရန့်စကာလီ၏ ပြောပြချက်ဖြစ်၏။ သူမက မှတ်မိသလောက် ပြန်လည် ပြောပြခဲ့သည်မှာ ၁၉၅၄ ခုနှစ်က သူတို့ ဇနီးမောင်နှံသည် အက်ဒွပ်စ်လေတပ်မတော် အခြေစိုက်စခန်းအထက် သဲကန္တာရ တောင်တန်းတွင် အိမ်ကလေးတစ်လုံး ဝယ်ယူပြီး အေးအေးလူလူ နေထိုင်ခဲ့ကြသည်ဟုဆို၏။

သူမတို့အိမ်၌ ပြင်ဆင်စရာကလေးများ ရှိနေ၍ လက်သမားတစ်ဦးကို ငှားရမ်းခဲ့ရ၏။ ၎င်းလက်သမားမှာ အက်ဒွပ်စ်လေတပ်မတော် အခြေစိုက်စခန်းမှ အရပ်သား လက်သမားတစ်ဦး ဖြစ်နေ၏။ တစ်နေ့တွင် ထိုလက်သမားကြီးက စကားစပ်မိကြရင်း သမ္မတကြီးအိုင်စင်ဟောင်ဝါ မကြာသေးမီက ၎င်းတို့လေတပ်စခန်းသို့ တိတ်တဆိတ် လျှို့ဝှက်ဝင်ရောက်လည်ပတ်သွားခဲ့ကြောင်း၊ ထိုသတင်းကို သတင်းစာဆရာများ မကြားမသိခဲ့ကြသည်မှာ ထူးဆန်းနေကြောင်း ပြောပြခဲ့လေသည်။

၎င်းပြင် ပို၍ ခိုင်လုံသော သတင်းတစ်ရပ်မှာ မကြာသေးမီကပင် ရရှိခဲ့ပါ

သည်။ သမ္မတကြီး အိုင်စင်ဟောင်ဝါ သမ္မတဖြစ်နေစဉ်က ၎င်း၏လက်ထောက် အိမ်တော်ဝန် အရာရှိကြီး တစ်ဦးထံမှ သမ္မတကြီး ထိုစဉ်က မူရော့လေတပ်မ တော်အခြေစိုက်စခန်းမှ ပန်းကန်ပြားပျံနှင့် ဂြိုဟ်သားအလောင်းများကို သွား ရောက်လေ့လာခဲ့ကြောင်း သိရှိခဲ့ရ၏။ ထိုပုဂ္ဂိုလ်ကြီးမှာ ယခုအခါ အရီဇိုးနားပြည် နယ်၌ နေထိုင်လေသည်။

တစ်နေ့တွင် သူ၏မိတ်ဆွေများကို တိတ်တဆိတ် အတွင်းစကား ပြော ကြားခဲ့သည်မှာ ၁၉၅၄ ခုနှစ်က အိုင်(အိုင်စင်ဟောင်ဝါ)သည် မူရော့သို့ ရောက်ရှိ သွားခဲ့သည်ဆို၏။ သွားခဲ့သည့် ကိစ္စမှာ ရိုစ်ဝဲလ်တွင် ပျက်ကျခဲ့သော ပန်းကန် ပြားပျံကြီးနှင့် ဂြိုဟ်သားတို့၏ အလောင်းများကို သွားရောက်၍ ကြည့်ရှုလေ့ လာခဲ့ခြင်းပင် ဖြစ်၏။ သမ္မတကြီးသည် တည်းခိုရာ ပန်းစပရင်း နွားခြံရိုသာမှ ဟယ်လီကော့ပတာ(ရဟတ်ယာဉ်)ဖြင့် သွားရောက်ခဲ့ခြင်း ဖြစ်သည်ဟု သိရှိခဲ့ရ လေသည်။

သမ္မတကြီး အိုင်စင်ဟောင်ဝါ ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် မကြာမီ ကာလ၌ ပန်းကန်ပြားပျံကြီးကို နံဘေးအကာများဖြုတ်၍ ထရပ်ကားနှင့်တင်ကာ ဝရိုက်ပက်တာဆင် တပ်မတော်လေ အခြေစိုက်စခန်းသို့ ပို့ခဲ့ကြ၏။ အိုဟိုင်းယို ပြည်နယ် ဒေတန်မြို့ ဝရိုက်ပက်တာဆင် တပ်မတော်လေတပ် အခြေစိုက်စခန်း၌ ၁၉၄၀ ပြည့်နှစ် ဝန်းကျင်ကတည်းက ရှိနှင့်ပြီး ပန်းကန်ပြားပျံ အစိတ်အပိုင်း များနှင့် မူရော့မှ ပန်းကန်ပြားပျံကြီးကို ဆက်စပ် တပ်ဆင်ထားခဲ့ကြလေသည်။

သမ္မတကြီး အိုင်စင်ဟောင်ဝါ အက်ဒွပ်စ်စခန်းသို့ မရောက်သေးခင် ကာလက ထူးဆန်းသောအဖြစ်အပျက်များ မူရော့ မိုကောင်းကင်ဝဲဌာတစ်ခွင်၌ ဖြစ်ပွားခဲ့သည်ဆို၏။ ထိုစဉ်က ကောင်းကင်ဝယ် ယူဖိုးကြီးများ မရေမတွက်နိုင် အောင် ပျံသန်းနေကြသည်ကို တွေ့မြင်ခဲ့ကြရ၏။ ထိုအချိန်က ရိုစ်ဝဲလ်ပန်းကန် ပြားပျံကြီးနှင့် ဂြိုဟ်သားတို့၏ အလောင်းများကို ဝရိုက်ပက်တာဆင်သို့ မရွှေ့ ပြောင်းရသေးချေ။ ယင်းထူးဆန်းစွာ ယူဖိုး ခေါ် ပန်းကန်ပြားပျံကြီးများ ပျံသန်း နေသည်ကို တွေ့ရှိခဲ့ကြရသော မျက်မြင်ဖြစ်ရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### ၁၉၅၇ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့

ပန်းကန်ပြားပျံသဏ္ဌာန် ယူဖိုးကြီးလေးစင်းကို မူရော့ လေတပ်မတော် အခြေစိုက်စခန်း အထက်ကောင်းကင်နှင့် ကာလီဖိုးနီးယားပြည်နယ် ရော့ဂျာဒရိုင်း လိပ် ***(Rogers Drylake)*** မဟာဗျူဟာလက်နက်ကြီးများ လျှို့ဝှက်စမ်းသပ်ရာ စခန်းအထက်ကောင်းကင်၌ ပျံသန်းနေကြသည်ကို တွေ့ရှိခဲ့ကြရ၏။

## ၁၉၄၈ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့

နေဗီ သယ်ယူပို့ဆောင်ရေးလေယာဉ်မှ ပိုင်းလော့နှင့် လေယာဉ်အမှုထမ်းများနှင့် အခြားကုမ္ပဏီလေကြောင်းပိုင်းလော့တို့ ပေးပို့ခဲ့သော သတင်းတစ်ရပ်မှာ ဤသို့ ဖြစ်၏။ ၎င်းတို့သည် ကာလီဖိုးနီးယားပြည်နယ် ဒက်ဂတ်မြို့အနီးမိုဂျေ့ဗ်သဲကန္တာရ အထက်ကောင်းကင်၌ ဆေးပြင်းလိပ်သဏ္ဍာန် ယူဖိုးကြီးတစ်စင်း စစ်ရေးပျံသန်းနေသည်ကို တွေ့ရှိခဲ့ကြရလေသည်။ ယင်းသဲကန္တာရမှာ မူရော့လေတပ်မတော် အခြေစိုက်စခန်းနှင့် အရှေ့ဘက်(၂၅)မိုင်ခန့်သာ ကွာဝေးလေသည်။ ၎င်းဆေးပြင်းလိပ်သဏ္ဍာန်ယူဖိုးကြီးမှာ ယူနိုက်တက် ခရီးသည်တင်လေကြောင်းပျံသန်းရေးကုမ္ပဏီ လေယာဉ်ပျံကြီးနှင့်ဆိုပါလျှင်မိုင်(၂၀)မျှသာ ကွာဝေးတော့ကြောင်း သိရှိရ၏။

## ၁၉၅၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့

ရေတပ်မတော် ရှုပဗေဒပညာရှင် လက်ဖတင်နင် ရောဘတ်စီဝိုင်ကော့ဖ်သည် အလွန် ကြီးမားလှသော ပန်းကန်ပြားပျံသဏ္ဍာန် ယူဖိုးကြီးတစ်စင်းကို တွေ့မြင်ခဲ့ရသည်ဟု သတင်းပေးပို့ခဲ့လေသည်။ ရောဘတ်သည် ရေတပ်မတော်သုံးမှန်ပြောင်း(၇×၅၀)နှင့် ကြည့်ရှုခဲ့ရာ သူရပ်နေရာနှင့် ခပ်လှမ်းလှမ်း တောင်ကုန်းကလေးများ အကြား၌ စစ်ရေးပြနေသော ယူဖိုးကြီးကို တွေ့မြင်ခဲ့ရခြင်း ဖြစ်၏။ သူရောက်ရှိနေသောနေရာမှာ အက်ဒွပ်စ်လေတပ်မတော် အခြေစိုက်စခန်းအနီး ယူအက်စ် အဝေးပြေးလမ်းမှတ်တိုင် (၃၉၅) ဖြစ်ပါသည်။ ၎င်း အမှတ်(၃၉၅)မှာ ယူအက်စ်လမ်းဆုံဟောင်းအမှတ်(၄၆၆)နှင့် ဆိုပါလျှင် မြောက်ဘက် (၁၀)မိုင်ခန့် အကွာ ဖြစ်၏။

## ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့

လေကြောင်းဌာန ဓာတ်ပုံဆရာ ဒစ်ဘီးမားနှင့် အခြား မျက်မြင်သက်သေနှစ်ဦးတို့သည် ထုလုံးရှည်သဏ္ဍာန် ပန်းကန်ပြားပျံ (ယူဖိုး)ကြီး နှစ်စင်းတွဲ ပျံဝဲပြီးစစ်ရေးအမျိုးမျိုးပြ ပျံသန်းနေသည်ကို တွေ့ရှိခဲ့ကြရလေသည်။ ၎င်းတို့ ကြည့်နေစဉ်၌ပင် ယူဖိုးကြီးနှစ်စင်းမှာ အက်ဒွပ်စ် လေတပ်မတော် အခြေစိုက်စခန်းအထက်ဆီသို့ တစ်ဟုန်ထိုး ထောင်တက်ပျံသန်းသွားသည်ကို တွေ့လိုက်ကြရသည်ဟု သိရှိရ၏။

အထက်ဖော်ပြပါ ဖြစ်ရပ်တို့သည် ဘောလ်တစ်ဂျာမန်ဓာတ်ပုံဆရာကြီး ဘေရွန်နီကိုလပ်စ်ဗွန်ပေ့ပ်ပင်[၎င်း၏အကြောင်းကို အခန်း(၅)၌ ဖော်ပြခဲ့ပြီး ဖြစ်၏] ၏စကားနှင့် ကိုက်ညီမှုရှိနေကြောင်းကို တွေ့ရှိရ၏။ ၎င်းက လော့စ်အလာမိုးစ်

တပ်မတော်လေတပ် အခြေစိုက်စခန်း၌ ယူဖိုးပျက်ကြီးတစ်စင်းကို ဓာတ်ပုံရိုက်ကူးပေးခဲ့ရသည်ဟု ပြောပြခဲ့၏။ သူ၏ဓာတ်ပုံရိုက်ကူးသည့် နည်းစနစ်မှာ ရိုးရိုးဓာတ်ပုံရိုက်ခြင်း မဟုတ်။ ဓာတ်ပုံပညာဖြင့် သတ္တုပစ္စည်းများကို စိစစ်ရိုက်ကူးပေးခြင်း နည်းစနစ် ***(System of Photographic Metallurgical Analysis)*** ဖြစ်၏။ ၎င်းက အလုပ်လုပ်ကိုင်နေစဉ် ယူဖိုးကြီးထဲ၌ အာကာသဂြိုဟ်သား ယာဉ်မှူးတို့၏ အလောင်းကို တွေ့ရှိခဲ့ရသည်ဟု ပြောပြခဲ့လေသည်။

ထိုစဉ်က ပေါ်ပေါက်သည် ယူဖိုးကြီးကို ဓာတ်ပုံရိုက်ပေးခဲ့ရသည့် ပဓာနအကြောင်းရင်းမှာ ထိုဌာနရှိ စစ်ဘက်အာဏာပိုင်တို့ စိုးရိမ်မကင်း ဖြစ်နေကြရသည့် ကိစ္စကြောင့် ဖြစ်ပေသည်။ ယူဖိုးပျက်ကြီးကို မတော်တဆ အနန္တစကြဝဠာဂြိုဟ်သားတို့ အတင်းဝင်ရောက် တိုက်ခိုက် လုယူသွားခဲ့ကြပါလျှင် ၎င်းတို့အတွက် ယူဖိုးအထောက်အထားများနှင့် သတ္တု စသည့် တည်ဆောက်မှု သက်သေခံအထောက်အထားများ ကျန်ရစ်ရန် ရည်ရွယ်ချက်ကြောင့် ဖြစ်၏။ ဤသည်မှာ မိုးမမြင်လေမမြင် ကြိုတင်ကာကွယ်ခြင်း ဖြစ်လေသည်။

၎င်းပြင် အမေရိကန်ပြည်ထောင်စုအစိုးရ လက်အောက်ရှိ ယူဖိုးထောက်လှမ်းရေး အဖွဲ့အစည်းပေါင်း မြောက်မြားစွာမှာ အမေရိကန်နှင့် ဥရောပတစ်ခွင် အနှံ့အပြား ရှိနေကြ၏။ ယင်းအဖွဲ့အစည်းတို့မှ သုတေသီများ၊ ယူဖိုးထောက်လှမ်းရေးမှူးများ၏ ယူဖိုးကိစ္စနှင့်ပတ်သက်၍ သတင်းယူလိုကြသည့် ဆန္ဒကို တတ်နိုင်သလောက် ထိုစခန်းရှိ ဗဟိုအာဏာပိုင်တို့က တုံ့ပြန်လို၍လည်း ဖြစ်နိုင်၏။ ၎င်းပြင် သမ္မတကြီးအိုင်စင်ဟောင်ဝါ၏ ဆန္ဒကြောင့်လည်း ဖြစ်ကောင်းဖြစ်နိုင်၏။ ယူဖိုး ထောက်လှမ်းရေးမှူးတို့ အနေဖြင့် ကျွန်ုပ်တို့ ကမ္ဘာနှင့် အလွန့်အလွန် ဝေးကွာလှသော ဂြိုဟ်ကမ္ဘာမှ တကယ်ထင်ရှားရှိနေသည့် သက်ရှိတို့၏ မြင့်မားလှသော အတတ်ပညာ ဉာဏ်ရည်များကို စိတ်ဝင်စားလွန်း၍ ယခုကဲ့သို့ တောင်းဆိုကြခြင်း ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။

ရိုစ်ဝဲလ်မြို့အနီး ပျက်ကျခဲ့သော ယူအက်ဖ်အို ခေါ် ယူဖိုး ခေါ် ပန်းကန်ပြားပျံကြီး၏ သတင်းဝဲဂယက်မှာ အလွန့်အလွန် ကြီးမားကျယ်ပြန့်သွားခဲ့ရ၏။ ယူနိုက်တက်စတိတ် ခေါ် အမေရိကန်ပြည်ထောင်စုပိုင်း၌လည်း ဤဝဲဂယက်ရိုက်ခတ်ခဲ့လေသည်။ ဤဝဲထဲတွင် ပါဝင်ခဲ့သူတစ်ဦးမှာ နေလိုလနှယ် ထင်ရှားသော အရီဇိုးနားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်(ဝါ)အမတ်ကြီး ဘဲရီဂိုလ်ဝါတာ ဖြစ်၏။

ဂိုလ်ဝါတာ ဆိုသူမှာ နှယ်နှယ်ရရ မဟုတ်ပေ။(အမေရိကန်ပြည်ထောင်စု

လေတပ်မတော် ဗိုလ်ချုပ်ကြီးရာထူးကို ရယူထားသောပုဂ္ဂိုလ်ကြီး ဖြစ်၏။) သူနှင့်ပတ်သက်၍ ထွက်ပေါ်လာခဲ့သောသတင်းမှာ လျှို့ဝှက်လုံခြုံရေးနယ်မြေဖြစ်သည့် ဝရိုက်ပက်တာဆင် လေတပ်မတော် အခြေစိုက်စခန်းသို့ သွားရောက်ခဲ့ခြင်း ဖြစ်၏။ ထိုစခန်း၌ ဂိုလ်ဝါတာသည် ရိုစ်ဝဲလ်ယူဖိုကြီးနှင့် အနန္တစကြာဝဠာသားယာဉ်မှူးအလောင်းတို့ကို ကြည့်ရှုခွင့်ပြုရန် သက်ဆိုင်ရာသို့ တောင်းဆိုခဲ့သည်ဟု သိရ၏။ သို့ရာတွင် သက်ဆိုင်ရာမှ သူ၏တောင်းဆိုချက်ကို မလိုက်လျောခဲ့ဟု သိရှိရပါသည်။

ဂိုလ်ဝါတာနှင့် ပတ်သက်၍ ကြားသိရသော တကယ့်ဖြစ်ရပ်မှာ ဤသို့ဖြစ်၏။ ၁၉၆၀ ပြည့်နှစ် နှစ်ဦးပိုင်းကာလ ဂိုလ်ဝါတာသည် ကာလီဖိုးနီးယားသို့ ခရီးထွက်ခဲ့၏။ သူသည် ခရီးတစ်ထောက်အဖြစ် ဝရိုက်ပက်တာဆင် လေတပ်မတော် အခြေစိုက်စခန်းတွင် ဝင်ရောက်နားခဲ့သည်။ ထိုစခန်း၌ သူ၏သူငယ်ချင်း ဗိုလ်ချုပ်ကြီး ကားတစ်လီမေထံ အလည်ဝင်ရောက်ခဲ့ခြင်း ဖြစ်၏။

ဂိုလ်ဝါတာသည် ထိုစခန်းရှိ ဘလူးရွမ်း ***(Blue Room)*** ခေါ် ထိပ်တန်းလျှို့ဝှက်ခန်းမဆောင်ကြီးအကြောင်း ကြားဖူးနားဝရှိနေခဲ့၏။ ယင်းဘလူးရွမ်းအတွင်း၌ ယူဖိုကြီးနှင့်တကွ ပစ္စည်းအပြည့်အစုံ (ယာဉ်မှူးဂြိုဟ်သားများ အပါအဝင်)နှင့် ဓာတ်ပုံများ သက်သေခံ အထောက်အထားပစ္စည်းများကို သိမ်းဆည်းထားလေသည်။ ဂိုလ်ဝါတာမှာ ယခင်က တပ်မတော်လေ၌ (ပိုင်းလော့)လေသူရဲတစ်ဦးအဖြစ် အမှုထမ်းသက် ရင့်ကျက်ခဲ့သူတစ်ဦးပီပီ ယူဖိုများ အကြောင်းကိုလည်း စိတ်ဝင်စားလွန်းသူ ဖြစ်၏။

ထို့ကြောင့် သူ၏သိလိုမြင်လို လှေလာလိုသောဆန္ဒကြောင့် သူငယ်ချင်းဗိုလ်ချုပ်ကြီး လီမေအား အပူကပ်ခဲ့လေသည်။ လီမေက ချစ်ရဲဘော် အမတ်ကြီး၏ဆန္ဒကို မလိုက်လျောနိုင်ကြောင်း လီမှာပါးနပ်စွာဖြင့် ပြန်လည် ဖြေကြားခဲ့၏။

“အကုသိုလ်ဂြိုဟ် မစီးချင်ပါနဲ့ သူငယ်ချင်း။ ဒီဘလူးရွမ်းကို ငါလည်းသွားလို့ မရဘူး။မင်းလည်း သွားလို့ မရဘူး၊ မင်း ငါ့ကိုချစ်ရင် ဒီကိစ္စကို ထပ်ပြီးမဆွေးနွေးနဲ့တော့”

ယင်းစကားရပ်များ၏ အဓိပ္ပာယ်အရ ဂိုလ်ဝါတာ၏ဆန္ဒကို သက်ဆိုင်ရာက ခွင့်မပြုဟု ဆိုခြင်းကိုပင် သုတေသီ အများအပြားက ဘဝင်မကျခဲ့ကြပေ။ ၎င်းပြင် ဤစကားရပ်များသည် ယင်းစခန်းရှိ ဘလူးရွမ်း ဆိုသည်မှာ အမှန်တကယ် ရှိနေခြင်းကို ဖော်ပြခြင်းပင် ဝန်ခံခြင်းပင် ဖြစ်သည်ဟု သုတေသီတို့က ကောက်ချက်ချခဲ့ကြလေသည်။ မည်သို့ပင် ဆိုစေကာမူ အရိုဇိုးနားပြည်နယ်

အမတ်ကြီး ဂိုလ်ဝါတာ၏ နှုတ်မှ ထွက်ပေါ်လာခဲ့သော စကားတစ်ခွန်းမှာ မပြေးသော် ကံရာရှိနေသည့် အဓိပ္ပာယ်ကို ဖော်ပြနေပါသည်။ အကြောင်းမှာ အနန္တစကြဝဠာ သက်ရှိတို့နှင့် ယင်းတို့၏ စက်မှုသိပ္ပံတည်ဆောက်မှု အတွေ့အကြုံကို တစေ့တစောင်း ဖော်ပြနေ၍ ဖြစ်ပါသည်။

သူ၏နှုတ်မှ ထွက်ပေါ်လာခဲ့သော စကားရပ်တို့ကို အရင်းအတိုင်း ဖောက်သည်ချရသော်. . .

"စကြဝဠာကြီး အတွင်းမှာ ကျုပ်တို့ ကမ္ဘာဆိုတဲ့ ဂြိုဟ်တစ်ခုတည်းသာ အာရုံငါးပါးနဲ့ ထိတွေ့ခံစားတတ်တဲ့ သက်ရှိ လူသားတွေ ရှိနေတာဖြစ်တယ်ဆိုတဲ့ လောကအမြင်ကို ကျုပ်မယုံကြည်ဘူး။ စကြဝဠာကြီးရဲ့ အခြားနေရာ အနန္တမှာလည်း သက်ရှိတွေ ထင်ရှား ရှိနေကြတယ် ဆိုတာကို လက်ခံယုံကြည်ထားတယ်၊ ဒီယုံကြည်ချက်ဟာ ခိုင်လုံတဲ့ အကြောင်းတွေ ရှိနေလို့ပါပဲ။

တချို့ အနန္တစကြဝဠာ သက်ရှိတွေဆိုရင် ကျုပ်တို့ကမ္ဘာပေါ်က လူသားတွေနဲ့ တန်းတူရည်တူ တိုးတက်နေကြပြီ၊ တချို့များဆိုရင် ကျုပ်တို့ထက် အဘက်ဘက်မှာ အရာရာမှာ တိုးတက်မှု ဆီနဲ့ရေလို ကွာခြား မြင့်မားလွန်းနေတယ်။ အဲ လိုက်မမီနိုင်လောက်အောင်ကို တိုးတက်နေပါတယ်" ဟူ၍ ဖြစ်ပါသည်။

ဤစကားရပ်များကို ဝေဖန်ဆန်းစစ်ကြည့်လျှင် ဂိုလ်ဝါတာအား ဘလူး ရှမ်းက ပေးလိုက်သော လောကအမြင်များ ဖြစ်ကောင်းဖြစ်နိုင်ပေမည်။ သို့ရာတွင် ထိုအခန်းအတွင်း၌ မည်သည့်အရာများ ရှိနေစေကာမူ ဘလူးရှမ်းကို ဖြတ်သန်းသွားလာခွင့် လုံးဝခွင့်မပြုသော သံကန့်လန့်ကာ နောက်ကွယ်မှ သီးခြားကမ္ဘာ ကလေးသာ ဖြစ်ပေသည်။ ဤနေရာမှာ အမေရိကန်စစ်ဘက်အာဏာပိုင် အကြီးအကဲ ဗိုလ်ချုပ်ကြီးများပင် မဝင်ရောက်နိုင်သော နေရာသာလျှင် ဖြစ်ပေသည်။

♣ ♣ ♣

## အခန်း(၈)
## ထိပ်တန်းလျှို့ဝှက်နှင့် အေဗီအာရ်အိုပဋလက်

ရှိုစ်ဝဲလ် ပန်းကန်ပြားပျံကြီး၏ အစိတ်အပိုင်းနှင့်တကွ အစအနများကို အမေရိကန်ပြည်ထောင်စု အစိုးရအနေနှင့် လက်ဝယ်သိမ်းပိုက်ရရှိခဲ့၏။ ၎င်း ယာဉ်ကြီး၏ လိုအပ်သော အစိတ်အပိုင်းများကို တပ်ဆင်လိုက်ရာ အနန္တစကြာဝဠာ ဖြိုပ်သားတို့၏ စက်မှုသိပ္ပံဆိုင်ရာအတတ်များကို ကောင်းစွာ သဘောပေါက်နား လည်လာခဲ့ကြပြီး ယင်းအာကာသယာဉ်မျိုးကို မည်သို့မည်ပုံ မောင်းနှင်ပျံသန်းရ ကြောင်းကိုပင် သိရှိလာခဲ့ကြတော့သည်။

သက်ဆိုင်ရာ အာဏာပိုင်တို့၏ ထိပ်တန်းလျှို့ဝှက်ဆိုသည့် မန္တန်မှာလည်း လုံခြုံရေးစည်းမျဉ်းဥပဒေ တည်နေသရွေ့ သက်တမ်း တစ်လျှောက်သာလျှင် အာဏာသက်ရောက်မှု ရှိနိုင်ပေမည်။ ဤကဲ့သို့ တစ်ခါလာလည်း မဲပြာပုဆိုး ဆိုသကဲ့သို့ ထိပ်တန်းလျှို့ဝှက် မန္တရားကို တဟူးဟူး မန်းမှုတ်နေရခြင်းမှာလည်း နိုင်ငံတကာ၏ ငုံမျှော်နားစွင့်နေကြသော နောက်ဆုံးပေါ် အမေရိကန်တို့၏ လက်နက်ဆန်း ဆိုသည်ကို ခြေရာမကောက်နိုင်ရန် ကြိုတင်ကာကွယ်ဟန့်တား ခြင်းသာလျှင် ဖြစ်ပေသည်။

၎င်းပြင် ယူဖိုး ခေါ် ပန်းကန်ပြားပျံကြီးများသည် အမေရိကန်နိုင်ငံ ရှိုစ်ဝဲလမြို့အနီး၌ အထင်ကရ ပျက်ကျခဲ့သည့်ဖြစ်ရပ်မျိုး အခြားတိုင်းပြည်များ ၌လည်း မဖြစ်ပေါ်ခဲ့၊ မဖြစ်ပေါ်ဘူး ဟူ၍ မည်သူ အတပ် ပြောနိုင်ပါအံ့နည်း။

ဤသို့ ဆိုပါလျှင် အာကာသသိပ္ပံဆိုင်ရာ ပဟေဠိကြီးအတွက် အဖြေညှိစရာ နည်းကောင်း လမ်းကောင်းများ ပန်းကန်ပြားပျံ ရရှိသည့် ထိုတိုင်းနိုင်ငံတို့၌လည်း ရရှိသွားကြပေလိမ့်မည်။ အဘယ်ကြောင့်ဆိုရသော် ဤယူဖိုးတို့၏ မြန်နှုန်း (သာမန်ယာဉ်ထက် အဆပေါင်း များစွာ လျှင်မြန်နှုန်း) ဖြင့် မောင်းနှင်နိုင်ခြင်း ကျွန်ုပ်တို့ကမ္ဘာမြေပြင်မှ လေယာဉ်ပျံများကဲ့သို့ လောင်စာဆီကို အသုံးမပြုရဘဲ မောင်းနှင်နိုင်သည့် စက်မှုသိပ္ပံ စွမ်းအင်များသည်ပင် အာကာသသိပ္ပံဆိုင်ရာ ပဟေဠိအတွက် အဖြေပင် ဖြစ်သောကြောင့် ဖြစ်၏။

ထို့ကြောင့် အမေရိကန်ပြည်ထောင်စုအစိုးရ သက်ဆိုင်ရာ အာဏာပိုင်တို့က ယင်းကိစ္စကို "မပြီးလျှင် မည်သူမျှ မမြင်စေနဲ့" သဘောမျိုး လျှို့ဝှက်ထားကြခြင်း ဖြစ်၏။ ယခုအခါ ထိုကဲ့သို့ ယူဖိုး ခေါ် ပန်းကန်ပြားပျံကြီးမျိုး ထပ်တူထပ်မျှ ယာဉ်တစ်စင်းတလေ တည်ဆောက်ပြီးလောက်ပေပြီ။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ လျှို့ဝှက်အတွင်းစကား တစ်ရပ်ကို ရေလီကရက် ***(Reilly Crabb)*** နယ်ခြားဒေသ သိပ္ပံပညာသုတေသနအသင်းကြီး (ဘီအက်စ်အာရ်အက်ဖ်)၏ နာယကကြီးထံမှ ကြားသိခဲ့ရ၏။

မစ္စတာကရက်သည် တကယ့် မျက်မြင်ကိုယ်တွေ့ သတင်းတစ်ရပ်ကို ၁၉၇၁ ခုနှစ်အတွင်းက လေတပ်မတော် တပ်ကြပ်ကြီး တစ်ယောက်ထံမှ ကြားသိခဲ့ရခြင်း ဖြစ်၏။ ၎င်းတပ်ကြပ်ကြီးက ပြောပြခဲ့သည်မှာ လွန်ခဲ့သော(၄)နှစ်ခန့်က အက်ဒွပ်စ်လေတပ်မတော် အခြေစိုက်စခန်း၌ ခေတ္တ တာဝန်ကျခဲ့၏။ ထိုစဉ်က တွေ့မြင်ခဲ့ရသော ထူးဆန်းသည့် အကြောင်းပင် ဖြစ်သည်ဟု ဆို၏။ တာဝန်ထမ်းဆောင်နေစဉ် ထိုစခန်းရှိ လေသူရဲတစ်ဦးနှင့် တရင်းတနှီး မိတ်ဆွေဖြစ်ခဲ့ကြလေသည်။ တပ်ကြပ်ကြီးက ၎င်းလေသူရဲ၏ အမည်ကို လုံးဝ မဖော်ပြဘဲ နာမည်စား တစ်ခုကိုသာ ထည့်သွင်း အသုံးပြု ပြောပြခဲ့ပါသည်။ ၎င်းနာမည်မှာ စတိတ်စ်ကင်ယွန် ဟူ၍ ဖြစ်၏။

တစ်နေ့တွင် အက်ဒွပ်စ်စခန်း လေယာဉ်ပျံ ယန္တရားစက်ရုံကြီး တစ်ခုအတွင်း၌ တပ်ကြပ်ကြီးနှင့် သူ၏ရောင်းရင်း လေသူရဲတို့ ရောက်တတ်ရာရာ စကားပြောနေကြရင်း ယူဖိုးများ အကြောင်းဆီ ရောက်ရှိသွားခဲ့ကြလေသည်။ တပ်ကြပ်ကြီးက မိမိ အနေနှင့် ယူဖိုးများ အမှန်ရှိသည်ကို ယုံကြည်ကြောင်း ပြောပြခဲ့၏။ သူငယ်ချင်းဖြစ်သူ လေသူရဲလည်း တပ်ကြပ်ကြီးစကားကို ခေတ္တ စဉ်းစားနေပြီး ကောက်ကာငင်ကာ "မင်းကို ပြောစရာတစ်ခုရှိတယ် ငါ့နောက် အသာလေးလိုက်ခဲ့၊ မင်းပါးစပ်ကိုတော့ ပိတ်ထားရမယ် မောင်၊ ဒေး . .

ငါလည်း နားရွက်တောင် မခတ်ဘူး ကိုယ့်လူ၊ ငါပြောတဲ့အတိုင်းနေ ကြားလား" ဟူ၍ လက်တို့ပြီး ခေါ်သွားခဲ့၏။

ဤသို့ဖြင့် လေသူရဲနှင့် တပ်ကြပ်ကြီးတို့ နှစ်ဦးမှာ အခြား လေယာဉ် ယန္တရားစက်ရုံတစ်ခုဆီသို့ ရောက်ရှိသွားခဲ့ကြ၏။ ထိုနေရာမှာ တပ်မတော်ရုံးများနှင့် စားသောက်ဆိုင်များ ရှိရာဖြစ်၍ စည်းကမ်းတင်းကျပ် တားမြစ်ပိတ်ပင်မှု လျော့နည်းလေသည်။ သူတို့နှစ်ဦးမှာ ယူနီဖောင်းနှင့် သက်သေခံကတ်ပါ၍သာ ဝင်ခွင့်ရခဲ့ခြင်း ဖြစ်၏။ သူတို့ နှစ်ဦးလည်း ရုံးတစ်ရုံး၏ အပေါ်ထပ်သို့ ခပ်မြန်မြန်လေး တက်သွားခဲ့ကြသည်။ ရုံးခန်းများ ပြတင်းပေါက်မှ လေယာဉ်ယန္တရားစက်ရုံ အောက်ဘက် ကြမ်းခင်းဆီသို့ စီးမြင်နေရပါသည်။ ထိုစက်ရုံခန်းကို ထူထဲသော ကန့်လန့်ကာကြီးများဖြင့် အပြင်မှ မမြင်နိုင်ရန် ကာဆီးထားပါသည်။ ယန္တရား စက်ရုံအောက်ခြေတွင် အတွင်းအပြင် နယ်နိမိတ်လိုင်းကို အနီရောင်မျဉ်းဖြင့် သတ်မှတ်စည်းခြားထား၏။ ထိုမျဉ်းပေါ်၌ အစောင့်တစ်ယောက်ချထား၏။ ထို အခွင့်မရှိ မဝင်ရ သတ်မှတ်ထားသော အခန်းအတွင်းသို့ လုံလောက်သော အာဏာပိုင်၏ ခွင့်ပြုချက် မပါဘဲ မည်သူ့ကိုမျှ ဝင်ခွင့် မပေးချေ။

လေသူရဲက တပ်ကြပ်ကြီးအား တစ်နေရာမှ နားရွက်မခတ်ဘဲ အသာ စောင့်ကြည့်နေခိုင်း၏။ ထိုသို့ စောင့်ကြည့်နေရင်း မိမိကန့်လန့်ကာနောက်ကွယ် ဝင်သွားခိုက် အတွင်းခန်းရှိ ကုန်းဘောင်ကြီးပေါ်သို့ လှမ်းကြည့်ဖြစ်အောင် ကြည့်မိရန် လေသံဖြင့် တပ်ကြပ်ကြီးအား မှာကြားကာ လေသူရဲလည်း ယန္တရား စက်ရုံတွင်း ဝင်ရောက်သွားခဲ့လေသည်။ လေသူရဲ ဝင်ရောက်သွားခဲ့သော ကန့် လန့်ကာနောက်ကွယ်မှ မြင်ကွင်းကား တပ်ကြပ်ကြီးအား ပါးစပ်ဟောင်းလောင်း ဖြစ်သွားလောက်အောင် အံ့ဩသွားခဲ့ရပေတော့သည်။ သူမြင်ရသည့်အရာမှာ ပန်းကန်ပြားပျံသဏ္ဍာန် လေယာဉ်တစ်စင်း ဒေါက်ပေါ်၌ ရပ်နားထားသည်ကို တွေ့ရှိရခြင်းပင် ဖြစ်၏။ ထိုယာဉ်ကြီး တစ်စင်းလုံးမှာ အဝိုင်းကြီးဖြစ်ပြီး အနား ပတ်လည်မှာ ထောင့်ချိုးနုတ်ခမ်းရေး ဖြစ်ပေါ်နေသည်။ (ဆိုလိုသည်မှာ ပန်းကန် ပြားကြီးနှစ်ချပ်ကို နှုတ်ခမ်းချင်းဟပ်၍ တစ်ခုပေါ်မှတစ်ခု မှောက်ထားသည့်ပုံ ဖြစ်၏) အနားစွန်းမှာ အထက်သို့ လိပ်ခုံးသဏ္ဍာန် တက်သွားလေသည်။

ပန်းကန်ပြားပျံသဏ္ဍာန်ယာဉ်ကြီး၏ အလယ်ဗဟို၌ ကော့ပစ် ခေါ် ပိုင်းလော့(ယာဉ်မောင်း)ခန်း တည်ရှိ၏။ ထိုပန်းကန်ပြားပျံမှာ နှစ်ယောက်စီး၊ သို့မဟုတ် သုံးယောက်စီး ဖြစ်၏။ ယာဉ်တစ်ခုလုံး၏ အချင်းမှာ (၂၅)ပေမှ (၃၀)ခန့် ရှိမည်ဟု ခန့်မှန်းရကြောင်း တပ်ကြပ်ကြီးက ပြောပြခဲ့၏။ ပန်းကန်ပြား

ပျံကြီး၏ နံဘေးပတ်လည်၌ လေတပ်မတော် ယူနီဖောင်းဝတ်စုံ အပြာရောင်များဝတ်ဆင်ထားကြသော အမှုထမ်းများ လှည့်ပတ်စောင့်ရှောက်နေကြသည်ကို တပ်ကြပ်ကြီး တွေ့မြင်ခဲ့ရလေသည်။

မကြာမီ လေသူရဲ ပြန်ရောက်လာပြီး သူတို့နှစ်ဦး ထိုနေရာမှ ပြန်လစ်ခဲ့ကြလေသည်။ လူချင်း မခွဲကြမီ လေသူရဲက တပ်ကြပ်ကြီးအား မြင်ခဲ့သမျှနှင့် ရောက်ခဲ့သည့်နေရာကို လေသံတောင် မဟရန် ထပ်ခါထပ်ခါ မှာကြားလိုက်၏။ အကယ်၍ လေသံဟခဲ့ပါမူ မိမိ အနေဖြင့် လုံးဝ ဘူးကွယ်မည်သာ ဖြစ်ကြောင်း သတိပေးမှာကြားလိုက်လေသည်။

"မင်း တွေ့ခဲ့ရတဲ့ ပန်းကန်ပြားပျံဟာ ယူအက်စ်လေတပ်မတော်က ပညာရှင်တွေ တည်ဆောက်မောင်းနှင်ကြတဲ့ လေယာဉ်တစ်စင်းလို့ ထင်ပါသလား" ဟူ၍ မစ္စတာကရက်က တပ်ကြပ်ကြီးအား မေးမြန်းစောဒကတက်ခဲ့၏။

"ဒီလိုပဲ ကျွန်တော် ယူဆမိပါတယ်၊ ဘာလို့လဲဆိုတော့ ဒီစခန်းမှာရှိတဲ့ အရပ်သား အစောင့်တွေနဲ့ ကျွန်တော် အဖွဲ့ကျခဲ့ပါတယ်၊ သူတို့ ပန်းကန်ပြားပျံသဏ္ဌာန် လေယာဉ်ကြီးကို စက်ရုံတွေထဲမှာ ညည မောင်းနှင်စမ်းသပ်ကြည့်ကြကြောင်း ပြောပြလို့ သိခဲ့ရပါတယ်"

ရိုလီကရက်အား အတွင်းစကားကို သတင်းပေါက်ခဲ့မိသူ တပ်ကြပ်ကြီးခမျာ မကြာမီပင် ဗီယက်နမ်စစ်မြေပြင်သို့ အပို့ခံခဲ့ရလေသည်။ မစ္စတာကရက်က ထိုတပ်ကြပ်ကြီး၏ မပြန်လမ်းသို့ပြန်းခဲ့ရသည့် အဖြစ်ကို ရင်ထုမနာ ဖြစ်မိခဲ့လေသည်။

၁၉၆၅ ခုနှစ်က နီဗားဒါးပြည်နယ် နဲလ်လစ်လေတပ်မတော် အခြေစိုက်စခန်းအထက်၌ ပန်းကန်ပြားသဏ္ဌာန်ယာဉ်ကြီးတစ်စင်း စမ်းသပ်ပျံသန်းနေသည်ကို တွေ့မြင်ရသည်ဟု ကောလာဟလ သတင်းတစ်ရပ် ထွက်ပေါ်လာခဲ့၏။ ၎င်းယာဉ်ကြီးမှာ တပ်ကြပ်ကြီး ပြောပြခဲ့သော လူလုပ်ပန်းကန်ပြားပျံကြီးပင် ဖြစ်နိုင်၏။ ဤသို့အားဖြင့် ထိုစခန်း၌ လူလုပ်ပန်းကန်ပြားပျံကြီးကို စမ်းသပ်ပျံသန်းလိုက်ကြ၊ ပြန်သိမ်းထားလိုက်ကြ၊ တစ်ခါထပ်၍ ကောင်းသထက်ကောင်းအောင် ပြုပြင်၍ ထပ်မံ စမ်းသပ်ပျံသန်းကြည့်လိုက်ကြနှင့် ၁၉၇၁ ခုနှစ်တိုင် ထပ်တလဲလဲ ပြုပြင်စမ်းသပ်နေခဲ့ကြလေသည်။

အချို့ သတင်းပေးသူ ပုဂ္ဂိုလ်တို့၏ ပြောစကားအရ သိရှိရသည်မှာ ထိုကဲ့သို့ ပန်းကန်ပြားပျံအတု လေယာဉ်ပုံစံမျိုးကို တစ်ခါက တီဗီကုန်သွယ်ရေးကြော်ငြာအစီအစဉ်ကဏ္ဍ၌ မိမိကြည့်ခဲ့ဖူးကြောင်းပင် ဖြစ်ပါသည်။ ထိုစဉ်က

မျက်မြင်သက်သေ တစ်ဦးက ရုပ်မြင်သံကြား(တီဗီ)ဌာန တီဗီကြည့် ပရိသတ်တို့ လိုရာ အခန်းကဏ္ဍသို့ မိမိတို့ ကြည့်ခဲ့ဖူးသော ဘိန်းမုန့်ပျံ ***(The Flying Flapjack)***ကို ထပ်မံတင်ဆက်ပေးပါရန် စာရေးတောင်းဆိုခဲ့၏။ သို့ရာတွင် သက်ဆိုင်ရာ ရုပ်မြင်သံကြား အာဏာပိုင်တို့က ယင်းဘိန်းမုန့်ပျံကြီးမှာ အစိုးရ၏ ထိပ်တန်းလျှို့ဝှက် ဖြစ်၍ အစိုးရခွင့်ပြုမှသာ ပြန်လည် တင်ဆက်ပေးနိုင်မည်ဖြစ်ကြောင်း ပြန်ကြားခဲ့လေသည်။

အဆိုပါ လူ့လုပ် ပန်းကန်ပြားပျံ ကောလာဟလသတင်းနှင့် ပတ်သက်၍ လေတပ်မတော်သို့ စာရေးစုံစမ်းမေးမြန်းခဲ့ကြ၏။ တပ်မတော်(လေ)တွင် ၁၉၅၄ ခုနှစ်နှင့် ၁၉၅၉ ခုနှစ်အတွင်းက ကနေဒါနိုင်ငံ တိုရန့်တိုမြို့မှ အေဗွိုး လီမိတက် လေယာဉ်ကုမ္ပဏီကို လေယာဉ်ပျံပုံစံ တီထွင်ဆောက်လုပ်ပေးရန် ကန်ထရိုက် ပေးခဲ့သည်ဟု ဆိုပါသည်။ ထိုလေယာဉ်ပျံမှာ ပန်းကန်ပြားပျံ ပုံသဏ္ဌာန်ဖြစ်ပြီး ယင်းပုံစံကို အေဗွီ(၉)အေဗွိုအာရ်အို ***(AV-9 AVRO)*** ဟု အမည်ပေးထားခဲ့၏။ ထိုပန်းကန်ပြားပျံလေယာဉ်ကို တည်ဆောက်ခ စုစုပေါင်း ဒေါ်လာ (၁၀)သန်း အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်း ဖြစ်၏။ သို့ရာတွင် ၎င်းပုံစံသစ် အေဗွီ(၉)အေဗွိုအာရ်အိုမှာ မြေပြင်အထက် ပေအနည်းငယ်ခန့်သာ မြင့်တက်ပျံသန်းနိုင်သဖြင့် အကျိုး မဖြစ်ထွန်းခဲ့ပေ။

၎င်းပန်းကန်ပြားပျံ လေယာဉ်ပုံစံသစ် ပျံသန်းပုံမှာလည်း ကလေးကလားနိုင်လွန်းလှ၏။ ကလေးများ ကစားကြသည့် ဂျင်ကလေးတစ်လုံး မြေပြင်ပေါ်၌ အလည်ရပ်ခါနီး ဟိုယိမ်းဒီယိမ်းနှင့် ယိမ်းထိုးလှုပ်ရှားနေသည့် အတိုင်းပင် ဖြစ်၏။ အေဗွီ(၉)ကို စမ်းသပ်ပျံသန်းကြည့်ခဲ့သည်မှာ ၁၉၅၉ ခုနှစ်၌ အဆုံးကမှတ် နိဂုံးသတ်ခဲ့လေတော့သည်။ ဤတီထွင်မှုမှာ အမှတ်တရအနေထက် ပိုမို၍ အရာမရောက်ခဲ့ဟု တပ်မတော်(လေ)မှ စုံစမ်းသူတို့အား ပြန်ကြားခဲ့ပါသည်။

ဤပြန်ကြားချက်ပါ စကားရပ်အလိုအတိုင်း အေဗွီ(၉) အေဗွိုအာရ်အို လေယာဉ်သစ်၏ အကျိုးသက်ရောက်မှုမှာ ဤသို့သော အမှတ်တရ အနေစ်သာရ ဆောင်ခြင်းပေလော၊ ဤစကားမှန်ပါသလော၊ ထိုပုံစံလေယာဉ်နှင့် ပတ်သက်၍ တစ်လောက သတင်းတစ်ခု သိရှိခဲ့ရပေသည်။ တီထွင်မှု မအောင်မြင်ခဲ့သော အေဗွိုအာရ်အို ခေါ် လေယာဉ်ငယ်မှာ စင်စစ် လုပ်သားပြည်သူတို့အား မျက်မှန်စိမ်း တပ်ပေးခြင်းသာ ဖြစ်၏။ အေဗွိုအာရ်အိုတည်းဟူသော ပြည်ဖုံးကားနောက်ကွယ်ဝယ် အမိကရ သုတေသနလုပ်ငန်းတစ်ခု ရှိနေပါသည်။ ၎င်းမှာ

ရှိစ်ဝဲလ် ပန်းကန်ပြားပျံ ကြီးကို လိုအပ်သလို ထပ်မံပြင်ဆင်မွမ်းမံ၍သော် လည်း ကောင်း သို့တည်းမဟုတ် အလားတူ ပန်းကန်ပြားပျံ ခေါ် ယူဖိုးကြီးတစ်စင်းကို တည်ဆောက်၍သော် လည်းကောင်း အနန္တစကြဝဠာ စက်မှုသိပ္ပံနည်းစနစ်အတိုင်း စမ်းသပ်ပျံသန်း လေ့လာနေကြခြင်းပင် ဖြစ်လေသည်။

ဤအတွေးအမြင် အယူအဆ(ဝါ)ထိုသတင်းနှင့်ပတ်သက်၍ နယူးယောက်မြို့မှ ဒုဗိုလ်မှူးကြီးဟောင်း ဂျော့အက်ဒွပ်စ်(ယူအက်စ်လေတပ်မတော်မှ အငြိမ်းစားယူခဲ့သူ)က မဂ္ဂဇင်းထဲ၌ ထုတ်ဖော်ရေးသားခဲ့ဖူးလေသည်။ ဂျော့အက်ဒွပ်စ်မှာ စစ်ဘက်သိပ္ပံပညာရှင်ကြီးတစ်ဦး ဖြစ်၏။ ၎င်းက ၁၉၇၈ ခုနှစ်ထုတ် အိုင်ဒီးလ် ယူဖိုးမဂ္ဂဇင်း ***(Ideal's UFO Magazinee)*** အမှတ်(၄)၌ အေဗွိုအာရ်အို-ဗွီဇက်(၉) ***(AVRO-Vz-9)*** ခေါ် လူလုပ်ပန်းကန်ပြားပျံ စီမံကိန်းကြီးကို အမေရိကန် လေတပ်မတော်က အမှန်ပင် လုပ်ကိုင်ခဲ့ကြောင်း ထုတ်ဖော် ရေးသားထား၏။

ထိုမဂ္ဂဇင်းပါ ဆောင်းပါး၌ ဂျော့က မိမိနှင့်အခြားသိပ္ပံပညာရှင်များသည် ၎င်းအေဗွိုအာရ်-ဗွီဇက်(၉)စီမံကိန်းနှင့်ပတ်သက်၍ ကနဦးကပင် အောင်မြင်မှုရနိုင်စရာ မမြင်ကြောင်း ဝေဖန်တင်ပြခဲ့ကြသည်ဟုဆိုပါသည်။ ထိုမဂ္ဂဇင်းပါ သူ၏ စကားရပ်များကို ကောက်နုတ်ဖော်ပြရသော်. .

'ကျွန်တော်တို့တစ်တွေက ဒီစီမံကိန်းကြီးဟာ အောင်မြင်မှု ရနိုင်မည် မဟုတ်ကြောင်း တစာစာ တင်ပြကန့်ကွက်ခဲ့ကြပါသော်လည်း တပ်မတော် (လေ)ရဲ့ ပဓာနကျတဲ့ ရည်ရွယ်ချက်က တခြားနည်း ဖြစ်နေပါတယ်။

သူတို့ဟာ တကယ့်ဂြိုဟ်သားတွေရဲ့ အာကာသယာဉ်ကြီး အစစ်ကို လျှို့ဝှက်လေ့ကျင့်ပျံသန်းနေစဉ်မှာ ဗွီဇက်(၉)ဟာ စင်စစ်တော့ လူတွေကို မိမိတို့ လျှို့ဝှက်ချက် မရိပ်မိအောင် လှည့်စားတဲ့ ပြယုဂ်ပဥ္စလက်အတွက် တမင် တီထွင်ထားခြင်း ဖြစ်ပါတယ်။

ယခုလို ဗွီဇက်(၉) ပန်းကန်ပြားပျံ(လူလုပ်) ပြယုဂ်ကြီး ရှိနေတော့ တကယ့်ဂြိုဟ်သားတွေရဲ့ ပန်းကန်ပြားပျံအစစ်ကြီးကို လေ့ကျင့်မောင်းနှင် ပျံသန်းချင်တိုင်း ပျံသန်းနေပေမယ့် လူအများ အမြင်မှာတော့ ယုန်ထင်ကြောင်ထင် ဖြစ်သွားစေနိုင်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ (ပင်တာဂွန်) အနေနဲ့လည်း ဆင်ခြေပေးနိုင်စရာ လက်ညှိုးထိုးပြနိုင်စရာ ထွင်သက်သေ ဗွီဇက်(၉) ရှိနေလို့ သူတို့ရဲ့ လျှို့ဝှက်ချက် မပေါက်ကြားနိုင်တော့ဘူးပေါ့ဗျာ' ဟူ၍ ဖွင့်ချထားပါသည်။

အဆိုပါ ဒုဗိုလ်မှူးကြီးဟောင်း ဂျော့၏ ဆိုစကားအရ ထွင်သက်သေအဖြစ် ဗွီဇက်(၉)ကို အသုံးချခြင်း ဖြစ်ဖို့မှန်ခဲ့ပါမူ ဤနည်းစနစ်မှာ ယခင် ၎င်းတို့

သုံးစွဲခဲ့ကြသည့် မွဲပြာရောင်ဝါဒဖြန့်ချိရေး *(Grey Propaganda)* လမ်းစဉ်နှင့် မခြားတော့ပေ။

နိုစ်ဝဲလ်မြို့အနီး ပျက်ကျခဲ့သော ပန်းကန်ပြားပျံ သို့မဟုတ် ယူဖိုးကြီးမှာ ယူဖိုးခေတ်၏ ရေပြေပြင် ဖြစ်၏။ အမေရိကန်အစိုးရက ယူဖိုးမျက်မြင်ကိုယ်တွေ့ သတင်းမှန်သမျှကို ၁၉၇၈ ခုနှစ် အတွင်း၌ လွတ်လပ်စွာ သတင်းဖြန့်ချိမှု၊ ရေးသားမှု အက်ဥပဒေအရ ခွင့်ပြုခဲ့လေတော့သည်။ သို့ရာတွင် ထောက်လှမ်းရေး အဖွဲ့အစည်းတို့ အနေနှင့် အားမတန်၍ မာန်လျှော့လိုက်ရခြင်းသာ ဖြစ်၏။

သတင်းထုတ်ဝေခွင့်ကို မလိုလားသည့် အဖွဲ့အစည်းများမှာ စီအိုင်အေ၊ အက်ဖ်ဘီအိုင်၊ အင်အေအက်စ်အေ၊ လေတပ်မတော်၊ ရေတပ်မတော်၊ အမျိုးသားလုံခြုံရေးအေဂျင်စီနှင့် နိုင်ငံတော်အစိုးရ ထောက်လှမ်းရေး အင်အားစုများ ဖြစ်ပါသည်။ ယခင် ယူဖိုးနှင့် ပတ်သက်သည့် အစီရင်ခံစာများ၊ အမှုတွဲများမှာ အချို့ ပျောက်ဆုံးကုန်ခဲ့ပြီး အချို့မှာ တစ်ဖွဲ့မှတစ်ဖွဲ့သို့ ကူးပြောင်းကာ ဘဲဥ အစရှာမရတော့ပေ။

နိုစ်ဝဲလ် ပန်းကန်ပြားပျံကြီးကိစ္စ၌ တပ်မတော်လေနှင့် အက်ဖ်ဘီအိုင် အဖွဲ့အစည်းတို့ မကျေလည်ခဲ့ကြပေ။ ထိုအကြောင်းများကို ယခု ၁၉၇၈ ခုနှစ် အမေရိကန်ပြည်ထောင်စုအစိုးရက လွတ်လပ်စွာ သတင်းထုတ်ပြန်ခွင့်ပြုသည့် အက်ဥပဒေပုဒ်မ (၅-ယူအက်စ်စီ ၅၅၂) |***Freedom of Information Act (5 USC-552)***| ပြဋ္ဌာန်းပြီး နောက်ပိုင်းကျမှ သိရှိခဲ့ရလေသည်။ ၎င်းတို့အနက် အက်ဖ်ဘီအိုင် *(FBI)* အဖွဲ့ကြီး၏ ဦးစီးချုပ်ဖြစ်သူ ကွယ်လွန်သူ ဂျေ-အက်ဂါဟိုဗား *(J.Edgar Hoover)* ၏ မှတ်တမ်းလွှာ အကျဉ်းချုပ်ကလေးတစ်စောင်မှာ နိုစ်ဝဲလ်ဖြစ်ရပ်နှင့် တိုက်ရိုက်သက်ဆိုင်နေပါသည်။ ထိုစာမှာ တစ်ချိန်က အမေရိကန်အစိုးရ အဖွဲ့အစည်းကြီးထဲ၌ တန်ခိုးကြီးဩဇာညောင်းခဲ့သူ ဟိုဗား၏ မိမိတို့ဩဇာကို ဟန့်တားသူတို့အပေါ် မကျေနပ်သည့် လေသံများ ပါရှိနေ၏။

မစ္စတာလတ် *(Mr. Ladd)* အတွက် မှတ်တမ်းစာ

*မစ္စတာ (ဆင်ဆာဖြတ်ထားသည်) ဒီကိစ္စနှင့်ပတ်သက်ပြီး အမ်အိုင်ဒီ (MID) (စစ်ထောက်လှမ်းရေးဌာန)မှ ဗိုလ်မှူးကြီး အယ်လ်အာရ်ဖိုနေ (L.R. Forney) နဲ့ ဆွေးနွေးခဲ့ကြတယ်၊ ဗိုလ်မှူးကြီးက သူ့ရဲ့သဘောအရဆိုရင် ပန်းကန်ပြားပျံကြီးဟာ တပ်မတော် သို့မဟုတ် ရေတပ်မတော် စမ်းသပ်သုတေသနအတွက် မသက်ဆိုင်တဲ့ပစ္စည်း ဖြစ်နေတယ်လို့ပဲ ယူဆပါသတဲ့။ ဒီယူဖိုးကိစ္စဟာ*

*အက်ဖ်ဘီအိုင်နဲ့သာ တိုက်ရိုက် သက်ဆိုင်နေတယ်လို့ ညွှန်ပြ ပြောဆိုခဲ့တယ်။ ဗိုလ်မှူးကြီး ဟိုနေ့က သူ့အနေနဲ့ ကျုပ်တို့ကို အကြံပြုချင်တာကတော့တဲ့ အက်ဖ်ဘီအိုင် အဖွဲ့ကြီးက ဖြစ်နိုင်မယ်ဆိုရင် ဗိုလ်ချုပ်ကြီး ရှူလ်ဂျင်ရဲ့ မေတ္တာရပ်ခံချက်ကို လိုက်လျောစေချင်တယ်လို့ပြောတယ်။*

[၎င်း၏ မေတ္တာရပ်ခံချက်မှာ တပ်မတော်(လေ)၏ အကူအညီကိုရယူပြီး ယူဖိုးသုတေသန လုပ်ငန်းရပ်တို့ကို ပူးပေါင်းဆောင်ရွက်ရန်ကိစ္စ ဖြစ်၏။]

**အက်စ်ဒဗလျူအာရ်အေဂျေဘီ (အတိုကောက်လက်မှတ်)**

***(SWR. AJB.)***

*ကျုပ်သဘောအရ ဒီကိစ္စကို သဘောတူ လက်ခံရလိမ့်မယ်၊ ဒါပေမယ့် ပထမဆုံး ပန်းကန်ပြားပျံကြီးကို ရအောင် အလျင် တောင်းဆိုရမယ်၊ အကြောင်းရှိနေလို့ပဲ [အက်စ်ဒဗလျူ (SW) လား၊ အယ်လ်အေ (LA) လား မသေချာဘူး] ဒီကိစ္စမှာ တပ်မတော်က ပန်းကန်ပြားပျံကြီးကို အနိုင့်အထက်ယူသွားခဲ့ကြတယ်။ ပြီး ကျုပ်တို့ကိုလည်း လုံးလုံး သိခွင့် မပေးခဲ့ကြဘူး။*

*အိပ်ချ် (H)*

အထက်ဖော်ပြပါ မှတ်တမ်းစာတိုကလေးကို လေ့လာကြည့်လျှင် ဒိုးစ်ဝဲလ် ပန်းကန်ပြားပျံကိစ္စနှင့် ပတ်သက်၍ အက်ဖ်ဘီအိုင်ဌာနချုပ်က တပ်မတော်(လေ) ၏ သဘောထားနှင့် လုပ်ရပ်ကို သဘောမကျကြောင်း ထင်ရှားနေ၏။ ၎င်းပြင် ထိုစာအရ သိရှိရသည်မှာ အလားတူ ဖြစ်ရပ်များနှင့် ပတ်သက်သော စာချုပ်စာတမ်း၊ မှတ်တမ်းမှတ်ရာများ ကျန်ရှိနေသေးကြောင်း ပေါ်လွင်နေ၏။ အထက်ပါ အက်ဖ်ဘီအိုင်ဦးစီးချုပ် ဟိုဘား၏စာမှာ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့စွဲတပ်ထား၏။ ၎င်းစာထဲမှ အက်စ်ဒဗလျူဆိုသည့် အဓိပ္ပာယ်မှာ ပန်းကန်ပြားပျံကြီး ပျက်ကျခဲ့သည့်ဒေသ(အရှေ့မြောက်)ကိုပဲ ရည်ညွှန်းရေးသားခြင်းလော၊အယ်လ်အေ *(LA)* ဆိုသည်မှာ (လူစီယားနားပြည်နယ်)ကို ညွှန်းသလော သို့မဟုတ် အက်ဒွပ်စ် လေတပ်မတော် အခြေစိုက်စခန်း တည်ရှိရာ လော့စ်အိန်ဂျယ်လီးစ်ကိုပင် ရည်ညွှန်းခြင်း ဖြစ်ကောင်း ဖြစ်နိုင်၏။

လူစီယားနားပြည်နယ်ကို ရည်ညွှန်း ဖော်ပြနေခြင်း ဖြစ်နိုင်စရာအကြောင်းမှာ အခြား မဟုတ်ပေ။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့က လူစီယားနားပြည်နယ် အနောက်မြောက်ပိုင်းရှိ ရှရွဲဟပ်မြို့၌ တွေ့ရှိခဲ့ရသော

ရေဒီယိုစက်တပ် (၁၆)လက်မအရွယ် ဒန်သတ္တုနှင့် ပြုလုပ်ထားသော ပန်းကန်ပြားပုံ အတုကလေး ဖြစ်ပါသည်။ ယင်းဖြစ်ရပ်မှာ အက်ဖ်ဘီအိုင်မှတ်တမ်းနှစ်စောင်၌ ရည်ညွှန်း ဖော်ပြထားသည့်ဖြစ်ရပ်ဖြစ်သည်။ ၎င်းစာနှစ်စောင်အနက် တစ်စောင်မှာ နယူးအော်လင်မြို့ အက်ဖ်ဘီအိုင်ဌာနချုပ်မှ ပေးပို့သည့်စာဖြစ်ပြီး ကျန်တစ်စောင်မှာ (နှစ်စောင်စလုံး ဇူလိုင်လ ၇ ရက်နေ့စွဲနှင့်ချည်း ဖြစ်သည်။) ဟိုဗား ကိုယ်တိုင် ရေးသားခဲ့သောစာ ဖြစ်၏။

လက်ဆံဟိုဗား ရေးခဲ့သော အထက်ဖော်ပြပါ မှတ်တမ်းတိုကလေးမှာ (ရို့စ်ဝဲလ်) အနီး ပျက်ကျခဲ့သော ပန်းကန်ပြားပုံကြီးကိုသာ ဖော်ဆောင်နေသည့် ထင်ရှားသောစာပိုဒ်တို့မှာ '*တပ်မတော်က အနိုင်ကျင့် ယူသွားခဲ့ကြတယ်။ ပြီးတော့ ကျုပ်တို့ (အက်ဖ်ဘီအိုင်)ကိုလည်း စုံစမ်းစစ်ဆေး မေးမြန်းခွင့် မပြုခဲ့ကြဘူး*' သိသာလွန်းနေပါသည်။ လူစီယားနားပြည်နယ်မှ မှတ်တမ်းနှစ်စောင်မှာ ရှရှားပို့မြို့၌ ဖြစ်ပွားခဲ့သော ပန်းကန်ပြားပုံအတုကိုသာ ရည်ညွှန်းထားပါသည်။ ထိုကိစ္စ၌ အက်ဖ်ဘီအိုင်နှင့် တပ်မတော်(လေ) တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြ၏။

လက်ဆံပေးပို့ခဲ့သော ဟိုဗား၏ မှတ်တမ်းတိုကလေးမှ ရည်ညွှန်းခဲ့သော ကိစ္စမှာ နယူးမက္ကဆီကိုပြည်နယ်တွင် ပျက်ကျခဲ့သောပန်းကန်ပြားပုံ ဖြစ်ရပ်သာလျှင် ဖြစ်၏။ ထိုကိစ္စကို ပိုမို ထင်ရှားစေသည့် အခြား အက်ဖ်ဘီအိုင်မှတ်တမ်းနှစ်စောင်မှာ သုတေသီကြီး ဘရက်စပတ်စ်ထံမှ စာရေးသူတို့ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ၎င်းစာနှစ်စောင်အနက် တစ်စောင်မှာ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့စွဲနှင့် (အလျင်အမြန်) ဟူ၍ ရေးသားဖော်ပြထားသည့် တယ်လီတိုက်ပ် ခေါ် ရေဒီယိုသံကြိုးဖြင့် ပေးပို့ခဲ့သောစာ ဖြစ်ပါသည်။ ယင်း ရေဒီယိုသံကြိုးမှာ တက်ဆပ်ပြည်နယ် စင်စင်နာတီမြို့ အက်ဖ်ဘီအိုင် ဌာနချုပ်တို့ ဆက်သွယ် ပေးပို့ခဲ့ခြင်း ဖြစ်၏။

၎င်းအက်ဖ်ဘီအိုင် မှတ်တမ်းနှစ်စောင်စလုံး၌ ဟိုဗားနှင့် တပ်မတော်(လေ)ဗျူဟာမှူး *(SAC)* တို့ နှစ်ဦးစလုံးကို ဖော်ပြထားပြီး ရို့စ်ဝဲလ်ဖြစ်ရပ်မှန် ပန်းကန်ပြားပုံကြီး အကြောင်းကိုသာ တိုက်ရိုက်ရည်ညွှန်း ရေးသားထားကြောင်း တွေ့ရှိရလေသည်။ တယ်လီတိုက်ပ်(ရေဒီယိုသံကြိုး)စာပါ ထင်ရှားပေါ်လွင်သော စာပိုဒ်တို့မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

**ရေဒီယိုသံကြိုး**

အက်ဖ်ဘီအိုင်ဌာနချုပ်
ဒါလားစ်မြို့ ၈-၇-၄၇ ၆-၁၇နာရီ (ညနေ)

ညွှန်မှုနှင့် တပ်မတော် (လေ)ထုတ်ပြန်ချက်
(အက်စ်အေစီ)၊ စင်စင်နာတီမြို့။

အမြန် သတင်းပို့ပါသည်။ ပန်းကန်ပြားပျံနှင့် ပတ်သက်သည့်သတင်း (ဆင်ဆာဖြတ်ထားသည်။) ပန်းကန်ပြားပျံဟုယူဆရသောအရာဝတ္ထုကြီးတစ်ခုကို သိမ်းဆည်းရရှိခဲ့ကြောင်း ဤနေ့သို့ အမှတ်(၈)လေတပ်မတော် (လေ)စစ်ဌာနချုပ်မှ ဖုန်းဖြင့် အကြောင်းကြားခဲ့သည်။ (ဤနည်းတူ) (ဆင်ဆာဖြတ်ထားသည်) ရက်နေ့က နယူးမက္ကဆီကိုပြည်နယ် ရိုစ်ဝဲလ်မြို့အနီး၌လည်း ဖြစ်ပွားခဲ့ကြောင်း သိရပါသည်။ ထိုအရာဝတ္ထုမှာ မိုးလေဝသနှင့် ဇလဗေဒဌာနမှ ကမ္ဘာမြေပြင် အထက်အာကာသအတွင်းသို့ လွှတ်ထားခဲ့သော ရေဒါစက်တပ် ရာသီဥတုတိုင်း မိုးပျံဘောလုံးနှင့် မရှင်းမရှင်းဖြစ်နေသည်။ သို့ရာတွင် သူတို့ဌာနချုပ် (အမှတ်(၈) တပ်မတော်-လေ)နဲ့ ဝရိုက်ပက်တာဆင် လေတပ်မတော် အခြေစိုက်စခန်းတို့ ဆက်သွယ်ပြောကြားခဲ့သည့် တယ်လီဖုန်းစကားမှာ ယခုကဲ့သို့ မိုးပျံဘောလုံး အကြောင်းမပါရှိပါ။ ပန်းကန်ပြားပျံနှင့် မိုးပျံဘောလုံးကို ဝရိုက်ပက်တာဆင်သို့ အထူးစစ်လေယာဉ်နှင့် စစ်ဆေးကြည့်ရှုရန် ပို့လိုက်ကြပြီ ဖြစ်ပါသည်။ (အသေးစိတ်ဖော်ပြထားသည်။) ယခု ကျွန်တော်တို့နေ့မှာ သတင်းမပေါက်ကြားဖို့ စီစဉ်ညွှန်ကြားထားရပါသည်။ ဒီကိစ္စကို တစ်နိုင်ငံလုံးက သိချင်နေကြသည်။ ၎င်းပြင် ရေဒီယိုအသံလွှင့်ကုမ္ပဏီများ၊ အေပီသတင်းစာဆရာများနှင့် အခြားသတင်းစာဆရာ၊ သတင်းထောက်တွေ သတင်းနောက် တကောက်ကောက် လိုက်နေကြ၍ ဖြစ်ပါသည်။ (ဆင်ဆာဖြတ်ထားသည်။) ဝရိုက်ပက်တာဆင်၊ စင်စင်နာတီ အက်ဖ်ဘီအိုင်ဌာနချုပ်ကို ကြည့်ရှုစစ်ဆေးခွင့်ပြုဖို့ ကောင်းပါသည်။

ဝိုင်လီ *(Wily)*

အထက်ပါ ရိုစ်ဝဲလ်မြို့အနီး ပျက်ကျခဲ့သော ပန်းကန်ပြားပျံကြီးနှင့် ပတ်သက်၍ ရေးသားထားသော အက်ဖ်ဘီအိုင် မှတ်တမ်းများစွာနှင့် အထောက်အထား စာရွက်စာတမ်းပေါင်းများစွာ စာရေးသူတို့လက်ဝယ် ရှိနေပါသေးသည်။ ယခု ဤစာအုပ်ပါ တင်ပြချက်များ၊ အထောက်အထားများ၊ မျက်မြင်ကိုယ်တွေ့ သက်သေသက္ခီများမှာ အမှန်ကိုအမှန်အတိုင်း အရှိကိုအရှိအတိုင်း ရေးသားတင်ပြထားခြင်းသာလျှင် ဖြစ်ပါသည်။

ဤရိုစ်ဝဲလ် ပန်းကန်ပြားပျံကြီးကို လက်ဝယ်ရရှိခဲ့ခြင်းမှာ (၂၀)ရာစု ကျွန်ုပ်တို့ခေတ်၏ စကြာဝဠာနှင့် အာကာသသိပ္ပံ စက်မှုသိပ္ပံ တစ်ခေတ်ပေါ်ထွန်းရန် လမ်းစပေါ်ခဲ့ခြင်းဟု ဆိုရပေမည်။ စင်စစ် ကျွန်ုပ်တို့ ကမ္ဘာဂြိုဟ်မှသာ

သက်ရှိများ၊ လူသားများ ရှိနေကြသည်ဆိုဟူသော အတွေးဟောင်း အမြင်ဟောင်းများကိုစွန့်ပယ်ရန် အနန္တစကြဝဠာသားများနှင့် ပထမဦးစွာ စတင်ထိတွေ့ ဆက်သွယ်မိခြင်း (အရှင်ဖြစ်စေ၊ အသေဖြစ်စေ)ပင် ဖြစ်ပေသည်။ ဥပမာ- ခိုင်းနိုင်းပုံဆောင်ပြရပါမူ ကိုလံဘတ် (ခရီးသည်ကြီး) သည် ကမ္ဘာသစ်မှ ဌာနေတို့နှင့် တွေ့ဆုံခဲ့ရသည့်အဖြစ်မျိုး ကျွန်ုပ်တို့ကိုလည်း အနန္တစကြဝဠာ ဂြိုဟ်သားများက (ဤကမ္ဘာဂြိုဟ်ကလေးမှ ဌာနေလူသားများ) ကျွန်ုပ်တို့ကို တွေ့ခဲ့ကြရခြင်းသာ စင်စစ် ဖြစ်နေပေတော့သည်။

♣ ♣ ♣

## အခန်း(၉)
## ဆိုဗီယက်ရုရှားတို့နှင့် ယူဖိုးများ

၁၉၆၁ ခုနှစ်က ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ အနောက်မြောက်ပိုင်းရှိ ဥရောပတွင် ဒုတိယအကြီးဆုံးဖြစ်သော အိုနေဂါအိုင်ကြီး၌ ယူဖိုးဖြစ်ရပ်တစ်ခု ဖြစ်ပွား ပေါ်ပေါက်ခဲ့ပေသည်။ ထိုအကြောင်းကို ၁၉၇၅ ခုနှစ်တွင် ယူအက်စ်အက်စ်အာရ်ယူဖိုးစာစောင် ***(UFOs IN THE U.S.S.R)*** အတွဲ (၂) ၌ ပါမောက္ခကြီး ဖီးလစ်ဇီဂဲလ် ရေးသားခဲ့၏။ ၎င်းပြင် ယင်းကိစ္စကိုပင် ၁၉၇၈ ခုနှစ်က ပရင်တစ်ဟောလ် စာပေတိုက်ထုတ် ဆိုဗီယက်တို့ အသစ်တွေ့ရှိကြရသောအကြားအမြင်ပညာရပ်များ ***(The New Sovit Discoveries)*** စာအုပ်၌ စာရေးသူ ဂရစ်နှင့်ဒစ် ***(Gris and Dick)***တို့က အတည့်အလင်း ရေးသားတင်ပြထားလေသည်။

အချင်းဖြစ်ပွားခါစ အိုနေဂါအစီရင်ခံစာ မှုရင်းများကို ရေးသားတင်ပြခဲ့သူများမှာ ဆိုဗီယက်လေကြောင်းသိပ္ပံတက္ကသိုလ် ***(The Sovit Aviation Institute)*** မှ ပါမောက္ခကြီး ဇီဂဲလ်နှင့် ဆိုဗီယက်ပြည်နယ် အင်ဂျင်နီယာတစ်ဦး ဖြစ်သူ ယိုရီဖိုမင် ***(Yori Forman)*** တို့နှစ်ဦးပင် ဖြစ်၏။ ယခု ဤအခန်း၌ တင်ပြမည့် အိုနေဂါအိုင်ကြီးမှ ယူဖိုးဖြစ်ရပ်မှာ အထက်ပါ မူရင်း အစီရင်ခံစာများမှ စာရေးဆရာ ဇီလျံမိုး ရုရှားဘာသာမှ တိုက်ရိုက်ပြန်ဆိုချက်များ ဖြစ်ပါသည်။ အချင်းဖြစ် ယူဖိုးကိစ္စကို ဆိုဗီယက်အစိုးရက တရားဝင် ထုတ်ပြန် မကြေညာ

သေးခင်ပင် ဆာမစ်ဒတ် *(Samisdat)* ခေါ် မှောင်ခိုစာပေဖြန့်ချိရေးမှ ထုတ်ဝေခဲ့ပြီးနှင့်လေပြီ။

အချင်းဖြစ်ပွားခဲ့ရာ ဒေသမှာ အင်တီနိုရွာကလေး ( ယခုအခါ ထိုရွာကလေးမှာ ပျက်စီးသွားခဲ့လေပြီ) အနီး ဒိုနေဂါဒိုင်ကြီး၏ မြောက်ဘက်ကမ်းခြေနှင့် မနီးမဝေးအရပ်၌ ဖြစ်၏။ ၁၉၆၁ ခုနှစ် ဧပြီလ ၂၇ ရက်နေ့ နံနက်စောစောအချိန်ဝယ် လူပေါင်း (၂၅) ယောက် ပါဝင်သော တောလိုက်မုဆိုးနှင့် သစ်ခုတ်သမား အဖွဲ့တစ်ဖွဲ့သည် ယူဖိုးကြီးတစ်စင်းကို တွေ့မြင်ခဲ့ကြရလေသည်။ ယူဖိုးကြီးမှာ မြေပြင်ဆီသို့ ချဉ်းကပ်နေခြင်း ဖြစ်၏။ ခဏအတွင်း၌ ယူဖိုးကြီးမှာ ဒိုနေဂါဒိုင်ကြီးအတွင်းသို့ ရေစီးဝင်ရာ ကတွတ်ပေါက်တစ်ခုနှင့် တိုက်မိလေတော့သည်။ [မျက်မြင်သက်သေများ ပြောစကားအရ အချင်းဖြစ်ချိန်မှာ နံနက်(၈)နာရီ သို့မဟုတ် (၁၀)နာရီသာ ရှိသေးသည်ဟု သိရ၏။]

တောလိုက်မုဆိုးတို့နှင့် သစ်ခုတ်သမားလူစု တွေ့မြင်ခဲ့ကြရသော ယူဖိုးကြီး၏ပုံပန်းမှာ ဘဲဥပုံဖြစ်ပြီး ခရီးသည်တင် လေယာဉ်ကြီးခန့် ရှိသည်ဟု သိရ၏။ ယာဉ်ကြီးတွင် အပြာရောင်မီးများ ထိန်လင်းနေ၏။ ယူဖိုးကြီးမှာ ခပ်နိမ့်နိမ့် ပျံသန်းနေခြင်းဖြစ်ပြီး အလွန့်အလွန် ပျံသန်းသည့်နှုန်းမှာ မြန်လေသည်။ ၎င်းယာဉ်ကြီးသည် အရှေ့အရပ်ဆီမှ အနောက်အရပ်ဆီသို့ ဦးတည်ပျံသန်းကာ ဒိုင်ကြီး၏မြောက်ဘက် ကမ်းခြေမြေပြင်နှင့် ဝင်ရောက်တိုက်ခိုက်မိပြီး ပေါက်ကွဲသံကြီး ထွက်ပေါ်လာခဲ့၏။ ထိုယာဉ်ကြီး ထိခိုက်သွားရာ မြေပြင်မှာ ပျက်စီးသွားခဲ့ပြီး ပတ်ဝန်းကျင်ရှိ ဟင်းသီးဟင်းရွက်ပင်ကလေးများလည်း အမြစ်မှလန်ထွက် ပျက်စီးကုန်ခဲ့ကြလေသည်။

ယူဖိုးကြီးကို တအံ့တဩ ကြည့်နေခဲ့ကြသော တောလိုက်အဖွဲ့သည် ရိုးသားသော တောနေသူများ ဖြစ်သည်နှင့်အညီ အလွန့်အလွန်ကို ကြောက်လန့်တုန်လှုပ်နေကြတော့သည်။ သို့နှင့် သူတို့သည် ခရိုင်တောအုပ် (သစ်တောအုပ်) ဗလင်တင်ဘော့စကီးထံ သွားရောက် ပြောပြ အကူအညီ တောင်းခဲ့ကြလေသည်။ သစ်တောအုပ် ဘော့စကီး၏ ပြောပြချက်အရဆိုပါမူ အချင်းဖြစ်ပွားခဲ့ပုံကို တောလိုက်မုဆိုးများနည်းတူ အနီးပတ်ဝန်းကျင်မှ လူအများသည် တွေ့မြင်လိုက်ရကြောင်း သိရှိရ၏။ မျက်မြင်သက်သေများက ယူဖိုးကြီးမှာ မြေပြင်နှင့်ထိခိုက်မိပြီးနောက် အနောက်အရပ်ဆီသို့ ယိမ်းထိုးလှုပ်ရှား ပျံသန်းသွားခဲ့သည်ဟုဆို၏။ သို့ရာတွင် မြေပြင်နှင့် ထိခိုက်မိခဲ့သဖြင့် ယူဖိုးကြီးမှာ မူလကလိုမြေပြင်မှ အလှမ်းမြင့်မြင့် မပျံသန်းနိုင်တော့ပေ။ ထိုလူစု ကြည့်နေကြစဉ်၌ပင်

ယူဖိုးကြီးမှာ အသံဗလံ (အင်ဂျင်စက်သံ) ဟူ၍ မကြားကြရဟု ပြောပြခဲ့ကြလေသည်။

ယင်းကဲ့သို့ ယူဖိုးကြီး ထိခိုက်သွားခဲ့သော ဒိုနေဂါအိုင်ကြီး ကမ်းခြေသို့ တောအုပ်ကြီး ဘောစကီး ပထမဦးဆုံး သွားရောက်ကြည့်ရှုခဲ့၏။ ၎င်းနောက် ပိုဗီနက်စ်မြို့မှ အရပ်သားနှင့် စစ်မှုထမ်းများ ပေါင်းစပ်ပါဝင်သည့် လေ့လာရေးအဖွဲ့တစ်ဖွဲ့သည် အချင်းဖြစ် ဒိုနေဂါအိုင်ကြီးကမ်းခြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြ၏။ ထိုအဖွဲ့မှ အရပ်သားအုပ်စုကို ပတ်ဝန်းကျင် သိပ္ပံပညာရှင်ကြီး ***(Environmemtal Scientist)*** ဖိုင်ဒါဒေနီဆော့ဗ် ***(Fydor Denisov)*** က ဦးဆောင်၍ လည်းကောင်း။ ဆိုဗီယက် တပ်မတော်သားများကို တပ်မတော် အင်ဂျင်နီယာ မေဂျာအန်တန်ကိုပီကင် ***(Major Anton Kopeikin)*** က လည်းကောင်း ဦးစီးခဲ့၏။ ကိုမင်ကီ၏လက်အောက်၌ အထက်တန်းစက်မှုပညာရှင် လက်ဖတင်နင် ဘောရစ်လာပုနော့ဗ်လည်း ပါဝင်ခဲ့၏။ ထိုသုတေသနအဖွဲ့က ဒိုနေဂါအိုင်ကြီး ကမ်းခြေတွင် ယူဖိုးကြီး တိုက်ခိုက်သွား၍ မြောင်းကြီးသုံးခု ဖြစ်သွားခဲ့သည်ဟု ထုတ်ဖော် ပြောကြားခဲ့ကြသည်။ မြောင်းကြီးတစ်ခုမှာ ကြီးမားပြီး ကျန်နှစ်ခုမှာ ငယ်ကြသည်။ ထိခိုက်မိသော မြေပြင်အနီးဝန်းကျင်မှ ဟင်းသီးဟင်းရွက်ပင်များမှာ ပြင်းထန်သော ထိခိုက်မှုကြောင့် အမြစ်ပါလန်၍ ထွက်သွားခဲ့သည်ကို တွေ့ရှိခဲ့ကြရ၏။

ထိုကာလမှာ ဆိုဗီယက်ရုရှား၌ ရေကန်များ၊ မြစ်ချောင်းအင်းအိုင်များ ရေခဲနေတုန်းပင် ဖြစ်၏။ ဒိုနေဂါအိုင်ကြီးအတွင်းမှ ရေခဲများမှာ ပြင်းထန်သော ထိခိုက်မှုကြောင့် အလိုအလျောက် ကွဲအက်ကာ ကွဲကြောင်းကြီးများ ဖြစ်ပေါ်လာခဲ့၏။ ရေခဲ အကွဲအစများမှာလည်း ရေကန်ဘောင်အပြင်သို့ လွင့်စဉ်ကျနေကြလေသည်။ ရေခဲ အကွဲအစတို့၌ ထူးဆန်းစွာ ကရိုမီယမ်အစိမ်းရောင်များကို တွေ့ရှိကြရလေသည်။ ယူဖိုး ထိခိုက်သွားသဖြင့် ဖြစ်ပေါ်လာခဲ့သော အိုင်ကြီးကမ်းခြေမှ မြေကြီးအက်ကွဲကြောင်းကြီးများမှာ မြောင်းကြီးများသဖွယ် ဖြစ်နေပါသည်။ အကြီးဆုံးမြောင်းကြီးမှာ အလျား(၂၇)မီတာ၊ အနံ (၁၅)မီတာခန့် ကျယ်ပြန့်ပြီး အနက်ခန့်မှန်းခြေ (၃) မီတာခန့်ရှိ၏။ ဒုတိယမြောင်းကြီးမှာ ပထမမြောင်း၏ အဆုံးပိုင်းနေရာမှ စတင်ကာ (၅½) မီတာအထိ ရှည်လျားကြောင်း တွေ့ရ၏။ တတိယမြောင်းမှာ အနံ(၄၀) စင်တီမီတာခန့် ကျယ်ဝန်းပြီး ကန်အတွင်းသို့ ဒုတ်ဒုတ်ထိ ဆင်းသွားခဲ့လေသည်။

လေ့လာရေးအဖွဲ့ဝင်တို့သည် ယူဖိုးကြီး စတင် တိုက်ခိုက်မိရာ ဒိုနေဂါ

အိုင်ကြီး၏ကမ်းခြေသို့ အနီးကပ် လေ့လာ စစ်ဆေးခဲ့ကြ၏။ ထို အနီးကပ်လေ့လာရေး (အသေးစိတ်လေ့လာရေး) အဖွဲ့ကို မေဂျာကိုပီကင် ခေါင်းဆောင်လေသည်။ ထိုနေရာမြေပြင်ပေါ်မှ သတ္တုနှင့်တူသည့် အမည်းရောင် ဂဲဩမေထရီ ပုံသဏ္ဍာန် အစအနလေး များစွာကို တွေ့ရှိခဲ့ကြရ၏။ ယင်းပစ္စည်းကလေးများမှာ သဘာဝပစ္စည်း မဟုတ်ဘဲ ပြုပြင်ဖန်တီးထားသော အရာများသာ ဖြစ်ကြောင်း သိခဲ့ကြရ၏။ ထို့ပြင် သတ္တုစကလေးတစ်ခုကိုလည်း တွေ့ရှိရလေ၏။ ယင်းသတ္တုစမှာ စီးကရက်ဘူးခွံထဲမှ သတ္တုပြား *(Foil)* နှင့် တူလေသည်။

အဆိုပါ ဖွိုင်ကဲ့သို့ သတ္တုပြားလှပ်လှပ်ကလေး၏ ထုထည်အတိုင်းအတာမှာ ၃($\frac{၁}{၂}$)စင်တီမီတာ၊ အလျား(၂)စင်တီမီတာ၊ ဗျက် ($\frac{၁}{၂}$)စင်တီမီတာ ရှိလေသည်။ နောက်ပိုင်း စစ်ဆေးကြည့်မှ သိရသည်မှာ ထိုသတ္တုဖွိုင်ကလေးမှာ အမည်းရောင်သတ္တုစ (ဂဲဩမေထရီပုံ)တို့နှင့် တစ်မျိုးတစ်စားတည်း ဖြစ်လေသည်။ ဤတွေ့ရှိရသမျှ ထူးဆန်းသောပစ္စည်းများ၊ ရေခဲအပုံအစုများနှင့် အမည်းရောင် အမှုန်အမွှားများကိုပါ သိမ်းကျုံးစုဆောင်းကာ ယီနင်ဂရက် စက်မှုသိပ္ပံတက္ကသိုလ်သို့ ဓာတ်ခွဲစီစစ်ကြည့်ရန် ပေးပို့ခဲ့ကြလေသည်။

## လီနင်ဂရက် စက်မှုသိပ္ပံတက္ကသိုလ် ဓာတ်ခွဲစစ်ဆေးတွေ့ရှိချက်

(က) အစိမ်းရောင် ရေခဲတုံးများ ပျော်သွားကျသွားသောအခါ ဖိုက်ဘာကဲ့သို့ ကြိုးစကလေးတစ်စ ကျန်ရစ်ခဲ့၏။ ၎င်းဖိုက်ဘာစကလေးကို ဓာတ်ခွဲကြည့်ရာ အမျိုးအမည် လုံးဝ မသိရသော သက်ရှိကွန်ပေါင်းပစ္စည်းတစ်မျိုးဖြစ်ပြီး ဒန်၊ ကယ်လ်စီယမ်၊ ဘေရီယမ်၊ စီလီကွန်၊ ဆိုဒီယမ်နှင့် တိုက်တေးနီယမ် အချိုးအစား အနည်းငယ်စီ ပေါင်းစပ်ပါဝင်နေသည်ကို တွေ့ရှိရ၏။

(ခ) ဂဲဩမေထရီပုံသဏ္ဍာန် သတ္တုနှင့်တူသောအမည်းရောင် အစအနကလေးများမှာ အက်စ် (ငရဲမီး) ခံနိုင်စွမ်းရှိပြီး အပူချိန် မြင့်မားစွာ ခံနိုင်ရည်ရှိကြောင်း တွေ့ရှိရသည်။ ယင်းပစ္စည်းကလေးများသည် အကျော့အစွမ်းအင်ပစ္စည်း မဟုတ်ဘဲ စီလီကွန်နှင့် သံသတ္တုစပ် ဖြစ်ဟန်တူ၏။ ၎င်းသတ္တုစပ်၌ ဒန်၊ လစ်သီယမ်၊ တိုက်တေးနီယမ်နှင့်ဆိုဒီယမ် သတ္တုများ အနည်းဆုံး အချိုးဖြင့် ပေါင်းစပ်ပါဝင်နေကြသည်။

(ဂ) ဖွိုင် ခေါ် စီးကရက်ဘူးခွံထဲမှ သတ္တုပြား ပါးပါးကလေးနှင့် တူသော

အရာဝတ္ထုစည်းမှာ အထက် (၈)အမျိုးအစားနှင့် တစ်မျိုးတစ်စားတည်း ဖြစ်ပြီး ကြီး၍ ကွဲပြားသကဲ့သို့ ထင်နေရဟန်တူ၏။

အထက်ပါ မာတ်ခွဲစစ်ဆေးတွေ့ရှိချက်မှတ်တမ်း၌ ဆိုဗီယက်ဘူမိဗေဒပညာရှင် *(Geophysicist)* ပါမောက္ခ ဗလာဒီမာရှာရာနော့ဗ် *(Professer Vladimir Sharanov)* ၏မှတ်ချက်ပါ ပူးတွဲပါရှိလေသည်။ ပါမောက္ခနော့ဗ်မှာ လီနင်ဂရက် စက်မှုသိပ္ပံတက္ကသိုလ်မှ ဖြစ်၏။ ၎င်းသည် အိုနေဂါအိုင် အဖြစ်အပျက်နှင့် ပတ်သက်၍ စိတ်ဝင်စားခဲ့ပြီး အချင်းဖြစ်ဒေသသို့ ကိုယ်တိုင် သွားရောက်လေ့လာခဲ့သည်။ ၎င်း၏မှတ်ချက်ကို လေ့လာပြီးမှ ရေးသားခဲ့ခြင်း ဖြစ်၏။ သူ၏မှတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်၏။

ယခု တွေ့ရှိခဲ့ကြရသော အိုနေဂါအိုင်ကြီးမှ သတ္တုပစ္စည်းအစအနကလေးမှာ ကြယ်ကြွေခြင်း၊ ဥပါပျံတော်လဲခြင်း *(Meteo rite)* မှ အစအန ဖြစ်နိုင်သည်ဟု ကျွန်ုပ်အနေနှင့် မယုံကြည်ပေ။

မြေပြင်၌ တွေ့ရှိရသော အပျက်အစီး ချိုင့်ဝှမ်းကျင်းမြောင်းတို့မှာလည်း ကြယ်ကြွေ၍(ဝါ)ဥပါပျံ ကျလာခဲ့၍ ဖြစ်ပေါ်ခြင်း ဟူ၍ ဤကိစ္စ၌ ထည့်သွင်းစဉ်းစားရန် အကြောင်း မရှိချေ။ မီတီရိုရိုက် ခေါ် ဥပါပျံကျလာ၍ ဖြစ်ပေါ်ခဲ့ပါလျှင် ယခု ကျင်းကြီးထက် (၅)ဆခန့် ရှိရပေမည်။ ဥပါပျံ၏သဘောမှာ တော်လဲသံကြီးဖြင့် အဆုံးသတ်လေ့ရှိ၏။ ၎င်းပြင် အလွန် စူးရှ တောက်ပလွန်းသော အလင်းရောင်ကြီးပါ တစ်ဆက်တည်း တွေ့ရ၏။

ထို့ကြောင့် ဤအိုနေဂါဖြစ်ရပ်၌ မီတီရိုရိုက် လုံးဝ မဖြစ်နိုင်ပါချေ။ ဥပါပျံတော်လဲရာမှ တွေ့ရှိရသော ဓာတုဗေဒပစ္စည်းများမှာလည်း ယခု တွေ့ရှိခဲ့ကြရသော သတ္တုပစ္စည်းအစအနများနှင့် လားလားမျှ မတူကြပေ။

အိုနေဂါရေအိုင်ကြီး၏ အောက်ခြေမှ ရရှိခဲ့သောအမှုန်အမွှား အစကလေးများမှာ ယခုထက်တိုင် အဖြေမပေးနိုင်သော အရာများဖြစ်၍ နေပါသည်။ သို့ရာတွင် ယင်းပစ္စည်းတို့မှာ သဘာဝ သယံဇာတပစ္စည်းများ မဟုတ်ဘဲ ဖန်တီးထားသော ပစ္စည်းများဖြစ်ကြောင်း ထင်ရှားစွာ တွေ့ရှိခဲ့ရပါသည်။

ပါမောက္ခကြီးဖီးလစ်ဇီဂဲလ်မှာ ဆိုဗီယက်အာကာသ စူးစမ်း လေ့လာရေးမစ်ရှင်မှ သိပ္ပံပညာရှင်ကြီးလည်းဖြစ်၊ အာကာသသိပ္ပံပညာရှင်ကြီး *(Astronomer)* တစ်ယောက်လည်း ဖြစ်၏။ ၎င်းသည် အာကာသသိပ္ပံနှင့် အာကာသခရီးအကြောင်း စာအုပ်ပေါင်း (၂၈)အုပ်တိတိ ပြုစုခဲ့၏။ ၎င်းပြင် သိပ္ပံဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ စာတမ်းပေါင်း မြောက်မြားစွာကို ရေး

သားခဲ့သူ ဖြစ်လေသည်။ ၎င်း၏စာအုပ်များ၌ လေယာဉ်များ၊ ကြယ်ပျံကြီးများနှင့် ဥပါပျံကြီးများအကြောင်းကို ခွဲခွဲခြားခြား စီစစ်တင်ပြထားသည်ကို ဖတ်ရှုရ၏။

ပါမောက္ခကြီး ဇီဂဲလ်က အိုနေဂါရေအိုင်ကြီးတွင် ဖြစ်ပွားခဲ့သော ယူဖိုး ဖြစ်ရပ်နှင့် ပတ်သက်၍ နိဂုံးချုပ်ကို သူကိုယ်တိုင် အချင်း ဖြစ်ပွားရာဒေသသို့ သွားရောက်လေ့လာခဲ့ပြီးမှ ရေးသားခဲ့ခြင်း ဖြစ်၏။ ၎င်းက "တခြားဂြိုဟ်က ရောက်လာသော အာကာသယာဉ်ကြီးသာလျှင် ဖြစ်နိုင်၏။ ထိုယာဉ်ကြီးမှာ ကျွန်ုပ်တို့၏ကမ္ဘာမြေပြင်မှ မြေသားမြေစိုင်များကို သုတေသနပြုရန် စက်မှုအစွမ်းဖြင့် တူးယူရင်း ယခုကဲ့သို့ မြေပြင်နှင့် ထိခိုက်ပျက်စီးသွားခဲ့ခြင်း ဖြစ်နိုင်၏" ဟူ၍ ရေးသားထားပါသည်။

ပါမောက္ခကြီးက ဆက်လက်ဖော်ပြထားသည်မှာ "အာကာသကြီးနှင့် ပတ်သက်၍ ဤကဲ့သို့ အဖြစ်မျိုးမှာ ဆိုဗီယက်ပြည်ထောင်စု၌ ဤအကြိမ်သာလျှင် မှတ်တမ်းတင် ပထမဆွေဆော်ဦး ဖြစ်၏။ ဟူ၍ ဖြစ်ပါသည်။

ပါမောက္ခကြီး ဇီဂဲလ်၏ဆိုလိုချက်မှာ ကမ္ဘာမြေပြင်နှင့်ယူဖိုး ထိခိုက်မိခြင်းကိစ္စသာ ဖြစ်၏။ ယူဖိုး မျက်မြင်ကိုယ်တွေ့သတင်းများ ရှိ မရှိ ဟူ၍ မဆိုလိုခဲ့ပေ။ ဆိုဗီယက်တိုက်လေယာဉ်များနှင့် ယူဖိုးတို့ ရင်ဆိုင်တွေ့ခဲ့ကြရသော ဖြစ်ရပ်များလည်း မပါဝင်ခဲ့ကြောင်း ရှင်းနေပါသည်။

ရိုစ်ဝဲလ်နှင့် အိုနေဂါအိုင်ကြီး ဖြစ်ရပ်များမှာ တိုက်တိုက်ဆိုင်ဆိုင်ပင် လာရောက် တူညီနေခဲ့ကြလေသည်။ ထိုဖြစ်ရပ် နှစ်ခုစလုံးမှ အခြေခံ အချက်အလက်များမှာ အရှေ့မှ အနောက်အရပ်ဆီသို့ ခပ်နိမ့်နိမ့် ပျံသန်းသွားခဲ့ခြင်း၊ ပျံသန်းသည့်နှုန်း အလွန့်အလွန် လျှင်မြန်လွန်းခြင်း၊ ပေါက်ကွဲသံကို ကြားခဲ့ရခြင်း၊ မြေပြင်၌ ပျက်စီးသွားခဲ့ခြင်းနှင့် အနားပတ်ဝန်းကျင်မှ ဟင်းသီးဟင်းရွက်များ အမြစ်မှလန်၍ ပြုတ်ထွက်ကုန်ခြင်း၊ အိုနေဂါအိုင်ကြီးထဲမှ ရေခဲများသဏ္ဍာန်ကဲ့သို့ ပစ္စည်းအစအနကလေးများ အနှံ့အပြား အသီးသီး တွေ့ရှိခဲ့ရခြင်း၊ ပေါက်ကွဲသံကြီးမှတစ်ပါး ယာဉ်ကြီး၏စက်သံကို မကြားခဲ့ရခြင်း၊ ယူဖိုးကြီး လေထုထဲ၌ ဆက်လက် တည်ရှိနေခဲ့ပြီးမှ မြေပြင်သို့ မကျမီ အနောက်အရပ်ဆီသို့ ဦးတည်ပျံသန်းသွားခဲ့ခြင်းတို့ ဖြစ်၏။ သို့ရာတွင် ရှုစ်ဝဲလ်ဖြစ်ရပ်မှန်နှင့် မြေပြင်ပေါ်သို့ ပျက်ကျခဲ့ခြင်းမှာ ခြွင်းချက်အနေနှင့် မတူညီခြင်း ဖြစ်၏။

အိုနေဂါအိုင်ကြီးမှ ယူဖိုးဖြစ်ရပ်မှာ ရိုစ်ဝဲလ်ယူဖိုးကြီးကဲ့သို့ပင် လူသူအရောက်အပေါက်နည်းသော ဆိုဗီယက်တောကြီးမျက်မည်း မြေပြင်တစ်နေရာပေါ် ကျ မကျ မည်သူမျှ အတပ် မပြောနိုင်ကြပေ။ သစ်ခုတ်သမားများသည်

လည်းကောင်း၊ တောတောင်အနှံ့ လှည့်လည် သွားလာနေခဲ့သူတို့သည် လည်းကောင်း ထိုယူဖိုးပျက်ကြီးနှင့် ဂြိုဟ်သားတို့၏ အလောင်းများကို တွေ့နိုင်စရာ အကြောင်း မမြင်မိချေ။ အဘယ်ကြောင့်ဆိုသော် ထိုဒေသမှာ အလွန့်အလွန် တောထူထပ်ပြီး လူသူ အရောက်အပေါက် နည်းလွန်းသောဒေသဖြစ်၍ ဖြစ်ပါသည်။ အကယ်၍ ယူအက်စ်အေမှာကဲ့သို့ပင် ဆိုဗီယက်နိုင်ငံ တပ်မတော်က တွေ့ရှိခဲ့ကြမည်(ယူဖိုးကြီးနှင့် ဂြိုဟ်သားများကိုလိုက်ရှာရင်း)ဆိုပါလျှင် လုပ်သားပြည်သူတို့ မသိရှိနိုင်အောင် မျက်ခြည်ပြတ်ခဲ့ကြပေလိမ့်မည်။ အမေရိကန်နိုင်ငံ၌ ပျက်ကျခဲ့သော ရို့စ်ဝဲလ်ယူဖိုး ခေါ် ပန်းကန်ပြားပျံကြီးမှာ အုပ်မနိုင်ထိန်းမရဘဲ လူအများ အုတ်အော်သောင်းတင်း ဖြစ်ခဲ့ကြရ၏။ ၎င်းပြင် ရေဒီယိုမှ လည်းကောင်း၊ သတင်းစာမှ လည်းကောင်း၊ အစိုးရပိုင်းမှ လည်းကောင်း မဖုံးနိုင် မဖိနိုင် ပွင့်ထွက်ခဲ့လေသည်။ ဆိုဗီယက်တို့ ၎င်းယူဖိုးကြီးကို လက်ဝယ်သိမ်းပိုက်ရ မရ စဉ်းစားစရာပင်။

ကျွန်ုပ်တို့ကမ္ဘာမှ အင်အားကြီး နှစ်နိုင်ငံဖြစ်ကြသော အမေရိကန်နှင့် ဆိုဗီယက်တို့သည် ကျွန်ုပ်တို့ကမ္ဘာနှင့် အနီးဆုံးဂြိုဟ်ဖြစ်သည့် လကမ္ဘာသို့ ခရီးမစ်ရှင်များ စေလွှတ်ခဲ့ကြ၏။ နှစ်နိုင်ငံ တွေ့ခဲ့ကြရသော လကမ္ဘာ၏ အတိတ်နှင့် ပစ္စုပ္ပန်ဘဝ အကြောင်းအရာများကို အချင်းချင်း နှိုင်းယှဉ်ဖလှယ်သင့်လှပေသည်။ သို့ရာတွင် နှစ်ဦးစလုံး ရေငုံနေခဲ့ကြလေသည်။

ယူအက်စ်နှင့် ဆိုဗီယက် အာကာသသွား မစ်ရှင်မှ အာကာသယာဉ်မှူးတို့ လပေါ်၌ တွေ့မြင်ခဲ့ ကြုံခဲ့ကြရသောအရာများ အကြောင်း ကောလာဟလ သဘင်းများ ဖြစ်ပွားနေခဲ့ပါသည်။ ထိုသတင်းများအရ ယာဉ်မှူးတို့သည် လမျက်နှာပြင်ပေါ်မှ တွေ့ခဲ့ကြရသမျှတို့ကို ဓာတ်ပုံများ သေချာ ရိုက်ကူးယူခဲ့ကြသည် ဆို၏။ ၎င်းတို့ တွေ့ခဲ့ကြရသော အရာဝတ္ထုများတွင် (ဓာတ်ပုံပါ အရာဝတ္ထု အဆောက်အအုံများ၊ အဆောက်အအုံနံရံကြီးများ၊ လိပ်ခုံးကြီးများ၊ တံတားကြီးများ၊ဒုံချွန်နှင့်ဒုံချွန်သဏ္ဍာန် ပိရမစ်ကြီးများ အမြင့်ပေ (၁၅၀)ခန့် မြင့်မားသည်ဟု ခန့်မှန်းခဲ့ကြသည်။) (မျဉ်းဖြောင့်ကဲ့သို့ ဖြောင့်စင်းနေသော နံရံကြီးကို အာကာသယာဉ်မှူး ကွန်ရတ်နှင့်ဂေါ်ဒွန်တို့ တွေ့ခဲ့ကြခြင်း ဖြစ်၏။) စသည်တို့ကို တွေ့ခဲ့ရသည်ဟု သိရ၏။

လကမ္ဘာ၏ အခြားမျက်နှာပြင် အမှောင်ခြမ်းကို ဆိုဗီယက်လူနာ(၉) မှ ယာဉ်မှူးများ ရောက်ရှိခဲ့ပြီး မြေပြင်ထိန်းသိမ်းရေးစခန်းသို့ ပြန်လည် သတင်းပို့ခဲ့ကြ၏။ ယင်းသတင်းမှာ ဂဲသြမေထရီပုံသဏ္ဍာန် ရှောမကျောက်တုံးကြီးများ

ကို တွေ့ရှိခဲ့ကြရခြင်းပင် ဖြစ်ပါသည်။ ဆိုဗီယက်အာကာသခရီးမစ်ရှင်မှ သိပ္ပံပညာရှင် ပါမောက္ခ အိုင်ဗင်နော့ဗ် ***(Inanov)*** ၏ အလိုအရ ပြောရပါမူ ထိုလမျက်နှာပြင် အခြမ်းရှိ ဂဲသြမေထရီကျောက်တုံးများမှာ လဆင်းယာဉ်၏ အရှိန်ကြောင့် အလေးချိန်မဲ့နေရာမှ ကျောက်တုံးများ ရွေ့လျားနေခြင်း ဖြစ်သည် ဆိုပါသည်။ ၎င်းပြင် ပါမောက္ခကြီးက အာကာသယာဉ်မှူးတို့သည် လ၏မျက်နှာပြင် ပထမလေးပုံ တစ်ပုံမှာ အမှောင်ထုဖြစ်နေ၍ ၎င်းဒေသကို ဆိတ်ငြိမ်ပင်လယ် ***(Sea of Tranquillity)*** ဟု ခေါ်ဝေါ်၏။ အမှောင်ထုနှင့် ဆိတ်ငြိမ်ခြင်း၏ လှည့်စားချက်***(Deception of Tranquillity)*** ကြောင့် ရုပ်ဝတ္ထုများဟု အမြင်မှားခြင်း ဖြစ်ကြောင်း ဝေဖန်ခဲ့လေသည်။

အာကာသယာဉ်မှူးတို့ လပေါ်၌ တွေ့ခဲ့ကြရသော အရိပ်ကြီး တစ်ခုဆိုပါလျှင် ဝါရှင်တန် ကျောက်တိုင်ကြီးခန့် မြင့်မားသည်ဟု ဆိုကြ၏။ ထို့ပြင် လမျက်နှာပြင်ပေါ်မှ ဂျင်ဆင်အက်ကြောင်းနံပါတ်(၁)[***Jansen Craten No.(1)***] ဆိုလျှင် ဈေးမအသံလွှင့်ရုံ ဧရိယာတိုင်ကြီးနှင့် ရွေးမရအောင် တူညီနေ၏။

ဤကဲ့သို့အားဖြင့် အာကာသသိပ္ပံပညာရှင်ကြီးများနှင့် ဓာတ်ပုံဘာသာပြန် ဆရာကြီးများမှာ မိမိတို့၏ ဂုဏ်သိက္ခာ မကျဆင်းစေရန် (သို့မဟုတ်ပါက ၎င်းတို့အား စံလွဲနေသူများဟု ယိုးစွပ်ခံကြရပေမည်။) အာကာသယာဉ်မှူးတို့ ရိုက်ကူးယူလာခဲ့ကြသော လပေါ်မှ ပိရမစ်ကြီးများကို အရိပ်များဟူ၍ လည်းကောင်း၊ တံတားများ၊ နံရံကြီးများကို ခပ်ခုံးခုံးတောင်နှာမောင်းများ ဟူ၍ လည်းကောင်း၊ ဂဲသြမေထရီ ကျောက်တုံးများကို လသွားယာဉ်၏ အရှိန်ကြောင့် ကျောက်တုံးများ ရွေ့လျားစုပုံနေခြင်း ဟူ၍ လည်းကောင်း၊ လိပ်ခုံးသဏ္ဌာန် အဆောက်အအုံများ၏ အမိုးများကို လမျက်နှာပြင်ရှိ မီးတောင်တို့မှ ချော်မြုပ်ပွစီပေါင်းထနေခြင်း ဟူ၍ ဘာသာပြန်ခဲ့ကြရလေသည်။

အမှန်ကို အမှန်အတိုင်း ရေးသားတင်ပြရသော် ဤယူဖိုးကြီးများကို စီးနင်းလိုက်ပါလာခဲ့ကြသော ဂြိုဟ်သားတို့၌ မိုးတစ် ***(Motives)*** ခေါ် ရည်ရွယ်ချက်များ ရှိ၍သာလျှင် ကျွန်ုပ်တို့၏ ဂြိုဟ်ကမ္ဘာလေးသို့ လာရောက်ကြခြင်း ဖြစ်၏။ ၎င်းတို့သည် အဓိကပစ်မှတ် မိုးတစ်မှာ စစ်ရေးစစ်ရာသာလျှင် အများဆုံး ဖြစ်နိုင်၏။ ထို့ကြောင့် ကမ္ဘာပေါ်သို့ လေ့လာရေးမစ်ရှင်အဖြစ် လည်းကောင်း၊ ကင်းထောက်သည့်အနေဖြင့် လည်းကောင်း အနာဂတ်စစ်ပွဲ၌ အောင်ထူးရန် ကြိုတင် ပြင်ဆင်ကြခြင်း ဖြစ်ပေမည်။ ၎င်းတို့သည် ကျွန်ုပ်တို့ ကမ္ဘာမြေပေါ်မှ လူသားမျိုးစုများကို ဖမ်းဆီးလို၍ လည်းကောင်း သို့မဟုတ် အနာဂတ်တွင် ကမ္ဘာ

မြေပြင်အား ဂြိုဟ်သားတို့ ကြီးစိုးလွှမ်းမိုးရန်အတွက် ပြင်ဆင်နေကြခြင်း ဖြစ်ပေမည်။ ဤအချက်များမှာ ကျွန်ုပ်တို့သည် အကယ်၍ ယူဖိုးဂြိုဟ်သားများ ဖြစ်ခဲ့သော် ထိုနေရာမှ ဤကမ္ဘာကြီးအား ရှုမြင်သုံးသပ်ချက်ပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စိုးရိမ်တွေးများဖြစ်သည်ဟု ဆိုချင်လည်း ဆိုနိုင်ပါသည်။ ရင်းပြင် ကျွန်ုပ်တို့ ခေါ်ဝေါ်သုံးစွဲနေကြသော ယူဖိုး (ယူအက်ဖ်အိုများ) သည် ပုံစံတစ်ခု၏ အစိတ်အပိုင်းတစ်ခု သို့မဟုတ် သတင်းပို့ခြင်း၏ အချက်အလက်တစ်ခု ဖြစ်ကောင်း ဖြစ်နိုင်၏။ သို့ရာတွင် မကြာတော့မည့် ကာလအတွင်း၌ပင် ဤယူဖိုးခေါ် ပန်းကန်ပြားပျံကြီးများနှင့် ဂြိုဟ်သားတို့၏ အကြောင်းကို ကွဲကွဲပြားပြား သိရှိရတော့မည်ဟု နိုးသားစွာ ယုံကြည်မိပါတော့သည်။

**ဝင်းနိုင်ဦး (ရေနံ)**